Future Time Idea Group

# ဒဏ္ဍာရီများ

## သစ်သုံးပင်ဂူကြီး

နှင့်

## လက်ရွေးစင်ဝတ္ထုများ



မျက်နှာဖုံးပန်းချီ ဝင်းသော်

စီစဉ်သူ
သန္တာရောင်ကျော်ဝင်း ၊ ဝင်းသော်

FTIG Published by Future Time Idea Group

Building No.112, (3rd Floor), 92 St, Kandawgalay , Yangon. Ph:281929

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

# ဒဂုန်ရွှေမျှား

## သစ်သုံးပင်ဂူကြီး

နှင့်

## လက်ရွေးစင်ဝတ္ထုများ

စာမူခွင့်ပြုချက်အမှတ် [ ၄၉၉ /၂၀၀၀ (၇) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၆၆၃ / ၂၀၀၀ (၉) ]

၂၀၀၁ ခုနှစ်၊

တန်ဖိုး
၃၅၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

မျက်နှာဖုံးပန်းချီ
ပန်းချီ ဝင်းသော်

မျက်နှာဖုံးကာလာခွဲ
CONQUEROR

ထုတ်ဝေသူ
ဒေါ်ပုလေး၊ မြင့်မိုရ်စာအုပ်တိုက် (မြ/၀၃၀၈၀)
အမှတ် ၁၁၂၊ ၉၂ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းအောင် (မြ/၀၅၁၃၁) သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဒေါ်ပုလေး (မြ/၀၂၆၃၉)၊ ဇောတိကပုံနှိပ်တိုက်၊
အမှတ် ၁၁၂၊ ၉၂ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

စာအုပ်ချုပ်
ကိုဂျမား



# မာတိကာ

| | | |
|---|---|---|
| ၁။ | သစ်သုံးပင်ဂူကြီး | ၇ |
| ၂။ | ကြောက်စရာကောင်းကြီး | ၉၉ |
| ၃။ | ဥသြနာရီ | ၁၃၄ |
| ၄။ | မရဏရက်ချိန်း | ၁၅၈ |
| ၅။ | ကျီးကန်းအော်သံ | ၁၉၀ |
| ၆။ | ကြောက်စရာရက်ချိန်း | ၂၀၆ |
| ၇။ | အရှုပ်အထွေး | ၂၃၂ |
| ၈။ | စိတ္တဇဆရာဝန် | ၂၆၅ |
| ၉။ | အတိတ်၏ပဲ့တင်သံ | ၂၈၆ |
| ၁၀။ | လောဘအဏ္ဏဝါ | ၃၁၆ |

Future Time Idea Group

# သစ်သုံးပင်ဂူကြီး

(၁)

အချိန်မှာ ၁၉၅....ခုနှစ် ကုန်ဆုံးခါနီးအချိန်ဖြစ်၍ မြန်မာ့ဆောက်လုပ်ရေးကုမ္ပဏီတွင် ကျွန်တော်သည် အဖွဲ့ဝင်တစ်ဦး၊ လက်သမားခေါင်း၏ ဒုတိယခေါင်းဆောင် လက်ထောက်အဖြစ်ဖြင့် လုပ်ကိုင်ခဲ့ပါသည်။ လက်သမားခေါင်း ကျွန်တော်နှင့်တကွ ကျွန်တော်တို့ အလုပ်သမားများအား တင်ဆောင်လာသည့် ၃တန်ထရပ်ကားကြီးသည် မြန်မာပြည်အရှေ့မြောက်ပိုင်းရှိ တောတောင်ဒေသများမှ ထူထဲသော တောကြီးအထပ်ထပ် တောင်အသွယ်သွယ်တို့ကို ကျော်ဖြတ်ကာ ပင်ပန်းခက်ခဲစွာနှင့် မိုင်းယောင်းမြို့ကလေးသို့ ဆိုက်ရောက်ခဲ့ရာ အချိန်မှာ ညနေ၂နာရီကျော် ၃နာရီထိုးနီးပါးပင် ရှိနေခဲ့လေပြီ။

ကျွန်တော်သည် ကားပေါ်မှ ဆင်းလျှင်ဆင်းချင်း ကျွန်တော်တို့ထက် အလျင်စော၍ ပထမဦးစွာ ရောက်ရှိနေသော လက်သမားအဖွဲ့မှ

သူငယ်ချင်းဖြစ်သူ မောင်ညိုကြီးအား လိုက်လံရှာဖွေရပါတော့သည်။ အခြားနေရာများတွင် မေးမြန်းစုံစမ်းသော်လည်း မရသဖြင့် အလုပ်သမားရုံးသို့ နောက်ဆုံးသွားရောက်မေးမြန်းသောအခါမှ ၎င်းအလုပ်လုပ်နေသည့် သစ်စက်ကို သိရတော့သဖြင့် ထိုသစ်စက်သို့ သွားရောက်ရှာဖွေရာ မောင်ညိုကြီးအား ဆိုက်ဆိုက် မြိုက်မြိုက် တွေ့ရပါတော့၏။

မောင်ညိုကြီးသည် ကျွန်တော့်ကို မြင်သောအခါ ပထမတွင် အတန်ငယ် အံ့အားသင့်နေပြီးနောက် ကျွန်တော်ရှိရာသို့ ပြေးလာကာ ဖက်လဲတကင်း ပွေ့ဖက်နှုတ်ဆက်ပါတော့သည်။ ဗမာလူမျိုးများ အရောက်အပေါက် နည်းပါးလှသော ထိုဒေသတွင် ဗမာအချင်းချင်း တွေ့ကြရသဖြင့် ကျွန်တော်တို့မှာ ပျော်ရွှင်၍မဆုံးနိုင်အောင် ရှိပါတော့သည်။

ညိုကြီးသည် ကျွန်တော်၏ပခုံးကို အတင်းဖက်လျက်–

"ဘယ့်နှယ်လဲ မိုးအောင်၊ ငါဖြင့်ကွာ ဒီအထိမင်းလိုက်လာလိမ့်မယ် မထင်မိဘူး၊ တွေ့ရတာ သိပ်ပြီးဝမ်းသာတာပဲ သူငယ်ချင်း၊ ဘာလဲ မင်းပြည်မမှာ အလုပ်အကိုင် မပြေလည်ဘူးလား"

"မဟုတ်ပါဘူးကွာ၊ စရိတ်မကုန်ဘဲနဲ့ နယ်နဲ့အောင်ရောက်ရင် ပြီးရောဆိုပြီး အဆင်သင့်တာနဲ့ လိုက်လာတာပါကွ"

"အေးကွယ်...ကောင်းပါတယ်၊ ငါတော့ မင်းရောက်လာဘာ သိပ်ဝမ်းသာတာပဲ"

"ငါလဲ ဝမ်းသာတာပေါ့ကွာ၊ အသိဆိုလို့ ဒီမှာ မင်းတစ်ယောက်ပဲရှိတယ် မဟုတ်လားကွ"

စရိတ်စကမကုန်ကျဘဲ ဤနေရာသို့ ရောက်ခဲ့သည်မှာ





အမှန်ပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် တောင်ကြီးမြို့ရှိ မြန်မာ့ဆောက်လုပ်ရေး ကုမ္ပဏီ(ရှောပီကုမ္ပဏီ)မှ မိုင်းယောင်းမြို့ တပ်ရင်း၃ အခြေစိုက်လျက် ရှိသော နေရာတွင် တိုးချဲ့၍ စစ်တန်းလျား(လိုင်း)များ ဆောက်လုပ်ရန် လက်သမားအဖွဲ့ စုဆောင်းလျက်ရှိရာ ခရီးစရိတ်အတွက် ထိုကုမ္ပဏီမှ အကုန်ကျခံပြီးလျှင် စားသောက်စရိတ်အတွက်ကိုမူ လက်သမားခေါင်း က အကုန်အကျခံရမည်ဟူသော နှစ်ဦးနှစ်ဖက် နားလည်မှုဖြင့် ဤနေရာသို့ ကျွန်တော်ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။ ကျွန်တော့်မှာ သားမယား မရှိသေးသော လူလွတ်တစ်ယောက် ဖြစ်သည့်ပြင် နဂိုကလည်း တောလည်ခြင်း၊ ခရီးသွားခြင်း၊ စွန့်စားခြင်း စသည်တို့ကို ဝါသနာပါသူ တစ်ယောက်ဖြစ်သည်အလျောက် နေ့တွက်မှန်မှန်စီ၍ စရိတ်စက မကုန်ဘဲ နေရာအနှံ့အပြား ခရီးသွားရသည့် ဤအလုပ်ကို သဘောတူ လက်ခံကာ လက်မှတ်ရေးထိုး လိုက်ပါလာခဲ့ခြင်း ဖြစ်လေသည်။

"ဟေ့ ဖိုးညို...စီစဉ်စရာ ပြောစရာရှိတာတွေ နောက်မှလုပ်ကြတာပေါ့ကွာ၊ အခုလောလောဆယ် ခါနာဆာတယ်ကွ၊ အဲဒါ မင်းကြည့်လုပ်အုံး"

"ဒီ့အတွက် ကိစ္စမရှိပါဘူးကွာ၊ ဒို့အလုပ်သမားတွေအတွက် "ကင်တင်း" ဖွင့်ထားတယ်ကွ၊ ထမင်းလဲရတယ်"

မောင်ညိုကြီးမှာ ပထမဆုံးအဖွဲ့နှင့်အတူ ရောက်နှင့်သူဖြစ်သဖြင့် စခန်း၏ အနေအထားနှင့်တကွ နယ်မြေရပ်ရွာဒေသကိုပါ ကောင်းစွာ ကျွမ်းကျင်ပြီး ဖြစ်လေသည်။

နောက်မှ "မိုင်းယောင်း"မြို့အကြောင်းကို ကျွန်တော်သိရှိရသည်မှာ မြို့ကလေးသည် ပေ ၃၀၀ကျော် ၄၀၀ခန့်မြင့်သည့် တောင်ကုန်း

ကလေးတစ်ခု၏ ဆင်ခြေလျှောပေ၌ တည်ရှိပြီးလျှင် တရုတ်-မြန်မာ နယ်စပ်နှင့် ၁၅မိုင်ကျော်ကျော်ခန့်သာ ကွာဝေး၏။ ထိုမြို့ကလေးမှ တရုတ်ပြည်ကြီးသို့ ၂၆မိုင်သာ ဝေးသည်ဟု သိရ၏။ တောင်ကုန်း၏ ဆင်ခြေလျှောကို နောက်ခံထား၍ တည်ဆောက်ထားသော မြို့ကလေးမှာ တစ်မျိုးတစ်ဖုံ စိတ်ဝင်စားဖွယ်ကောင်းပြီးလျှင် ထိုတောင်ကုန်းပေါ်၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးတစ်ဆောင် တည်ရှိရာ ယခင်က တရုတ်ဖြူတို့ သိမ်းဆည်းအသုံးပြုခဲ့ဖူး၍ ယခုအချိန်၌မူ တပ်မတော်က အပြီးအပိုင် သိမ်းပိုက်ထားခဲ့လေပြီ။

ကျွန်တော်တို့ကုမ္ပဏီအဖွဲ့ ရောက်သည့်အချိန်မှစ၍ နံနက်တိုင်း "ဈေး"ဖြစ်ပြီးလျှင် (၅)ရက်လျှင် တစ်ကြိမ်ကျ ဈေးကြီးတည်ခင်းကြ၏။ ကျွန်တော်တို့ တည်ဆောက်လျက်ရှိသော "လိုင်း"များမှာ မိုင်းယောင်းမြို့နှင့် ၂မိုင်ခန့်ကွာဝေး၍ နက်ရှိုင်းထူထပ်သော ဝါးရုံအုပ်ကြီးများကို "ဘိုလ်းတူဇာ"များနှင့် ရှင်းလင်းပြီးနောက် မြေညှိ၍ စခန်းဆောက်ခြင်း ဖြစ်ပါသည်။

ပထမရောက်စက ကျွန်တော့်မှာ အခက်အခဲရှိသော်လည်း နောက်တဖြည်းဖြည်း နေသားထိုင်သားကျ၍သွားသောအခါ မည်သည့် အရာမဆို အဆင်ပြေ၍သွားပါတော့၏။ နောက်ရက်များမကြာမီအတွင်း၌လည်း ကျွန်တော်တို့အဖွဲ့နေထိုင်ရန် ယာယီတဲစခန်းများ စတင်ဆောက်လုပ်ကြရပြီးလျှင် အပြီးသတ်သောအခါ အခန်းများဖွဲ့၍ တစ်ခန်းလျှင် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ အလျဉ်းသင့်သလို နေထိုင်ကြရပါသည်။ ယခင်က တထိတ်ထိတ် တလန့်လန့်နေကြရသော ဒေသဖြစ်သော်လည်း ယခုအချိန်၌မူ တပ်မတော်၏ ထိုးစစ်ဒဏ်ကြောင့် မြန်မာ့မြေပေါ်တွင် ကျူးကျော်ခဲ့သော တရုတ်ဖြူတို့၏ ရန်ကို လုံးဝ





ကြောက်ရွံ့ရန်မလိုတော့ပါ။ တစ်ချိန်က ထိုဒေသတွင် တရုတ်ဖြူတို့သည် အလုံးအရင်းနှင့် တပ်စွဲနေထိုင်ကာ ပဒေသရာဇ်ဆန်စွာ အုပ်ချုပ်ခဲ့သော်လည်း တပ်မတော်က ၎င်းတို့အား အောင်မြင်စွာတိုက်ထုတ်နိုင်ပြီးလျှင် ထိုဒေသကို သိမ်းယူထားပြီးဖြစ်သဖြင့် ကျွန်တော်တို့ ရောက်ရှိသွားသောအခါ၌မူ အေးချမ်းသာယာစွာ ရှိနေပါတော့သည်။ ပထမ၌ ရွာသူရွာသားတို့မှာ မြန်မာ့တပ်မတော်အား ကြောက်ရွံ့ရတော့မည်ကဲ့သို့ ရှိနေခဲ့သော်လည်း နောင်တဖြည်းဖြည်းနားလည်မှု ရရှိလာသောအခါ တပ်မတော်အား ကြည်ညိုအားကိုး၍ လာခဲ့သည်မှာ ယခုအချိန်အထိပင် ဖြစ်ပါတော့သည်။ သို့သော် တရုတ်ဖြူငပုကောင်တို့၏ လက်ပါးစေ အကြွင်းအကျန်တို့ကား အနည်းငယ်ကျန်ရှိသေး၏။

အလုပ်အားလပ်သော ရက်များ၌ ကျွန်တော်သည် မောင်ညိုကြီးနှင့်အတူ အနီးပတ်ဝန်းကျင်ရှိ ရှမ်းရွာကလေးများသို့ သွားရောက်လည်ပတ်ရသည်မှာ ကျွန်တော့်အတွက် အမြတ်တစ်ခုပင် ဖြစ်သည်ဟု ထင်မိ၏။ သို့နှင့် အချိန်တဖြည်းဖြည်း ကြာမြင့်လာသောအခါ ထိုအရပ်သုံး "လီ"ရှမ်းဘာသာစကားကိုပင် ထမင်းစားရေသောက်မှစ၍ တဖြည်းဖြည်း ကောင်းစွာ ပြောဆိုတတ်သည့်အချေသို့ပင် ရောက်ရှိလာခဲ့လေပြီ။

အလုပ်အားလပ်သော နေ့တစ်နေ့၌ ကျွန်တော်သည် မောင်ညိုကြီးနှင့်အတူ အခြားသူငယ်ချင်းတစ်ယောက်ပါ သုံးယောက်သားတို့သည် ကျွန်တော်တို့စခန်းနှင့် ၃-၄မိုင်ခန့်ဝေးသော "နမ်းလိမ်းခံ"ခေါ် ရွာကလေး သို့ သွားရောက်ကြ၏။ ရွာထဲသို့ ဝင်လိုက်လျှင်ပင် ရွာသူရွာသားများသည် ကျွန်တော်တို့အား လူထူးလူဆန်းများသဖွယ် ကြည့်ရှုလျက် ရှိကြရာ ၎င်းတို့မှာ "လီ"ဘာသာ

စကားပြောသည့် ရှမ်းလူမျိုးများ ဖြစ်ကြ၏။ ၃–၄အိမ်ခန့် ရွာထဲသို့ ဝင်မိသောအခါ အသက်၄၀ခန့်ဟု ခန့်မှန်းရသည့် တစ်ကိုယ်လုံး ဆေးများ အပြည့်ထိုးထားသော ရှမ်းအမျိုးသားကြီး တစ်ယောက်သည် ၎င်းတို့အရပ်သုံးဘာသာစကားဖြင့် ကျွန်တော်တို့အား စတင်နှုတ်ဆက်ပါတော့၏။

"ဝေ့...နောင်စိုင်း ကွ်ာဆောင်လဲဟား"

"မကြို့က်ပီနောင် မတ်မခိုင်ဟား"

ဆိုလိုသည်မှာ

"လူပျိုလှည့်လာကြသလားဟေ့ ညီလေးတို့"

ဟုမေးခြင်းဖြစ်၏။ သို့နှင့် ကျွန်တော်က လူပျိုလှည့်လာခြင်းမဟုတ်၊ အုန်းသီးဝယ်ရအောင် လာခြင်းဖြစ်ကြောင်း။

"မတ်–ဟား မတ်လိုက်ယောက်ခ မလယ်ကြင်နမ် မနိတ်– ဆောင်တီနိုက် မမည်ယောက်ဝေ"ဟု ပြန်ပြောလိုက်၏။

ထိုအခါ ရှမ်းကြီးက–

"အုန်းသီးလား၊ အုန်းသီးတော့ရမယ်။ အပျိုတော့ ဒီမှာမရှိဘူးဟေ့၊ လာကြလေကွယ်၊ လက်ဖက်ရည်သောက်ကြရအောင်"ဟု ရယ်ရယ်မောမောနှင့် ဖော်ရွေစွာ ဖိတ်ခေါ်သဖြင့် ကျွန်တော်တို့ သုံးယောက်သည် ဝါးဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးပေါ်သို့ တက်ခဲ့ကြရလေသည်။ ရှမ်းကြီးအနီးတွင် ထိုင်၍နေသော လူငယ်နှစ်ယောက်ကလည်း ကျွန်တော်တို့အား ရိုသေလေးစားသော အမူအရာဖြင့် နေရာဖယ်၍ ပေးကြ၏။

(ထိုနေရာမှစ၍ စာဖတ်သူများ အလွယ်တကူ နားလည်နိုင်စေရန် ကျွန်တော်တို့ပြောသော ရှမ်းဘာသာစကားများကို မြန်မာဘာသာ





ဖြင့် ရေးသားပါအံ့)

(ရှမ်းကြီး) "ကုမ္ပဏီက အလုပ်သမားတွေပဲလား"

(နော်) "ဟုတ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီက အလုပ်သမားတွေပါပဲ"

"အေး... အေး... အခုလိုတွေ့ရတာ ဝမ်းသာသကွယ်၊ နောက်လဲ အချိန်မရွေး ဝင်ကြထွက်ကြပေါ့"

ရှမ်းကြီးမှာ အလွန်သဘောကောင်းပုံပေါ်၏။ အသက်၄၀ခန့်ဟု ထင်ရသော်လည်း ၎င်း၏ဖြူဖွေးသော အသားအရေမှာ နုပျိုသောအသွင်ကို ဆောင်လျက် လည်ကုပ်ပေါ်သို့ ဝဲကျလျက်ရှိသော သူ၏ဆံပင်များမှာလည်း ကားရာရှိနေသည့် ၎င်း၏နှုတ်ခမ်းမွေးနှင့် အလွန်ပင်ပန်ရလှပေ၏။ ဥပမိရှပ်တစ်ခုလုံးကို ခြုံ၍ကြည့်သော် ခန့်ညားထည်ဝါသော အသွင်အပြင်ကို ဆောင်လျက်ရှိလေသည်။

ကျွန်တော်တစ်ခုသတိပြုမိသည်မှာ ထိုအိမ်တွင် အမျိုးသမီးဟူ၍ လုံးဝမတွေ့ရခြင်းပင် ဖြစ်လေသည်။ သို့နှင့် ကျွန်တော်က...

"အမေတို့ကော ဘယ်သွားကြသလဲ၊ ဈေးသွားကြသလား"

"အင်း... သူသေသွားရှာတာ အတော်ကြာပြီကောကွယ်၊ အခုလာမယ့် သကြင်္ကန်မှာဆိုရင် ၅နှစ် ပြည့်ပြီကွယ့်၊ ဟောဒီသားကလေး တစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်"

ရှမ်းကြီးသည် သူ့အနီးတွင် ထိုင်၍နေသော လူရွယ်နှစ်ယောက်အနက် တစ်ယောက်ကို လက်ညှိုးထိုး၍ ညွှန်ပြရင်း တစ်လုံးချင်း ကျွန်တော့်အား ပြောပြလေသည်။ ထိုအခါ ကျွန်တော်က...

"ဒီလိုပေါ့ ဦးလေးရယ်၊ ဘဝဆိုတာ ဒီလိုအဖြစ်မျိုးနဲ့ တွေ့ကြရတာ ချည်းပေါ့၊ သေခြင်းတရားဆိုတာ သူသူငါငါ ဘယ်သူမှ လွန်ဆန်

နိုင်ကြတာမှ မဟုတ်ဘဲ"

ကျွန်တော်သည် ရှမ်းကြီးအပေါ်၌ အကယ်ပင် ကရုဏာစိတ်ဖြစ်ကာ ၎င်းအားနှစ်သိမ့်စေသည့် အနေဖြင့် ပြောပြလိုက်လေသည်။

"ကဲ... မင်းတို့ အုန်းသီးလိုချင်ကြရော့မယ်၊ သွားကွယ် အိုက်ခွန်၊ အုန်းပင်ကို လူကလေးတက်ပြီး ဆွတ်ပေးလိုက်စမ်း"

ထိုအခါ လူငယ်နှစ်ယောက်အနက် အိုက်ခွန်ဆိုသောလူငယ်သည် ကျွန်တော်တို့အား အထူးအဆန်းသဖွယ် ဂရုတစိုက် ကြည့်ရှုလျက်ရှိရာမှ အိမ်ရှေ့အုန်းပင်များရှိရာသို့ ခပ်သုတ်သုတ် ဆင်းသွားလေ၏။ အခြားလူငယ်သည်လည်း အိုက်ခွန်နှင့်အတူလိုက်၍ သွားပြီးလျှင် ရှဉ့်ကလေးများကဲ့သို့သော ကျင်လည်ခြင်းဖြင့် တစ်ယောက်တစ်ပင်စီ တက်၍ သွားကြလေသည်။ ဤကဲ့သို့ တက်သွားစဉ် အိုက်ခွန်က လှမ်း၍ "ဘယ်နှစ်လုံးလဲအစ်ကိုရေ့"ဟု မေးလိုက်ရာ မောင်ညိုကြီးက "ခြောက်လုံး ခူးခဲ့ကွာ" ဟု အော်၍ ပြောလိုက်လေသည်။ မကြာမီ အချိန်အတွင်း၌ပင် သူတိုနှစ်ယောက်သည် အုန်းသီးခြောက်လုံးကို ပိုက်ကာ အိမ်ပေါ်သို့ တက်လာကြတော့၏။ ထိုအခါ ကျွန်တော်က...

"ဘယ်လောက်ကျသလဲ... ညီလေး"

"တစ်မတ်"

"ဟေ..."

ကျွန်တော်မှာ အံ့အားသင့်ကာ အသံများပင် ထွက်၍သွားမိ၏။ သို့နှင့် မောင်ညိုကြီးက...

"ဟေမနေနဲ့ သူငယ်ချင်း၊ မင်းသိတဲ့အတိုင်း ဒီရွာတွေမှာ အုန်းပင်တွေက မှိုလိုပေါက်နေတာကွ၊ ဘယ်သူမှ စားတာမဟုတ်ဖူး။ အရင်ကဆိုရင် ဘယ်ရှမ်းအိမ်ကိုပဲ တက်သွားသွား မွန်းတောင်းရင် အုန်းသီး





နှစ်လုံး သုံးလုံးလောက်တော့ အလကားပေးလိုက်တာပဲ။ နို့ပေမယ့် အခုတော့ အလုပ်သမားတွေက ရလေလိုလေ အိုတစ္ဆေဖြစ်လာတော့ ပိုက်ဆံနဲ့မှ ရောင်းကြတာပေါ့ကွာ။ အေး... မင်းနောက်ကို ဒီ့ထက် အံ့ဩရအုံးမယ်"

မောင်ညိုကြီးပြောသည့်အတိုင်းလည်း မှန်ပေ၏။ အဘယ်ကြောင့်ဆိုသော် မိုင်းယောင်းနယ်မြေသည် အုန်းပင်များ များစွာပေါက်ရောက်လျက်ရှိသော ဒေသဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့သည် မိမိတို့အလိုဆန္ဒအတိုင်း အုန်းသီးများရပြီဖြစ်ရာ အချိန်ကလည်း ညနေစောင်းလာပြီဖြစ်သဖြင့် ရှမ်းကြီးအား ကျေးဇူးတင်စကားပြောပြီးလျှင် စခန်းသို့ပြန်ခဲ့ကြတော့၏။ ရှမ်းကြီးကလည်း အိမ်သို့ မကြာခဏလာရောက် လည်ပတ်ရန် အထပ်ထပ်မှာကြားလိုက်သေး၏။ ရွာထဲတွင် လျှောက်ကြည့်ရင်း တစ်နေရာတွင် "ခေါက်ညို" ခေါ် ကောက်ညှင်းဆန်များကို လက်ဆုံနှင့်ထည့်၍ ထောင်းနေသော အဘွားကြီးတစ်ယောက်ကို တွေ့ရသဖြင့် မောင်ညိုကြီးသည် ထိုအဘွားကြီးထံ သွားရောက်ကာ "ကြက်ဥများရောင်းဖို့ရှိသလား"ဟု မေးလိုက်သည်တွင် အဘွားကြီးက ရှိကြောင်းပြောသဖြင့် မောင်ညိုကြီးသည် အဘွားကြီးနှင့်အတူ အိမ်ပေါ်သို့ တက်၍ သွားကြ၏။ တစ်ခဏမျှ ကြာသောအခါ မောင်ညိုကြီးသည် ကြက်ဥအတော်များများ ပိုက်၍ ပြန်လာသဖြင့် ကျွန်တော်က

"ဟ...ကောင်ကြီးရ၊ များလှချည့်ကလားကွ။ ဆယ့်နှစ်လုံး တောင်မှပဲ၊ ဘယ်လောက်ပေးခဲ့ရသလဲ"

"ငါးမူးဖိုးလေကွာ"

"ဟော..."

ကျွန်တော့်မှာ ဒုတိယမ္ဗိ အံ့အားသင့်၍ သွားရပြန်၏။ အဘယ်ကြောင့်ဆိုသော် ပြည်မတွင် တစ်ကျပ်ဖိုးဝယ်လျှင် ၃လုံးသာ အနိုင်နိုင်ရသော ကြက်ဥကို ဤနေရာတွင် ၁၂လုံးကိုမှ ပြားငါးဆယ်သာ ပေးရသည်မှာ အကယ်ပင် အံ့ဩစရာဖြစ်ပါတော့၏။

"ငါပြောတယ်မဟုတ်လား မိုးအောင်ရ၊ မင်း အံ့ဩသွားလိမ့်မယ်လို့၊ ဒီမယ်ကွ သူတို့အရပ်မှာ ဒီလောက်ရောင်းရရင် သူတို့အတွက် အမြတ်ထွက်နေပြီကွ၊ တို့မြန်မာပြည်လိုမဟုတ်ဘူး၊ ကြက်ဥတောင် အစိမ်းသောက်ရမှန်းမသိအောင် ရှီးသားရှာကြတယ်"

မောင်ညိုကြီးသည် ဤနေရာဒေသ မိုင်းယောင်းနယ်တစ်ဝိုက်တွင် အုန်းသီး၊ ငှက်ပျောသီး၊ ကြက်၊ ကြက်ဥနှင့် ကနစိုးသီးများ အလွန်ပေါများသော ဒေသဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောပြလျက်ရှိလေ၏။ ပြည်မတွင် ၄၊၅၊ ၆ ကျပ်ထက်မနည်းပေးရမည်ဖြစ်သော အုန်းသီးခြောက်လုံးနှင့် ကြက်ဥ ၁၂လုံးတို့ကို ၇၅ပြားမျှနှင့် ဝယ်ယူရရှိခဲ့၏။

ကျွန်တော်တို့သည် စခန်းသို့ ၅နာရီကျော်ကျော် ခြောက်နာရီမှ ပြန်ရောက်ခဲ့ကြရာ ထိုညဥ့်အဖို့ ကျွန်တော်တို့၏ညစာမှာ အုန်းထမင်းနှင့် ကြက်ဥကြော်ပင် ဖြစ်တော့၏။





(၂)

အားလပ်သော အချိန်များ၌ ကျွန်တော်တို့သည် ဒေသန္တရ ဗဟုသုတအတွက်လည်းကောင်း၊ လူမှုဆက်ဆံရေးအတွက် လည်းကောင်း ရှမ်းရွာကလေးများသို့ သွားရောက်လည်ပတ်ကြရသည်မှာ အလွန်ပင် ပျော်ရွှင်ဖွယ် ကောင်းလှတော့၏။

တစ်နေ့သ၌ နမ်းလိမ်းခံရွာကလေးသို့ ကျွန်တော်တစ်ယောက်တည်း အလည်ထွက်ခဲ့ရာ ယခင်က ကျွန်တော်တို့ အုန်းသီးဝယ်ခဲ့သော ရှမ်းကြီးကိုနန္ဒအိမ်တွင် စကားလက်ဆုံကျလျက်ရှိတော့၏။ မကြာခဏ သွားဖန်များသဖြင့်လည်း တစတစ ခင်မင်ရင်းနှီး၍ လာတော့၏။ သူ၏အိမ်ကလေးပေါ်တွင် လက်ဖက်ရည်ခါးခါးကလေးကို သောက်ရင်း စကားစမြည် ပြောဆိုလျက်ရှိကြရာမှ အောက်တွင် ရေးသားအံ့သော ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုနှင့် ကျွန်တော်တွေ့ဆုံခဲ့ရပါသည်။

"ဘယ်နှယ့်လဲကိုနန္ဒ၊ ခင်ဗျား မြန်မာလို ကောင်းကောင်းတတ်သလား"

"အင်း မောင်မိုးအောင်ကို အခါအခွင့်သင့်တုန်းမို့ ပြောရဦးမယ်။ ကျုပ်ဗမာလိုတတ်ရုံတွင် ဘယ်ကမလည်း ဗမာအစစ် တစ်ယောက်လို့ဆိုရင် မောင်မိုးအောင် ယုံမလား"

"ဗျာ"

ကျွန်တော်သည် ယခင်ကထက်ပို၍ အံ့ဩသွားမိပြန်၏။ ကိုနန္ဒကဆက်လက်၍...

"နားရှုပ်သွားသလားမောင်မိုးအောင်၊ ဘဝက ကုသိုလ်ကြောင့် မင်းကို ကျုပ်အတော်ခင်မင်မိတယ်။ အဲဒါအခုမှမဟုတ်ဘူး၊ မင်းကို စပြီးတွေ့တဲ့ နေ့ကတည်းကပဲ။ အင်း... အချိန်ရမယ်ဆိုရင်တော့ ကျုပ်ရဲ့ ဇာတ်လမ်းကလေးကို ပြောပြရဦးမှာပေါ့လေ၊ ကျုပ်ဒီအရပ်ကို ရောက် ကတည်းက မြန်မာစကားဆိုလို့ ဒီတစ်ခါပဲပြောရသေးတယ်"

ကျွန်တော်သည် ကိုနန္ဒပြောမည့်ဇာတ်လမ်းကို နားထောင်ရန် အသင့်ဖြစ်ကာ အတော်ကလေးဝမ်းမြောက်၍နေမိ၏။

"ကျုပ်ဒီတစ်သက်မှာတော့ ဗမာတွေကို ရင်းရင်းနှီးနှီး မတွေ့ ရတော့ဘူးလို့တောင် အောက်မေ့နေမိတယ်။ အခုတော့ ဗမာအချင်း ချင်း လာတွေ့ရလို့ ဘယ်လောက်များ ဝမ်းသာသလဲဆိုတာ ကျုပ်ပြော တောင် မပြနိုင်ဘူး မောင်မိုးအောင်၊ ကျုပ်ပြောတာယုံပါ"

"ယုံပါတယ်ဗျာ ကိုနန္ဒ၊ ပြောသာပြောပါ"

ကိုနန္ဒသည် သူ၏ဘဝဇာတ်လမ်း အဖြစ်အပျက်ကလေးကို အောက်ပါအတိုင်း ပြောပြလေရာ ဤကဲ့သို့ပြောပြရင်း သူ၏အသံများ မှာ တစ်ခါတစ်ရံ တုန်တုန်ယင်ယင်ဖြစ်၍လာပြီးလျှင် ဝမ်းနည်းကြေကွဲ သည့် အရိပ်အယောင်မျိုးလည်း တစ်ချက်တစ်ချက်တွင် သူ၏မျက်နှာ၌ ပေါ်၍လာတော့၏။





(၂)

"ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း၃၀လောက်က အောက်မြန်မာပြည် ပုသိမ် နယ်တောရွာကလေးတစ်ရွာမှာ ကျုပ်နေခဲ့တယ်၊ ကျုပ်တို့မိဘသားစုဟာ ရိုးရာတောင်သူလယ်သမားများဖြစ်ပြီး ရိုးရိုးသားသား လယ်ကိုပဲ လုပ်ကိုင် စားသောက်ခဲ့ကြတယ်။ အဲဒီအချိန်မှာ အင်္ဂလိပ်မျက်နှာဖြူ တွေဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ သူတို့ရဲ့ အာဏာစက်ဖုံးပြီး သူတို့ရဲ့ ကပ်ပါး ရပ်ပါး လက်ပါးစေတွေ ကလဲ တန်ခိုးအာဏာ အင်မတန်ထခဲ့ကြတဲ့ အချိန်ပဲပေါ့ မောင်မိုးအောင်၊ ကျုပ်တို့ရွာဟာ ဆင်းရဲသားရွာဖြစ်ပေမယ့် အလှူအတန်းနဲ့၊ ပွဲနဲ့၊ လမ်းနဲ့ အလွန် စည်ကား သာယာခဲ့တယ်၊ ဒီအခါ ကျုပ်တို့ရွာမှာ ကွမ်းတောင် ကိုင် "မြခက်" ဆိုတဲ့ မိန်းကလေးဟာ ဇာတ်နဲ့မလိုက်အောင် လှပပြီး တခြားရွာကတောင်လာပြီး ပိုးပန်းခံရတဲ့ မိန်းကလေးပဲ၊ တိုတို ပြောရ မယ်ဆိုရင် သူဟာ ကျုပ်နဲ့ လူငယ်တို့ဘာဝ ချစ်ကြိုက်ခဲ့ကြတယ်၊ အဲဒီလို သူနဲ့ ကျုပ်နဲ့ ချစ်ကြိုက်ကြတာကို တစ်ရွာလုံးက အသိပဲ၊ အားလုံးကလဲ သဘောတူကြတယ်၊ မြခက်ဟာ ရုပ်ချောသလောက် သဘောသကာယကောင်းပြီး မိတ်ဆိုးကလေးပဲ မောင်မိုး အောင်ရဲ့၊ မျိုးရိုးက ဆင်းရဲသူ ဆင်းရဲသားထဲကပဲပေါ့၊ လယ်လုပ်ချိန်မှာ ဆိုရင် ကောက်စိုက် ပျိုးနုတ် လုပ်ရတယ်၊ လယ်သိမ်းချိန်မှာလဲ ကောက်ရိတ် ရရှာတယ်၊ ထွန်းတုံးပိတ်ချိန်ရောက်ရင်လဲ ဟင်းရွက် ကန်စွန်းတွေခူးပြီး ရွာနဲ့ ၅မိုင်ကျော်ကျော်ဝေးတဲ့ ပုသိမ်မြို့ကို အဖော်တွေနဲ့ သွားပြီး ရောင်းချစားသောက်ရရှာတယ်၊ အဲဒီလို ဆင်းဆင်းရဲရဲနဲ့ပဲ အသက်ကြီး လှပြီဖြစ်တဲ့ ဖခင်အိုကြီးကို ကျွေးမွေးပြုစုခဲ့ရရှာတယ်၊ ကျုပ်မှာ ရိုးသား

ဖြောင့်မတ်တဲ့စိတ်၊ သူတစ်ပါးကို ကူညီရိုင်းပင်းချင်တဲ့စိတ်နဲ့ ရပ်ထဲ ရွာထဲမှာ သာရေးနာရေးရှိရင် ကျုပ်ဟာ ရှေ့က ခေါင်းဆောင်ပြီး မားမားမတ်မတ်လုပ်တဲ့ အကျင့်ရှိတယ်၊ မြခက်ကလဲ ကျုပ်လိုပဲ သူတစ်ပါးကို ကူညီချင်တဲ့စိတ်တွေရှိတယ်၊ ဒါနဲ့ ကျုပ်တို့ချင်း တစ်ယောက်နဲ့တစ်ယောက် မျက်စိကျပြီး ချစ်လာကြတာ တစ်ရွာလုံးက အသိပဲ မောင်မိုးအောင်၊ တစ်ရွာလုံးကလဲ ကျုပ်တို့ချင်း ချစ်ကြတာ သဘောတူပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ကို သဘောမတူတဲ့ လူတစ်ယောက်တော့ ရှိနေတယ်မောင်မိုးအောင်ရဲ့၊ သူ့နာမည်က ဘမောင်တဲ့၊ ကျုပ်တို့ရွာက ရွာသူကြီးရဲ့သားပဲ၊ အဲဒီခေတ်က မောင်မိုးအောင် သိတဲ့အတိုင်း အင်္ဂလိပ်ရဲ့ လက်ပါးစေတွေ တန်ခိုးအာဏာ ပြတယ်ဆိုတာ ဒါပဲ၊ အဲဒီဘမောင်ရဲ့အဖေ သူကြီးကလည်း အင်္ဂလိပ်ရဲ့လက်ပါးစေ၊ "မှန်ပါ့ ဘုရားထဲကပေါ့"။ ဒါကြောင့် ဘမောင်ဟာလဲ ကျုပ်တို့ရွာမှာ မင်းမူချင် သလို မင်းမူပြီး ဆိုးသွမ်းဟော့ရမ်းခဲ့တယ်၊ ရွာနီးချုပ်စပ်က တချို့ မိန်းကလေးတွေကို သူကြီးသားဆိုတဲ့ ဂုဏ်နဲ့ လှည့်ပတ်ဖြားယောင်းပြီး မတော်တရား ကျင့်ခဲ့တယ်၊ နို့ပေမယ့်သိလျှက်နဲ့ ဘယ်သူမှ မပြောရဲကြဘူး၊ ခေါင်းငုံ့ပြီး ခံခဲ့ကြရတယ်၊ သူဟာ ကျုပ်တို့လို ရိုးသားတဲ့ တောင်သူလယ်သမား ရပ်သူရွာသားတွေအပေါ်မှာ ဘုရင်တစ်ဆူပဲ၊ ပြီးတော့ ဒီအကောင်ဟာ ကျုပ်ရည်းစားမြခက်ကို တဘီးလိုမ့်ချစ်ကြိုက်နေတာ အတော်ကြာပြီကိုး မောင်မိုးအောင်ရဲ့၊ ဒီတော့ရွာထဲမှာ ကျုပ်ကို အစဉ် မပြတ် အပြစ်မရှိ အပြစ်ရှာနေတယ်၊ ဘာပဲဖြစ်ဖြစ် ရွာထဲမှာ ထစ်ခနဲ့ရှိရင် ကျုပ်ကို မေးလားမြန်းလား လုပ်တော့တာပဲ၊ တစ်ခါလဲ ရွာအရှေ့ပိုင်းက မုဆိုးမ အဘွားကြီး တစ်ယောက်မှာ ကြက်နှစ်ကောင် ပျောက်သွားတာနဲ့ သူကြီးကို





တိုင်တော့ ကျုပ်ကို မသင်္ကာဘူးဆိုပြီး သူကြီးက တော်တော်ရယ်၊ သူ့သားက ကျုပ်ကို ထိပ်တုံးထဲ ထည့်ခတ်ထားတယ်၊ မြင်းကြိမ်လုံးနဲ့ ရိုက်စစ်တယ်၊ ဘယ်လောက်များ မတရားသလဲ မောင်မိုး အောင်ရယ်၊ စဉ်းစားပဲ ကြည့်ပေတော့"

"အင်း... ဒါကတော့ အင်္ဂလိပ် မျက်နှာဖြူတွေလက်အောက်မှာ ရွာသူကြီးတွေကို အာဏာပေးထားတဲ့အခါဆိုတော့ သူတို့ထင်သလို လုပ်နိုင်ထာပေါ့ ကိုနန္ဒရယ်"

ထို့နောက် ကိုနန္ဒက သူ၏ဇာတ်လမ်းကို ဆက်ပြန်လေသည်။

"အမှန်ကတော့ ဒီကြက်ပျောက်တာဟာ အေးလုံတို့လူစုလက်ချက်ပဲ၊ အေးလုံဆိုတာက သူကြီးသားဘမောင်ရဲ့ မိုက်ဖော်မိုက်ဖက် လက်ရုံးကြီးပေါ့၊ ဒါနဲ့ ကျုပ်ကိုရိုက်စစ်နေတဲ့အခါ ကြက်ပျောက်တဲ့ အရီးဘွားညံ့ရောက်လာပြီး ကျုပ်ကို ဘယ်နည်းနဲ့မှ မထင်တဲ့အကြောင်း၊ တကယ်လို့ ဟုတ်စေကာမူ ခွင့်လွှတ်တဲ့အကြောင်း မနည်းတောင်းပန်တော့မှ ကျုပ်ကို ထိပ်တုံးကလွှတ်လိုက်တာကိုး၊ ကျုပ်လဲ အိပ်ရာထဲမှာ ကြိမ်ရိုက်ခံရတဲ့ဒဏ်ရာတွေကြောင့်ရော၊ တစ်ညလုံး ထိပ်တုံးထဲမှာ ခတ်ထားလို့ တစ်ကိုယ်လုံး ကိုက်ခဲ ညောင်းညာနေတဲ့အတွက်ကြောင့်ရော မထနိုင် အောင် လဲနေခဲ့တယ်၊ ဒီအခါ မြခက်ဟာ ကျုပ်ဆီ ခဏခဏလာပြီး ပြုစုစောင့်ရှောက်ရှာတယ်"

"တစ်နေ့တော့ ကျုပ်တို့ရွာမှာ ရွာဦးကျောင်းဘုန်းတော်ကြီး ပျံတော်မူလို့ ရွာ့အပြင်ဘက် ဘုန်းကြီးပျံလုပ်တဲ့အခါ အရပ်ဇာတ်ကလေး တစ်ခု ကတယ်၊ ပွဲဆိုတာ ကျုပ်တို့ရွာက တစ်နှစ်တောင် တစ်ခါ မကြုံဖူးလို့ ရွာသူရွာသားတွေဟာ ဒီညတော့ ပွဲကြည့်လိုက်အုံးမယ်ဆိုပြီး ဝတ်ကောင်းစားလှတွေနဲ့ ပျော်လို့ရွှင်လို့လမ်းသလားနေကြတာပေါ့၊

အဲဒီအထဲမှာ ကျုပ်လဲပါတယ်၊ နို့ပေမဲ့ ကျုပ်ပျော်တာက တခြားမဟုတ်ပါဘူး ပွဲထွက်တဲ့အချိန် ကျောင်းမြောက်ဘက်က သရက်ပင်ကြီးမှာ မြခက်နဲ့တွေ့ဖို့ ချိန်းထားတဲ့အတွက် ပျော်နေတာကိုး မောင်မိုးအောင်ရဲ့၊ ကျုပ်လဲ တစ်ညနေလုံး နွားစာစဉ်းရင်း၊ နွားကျွေးရင်းနဲ့ ဒီအကြောင်းတွေချည်း စဉ်းစားနေမိတယ်၊ ဒါနဲ့ ပွဲထွက်ပြီး ခဏလေးအကြာမှာ သရက်ပင်ကြီး ဆီကို ကျုပ်ရောက်သွားတော့ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို အတင်းတရကြမ်း ဆွဲလားလွဲလား လုပ်နေတာ မြင်ရရုံ မကဘူး၊ မိန်းကလေးက "လွှတ်နော် လွှတ် တော်ကျုပ်ကို ခွေးကျင့်ခွေးကြံ မကြံနဲ့ လွှတ်" ဆိုတဲ့ အသံကြားရပြီး ယောကျ်ားလက်က အတင်းရုန်းကန် ထွက်နေတာ မြင်ရတာကိုး မောင်မိုးအောင်ရဲ့၊ တခြားသူ ဟုတ်ပါရိုးလား မြခက်ကို ဘမောင်က အတင်းဆွဲနေတာကိုး၊ ကျုပ်ရဲ့ နားထဲမှာ မိုးကြိုး ခုနစ်ကြိမ် ပစ်ထည့်လိုက်သလို အောက်မေ့လိုက်တယ်။ သူတို့နဲ့ အတော်နီးနီး ရောက်လာတော့တောင် ဘမောင်ဟာ မ, စိတ်မွှန် နေလို့ ကျုပ်လာတာ မသိဘူး၊ ကျုပ်ကလဲ နည်းနည်းကလေး အရောက် နောက်ကျသွားတာကိုး၊ ပွဲထဲက မြခက် ထွက်အလာမှာ ဒီအကောင်က နောက်ယောင်ခံပြီး လိုက်တာနဲ့ တူတယ်..."

"ဒီလိုတွေ့လိုက်တယ်ဆိုရင်ပဲ ကျုပ်ကို တစ်ခါတုန်းက အပြစ်မရှိ အပြစ်ရှာပြီး ထိပ်တုံးခတ်၊ မြင်းကြိမ်လုံးနဲ့ ရိုက်ညှဉ်းခဲ့တာတွေ မျက်စိထဲမှာ ဘွားခနဲ ပြန်ပေါ်လာတော့တာပဲ၊ ဟော အခုလဲ ကျုပ်ရည်းစားကို သူကမတရားသဖြင့် ဗလက္ကာရကြံစည်နေပြန်ပြီ၊ အို ကျုပ်ဘာမှ စဉ်းစားမနေနိုင်ဘူး မောင်မိုးအောင်၊ ငါ့ကိုတစ်ခါက ညှဉ်းဖူးတဲ့ ခွေးကောင် ဒီတစ်ခါတော့ ကိစ္စတုံးစေရော့ဆိုပြီး ကျုပ်မှာပါတဲ့ ဓားမြှောင်နဲ့





နောက်ကနေ ကျောကို တအားစိုက်လိုက်တော့တာပဲ၊ ဘမောင်ဟာ "အောင်မယ်လေး" လို့ တစ်ခွန်းတည်း အသံကုန်အော်ပြီး တစ်ခါတည်း လဲသွားတယ်၊ သူအော်လိုက်တဲ့အသံကို သရက်ပင်ကြီးနဲ့ မနီးမဝေး လူသွားလမ်းကလေးမှာ လျှောက်သွားတဲ့ ရွာသားနှစ်ယောက် သုံးယောက်က ကြားပြီး သူတို့ကတစ်ဆင့် အော်လိုက်တော့ ပွဲကြည့်တဲ့ပရိသတ်ဆီကို ရောက်သွားပြီး လူတွေဟာ သရက်ပင်ကြီးဆီကို စုရုံးပြေးလာကြတာကိုးဗျ...။

"နန္ဒဟာ ကျုပ်ကို ဓားနဲ့ထိုးပါတယ်" လို့ နောက်တစ်ချက်အအော်လိုက်မှာ ကျုပ်လဲ ပေါက်တဲ့နဖူး မထူးဘူးဆိုပြီး နောက်ကျောမှာ စိုက်နေတဲ့ ဓားမြှောင်ကိုဆွဲနှုတ် ရှေ့ကနေပြီး ရင်ဝကို တစ်ချက် စိုက်လိုက်တာ တစ်ခါတည်း ဒီနေရာမှာတွင်ပဲ ဇီဝိန်ချုပ်တော့တာယ်ပဲ။ မြခက်ကတော့ ကြက်သေသေပြီး ကျုပ်နောက်နားမှာ ထိုင်ငိုနေရှာတယ်။ လူအုပ်ကြီးက တဖြည်းဖြည်းနီးလာပြီး ဘမောင်ရဲ့အဖေ သူကြီးဟာ ကျုပ်တို့ဆီကို ပြေးလာတယ်။ ဒီတော့ ကျုပ်လဲ မြခက်လက်ကိုဆွဲပြီး မှောင်ထဲကို စွတ်ပြေးတော့တာပဲ။ နောက်ကသူကြီးနဲ့ သူ့လူစုကလဲ "ဟေ့ နန္ဒ မပြေးနဲ့ မပြေးနဲ့" လို့ ညာသံပေးပြီး လိုက်ကြတာပေါ့လေ။ ကျုပ်တို့ နှစ်ယောက်ဟာ ဒီလိုပြေးရင်းလွှားရင်းနဲ့ ရွာရဲ့မြောက်ဘက်တစ်ခေါ်သာသာလောက်မှာရှိတဲ့ သရက်တောကြီးထဲမှာ ဝင်သွားမိကြတာပဲ။ မြခက်ဟာ မိန်းမသားဖြစ်တဲ့အတွက် သူကြီးလူစုဟာ ကျုပ်တို့ကို မှီလု မှီခင်ဖြစ်နေပြီ၊ သူကြီးကလဲ မပြေးနဲ့ မပြေးနဲ့ ပစ်လိုက်ရမလားဆိုပြီး ကျုပ်တို့ကြောက်အောင် သေနတ်ကို လေထဲထောင်ပြီး တစ်ချက်ဖောက် လိုက်သေးတယ်။ ရုတ်တရက်တော့ ကျုပ်လဲ လန့်သွားသေးတာပေါ့။ ဒါပေမဲ့ သင်းတို့ရဲ့ အမိတော့မခံတော့ဘူး၊

သေခါမှ သေပေစေ၊ သေရင်လည်းပြီးရောဆိုပြီး လက်ဝဲဘက်ကို သွားနေရာက လက်ယာဘက်ကို လှည့်ပြီး တစ်ခါပြေးပြန်တာကိုး၊ ဒီနေရာမှာ သစ်ပင်တွေကလဲ ပါးလာပြီး ကွက်လပ်တစ်ခု ဖြတ်အပြေးမှာ ကံဆိုးချင်တော့ မြခက်ဟာ သစ်ငုတ်တိုတစ်ခုတိုက်မိပြီး ခွေခနဲလဲကျသွားတယ်။ သူကြီးနဲ့ သူ့လူတွေကတော့ နောက်က ထက်ကြပ်လိုက်နေကြတာပဲ။ လူချင်းကလဲ တဖြည်းဖြည်းနီးလာလို့ မြင်နေရတယ်။ သူ့ပါးစပ်ကတော့လည်း မပြေးနဲ့ မပြေးနဲ့ ပစ်လိုက်မယ်ဟေ့လို့ တရစပ်အော်နေတာပဲ။

"ဒါနဲ့ ကျုပ်လဲပဲ မြေကြီးပေါ် အခွေလိုက်လဲနေတဲ့ မြခက်ကို ပခုံးကပွေ့ပြီး မတ်တတ်အရပ်လိုက်မှာ သူကြီးရဲ့လူအုပ်ဆီက ဒိန်းခနဲ အသံနဲ့အတူ မီးတစ်ချက်ပွင့်သွားတာ မြင်လိုက်ရတယ်။ အဲဒီလို မြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် ကျုပ်ကိုယ်ကို နံဘေးချင်းယှဉ်ပြီး မှေးထားတဲ့ မြခက်ဟာ "အမယ်လေးသေပါပြီ"လို့ တစ်ချက်တည်းသာ အော်နိုင်ပြီး တစ်ခါတည်း ခွေကျသွားတော့တာပါပဲ မောင်မိုးအောင်ရယ်၊ ကျုပ်ကံဟာ ဒါလောက်ပဲ ဆိုးပါတယ်"

"ဖြစ်မှဖြစ်ရလေခင်ဗျာ"

ကျွန်တော်သည် တစ်ချက် စုတ်သပ်လိုက်မိ၏။ ကိုနန္ဒမှာလည်း အတိတ်ကို တွေးတောစဉ်းစားနေဘိသကဲ့သို့ မျက်လုံးများတွင် မျက်ရည်များလည်ကာ ငေးမောတွေဝေလျက် ရှိလေသည်။

ကျုပ်ဘဝတော့ ဒီကတည်းက ဆုံးပြီလို့ တွက်တာပဲ။ ကျုပ်ကိုယ်ကိုမှန်ပြီး ဒီနေရာမှာပဲ သေသွားရင် အကောင်းသားပဲ မောင်မိုးအောင်ရေ့၊ ဒါနဲ့ ကံဆိုးမလေးဟာ ကျုပ်မျက်စိအောက်တွင်ပဲ ခွေခွေကလေး အသက်ပျောက်သွားရှာတယ်။ ကျုပ်မျက်လုံးတွေ

Future Time Idea Group



ဟာတော့ ဒီအခါတုန်းက ဒေါသဖြစ်လွန်းလို့ မီးတောက်လုမတတ်ဘဲ။ အသားတွေကလဲ နတ်ကျသလို တဆတ်ဆတ်တုန်နေတော့တာပဲ။ ဒီအချိန်မှာ သူကြီးနဲ့ သူတပည့်တပန်းတွေဟာ အတော်ခပ်နီးနီး ရောက်လာပြီး ကျုပ်လက်ထဲမှာလဲ ဘာလက်နက်မှမမြင်တော့ ကျုပ်ကို လက်ရဖမ်းမယ့် အကြံနဲ့ အနားကပ်အလာမှာ အခုမှတော့မထူးဘူးလို့ သူချိန်ထားတဲ့ သေနတ်ပြောင်းကို ဖျတ်ခနဲလွတ်အောင်ရှောင်လိုက်ပြီး ဘေးကနေ လူချင်းဝင်ကပ်လိုက်တာကိုး မောင်မိုးအောင်ရဲ့၊ သေနတ်ပြောင်းကို ကျုပ်ကိုယ်နဲ့လွတ်အောင် ဘယ်ဘက်လက်နဲ့ ဆုတ်ကိုင်ထားလိုက်ပြီး ညာဘက်လက်နဲ့ မျက်နှာဆီကို တစ်ချက်ခပ်ပြင်းပြင်း လက်ဝါးစောင်းခုတ်ချလိုက်တာ သူကြီးဟာ တစ်ခါတည်း နေရာမှာ ပုံကျသွားတာပါပဲ။ ကျုပ်က အသက်နှစ်ဆယ်ကျော် သန်တုန်းမြန်တုန်း၊ ဗလကလည်းကောင်းကောင်း သိုင်းကလေးဘာကလေးလဲ နည်းနည်းတတ်ထားတော့ ကျုပ်ကိုဘာရမလဲ မောင်မိုးအောင် သူက အသက်ငါးဆယ်ကျော်နေပြီ၊ လူကောင်ချင်းကလည်း ဆင်နဲ့ဆိတ်လောက် ကွာခြားနေတယ်။ သူလဲအဲဒီလို ယိုင်လဲသွားရော သေနတ်ကြီးဟာ ကျုပ်လက်ထဲပါလာတော့တာပဲ။ ဒီတော့ သူ့သေနတ်ကို ကျုပ်က ပစ်ဖို့လဲ အချိန်မရဘူး၊ ဒီတော့ သေနတ်ပြောင်းကို လက်နှစ်ဖက်နဲ့ အားရပါးရစုံကိုင်ပြီး သေနတ်ဒင်နဲ့ ခေါင်းကို တစ်ချက်ရိုက်ခွဲလိုက်တာ တစ်ချက်တည်းနဲ့ ကိစ္စတုန်းပါလေရော။ ဓားမြှောင်ကို ကိုင်ပြီး သူကြီးကို ကူရအောင် ပြေးလာတဲ့ အေးလုံးကိုပါ လက်စနဲ့ ဆက်ပြီး တစ်ချက်ချလိုက်တာ သေမလား ရှင်မလား မသိဘူး၊ ဒီ့နောက်က အကောင်တွေကတော့ သူကြီးကို ပထမ တစ်ချက်နှံလိုက်ကတည်းက ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတာပါပဲ။

Future Time Idea Group

"ကျုပ်ဟာ အရင်က တစ်ခါမှ ရာဇဝတ်မှုဆိုလို့ မကျူးလွန်ခဲ့ပါဘူး မောင်မိုးအောင်ရယ်၊ လူတစ်ဖက်သားကို လက်နက်နဲ့ မဖြောနဲ့ ရိုးရိုးလက်ဝါးနဲ့တောင် မရိုက်ခဲ့ဖူးပါဘူး"

"ဟုတ်တာပေါ့ခင်ဗျာ၊ ဒီလိုဖြစ်ရတာလည်း ကံအကြောင်းမကောင်းလို့ ဖြစ်ရတာပါ ကိုနန္ဒရယ်"

"ဒါနဲ့ ကျုပ်လဲ တောထဲမှာ တစ်ညလောက် ပုန်းနေပြီး မြို့ရောက်တဲ့အခါ ကုန်းတစ်တန် ရေတစ်တန် လမ်းမှာ ဖြစ်သလိုနေထိုင်စားသောက်ပြီး ပုသိမ်က သာရဝေါရောက်၊ သာရဝေါက လက်ပံတန်း၊ အင်းစိန်၊ မှော်ဘီ၊ ရန်ကုန်။ တချို့နေရာမှာလဲ ထင်းပေါက်တဲ့အလုပ်၊ ရေခပ်တဲ့အလုပ်ကစ တွေ့ရာလုပ်၊ ရောက်ရာနေ၊ တွေ့ရာစား၊ တွေ့ရာအိပ်နဲ့ ရန်ကုန်ကနေပြီး အထက်အညာပြေးခဲ့တာ မန္တလေးရောက်လာတယ်။ အခုလိုအခါမှာသာဆိုရင် ပုလိပ်လက်ထဲ ကွိခနဲမိမှာပေါ့၊ နို့ပေမယ့် ဟိုအခါတုန်းကတော့ ပုလိပ်က အခုလူတွေလောက် မျက်စိလဲ မစူးဘူး၊ ဒုက္ခခံပြီး ပင်ပင်ပန်းပန်းလဲမလိုက်ဖူး၊ ဝတ်ကျေတမ်းကျေ တစ်မြို့နဲ့ တစ်မြို့ လူပုံစံကို သတင်းပေးပြီး တော်ရွှေလျော့ရှူလိုက်တာကိုး မောင်မိုးအောင်ရဲ့"

"ဟုတ်တာပေါ့ ကိုနန္ဒရယ်၊ အခုခေတ်မှာသာဆိုရင် ၂ရက်မကြာဘူး ခင်ဗျားကိုမိမှာ"

"မန္တလေးကိုရောက်တော့ ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ခိုကပ်နေ၊ အလုပ်ကြမ်းမှန်သမျှ အကုန်လိုက်လုပ်၊ ပိုက်ဆံစု အတော်ကလေးကြာလို့ ငွေကလေးပါလေး နည်းနည်းပါးပါး စုဆောင်းမိတဲ့အခါ ကိုယ့်စိတ်ကိုယ်မလုံတာနဲ့ ရှမ်းပြည်နယ်တက်ခဲ့တာ တောင်ပိုင်းရော၊ မြောက်ပိုင်းရော နေရာတကာနဲ့ နေတာပဲ မောင်မိုးအောင်။





ရှမ်းပြည်နယ်မှာ ကျုပ်မရောက်ခဲ့ဖူးတဲ့ နေရာဆိုလို့ မရှိသလောက်ဘဲ။ ဒါနဲ့ အတိုချုပ်ပြောရမယ်ဆိုရင် နောက်ဆုံး ဟောဒီ နမ်းလိမ်ခံရွာကလေး ရောက်လာပြီး အိမ်တစ်အိမ်မှာ သူရင်းငှား (စာရင်းငှား) ဝင်လုပ်တာ၊ အဲဒီမှာတစ်ခါတည်း အခုထက်ထိ မြဲနေတော့တာပဲ မောင်မိုးအောင်ရယ်။ ကျုပ်အလုပ်လုပ်တဲ့ လယ်ရှင်ကတော့ ဦးဝဏ္ဏဆိုတဲ့ ရှမ်းကြီးပဲ၊ အင်မတန် သဘောကောင်းပြီး ကျုပ်ကို ကူလီတစ်ယောက်၊ စာရင်းငှား တစ်ယောက်ရယ်လို့ သဘောမထားဘူး။ သူက သဘောကောင်းတော့ ကျုပ်ကလဲ သူ့အပေါ်မှာ အဖေလို၊ ဦးလေးလို အောက်မေ့ပြီး လယ်ထဲမှာရော၊ အိမ်မှာရော နေရာမရွေး လုပ်စရာရှိတဲ့ အလုပ်ကို ကျုံးလုပ်တာပဲ။"

"ဦးဝဏ္ဏမှာ "ခမ်းမူ"ဆိုတဲ့ သမီးတစ်ယောက်ရှိတယ်၊ ကျုပ်ရောက်စတုန်းကတော့ သူဟာ၁၄–၅–၆နှစ် အပျိုလောက်ပဲရှိဦးမယ်။ ဒါနဲ့ နောက်သုံးလေးမိုးလောက် အလုပ်လုပ်ပြီးတဲ့အခါ လက်ထဲမှာ ငွေကလေး ကြေးကလေးလည်း အတော်စုဆောင်းမိတော့ အထက်မိုးကုတ်ကိုတောင် ကျုပ်သွားဦးမယ် ကြံမိသေးတယ်။ နို့ပေမဲ့ ဦးဝဏ္ဏက "ငါလည်း အသက်ကြီးပါပြီ မောင်နန္ဒရယ်၊ ငါ့မှာလဲ ဆွေမျိုးညာတိနည်းပြီး တူရင်းသားရင်းဆိုလို့ တစ်ယောက်တစ်လေမှ မရှိတော့ မင်းကိုငါ တူရင်း သားရင်းလို အောက်မေ့ပါတယ်။ ဒီ့အပေါ် ခမ်းမူလဲ အရွယ်ရောက်လာတော့ တို့သားအဖနှစ်ယောက်ကို မင်းကလွဲပြီး ဘယ်သူမှ စောင့်ရှောက်မယ့်လူ ရှိတာမဟုတ်ဖူး၊ ဒီတော့ တို့နဲ့အတူ လက်ရေတစ်ပြင်တည်း စားသောက်နေပါကွယ်၊ ငါလဲ အသက်ကြီးပါပြီ"လို့ ပြောတော့ ကျုပ်လဲ မိုးကုတ်ကိုသွားမယ့်အကြံ လက်လျှော့ပြီး သူတို့ သားအဖနှစ်ယောက်နဲ့အတူ လုပ်ကိုင်စားသောက်

နေခဲ့ရတယ်။ အတိုချုပ်ပြောရမယ်ဆိုရင် ဦးဝဏ္ဏဟာ ကျုပ်အင်မတန် ရိုးတာသိတော့ မင့်နမလေးကို မင်းပဲ တစ်သက်လုံး စောင့်ရှောက်ပါတော့ဆိုပြီး သူ့မှာရှိတဲ့ ပစ္စည်းပစ္စယတွေကိုပါ ကျုပ်တို့နှစ်ယောက် လက်ထဲ အားလုံးလွှဲပေးတာပဲ"

"ဒါနဲ့ ကျုပ်လဲ ခမ်းမူနဲ့ အကြောင်းပါပြီး သားကလေး တစ်ယောက် "အိုက်ခွန်"ကို မွေးခဲ့တယ်"

"ဩော်"

"ဒါနဲ့ ကျုပ်ယောက္ခမ ဦးဝဏ္ဏအကြောင်း နည်းနည်းပြောရဦးမယ်၊ သူက ရှေးမြန်မာဘုရင်များလက်ထက်က သူတို့ရဲ့ ဆွေစဉ်မျိုးဆက်ဟာ ဟိုအလောင်းမင်းတရားကြီး လက်ထက်ကတည်းကစပြီး ကုန်းဘောင်ဆက် ၁၁–ဆက်တိုင်တိုင် မျိုးရိုးမပျက် ဆင်းသက်လာခဲ့တဲ့ ဗမာစစ်သားမျိုးတွေဆိုပဲ မောင်မိုးအောင်ရဲ့"

"ကျုပ်ဟာ ဘယ်မှမသွားတော့ဘဲ ဒီရွာကလေးမှာပဲ အခြေစိုက်ပြီး ခမ်းမူနဲ့နေခဲ့တာ ဟောဟိုကလာနေတဲ့ အိုက်ခွန်ကို မွေးခဲ့တာပဲ"

ထိုအချိန်တွင် အိုက်ခွန်မှာ ရွာထဲတွင် အလည်အပတ် သွားနေရာမှ ပြန်လာပြီးလျှင် အိမ်ပေါ်သို့ တက်လာသဖြင့် ကိုနန္ဒသည် အိုက်ခွန်အား လက်ညှိုးထိုး၍ပြရင်း ပြောလိုက်လေသည်။ ထို့နောက် ကိုနန္ဒက ဆက်လက်၍ ...

"ကျုပ်ဟာ အချစ်နဲ့ပတ်သက်ရင် အင်မတန် ကံဆိုးချင်တဲ့ လူတစ်ယောက်ပါ မောင်မိုးအောင်ရယ်၊ ခမ်းမူဟာ အိုက်ခွန် ၁၃နှစ်ပြည့်တဲ့နှစ်မှာပဲ သေမင်းနောက် ကောက်ကောက်ပါအောင် လိုက်သွားရှာတယ်။ ဩော်... ဒါနဲ့ မောင်မိုးအောင်မှာ မိဘများကော ရှိသေးသလား။ ဇာတိကကော ဘယ်ကလဲ၊ မောင်မိုးအောင်က အိမ်ထောင်နဲ့လား"





"အိမ်ထောင်မရှိပါဘူး ကိုနန္ဒ၊ ကျွန်တော့်မှာ အိမ်ထောင်လဲ မရှိသေးဘူး။ မိဘတွေကလဲ ကျွန်တော်ခပ်ငယ်ငယ် ဂျပန်ခေတ်ထဲမှာပဲ နှစ်ယောက်စလုံး ကွယ်လွန်သွားရှာကြတယ်။ ဒါကြောင့် တစ်ကိုယ်တည်းသမားပဲ ဆိုပါတော့၊ အဒေါ်လုပ်သူက မွေးစားလို့ ကျွန်တော် ဒီအထိ ကြီးပြင်းလာခဲ့ရတယ်။ အခုတော့ အဒေါ်လည်း မရှိရှာတော့ပါဘူး ကိုနန္ဒရယ်"

"အေးကွယ် ဘဝဆိုတာ ဒီလိုပဲ၊ လူတိုင်း တွေ့ကြုံခံစားရတယ် သဘောတရားပါ"

ဤသို့ဖြင့် ကျွန်တော်နှင့် ကိုနန္ဒမှာ ရင်းနှီးသည်ထက် ရင်းနှီး၍ လာခဲ့ကြတော့၏။ သူ၏ရင်နာစဖွယ်ကောင်းသော ဘဝကို ကျွန်တော်က သနားမိသည်နှင့်အမျှ သူကလည်း ကျွန်တော့အား ကရုဏာသက်မိရှာ၏။ သူ၏သားဖြစ်သူ အိုက်ခွန်သည် ဖခင်ဖြစ်သူကဲ့သို့ပင် သန်မာထွားကျိုင်းပြီးလျှင် ကောင်းစွာလူလားမြောက်၍လာပြီဖြစ်သည့်အတိုင်း ၎င်းအား ကျွန်တော်တို့ လက်သမားအဖွဲ့၌ တစ်နေ့လျှင် ၄–စားနှုန်းဖြင့် အလုပ်သွင်းပေးခဲ့ရာ သားအဖနှစ်ယောက်တို့မှာ ကျွန်တော့်အား အထူး ကျေးဇူးတင်ပြီးလျှင် အလွန်ဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြတော့၏။

(၄)

တစ်နေ့သ၌ ကျွန်တော်သည် ကိုနန္ဒတို့အိမ်တွင် ညစာထမင်းစား၍ နောက်နေ့မှာ နေ့အားဖြစ်သည့်အတိုင်း ထိုည၌ ကိုနန္ဒတို့အိမ်တွင် အိပ်စက်ရန် လာရောက်ခဲ့လေ၏။

ညစာစားသောက်ပြီးနောက် အိမ်ရှေ့ခန်းတွင် လက်ဖက်ရည်ကြမ်းအိုး တစ်အိုးဖြင့် နှစ်ယောက်သားထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက်ရှိရာမှ ကိုနန္ဒသည် ကျွန်တော်၏ မျက်နှာကို အကဲခတ်သကဲ့သို့ ခေတ္တမျှ ကြည့်ရှုပြီးနောက် ...

"သြော်... ဒါထက် မောင်မိုးအောင်ကို ကျုပ်ကသားအရင်းလို ခင်မင်လို့ တစ်ခုတိုင်ပင်ရဦးမယ်"

"ဟုတ်ကဲ့ ပြောပါ ကိုနန္ဒ၊ ကျွန်တော့်ကို ဘာမှ ကွယ်ဝှက်နေစရာ မလိုပါဘူး။ အခုလောက်ရှိရင် ကျွန်တော့်စိတ်ကို ကိုနန္ဒတို့သားအဖ သိလောက်ရောပေါ့။ ပြီးတော့ မြေခြားရေခြားမှာ ဗမာအချင်းချင်း လာတွေ့ကြတာ ကျွန်တော်ကလဲ ခင်ဗျားကို မိဖအရင်းလို ခင်မင်ပါတယ်ဗျာ"

"အေးပေါ့ကွယ် ယုံလို့လဲ တိုင်ပင်တာပေါ့။ ကျုပ်ယောက္ခမ ကိုဝဏ္ဏအကြောင်းကို ဆက်ပြောရအုံးမယ်။ ဒီလိုကိုးကွယ့်၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဟာ ယိုးဒယားဘက်ကို စစ်ချီတက်တဲ့ အခါ ဒီလမ်းတွေက ဖြတ်ပြီး ချီတက်လို့ ကျိုင်းတုံမှာတောင် စားရေရိက္ခာအတွက် လုံလောက်အောင်ဆိုပြီး လယ်တွေယာတွေတောင် 'လုပ်ခဲ့ သေးတယ်ဆိုမဟုတ်လား"

"ဟုတ်ကဲ့... ကျွန်တော် နည်းနည်းပါးပါး ကြားဖူးပါတယ်"





"ပြီးတော့ ဒီနေရာမှာ အဓိဋ္ဌာန်နဲ့ စိုက်ပျိုးခဲ့တဲ့ အဓိကရ သစ်ပင်ကြီးတစ်ပင်ရှိတယ် မောင်မိုးအောင်ရဲ့၊ အဲဒီသစ်ပင်ကြီးဟာ ဘယ်လောက်ကြီးသလဲဆိုရင် လူ ၇ယောက် လက်ချင်းဆက်ပြီး သစ်ပင်လုံးပတ်ကို ဖက်တာတောင် မမီသေးဘူး"

"အတော်ထူးဆန်းတာပဲခင်ဗျာ၊ ဟုတ်ကောဟုတ်နိုင်ပါ့မလား"

"ဟုတ်တာမဟုတ်တာတော့ ကျုပ်လဲမပြောနိုင်ဘူး မောင်မိုးအောင်၊ သက်ကြီးစကား သက်ငယ်ကြားဆိုသလို ဒီဒေသက သက်ကြီးတွေရဲ့ စကားကို ကျုပ်မှတ်သားရသလောက် ပြောရတာပဲ၊ နို့ပေမဲ့ ဒီသစ်တစ်ပင်တောင်ဆိုတာရယ်၊ ဒီသစ်ပင်ကြီးရယ်ကတော့ အထင်အရှား ရှိတာပဲ မောင်မိုးအောင်ရဲ့"

(မှတ်ချက်။ ။ ထိုသစ်ပင်ကြီးမှာ ယခုအခါတွင် အရှေ့ပိုင်းရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ သစ်တစ်ပင်တောင်တွင်ရှိ၍ လူ ၇ယောက် ဖက်မိသည်အထိ ပင်စည်ကြီးမှာ ထုထည် ကြီးမားလှ၏။ အမြင့်မှာ ထန်းနှစ်ဖျားသာသာခန့်ရှိ၍ မည်သည့် သစ်ပင်မျိုးဟူ၍ မသိရပေ။ ထီးထီးကြီးပေါက်လျက်ရှိရာ အတော်အဝေးမှပင် မြင်နိုင်လေသည်။

"ယိုးဒယားပြည်ကို တိုက်ခိုက်အောင်မြင်ပြီး အလောင်းမင်းတရားကြီးလဲ နတ်ရွာစံ ကံတော်ကုန်ရှာတယ်။ စစ်အောင်လို့ မြန်မာ့တပ်သားတွေ တပ်ခေါက်ပြီး မြန်မာပြည်အပြန်မှာ စစ်ဗိုလ်သုံးယောက်ဟာ ယိုးဒယား နန်းတွင်းပစ္စည်းတချို့ကို တိတ်တဆိတ်ရလို့ ရွှေမြို့တော်ကို ပြန်မလိုက်တော့ဘဲ နယ်စပ်မှာပဲ ရှောင်တိမ်းနေရစ်ခဲ့ကြတာကိုး မောင်မိုးအောင်ရဲ့"

"အင်း... ပြောပါဦး ကိုနန္ဒ၊ အတော်စိတ်ဝင်စားစရာ ကောင်းတာပဲဗျ"

"အဲဒီစစ်ဗိုလ်သုံးယောက် ရှမ်းစစ်ဗိုလ် ဗိုလ်ဝဏ္ဏနဲ့ မြန်မာစစ်ဗိုလ် ဗိုလ်ထင်၊ ဗိုလ်ကျော် သူတို့သုံးယောက်ပဲ။ အဲ သူတို့သုံးယောက်ဟာ ဒီပစ္စည်းတွေကို ယိုးဒယားဘုရင်ရဲ့ လျှို့ဝှက်တဲ့ ဘဏ္ဍာတော်တိုက် တစ်တိုက်ထဲက အတော်ခဲခဲယဉ်းယဉ်း တိုက်ခိုက်ထုတ်ယူခဲ့ကြရတယ်။ ပစ္စည်းတွေကလဲ ရှေးဘုရင် လက်ထက်ကတည်းက နန်းတော်ထဲမှာ သိမ်းစုဆောင်းလာခဲ့တဲ့ ကျောက်သံပတ္တမြားတွေဖြစ်လို့ အတော်ပဲ အဖိုးထိုက်တန်တဲ့ လက္ခဏာရှိတယ်။ အဲဒီသုံးယောက်ထဲမှာ ခေါင်းဆောင်လုပ်တဲ့ ရှမ်းစစ်ဗိုလ် ဗိုလ်ဝဏ္ဏဆိုတာက ကျုပ်ယောက္ခမဦးဝဏ္ဏရဲ့ အဆက်အနွယ်ပဲ မောင်မိုးအောင်ရဲ့။ ဒီလိုနဲ့ အဲဒီလို ရှမ်းစစ်ဗိုလ် ဗိုလ်ဝဏ္ဏရဲ့ အဆက်အနွယ်တွေဟာ ဒီ"နမ်းလိမ်ခံ"ရွာကလေးနဲ့ ဒေသထာစ်ဝိုက်မှာပဲ တောင်သူလယ်သမားအလုပ်နဲ့ ကြီးပြင်းပြီး အစဉ်အဆက် နေထိုင်လာခဲ့ကြတယ်။ တချို့လဲ တောင်သူလယ်သမား၊ တချို့လဲ လက်လုပ်လက်စားအလုပ်နဲ့ပဲ ဆိုပါတော့၊ ရွှေဘိုမင်းလက်ထက်နဲ့ ပုဂံမင်းလက်ထက်တုန်းကတော့ ကျုပ်တို့ အဆက်အနွယ်ထဲက ရွှေမြို့တော်ကိုသွားပြီး စစ်ဘက်က အမှုတော်ကို ၂ယောက် ၃ယောက် ထမ်းခဲ့ကြဖူးပါတယ်။ နို့ပေမယ့် သူတို့လဲ ဒီရွာကိုပြန်ပြီး ခေါင်းချကြတာပါပဲ။ ဒါကြောင့် ကျုပ်ယောက္ခမ အမျိုးအနွယ်ဟာ စစ်ဗိုလ် စစ်သားမျိုး ဆိုပေမယ့် အများအားဖြင့်တော့ တောင်သူလယ်သမားအလုပ်နဲ့ ဒီရွာမှာပဲ အဆက်မပြတ် နေထိုင်လာခဲ့ကြတာ ကျုပ်ယောက္ခမ ဦးဝဏ္ဏ လက်ထက်သာတိုင်ပါရော"

"အင်း... ဒါဖြင့် ဗိုလ်ဝဏ္ဏရဲ့ အဆက်အနွယ်တွေဟာ ဒီရွာမှာချည်း စုနေမှာပေါ့"





မျိုးဆက် စခဲ့တာပဲ မောင်မိုးအောင်ရေ့"

"ကိုဝဏ္ဏအကြောင်း ဆက်ပြောစမ်းပါဦး ကိုနန္ဒရဲ့"

"သူဟာ အဲဒီလိုရွာထဲက ရှမ်းမတစ်ယောက်နဲ့ အကြောင်းပါပြီး ထယောကျ်ားကလေး တစ်ယောက် နောက်တစ်နှစ်မှာ ရခဲ့တယ်။ ...နေ့ သူ့အကြောင်း ရွှေမြို့တော်ကို သတင်းပေါက်ကြားပြီး မြို့ဝန်နဲ့ ပြ...းတွေ လာဖမ်းသွားတာ တစ်ခါတည်း အဲဒီကတည်းကစပြီး ကိုနို့...ဘတော့ဘူးတဲ့"

ဒီအ... "နို့ မြေပုံအကြောင်းကကော၊ ကိုနန္ဒရယ်"

...လဲ "ဒီလိုကွယ့် မောင်မိုးအောင်ရဲ့၊ သူအဖမ်းခံရတဲ့ အချိန်ကလေး ...ပဲ သူ့အဝတ်အစားထည့်တဲ့ သေတ္တာအောက်ဆုံးမှာ ထားတဲ့ ...ရပိုက်စုတ် ကလေးဟာ သူ့ပစ္စည်းဝှက်ထားခဲ့တဲ့ နေရာဖြစ်တဲ့ ...ကြောင်း၊ သူဟာ ရာဇဝတ်သားအဖြစ်ကို ရောက်နေလို့ ပြန်လာချင်မှ ...နိုင်မယ့်အကြောင်း၊ ဒါကြောင့် သူ့သား ကြီးပြင်းလာတဲ့အခါ ...င်လုပ်တဲ့လူက အကျိုးအကြောင်း ပြောပြပြီး ဒီပုရပိုက်ထဲမှာပါတဲ့ ...ညွှန်းအတိုင်း လိုက်ဖို့အကြောင်း၊ တကယ်လို့ မလိုက်ဖြစ်ဘဲနေသည် ဖြ...စေ၊ ဒါမှမဟုတ် မယုံကြည်လို့ မလိုက်သည်ဖြစ်စေ၊ သူ့ရဲ့သား မ...ဦးဆုံးကို ပေးရစ်ခဲ့ဖို့အကြောင်း သူ့ဇနီးသည်ကို မှာခဲ့တာကိုး တစ် မိုးအောင်ရဲ့၊ အဲဒီကတည်းကစပြီး ဒီပုရပိုက်ကလေးဟာ နော...သား၊ သားကမြေး၊ မြေးကမြစ်၊ မြစ်ကတီ ဆိုပါတော့လေ၊ ဆိုတ...င့်က တစ်ဆင့် သားစဉ် မြေးဆက် လက်ပြောင်းပြီးလာခဲ့တာ ...ခါ...း ကျုပ်ယောက္ခမ ဦးဝဏ္ဏ လက်ကို ရောက်လာခဲ့တာပဲ၊

"...မယုံကြည်လို့ မလိုက်ကြဘူး၊ တချို့လဲ လိုက်ရဲ့ မအောင် ...ပြင် ဘ...ချို့လဲ မြေပုံအညွှန်းကို ကောင်းကောင်း နားမလည်လို့

"အဲဒီစစ်ဗိုလ်သုံးယောက် ရှမ်းစစ်ဗိုလ် ဗိုလ်ဝဏ္ဏနဲ့ မြန်မာစစ်ဗိုလ် ဗိုလ်ထင်၊ ဗိုလ်ကျော် သူတို့သုံးယောက်ပဲ။ အဲ သူတို့သုံးယောက်ဟာ ဒီပစ္စည်းတွေကို ယိုးဒယားဘုရင်ရဲ့ လျှို့ဝှက်တဲ့ ဘဏ္ဍာတော်တိုက် တစ်တိုက်ထဲက အတော်ခဲခဲယဉ်းယဉ်း တိုက်ခိုက်ပြီး ထုတ်ယူခဲ့ကြရတယ်။ ပစ္စည်းတွေကလဲ ရှေးဘုရင် လက်ထက ရှာကတည်းက နန်းတော်ထဲမှာ သိုမှီးစုဆောင်းလာခဲ့တဲ့ ကျောက်ပတ္တမြားတွေဖြစ်လို့ အတော်ပဲ အဖိုးထိုက်တန်တဲ့ လက္ခဏာရှိတယ် အဲဒီသုံးယောက်ထဲမှာ ခေါင်းဆောင်လုပ်တဲ့ ရှမ်းစစ်ဗိုလ် ဗိုလ်ဝဏ္ဏကြီး ဆိုတာက ကျုပ်ယောက္ခမဦးဝဏ္ဏရဲ့ အဆက်အနွယ်ပဲ မောင်မိုးအောင် ရဲ့။ ဒီလိုနဲ့ အဲဒီလို ရှမ်းစစ်ဗိုလ် ဗိုလ်ဝဏ္ဏရဲ့ အဆက်အနွယ်တွေဟာ ဒီ"နမ်းလိမ်ခံ"ရွာကလေးနဲ့ ဒေသတစ်ဝိုက်မှာပဲ တောင်သူလယ်သမား အလုပ်နဲ့ ကြီးပြင်းပြီး အစဉ်အဆက် နေထိုင်လာခဲ့ကြတယ်။ တချို့လဲ တောင်သူလယ်သမား၊ တချို့လဲ လက်လုပ်လက်စားအလုပ်နဲ့ပဲ ဆိုပါတော့၊ ရွှေဘိုမင်းလက်ထက်နဲ့ ပုဂံမင်းလက်ထက်တုန်းကတော့ ကျုပ်တို့ အဆက်အနွယ်ထဲက ရွှေမြို့တော်ကိုသွားပြီး စစ်ဘက်က အမှုတော်ကို ၂ယောက် ၃ယောက် ထမ်းခဲ့ကြဖူးပါတယ်။ နို့ပေမယ့် သူတို့လဲ ဒီရွာကိုပြန်ပြီး ခေါင်းချကြတာပါပဲ။ ဒါကြောင့် ကျုပ်ယောက္ခမ အမျိုးအနွယ်ဟာ စစ်ဗိုလ် စစ်သားမျိုး ဆိုပေမယ့် အများအားဖြင့်တော့ တောင်သူလယ်သမားအလုပ်နဲ့ ဒီရွာမှာပဲ အဆက်မပြတ် နေထိုင်လာခဲ့ကြတာ ကျုပ်ယောက္ခမ ဦးဝဏ္ဏ လက်ထက် တိုင်ပါရော"

"အင်း... ဒါဖြင့် ဗိုလ်ဝဏ္ဏရဲ့ အဆက်အနွယ်တွေဟာ မှာချည်း စုနေမှာပေါ့"





မျိုးဆက် စခဲ့တာပဲ မောင်မိုးအောင်ရေ့"

"ကိုဝဏ္ဏအကြောင်း ဆက်ပြောစမ်းပါဦး ကိုနန္ဒရဲ့"

"သူဟာ အဲဒီလိုရွာထဲက ရှမ်းမတစ်ယောက်နဲ့ အကြောင်းပါပြီး သားယောကျ်ားကလေး တစ်ယောက် နောက်တစ်နှစ်မှာ ရခဲ့တယ်။ ဒီအချိန် သူ့အကြောင်း ရွှေမြို့တော်ကို သတင်းပေါက်ကြားပြီး မြို့ဝန်နဲ့ စစ်သားတွေ လာဖမ်းသွားတာ တစ်ခါတည်း အဲဒီကတည်းကစပြီး ပြန်မလာတော့ဘူးတဲ့"

"နို့ မြေပုံအကြောင်းကကော ကိုနန္ဒရယ်"

"ဒီလိုကွယ့် မောင်မိုးအောင်ရဲ့၊ သူအဖမ်းခံရတဲ့ အချိန်ကလေးမှာပဲ သူ့အဝတ်အစားထည့်တဲ့ သေတ္တာအောက်ဆုံးမှာ ထားတဲ့ ပုရပိုက်စုတ် ကလေးဟာ သူ့ပစ္စည်းဝှက်ထားခဲ့တဲ့ နေရာဖြစ်တဲ့ အကြောင်း၊ သူဟာ ရာဇဝတ်သားအဖြစ်ကို ရောက်နေလို့ ပြန်လာချင်မှ လာနိုင်မယ့်အကြောင်း၊ ဒါကြောင့် သူ့သား ကြီးပြင်းလာတဲ့အခါ မိခင်လုပ်တဲ့လူက အကျိုးအကြောင်း ပြောပြပြီး ဒီပုရပိုက်ထဲမှာပါတဲ့ အညွှန်းအတိုင်း လိုက်ဖို့အကြောင်း၊ တကယ်လို့ မလိုက်ဖြစ်ဘဲနေသည် ဖြစ်စေ၊ ဒါမှမဟုတ် မယုံကြည်လို့ မလိုက်သည်ဖြစ်စေ၊ သူ့ရဲ့သား အကြီးဆုံးကို ပေးရစ်ခဲ့ဖို့အကြောင်း သူ့ဇနီးသည်ကို မှာခဲ့တာကိုး မောင်မိုးအောင်ရဲ့၊ အဲဒီကတည်းကစပြီး ဒီပုရပိုက်ကလေးဟာ အဖေကသား၊ သားကမြေး၊ မြေးကမြစ်၊ မြစ်ကတီ ဆိုပါတော့လေ၊ တစ်ဆင့်က တစ်ဆင့် သားစဉ် မြေးဆက် လက်ပြောင်းပြီးလာခဲ့တာ နောက်ဆုံး ကျုပ်ယောက္ခမ ဦးဝဏ္ဏ လက်ကို ရောက်လာခဲ့တာပဲ၊ တစ်ချို့လဲ မယုံကြည်လို့ မလိုက်ကြဘူး၊ တချို့လဲ လိုက်ရဲ့ မအောင်မြင်ဘူး၊ တချို့လဲ မြေပုံအညွှန်းကို ကောင်းကောင်း နားမလည်လို့

ရှာမတွေ့ဘဲ ပြန်ခဲ့ကြရတာ ဦးဝဏ္ဏ လက်ထက်သာ တိုင်ရောပဲ၊ ဦးဝဏ္ဏ ကိုယ်တိုင်ကလဲ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့၊ တကယ်လို့ ဒီပစ္စည်း အမှန်ရှိတောင်ပဲ အခုအချိန်ထိ နှစ်ပေါင်း ၂၀၀–ရှိနေပြီဟာ တော တောင်သဘာဝက ဖုံးလွှမ်းပြီး ရှာတွေ့တော့မယ် မဟုတ်ပါဘူးတဲ့၊ ဒါဟာ သိုက်တစ်ခုလို ဖြစ်နေပြီတဲ့၊ ဒီတော့ ဒီလိုမရေရာတဲ့ ပစ္စည်း နောက်ကို လူပင်ပန်း စိတ်ပင်ပန်း ငွေကုန်ကြေးကျခံပြီး လိုက်မယ့်အစား ရွာမှာပဲ အေးအေးဆေးဆေး လုပ်ကိုင်စားသောက် နေတာက ကောင်း ပါသေးတယ်လို့ ဒီမြေပုံကလေး ကျုပ်လက်ထဲကို ပေးတဲ့အခါတုန်းက ပြောဖူးတယ်"

"နို့ ကိုနန္ဒကကော ဘယ်လိုသဘောရသလဲ ပြောစမ်းပါဦး"

"ကျုပ်ကတော့ ကျုပ်သားကလေး အိုက်ခွန်အရွယ်ရောက်လာတဲ့ အခါ သွားစမ်းကြည့်မလားလို့ စိတ်ကူးမိတယ်၊ မောင်မိုးအောင်တို့လို အရွယ်ကောင်း သတ္တိကောင်း ခွန်အားဗလနဲ့ပြည့်စုံပြီး စွန့်စွန့်စားစား လုပ်ဖို့ ဝါသနာပါတဲ့အဖော်ကောင်းတစ်ယောက် တွေ့ရင်တော့ သွားဖြစ် ကောင်း သွားဖြစ်ပါလိမ့်မယ်"

"မြေပုံကတော့ ကိုနန္ဒလက်ထဲမှာ အခုရှိတယ်နော်"

"ရှိပါတယ် မောင်မိုးအောင် ကျုပ်ပြပါ့မယ်"

"ကဲ– ဒါဖြင့် ပြစမ်းဗျာ၊ လိုက်ဖို့မလိုက်ဖို့ ဆိုတာကတော့ နောက် တဖြည်းဖြည်းမှ ကျွန်တော်တို့ စဉ်းစားကြတာပေါ့"

Future Time Idea Group



(၅)

ကိုနန္ဒသည် နေရာမှထ၍သွားပြီးလျှင် သူ၏သေတ္တာအတွင်း အောက်ဆုံးထပ်ရှိ ကျမ်းစာအုပ်ကြီးတစ်အုပ်ကြား၌ သေချာစွာ ဖိညှပ် ထားသော ပုရပိုက်တစ်ဆူမှ မညီမညာ ဖြတ်ထားဟန်လက္ခဏာရှိသည့် ပုရပိုက်ချပ်ကလေးများကို ထုတ်ယူပြီးလျှင် သေတ္တာခပ်ပြားပြား တစ်လုံးပေါ်တွင်ချ၍ ပြလာရာ ယင်းတို့မှာ ပုရပိုက်အဖြူချပ်ကလေး ၃ချပ်ဖြစ်၍ ၎င်းတို့အား အလိုက်သင့် ဆက်စပ်ကြည့်သောအခါမှ မြေပုံကဲ့သို့ ပေါ်လာလေသည်။ ထိုမြေပုံပေါ်တွင် ဟင်္သပဒါးကဲ့သို့ နီရဲသောအရောင်ဖြင့် ရေးထားသည့် "မြေပုံ"ကို တွေ့ရှိရလေသည်။

"မြေပုံ"ဟု ဆိုသော်လည်း ယခုခေတ်မြေပုံများကဲ့သို့ အရှေ့ အနောက် တောင် မြောက်လည်းမပါ။ နေရာအကွာအဝေး မိုင်နှုန်းများ လည်း မပါဘဲ မြစ်တစ်သွယ်နှင့် မြစ်လက်တက်ကြီးနှစ်ခုသာပါရှိ ပြီးလျှင် အချို့နေရာ၌လည်း ရွာ၏အမည်ကို မဖော်ပြဘဲ "ပထမရွာ"၊ "ဒုတိယရွာ"ဟူသာ သာမန်အားဖြင့် ပါရှိ၏။ အရှေ့ဘက်ဟုထင်ရသော တစ်နေရာတွင် အစက်ခပ်ကြီးကြီးဖြင့် "အယုဒ္ဓယမြို့တော်"ဟု ပါရှိ၏။

ကိုနန္ဒ၏ပြောပြချက်အရ ထိုဆက်စပ်ထားသည့် ပုရပိုက်ဖြူ ချပ်ကလေး ၃ခုပေါ်၌ ရေးထားသည့် ဆေးနီများမှာ ထိုအရပ်ဒေသတွင် ပေါက်ရောက်သော သစ်ပင်တစ်မျိုးမှရရှိသည့် သစ်စေးနီတစ်မျိုး ဖြစ်ကြောင်း သိရ၏။

ထိုပုရပိုက်ချပ်ကလေး ၃ချပ်ကို ကျွန်တော်သည် အသေအချာ ကြည့်ရှုသောအခါ တစ်ပိုင်း၏ထိပ်တွင် "ဝ"အက္ခရာကိုလည်းကောင်း၊ အလယ်ပိုင်းအချပ်တွင် "က"အက္ခရာကိုလည်းကောင်း၊ ကျန်အချပ်တွင်

Future Time Idea Group

"ထ"အက္ခရာကိုလည်းကောင်း အမှတ်မထင် တွေ့ရှိရ၏။ ကျွန်တော်၏အယူအဆအတိုင်းဆိုသော် "ဝ"အက္ခရာမှာ ဗိုလ်ဝဏ္ဏသိမ်းဆည်းထားသည့်အပိုင်း၊ "က"အက္ခရာမှာ ဗိုလ်ကျော်သူသိမ်းဆည်းထားသည့်အပိုင်း၊ "ထ"အက္ခရာမှာ ဗိုလ်ထင်၏အပိုင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် မြေပုံကို စိမ်ပြေနပြေ ကြည့်ရှုလျက်ရှိရာ တဖြည်းဖြည်းတွင်မှ သဘောပေါက်၍လာတော့၏။ ယိုးဒယားပြည်၏ အယုဒ္ဓယမြို့တော်မှာ မြန်မာပြည်၏ အနောက်ဘက်တွင်ရှိသည့်အတိုင်း အယုဒ္ဓယမြို့တော်မှ လက်ဝဲဘက်သို့ တည့်တည့် မြားဦးပြထားသော "မဲခေါင်"မြစ်စီးဆင်းနေသည့် နေရာအထိ "အနောက်တည့်တည့်သို့ သုံးညခရီး"ဟု ရေးသားထား၏။ ထိုလမ်းကြောင်း၌ ရွာကလေးနှစ်ရွာကို ပထမရွာ ဒုတိယရွာဟု သာမန်ခန့်မှန်းပြသထားဟန် တူ၏။ ဒုတိယရွာကို ကျော်လွန်မိသောအခါ မဲခေါင်မြစ်ကို ရောက်လာ၏။ ထိုနေရာမှတစ်ဆင့် မဲခေါင်မြစ်ညာအတိုင်း တစ်ညဥ့်အိပ်ဆန်တက်သော် "လွယ်နော" တောင်သို့ ရောက်ပေမည်။ ထိုလွယ်နောတောင်နှင့် မဲခေါင်မြစ်စပ်ကြား အလယ်ဗဟိုမရှိတရှိလောက်၌ အချောင်းကလေး ၃ချောင်း ကိုတွေ့ရပြီးလျှင် ၎င်းနှင့်ကပ်လျက် မြောက်ဘက်တွင် ဆေးနီဖြင့် ထင်ထင်ရှားရှား ကြက်ခြေခတ် ခတ်၍ ပြထား၏။ ယင်းသည်ကား ဗိုလ်ဝဏ္ဏ၏ရတနာများ မြှုပ်ထားသည့် နေရာပင် ဖြစ်ပေမည်။ ယင်း ကြက်ခြေခတ်အောက်တွင် ကပ်လျက် "သစ်သုံးပင်ဂူ"ဟု ရေးထားပြန်လေသည်။ ကျွန်တော့်စိတ်ထင်အားဖြင့် ၎င်းတို့၏ရတနာများ သိုဝှက်မြှုပ်နှံထားသည့် ဂူရှေ့မနီးမဝေးတွင် ပြထားသည့် အချောင်းကလေး ၃ချောင်းမှာ ထိုဂူကို "သစ်သုံးပင်ဂူ"ဟု အမည်ပေးထားသည့်အတိုင်း ဂူနှင့် မလှမ်းမကမ်း ပေါက်ရောက်





နေသည့် အဓိကရ သစ်ပင်ကြီးများပင် ဖြစ်ရပေမည်။

ထို့နောက် ကျွန်တော်တို့သည် မြေပုံပေါ်တွင်ပါရှိသည့် အချက်အလက်များနှင့် ပတ်သက်၍ နာရီဝက်ခန့်မျှ ဆွေးနွေးတိုင်ပင်လျက်ရှိကြလေ၏။ ထို့နောက် ကျွန်တော်က–

"ဘယ်နှယ်လဲ့ကိုနန္ဒ၊ သွားမလား မသွားဘူးလားဆိုတာ အခုဆုံးဖြတ်ပေတော့ဗျာ"

"မောင်မိုးအောင် အဖော်လိုက်ရင် ကျုပ်သွားမယ်၊ နို့ပေမဲ့ ကျုပ်စဉ်းစားနေတာက မောင်မိုးအောင် လိုက်နိုင် မလိုက်နိုင်ကို စဉ်းစားနေတာပဲ၊ မောင်မိုးအောင်က လခစားတစ်ယောက် မဟုတ်လား"

"ကိစ္စမရှိပါဘူး ကိုနန္ဒ၊ ကျွန်တော့်အတွက် မပူပါနဲ့ဗျာ၊ ကျွန်တော် လက်သမားခေါင်းဆီမှာ အခွင့်ယူပြီး လိုက်နိုင်ပါတယ်"

"ကဲ ဒါဖြင့် သွားဖြစ်ပြီ မောင်မိုးအောင်ရေ့"

"သွားတာကတော့ ဟုတ်ပါပြီ ကျွန်တော်တို့မှာ လက်နက်လဲ မရှိဘူး၊ တောနက်ထဲကို ညဥ့်အိပ်ညဥ့်နေ ရက်ရှည်သွားတယ်ဆိုတာ ဘေးအန္တရာယ်များတယ်ဗျ၊ ဒီတော့ လက်နက်လိုတယ်"

ကိုနန္ဒသည် တစ်စုံတစ်ရာပြောမည်ပြုပြီးလျှင် ပြောသင့် မပြောသင့်ကို စဉ်းစားနေသည့်ဟန်ဖြင့် ကျွန်တော်၏မျက်နှာကို တစေ့တစောင်း အကဲခတ်နေသည်ကို ကျွန်တော်သတိပြုလိုက်မိ၏။

"အင်း လက်နက်ကတော့"

"ပြောစရာရှိရင် ပြောသာပြောပါ။ အခုအခြေ ရောက်လာမှ ပြောစရာရှိတာကို တစ်ယောက်နဲ့တစ်ယောက် ဘာမှထိမ်ချန်မထားဘဲ ပွင့်ပွင့်လင်းလင်း ပြောချရုံပဲရှိတယ်ကိုနန္ဒ၊ လူသတ်မှုဖြစ်ပါစေ၊ ဘာအရေးကြီးသလဲဗျာ၊ ကျုပ်တို့ဟာ ယောကျ်ားကြီးတွေမဟုတ်လား"

"ဒီလိုမောင်မိုးအောင်ရဲ့၊ တရုတ်ဖြူလက်ထက်တုန်းက တရုတ်ဖြူ စစ်သားတစ်ယောက်ကိုသတ်ပြီး လုယူထားလိုက်တဲ့ လက်နက်ပုန်းကလေးတွေ ကျုပ်မှာ နည်းနည်းရှိတယ်"

"အမယ်လေး၊ ဒါများ စဉ်းစားနေရသေးသလားဗျာ၊ ဒီလက်နက်ကို အစိုးရအပ်ရင် ခင်ဗျားဆုတောင်ရဦးမယ်၊ ဘယ်မှာလဲဗျ ကျွန်တော်ကြည့်ပါရစေ"

"ဒီကနေ့ညတော့ နည်းနည်းညဥ့်နက်ပြီ မဟုတ်လား၊ နက်ဖြန်ည ခပ်စောစောလာခဲ့လေ"

× × × × ×

နောက်တစ်နေ့ ညနေ နေဝင်ရီသရောအချိန်တွင် ကျွန်တော်သည် ကိုနန္ဒအိမ်သို့ ရောက်ရှိသွားရာ သားအဖနှစ်ယောက်တို့သည် ကျွန်တော့်အား အားရဝမ်းသာ ဆီးကြိုလျက်ရှိသည်ကို တွေ့ရလေ၏။

ညစာစားသောက်ကြပြီးနောက် ကိုနန္ဒက ကျွန်တော့်အား "ကဲလာ မောင်မိုးအောင်ကို ကျုပ်ပြရဦးမယ်"ဟု ကျွန်တော့်အား နောက်ဖေးဘက်သို့ ခေါ်သွားရာ ခြံဝင်းတစ်ခုအတွင်းသို့ ရောက်ခဲ့ကြလေ၏။ အိမ်နှင့် ကိုက်၃၀ခန့်အကွာ ချုံစပ်တစ်ခုသို့ ရောက်သောအခါ ကိုနန္ဒသည် ခေတ္တမျှရပ်ပြီးလျှင် တောင်မြောက်လေးပါးနှင့် နံဘေးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်ပြီးနောက် လူစလူနပဟူ၍ အလျှင်းမတွေ့ရသဖြင့် ကွမ်းသီးပင်များ အုပ်ဆိုင်းလျက်ရှိသော နေရာတစ်နေရာမှ နှစ်တောင်ပတ်လည်ခန့်ရှိ ပျဉ်ချပ်ကြီးတစ်ခုကို မ၍ရွှေ့လိုက်ရာ တွင်းတစ်ခုကို တွေ့မြင်ရလေ၏။ တွင်းမှာ လှေကားထစ်များနှင့် အောက်သို့ ဆင်ခြေလျှော ပြုလုပ်ထားရာကိုနန္ဒသည် ဖယောင်းတိုင်တစ်တိုင်ကို မီးညှိပြီး လျှင် အောက်သို့ဆင်းသွားသဖြင့်





ကျွန်တော်လည်း ၎င်းနောက်မှ ကပ်၍ လိုက်ပါသွားလေ၏။ နောက်မှ သိရှိရသည်မှာ တရုတ်ဖြူများ ကျူးကျော် ဝင်ရောက်ခဲ့သည့်အချိန်က ၎င်းတို့၏ ဘေးရန်ကို ကြောက်ရွံ့သဖြင့် သားအဖနှစ်ယောက်တို့ ဝင်ရောက်ပုန်းနေရန် ပုန်းကျင်းသဖွယ် ဆောက်လုပ်ထားခဲ့သည့် မြေအောက်လိုဏ်ခေါင်းကလေးတစ်ခု ဖြစ်လေသည်။

ကိုနန္ဒသည် လိုဏ်ခေါင်းအဆုံးကို ရောက်အောင်သွားပြီးနောက် လိုဏ်ခေါင်းထိပ်တစ်နေရာသို့ ရောက်သောအခါ မြေပေါ်တွင် တစ်စုံတစ်ရာကို လက်ဖြင့်စမ်းသပ်ရှာဖွေပြီးနောက် မိမိအလိုရှိသည့်အရာကို တွေ့သည့်လက္ခဏာဖြင့် သူ့ခါးတွင်ပါသည့် ရှမ်းဓါးမြှောင်ကြီးကို ချွတ်ပြီးလျှင် ထိုနေရာမှ မြေကို တူးဆွလျက်ရှိလေ၏။ ကျွန်တော်က ဖယောင်းတိုင်ဖြင့် မီးပြလျက်ရှိလေရာ ငါးမိနစ်ခန့်အကြာတွင် အလျား ၆ပေ၊ အနံ ၁ပေခန့်ရှိ သေတ္တာရှည်ကလေးတစ်လုံးပေါ်လာတော့၏။ သေတ္တာမှ သံပြားများမှာ သံချေးများ ကိုက်နေသောကြောင့် ကျွန်တော် တို့နှစ်ယောက်မှာ ချွေးများ ပြန်လာသည့်တိုင်အောင် မိနစ်နှစ်ဆယ်ခန့် ဖွင့်သောအခါမှ သေတ္တာကလေးမှာ ပွင့်သွားလေသည်။ ဖယောင်းတိုင်၏ အလင်းရောင်ဖြင့် သံသေတ္တာကလေး၏အတွင်းမှ ပစ္စည်းများကို မြင်လိုက်ရသောအခါ ကျွန်တော့်အဖို့ ဝမ်းသာလွန်းလှသောကြောင့် ထ၍ မခုန်မိအောင်ပင် မနည်းသတိထား၍ နေလိုက်ရတော့၏။

သံသေတ္တာရှည်ကလေးထဲတွင် ကျွန်တော် တွေ့လိုက်ရသောပစ္စည်းများမှာ အခြားမဟုတ်ပေ။ အမေရိကန်ပြည်လုပ် 'ဝင်ဗလီ' အမျိုးအစား အော်တိုမစ်တစ် ခြောက်လုံးပြူး သေနတ်တစ်လက်၊ အနောက်ဂျာမဏီလုပ် ၁၂ ချက်ထွက် 'မော်ဇာ' ပစ္စတို နှစ်လက်တို့ပင် ဖြစ်လေ

သည်။ ထို့ပြင် ၄–၅–၆ဝထက်မနည်းသော ယမ်းတောင့်များလည်း သေတ္တာကလေးနှင့် ပြည့်လုမတတ် ဖြစ်နေ၏။

"ဟာ . . . ကျွန်တော်တို့အတွက်တော့ ကောင်းကောင်းကြီး ဖူလုံပြီဗျို့၊ ဒီလိုလုပ်လေဗျာ ကိုနန္ဒ၊ ခင်ဗျားအိမ်ပြန်ပြီး ရေနံနည်းနည်း သွားယူချေ၊ မုန်ညင်းဆီရှိရင်လဲ နည်းနည်းယူခဲ့ဗျာ၊ အဝတ်စုတ်တွေလဲ ဆွဲခဲ့ဗျို့၊ ဆီထည့်ပြီး တိုက်ဖို့ ကျွန်တော် ဖြုတ်ထားလိုက်မယ်"

ကိုနန္ဒသည် ကျွန်တော်ပြောသည့်အတိုင်း ပစ္စည်းများကို သွားရောက် ယူငင်ရန် အပေါ်သို့ တက်သွားလေ၏။

ကျွန်တော့်မှာ စစ်မှုထမ်းခဲ့ဖူးသူ တစ်ယောက်ဖြစ်သဖြင့် သေနတ်များကို ဖြုတ်ရန်, တိုက်ချွတ်ရန်, ပြန်လည် တပ်ဆင်ရန် ကောင်းစွာ နားလည်ပြီးဖြစ်၏။ တစ်ခဏမျှကြာသောအခါ ကိုနန္ဒသည် သူ့သားအိုက်ခွန်နှင့်အတူ ရေနံဆီ တစ်ပုလင်း, မုန်ညင်းဆီ တစ်ပန်းကန် ကို ကိုင်ကာ အိုက်ခွန်က အဝတ်စုတ်များကို ပွေ့လျက် တွင်းထဲသို့ ဆင်းလာကြ၏။ ထို့နောက် ကျွန်တော်တို့လည်း အသင့်ချွတ်ထား ပြီးသော သေနတ်သုံးလက်မှ အစိတ်အပိုင်းများကို သုတ်သင် တိုက်ချွတ် လျှံက် ရှိကြရာ သေနတ်သုံးလက်တို့မှာ အသစ်ပကတိကဲ့သို့ ချောမွေ့ ပြောင်လက်လျက်ရှိလေတော့၏။

ကျွန်တော်လည်း ကျည်ဆန်များကို ရေတွက် စစ်ဆေးကြည့်သောအခါ အမျိုးတူ 'မော်ဇာ'နှစ်လက်အတွက် ယမ်းတောင့် ၃၇ တောင့်၊ 'ဝင်ဗလီ' အမျိုးအစား ၂၄တောင့်ဖြစ်၍ စုစုပေါင်း ၆၁တောင့် ဖြစ်သဖြင့် ကျွန်တော်တို့ သွားရောက်မည့် ခရီးအတွက် ကောင်းစွာ ဖူလုံလျက် ရှိနေလေပြီ။

လက်နက်အတွက်ကား ပြည့်စုံပေပြီ။ အဝတ်အထည် စားရေရိက္ခာနှင့် ဆေးဝါးပစ္စည်းများသာ လိုတော့၏။





(၆)

သို့နှင့် ကျွန်တော်လည်း လက်သမားခေါင်းထံ ၁၅ရက် ခွင့်ယူပြီးလျှင် ကုမ္ပဏီအလုပ်သမားဆေးခန်းမှ ကွီနိုင်၊ ဆာလဖိတ်၊ ပရုတ်ဆီ၊ ကာဘော်လစ်ဆီအနည်းငယ်၊ အဝတ်ပတ်တီးနှင့် ဂွမ်းစအချို့ကို လက်ထောက်ဆေးမှူးထံမှ နားလည်မှုဖြင့် တောင်းယူရရှိခဲ့၏။ စားရေရိက္ခာအတွက်မှာမူ ကျွန်တော်တို့ အလုပ်သမားစခန်း "ကင်တင်း" မှ စည်သွတ်ဘူးများကို ၁၅ရက်စာ ခန့်မှန်း၍ ဝယ်ယူခဲ့၏။ ကျွန်တော့်တွင် သားရေဂျာကင်တစ်ခု၊ "ဂျင်း"ဘောင်းဘီတစ်ထည်၊ ကာကီရှပ်အင်္ကျီတစ်ထည်ရှိသဖြင့် လုံလောက်ပေပြီ။

နောက်နှစ်ရက်ခန့်ကြာရှိသောအခါ မြေပုံပိုင်ရှင်ကိုနန္ဒ၊ ၎င်း၏သား အိုက်ခွန်နှင့် ကမ္ဘာပေါ်တွင် ဆွေမရှိ မျိုးမရှိ တစ်ယောက်တည်းရှိနေသူ ကျွန်တော် လူပေါင်းသုံးယောက်တို့သည် မိုင်းယောင်းနယ်မြေကိုကျော်ဖြတ်ကာ ယိုးဒယားနှင့် တရုတ်နယ်စပ်တွင် ရောက်၍နေကြလေပြီ။ ကျွန်တော်သည် ဂျင်းဘောင်းဘီရှည်နှင့်ဂျာကင်အင်္ကျီကို ဝတ်ထားပြီးလျှင် ရှမ်းခမောက်ကိုဆောင်းထား၏။ ခါးတွင်လည်း ကိုနန္ဒရှာပေးသော သားရေ စစ်ခါးပတ်နှင့် ရှက်ဖျင်ခြောက်လုံးပြူးအိတ်တွင် ဝင်ဗလီခြောက်လုံးပြူတစ်လက်ကိုလည်းကောင်း၊ ကျွန်တော်ပိုင် "ကွတ်ကရီး"ခေါ် ဂေါ်ရခါးဓားကောက်ကြီးကိုလည်းကောင်း လွယ်ထား၏။ ကိုနန္ဒမှာ ရှမ်းဘောင်းဘီပွကြီးနှင့် မိုင်းယောင်းဖြစ် ဂွမ်းအနွေးထည်အင်္ကျီကို ဝတ်ထား၏။ လက်ထဲတွင် ရှမ်းတူမီ သေနတ်တစ်လက်၊ ခါးတွင် ရှမ်းဓားမြှောင်တစ်ချောင်းနှင့် မော်ဇာ ပစ္စတိုတစ်လက် ရှိ၏။ သူ၏သား အိုက်ခွန်မှာလည်း

ကျွန်တော်ပေးထားသော ဂျင်းဘောင်းဘီ တစ်ပတ်ရစ်တစ်ထည်ကို ဝတ်ထားပြီးလျှင် ဂွမ်းအနွေးထည် ရုပ်အင်္ကျီတစ်ထည်ကို ဝတ်ထား၏။ ခါးတွင် တစ်ပေခန့်ရှိ ရှမ်းဓားမြှောင်တစ်ချောင်း၊ ပစ္စတိုတစ်လက် ဆွဲချိတ်ထားရာ အရွယ်နှင့်မလိုက်အောင် သန်မာထွားကျိုင်းသူ ဖြစ်သဖြင့် ၎င်း၏ ကိုယ်လုံးကိုယ်ပေါက်နှင့် အဝတ်အစားတို့မှာ လွန်စွာပင် ပနံရလျက် ကြည့်၍ကောင်းလှပေသည်။

ကျွန်တော်သည် မိမိကိုယ်နှင့်တကွ သူတို့သားအဖကိုကြည့်ကာ အတန်ငယ် ပြုံးလိုက်မိ၏။ ထိုအခါ ကိုနန္ဒက ..

"ဘာပြုံးတာလဲ မောင်မိုးအောင်ရဲ့"

"ဩော် ကျွန်တော်တို့ရဲ့ လူပုံလူပန်းတွေကြည့်ပြီး ကျွန်တော်တို့ မြို့မှာပြတဲ့ အမေရိကန်ဇာတ်ကားတွေထဲက ကောင်းဘွိုင်တွေနဲ့ တူလွန်းလို့ ပြုံးမိတာပါ"

"ကောင်းဘွိုင်ဆိုတာ ဘာလဲအစ်ကိုရဲ့"

အိုက်ခွန်သည် ချောင်းကလေးတစ်ခုကို ခုန်၍ကျော်ရင်း ကျွန်တော့်အား မေးလိုက်လေသည်။

"ကောင်းဘွိုင်ဆိုတာက အင်္ဂလိပ်စကားနဲ့ နွားကျောင်းသားကို ခေါ်တာပေါ့ကွာ၊ ဩော် ဒါထက် ခင်ဗျားတို့ ရုပ်ရှင်ကြည့်ဖူးကြသလား ကိုနန္ဒ"

"အေးကွယ့်... မင်းတို့မရောက်ခင် ကုမ္ပဏီက အလုပ်သမား တွေကို လာပြတုန်းက ကြည့်ဖူးပါတယ်၊ ဒီတစ်ခါတည်းပါ"

(အိုက်ခွန်ကတအံ့တသြဖြင့်) "တယ်လဲ ဆန်းတာပဲနော်... ပိတ်ဖြူကြီးပေါ်မှာ လူတွေရောက်နေတာ..."

"အေးကွ တို့မြန်မာပြည်မှာဆိုရင် ဒါတွေဟာ အဆန်းမဟုတ်





သေးဘူး။ ဒီထက် ဆန်းတာတွေတောင် ရှိသေးတယ်။ ဒီထက် အံ့သြစရာတွေလဲ အများကြီးပဲ အိုက်ခွန်"

ကျွန်တော်သည် ကိုနန္ဒ၏နောက်မှ တောင်ပူစာကလေး တစ်ခုကို တက်ရင်း အိုက်ခွန်အား လှမ်း၍ပြောပြလိုက်၏။

ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး စကားမပြောကြဘဲ အပေါ်သို့ ရောက်အောင်သာ တောင်ကို အားခဲတက်နေကြ၏။ မကြာမီ တောင်ထိပ်သို့ ရောက်သွား၍ အတော်ပင်မောပန်း၍ နေကြပြီဖြစ်ရာ ချွေးများဖြင့် ရွှဲရွှဲစိုလျက်ရှိကြ၏။ ခရီးကလည်း အတော်ပေါက်ခဲ့ပြီ ဖြစ်ရာ ဝမ်းတွင်းကလည်း ဆာလောင်လာကြပြီဖြစ်သဖြင့် အိုက်ခွန်၏ ကျောပိုးလွယ်အိတ်ထဲမှ စည်သွတ်အမဲဘူးတစ်ဘူးကို ဖွင့်ပြီးလျှင် "ခေါက်ညို"(ကောက်ညှင်းပေါင်း)နှင့် မြိန်ရှက်စွာ စားကြရ၏။ ကိုနန္ဒက တစ်စုံတစ်ရာမစားမီ စားဦးစားဖျားကို တောစောင့်နတ် တောင်စောင့်နတ်တို့အား တင်မြှောက်နေသည်ကို တွေ့ရသဖြင့် ကျွန်တော့်မှာ အခြားတစ်ဘက်သို့လှည့်၍ ပြုံးမိသေး၏။

ရှမ်းတောင်တန်းကြီးများကို ဖြတ်ကျော်တိုက်ခိုက်၍လာသော လေအေးကလေးများသည် အုန်းဆီနှင့်ရက်ပေါင်းများစွာ ကင်းကွာ၍ နေသော ကျွန်တော့်၏ ဆံပင်နကလေးများကို တလူလူ တိုက်ခတ် ကစားလျက် ရှိနေ၏။ ထိုအခါမှ ကျွန်တော်သည် သာယာလှပသော တောတောင်၏သဘာဝကို သတိထား၍ ကြည့်ရှုမိရာ ညို့ညို့မှိုင်းမှိုင်း ရှိနေသည့် ရှမ်းပြည်နယ်တောင်တန်းကြီးများသည် အုပ်ဆိုင်းလျက် ရှိသော သစ်ပင် ဝါးပင်တို့ဖြင့် ဖုံးအုပ်လျက်ရှိနေသည်ကို လည်းကောင်း၊ ထွားကျိုင်းသော ထင်းရှူးပင်ကြီးများ၊ ယူကလစ်ပင်ကြီးများနှင့် အခြားအမျိုးအမည်မသိရသော သစ်ပင်ကြီးငယ်တို့ကလည်း နေရာ

အနံ့အပြား ပေါက်ရောက်လျက် ကြည်လင်အေးမြသည့် စမ်းချောင်းကလေးများကလည်း ကျွန်တော်တို့ လမ်းကို ဖြတ်သနီးကာ ရှိနေကြသည်ကို လည်းကောင်း၊ တသွင်သွင်စီးဆင်းလျက် ရှိနေကြသည်ကို လည်းကောင်း၊ ကျွန်တော်တွေ့မြင်ရသောအခါ လက်ရာမြောက်လှသော အနုပညာသည် ပန်းချီကျော်တစ်ဦး၏ ရောင်စုံဆီဆေးကားတစ်ချပ်ကို ကြည့်နေရဘိသကဲ့သို့ ထင်မိတော့၏။ ကျွန်တော့်မှာ ယခင်က စစ်သားဟောင်းတစ်ယောက်၊ ထို့နောက် အလုပ်ကြမ်းသမားနှင့် လက်သမားတစ်ယောက်ဖြစ်သော်လည်း အနုပညာကို ဝါသနာထုံသူ တစ်ဦးဖြစ်သည့်အတိုင်း ထိုသဘာဝအလှများကို နှိုက်နှိုက်ချွတ်ချွတ် မြင်မိခြင်းဖြစ်ပေလိမ့်မည်။ သို့သော် ရှေ့သို့ဆက်၍ လုပ်ကိုင်ရမည့် အလုပ်များသည်ကား အနုပညာသည် တစ်ယောက်အနေဖြင့် ကြမ်း တမ်းကောင်း ကြမ်းတမ်းပေလိမ့်မည်။

အစားအစာများ စားသောက်ပြီးနောက် ကျွန်တော်တို့သည် တစ်နာရီခန့်မျှ လဲလျောင်းအနားယူကြပြီးလျှင် ရှေ့သို့ ခရီးဆက်ကြပြန်တော့၏။

× × × × ×

ကျွန်တော်တို့သည် သစ်တောကြီးများ၊ မနိမ့်မမြင့်ရှိနေသော တောင်ပူစာနှင့် တောင်နှာမောင်းများ၊ မြင့်မားသော တောင်တန်းကြီးများကို တဖြည်းဖြည်းကျော်ဖြတ်လျက် ရှိတော့၏။ တစ်ခါတစ်ရံ လတ်ဆတ်သော ဆင်ချေးပုံများကို တွေ့ရပြီးလျှင် တစ်ခါတစ်ရံလည်း ကျားဟိန်းသံတို့ကိုပင် ကြားရ၏။ ကျွန်တော်သည် ကုမ္ပဏီ လက်သမားစခန်းတွင် အေးချမ်းစွာနေထိုင်လျက် အစား ကောင်းကောင်းစားကာ တစ်နေ့လျှင် ၇/-ရသော အလုပ်ကို အပျက်ခံပြီး





လျှင် ဤမရေရာသော စွန့်စားရှာဖွေမှုနောက်သို့ လိုက်ခဲ့သည်မှာ မှားလေပြီလောဟု တစ်ခါ တစ်ရံစိတ်ကူးမိသကဲ့သို့ ပျော့ညံ့သော စိတ်ဓာတ်ကလေးများ ပေါ်လာတတ်၏။ သို့သော် ယောကျ်ားဆိုသည်မှာ မိမိကိုယ်ကျိုးအတွက်သော်လည်းကောင်း၊ လူအများ၏ ကောင်းကျိုးအတွက်သော် လည်းကောင်း၊ တိုင်းပြည်၏ ကောင်းကျိုးအတွက်သော်လည်းကောင်း စွန့်စားလုပ်ကိုင်ရမည့်အလုပ်မျိုးကို လူတိုင်းလူတိုင်း လုပ်ကိုင်အပ်သည့်ပြင်. ကျွန်တော့်အနေနှင့်လည်း မည်သည့်အတွက်မျှ ပူပင်စရာမရှိ၊ တစ်ကိုယ်တည်းသမားတစ်ယောက်ဖြစ်သည့်အတိုင်း "သေလျှင်မြေကြီး ရှင်လျှင်ရွှေထီး" ဟူသော စိတ်ဓာတ်များ ဝင်လာပြီးလျှင် မူလပျော့ညံ့သော စိတ်ကလေးကို အပြီးတိုင် ချေမှုန်းပစ်လိုက်လေသည်။ သို့နှင့် ကျွန်တော်တို့ သုံးယောက်တို့သည် ခရီးကြမ်းခြင်းနှင့် ပင်ပန်းခြင်းကို ပဓာနမထားဘဲ ရှေ့သို့ ခရီးဆက်ကြပြန်လေသည်။

သုံးရက်ကျော် လေးရက်မြောက်သောနေ့ ညနေ၄စောင်း၂နာရီကျော် အချိန်လောက်၌ ကိုနန္ဒက ညွှန်ပြသည့်အတိုင်း မှိုင်းမှိုင်းညို့ညို့ ရှိနေသည့် "လွယ်နော"တောင်ကြီးကို ကောင်းစွာမြင်ရလေ၏။ သို့နှင့် ကျွန်တော်တို့ သုံးဦးသားတို့မှာ ယခင်ကထက် ခြေလှမ်းများ သွက်ကာ ရှေ့သို့ ဆက်လက်လာကြရာ ညနေ၅နာရီခွဲခန့်တွင် လွယ်နောတောင်ခြေရှိ မဲခေါင်မြစ်ကမ်းသို့ ချောမောစွာ ရောက်ရှိလာကြတော့သည်။

အချိန်မဲ့နေပြီဖြစ်၍ ကျွန်တော်တို့လည်း မြစ်ကမ်းနှင့်မနီးမဝေး တစ်နေရာမှ ခွဆုံကြီးမားလှသော ညံ့ဖိုပင်ကြီးတစ်ပင်ကို ရွေးချယ်ပြီးလျှင် ထိုအပင်ပေါ်သို့ နွယ်ကြိုးများဖြင့် တက်ရောက် အိပ်စက်ကြရ၏။ နွယ်ကြိုးများမှာ သစ်ပင်ရင်းမှ ပင်လုံးကို ရစ်ပတ်ပြီးလျှင် ၎င်းမှ

တစ်ဆင့် သစ်ကိုင်းများပေါ်သို့ရောက်ကာ အောက်သို့ အများအပြား ကျရောက်နေကြသည်။ အိပ်ခါနီးတွင် ကျွန်တော်တို့သည် သစ်ပင်ကြီး၏ အောက်ခြေရင်းနှင့် မလှမ်းမကမ်းတွင် မီးဖိုကြီးတစ်ဖိုကိုလည်း ဖို၍ထားသဖြင့် တောကောင်များ၏ ဘေးအန္တရာယ်ကို ကြောက်ရန် မလိုတော့ပေ။ ထို့ပြင်ကျွန်တော်တို့သည် ပင်ခွဆုံသို့ရောက်အောင် နွယ်ကြိုးများကို အားပြုကိုင်ဆွဲကာ ခဲခဲယဉ်းယဉ်း တက်ခဲ့ရသဖြင့်လည်း ကျွန်တော်တို့ အိပ်စက်ရာ ခွဆုံသို့ မည်သည့်တောကောင်မျှ ရောက်လာနိုင်မည် မဟုတ်သောကြောင့် ပို၍ပင်စိတ်ချရတော့၏။

ဂုနာရီဟူသောအချိန် မြို့ကြီးပြကြီးများတွင် ဆူညံစည်ကားလျက် ရှိသောအချိန် ဖြစ်သော်လည်း ယခုကဲ့သို့ တောကြီး မျက်မည်းတွင်မူကား တစ်ခါတစ်ရံ ကျားဟိန်းသံနှင့် ချေဟောက်သံမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ကျွန်တော်သည် အောက်ခွဆုံကြီးတွင် အိပ်၍ ကိုနန္ဒတို့သားအဖမှာ ကျွန်တော့်အထက် တောင်ခန့်မြင့်သည့် လက်ဝဲဘက်သို့ ထိုးထွက်လျက်ရှိသော အခြားခွဆုံတစ်ခုတွင် အိပ်ကြ၏။ ၎င်းတို့မှာ ထိုအချိန်တွင် တရှူးရှူးဟောက်ကာ အိပ်မောကျလျက် ရှိနေကြလေပြီ။ ကျွန်တော်မှာမူ လူကပင် ကြမ်းတမ်းသော်လည်း စိတ်ကူးယဉ်သမားတစ်ယောက်ဖြစ်သောကြောင့် မန္တလေးတွင် ကျန်ရစ်ခဲ့သော ကျွန်တော်နှင့်ကျောင်းနေစဉ်ကပင် ဖြစ်ခဲ့သူ "....."အား လူငယ်တို့ဘာဝ လွမ်းဆွတ်သတိရလျက် ရှိတော့၏။

သစ်ပင်အောက်တွင် ဖိုထားခဲ့သည့် မီးပုံကြီးမှာ တဖောက်ဖောက် တောက်လောင်လျက်ရှိရာမှ တဖြည်းဖြည်း အရှိန်သေသွားခြင်းနှင့် နောက်ဆုံးငြိမ်း၍သွားလေတော့၏။ ထိုအချိန်တွင် မဲခေါင်မြစ်အတွင်းသို့ ရေသောက်ရန် ဆင်းလာကြဟန်တူသော သတ္တဝါများကို





ခပ်လှမ်းလှမ်းမှ မြင်ရလေရာ အချို့မှာ ကျား၊ အချို့မှာ ဝက်၊ အချို့မှာ သမင်ဒရယ်များ ဖြစ်လိမ့်မည်ဟု ခန့်မှန်းရ၏။ သို့သော် ထိုသတ္တဝါများ၏ ဘေးရန်ကို မည်သည့်နည်းနှင့်မျှ ကြောက်ရွံ့ရန် မရှိတော့ကြောင်း စိတ်နှလုံးကို ဒုန်းဒုန်းကြီးချထားပြီးဖြစ်သဖြင့် ကျွန်တော်လည်း မကြာမီ အိပ်ပျော်၍ သွားလေတော့၏။

ကျွန်တော်၏နားတွင် မောင်မိုးအောင် "ဟေ့ မောင်မိုးအောင်၊ ထဟေ့၊ ထထ" ဟု ကိုနန္ဒ၏အသံကို ကြားလိုက်ရပြီးလျှင် ကျွန်တော်၏လက်မောင်းကိုဆွဲ၍ လှုပ်နှိုးနေသော ကိုနန္ဒကို တွေ့လိုက်ရ၏။ ကျွန်တော်မှာ ခရီးပန်း၍လည်းလာပြန်၊ ပျံ့ပျူးသောနေရာတွင်လည်း မအိပ်ရပြန်ဖြစ်သဖြင့် တစ်ကိုယ်လုံးမှာ ရိုက်နက်ထားဘိသကဲ့သို့ နာကျင်လျက်ရှိလေ၏။

"အား... ကျွတ်ကျွတ်၊ ကိုယ်တွေ နာလိုက်တာဗျာ"

"ဟုတ်တယ် အစ်ကိုရဲ့၊ ကျွန်တော်လဲ နာတာပဲ"

အိုက်ခွန်သည် အပေါ်ခွဆုံမှ မဆင်းသေးဘဲ ကျွန်တော့်အား လှမ်း၍ ပြောလိုက်၏။ ကျွန်တော်သည် ခေါင်းမှီ၍ထားသော ကျောပိုးအိတ်ကို လွယ်ပိုးလိုက်ပြီးလျှင် လက်လှမ်းမှီတွင်ရှိနေသည့် နွယ်ကြိုးကြီးတစ်ချောင်းကို လှမ်း၍ကိုင်လိုက်၏။ ထို့နောက် "ကဲ–ကိုနန္ဒ ကျွန်တော် အရင်ဆင်းမယ်"ဟု ပြောပြောဆိုဆိုနှင့်ပင် ကျွန်တော်လည်း နွယ်ကြိုးကို ဆုပ်ကိုင်ကာ အောက်သို့ လျှောဆင်းခဲ့လေ၏။ မြေပေါ်သို့ အရောက်တွင် ကိုယ်လက်သန့်စင်ရန် မဲခေါင်မြစ်ဆီသို့ သွားမည်ဟု ဟန်ပြင်လိုက်၏။ သို့ရှိစဉ်–

"မိုးအောင် မိုးအောင် သတိထားဟေ့ သတိထား၊ နောက်မှာ နောက်မှာ" ဟု သစ်ပင်ပေါ်မှ ကိုနန္ဒ၏ အလန့်တကြား အော်လိုက်

သံကို ကြားရသဖြင့် ဖျတ်ခနဲနောက်သို့ လှည့်ကြည့်လိုက်ရာ ဝင်းဝင်းတောက်လျက်ရှိသော မျက်လုံးအစုံမှ နီဝါရောင်ဦးခေါင်းကြီးဖြင့် ဆောင့်ကြောင့် ထိုင်လျက်ရှိသော ကျားတစ်ကောင်ကို ရုတ်တရက် တွေ့မြင်လိုက်ရတော့၏။ ပထမတွင် ကျွန်တော့်မှာ မည်သို့လုပ်ရမည် မသိဘဲ ခေတ္တမျှ ကြက်သေသေလျက် ကျား၏မျက်လုံးများကို စေ့စေ့ ကြည့်၍ နေမိတော့၏။ ခါးထဲမှ ခြောက်လုံးပြူး သေနတ်ကိုလည်းကောင်း၊ လက်ယာဘက်တွင် ချိတ်၍လွယ်ထားသော ကွတ်ကရီဓားကောက်ကြီးကိုလည်းကောင်း လုံးဝသတိမရချေ။

"သတိထားဟေ့ သတိထား၊ မင်းကို အုပ်တော့မယ်"

ကိုနန္ဒသည် သစ်ပင်ပေါ်မှနေ၍ ကျွန်တော့်အား အော်ဟစ် သတိပေးလျက် ရှိလေ၏။ ကျားသည် ကျွန်တော့်အား မာန်ဖီကာ ကျွန်တော့်အား ခုန်အုပ်ရန် အလစ်ကိုစောင့်ဆိုင်းလျက်ရှိနေ၏။ ထိုင်နေရာမှ အမြီးကို တစ်ချက်ပုတ်လိုက်၏။ ကျွန်တော်သည် ထိုအချိန်တွင် လူကြီးများ ပြောဖူးသော စကားတစ်ခုကို သွား၍ သတိရလိုက်မိ၏။ ကျားသည် အမြီးသုံးခါပုတ်ပြီးမှ လူကို ခုန်၍အုပ်သည်ဟူသော စကားပင် ဖြစ်လေသည်။ ဒုတိယအကြိမ် အမြီးပုတ်ပြီးနောက် တတိယအကြိမ် ပုတ်လိုက်သည့် စက္ကန့်ပိုင်းအတွင်း၌ပင် ကျားသည် ထိုင်ရာမှ အတန်ငယ် နေရာပြင်ပြီးနောက် ကျွန်တော်ရှိရာသို့ လွှားခနဲ ခုန်လိုက်သည်ကို နောက်ဆုံး ကျွန်တော်တွေ့လိုက်ရ၏။ ကျွန်တော့်မှာ အလစ်တွင် တိုက်ခိုက်ခြင်း မခံရဘဲ သတိကြီးစွာဖြင့် စောင့်ကြည့်နေသောကြောင့် လက်ယာဘက်သို့ ခြေလှမ်း ၄ လှမ်းခန့် ဝပ်၍ လှဲချလိုက်မိ၏။

ထိုအချိန်နှင့် တစ်ပြိုင်တည်းပင် ဒိုင်းခနဲ သေနတ်သံကို ကြားရပြီးလျှင် ကိုနန္ဒ၏ တူမီးသေနတ်မှ မီးပွင့်သွားသည်ကို မြင်လိုက်ရ၏။





ထို့နောက် တစ်ချက်တည်းပင် အိုက်ခွန်၏ ပစ္စတိုသေနတ်သံများ ထွက်ပေါ်လာပြီးလျှင် ကျားသည် ကိုနန္ဒ၏ ပထမကျည်ဆန်ကပင် အချက်ကောင်းကို ထိမှန်ထားပြီ ဖြစ်သဖြင့် တစ်ချက်မျှ ခုန်ပြီးလျှင် လက်ယာဘက်သို့ စောင်းကာ ယိမ်းထိုးလျက်ရှိစဉ် အိုက်ခွန်၏ သေနတ်မှ ပစ်လိုက်သော ကျည်ဆန်များသည်လည်း ဦးခေါင်းတွင် ၂-ချက်၊ လက်ပံ့တွင် တစ်ချက်၊ ဝမ်းဗိုက်တွင် ၂-ချက်၊ ထိမှန်သွားသည်ကို နောင်အခါ တွေ့ရှိကြရလေသည်။ ကိုနန္ဒမှာ ငယ်စဉ်က မုဆိုးလုပ်ခဲ့ဖူးသဖြင့် လက်ဖြောင့်သော်လည်း အိုက်ခွန်မှာ တရုတ်ဖြူများ လက်ထက်သို့ ရောက်သောအခါမှ သေနတ်များကို ပစ်ရန် ပုန်းလျှိုးကွယ်လျှိုး သင်ခဲ့ရသူဖြစ်၏။ သို့သော် ကံကောင်းထောက်မသဖြင့် ၎င်း၏ကျည်ဆန် ၂-ဆန်မှာ ဦးခေါင်းကို မိမိကြီး ထိမှန်သွားခဲ့လေသည်။ ဤသို့နှင့် ကျွန်တော့်မှာ ကျား၏ ဘေးရန်မှ သီသီကလေး လွတ်မြောက်ခဲ့လေသည်။

ကိုနန္ဒနှင့် အိုက်ခွန်တို့သည် ကျွန်တော်ဆင်းခဲ့သော နွယ်ကြိုးမှပင် ဆင်းသက်၍ လာကြ၏။

"ကံကောင်းလို့သာပေါ့ မောင်မိုးအောင်"

"ကံကောင်းလို့ချည်းမဟုတ်ဘူး ကိုနန္ဒ၊ ခင်ဗျား့ သေနတ်က မထိရင် ကျုပ်ခေါင်းကို ဝါးပြီးသားပဲ"

ထိုအချိန်ထိ ကျွန်တော့်မှာ ကျား၏ခံတွင်းမှ သီသီကလေး လွတ်မြောက်လာခဲ့ရသဖြင့် အတော်ပင် တုန်လှုပ်ချောက်ချားလျက် ရှိနေသေး၏။ အတန်ငယ် သက်သာရာ ရသွားသောအခါမှ သုံးဦးသားတို့သည် ကျားသေရှိရာသို့ သွားရောက် ကြည့်ရှုကြရာ ကိုနန္ဒ၏ ရှမ်းတူမီးသေနတ် ကျည်ဆန်သည် ကျား၏ လက်ယာဘက် နားရွက်မှ

မျက်လုံးအထိ ထိုးဖောက်သွားသည်ကို ကောင်းစွာ တွေ့မြင်ရလေသည်။ ကျားကြီးမှာ ၆–တောင်ပြည့်ရှိ၏။ ကျွန်တော်တို့သည် ခရီးဖင့်မည်စိုးသောကြောင့် ကျားရေကိုပင် မယူနိုင်ခဲ့ကြဘဲ ထားခဲ့ရ၏။ ထို့နောက် ဘေးအန္တရာယ် ကင်းရှင်းမည် ထင်ရသော မဲခေါင်မြစ်ကမ်းခြေ တစ်နေရာတွင် ကျွန်တော်တို့သည် ပေါင်မုန့်ခြောက်များနှင့် အသားခြောက် အနည်းငယ်ကို စားကြပြီးလျှင် ရှေ့သို့ခရီးဆက်ရန် ခေတ္တမျှ အပန်းဖြေလျက် ရှိကြလေသည်။

ကျွန်တော်။ "ကဲ–ကိုနန္ဒ၊ မြေပုံကို ကျုပ်တို့ ကြည့်ကြဦးစို့ဗျာ"

ကိုနန္ဒသည် သူ၏ ကျောပိုးလွယ်အိတ်ထဲမှ ပုရပိုက်ဖြူချပ်ကလေး ၃–ချပ်ကို ထုတ်၍ ယူပြီးနောက် ကျွန်တော်တို့လည်း အလိုက်သင့် ဆက်စပ်ကာ ကြည့်ရှုလေ့လာလျက် ရှိလေ၏။

"ကြက်ခြေခတ်ပြထားတဲ့နေရာကတော့ ဂူနေရာပဲ၊ နေပါဦး၊ ဒီဂူကို 'သစ်သုံးပင်ဂူ'လို့ နာမည်ပေးထားတာကတော့ ဒီဂူပေါ်မှာဖြစ်စေ၊ ဂူရဲ့အနီး ပတ်ဝန်းကျင်မှာဖြစ်စေ၊ အဓိကရ သစ်ပင်ကြီး သုံးပင်ရှိရမယ်၊ သေသေချာချာ ကြည့်စမ်းဗျို့ ကိုနန္ဒ၊ ဂူရဲ့အနောက်တောင်ဘက် ခပ်ယွန်းယွန်း အစက်ပြောက်ကလေးတွေထဲမှာ ဟောဒီ အစက်ကလေးသုံးစက်က ထင်ရှားတယ်ဗျ၊ ဒါဟာ တခြားသစ်ပင်တွေထက် ထင်ရှားတဲ့ သစ်ပင် သုံးပင်ပဲလို့ ကျုပ်ထင်တယ်"

"ဟုတ်ပါလိမ့်မယ်ကွယ် မောင်မိုးအောင်"

အိုက်ခွန်က ကြားဖြတ်၍ "ထူးဆန်းတဲ့သစ်ပင်ဆိုတာက ဘာသစ်ပင်များပါလိမ့်အစ်ကို"

ကျွန်တော်။ "ဘာသစ်ပင်ဆိုတာ သိဖို့ မလိုပါဘူးကွယ်၊





တခြားသစ်ပင်တွေထက်ကြီးရင်လည်း ကြီးရမယ်၊ မြင့်ရင်လည်း မြင့်ရမယ်၊ အရောင်အသွေး ကွဲရင်လည်း ကွဲရမယ်၊ ဒါကို ဆိုလိုတာပေါ့ အိုက်ခွန်ရဲ့"

ကိုနန္ဒ။ "မောင်မိုးအောင် ပြောတာမှန်တာပေါ့ လူကလေးရယ်"

ကျွန်တော်။ "ကဲ–ဒါဖြင့် ဒီမြစ်ကမ်းပါးကနေပြီး မြေပုံထဲမှာပါတဲ့အတိုင်း အနောက်မြောက်ယွန်းယွန်းကို ကျွန်တော်တို့ တက်ကြရလိမ့်မယ်။ ကွယ်နောက်တောင်ခြေနဲ့ ဒီမြစ်ကြားထဲမှာ တစ်မိုင်ထက်ပိုဝေးမယ် မထင်ပါဘူး၊ ကျွန်တော်တို့ သတိထားရမှာက တောင်ခြေနဲ့နီးလာတဲ့အခါမှာ ဒီထူးထူးခြားခြား သစ်ပင်ကြီးသုံးပင်ကို ရှာဖို့ပဲ၊ အဓိပ္ပာယ်က ဒီသစ်ပင်သုံးပင်ကိုရောက်ရင် ဂူကိုရောက်မှာပဲ"

"မင်းပြောတာမှန်တယ်ဟေ့ မောင်မိုးအောင်၊ ငါလည်း ဒီလိုထင်တာပဲ၊ တောင်ခြေနဲ့ မဲခေါင်မြစ်ကြားထဲမှာရှိတဲ့ တောကို တို့များရှာဖို့ပဲ"

ကျွန်တော်တို့သည် ယခုရောက်ရှိနေသော ကမ်းခြေမှ 'အစက်(၃)စက်' ဖြင့် ကြက်ခြေခတ်ရှိရာသို့ ညွှန်ပြထားသည့် အနောက်မြောက်ခပ်ယွန်းယွန်းသို့ ဆက်လက်ထွက်ခဲ့ကြလေ၏။ သစ်တောအတွင်းချောင်းငယ်တစ်ခု၏နံဘေးသို့ ရောက်လာသောအခါ နေအတော်မြင့်နေပြီဖြစ်၍ ခရီးလည်း အတော်ပေါက်လာပြီ ဖြစ်သောကြောင့် နံနက်စာ စားသောက်ရန် စခန်းချကြလေ၏။ ကျွန်တော်တို့၏ နံနက်စာမှာ ဒရယ်သားခြောက် အနည်းငယ်နှင့် ဘီစကွတ်မုန့်နှစ်ချပ်စီ ဖြစ်လေသည်။

ထို့နောက် ခရီးဆက်ခဲ့ပြန်ရာ နေ့လယ် ၂–နာရီ ကျော်ကျော်လောက်တွင် အခြားနေရာများထက် ချုံပုတ်များ ထူထပ်သော နေရာ

တစ်ခုသို့ ရောက်လာ၍ ရွံ့အိုင်ကလေးတစ်ခုအနီးရှိ ကျောက်တုံးများပေါ်တွင်ထိုင်ကာ ခေတ္တအပန်းဖြေလျက်ရှိစဉ် ကိုနန္ဒသည် အခင်းကြီးသွားမည်ဟုပြောကာ ကျွန်တော်တို့နှင့် ဝါးတစ်ရိုက်ခန့်ဝေးသည့် ချုံပုတ်ကြီး တစ်ခုနောက်သို့ ဝင်သွားလေ၏။ ၂–မိနစ်မျှ မကြာမီ "အာ...အာ... အမယ်လေး" ဟု ကိုနန္ဒ၏ အသံကို ကြားလိုက်ရပြီးနောက် ရုတ်တရက် အသံပျောက်၍သွားသဖြင့် ကျွန်တော်လည်း တစ်စုံတစ်ရာဖြစ်လေပြီဟု– "အိုက်ခွန် လာဟေ့... ဘာဖြစ်သလဲမသိဘူး" ဟု ပြောကာ ကျွန်တော်တို့လည်း ကိုနန္ဒ၏အသံကြားရာ ချုံပုတ်နောက်သို့ လျင်မြန်စွာ ပြေးသွားကြလေ၏။ ချုံ၏နောက်တွင် တွေ့ရသော ရှုမြင်ကွင်းကား တုန်လှုပ်ချောက်ချား၍ အသဲထိတ်ဖွယ်ကောင်းလှပေ၏။ ကျွန်တော်ရော အိုက်ခွန်ပါ သေနတ်နှင့် ဓားများကို ဆုပ်ကိုင်ရင်း တစ်ခဏမျှ ကြက်သေသေလျက် ရှိနေမိ၏။ လုံးပတ်ထွာဆိုင်ခန့်ရှိ မြွေကြီးတစ်ကောင်သည် ကိုနန္ဒအား ရစ်ပတ်လျက်ရှိရာ ကိုနန္ဒကလည်း မြွေ၏ဦးခေါင်းကို လည်မျိုအထက်နားဆီမှကပ်၍ ဖျစ်ညှစ်ထား၏။ မြွေကြီးမှာ ဖြူညိုရောင်ပေါ်တွင် ညိုမှိုင်းသော အနက်ကွက်ကြီးများ ရှိနေပြီးလျှင် အလျားမှာလည်း အနည်းဆုံး ၆ တောင်ခန့်မျှ ရှိပေလိမ့်မည်။ မြွေကြီးသည် ကိုနန္ဒ၏ ကိုယ်လုံးကို ဦးခေါင်းမှ အမြီးဖျားထိ ရစ်ပတ်လျက်ရှိနေ၏။

အိုက်ခွန်မှာ သူ၏ဖခင်အတွက် ဒေါသထွက်ကာ ပစ္စတိုသေနတ်ကိုထုတ်၍ ပစ်မည်တကဲကဲ ပြုလုပ်နေသဖြင့် ကျွန်တော်က မနည်း တားဆီးထားလိုက်ရ၏။

"ဟေ့အိုက်ခွန် မလုပ်နဲ့–မလုပ်နဲ့၊ မင့်အဖေထိသွားမယ် ငါလုပ်မယ်"





ကျွန်တော်သည် ခြောက်လုံးပြူး သေနတ်ကို အိတ်ထဲသို့ ပြန်၍ထည့်လိုက်ပြီးလျှင် အနီးသို့ ချဉ်းကပ်သွားပြီးနောက် ကိုနန္ဒဆုပ်၍ထားသော နေရာအောက်မှကပ်၍ ဓားကောက်ကြီးဖြင့် လည်ပင်းကို ထုတ်ချင်းပေါက်ထားကာ အောက်သို့ တအားဖြဲချလိုက်လေ၏။ ဤသို့ဖြဲချလိုက်သည်နှင့် တစ်ပြိုင်နက် သွေးများပန်းထွက်လာပြီးလျှင် မြွေကြီး၏ ကိုယ်လုံးသည် တဆတ်ဆတ်တုန်ကာ ကိုနန္ဒအား ရစ်ပတ်ထားသည့် အခွေများသည်လည်း တဖြည်းဖြည်း လျော့ကျသွားလေ၏။ သို့သော် ကိုနန္ဒကား မြွေ၏ဦးခေါင်းကို မလွှတ်သေးချေ။

"အိုက်ခွန်– အိုက်ခွန်၊ အမြီးကနေကိုင်ပြီး အခွေတွေကို ဖြုတ်ဟေ့၊ မြန်မြန်ဖြုတ်စမ်း၊ မြဲမြဲလဲ ဆုပ်ကိုင်ထားနော်"

သို့နှင့် အိုက်ခွန်သည် သူ၏ဖခင်အား ရစ်ပတ်ထားသည့် မြွေကြီး၏ အခွေများကို အမြီးဆီမှ ကိုင်၍အလိုက်သင့် ဖြေလျက်ရှိလေ၏။ ဤသို့ မြွေကြီး၏အခွေများ အတန်ငယ်ပြေသွားသောအခါမှ ကျွန်တော်လည်း လူနှင့် လွတ်လောက်သည့်နေရာကို ခန့်မှန်းကာ မြွေ၏ ဝမ်းဗိုက်အတွင်းသို့ ကျည်ဆန်နှစ်တောင့် ပစ်ထည့်ပေးလိုက်၏။ ကိုနန္ဒမှာလည်း အခွေများ လုံးလုံးပြေသည်နှင့် တစ်ပြိုင်နက် မြေပေါ်သို့ခွေ၍ ကျသွားလေတော့၏။

ထိုအခါမှ ကျွန်တော်လည်း ကိုနန္ဒအား ဖေးမတွဲယူကာ ချုံ၏ အပြင်ဘက်သို့ ထုတ်ခဲ့ရလေသည်။

"ဘယ့်နှယ့်နေသေးသလဲ ကိုနန္ဒ၊ အရိုးများ တစ်နေရာရာမှာ ကျိုးသွားသေးသလား"

"ကျိုးမယ်မထင်ပါဘူးဗျာ၊ ဘာမှ မဖြစ်ပါဘူး၊ လှုပ်ရှားနိုင်သေး

သားပဲ၊ ကျုပ်တော့ တစ်ခါတည်း သေရောအောက်မေ့တာ မောင်မိုးအောင်ရေ့"

"ဟုတ်တာပေါ့ဗျာ၊ ကံကောင်းပေလို့ပေါ့"

ထိုအချိန်၌ အိုက်ခွန်မှာ ကိုနန္ဒ၏ ကိုယ်ပေါ်မှ ဖုန်များကို ခါပေးပြီးလျှင် သူ၏ ဖခင်အား ပြုစုယုယလျက်ရှိလေရာ ကျွန်တော်က ကျောပိုးလွယ်အိတ်ထဲတွင်ပါသည့် ကျွန်တော်ဖက်ယူလာသော ဘရန်ဒီ အရက်ပုလင်း ကလေးထဲမှ ဘရန်ဒီအနည်းငယ်ကို ကိုနန္ဒ၏ ပါးစပ်ထဲသို့ လောင်းထည့်လိုက်၏။ ထိုအခါမှ ကိုနန္ဒမှာ ယခင်ကထက် လန်းဆန်း လတ်ဆတ်လာတော့၏။

"ဘယ့်နှယ့်နေသလဲ ကိုနန္ဒ"

"ဘာမှ မဖြစ်တော့ပါဘူးဗျာ၊ တစ်ကိုယ်လုံး ရိုက်ထားသလို နာနေတာတစ်ခုပါပဲ"

မြွေကြီးမှာ အတန်ငယ် တွန့်လိမ်လှုပ်ရှားလျက် ရှိရာမှ တဖြည်းဖြည်း ငြိမ်သက်သွားလေတော့၏။ ထိုအခါ အိုက်ခွန်က သူ၏ ဖခင်အား ...

"ဘယ်လိုဖြစ်ရတာလဲ ပေါ့"

(ပေါ့ဆိုသည်မှာ ရှမ်းဘာသာဖြင့် ဖခင်ကို ဆိုလိုသည်)

"ငါလဲ အခင်းကြီးသွားပြီးလို့ နေရာက အထလိုက်မှာ ချုံနဲ့ကပ်ပေါက်နေတဲ့ သစ်ပင်ကြီးပေါ်ကနေ ငါ့လည်ပင်းကို စ,ပတ်လိုက်တာပဲဟေ့၊ ဒီနောက်တော့ မင်းတို့မြင်တဲ့အတိုင်းပဲ အသက်ရှူကျပ်သလိုဖြစ်လာပြီး မင်းတို့ကြားအောင် မ်နည်းအော်ရတယ်"

ထို့နောက် ကျွန်တော်တို့လည်း ထိုနေရာမှ ထွက်ခဲ့ကြပြီးလျှင် ခရီးဆက်ကြပြန်လေ၏။ ရှေ့သို့သွားရင်း ထူးထူးခြားခြား ရှိနေမည့်





သစ်ပင်ကြီး သုံးပင်ကို ဂရုတစိုက် ရှာဖွေကြည့်ရှုလျက်ရှိလေ၏။

တစ်နာရီခန့်မျှ ဆက်လက်သွားမိသောအခါ များစွာမမြင့်လှသော တောင်ကုန်းကလေးတစ်ခု၏ ဆင်ခြေလျှောတစ်လျှောက်သို့ တက်နေစဉ် အိုက်ခွန်က ကျွန်တော်တို့ တက်နေသော ကုန်းမြင့်ကလေး၏ လက်ယာဘက်သို့ လက်ညှိုးထိုးလျက် "ဟို ... ဟို ဟိုမှာ ပေါ့ရေ့ သစ်ပင် သ္မာစ်ပင်" ဟု အလန့်တကြားအားရဝမ်းသာ ဟစ်အော်လိုက်သဖြင့် ကျွန်တော်တို့လည်း ၎င်းညွှန်ပြရာသို့ ကြည့်လိုက်ရာ အခြားသစ်ပင်ပေါ်တွင် မိုးလျက် အခြားသစ်ပင်များထက် မြင့်သည့် သစ်ပင်ကြီး သုံးပင်ကို တွေ့မြင်ရလေ၏။ ကျွန်တော်တို့မှာ မည်မျှလောက်ဝမ်းသာသည်ကို မဖော်ပြနိုင်အောင်ပင် ရှိတော့၏။

"သစ်ပင်ကြီး သုံးပင်ကတော့ တခြားသစ်ပင်တွေထက် မြင့်ပြီး အဓိကရအပင်ကြီးတွေပဲဗျို့ ..."

"ဟုတ်မှာပဲ မောင်မိုးအောင်၊ ဒီသစ်ပင်သုံးပင်ပဲ ဖြစ်ရမယ်"

ကျွန်တော်တို့သည် အတန်ငယ် ချိုင့်ဝှမ်းသော လက်ယာဘက်သို့ဆင်း၍ သစ်ပင်ကြီးများ ပေါက်နေသည့် နေရာသို့ လာခဲ့ကြရာ ယင်းသစ်ပင်ကြီးသုံးပင်မှာ သုံးပင်စလုံးပင် ထန်းနှစ်ဖျားခန့်စီမြင့်၍ လုံးပတ်ပင်စည်မှာ အရင်းတွင် လူ၏ လက်နှစ်ဖက်ခန့်မျှ လုံးပတ်ရှိပြီးလျှင် အပေါ်သို့ တုတ်တစ်ချောင်းကို ထောင်ထားသည့်အလား တည့်တည့်မတ်မတ် ထိုးတက်လျက်ရှိနေသည်ကို တွေ့ရ၏။ သို့သော် ယင်းတို့မှာ ကျွန်းပင်မဟုတ်ဘဲ ဝါဖန့်ဖန့်အရောင်ရှိသည့် သစ်မာမျိုး တစ်မျိုးဖြစ်၏။ အမျိုးအမည်ကိုကား တောကျွမ်းသော ကိုနန္ဒပင် ခွဲခြား၍ မသိပေ၊ သစ်ပင်သုံးပင်ပေါက်နေပုံမှာ အနောက်ဘက် အကျဆုံး အပင်နှင့် အရှေ့ဘက်အကျဆုံးအပင်ကို မျဉ်းဖြောင့်ဆွဲလျှင် အလယ်ပင်မှာ

၎င်းတို့၏ အရှေ့ဘက် ဒီဂရီ ၁၄၀ ခန့်ရှိမည်ဟု ခန့်မှန်းရ၏။ အရှေ့ဘက်အကျဆုံး အပင်၏ အရှေ့ဘက်၌ကား တောင်တန်းကလေးတစ်ခု၏ မတ်စောက်သော ကျောက်ကမ်းပါးယံ တစ်ခုရှိလေသည်။ ထိုကျောက်ကမ်းပါးယံမှာ ပေ–၂၀ခန့်မြင့်၍ အရှေ့ဘက်ဆုံး သစ်ပင်နှင့် ကိုက် ၂၀ ကျော်ကျော်ခန့်မျှ ကွာဝေးလေသည်။ ထိုကျောက်ကမ်းပါးယံ၏ ရှေ့၌ကား လူတစ်ရပ်ခန့်, လက်ခုပ် တစ်ဖောင်ခန့်, တစ်ဖောင်သာသာခန့်ရှိသော ကျောက်တုံးကြီးများရှိ၍ ၎င်းတို့မှာ ကျောက်ကမ်းပါးယံနှင့် ထိလုမတတ် ရှိ၏။

ကျွန်တော်တို့သည် အခြားသစ်ပင်များနှင့် မတူသော မြင့်မားသည့် သစ်ပင်ကြီးသုံးပင့်ကိုလည်းကောင်း၊ အရှေ့ဘက် မနီးမဝေးတွင် တောင်နှင့်မြောက်တန်းလျက်ရှိသော ကျောက်တုံးများနှင့် မတ်စောက်သော ကျောက်ကမ်းပါးယံကြီးကိုလည်းကောင်း၊ ထူးဆန်းသော ရှုမြင်ကွင်းကို တအံ့တသြ ငေးမောကြည့်ရှု၍ နေမိကြ၏။ ထိုအချိန်တွင် အိုက်ခွန်၏ အသံဖြင့် "အစ်ကိုရေ လာ၊ ပေါ့ရေ လာလာ ဒီမှာ ကြည့်စမ်း" ဟု အလယ်တွင်ပေါက်နေသော သစ်ပင်ကြီး၏ ပင်စည်တွင် ဓားနှင့် ထွင်းထုထားသကဲ့သို့ အမှတ်အသားတစ်ခုကို ပြလေရာ ကျွန်တော် တို့လည်း အိုက်ခွန်ပြသည့် အမှတ်အသားကို ကြည့်ရှုလျက် ရှိကြလေ၏။ ယင်းအမှတ်အသားသည်ကား မြေကြီးမှ လူတစ်ရပ်ခန့်တွင် ဓားဖြင့်သော်လည်းကောင်း၊ ဆောက်ဖြင့်သော်လည်းကောင်း ထွင်းထုထားသည့် 'ဝ' အက္ခရာကဲ့သို့ စက်ဝိုင်းသဏ္ဌာန် အမှတ်အသားတစ်ခု ဖြစ်လေသည်။

ထို 'ဝ'အက္ခရာမှာ လုံးပတ်ထွာဆိုင်ခန့်မျှရှိ၍ နွယ်ပင်များနှင့် သစ်ရွက်ခြောက် အမှိုက်သရိုက်များကို ဖယ်ရှားကြည့်သောအခါ ပိုမို





ထင်ရှားလာလေသည်။ အိုက်ခွန်သည် အနောက်ဘက်ဆုံးအပင်ဆီသို့ ပြေး၍ ကြည့်ပြန်ရာ 'က'အက္ခရာကို လည်းကောင်း၊ အရှေ့ဘက်ဆုံး အပင်တွင် 'ခ'အက္ခရာကိုလည်းကောင်း ကျွန်တော်တို့ တွေ့ရတော့၏။ အမှတ်အသား အက္ခရာများကား အလွန်ပင် ပီသ၍ ထင်ရှားလှပေ၏။ ထိုအခါ ကိုနန္ဒက–

"ဟုတ်တယ် မောင်မိုးအောင်၊ ကျုပ်တို့ ပုရပိုက်ထဲမှာပါတဲ့ အညွှန်းအတိုင်း အက္ခရာတွေဟာ ကိုက်နေတာပဲ"

"ဟုတ်တာပေါ့ ကိုနန္ဒရယ်၊ 'ဝ'အက္ခရာက ကိုဝဏ္ဏ၊ 'က' အက္ခရာက ဗိုလ်ကျော်သူ၊ 'ထ' အက္ခရာက ဗိုလ်ထင်၊ သူတို့ သုံးယောက်ပေါ့။ သူတို့ ဒီအက္ခရာကို ထွင်းထုထားတဲ့ အချိန်ကပဲ ဒီသစ်ပင်ကြီးတွေဟာ အတော်ကြီးနေပြီထင်တယ်။ အလောင်းမင်းတရားကြီးလက်ထက်ကစပြီး အခုအချိန်အထိဆိုရင် နှစ်ပေါင်း နှစ်ရာကျော်နေလေတော့ သစ်ပင်ကြီးတွေရဲ့ အသက်ဟာ အနည်းဆုံး နှစ်ပေါင်း ၂၅၀–၃၀၀ ရှိရမယ်"

"ဟုတ်တာပေါ့ မောင်မိုးအောင်"

"ပြီးတော့ ဒီသစ်သုံးပင် ဂူကြီးဆိုတာလဲ အရှေ့ဘက်က တောင်တန်းတစ်နေရာရာမှာ ရှိရမယ်။ နို့ပေမဲ့ အခုတော့ ဂူဆိုလို့ အစအနတောင် မတွေ့ရသေးဘူး"

အချိန်မှာ အတော်ပင် မှောင်းပြီဖြစ်၍ ကျွန်တော်တို့လည်း အရှေ့ဘက်တွင် စီတန်းလျက် ရှိနေသော ကျောက်တုံးကြီးများကြားတွင် တစ်နေရာ၌ သင့်လျော်မည်ထင်သော နေရာတစ်ခု ရွေးချယ်ပြီးလျှင် ထိုည၌အဖို့ စခန်းချရန် ပြင်ဆင်ကြလေ၏။

× × × × ×

နောက်တစ်နေ့ နံနက်၌ ကျွန်တော်တို့သည် နောက်ခံတောင်တန်းကြီးပေါ်မှ ကျောက်ကမ်းပါးယံရှိသော တောင်တနိုးကို ကွေ့ပတ်ကာ စီးဆင်းနေသည့် ချောင်းကလေးဆီသို့ သွားရောက်ကာ နံနက်စာကို မြိန်ရှက်စွာ စားသောက်ကြပြီးနောက် သစ်ပင်ကြီးသုံးပင်ရှိရာသို့ ပြန်လာခဲ့ကြပြီးလျှင် ကျောက်တုံးကြီးများပေါ်သို့ တက်ကာ 'သစ်သုံးပင် ရတနာဂူကြီး'ကို ရှာဖွေလျက်ရှိကြလေသည်။ သို့သော် မည်သည့်ဂူကိုမျှ မတွေ့ရချေ။ ကျောက်ကမ်းပါးရှေ့တွင် စီတန်းလျက်ရှိသော ကျောက်တုံးပေါ်သို့တက်၍ တစ်တုံးမှ တစ်တုံးသို့ ကူးပြောင်းရှာဖွေကြသော်လည်း မတွေ့ရဘဲ ဖြစ်လေ၏။ ကိုနန္ဒနှင့် အိုက်ခွန်တို့မှာလည်း ချွေးများ တပြိုက်ပြိုက်ကျနေပြီးလျှင် သစ်ပင်ရိပ်တစ်ခုအောက်သို့ သွား၍ထိုင်ကာ စိတ်ပျက်အားလျော့သည့်ဟန် ရှိနေကြကုန်၏။

ကျွန်တော်သည် သူတို့သားအဖနှစ်ယောက်ဆီသို့ လိုက်သွားပြီးလျှင် ကျောပိုးအိတ်နှင့် လက်နက်များကို မြေပေါ်သို့ ပစ်ချလိုက်ပြီးနောက်–

"ခက်တော့ ခက်တယ်ဗျာ၊ မြေပုံထဲမှာပါတဲ့ အချောင်းကလေး ၃–ချောင်းနဲ့ ဒီသစ်ပင်ကြီးသုံးပင်နဲ့တော့ ကိုက်နေတာပဲ၊ ကြက်ခြေခတ်ပြထားတဲ့ နေရာက အရှေ့ဆုံးသစ်ပင်ရဲ့ အရှေ့ဘက်မှာ ကပ်နေလေတော့ ဒီတောင်တန်းမှာပဲ မုချရှိရမယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမဲ့ ကျောက်ကမ်းပါးယံကြီးရှေ့မှာ ကျောက်တုံးကြီးတွေက ကျောက်ဆောင်လိုစီတန်းနေလေတော့ ကမ်းပါးယံကို ရှာရင် အဲဒီကျောက်တုံးကြီးတွေပေါ် ကုပ်ကုပ်ကပ်ကပ်တက်ပြီး ရှာရမှာပဲ။ အခုလဲ ကျုပ်တို့ တောင်ဘက်ပိုင်းကိုတော့ ကိုက်တစ်ရာလောက်ရှာပြီးပြီး၊ မတွေ့ဘူး။





ဒီတော့ ညနေချမ်းမှာ မြောက်ဘက်ပိုင်းကို ဆက်ပြီး ရှာရုံပဲ။ ပေးစမ်းပါဦးဗျာ ခင်ဗျာ့မြေပုံ"

ကိုနန္ဒသည် ကျောပိုးအိတ်အတွင်းမှ ပုရပိုက်ချုပ် အပြတ်ကလေး ၃–ခုကို ထုတ်ပေးသဖြင့် ကျွန်တော်လည်း ၎င်းတို့အား သူ့နေရာနှင့်သူ နေသားတကျ ဆက်စပ်ပြီးလျှင် မြေပုံကို အသေအချာ လေ့လာကြည့်ရှုလျက်ရှိလေ၏။ အတန်ကြာလတ်သော် အနောက်ဘက်ဆုံးသစ်ပင်၏ အနောက်ဘက် တစ်လက်မခန့်အကွာတွင် စက်ဝိုင်းကလေးတစ်ခုကို အမှတ်မထင် တွေ့လိုက်ရ၏။ စက်ဝိုင်း၏ အရှေ့ဘက်ခြမ်းတွင် နာရီလက်တံကလေးကဲ့သို့ စက်ဝိုင်းဖြင့်ကပ်လျက် အရှေ့ဘက်သို့ ညွှန်ပြလျက်ရှိသည့် အချောင်းကလေးများကို တွေ့လိုက်ရ၏။

ရှာတွင် မြေပုံကို ပထမကြည့်စဉ်က ၎င်းမှာ တောင်ထိပ်ကလေးတစ်ခုပေလောဟု အမှတ်မထင်နေခဲ့မိရာ ယခုစဉ်းစားလိုက်သောအခါမှ ၎င်းမှာ နေ၏ပုံ ဖြစ်ကောင်း ဖြစ်မည်လောဟု ကျွန်တော်၏စိတ်တွင် အလင်းရောင်တစ်ခု ဝင်လာ၏။ စက်ဝိုင်းကလေးမှာ 'နေ' ဖြစ်၍ လက်တံကလေး ၃–ချောင်းမှာ အနောက်ဘက်မှ အရှေ့သို့ ထိုး၍နေသော ရောင်ခြည်တန်းကလေးများ၏ ပုံသဏ္ဌာန်ပင် ဖြစ်ပေလိမ့်မည်။ သို့နှင့် ကျွန်တော်က...

"ဒီမှာကြည့်စမ်း ကိုနန္ဒ ... ဒါဘာလဲဗျ"

ကျွန်တော်သည် စက်ဝိုင်းကလေးနှင့် လက်ယာဘက်သို့ ထွက်နေသည့် လက်တံကလေး ၃–ချောင်းကို လက်ထောက်၍ ပြလိုက်၏။ သို့သော် သားအဖနှစ်ယောက်တို့မှာ သဘောပေါက်ဟန် လက္ခဏာမရှိပေ။

"ဒီလို ကိုနန္ဒရဲ့ ...၊ ဒီစက်ဝိုင်းကလေးကို လက်ယာဘက်က အတံကလေး ၃–ချောင်း တပ်ထားတာက နေရောင်ဟာ အနောက်ဘက် ကနေပြီး အရှေ့ဘက်ကို ထိုးနေတဲ့ သဘောပြတာနဲ့တူတယ် ...၊ ဒီတော့ ကျွန်တော့်အထင်ပြောရမယ်ဆိုရင် ဒီလက်တံ ၃–ချောင်းနဲ့ စက်ဝိုင်းဟာ နေပဲ ဖြစ်ရမယ် ... ပြီးတော့ ဒီဟာလဲ အနောက်ဘက်မှာ ရှိနေတယ်ဆိုတော့ နေဟာ အနောက်ဖက်ကို စောင်းသွားတဲ့အခါ နေရောင်ဟာ သစ်ပင်ကြီးသုံးပင်ကို အရိပ်ထိုးတဲ့အကြောင်း ပြထားတဲ့ လက္ခဏာပဲ၊ ဒါကြောင့် နေအကျမှာ ဒီသစ်ပင်ကြီးသုံးပင်ရဲ့ အရိပ်ဟာ ဘယ်နေရာကျသလဲဆိုတာ ကျွန်တော်တို့ ကြည့်ရလိမ့်မယ် ...၊ သစ်ပင်သုံးပင်ရဲ့ အရိပ်တစ်ထပ်တည်းကျနေတဲ့ နေရာဟာတော့ ဒီဂူကြီးသော် လည်းကောင်း၊ ဂူကြီးကိုပြတဲ့ လမ်းပေါက်သော်လည်းကောင်း ဖြစ်ရမယ်လို့ ကျွန်တော်ထင်တယ်"

"ကျုပ်တို့တော့ ကောင်းကောင်းနားမလည်ပါဘူး မောင်မိုးအောင်ရယ်၊ မောင်မိုးအောင်တို့က ခေတ်ပညာတတ် မြို့သားဆိုတော့ ကျုပ်တို့ ထက်ပိုပြီး သဘောပေါက်မှာပေါ့...၊ မောင်မိုးအောင်ပဲ ဉာဏ်ထုတ်ပါတော့"

ကျွန်တော်ထင်သည့်အတိုင်းလည်း ဖြစ်နိုင်လောက်ပေ၏။ အဘယ်ကြောင့်ဆိုသော် အနောက်ဘက်သို့ နေစောင်းသည့် အချိန်များတွင် သစ်ပင်ကြီး ၃–ပင်ပေါက်ရောက်နေပုံ အနေအထားကို ကြည့်ရှု ခန့်မှန်းခြင်းအားဖြင့် နေစောင်းသည့် အချိန်တစ်ချိန်တွင် အရိပ်ချင်း ထပ်၍ သွားနိုင်လောက်သည်ဟု ကျွန်တော်ထင်မိ၏။ အချိန်မှာ ၃–နာရီသာသာရှိနေပြီဖြစ်၍ နေသည် အနောက်ဘက်သို့ တဖြည်းဖြည်း ကျဆင်းလျက် ရှိနေလေပြီ။ ကျွန်တော်သည် ထိုအကြောင်းကို ကိုနန္ဒ

Future Time Idea Group



သားအဖတို့အား ပြောပြလျက်ရှိ၏။ သစ်ပင်ကြီးသုံးပင်မှာ အရှေ့နှင့် အနောက်တန်း၍ နေပြီးလျှင် အလယ်ပင် တစ်ပင်သာ မြောက်ဘက်သို့ ခပ်ယွန်းယွန်းရှိနေသဖြင့် ၄ နာရီခွဲ ၅နာရီခန့် နေကျချိန်တွင် ကျွန်တော် ထင်သည့်အတိုင်း ၎င်းတို့၏အရိပ်များ တစ်ထပ်တည်း ကျနိုင် ပေသည်။ သို့နှင့် ကျွန်တော်တို့သည် နေအကျကိုသာ စောင့်ကြည့်ရန် ရှိတော့၏။

"အင်း... မောင်မိုးအောင်က သတ္တိတွင် မဟုတ်ဘူး၊ ဉာဏ်လည်း အင်မတန်ကောင်းတယ်ဟေ့"

ကျွန်တော်တို့သည် အနောက်ဘက်ဆုံး သစ်ပင်နှင့် မနီးမဝေးရှိ ချုံပုတ်တစ်ခု၏ အရိပ်တွင်ထိုင်ကာ နေအကျကို စောင့်ဆိုင်းလျက် ရှိလေ၏။ ၄–နာရီထိုးလျှင် ပထမသစ်ပင်၏ အရိပ်သည် ဒုတိယ သစ်ပင်ရိပ်နှင့် ရောစပ်ကာရှိနေပြီးနောက် ၁၅–မိနစ်ခန့် အကြာတွင်၊ နှစ်ပင်စလုံး၏အရိပ်သည် အရှေ့ဘက်ဆုံးဖြစ်သော တတိယသစ်ပင် ခြေရင်းသို့ ကျရောက်လာပြီးနောက် ထိုအပင်ရိပ်နှင့် တပေါင်းတည်း ရောစပ်ကာ တောင်ခြေဆီသို့ အရိပ်ရှည်ကြီးတစ်ခု ထိုးထွက်လျက် ရှိလေ၏။ သို့နှင့် ကျွန်တော်လည်း ထိုအရိပ်ရှည်ကြီး ထိုးထွက်ရာ အရိပ်၏ အစွန်ဆုံးနေရာသို့ တစ်ခါတည်း ပြေးသွားလေ၏။ ကျွန်တော် ပြေးသွားသည်ကို မြင်သဖြင့် အိုက်ခွန်လည်း ပြေးလိုက်လေရာ ၎င်း၏နောက်မှ ကိုနန္ဒလည်း လိုက်ပါလာလေသည်။

ကျွန်တော်သည် ကျောက်တုံးကြီးတစ်တုံးပေါ်သို့ တက်၍ နေစဉ် အိုက်ခွန်သည် အခြားကျောက်တုံးတစ်တုံးပေါ်သို့ လှမ်း၍ ကူးလိုက်ရာ "အား အစ်ကို အစ်ကို လုပ်ပါအုံး" ဟု ပြောပြောဆိုဆို နှင့်ပင် သူတက်နေသော ကျောက်တုံးရှေ့ရှိ တွင်းကြီး တစ်တွင်းထဲသို့

Future Time Idea Group

ကျသွားသည်ကို မြင်လိုက်ရ၏။ အိုက်ခွန်တက်သွားသော ကျောက်တုံးမှာ ကျွန်တော်တက်နေသည့် ကျောက်တုံးရှေ့ တစ်တုံးကျော်တွင်ရှိသဖြင့် အိုက်ခွန်သည် ကျွန်တော့်ရှေ့မှဖြတ်တွက်ကာ ရှေ့ကျောက်တုံးသို့ ခုန်၍ကူးလိုက်စဉ် အမှတ်တမဲ့ ကျသွားခြင်း ဖြစ်လေသည်။

ထိုအချိန်တွင် ကိုနန္ဒရောက်လာပြီဖြစ်၍ ကျွန်တော်တို့လည်း ဒုတိယကျောက်တုံးသို့ ခုန်၍ကူးလိုက်ပြီးလျှင် အခြားဘက်သို့ ငုံ့ကြည့်လိုက်ရာ အိုက်ခွန်ကျသွားသော တွင်းမှာ ကျွန်တော်တို့ဘက်တွင် လှေကားထစ်များသဖွယ် ဖြစ်နေသည့် ကျောက်ထပ်များကို တွေ့ရ၏။ သို့နှင့် ကျွန်တော်တို့လည်း ထိုကျောက်လှေကားထစ်များမှ အောက်သို့ ဆင်းခဲ့ကြရာ အိုက်ခွန်မှာ ကံကောင်းထောက်မသဖြင့် အနည်းငယ်ပွန်းပဲ့သော ဒဏ်ရာမှတစ်ပါး တစ်စုံတစ်ရာ ကျိုးပဲ့ခြင်း မရှိသဖြင့် တော်ပေသေး၏ဟု အောက်မေ့ရ၏။ အိုက်ခွန်မှာ အတန်ငယ်မူးနေသည်ဆိုသဖြင့် ကျွန်တော်လည်း ၎င်းအား ရှူဆေးတစ်ခု ပေးပြီးလျှင် ကိုနန္ဒကလည်း သူ၏ ရှမ်းခမောက်ကြီးဖြင့် ယပ်ခတ်ပေးလျက်ရှိနေလေသည်။

၁၀ မိနစ်ခန့်ကြာသောအခါ အိုက်ခွန်မှာ သက်သာရာ ရလာပြီဖြစ်သဖြင့် ကျွန်တော်တို့လည်း ယခင်လှေကားထပ်များအတိုင်း ဒုတိယကျောက်တုံးပေါ်သို့ ပြန်၍တက်မည်ပြုစဉ် ကျွန်တော်သည် တစ်စုံတစ်ခုကို စဉ်းစားမိပြန်၏။ သို့နှင့် ကျွန်တော်သည် ကိုနန္ဒ သားအဖတို့အား ဤနေရာတွင် ခေတ္တအပန်းဖြေ၍ နေရစ်ခဲ့ရန် ပြောခဲ့ပြီးလျှင် လှေကားကဲ့သို့ ဖြစ်နေသည့် ကျောက်ထစ်များအတိုင်း ဒုတိယကျောက်တုံးပေါ်သို့ ပြန်၍တက်ခဲ့လေ၏။ ထိုအချိန်၌ နေမှာ အတော်ကျနေပြီ ဖြစ်သော်လည်း သစ်ပင်ကြီးများမှ အရှေ့ဘက်သို့ ထိုးထွက်





နေသည့် တစ်ခုတည်းသော အရိပ်ကြီးမှာ ကျောက်နံရံကို ကျော်တက်မသွားဘဲ အိုက်ခွန်ကျသွားသည့် တွင်းကြီးအဝတွင် တန့်လျက် ရှိနေသည်ကို တွေ့ရသဖြင့် ကျွန်(တော)် တွေးထင်သည့်အတိုင်း မှန်ချေပြီဟု ထ၍ခုန်မိလုမတတ် ဝမ်းမြောက်မိတော့၏။ သို့သော် သစ်ပင်ရိပ်ဖျားကျသောနေရာမှာ အိုက်ခွန်ကျသွားသောနေရာ၏ မြောက်ဘက် ၁၀ တောင်ခန့် ကွာသော နေရာတွင်ဖြစ်သဖြင့် ထိုနေရာမှာ ဂူကြီး၏ အပေါက်ဝတွင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ထိုနေရာသို့ ရောက်ရန်မှာ အလယ်တွင် ခြားနေသည့် ကျောက်တုံးကြီး နှစ်တုံးကို ကျော်၍သွားမှသာ ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် ထိုသစ်ပင်ရိပ်ကျသည့် နေရာကို အတိအကျ ရှာဖွေရပေတော့မည်။ ဤအကြောင်းကို ကျွန်တော်လည်း သားအဖ နှစ်ယောက်တို့အား ပြောပြရာ ၎င်းတို့လည်း ကျွန်တော်ပြောသည်ကို သဘောပေါက်၍ လာကြပြီးလျှင် ဤအတိုင်း ပြုလုပ်ရန် သဘောတူညီကြလေ၏။ သို့နှင့် ကျွန်တော်တို့လည်း လှေကားထစ်များအတိုင်း အပေါ်သို့ ပြန်၍တက်ခဲ့ကြပြီးလျှင် ပထမ ကျောက်တုံးဘက်သို့ ပြန်၍ကူးခဲ့ကြလေ၏။

သစ်ပင်ရိပ်၏ အဖျားကျရောက်ရာ ကျောက်တုံးကို ကျွန်တော်က ညွှန်ပြလျက်ရှိရာ အိုက်ခွန်က ...

"အဲဒီကျောက်တုံးပေါ်ကို တက်ဖို့မလွယ်ဘူး အစ်ကို ကျွန်တော်တို့ အခုရပ်နေတဲ့နေရာက သွားဖို့ဟာလဲ အလယ်ကျောက်တုံး နှစ်တုံးက ထိပ်မှာ ချွန်ပြီးနေတော့ ဟိုဘက်ကျောက်တုံးကို ရောက်အောင် မသွားနိုင်ဘူး။ အစ်ကိုပြောတဲ့ ကျောက်တုံးကို အပြင်ကနေပြီး တက်ဖို့ဟာကလဲ တောင်ကလပ်လို ဖြစ်နေတယ်။ တက်လို့ရမှာ မဟုတ်ဘူး"

"အေး...မင်းပြောတာဟုတ်တယ်၊ နို့ပေမဲ့ သစ်ပင်ရိပ်ဖျား

ကျတာက အဲဒီကျောက်တုံးပေါ်မှာ ဖြစ်နေတော့ ဒီကျောက်တုံးရဲ့ နောက်ဘက်ကို မရောက် ရောက်အောင် တို့သွားရလိမ့်မယ် အိုက်ခွန်၊ ဒီကျောက်တုံးရဲ့နောက်မှာ ဂူပေါက်ပဲဖြစ်ဖြစ်၊ ဂူထဲကို ရောက်အောင် သွားနိုင်တဲ့ လမ်းစဖြစ်ဖြစ် တို့တွေ့ရမယ်"

ထို့နောက် ကျွန်တော်တို့လည်း သစ်ပင်ရိပ်ကျရောက်သည့် ကျောက်တုံးပေါ်သို့ ရောက်ရန် အမျိုးမျိုး စဉ်းစားလျက်ရှိကြလေ၏။ နောက်ဆုံးတွင် ကိုနန္ဒက...

"ဒီမယ် မောင်မိုးအောင်၊ မင်းပြောတဲ့ကျောက်တုံးကြီးရဲ့ နောက်မှာ အိုက်ခွန်ကျသွားတဲ့တွင်းကြီးများ ဖြစ်ချင်ဖြစ်နေမှာပဲကွယ့်၊ ဒီကတောင် ခပ်ရေးရေးမြင့်ရတယ်၊ ကြည့်ပါလား"

"ဟုတ်တယ် ကိုနန္ဒ၊ ကျွန်တော်လဲ ဒီအတိုင်းထင်တာပဲ"

"ဒီတော့ အိုက်ခွန်ကျတဲ့ တွင်းထဲက မြောက်ဘက်ကို ပေါက်တဲ့ လမ်း ရှိချင်ရှိမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်တုံးကြီးတွေဟာ ကျောက်နံရံကြီးနဲ့ ကပ်မနေဘူး၊ နည်းနည်းကွာနေတယ် မဟုတ်လား မောင်မိုးအောင်ရဲ့၊ ပြီးတော့ အိုက်ခွန်ကျသွားတဲ့ တွင်းကြီးကိုလည်း တောင်ဘက် မြောက်ဘက်ကို သေသေချာချာ မကြည့်ရသေးဘူး။ မြောက်ဘက်မှာ အပေါက်ရှိမယ် ဆိုရင်တော့ အဲဒီကျောက်တုံးကြီး တွေကြားက ကျုပ်တို့ သွားချင် သွားနိုင်လိမ့်မယ်"

"ကိုနန္ဒပြောတာ ဟုတ်လိမ့်မယ်ဗျို့၊ ကဲ-ဒါဖြင့် ကျုပ်တို့ စမ်းကြည့်ကြစို့လားဗျာ"

သို့နှင့် ကျွန်တော်တို့လည်း အိုက်ခွန်ပထမ ကျသွားသည့်တွင်း ထဲသို့ လှေကားထစ်များကဲ့သို့ ဖြစ်နေသည့် ကျောက်ထပ်များမှ ပြန်၍ဆင်းခဲ့ကြပြန်လေ၏။ အောက်သို့ ရောက်သောအခါ ကျွန်တော်





လည်း ကျောပိုးလွယ်အိတ်ထဲမှ လိုရ မယ်ရ ယူခဲ့ရသည့် ဖယောင်းတိုင် ကလေး ၂-တိုင်အနက် တစ်တိုင်ကိုထွန်းညှိပြီးလျှင် တွင်းကြီး၏ မြောက်ဘက် နှုတ်ခမ်းကို ဖယောင်းတိုင်၏ အလင်းရောင်ဖြင့် စုံစမ်း ရှာဖွေလျက်ရှိလေ၏။ ကျောက်တုံးကြီးမှာ ကျောက်ကမ်းပါးယံကြီးနှင့် ထိလုမတတ်ရှိနေသဖြင့် အပေါက်ဟူ၍ တစ်စုံတစ်ရာ မတွေ့ရ သော်လည်း လူ၏လက်ခုပ်တစ်ဖောင်ခန့် မြင့်သောနေရာတွင် ကျောက် တုံးကြီးနှင့် ကျောက်နံရံတို့အကြားတွင် တစ်တောင်ခန့်ကွာ၍နေပြီးလျှင် လူတစ်ယောက်ဝင်နိုင်သည်ဆိုရုံမျှ အပေါက်တစ်ပေါက် ဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့လည်း အတော်ပင် ဝမ်းမြောက်မိကြ၏။

သို့နှင့် ကျွန်တော်လည်း ကျောပိုးလွယ်အိတ်ကို အိုက်ခွန်အား ပေးခဲ့ပြီးလျှင် ကျောက်စွန်းတစ်ခုကို ဆွဲကိုင်အားပြု၍ တက်သွားရာ အပေါက်ဆီသို့ ရောက်သွားလေ၏။ ထို့နောက် အပေါက်ကို ငုံ့၍ ဝင်ပြီးလျှင် ရှေ့သို့ လေးဘက်ထောက်၍သွားရာ လေးပေခန့် သွားသောအခါ အပေါက်ဆုံးသဖြင့် အောက်သို့ ခုန်ချလိုက်သည်တွင် အခြားဘက်သို့ ချောမောစွာ ရောက်သွားလေ၏။ ကျွန်တော့် နောက်မှ ကိုနန္ဒ လိုက်လာပြီးလျှင် သူ၏ လွယ်အိတ်နှင့်သေနတ်ကို လှမ်းပေး သဖြင့် ကျွန်တော်က ဆီးယူရ၏။ သူ၏နောက်မှတစ်ဖန် အိုက်ခွန် လိုက်လာပြန်ရာ သူ၏ ကျောပိုးအိတ်ကို ပထမပစ်ချလိုက် ပြီးနောက် အောက်သို့ ခုန်ဆင်းလိုက်လေသည်။ အခြားဘက်၌ကား တွင်းကြီးမှာ မြောက်ဘက်သို့ တိုးလျှိုပေါက် ပေါက်နေသည်ကို မြင်ရသဖြင့် ကျွန်တော်တို့လည်း အလွန်အားတက်လာကြပြီးလျှင် သစ်ပင် ထိပ်ဖျား ၏ အရိပ်ကျရောက်သော ကျောက်တုံး၏နောက်သို့ အလွယ်တကူ ရောက်သွားကြလေသည်။

ထိုနေရာ၌ကား ကျောက်တုံးကြီးနှင့် ကမ်းပါးယံမှာ ခန့်မှန်းခြေအားဖြင့် ပေ ၃၀၀၀ ခန့်မျှ ကျယ်ပြီးလျှင် ကျောက်ကမ်းပါးယံမှာ မိုးအခါတွင် အပေါ်မှ မိုးရေများ စီးကျသည့် လက္ခဏာဖြင့် ရေညှိပင်နှင့် ကျောက်ပန်းပင်များ အတော်အတန် ထူထပ်စွာ ပေါက်ရောက်လျက်ရှိနေ၏။ မူလမြေပုံအရအားဖြင့် လည်းကောင်း၊ သစ်ပင်သုံးပင်၏ တစ်ထပ်တည်းသော အရိပ်ကျရောက်သည့် ကျောက်တုံးနောက်ဘက် တည့်တည့်ဖြစ်သဖြင့် လည်းကောင်း သစ်သုံးပင်ဂူဆိုသည်မှာ ဤနေရာ တစ်ဝိုက်၌ပင် ရှိရပေမည်။ သို့နှင့် ကျွန်တော်၏ ထင်မြင်ချက်ကို ကိုနန္ဒအား ပြောပြသောအခါ ကိုနန္ဒကလည်း ကျွန်တော်၏ ထင်မြင် ယူဆချက်ကို သဘောတူလေသည်။

သို့နှင့် ကျွန်တော်တို့လည်း သစ်ပင်ရိပ်ဖျားကျသည့် ကျောက်တုံး၏ နောက်တည့်တည့် ဖျာနှစ်ချပ် သုံးချပ်စာမျှ အဝန်းအဝိုင်းရှိသော နေရာကို ခန့်မှန်းပြီးလျှင် ကျောက်ကမ်းပါးယံ၌ ရှာဖွေလျက်ရှိကြလေ၏။

"မြေပုံအတိုင်းဆိုရင် ဒီရှေ့က ကျောက်တုံးပေါ်မှာ သစ်ပင် သုံးပင်ရဲ့ အရိပ်ဖျား နောက်ဆုံးကျတဲ့အတွက် ဒီဂူဟာ ကျောက်တုံးရဲ့ နောက်နားမှာ မုချရှိရမယ် ကိုနန္ဒ"

"မောင်မိုးအောင်ပြောတာ ကျုပ်သဘောကျပါတယ်၊ နို့ပေမဲ့ ကျောက်ကမ်းပါးယံပေါ်မှာ အပေါ်က ရေကျလို့ ရေညှိတွေရော ကျောက် ပန်းပင်တွေရော ပေါက်နေတယ် မောင်မိုးအောင်ရဲ့၊ ဒီတော့ အပေါ်ယံ မြေသားတွေကို ဓားမြှောင်နဲ့ခြစ်ပြီး ကျောက်ပန်းပင်တွေ ကော်ထုတ် ကြစို့လား..."

"ကဲ- ဒါဖြင့်လုပ် ဒီနေရာတစ်ဝိုက်မှာ မုချရှိမှာပဲ၊ ကဲ-အိုက်ခွန်





လာဟေ့၊ မင်းက အလယ်က ကျောက်ပန်းပင်တွေကို ဓားမြှောင်နဲ့ ထိုးချ၊ တို့နှစ်ယောက်က ဟိုဘက်ဘေးနဲ့ ဒီဘက်ဘေးနားမှာ ရှာမယ်"

သို့နှင့် ကျွန်တော်တို့ သုံးဦးသားတို့သည် မညီညာသော ကျောက် ကမ်းပါးယံ၌ အချို့နေရာတွင် အပြင်သို့ ငေါထွက်လျက် အချို့နေရာ၌မူ အတွင်းသို့ချိုင့်ဝင်လျက် ရှိနေသော ကျောက်ပန်းပင် အုပ်ကြီးများနှင့် ရေညှိများကို ဓားမြှောင်များဖြင့် ဖြတ်တောက် ဖော်ထုတ်လျက် ရှိကြလေ၏။ ၁၅-မိနစ် မိနစ်-၂၀ခန့် ကြာလတ်သော် အိုက်ခွန်သည် ကျွန်တော်ဘက်သို့ လှည့်၍ "အစ်ကိုရေ အပေါက် အပေါက်" ဟု အလန့်တကြား ဟစ်အော်လိုက်သဖြင့် ကျွန်တော်နှင့် ကိုနန္ဒလည်း အပြေးအလွှား သွားရောက်ကြည့်ရှုကြရာ အိုက်ခွန်သည် ဓားမြှောင်ဦးဖြင့် တဖြည်းဖြည်း ကော်၍နေရာမှ ကျောက်ပန်းပင်ကြီး တစ်ပင်၏ အမြစ်ကို မရအရ ဆွဲနုတ်ရာတွင် ဥသျှစ်သီးခန့်ရှိ ကျောက်ခဲကြီးတစ်လုံးအောက်မှ ကပ်၍ ပါလာလေသည်။ ထိုအခါ ကျောက်တုံးနေရာတွင် အပေါက်ငယ်တစ်ခု ဟင်းလင်းဖြစ်၍ ကျန်ရစ် ခဲ့သောကြောင့် အိုက်ခွန်က အားရဝမ်းသာ အလန့်တကြား အော်လိုက် ခြင်းဖြစ်လေသည်။ ကျောက်တုံး၏နေရာ၌ ကျန်ရစ်ခဲ့သော အပေါက် မှာ လူတစ်ရပ်သာသာခန့်တွင်ရှိ၍ အတွင်းသို့ကြည့်လျှင် မည်းမှောင် နေသဖြင့် တစ်စုံတစ်ရာ မမြင်ရ သော်လည်း အတွင်းမှ လေများ တိုက်ခတ်လာသည်ကို ထောက်ခြင်းအားဖြင့် အတွင်းတွင် ဟာလာ ဟင်းလင်းဖြစ်နေသည့်အရာ၊ သို့မဟုတ် "ဂူ" တစ်ခု ရှိရမည်ဟု ကျွန်တော်ခန့်မှန်းမိ၏။

"ဟုတ်ပြီဗျို့ ကိုနန္ဒ အထဲမှာဂူပဲဗျ၊ ခင်ဗျားလက်နဲ့ ခံကြည့်စမ်း၊ အတွင်းဘက်က လေနည်းနည်းတိုးလာတာကို တွေ့လိမ့်မယ်"

"ဟုတ်တယ် မောင်မိုးအောင်၊ ဒီနံရံထဲမှာ အခေါင်းတစ်ခုရှိရမယ်"

"ရှိရုံတွင် ဘယ်ကမလဲ၊ ဟိုတခြားဘက်ကိုတောင် တိုးလျှိုပေါက် ပေါက်နေရမယ်၊ ဒါကြောင့် ဟိုဘက်ကလေဟာ ဒီဘက်ကို အပေါက်ထဲက ဖြတ်ထိုးထွက်တာပေါ့"

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်သားများ အသုံးပြုသည့် ပေါက်တူးလည်းဖြစ်၊ ဂေါ်ပြားလည်းဖြစ်သော အရှည်တစ်တောင်ခန့်ရှိ 'ပေါက်တူးဂေါ်'တစ်လက်ကို လိုရမယ်ရ ကျွန်တော်ယူခဲ့မိသဖြင့် ထိုနေရာတွင် များစွာအသုံးဝင်တော့၏။ အိုက်ခွန်သည် ပထမထွက်သွားသော ကျောက်တုံးနှင့်ကပ်လျက်ရှိသော အခြားကျောက်တုံးတစ်ခုကို ဓားမြှောင်ဦးဖြင့် ကော်ထုတ်လျက်ရှိလေရာ ကိုနန္ဒကလည်း အိုက်ခွန်၏ လက်ဝဲဘက် တစ်တောင်ခန့်မျှ ဝေးသောနေရာမှ အခြားကျောက်တုံးတစ်တုံးကို သူ၏ ရှမ်းဓားရှည်ကြီးဖြင့် ကော်ထုတ်လျက်ရှိပြန်၏။ ထိုအခါ ကျွန်တော်က သူတို့၏အလယ်ကြားမှ ကျောက်တုံးနှစ်တုံးကို ကျွန်တော်၏ ပေါက်တူးဂေါ်ဖြင့် တစ်ချက်တည်းကော်၍ ထုတ်နိုင်ခဲ့လေသည်။ ဤသို့ဖြင့် ကျောက်တုံး ၅တုံးခန့် အလျားလိုက် ကော်ထုတ်မိသောအခါ ထိုအပေါက်၏ အောက်တစ်မိုက်ခန့် ဝေးသောနေရာတွင် အလျားတစ်တောင် အနံနှစ်တောင်ခန့်ရှိ အဆက်အစပ်မရှိသော ကျောက်ပြားတစ်ချပ်ကို တွေ့ရလေရာ ၎င်းမှာ ကျွန်တော်တို့မူလက ခန့်မှန်းထားခဲ့သည့်အတိုင်း ဂူကြီးကို အံကျပိတ်ထားသည့် ကျောက်ဖျာ သို့မဟုတ် တံခါးပေါက်ပင် ဖြစ်လေသည်။ သို့နှင့် ကိုနန္ဒက အောက်ခြေမှလည်းကောင်း၊ အိုက်ခွန်နှင့် ကျွန်တော်တို့က နံဘေး တစ်ဘက်တစ်ချက်မှလည်းကောင်း အံကိုက်၍နေသော





ကျောက်တုံးများကို တစ်ဖြည်းဖြည်း ကော်ထုတ်လေရာ ကျွန်တော်တို့သုံးယောက်စလုံး၏ အင်အားဖြင့် ၁၅ မိနစ်ခန့် ကြာလတ်သော် ကျောက်ဖျာချပ်ကို အပြင်သို့ တစ်ခါတည်း ထုတ်ယူနိုင်ခဲ့လေသည်။

ဤကဲ့သို့ ဟင်းလင်းပွင့်သွားသောအခါ အတွင်းမှ ရေညှိနံ့နှင့် ဟောင်စော်စော်အနံ့များသည် ကျွန်တော်တို့၏ နှာခေါင်းများဆီသို့ ဒလဟောတိုးဝင်လာလေသည်။ ဂူ၏အတွင်းမှာ အလွန်မှောင်၍နေပြီးလျှင် ကျွန်တော်တို့ကလည်း အလင်းဘက်မှ ကြည့်နေသဖြင့် မည်သည့်အရာကိုမျှ မမြင်ရဘဲ ပိန်းပိတ်အောင် မှောင်လျက်ရှိနေ၏။ ထိုအခါမှ ကျွန်တော်လည်း ကျောပိုးလွယ်အိတ်ထဲတွင် အိမ်မှ အကြွင်းအကျန် ဖယောင်းတိုင် တစ်တိုင်နှင့် တစ်ဝက်ကို အမှတ်မထင် လိုလိုမယ်မယ် ထည့်ယူလာခဲ့သည့်အကြောင်းကို သတိရမိ၏။

သို့နှင့် ကျွန်တော်လည်း ဖယောင်းတိုင်အရှည်ကို မီးညှိ၍ ကိုနန္ဒအားပေးပြီးလျှင် ကျွန်တော်က ယမ်းထိုးပြီး ခြောက်လုံးပြူးတစ်လက်နှင့် လက်နှိပ်ဓာတ်မီးကို တစ်ဘက်တစ်ချက်စီကိုင်ကာ ရှေ့ဆုံးမှ လည်းကောင်း၊ ကိုနန္ဒက မီးထွန်းပြီး ဖယောင်းတိုင်ကို မြှောက်ကာ အလယ်မှလည်းကောင်း၊ အိုက်ခွန်က ဓားရှည်နှင့် သေနတ်ကို တစ်ဘက်တစ်ချက်စီကိုင်ကာ နောက်ဆုံးမှလည်းကောင်း ဂူထဲသို့ဝင်ကြလေ၏။ ၄-၅လှမ်းမျှ သွားမိသောအခါ လက်ဝဲ၊ လက်ယာရှိ ဂူနံရံများနှင့် အမိုးကိုပါ အတော်အတန် မြင်ရပြီဖြစ်၍ ဂူ၏အကျယ်အဝန်းကို ခန့်မှန်းနိုင်ပေပြီ။ အနံအားဖြင့် ၁၀ တောင်ခန့်မျှ ကျယ်ပြီးလျှင် အမိုးမှာ အရပ်အမြင့်ဆုံးသော ကိုနန္ဒ၏ လက်ခုပ်တစ်ဖောင်ခန့်တွင် ရှိနေသဖြင့် ၉-ပေ၊ ၁၀-ပေခန့်မျှ ရှိပေလိမ့်မည်။ ရှေ့သို့သွားမည့်အလျားကိုမူ ကျွန်တော်တို့ မခန့်မှန်းနိုင်သေးပေ။

ဤကဲ့သို့ ဂူ၏အတွင်းသို့ ၄–၅လှမ်းမျှ ရောက်၍ ဂူ၏ အနေအထားနှင့် အကျယ်အဝန်းကို အကဲခတ်လျက်ရှိစဉ် ကျွန်တော်တို့ ရှေ့ ဝါးတစ်ရိုက်ခန့်အကွာမှ ဝုန်းခနဲ အသံတစ်သံကို ကြားလိုက်ပြီးလျှင် လင်းနို့တစ်အုပ်သည် ကျွန်တော်တို့၏ ရှေ့ဘက်သို့ လည်းကောင်း၊ ကျွန်တော်တို့ဝင်လာခဲ့သည့် နောက်ဘက်သို့လည်းကောင်း ပျံသွားသည်ကို တွေ့လိုက်ရ၏။ နောက်ဘက်သို့ ပျံလာသည့် လင်းနို့အုပ်မှာ ကျွန်တော့်စိတ်ထင် ၄–၅ကောင်မျှသာဖြစ်သော်လည်း လေအဟုန်မှာ အတော်ပြင်းသဖြင့် ကိုနန္ဒလက်ထဲမှ ဖယောင်းတိုင်လည်း ငြိမ်းသွားလေသည်။ ဤမျှသာမက လင်းနို့တစ်ကောင်လည်း ကျွန်တော်၏မျက်နှာကို တိုက်ခတ်သွားပြီးလျှင် ဒုတိယတစ်ကောင်သည် ကိုနန္ဒ၏လက်တွင်းမှ ဖယောင်းတိုင်ကို မီးငြိမ်း၍ အောက်သို့ လွတ်ကျသွားစေ၏။ သို့နှင့် ကျွန်တော်က လက်နှိပ်ဓာတ်မီးနှင့် ထိုးပြပြီးလျှင် ဖယောင်းတိုင်ကို ရှာဖွေစေရ၏။

"ကဲ–ကိုနန္ဒ မြန်မြန်မီးထွန်းဗျာ၊ ရော့ မီးခြစ်၊ ချွေချွေတာတာလဲ သုံး၊ မီးခြစ်က တစ်ဝက်လောက်ပဲ ကျန်တော့တယ်"

မီးထွန်းပြီးနောက် ကျွန်တော်တို့လည်း ရှေ့သို့ တဖြည်းဖြည်း ဆက်၍သွားကြ၏။ သို့ရှိစဉ် ပော်ငစော်စော် ညှီစို့စို့အနံ့များ ယခင်ကထက် ပို၍ နံစော်လာပြီးလျှင် ဂူ၏အတွင်းပိုင်းမှာလည်း ယခင်ကထက် နက်ရှိုင်းမည်းမှောင်၍ လာတော့၏။ ဝါးတစ်ရိုက်ခန့် ရှေ့သို့ ဆက်လက်သွားမိသောအခါ ဂူသည် လက်ယာဘက်သို့ အတန်ငယ် ချိုးသွားသဖြင့် ကျွန်တော်တို့လည်း ၎င်းအတိုင်း ဆက်လက် လိုက်ပါသွားရာ ထောင့်တစ်နေရာသို့ ရောက်သောအခါ ကျွန်တော်တို့ မျက်နှာမူရာဘက်မှ တစ်ခါတစ်ခါတွင် လေကလေးများ အနည်းငယ် ဝင်လာ





သည်ကို တွေ့ရသဖြင့် အခြားဘက်တွင် အပြင်နှင့်ဆက်နေသည့် အပေါက်တစ်ခုခု ရှိရမည်ဟု ခန့်မှန်းမိရာ ကျွန်တော်ထင်သည့်အတိုင်း လည်း နောင်အခါတွင် တွေ့ရှိရလေသည်။

အထက်ကဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့သည် လက်ယာဘက်သို့ သွားသည့်လမ်းသို့ လိုက်ခဲ့ရာ ထိုလမ်းမှာ ပေ ၂၀–ခန့်မျှရှိ၍ ၎င်းလမ်း၏အဆုံး ကျောက်နံရံမှာ အပြင်ကျောက်များကဲ့သို့ ညီညုပ်ပုပ် မနေဘဲ ခပ်ဖြူဖြူရှိပြီးလျှင် ကျောက်သားမှာလည်း အပြင်ကျောက်များထက် ချောမွတ်သည်ကို တွေ့ရ၏။ ကိုနန္ဒကိုင်ထားသော ဖယောင်းတိုင်မီးရောင်မှာ မှောင်မိုက်သော နေရာ၌ အတော်ပင် လင်းချင်းလျက်ရှိသော်လည်း ကျွန်တော်က အားမရနိုင်သေးသဖြင့် နံရံသုံးဘက်ကို လက်နှိပ်ဓာတ်မီးဖြင့် အထက်အောက် ထိုးကြည့်လျက် ရှိလေသည်။ သို့ကြည့်ရှုလျက်ရှိစဉ် ကျွန်တော်၏ လက်ယာဘက်ကျသော အလယ်ကျောက်နံရံတွင် လူတစ်ရပ်ခန့်မြင့်သော နေရာ၌ ခပ်နီနီတစ်ခုကို တွေ့မြင်ရသဖြင့် ကျွန်တော်လည်း သွားရောက်ကြည့်ရှုရာ အနီရောင်ဆေးဖြင့် ရေးထားသည့် ကြက်ခြေခတ်တစ်ခုကို ထူးဆန်းစွာ တွေ့ရှိရလေ၏။ ထိုကြက်ခြေခတ်၏ အလျားလိုက် အစင်းအကြောင်းမှာ တစ်စုံတစ်ရာ ထူးထူးခြားခြား မရှိသော်လည်း ထောင်လိုက်ရှိနေသည့်အစင်းမှာ အဖျား၌ မြားဦးသဏ္ဌာန်ရှိပြီးလျှင် အောက်သို့ တည့်တည့်ကြီး မြားဦးလှည့်နေသည်ကို တွေ့ရ၏။ ကြက်ခြေခတ် ရေးသားထားသည့် အနီရောင် အမှတ်အသားမှာလည်း ကျွန်တော်တို့၏ မူလပုရပိုက်တွင် ရေးထားသည့် ဆေးရောင်နှင့် ထပ်တူထပ်မျှ တူညီလျက်ရှိနေလေသည်။ ကိုနန္ဒသည် ကျွန်တော်၏အနီးသို့ ချဉ်းကပ်လာ၏။

"ဟုတ်ပြီဗျို့ ကိုနန္ဒ၊ ကျုပ်တို့လိုက်ရှာနေတဲ့နေရာဟာ ဒီဟာပဲ၊ ဆေးရောင်ကလည်း ပုရပိုက်ထဲက ဆေးရောင်နဲ့ တထေရာတည်းဗျ။ မြားဦးက အောက်ကိုလှည့်နေတယ်ဆိုတော့ မြားဦးကျတဲ့နေရာမှာ ဒီရတနာတွေရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ကဲ ဖယောင်းတိုင်ကလဲ တစ်ဝက်ကျလာပြီဗျ။ ကျုပ်တို့ မြန်မြန်တူးကြမှ ဖြစ်မယ်"

ဂူ၏ ကြမ်းပျဉ်မှာ ကျောက်သားများပင် ဖြစ်သည်ဟု ဆိုရသော်လည်း အပြင်မှ ကျောက်တုံးကြီးများကဲ့သို့မဟုတ်ဘဲ ကျောက်စရစ်သာသာမျှ အခဲကလေးများသည် သဲမျက်ဆံကြောင်များနှင့် ရောစပ်လျက်ရှိနေသဖြင့် တူးဖော်ရာတွင် မခဲယဉ်းလှပေ။ ကျွန်တော်တို့ သုံးဦးသားတို့သည် ယခင်ကဖော်ပြခဲ့သည့် ဓား၊ ပေါက်တူး၊ ဂေါ်ပြားတို့ဖြင့် အားသွန်ခွန်စိုက် တူးကြလေရာ နှစ်တောင်ခန့်နက်၍ ဖယောင်းတိုင်ကုန်လုနီးပါးအချိန်တွင် မာကျောသော အရာဝတ္ထုတစ်ခုကို တွေ့ရသည်နှင့် သတိထားပြီးလျှင် ဘေးပတ်လည်မှဝိုင်း၍ သတိကြီးစွာဖြင့် တူးဖော်သောအခါ တစ်ပေပတ်လည်ခန့်ရှိ သေတ္တာကလေးတစ်လုံးကို ရရှိလေ၏။ သေတ္တာကလေးမှာ အပေါ်၌ မြေကြီးနှင့်ရွှံ့စေးများ ကပ်၍နေပြီးလျှင် အောက်ခံအအေးဓာတ်ကြောင့် အတန်ငယ်စိုထိုင်းလျက် ရှိနေသော်လည်း ဓားဖြင့်ခြစ်၍ ကြည့်သောအခါ ဖြူဖွေးဝင်းအိသော ငွေရောင်များ ပေါ်လာရုံမျှမက သေတ္တာအဖုံးတွင် ထုထွင်းထားသည့် ရုပ်လုံးဖော်ပန်းနွယ် ပန်းခက်များကိုပင် တွေ့မြင်ရလေသည်။ ကျွန်တော်တို့ ၂-ယောက်သားသည် ငွေသေတ္တာကလေးကို လက်နှစ်ဘက်ဖြင့် အားပါးတရ ဆုပ်ကိုင်၍ထားမိကြ၏။

"ကဲ- ကိုနန္ဒ... ဒါပဲဗျို့၊ ဒါပဲ။ ကျုပ်တို့ အပင်ပန်းခံပြီး သက်စွန့်ဆံဖျား လိုက်လာရတာ ဒီဟာကြောင့်ပဲ မဟုတ်လား"





"ဟုတ်တာပေါ့ မောင်မိုးအောင်။ သေတ္တာကလေးကလည်း အတော်လေးတာထောက်တော့ ဒီအထဲမှာပါတဲ့ ရတနာတွေဟာ နည်းမယ် မဟုတ်ဘူး။ ကျုပ်တို့တော့ ချမ်းသာပြီ မောင်မိုးအောင်။ ဒီတစ်သက်မှာတော့ မဆင်းရဲနိုင်တော့ဘူး။ အောင်ပြီ၊ အောင်ပြီ"

အတွင်းမှ ရတနာများကိုပင် မမြင်ရသေးသော်လည်း သေတ္တာကလေးကို မြင်ရုံမျှနှင့်ပင် ကျွန်တော်တို့ သုံးဦးသားတို့မှာ ဝမ်းသာလုံးဆို့၍ သွားလေရာ ကိုနန္ဒသည် ကျွန်တော်၏ ပခုံးတစ်ဘက်ကို ဖက်လျက် လည်းကောင်း၊ ကျွန်တော်ကလည်း ကိုနန္ဒ၏ခါးကို ဖက်လျက်လည်းကောင်း အလွန်ရွှင်လန်းပျော်မြူးသော အမူအရာများဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ရှု၍မဝနိုင်အောင် ရှိနေတော့ရာ အိုက်ခွန်ကမူ ဓားကြီးကို မြှောက်၍ သိုင်းကွက်နင်းကာ က,ခုန်လျက် ရှိနေတော့၏။ သေတ္တာကို ဆုပ်ကိုင်ထားသည့် ကျွန်တော်တို့လက်များမှာ တဆတ်ဆတ်တုန်၍ နေပြီးလျှင် ကျွန်တော်၏ စိတ်ထဲ၌လည်း အလွန်ပေါ့ပါး၍ တစ်ကိုယ်လုံး လှုပ်ရှားလိုသောစိတ်များလည်း ပေါ်ပေါက်၍ လာတော့၏။ ကိုနန္ဒ၏ မျက်နှာမှာလည်း သာမန် နှစ်သိမ့်အားရခြင်းထက် လွန်ကဲ၍ လှုပ်လှုပ်ရှားရှား ပြုလုပ်လိုဟန် အမူအရာများကိုပါ တွေ့မြင်ရလေသည်။ သို့ဖြစ်၍ ပစ္စည်းဉစ္စာ အမြောက်အမြားရရှိသောအခါ လူများသည် စိတ်၏ လှုပ်ရှားမှုသာမက ထိုလှုပ်ရှားသော စိတ်၏တွန်းအားကြောင့် ကိုယ်လက်ပါ လှုပ်ရှားတတ်ကြသည်ဆိုခြင်းကို ကျွန်တော်ယုံကြည်မိ၏။ အမှန်သော် ကျွန်တော်၏ စိတ်ထဲတွင်ထ၍ ခုန်ပေါက်လိုသောစိတ်များပင် ပေါ်ပေါက်လေရာ ကိုနန္ဒမှာလည်း ကျွန်တော်ကဲ့သို့ပင် ရှိနေပေလိမ့်မည်။ ထို့ကြောင့်လည်း ငယ်ရွယ်သူ အိုက်ခွန်မှာ သူ၏စိတ်ကို မချုပ်တီးနိုင်ဘဲ သိုင်း

ကွက်နင်း၍ က,ခုန် နေခြင်းဖြစ်လေသည်။

ထို့နောက် ကျွန်တော်တို့လည်း အိုက်ခွန်က ရှေ့မှလမ်းပြလျက် သေတ္တာကလေးကို ကိုနန္ဒကထမ်းပြီးလျှင် ကျွန်တော်က နောက်ဆုံးမှ စောင့်ကြပ်ကာ ဂူအပြင်သို့ လျင်မြန်နိုင်သမျှ လျင်မြန်စွာ ထွက်ခဲ့ကြလေ၏။ လှေကားထစ်များမှတက်၍ ပထမကျောက်တုံးပေါ်သို့ ရောက်ပြီးနောက် အပြင်မှ တိုက်ခတ်လျက်ရှိသော လေပြည်လေညင်းကလေးကို ခံစားရသောအခါ ကျွန်တော်၏စိတ်မှာ ကမ္ဘာသစ်တစ်ခုထဲသို့ပင် ရောက်ရှိလာသကဲ့သို့ ထင်မိတော့၏။

အချိန်မှာ အလင်းရောင်အနည်းငယ်မျှ ကျန်ရှိသေးသဖြင့် ကျွန်တော်တို့လည်း ယခင်ကအိပ်ခဲ့သော မဲခေါင်မြစ်ကမ်းခြေအနီးရှိ ညံဖိုပင်ကြီးဆီသို့ ပြန်ခဲ့ကြ၏။ ကျားသေကောင်ကြီးမှာ အတော်ပင် ပုပ်ဟောင်နံစော်လျက်ရှိနေပြီဖြစ်ရာ ကျွန်တော်တို့လည်း သစ်ပင်ကြီးပေါ်သို့ နွယ်ကြိုးများမှတစ်ဆင့် တက်ခဲ့ကြ၏။ သစ်ပင်ခွဆုံသို့ ရောက်ရှိသောအခါ သေတ္တာကလေးကိုဖွင့်ရန် အားထုတ်လျက်ရှိကြရာ သေတ္တာမှ သော့အိမ်နှင့်ချိတ်များ, ခလုတ်များကို ဖွင့်မရသည့်အဆုံး၌ နောက်ဆုံးတွင် အိုက်ခွန်၏ အသွားရှစ်လက်မခန့်ရှိ ရှမ်းဓားမြှောင်ဖြင့် ငွေသေတ္တာကလေး၏ အဖုံးပတ်လည်မှ ပျော့ကြောင်းတစ်နေရာကို လက်လေးသစ်ခန့်ဝင်အောင် ထိုးစိုက်လိုက်ပြီးလျှင် ဘေးပတ်လည်တစ်လျှောက် တဖြည်းဖြည်း လှီးလေတော့၏။ ငါးမိနစ်ခန့်အကြာတွင် အဖုံးပတ်လည်ကို လှီးမိပြီဖြစ်၍ သေတ္တာကလေးလည်း ပွင့်သွားလေသည်။

ထို့နောက် ကျွန်တော်လည်း ကိုနန္ဒ၏ ရှမ်းခမောက်အပြားကြီးကို အောက်မှခံစေပြီးလျှင် သေတ္တာကလေးအတွင်းမှ ပစ္စည်းများကို





သွန်ချလိုက်ရာ အဖြူ၊ အနီ၊ အပြာ၊ အဝါ ရတနာကျောက်မျက်မျိုးစုံတို့သည် လည်းကောင်း၊ ရွှေဖြင့်ကွပ်ထားသည့် လက်စွပ် လက်ဝတ်၊ ပုတီး၊ နားတောင်းတို့သည်လည်းကောင်း၊ အလွန်လှပဖြူဖွေးသည့် ပုလဲသွယ် ပုလဲကုံးများသည်လည်းကောင်း၊ ထို့ပြင် ကျွန်တော်မဖော်ပြနိုင်သည့် အခြားပစ္စည်းရတနာများသည် လည်းကောင်း၊ အိုက်ခွန်၏ ဖယောင်းတိုင် မီးရောင်တွင် တပြောင်ပြောင် တောက်ပလျက်ရှိလေ၏။ ရတနာများမှာ ကျွန်တော်၏ မှန်းခြေအရ ကာလတန်ဖိုးအားဖြင့် ၄-၅-၆သိန်းထက် နည်းမည်မထင်ပေ။ ကျွန်တော်၏လက်များမှာ ယခင်ကထက် တုန်၍နေပြီးလျှင် ကိုနန္ဒသားအဖမှာလည်း ကျွန်တော်၏ မျက်နှာကိုတစ်လှည့်၊ ကျောက်သံပတ္တမြားများကို တစ်လှည့်ကြည့်ကာ ပါးစပ်အဟောင်းသားနှင့် ဖြစ်နေကြလေသည်။ နောက်ဆုံးတွင် ကိုနန္ဒက...

"ကျုပ်တစ်သက်မှာ ဒီလောက်များတဲ့ အဖိုးတန်ပစ္စည်းတွေ ဒီတစ်ခါပဲ မြင်ဖူးတယ် မောင်မိုးအောင်၊ ကျုပ်တော့ ဒီတစ်သက်မှာ မဆင်းရဲတော့ဘူး၊ ပျော်ပျော်ကြီး နေနိုင်ပြီ"

"ဟုတ်တာပေါ့ဗျာ၊ ကဲ-ဒီပစ္စည်းတွေ ခင်ဗျားလွယ်အိတ်ထဲမှာ လုံလုံခြုံခြုံထည့်စမ်းပါ၊ တစ်ခုမှ မကျစေနဲ့၊ မကျန်ရစ်စေနဲ့"

သို့နှင့် ကိုနန္ဒလည်း သူ၏ခေါင်းမှ တဘက်ကြီးကို အောက်မှခင်းပြီးလျှင် ခမောက်ထဲမှ ပစ္စည်းများအားလုံးကို သူ၏ကျောပိုးလွယ်အိတ်ကြီးထဲသို့ သေချာစွာ ထည့်ပြီးနောက် သိမ်းဆည်း ထားလိုက်လေတော့၏။

ထိုည၌ ကျွန်တော်တို့လည်း သစ်ပင်ခွဆုံပေါ်တွင် ဖြစ်သလို အိပ်စက်ကြရလေရာ ကျွန်တော့်မှာ အိပ်မက်ထဲတွင် သူဌေး

တစ်ယောက်ဖြစ်၍ ကိုယ်ပိုင်ကားကလေးတစ်စီးဖြင့် ရန်ကုန်မြို့ရှိ ဟိုတယ်များသို့ ရောက်သွားပြီးလျှင် စားကောင်းသောက်ဖွယ်များကို စားသောက်ရခြင်း၊ ကျွန်တော်၏အနီးမှလည်း မန္တလေးတွင် ပညာသင်လျက်ရှိနေခဲ့သည့် ကျွန်တော်၏ချစ်သူ အမျိုးသမီးကလေးက ဝတ်ကောင်းစားလှများကို ဝတ်ကာ ယှဉ်တွဲ၍ပါလာခြင်း စသည့် ဥစ္စာမာန်တက်သည့် ရောက်တက်ရာရာ အိပ်မက်များကို မြင်မက်လျက်ရှိလေ၏။ နောက်ဆုံးတွင် ကျွန်တော်၏ ချစ်သူအား အနီးသို့ ဆွဲယူကာ ပခုံးနှစ်ဘက်ကို အားမလိုအားမရ ခပ်နာနာ ဖျစ်ညှစ်လိုက်ရာ 'အစ်ကို– အစ်ကို' ဟု အော်သံကြားသော အခါမှ ကျွန်တော်၏ လက်နှစ်ဖက်မှာ အိုက်ခွန်၏ လည်ပင်းကို ဖျစ်ညှစ် မိလျက် ရှိနေကြောင်း တွေ့ရှိရတော့၏။

"ဘာဖြစ်လို့ ကျွန်တော့်လည်ပင်း ညှစ်ရတာလဲ အစ်ကို" ဟု အိုက်ခွန်ကမေးသဖြင့် ကျွန်တော်က "အလကား ကျီစားတာပါကွယ်၊ မင်းဟောက်နေလို့ ငါက လှုပ်နှိုးတာပါ"ဟု အရှက်ပြေလှီးလွှဲ၍ ပြောလိုက်ရတော့၏။ ထိုအချိန်၌ကား မိုးစင်စင်လင်းနေပြီဖြစ်၍ ကျွန်တော်တို့လည်း သစ်ပင်အောက်သို့ နွယ်ကြိုးမှ ဆင်းသက်ခဲ့ကြ၏။ ထိုအကြိမ်၌မူ ကျွန်တော်သည် ရှေ့ဆုံးမှဆင်း၍ အနီးပတ်ဝန်းကျင်ရှိ ချုံပုတ်ထူထူများထဲသို့ အကယ်၍သားကောင်များရှိလျှင် ကြောက်လန့်ထွက်ပြေးစေရန် သေနတ်ဖြင့် ၄–၅ချက်ခန့်မျှ ပစ်ထည့်လိုက်ရ၏။

ထို့နောက် ကျွန်တော်တို့လည်း ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် မဲခေါင်မြစ်ရိုးအတိုင်း ဆန်တက်လာခဲ့ကြလေသည်။ ထို့နောက် ကျွန်တော်က ...

"ဘယ့်နှယ့်လဲ ကိုနန္ဒ...၊ ဒီမဲခေါင်မြစ်အတိုင်း တက်သွားရင်





တာချီလိတ်နှင့် မဲဆိုင်ကို ရောက်မယ်ထင်တယ်၊ အဲဒီကမှ ကားစီးပြီး ကျိုင်းတုံကို သွားကြမယ်၊ 'မိုင်းယောင်း'ကိုတော့ မဝင်နဲ့တော့ဗျာ၊ ဟိုရောက်တော့မှ မြန်မာပြည်ကို လေယာဉ်နဲ့ပြန်ကြမယ်၊ ဘယ့်နှယ့်လဲ" ဟု ကျွန်တော်ကရှေ့ရေးကို စဉ်းစားရင်း ပြောလိုက်လေသည်။

ကိုနန္ဒသည် အတန်ကြာ ဆိတ်ငြိမ်လျက်ရှိနေပြီးနောက် ဦးခေါင်းကို ရမ်းကာ "မဖြစ်နိုင်ဘူးထင်တယ် မောင်မိုးအောင် ကျုပ်က လူသုံးယောက်တောင် သတ်ခဲ့တဲ့လူပဲ၊ အစိုးရကခွင့်လွှတ်မယ် မထင်ဘူး၊ အခုရလာတဲ့ ပစ္စည်းနဲ့ ဒီနယ်မြေမှာပဲ တစ်သက်လုံးနေသွားတော့မယ် စိတ်ကူးတယ်၊ ဒီနေရာကိုလဲ ကျုပ်သံယောဇဉ်တွယ်မိသလို ဘေးအန္တရာယ်လဲ ကင်းရှင်းပါတယ်"

ကိုနန္ဒသည် သူ၏အပြစ်များကို ထုတ်ဖော်ပြောဆိုပြီးလျှင် မဖြစ်နိုင်ကြောင်းဖြင့် ငြင်းဆိုလျက်ရှိလေ၏။

"ဒီမှာကိုနန္ဒ ခင်ဗျားကို ကျွန်တော် တစ်ခုပြောမယ်၊ ခင်ဗျားအမှုဖြစ်တာဟာ ဟိုလွန်ခဲ့တဲ့ နယ်ချဲ့အင်္ဂလိပ်လက်ထက်က ဖြစ်ခဲ့တဲ့အမှု မဟုတ်လားဗျ၊ နှစ်ပေါင်း ၃၀–လောက်ရှိနေပြီ၊ ပြီးတော့ ခင်ဗျား ခုလိုဖြစ်ရတာကလဲ ခင်ဗျားကရန်စလို့၊ မူးလို့၊ ရမ်းလို့ ဖြစ်ရတာလဲ မဟုတ်ဘူး၊ ခင်ဗျားရဲ့ ရည်းစားကို အတင်းဗလက္ကာရ လုပ်တဲ့လူကို ခင်ဗျားက ဒေါသစိတ်မွှန်ပြီး ရုတ်တရက်လုပ်လိုက်မိတာပဲ၊ ကျွန်တော်ကြားဖူးသလောက်တော့ ခင်ဗျားနဲ့အတူ အဖော်ပါလာတဲ့ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် လူတစ်ယောက်ကို အတင်းဗလက္ကာရ လာလုပ်ရင် ဒီလူကို သေသည်အထိ ခင်ဗျားခုခံနိုင်မယ်၊ ပြီးတော့ နောက်နှစ်ယောက်ကလဲ ခင်ဗျားအသက်ကို ကာကွယ်တဲ့အနေနဲ့

ခင်ဗျားမှာ လက်နက်ချင်းမမျှဘဲနဲ့ ခုခံရတာမဟုတ်လား၊ ဒီဟာတွေကို ထောက်ထားရင် ခင်ဗျားမှာ ဘာမှကြောက်စရာမရှိဘူး၊ ခင်ဗျားကို ဘယ်သူမှ မှတ်မိမှာလဲ မဟုတ်ဘူး၊ ခင်ဗျားအမှုလဲ ပိတ်နေပြီ၊ ဘယ်သူမှလဲ ခင်ဗျားအမှုကို ဂရုစိုက်ပြီး လိုက်မှာလဲ မဟုတ်တော့ဘူး၊ တကယ်လို့ အမှုဖြစ်တယ်ထားဦး၊ ကျွန်တော်ပြောတဲ့ အချက်တွေနဲ့ ကောင်းကောင်းကြီးလွတ်နိုင်တယ်၊ ကိုင်း–ဗျာ စဉ်းစားမနေပါနဲ့၊ ကျွန်တော်နဲ့သာ လိုက်ခဲ့ပါ၊ ကျွန်တော်လဲ ခင်ဗျားအတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးပါ့မယ်"

ကျွန်တော်လည်း ကိုနန္ဒအား အထက်ပါအချက်အလက်များကို သဘောပေါက်အောင် နာရီဝက်ခန့်မျှ ရှင်းလင်းပြောပြလျက်ရှိလေရာ နောက်ဆုံးတွင်မှ ကိုနန္ဒက "အေးလေ ဒီလိုဆိုရင်လဲ ကျုပ်လိုက်ဖို့ ရှိတာပဲ မောင်မိုးအောင်၊ ကျုပ်အနေနဲ့တော့ ဘာမှနားမလည်ဘူး၊ မောင်မိုးအောင်ကသာ ကျုပ်အတွက်ကြည့်ပြီး ဆောင်ရွက်ပါတော့၊ မောင်မိုးအောင်ကို ကျုပ်တူအရင်း သားအရင်းလို ချစ်ခင်အားကိုးပါတယ်"

"စိတ်ချပါ ကိုနန္ဒ...၊ အားလုံးကျွန်တော့် တာဝန်ထားပါ"

ဤသို့ ဖြင့် ကျွန်တော်တို့လည်း ၃–ရက်မျှ ခရီးပြင်းနှင်ခဲ့ကြရာ မြန်မာနှင့် ယိုးဒယားနယ်စပ်ရှိ မဲဆိုင်မြို့ကလေးသို့ ချောမောအောင်မြင်စွာ ရောက်ရှိခဲ့ကြလေသည်။

× × × × ×

ကျွန်တော်တို့ရရှိခဲ့သော ကျောက်သံ ပတ္တမြားများမှာ အလွန်အဖိုးထိုက်တန်ရုံမျှမက အလွန်ရှားပါးလှသော ရှေးဟောင်းနန်းသုံးပစ္စည်းများလည်း ဖြစ်သဖြင့် ကျွန်တော့်ကို မဆိုထားဘိဦး၊ သာမန်





ရာဖြတ်တစ်ယောက်ပင် အဖိုးဖြတ်ရန် လွယ်ကူမည်မဟုတ်ပေ။ ကိုနန္ဒသားအဖကို အသာထား၍ ကျွန်တော်ကိုယ်တိုင်ပင် သာမန်စိန်ကျောက်ပတ္တမြားများ၏ အရည်အသွေးကို လည်းကောင်း၊ ယင်းတို့၏ တန်ဖိုးကိုလည်းကောင်း သိသူမဟုတ်ပေ။ ထိုမျှသာမကသေး ကျွန်တော်တို့ရရှိခဲ့ပုံမှာ တရားသောနည်းလမ်းနှင့် ရသည်ဆိုစေကာမူ ဤမျှလောက်ခဲခဲယဉ်းယဉ်း ရှာဖွေတွေ့ရှိခဲ့ခြင်းကိုပင် ရုတ်တရက် ယုံကြည်နိုင်ကြမည် မဟုတ်ပေ။ ထို့ပြင် အခြားတစ်ချက်မှာလည်း ကိုနန္ဒသားအဖအနေနှင့်လည်းကောင်း၊ ကျွန်တော်တစ်ယောက်တည်းအနေနှင့်လည်းကောင်း တစ်စုတည်း တစ်ပုံတည်း ရောင်းချရန်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။

လွန်ခဲ့သော သုံးနှစ်ခန့်က ကျွန်တော်သည် မြန်မာပြည်မှ ယိုးဒယားနယ်ခြားသို့ သွားရောက်သည့် နိုင်ငံခြားသား ဗဟုသုတရှာဖွေရေး ခြေလျင်အဖွဲ့ တစ်ဖွဲ့တွင် စကားပြန် လမ်းပြအဖြစ်ဖြင့် လိုက်ပါခဲ့ဖူးရာ ထိုမြို့တွင် နေထိုင်သည့် နာမည်ကြီး သူဌေး 'လောပန်းညန်' ဆိုသူ၏အကြောင်းကို ကြားဖူး၏။ ထိုသူမှာ ရှမ်း–ယိုးဒယားစပ် ကပြားဖြစ်၍ လူမိုက်တပည့်များ မွေးပြီးလျှင် အစိုးရဥပဒေ မလွတ်ကင်းသည့် ကုန်ပစ္စည်းများကို မြန်မာပြည်မှ ယိုးဒယားဘက်သို့လည်းကောင်း၊ ယိုးဒယားမှ မြန်မာပြည်ဘက်သို့ လည်းကောင်း၊ အကြီးအကျယ် ကူးသန်းရောင်းဝယ်နေသူဖြစ်၏။ ဥရောပတိုက်သားတစ်ယောက်ကဲ့သို့ ခမ်းနားစွာ နေထိုင်ပြီးလျှင် သိန်းနှင့်ချီ၍ ချမ်းသာသူတစ်ယောက်လည်း ဖြစ်သည်ဆို၏။ သို့ဖြစ်၍ ဤကဲ့သို့အခြေအနေမျိုးတွင် ကျွန်တော်တို့၏ ပစ္စည်းများကို ထိုသူ့ထံ သွားရောက်စေ့စပ်ကာ ပုံတိုက်ရောင်းချရုံမှတစ်ပါး အခြားနည်းလမ်း

မရှိတော့ချေ။ ဤအကြောင်းကို ကျွန်တော်နှင့် ကိုနန္ဒတို့လည်း တစ်ညလုံး ဆွေးနွေးပြီးလျှင် နောက်ဆုံး၌ ထိုသူ့ထံ သွားရောက်ရောင်းချရန် ဆုံးဖြတ်လိုက်တော့၏။ သို့နှင့် ကိုနန္ဒ၏ သဘောတူညီချက်အရ ကျွန်တော်လည်း အလွန်အရည်ကောင်းသော ပတ္တမြားလက်စွပ်နှစ်ကွင်း၊ မြလက်စွပ်ကြီးတစ်ကွင်း၊ ဒေါင်းရုပ်ပါသည့် ရွှေဘယက်ဆွဲကြိုးတစ်ကုံး၊ ရှေးဘုရင်များလက်ထက်က သုံးခဲ့ဟန်တူသော ယိုးဒယားစာနှင့် တံဆိပ်အမှတ်အသားပါသည့် ရွှေဒင်္ဂါးပြားကြီးသုံးပြား စသည်တို့ကို အထိမ်းအမှတ်အဖြစ် ချန်ထားပြီးလျှင် ကျန်သောပစ္စည်းများကို ကိုနန္ဒ၏ ကျောပိုးလွယ်အိတ်ထဲတွင်ထည့်ကာ နောက်တစ်နေ့နံနက်၌ သူဌေးလောပန်းညန်၏ နေအိမ်သို့ သွားရောက်ကြလေ၏။

သူဌေးလောပန်းညန်၏အိမ်မှာ မြို့၏အရှေ့ဘက်ပိုင်းတွင်ရှိ၍ ခေတ်မီသော အဆင်အပြင်ဖြင့် သပ်ရပ်စွာ ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်တစ်လုံးဖြစ်၏။ အိမ်ရှေ့ဆင်ဝင်အောက်မှ ပိတ်ထားသော သံခေါက်တံခါးနောက်တွင် လူနှစ်ယောက် စောင့်နေသည်ကို တွေ့ရသဖြင့် အရပ်ပုပုနှင့်လူက ကျွန်တော်တို့သုံးယောက်၏, မျက်နှာကိုကြည့်ပြီး "ဘာကိစ္စလဲ" ဟုမေးရာ ကိုနန္ဒက "ကျုပ်တို့လောပန်ညန်နဲ့ တွေ့ချင်လို့ပါ" ဟု 'လီ'ရှမ်းဘာသာဖြင့် ဖြေလိုက်၏။ ထိုတံခါးစောင့် နှစ်ယောက်မှာ အသားဖြူ၍ ရှမ်းလူမျိုးတို့ မျက်နှာပေါက်ရှိပြီးလျှင် ကာယဗလအားဖြင့်လည်း ကြံ့ခိုင်တောင့်တင်းသူများ ဖြစ်၏။ အနီရောင် ဆွယ်တာအင်္ကျီလက်ရှည်များနှင့် သက္ကလတ်ဘောင်းဘီရှည်အနက်များကို ဆင်တူဝတ်ထားကြ၍ ခါးတွင်လည်း ဆင်စွယ်ရိုးတပ်ဓားမြှောင် ကိုယ်စီရှိလေသည်။ မျက်နှာထားမှာ အလွန်တင်းလျက်





စကားပြန်၍ ပြောရာတွင်လည်း မာဆတ်ဆတ်နိုင်လှပေသည်။

လက်ဝဲဘက်တွင်ရပ်နေသော ဗလကောင်းကောင်းနှင့် လူကမထီမဲ့မြင်အမူအရာနှင့် မေးလိုက်ပြန်ရာ ထိုအခါ ကျွန်တော်က "အရောင်းအဝယ်ကိစ္စပေါ့ကွ" ဟု ဘုကျကျပင် ပြန်၍ပြောလိုက်၏။ ထိုအခါမှ သူသည် အတန်ငယ် မျက်နှာပိုးသတ်၍ သွားသကဲ့သို့ ဖြစ်သွားပြီးလျှင် သံတံခါးကို ဖွင့်၍ပေးလေ၏။ ထိုနောက် ထိုသူကပင် "ကဲ–ဒါဖြင့် အိမ်ရှေ့ခန်းမှာ ခဏစောင့်ကြဦး" ဟု ပြောပြီးလျှင် ချာခနဲလှည့်၍ထွက်သွားလေတော့၏။

၅–မိနစ်ခန့်ကြာသောအခါ ထိုသူပြန်ရောက်လာပြီးနောက် ကျွန်တော်တို့အား အတွင်းဘက်တွင်ရှိသော သူဌေး၏ ပရိုက်ဗိတ်ရုံးခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။ ရုံးခန်းမှာ အလွန်ပြောင်လက်တောက်ပ၍ခေတ်မီအဖိုးတန် စားပွဲ၊ ဗီရို၊ ကုလားထိုင်၊ ဆိုဖာ စသည်တို့ဖြင့် ခမ်းနားသပ်ရပ်စွာ ခင်းကျင်းပြင်ဆင်ထား၏။

အခန်းအလယ် အလျား ၅–ပေခန့် ရှည်လျားသော လေးထောင့်စားပွဲကြီးနောက်ရှိ ဆုံလည်ကုလားထိုင်တစ်လုံးပေါ်တွင် အသက် ၄၀–ကျော်ခန့် ရှိပြီဟု ခန့်မှန်းရသော မျက်နှာဝိုင်းဝိုင်း အသားဖြူဖြူနှာခေါင်းခပ်ပြားပြားနှင့် လူတစ်ယောက် ထိုင်လျက်ရှိရာ ၎င်းကိုယ်၌ဝတ်ဆင်ထားသော ဥရောပတိုက်သားဝတ်စုံမှာ ဂုဏ်သရေရှိ အမေရိကန်လူမျိုးတစ်ယောက်ပင် သူ့ထက်ကျော်လွန်နိုင်မည် မဟုတ်ပေ။ သူသည် ကျွန်တော်တို့ သုံးယောက်၏ မျက်နှာကို ခေတ္တမျှ အကဲခတ်သကဲ့သို့ ဖျတ်ခနဲကြည့်ရှုပြီးနောက် နှုတ်ခမ်းတစ်ဘက် လှုပ်ရှား၍ ပြုံးသည်ဆိုရုံမျှ ပြုံးကာ ကျွန်တော်တို့အား နေရာထိုင်ခင်းများ ပေးလေသည်။ ထို့နောက် လောပန်းညန်သည် ကျွန်တော့်အား ကြည့်ပြီးလျှင် 'လီ'

ရှမ်းဘာသာဖြင့်ပင် "လာတဲ့ကိစ္စကို အမိန့်ရှိပါခင်ဗျာ"ဟု စ၍မေးလေသည်။

"ဒီလိုပါ သူဌေးမင်း၊ ကျွန်တော်တို့ လာရင်းကိစ္စကတော့ ကျွန်တော်တို့မှာ ပါလာတဲ့ ရတနာတွေကို ရောင်းချင်တဲ့ကိစ္စပါပဲ။ ဒါကြောင့် ကျွန်တော်တို့လဲ မနစ်နာရအောင်၊ သူဌေးမင်းမှာလဲ ထိုက်သင့်သလောက် အကျိုးရှိအောင် လုပ်ပေးဖို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်၊ ဒီပစ္စည်းတွေ ကျွန်တော်တို့ ဘယ်လိုရလာတယ်ဆိုတာတော့ သူဌေးမင်း သိဖို့လိုမယ်မထင်ပါဘူး"

ကျွန်တော်က စကားကိုပိတ်၍ ပြောလိုက်ရတော့၏။ ဤသို့ ပြောရာတွင် ချိုသာစွာပြောသော်လည်း မျက်နှာကို ခပ်တင်းတင်းထား၍ ခပ်တည်တည် ပြောလိုက်လေသည်။

"ကျုပ်ကလဲ အလုပ်လုပ်တဲ့အခါမှာ ဘယ်တော့မှ နိုင့်ထက်စီးနင်း မလုပ်တတ်ပါဘူး။ ဘယ်ဟာမျိုးမဆို တရားမျှတမှု ရှိရပါစေ့မယ်။ ကဲ...ကဲ... ခင်ဗျားတို့ ပစ္စည်းတွေ တဆိတ်ကြည့်ပါရစေဦး"

ကျွန်တော်တို့လည်း ကိုနံနှ၏ ကျောပိုးအိတ်ကို ကျွန်တော့်ဘက်သို့ ဆွဲယူပြီးလျှင် အတွင်းမှ ပစ္စည်းများကို လောပန်းညန်၏ မှန်စားပွဲပေါ်သို့ သွန်၍ ချလိုက်လေ၏။

"ဟာ... နည်းတာတွေ မဟုတ်ပါကလား၊ ဒီတစ်ချီတော့ ခင်ဗျားတို့ အပွကြီးလာပြီထင်တယ်"

သူ၏မျက်လုံးများမှာ လောဘ၏ အရောင်ဖြင့် ပြောင်လက်၍ သွားသည်ကို ကျွန်တော်သတိပြုလိုက်မိ၏။ သူ၏ စကားများမှာ ကိုယ်ချင်းစာ၍ ပြောလိုက်ဟန်တူသော်လည်း ကျွန်တော်တို့၏ ဂုဏ်





သိက္ခာကို ထိခိုက်လျက်ရှိနေ၏။ သို့သော် ကျွန်တော်တို့မှာ ရောင်းသူဖြစ်သဖြင့် ကျွန်တော့်အနေနှင့် တစ်စုံတစ်ရာပြန်၍ ပြောလိုက်မည်ပြုပြီးမှ စိတ်ကိုချုပ်တည်း၍ ထားလိုက်ရ၏။

"ကဲပါလေ ထားပါတော့၊ ဒီပစ္စည်းအားလုံးကို သူဌေးမင်း ဘယ်လောက်ထားပြီး ယူနိုင်မလဲဆိုတာ အမိန့်ရှိစေချင်ပါတယ်"

လောပန်းညန်သည် မှန်စားပွဲပေါ်တွင် စုပုံလျက်ရှိသော အဖြူ၊ အစိမ်း၊ အနီ၊ အပြာရောင်စုံကျောက်မျက်ရွဲများ၊ ရွှေထည်ဖြင့် ကွပ်၍ထားသည့် လက်ကောက်၊ ပုတီး၊ နားတောင်းများ၊ ဘယက် အမျိုးမျိုးနှင့် ရွှေဒင်္ဂါးပြားများ၊ ပုလဲကုံးများ စသည့် ရှေးဟောင်းပစ္စည်းများကို တစ်ခုစီကိုင်တွယ်ကာ အချိန်အတန်ကြာမျှ ကြည့်ရှုစစ်ဆေးလျက်ရှိလေ၏။

"ဘတ် ၆ သိန်း ပေးမယ်"

"ဟာ... သူဌေးမင်းကလဲခင်ဗျာ ဘတ်၆–သိန်းမှ ကျွန်တော်တို့ မြန်မာငွေ ၃–သိန်းပဲ ရှိပါတယ်။ ဒီလိုဆိုရင် အင်မတန်နည်းတယ်ထင်ပါတယ်ခင်ဗျာ။ တစ်ဆိတ်တိုးပြီး ပေးပါဦး"

အမှန်သော် ထိုအချိန်တွင် ယိုးဒယားသုံး ဘတ်ငွေသည် 'ဘလက်မားကက်'ခေါ် မှောင်ခိုဈေးအရ မြန်မာငွေ တစ်ကျပ်၏ ထက်ဝက်သာ တန်ဖိုးရှိပြီးလျှင် အစိုးရနှုန်းထားအတိုင်းဆိုသော် မြန်မာငွေ၏ ၄–ပုံ ၁–ပုံ(ငွေတစ်ကျပ်လျှင်တစ်မတ်)သာ တန်ဖိုးရှိသဖြင့် ကျွန်တော်က ငြင်းဆိုလိုက်ခြင်းဖြစ်၏။ သို့ရှိစဉ် သူဌေးလောပန်းညန်သည် ကျွန်တော်တို့အား အခန်းတွင်းခေါ်ဆောင်လာသူ သူ၏တပည့်ဘက်သို့လှည့်၍ ကျွန်တော်တို့နားမလည်သော ယိုးဒယားဘာသာစကားဖြင့် တစ်စုံတစ်ရာ ပြောလိုက်သည်ကို ကျွန်တော်တို့သုံးဦး

စလုံးပင် သတိပြုလိုက်မိကြ၏။ ထိုအခါ ကိုနန္ဒက သူ၏သား အိုက်ခွန် ဘက်သို့ လှည့်၍ "ဘယ်လိုအဓိပ္ပာယ်လဲ" ဟု မေးသည့်အကြည့်မျိုးဖြင့် ကြည့်လိုက်ရာ အိုက်ခွန်လည်း သူ၏ဖခင် ဆိုလိုသည်ကို ကောင်းစွာ နားလည်သွားဟန် လက္ခဏာရှိလေသည်။ အိုက်ခွန်မှာ ယိုးဒယား စကားကို တတ်သူဖြစ်၍ အိုက်ခွန်၏အကြောင်းကို သူတို့မသိကြ သည်မှာ ကျွန်တော်တို့အတွက် ကံကောင်းထောက်မခြင်းပင် ဖြစ်တော့ ၏။ နောက်ဆုံးတွင် ကျွန်တော်တို့လည်း မှောင်ခိုဈေးအရ ဘတ်၈– သိန်း (မြန်မာငွေ ၄–သိန်း) နှင့်ပင် အရောင်းအဝယ် တည့်ခဲ့ကြလေ သည်။

× × × × ×

အပြင်သို့ ရောက်လျှင်ရောက်ချင်း အိုက်ခွန်အား ကျွန်တော်တို့ မေးမြန်းကြည့်ရာ အိုက်ခွန်က "သတိထားကြ၊ အစ်ကိုတို့ မပေါ့ကြနဲ့၊ သူဌေးပြောတာက ထုံးစံအတိုင်းပဲဟေ့၊ မင်းတို့ကြည့်လုပ်ကြပေတော့လို့ ပြောတာပဲ" ဟု ကျွန်တော်တို့အား ပြန်ပြောသဖြင့် အပြန်ခရီးတွင် **သ**တိဝီရိယ ကြီးစွာထားကြရပေတော့မည်။

တာချီလိတ်မှ မိုင်းဖြတ်သို့အသွား စားသောက်ဆိုင်တစ်ခု၌ ကျွန်တော်တို့သည် ထမင်းများစားသောက်လျက်ရှိစဉ် ဂျစ်ကားတစ်စီး သည် ယင်းစားသောက်ဆိုင်ရှေ့မှဖြတ်ကာ ဝူးခနဲ ထိုးထွက်သွား သည်ကို မြင်လိုက်ရသဖြင့် ကျွန်တော်က ကိုနန္ဒအား လေသံဖြင့်....

"သတိထားဗျို့ ဒီကောင်တွေ လိုက်လာပြီထင်တယ်" ဟု ကိုနန္ဒ သားအဖအား သတိပေးလိုက်ရ၏။ သို့နှင့် ကျွန်တော်တို့ ကားပေါ်သို့ ရောက်သောအခါ သူတို့သားအဖတွင်ပါသော သေနတ်များကို ယမ်းတောင့်များ ဖြည့်တင်းပေးရင်း ဝဲယာတစ်ဘက်တစ်ချက်သို့





မျက်ခြည်မပြတ်ကြည့်ရှုကာ သတိကြီးစွာဖြင့် လိုက်ပါလာခဲ့ရ၏။ ညို့ညို့မှိုင်းမှိုင်းရှိနေသော တောင်တန်းကြီးများသည် ညီညာသော တောင်စောင်းကို ဖောက်ထားသည့် လမ်းကလေးပေါ်တွင် ပြေးလျက် ရှိသော ကျွန်တော်တို့၏ ကားကလေးနောက်တွင် တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့တော့၏။

လမ်းပေါ်၌ကား မော်တော်ကားသော်လည်းကောင်း၊ ခရီးသွား တစ်ဦးတလေမျှသော်လည်းကောင်း မတွေ့ရဘဲရှိနေရာ ကျွန်တော်၏ စိတ်ထဲတွင် ရန်သူတစ်ဦးတစ်ယောက်သည် ကျွန်တော်တို့အား အန္တရာယ် ပြုရန် တစ်နေရာမှ ချောင်းမြောင်းနေသကဲ့သို့ ထင်မိတော့၏။

တာချီလိတ်မှ မိုင်းဖြတ်၊ ထိုမှတစ်ဆင့် ရှမ်းရွာကလေးများကို ဖြတ်ကျော်ကာ ရမ်းစေတ်ရွာကလေးသို့ ရောက်လုခါနီး တောလမ်းမှာ အတော်ပင် ကြမ်းသဖြင့် ကားကို အရှိန်လျှော့၍ ခပ်ဖြည်းဖြည်း မောင်းနေရ၏။ ဘေးတစ်ဘက်တစ်ချက်ရှိ တောများမှာလည်း အတော် နက်သဖြင့် ကျွန်တော်တို့ကားရှေ့ မလှမ်းမကမ်းတွင် မျောက်အုပ်ကြီး တစ်အုပ် လမ်းပေါ်မှ ဖြတ်ကျော်သွားသည်ကို တွေ့လိုက်ရပေ၏။ အကွေ့ကလေးတစ်ခုကို ကျော်မိသောအခါ ကျွန်တော်တို့ မျှော်လင့် ထားသည့်အတိုင်း မိုင်းဖြတ်ထမင်းဆိုင်ရှေ့မှ ထွက်သွားသော ဂျစ်ကား ကလေး ရပ်ထားသည်ကို လှမ်း၍ မြင်လိုက်ရ၏။ သို့သော် လူများ ကိုကား မတွေ့မြင်ရချေ။

ကျွန်တော်တို့၏ ကားသည် ၎င်းကို ကျော်တက်ပြီးနောက် အကွေ့တစ်ခုကို ကွေ့လိုက်စဉ် အသေးစား စတင်းတစ်လက် ကိုင်ထား သူ တစ်ယောက်နှင့် ခြောက်လုံးပူး ကိုယ်စီကိုင်ထားသော လူဆိုး သုံးယောက်ကို တွေ့ရလေသည်။ ၎င်းတို့အနက် တစ်ယောက်မှာ

သူဌေး လောပန်းညန်ထံတွင် ကျွန်တော်တို့ ပစ္စည်းများ သွားရောက်ရောင်းချစဉ်က ကျွန်တော်တို့အား သူဌေး၏ အခန်းထဲသို့ ခေါ်ဆောင်သွားသူပင် ဖြစ်သည်။

"ပစ်... ပစ်" ဟူသော ကျွန်တော်၏ အော်သံနှင့်အတူ ကျွန်တော်တို့ သုံးဦးသား၏ သေနတ်များမှ ကျည်ဆန်များ အစုလိုက်အပြုံလိုက် ထွက်သွားတော့၏။ မည်သူ၏ ကျည်ဆန်က ထိသည်ကို မသိရသော်လည်း ရှေ့တန်းက ခြောက်လုံးပြူးကိုင် လူဆိုးတစ်ယောက်မှာ အရုပ်ကြိုးပြတ်သကဲ့သို့ လဲကျသွားတော့၏။ လူဆိုးများ၏ ပထမအသုတ်ကျည်ဆန်များသည် ကျွန်တော်တို့ ဦးခေါင်းနှင့်နားရွက်အနီးမှ တဝှီးဝှီး ပွတ်သပ်ကာ ချော်ထွက်သွားလေသည်၊ သို့သော် ကျည်ဆန်တစ်ဆန်သည် ကားမောင်းသမား၏ လက်ဝဲဘက်ပခုံးစွန်းကို ထိသွားသဖြင့် ကားကိုကျင်လည်စွာ ထိန်း၍ မောင်းနေရာမှ မဟန်နိုင်တော့ဘဲ ကားကလေးသည် ချောက်တစ်ဘက်သို့ ရုတ်တရက်ထိုးသွားလေရာ ကျွန်တော်လည်း စတီယာရင်ကို တအားဆွဲ၍ လှည့်လိုက်သောကြောင့်သာ ချောက်ထဲသို့ ထိုးကျသည့် ဘေးအန္တရာယ်မှ စက္ကန့်ပိုင်းအတွင်း လွတ်မြောက်သွားခဲ့ရပေသည်။ သို့သော် ကားကလေးမှာ ကျွန်တော်လှည့်သည့် လက်ဝဲဘက်သို့ အရှိန်လွန်ကာ တောင်ကမ်းပါးယံနှင့် တိုက်ပြီးနောက် ရပ်သွားလေတော့၏။ ကားဆရာမှာလည်း မှန်ကာသော တန်းနှင့် ဦးခေါင်းကို ရိုက်မိပြီးလျှင် သတိမေ့၍သွားတော့၏။

သို့နှင့် ကားသမားအား ကားပေါ်၌ ကမ္ဘသကာထားခဲ့ပြီးလျှင် ကျွန်တော်တို့သုံးဦးသားတို့မှာ ကားပေါ်မှ လွှားခနဲ ခုန်ချလိုက်ကြပြီးလျှင် ကားကလေး၏ နောက်နှင့် တောင်ကမ်းပါးယံဘေးရှိ





ကျောက်တုံးများနောက်တွင် အကာအကွယ်ယူလိုက်ကြ၏။ ထိုအချိန်တွင် တစ်ဘက်နှင့်တစ်ဘက်လည်း အပြင်းအထန် ပစ်ခတ်လျက် ရှိနေကြလေပြီ။

"ကိုနန္ဒ... ကိုနန္ဒ၊ ခေါင်းမပြူနဲ့နော်... ကျည်ဆန်တွေလဲ သိပ်မဖြုန်းနဲ့၊ သေချာမှပစ်"

သို့နှင့် ကျွန်တော်တို့ဘက်မှ အတော်အတန်သေချာမှ ပစ်ကြရာ အချက်ကောင်းကို စောင့်နေကြသဖြင့် အချိန်အတန်ကြာမှ တစ်ချက်ကောင်း နှစ်ချက်ကောင်း ပစ်ပြီးလျှင် နှစ်ဘက်စလုံးကပင် စောင့်ဆိုင်းလျက်ရှိနေကြပြန်၏။ ၁၅ မိနစ်ခန့်ကြာသောအခါ ထိုအချိန်အထိ ငြိမ်သက်နေသဖြင့် ကျွန်တော်တို့ဘက်တွင် ကျည်ဆန်ကုန်ပြီထင်၍ပေလောမသိ၊ စတင်းကိုင်လူဆိုးသည် ရှေ့သို့ တွား၍ တက်လာတော့၏။ သို့နှင့် ကျွန်တော်လည်း အံရဲစွန့်ကာ ဝပ်နေရာမှ အတန်ငယ်ကုန်း၍ထကာ ၎င်း၏ဦးခေါင်းဆီသို့ အသေအချာ ချိန်၍ပစ်လိုက်၏။ ထိုအချိန်နှင့် တစ်ပြိုင်တည်းလိုပင် အိုက်ခွန်၏ သေနတ်မှ ဒိုင်းခနဲ ကျည်ဆန်ထွက်သွားသည်ကို ကြားလိုက်ရလေသည်။ ကျွန်တော်ပစ်လိုက်သော ကျည်ဆန်သည် ၎င်း၏ဦးခေါင်းကိုပင် မထိမှန်သော်လည်း နောက်ကျောကို ဖောက်ထွက်သွားသဖြင့် ထိုနေရာ၌ပင် တစောင်းလိမ့်၍သွားပြီးနောက် သေနတ်လည်း လက်မှလွတ်ကျသွားသည်ကို မြင်လိုက်ရ၏။ ထိုသူကျသွားသော နေရာနှင့် ကျွန်တော်ဝပ်နေသော ကျောက်တုံးမှာ ၁၀ ကိုက်ခန့်သာ ဝေးသဖြင့် ကျွန်တော်က ကိုနန္ဒအား...

"ကျွန်တော်တက်ပြီး သူ့သေနတ် ယူမယ်ဗျာ၊ ခင်ဗျားတို့သားအဖက နောက်ကအကောင်တွေသာ ခပ်မှန်မှန်ပစ်ပေး"

"မလုပ်ပါနဲ့ကွယ် မောင်မိုးအောင် ထိနေပါဦးမယ်"

"မထိပါဘူးဗျာ၊ ခင်ဗျားအကောင်တွေ ဒါလောက်လဲ လက်မတည့်ပါဘူး၊ ခင်ဗျားတို့ သားအဖကသာ ဒီအကောင်တွေ ခေါင်းပြူလာတိုင်း သူတို့ ပစ်ချိန်မရအောင် ပစ်ပေးပေတော့"

ပြောပြောဆိုဆိုနှင့်ပင် ကျွန်တော်လည်း အကာအကွယ်ယူနေသည့် ကျောက်တုံးနောက်မှ ခပ်ကုန်းကုန်းပြေးထွက်သွားလေရာ ကိုနန္ဒသားအဖကလည်း နောက်မှ လူဆိုးများအား ခပ်သွက်သွက် ပစ်ပေးလျက်ရှိနေ၏။ သို့နှင့် ကျွန်တော်လည်း စတင်းနှင့်တကွ ကျည်ဆန်ကပ်နှစ်ခုပါရရှိခဲ့လေသည်။ ဤကဲ့သို့ လူဆိုးနှစ်ယောက်၏ ခြောက်လုံးပြူးနှစ်လက်အကြားမှ အတင်းတရကြမ်း ပြေးလွှား၍ ခေါင်းဆောင်လူဆိုး၏ စတင်းကို ယူနိုင်ခဲ့ခြင်းမှာ အမှန်အားဖြင့်သော် မိုက်ရူးရဲအလုပ်ပင်ဖြစ်တော့၏။ သို့သော် ဤမိုက်ရူးရဲအလုပ်အတွက်လည်း ကျွန်တော်မှာ ဆုလာဘ်တစ်ခု ရခဲ့လေသည်။ ကျွန်တော်လည်း မူလကျောက်တုံး၏နောက်သို့ ပြေး၍မဝပ်နိုင်မီ ကျွန်တော်၏ လက်ဝဲဘက် လက်မောင်းတွင် ပူခနဲ ဖြစ်သွားသဖြင့် ကြည့်လိုက်ရာ ရှပ်အင်္ကျီကို ဖောက်ထွက်လာသည့် သွေးများကို မြင်လိုက်ရ၏။ ကျည်ဆန်တစ်ခုသည် ကျွန်တော်၏ အပေါ်လက်မောင်းအသားပုံ တစ်နေရာကို ဖောက်ထွက်သွားရာ အသားတစ် တစ်လက်မခန့်ပင် ကြေမွသွားလေသည်။

"အို... မောင်မိုးအောင် ထိသွားပြီ"

"ကိစ္စမရှိဘူး... ကိစ္စမရှိဘူး၊ ခင်ဗျားတို့ ပစ်သာနေ ဟော့-အိုက်ခွန်လာစမ်း၊ ငါ့အိတ်ထဲက လက်ကိုင်ပုဝါယူပြီး ငါ့လက်မောင်းက သွေးထွက်နေတဲ့နေရာစည်း ပေးစမ်း၊ ခပ်တင်းတင်း စည်းပေးစမ်း"

သေနတ်ထိမှန်သောနေရာမှာ ပူ၍နေသော်လည်း လက်ကိုင်





ပဝါဖြင့် တင်းတင်းကြပ်ကြပ် စည်းလိုက်သောအခါ အတော်ပင်သက်သာရာ ရသွားလေသည်။ ထိုအချိန်၌ ကျွန်တော်လည်း စတင်းကိုယမ်းတောင့်အသစ်များ ချက်ချင်း ဖြည့်တင်းလိုက်၏။ ထို့နောက် ကျွန်တော်လည်း လက်မှအနာကို ဂရုမစိုက်နိုင်ဘဲ တရစပ် ပစ်ခတ်လျက်ရှိရာ ယမ်းတောင့်အကုန်တွင် ရန်သူ့ဘက်မှ လုံးဝငြိမ်သက်သွားတော့၏။ ကျန်လူများမှာ ကျွန်တော်တို့ဘက်မှ လက်နက်ရောလူပါ သာနေပြီဖြစ်ကြောင်း သိသဖြင့် မူလအကာအကွယ် ယူထားသော နေရာနောက်ရှိ အခြားကျောက်တုံးများ နောက်သို့ တဖြည်းဖြည်း ဆုတ်ခွာသွားကြဟန် တူလေသည်။

ထိုအခါမှ ကျွန်တော်တို့လည်း အရေးသာနေပြီ ဖြစ်ကြောင်းသိသဖြင့် ပခုံးစွန်းကို ထိမှန်သွားသော ဒရိုင်ဘာအား ဂရုစိုက်နိုင်တော့၏။ အိုက်ခွန်အား သေနတ်ပေး၍ အစောင့်ခိုင်းပြီးနောက် ကျွန်တော်နှင့်ကိုနန္ဒတို့သည် သတိမေ့လျက်ရှိသော ဒရိုင်ဘာအား ပွေ့ထူချမပြီးလျှင်မြို့မှ လိုရမယ်ရ ဝယ်ခဲ့သည့် ဝီစကီပုလင်းကို ဖွင့်ကာ ပါးစပ်ထဲသို့အနည်းငယ် လောင်းထည့်ပြီးနောက် အနာကိုလည်း အနည်းငယ်ဆွတ်ဖျန်းပေး၏။ ထို့နောက် ရှပ်အင်္ကျီဟောင်းတစ်ထည်ကို ဆုတ်ဖြဲကာ ပတ်တီးပြုလုပ်ချည်နှောင်ပေးရတော့၏။ ထိုအခါမှ ဒရိုင်ဘာလည်း မျက်လုံးများကို ဖွင့်ကြည့်ပြီးလျှင် အတန်ငယ် ပြုံးနိုင်၊ ရယ်နိုင်ဖြစ်ပေါ်၍ ကျွန်တော်တို့ အဖြစ်အပျက်များကို ကောင်းစွာနားလည်လေတော့၏။ သို့သော် သွေးအထွက်များ၍ အတော်ပင် အားကုန်ခန်းလျက်ရှိနေပြီ ဖြစ်သောကြောင့် ကားကို ဆက်လက်မောင်းရန် တတ်နိုင်တော့မည် မဟုတ်ပေ။

ကျွန်တော်တို့၏ ဒုတိယအလုပ်မှာ ကျောက်တုံးနှစ်ခုအလယ်တွင်

ဘီးတစ်ဘီးညှပ်လျက် တောင်ကမ်းပါးယံကို ဦးတိုက်နေသည့် ဂျစ်ကားကို ၎င်း၏ သွားလမ်းအတိုင်း ပြန်၍လှည့်ရန်ဖြစ်၏။ သို့နှင့်ကျွန်တော်လည်း လက်တွင်ဒဏ်ရာရထားပြီ ဖြစ်သောကြောင့် ကိုယ်တိုင်မလုပ်နိုင်တော့ဘဲ ကိုနန္ဒသားအဖကိုသာ ညွှန်ကြားပြသရလေရာ ၁၅ မိနစ်ခန့် ကြာလတ်သော် ကားကလေးမှာ တစ်စုံတစ်ရာချို့ယွင်းခြင်းမရှိဘဲ လမ်းပေါ်သို့ ချောမောစွာ ရောက်ရှိလျက် ရှိနေလေပြီ။ သို့သော်ကားကို ဆက်လက်မောင်းရန်မှာ ကျွန်တော်၏ အလုပ်သာဖြစ်တော့၏။ သို့နှင့် ကျွန်တော်လည်း ဝီစကီကို နှစ်ကျိုက်လောက် မော့လိုက်ပြီးလျှင် ဒဏ်ရာကိုလည်း အရက်အနည်းငယ်ဆွတ်ဖျန်းကာ ပတ်တီးကို ယခင်ကထက် တင်းကျပ်စွာ စည်းစေပြီးနောက် ဒရိုင်ဘာထိုင်ခုံ၌ ထိုင်ကာ ကျိုင်းတုံမြို့သို့အရောက် အားခဲ၍ ကြိတ်ရတော့၏။ အကယ်၍သာ ကျွန်တော်ကားမောင်းမတတ်က တစ်မျိုးတစ်ဖုံ ဖြစ်ကောင်းဖြစ်ကြပေမည်။

ကျိုင်းတုံမြို့သို့ ရောက်သောအခါ ကျွန်တော်တို့သည် ‘ဘလူးစကိုင်း’(အ) (Blue Sky) ဟိုတယ်တွင် တည်းခိုကာ ဆရာဝန်တစ်ဦးအား လက်သိပ်ထိုး ငွေပေး၍ ကျွန်တော်၏ ဒဏ်ရာကို ကုသပြီးလျှင် ဒရိုင်ဘာကိုလည်း ကျွန်တော်တို့အတွက် ဖြစ်ရသောကြောင့် ကားခအပြင် လျော်ကြေးအဖြစ်ဖြင့် ငွေ ၃၀ဝိပေးလိုက်၏။ ဒဏ်ရာကိုလည်း ထိုဆရာဝန်နှင့်ပင် ဆေးထည့်၍ပေးလိုက်ရ၏။

ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါ ကျွန်တော်၏ ဒဏ်ရာကောင်းစွာ ပျောက်ကင်းပြီဖြစ်၍ ကျွန်တော်တို့၏ လက်နက်များကို သင့်လျော်သော နေရာတစ်ခု၌အပြီး စွန့်ပစ်ခဲ့ကြပြီးလျှင် လေယာဉ်ပျံဖြင့် ကျိုင်းတုံမှ ပြန်ခဲ့ကြလေသည်။ လေယာဉ်သည် ကောင်းကင်သို့





ပျံတက်၍ “မိုင်းယောင်း” နယ်မြေမှ ထွက်ကာ မြင့်မားသော ရှမ်းတောင်တန်းကြီးများကိုလည်းကောင်း၊ ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းလျက်ရှိနေသည့် တောအုပ်ကြီးများကိုလည်းကောင်း ဖြတ်သန်းလာသောအခါ ကိုနန္ဒမှာ သူ၏ကျေးဇူးရှင် ဦးဝဏ္ဏနှင့် သွားလေသူ ခမ်းမူတို့အား လွမ်းဆွတ်၍ ပေလောမသိ၊ သူ၏မျက်နှာတွင် မျက်ရည်စကလေးများကိုပင် ကျွန်တော်မြင်လိုက်ရ၏။

× × × × ×

နောက် ၁၀ ရက်ခန့်အကြာ၌ ကျွန်တော်သည် ငွေတစ်သိန်းကို ပိုက်ကာ ရန်ကုန်သို့ ရောက်ရှိခဲ့ပြီးလျှင် ယခင်က အထက်မြန်မာပြည်တွင် မိတ်ဆွေဖြစ်ခဲ့ဖူးသူ ကြည့်မြင်တိုင် ရှောလမ်းနေ မိတ်ဆွေတစ်ဦးနေအိမ်တွင် မထင်မရှား တည်းခိုလျက်ရှိနေခဲ့၏။ ကိုနန္ဒသားအဖမှာ ရန်ကုန်သို့ မလိုက်လိုကြောင်း၊ မန္တလေးမြို့၌သာ လည်ပတ်ပြီးလျှင် တောင်ကြီးမြို့ရှိ ၎င်းတို့၏ မိတ်ဟောင်း ဆွေဟောင်းများထံသို့ သွားပြီးလျှင် လက်ဖက်ခြောက်ခင်းများ စိုက်ပျိုး၍ အေးအေးချမ်းချမ်း နေထိုင်တော့မည့်အကြောင်း နောက်တစ်လခန့်အကြာ၌ တောင်ကြီးမြို့သို့ ရောက်လျှင် ရှမ်းသူကြီး ဦးစိန္တာဆိုသူကို မေးမြန်းရှာဖွေ၍ ၎င်းထံသို့ လာရောက်မေးမြန်းလျှင် မိမိတို့နှင့် တွေ့နိုင်ကြောင်းပြောသဖြင့် ချစ်လှစွာသော သားအဖနှစ်ယောက်နှင့် ကျွန်တော်လည်း မခွဲချင် ခွဲချင်ခွဲခဲ့ရ၏။

ကိုနန္ဒသည် ရရှိသော ငွေ ၄သိန်းအနက် ကျွန်တော့်အား ထက်ဝက်ခွဲ၍ ပေးသော်လည်း ကျွန်တော့်မှာ နဂိုကပင် မတော်လောဘထွက်တတ်သူမဟုတ်သဖြင့် တစ်ကြောင်း၊ လွတ်လပ်သော တစ်ကိုယ်တည်းသမားဖြစ်သဖြင့်တစ်ကြောင်း၊ ကျွန်တော်၏ ဒုက္ခခံမှုအတွက် ငွေငါးသောင်းခန့်ရလျှင် တော်လောက်ပြီဟု သူပေးသော ငွေနှစ်သိန်း

ကို ငြင်းပယ်ခဲ့၏။ သို့သော် ကိုနန္ဒက "မဟုတ်တာဘဲ မောင်မိုးအောင်ရယ်၊ အခုကိစ္စမှာ မောင်မိုးအောင်က ရှေ့ဆောင်ပြီး ကျုပ်တို့အသက်ကိုလဲ ကယ်ခဲ့လို့ ကျုပ်တို့သားအဖဟာ အခုအခြေအနေ ရောက်လာတာ မဟုတ်လား..." ဟု အတန်တန် ပြောသောကြောင့် နောက်ဆုံးတွင် ကျွန်တော်လည်း ငွေတစ်သိန်းကို အနိုင်နိုင် လက်ခံခဲ့ရလေသည်။

ရန်ကုန်သို့အလာ၌ ကိုနန္ဒသားအဖသည် ကျွန်တော့်အား ဘူတာရုံသို့ လိုက်၍ပို့ရာ ကျွန်တော်က ၎င်းတို့အား လက်ထဲတွင် ငွေကြေးအမြောက်အမြား ရှိသော်လည်း ငွေများကို သိုသိပ်နိုင်သမျှ သိုသိပ်၍ လုံခြုံသော နေရာတစ်နေရာ၌ ထားပြီးလျှင် ယခင်က အနေအထိုင်အတိုင်း ကျစ်လျစ်သိပ်သည်းစွာ နေထိုင်သင့်ကြောင်း သတိပေးစကား ပြောကြားလိုက်သေး၏။ ထိုအခါ ကိုနန္ဒက....

"ဒီလို သတိပေးစကားပြောတာ ကျေးဇူးတင်ပါတယ် မောင်မိုးအောင်ရယ်၊ နောက် တစ်လနှစ်လလောက်ကြာလို့ ရန်ကုန်မှာ လည်ပတ်ပြီးတဲ့အခါ တောင်ကြီးကို ဆက်ဆက်လာခဲ့ပါဦး၊ အခုလဲ မောင်မိုးအောင်က လည်ချင်ပတ်ချင် သေးတယ်ဆိုလို့သာ ခွဲရတယ်၊ ကျုပ်သဘောကတော့ ကျုပ်တို့နဲ့အတူ အေးအတူပူအမျှ နေစေချင်တာပဲ"

"မဖြစ်သေးဘူး ကိုနန္ဒ၊ ကျွန်တော်က ဘယ်လိုပဲ ကျွန်တော့်ကို အငြိမ်းစားပေးထားထား တစ်နေရာတည်းမှာ ကျွန်တော် ဝပ်မနေနိုင်ဘူး၊ ပြီးတော့ ကျွန်တော်လည်း အသက်က ငယ်သေးတယ်မဟုတ်လား၊ ဒီတော့ ကျွန်တော့် ရှိသမျှ တတ်နိုင်သမျှ ပညာကလေးနဲ့ သွားချင် လာချင်၊ လုပ်ချင်ကိုင်ချင်၊ ကြံချင် စည်ချင်သေးတယ် ကိုနန္ဒရဲ့၊ ပြီးတော့ ကျွန်တော့်ရဲ့ နောက်ဆုံးရည်ရွယ်ချက်တစ်ခုက ကျွန်တော့် အရွယ်နဲ့ ကျွန်တော်ရဲ့ အားခွန်ဗလနဲ့၊ ကျွန်တော်ရဲ့ သတ္တိနဲ့





ကျွန်တော်တို့ တိုင်းပြည်ရဲ့ အကျိုးကို ဆောင်ရွက်ချင်သေးတယ်၊ လူသားတွေရဲ့ ဒုက္ခကို တတ်နိုင်သမျှ ကယ်တင်ချင်သေးတယ်၊ ဒီစိတ်တွေ ကျွန်တော့်မှာ ရှိနေတော့ ဒီမှာနေလို့ မဖြစ်သေးဘူး၊ အခုလို ကိုနန္ဒကခေါ်တဲ့အတွက်လဲ ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်ဗျာ"

မီးရထားသည် ဘူတာမှ တရိပ်ရိပ် ထွက်ခဲ့သဖြင့် ကိုနန္ဒ သားအဖသည် ကျွန်တော့်အား လက်ပြနှုတ်ဆက်၍ ကျန်ရစ်ခဲ့ရာ၊ သူတို့နှစ်ယောက်စလုံး၏ မျက်နှာတွင် မျက်ရည်များ ဝိုင်းလျက်ရှိနေသည်ကိုပင် သတိပြုလိုက်မိ၏။

ရန်ကုန်တွင် ၁၅ ရက်ခန့်မျှ နေထိုင်ပြီးနောက် ထိုအချိန်များ အတွင်း ရောက်သင့်ရောက်ထိုက်သည့် နေရာများကို ရောက်ခဲ့ပြီးလျှင် ကျွန်တော် တည်းခိုနေသည့် အိမ်ရှင်မိတ်ဆွေကိုလည်း တတ်နိုင်သမျှ ပေးကမ်းထောက်ပံ့ခဲ့၏။ ကျွန်တော်၏အကြံမှာ ကျွန်တော့်လက်ထဲတွင် ရှိနေသော ငွေကို မည်ကဲ့သို့ ပြုလုပ်ရမည်။ ကျွန်တော်၏ဘဝကို မည်ကဲ့သို့ ဆက်လက်ဖန်တီးရမည်ဟူသော အချက် ၂-ချက်သာ ကျွန်တော်၏ စိတ်ထဲတွင် စွဲလျက်ရှိနေတော့၏။

ကျွန်တော့်မှာ မိမရှိ ဖမရှိ "တစ်ကောင်ကြွက်" ဖြစ်သည့်ပြင် အသိဉာဏ်အတော်အသင့်ရှိသော ကားမောင်းသမား လူကြမ်း တစ်ယောက်ဖြစ်၏။ လူတစ်ဖက်သားကို ကူညီလိုသော စိတ်ရှိ၏။ စွန့်စွန့်စားစား လုပ်ကိုင်လိုသော စိတ်ရှိ၏။ သို့နှင့် ကျွန်တော်လည်း တစ်ညတွင် အိမ်ရှေ့ဝရန်တာသို့ ထွက်ကာ ရွက်ဖျင်ကုလားထိုင် တစ်ချပ်ပေါ်တွင် စီးကရက်တစ်လိပ်ကို ခဲရင်း...

"အင်း ဒီလိုဆိုရင် တိုင်းပြည်အတွက် ငါဘာဖြစ်လို့ စစ်မှုမထမ်း

နိုင်ရသလဲ... တိုင်းပြည်ရန်သူတစ်ယောက်ရဲ့အသက်ကို ငါ့အသက်နဲ့ ဘာကြောင့်မလဲနိုင်ရသလဲ၊ အကြံရပြီ၊ အကြံရပြီ.... နက်ဖြန်ပဲ ဝင်မယ်" ဟု စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်တော့၏။

သို့နှင့် နောက်တစ်နေ့တွင် ငွေငါးသောင်းကို ကျွန်တော်၏ အိုစာ မင်းစာအတွက်.... ဘဏ်၌ အပ်ပြီးလျှင် ငွေလေးသောင်းကို ရန်ကုန်ဆေးရုံကြီးသို့ ကျွန်တော်၏အမည်ကို မဖော်ဘဲ လှူဒါန်းလိုက်လေသည်။

မန္တလေးတွင် ပညာသင်ကြားလျက်ရှိနေသော ကျွန်တော်၏ ချစ်သူထံ သင့်လျော်ရုံမျှ အကျိုးအကြောင်း စာရေး၍ မန်နီအော်ဒါ ဖြင့်ငွေ ၂၀၀၀ိ– ပို့လိုက်၏။

ထို့နောက် လွန်ခဲ့သော ၂–နှစ်ခန့်က မေမြို့တွင် အတော် ရင်းရင်းနှီးနှီးသိခဲ့သော ဗိုလ်ကြီးတစ်ဦး၏ အကူအညီဖြင့် မြန်မာပြည် ကြီး၏ သားကောင်းရတနာတစ်ယောက်အဖြစ် ခံယူကာ လက်မှတ် ရေးထိုးလိုက်လေသည်။

အထက်ပါ ကျွန်တော်၏ အတ္ထုပ္ပတ္တိကို ပြန်ပြောင်းရေးသား သောအခါ ကျွန်တော့်မှာ "တပ်ကြပ်ကြီး" ရာထူးကို ပင် ရရှိနေပါပြီ။

မိုးအောင်

× × × × , ×



# ကြောက်စရာကြောင်ကြီး

ကျွန်ုပ် "မာရှယ်ကင်း" သည် အင်္ဂလန်နိုင်ငံ "ဆောက်သာတန်" နယ်စားအမတ်ကြီး "လော့ဒ်ဆောက်သာတန်" ၏ တူအရင်းဖြစ်၍၊ ကျွန်ုပ်၏ဖခင်မှာ အမတ်ကြီး၏ ညီအရင်းဖြစ်လေသည်။ ကျွန်ုပ်၏ ဖခင်သည်၊ ကျွန်ုပ်အား တစ်သက်တွင် မဆင်းရဲနိုင်တော့ပြီဟု မှတ် ယူကာ မည်သည့် အလုပ်အကိုင်တွင်မျှ အတည်တကျ နေရာချထား ခြင်း ပြုလုပ်မပေးခဲ့ပေ။ သူအထင်ကြီးမည်ဆိုကလည်း ကြီးလောက် ပါပေ၏။ အဘယ်ကြောင့်ဆိုသော် သူ၏အစ်ကို "လော့ဒ်ဆောက်တန်" သည် လူပျိုကြီးဖြစ်၍ အသက်အရွယ်လည်း ကြီးရင့်ပြီးဖြစ်ရာ သူ သေဆုံးက ကျန်ရစ်ခဲ့သော အဖိုးအမြောက်အမြား ထိုက်တန်လှသည့် အိုးအိမ်လယ်ယာခြံမြေပစ္စည်းများကို ကျွန်ုပ်၏ဘခင်တစ်ယောက် တည်း ရမည်ဖြစ်၏။ အကယ်၍ ကျွန်ုပ်၏ဖခင်မရှိခဲ့သော် သူ၏ တစ်ဦးတည်းသားဖြစ်သူ၊ ကျွန်ုပ်တစ်ယောက်တည်းသာ ဦးကြီး၏ အမွေကို ဆက်ခံရမည် ဖြစ်၏။

ထိုအတွင်း ကျွန်ုပ်ဖခင်မှာ မမျှော်လင့်ဘဲ ရုတ်တရက်သေဆုံးသွားရာ၊ ကျွန်ုပ်မှာ အလုပ်အကိုင်မဲ့ လူတစ်ယောက်အဖြစ်ဖြင့်၊ ကျန်ရစ်ခဲ့လေသည်။ ဦးကြီး၏မြောက်မြားလှစွာသော အမွေမှာ ဦးကြီးသေဆုံးသောအခါမှ ရမည်ဖြစ်ရကား ကျွန်ုပ်၏လက်ငင်း အခြေအနေမှာ အတော်ပင် ဆိုးရွားလျက်၊ မိမိဂုဏ်သိက္ခာနှင့် လိုက်ဖက်အောင် နေထိုင်ရန်လည်း ဝင်ငွေဟူ၍ တစ်စုံတစ်ရာ မရှိခဲ့ချေ။ သို့နှင့် ကျွန်ုပ်မှာ ပိုလိုရိုက်ခြင်း၊ ယုန်လိုက်ခြင်း၊ ခိုပစ်ခြင်းအလုပ်တို့နှင့် အချိန်လွန်ခဲ့သည်။ မှန်ကန်သော ဝင်ငွေမရှိဘဲ မိမိ၏ဂုဏ်သိက္ခာကို စောင့်ရှောက်နေရသည့်အတိုင်း ကျွန်ုပ်မှာ တစ်စတစ်စ ကြွေးမြီများပင် တင်လာခဲ့သည်။ ဤအတိုင်းသွားပါမူ ကျွန်ုပ်ကား တစ်နေ့တွင် ပျက်စီးရပေတော့မည်။

ကျွန်ုပ်၏ဆွေမျိုးညာတိများမှာ စားနိုင်သောက်နိုင်သော လူကုံထံများ ဖြစ်သော်လည်း ကျွန်ုပ်သည် မည်သူ့ကိုမျှ ချဉ်းကပ်ခြင်းမရှိခဲ့ချေ။ ၎င်းတို့အနက် ကျွန်ုပ်နှင့် အရင်းချာဆုံးမှာ "အဲဗရက်-ကင်း" ဆိုသူဖြစ်၍ ကျွန်ုပ်ဖခင်၏ တူအရင်းဖြစ်လေသည်။ ကျွန်ုပ်နှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်၏။ ၎င်းမှာ တောင်အမေရိကတိုက်၊ ဗရာဇီးနယ်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ဖူး၍ အင်္ဂလန်သို့ ပြန်၍ ရောက်ခဲ့သည်မှာ တစ်နှစ်သာသာမျှသာ ရှိသေး၏။ ပစ္စည်းဥစ္စာလည်း ကုံလုံကြွယ်ဝ၍ "မာရှာ" မြစ်ကမ်းဘေးရှိ "ဂရေလန်" ခေါ် ခြံကြီးတစ်ခြံကို ဝယ်ယူကာ အေးမြချမ်းသာစွာ နေခဲ့၏။ ပထမနှစ် ကုန်လွန်သည့်တိုင်အောင် သူသည် ကျွန်ုပ်အား တစ်စုံတစ်ရာ အသိအမှတ်မပြုဘဲနေခဲ့ရာ ကျွန်ုပ်ကလည်း ခပ်အေးအေးပင် နေထိုင်ခဲ့လေသည်။

သို့သော် ပထမနှစ်ကုန်လွန်၍၊ နွေဦးပေါက် တစ်နေ့သောနံနက်ခင်းတွင် ၎င်းထံမှ စာတစ်စောင်ရရှိရာ၊ ထိုစာမှာ ကျွန်ုပ်အား

Future Time Idea Group



ဂရေလန်ခြံကြီးသို့ အလည်အပတ် လာရောက်စေလိုကြောင်း တတ်နိုင်က ရက်အတန်ကြာနေစေလိုကြောင်း ဖိတ်ကြားသောစာ ဖြစ်ရကား ကျွန်ုပ်မှာ ဤကဲ့သို့အခြေအနေမျိုး၌ ဤမမျှော်လင့်သော စာမျိုး ရသည်ကိုပင် အထူးကျေးဇူးတင် ဝမ်းမြောက်မိတော့၏။ ထိုစာမှာ ကျွန်ုပ်အား ပျက်စီးတော့မည့် ဆဲဆဲဘဝမှ ကယ်တင်မည့်စာပင် ဖြစ်သည်ဟု ယုံကြည်မိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ၎င်းအစ်ကိုတစ်ဝမ်းကွဲအား ကျွန်ုပ်၏အခြေအနေကို ပြောပြက သူသည် လျစ်လျူရှု၍ နေလိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်အား မေတ္တာမရှိ စေကာမူ "လော့ဒ်ဆောက်သာတန်" အဆက်အနွယ်၏ မျိုးရိုးဂုဏ်ကို စောင့်စည်းသောအားဖြင့် ကျွန်ုပ်အား မုချကြည့်ပေလိမ့်မည်။ သို့နှင့် ထိုနေ့ညနေ၌ ကျွန်ုပ်လည်း အဝတ်အစားအနည်းငယ်ကို ကျွန်ုပ်၏ဘဏ္ဍာစိုးအား သားရေအိတ်တစ်လုံးတွင် ထည့်စေ၍ မာရှာမြစ်ကမ်းပေါ်ရှိ "ဂရေလန်" ခြံကြီးရှိရာ "ကလစ်ပတန်" ရွာသို့ မီးရထားဖြင့် လိုက်ပါလာခဲ့လေ၏။

"အစ်စဝစ်" မြို့တွင် မီးရထားပြောင်း၍ စီးရပြီးနောက် လော်ကယ်ရထားလေးသည် မြစ်ကမ်းဘေးတွင် မြက်တောကြီးများထူထပ်ပေါများလှသော ကလစ်ပတန် ဘူတာရုံကလေးတွင် ကျွန်ုပ်အား နောက်ဆုံးချထားခဲ့လေ၏။ ဘူတာရုံကလေးမှာ ခရီးသွားများနည်းပါးလှ၍ ခြောက်သွေ့လျက်ရှိ၏။ တစ်စုံတစ်ယောက်မျှ ကျွန်ုပ်အားလာရောက် ကြိုဆိုခြင်းလည်း မရှိသဖြင့် ကျွန်ုပ်ပို့လိုက်သောကြေးနန်းမှာ နောက်ကျနေပြီလောဟု အောက်မေ့မိ၏။ သို့နှင့် ကျွန်ုပ်သည် ဟိုတယ်ကလေးတစ်ခုမှ ဒေါက်ကပ်ရထားတစ်စီးကို ငှားရမ်းပြီးလျှင် ဂရေလန်ခြံကြီးသို့သွားလေ၏။ ကျွန်ုပ်ငှားရမ်းသော ဒေါက်ကပ် မောင်းသမားမှာ အတော်စကားရှင်သော လူတစ်ယောက်

Future Time Idea Group

ဖြစ်၍ ကျွန်ုပ်က "အဲဗရတ်-ကင်း" ၏အကြောင်းကို အနည်းငယ်မျှ တီးခေါက်ကြည့်သည်တွင် ၎င်းမှာ ပစ္စည်းဥစ္စာချမ်းသာရုံမျှမက၊ အလှူ အတန်းတွင် အလွန်ရက်ရောသူ တစ်ယောက်ဖြစ်ကြောင်း၊ သဘော သကာယလည်း အလွန်ကောင်းသဖြင့် သူ၏ခြံကြီးတွင် ကျောင်းသား ကလေးများအား လွတ်လပ်စွာ သွားလာကစားခွင့်ပင် ပေးထား ကြောင်း၊ ရွာတွင် အလွန်ဩဇာတိက္ကမနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်ကြောင်းနှင့် စကားကို ဖောင်လောက်အောင် ပြောကြားလျက် ရှိလေ၏။ သို့ရှိစဉ် အလွန်လှပသော ငှက်တစ်ကောင်သည် ကြေးနန်း တိုင်ပေါ်၌ လာ၍နားသဖြင့် ပထမ၌ ကျွန်ုပ်မှာ ထိုငှက်ကို ဖွတ်ကုလား ငှက်ဟု ထင်မှတ်မိ၏။ သို့သော် ဒေါက်ကလပ်မောင်းသမား မေးသော အခါ ၎င်းက ထိုငှက်မှာ ဖွတ်ကုလားငှက် မဟုတ်ပဲ ဂရေလန်ခြံထဲတွင် ကျွန်ုပ်၏ အစ်ကိုတော်မွေးထားသော အမေရိကန်ငှက်မျိုးထဲက ဖြစ်ကြောင်း၊ "အဲဗရတ်-ကင်း" သည် တောင်အမေရိကမှ ငှက် အမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုးများကို အင်္ဂလန်၌မွေးမြူရန် သူ၏ ဝါသနာအလျောက် ယူဆောင်လာခဲ့ကြောင်းဖြင့် ထပ်လောင်း ပြောကြားလေ၏။ ခြံဝသို့ သွားရာလမ်းကြား အကွေ့ကလေးကို လှည့်၍ ဒေါက်ကပ်ကို မောင်းသွားမိသောအခါ ကျွန်ုပ်လည်း ခြံကြီး ထဲတွင် သံကွန်ချာများ ကာရံမွေးမြူထားသည့် အပြောက်အပြောက် ရှိသော ဒရယ်များ၊ ဝက်တစ်မျိုး၊ တွား၍ သွားသော သင်းခွေချပ်များ၊ ကျားသစ်ကလေးတစ်ကောင် စသည်တို့ကို မြင်ရသဖြင့် တောင် အမေရိကမှ ကျွန်ုပ်အစ်ကိုယူခဲ့သော အကောင်များ ဖြစ်သည်ကို ကောင်းစွာ သိရှိရတော့၏။





ကျွန်ုပ်နှင့်မသိသေးသော ကျွန်ုပ်၏အစ်ကိုတစ်ဝမ်းကွဲ "မစ္စတာ အဲဗရတ်ကင်း" သည် ခြံကြီးအလယ် တိုက်လှေကားထစ်များ ပေါ်တွင် ရပ်နေ၍ ဒေါက်ကပ်နှင့်လာသူမှာ ကျွန်ုပ်ဖြစ်ကြောင်း ခန့်မှန်း ရိပ်မိဟန် ရှိလေသည်။ လူပုံလူပန်းမှာ ခပ်ပုပုနှင့် "ဂင်တို" ဖြစ်ပြီးလျှင် ဝိုင်းစက်သောမျက်နှာရှိ၍ သူ၏မျက်နှာမှာ အေးချမ်းငြိမ်သက်ခြင်း၊ မေတ္တာတရားရှေ့ထားတတ်ခြင်း၊ အသွင်အပြင်များရှိလေသည်။ အရွယ်အားဖြင့် ၄၅နှစ်ခန့်ရှိပြီဟု ခန့်မှန်းရပြီးလျှင် နေလောင်သော သူ၏ မျက်နှာမှာ အတွန့်အလိပ်ကလေးများဖြင့် ပြည့်လျက်ရှိ၏။ အင်္ကျီဖြူ ဘောင်းဘီဖြူကိုဝတ်ကာ ကောက်ရိုးဦးထုပ်အဖြူလည်း ဆောင်းထားသဖြင့် အပူပိုင်းဒေသမှ ပကတိခြံသမားတစ်ယောက်နှင့် တူလှပေ၏။ တိုက်ကလေးမှာ ဘန်ကလိုနှင့် ခပ်ဆင်ဆင်တူပြီးလျှင် ဝရန်တာများ ဆောင်ကူးများ၊ ဆင်ဝင်များဖြင့် အင်္ဂလိပ်အိမ်မျိုး ဆောက် ထားသည်။

ဒေါက်ကပ်ဆိုက်သည်နှင့်တစ်ပြိုင်နက် သူသည် တိုက်အတွင်း ဘက်သို့ လှည့်လိုက်ပြီးလျှင် "အချစ်ရေ- မောဒီမှာ တို့များ ဧည့်သည် ရောက်လာပြီဟေ့... လာဟေ့.. လာ.. ငါ့ညီ မာရှယ်ကင်း-ငါ့ညီ တစ်ဝမ်းကွဲ" ဟု အားပါးတရ ဟစ်အော် နှုတ်ဆက်လိုက်လေ၏။ သို့ရှိစဉ် အရပ်မြင့်၍ အသားမည်းသော မိန်းမတစ်ယောက်သည် ခန်းမ ဆီးကို မကာ တံခါးပေါက်မှ ထွက်လာ၍ ကျွန်ုပ်အား နှုတ်ဆက်ရာ ၎င်းမှာ "အဲဗရတ်" ၏ဇနီးပင်ဖြစ်ဟန် လက္ခဏာ ရှိလေသည်။ အဲဗရတ်သည် တောင်အမေရိကတိုက် ဗရာဇီနယ်မှ တိုင်းရင်းသူ မိန်းမတစ်ယောက်ကို လက်ထပ်ယူလာသည်ဟု ကြားသိရဖူး၏။ မိန်းမ၏မျက်နှာမှာ ယောကျ်ားက မိတ်ဆက်ပေးသဖြင့်သာ ကျွန်ုပ်အား

နှုတ်ဆက်ခေါ်ငင်ရသော်လည်း စိတ်ထဲကမူ ကျွန်ုပ် ရောက်လာသည်ကို မနှစ်သက်လှကြောင်း ၎င်း၏မျက်နှာတွင် တစ်မျိုးတစ်ဖုံ ပေါ်လွင်လျက်ရှိသည်ဟု ကျွန်ုပ်ထင်မိ၏။

သို့သော် ကျွန်ုပ်၏ကိစ္စမှာ အစ်ကိုတစ်ဝမ်းကွဲအား တွေ့ဆုံနှုတ်ဆက်ရန်လာခြင်းထက် ကျွန်ုပ်၏ကြွေးမြီများနှင့် ကျွန်ုပ်၏ ရှေ့ရေးကို စီစဉ်ရန်လာခြင်းက ပို၍များသဖြင့် မိန်းမကပင် အေးစက်စက်နိုင်စေကာမူ အစ်ကို၏မျက်နှာကို အားထားကာ နေရပေတော့မည်။ ကျွန်ုပ်အား ပေးထားသည့်အခန်းမှာ တစ်စုံတစ်ရာ လိုလေသေးမရှိဘဲ အဲဗရတ်သည် ကျွန်ုပ်၏ ပခုံးကိုပုတ်ကာ မည်သည့်အရာမျိုးမဆိုသူတတ်နိုင်က ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း စိတ်ထဲတွင် အလိုရှိသမျှကို မကွယ်မဝှက်ဘဲ ဖွင့်၍ပြောပါမည့်အကြောင်းနှင့် ဖွင့်လှစ် ပြောဆိုလေ၏။ ထိုအခါ ကျွန်ုပ်လည်း ကြွေးမြီများ ကျွန်ုပ်အပေါ်တွင်တင်ရှိနေပြီဖြစ်၍ တတ်နိုင်သမျှ ငွေကြေးချေးငှားထောက်ပံ့ပါမည့်အကြောင်း ပြောရန်စကားများသည် နှုတ်ခမ်းဖျားသို့ ရောက်လုဆဲဆဲတွင်မှ များစွာ အကျွမ်းတဝင်မဖြစ်သေးမီ ပြော၍မသင့်လျော်သေးကြောင်း စဉ်းစားမိသည်နှင့် ရပ်လိုက်ရ၏။

ညစာမှာလည်း အလွန်ခမ်းနား စုံစေ့လှပေ၏။ ညစာစားသောက်ပြီးနောက် ကျွန်ုပ်တို့သည် ကော်ဖီကို "ဟာဗနာ" ဆေးပြင်းလိပ်များနှင့် မီးရင်း အတော်ညဉ့်နက်သည်တိုင်အောင် စကား ပြောဆိုလျက်ရှိကြ၏။ ထိုအခါမှ ဒေါက်ကပ်မောင်းသမား ပြောသော ချီးကျူးစကားများမှာ ဤမျှလောက် သဘောပြည့်ဝသူ တစ်ယောက်အတွက်မပိုကြောင်းတွေ့ရတော့၏။





သို့- သဘောပြည့်ဝသော်လည်း အဲဗရတ်မှာ တဇွတ်ထိုးလုပ်တတ်၍ ခက်ထန်သော စိတ်ရှိလေသည်၊ ထိုအကြောင်းကို နောက်တစ်နေ့နံနက်၌ပင် ကျွန်ုပ်သိရတော့၏။ ၎င်း၏ဇနီး ဗရာဇီအမျိုးသမီးအသားနက်မသည် ကျွန်ုပ်လာရောက်နေထိုင်ခြင်းကို အလျဉ်းပင်မကြိုက်ကြောင်း ထင်ရှားသည်ထက် ထင်ရှား၍လာတော့၏။ နံနက်စာစားပွဲ၌ပင် သူသည် ကျွန်ုပ်အပေါ်၌ မျက်နှာတင်းတင်းထားလျက်ရှိသဖြင့် အဲဗရတ်သည် စားသောက်ပြီးသည်နှင့် တစ်ပြိုင်နက် အခန်းပြင်သို့ ထွက်သွားလေ၏။ ထိုအခါ အသားနက်မက ကျွန်ုပ်အား....

"ပြန်ဖို့ အကောင်းဆုံးရထားကတော့ ၁၂နာရီ ၁၅မိနစ်မှာရှိတယ်"

"ဒါပေမဲ့- ကျွန်တော်က ဒီကနေ့ပြန်မယ်လို့ စိတ်မကူးသေးဘူး"

"ဒါတော့- ရှင့်သဘောလေ"

"သွားဖို့ အချိန်တန်တော့ အစ်ကိုကြီးက ပြောလိမ့်မပေါ့၊ ခင်ဗျားပြောစရာ မဟုတ်ပါဘူး"

ထိုအခါ၌ ကျွန်ုပ်၏အစ်ကို အဲဗရတ်သည် အခန်းတွင်းသို့ ရောက်လာပြီဖြစ်၍...

"ဘာပြောတယ်ကွယ့်.... သူက မင်းကို ဘာပြောလိုက်တယ်"

(ဟန်ဆောင်လျက်) "ဘာမှမဟုတ်ပါဘူး... အစ်ကိုကြီးရဲ့ မီးရထားအချိန်အကြောင်း ပြောနေတာပါ"

ထိုအခါ၌ အဲဗရတ်၏ မျက်နှာမှာ ဒေါသဖြင့် နီမြန်းလာလျက်သူ၏ မျက်လုံးများသည်လည်း ရက်စက်ကြမ်းကြုတ်မှု တစ်ခုကိုပြအံ့ဆဲဆဲကဲ့သို့ အရောင်တောက်လျက်ရှိလေ၏။

"ငါကြားလိုက်ပါတယ်ကွယ်... ဟော့... မာရှယ်... အပြင်ဥယျာဉ်ထဲ ခဏလိုက်ခဲ့စမ်းဟော့... မင်းကိုငါပြောစရာရှိတယ်"

"ဟုတ်ကဲ့ -အစ်ကိုကြီး"

ထိုအတွင်း၌ အဲဗရတ်သည် တံခါးကိုစေ့၍ထားပြီးလျှင် သူ့မိန်းမအား တီးတိုးရေရွတ် ပြောဆိုနေသံကိုကြားရ၏။ ကျွန်ုပ်အပေါ်တွင် သူ့၏မိန်းမက အိမ်သည်တို့ ဝတ္တရားပျက်ကွက်သည်ကို သိသွားသဖြင့် သူ၏စိတ်ကိုထိခိုက်သွားဟန်ရှိ၏။ ထို့နောက်ကျွန်ုပ်လည်း ဥယျာဉ်အတွင်း မြက်ခင်းပေါ်မှ စောင့်ဆိုင်းလျက်ရှိရာ တစ်ခဏမျှအကြာတွင် နောက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ "အသားနက်မ" နှင့် ရင်ဆိုင်မိတော့၏။ ကျွန်ုပ်၏ရှေ့တည့်တည့်သို့ ရောက်သောအခါ သူသည် မျက်လွှာကိုချလျက်....

"ကျွန်မယောကျ်ားက ရှင့်ကို တောင်းပန်ဖို့ခိုင်းလို့ ကျွန်မလာခဲ့တာပါ၊ မစ္စတာ-မာရှယ်ကင်း"

"တောင်းပန်နေဖို့မလိုပါဘူး... မစ္စက်ကင်း.... ကျွန်တော်ဘယ်လိုမှ မအောက်မေ့ပါဘူးဗျာ"

ထိုအခါမိန်းမ၏ မျက်လုံးများသည် ကျွန်ုပ်အား စူးစူးစိုက်စိုက်ကြည့်နေပြီးနောက်...

"လူမိုက်"ဟု တစ်ခွန်းတည်းပြောပြီးလျှင် ချာခနဲ လှည့်၍သွားလေသည်။

ထိုအခါမှ ကျွန်ုပ်လည်း မိန်းမအား ငါက တရိုတသေ ပြန်၍ပြောပါလျက် ဤကဲ့သို့ စော်ကားသော စကားမျိုးကို ပြောရပါမည်လောဟု လက်သီးဆုပ်ကာ အံကြိတ်လျက် ကျန်ရစ်ခဲ့လေ၏။ သို့ရှိစဉ် ကျွန်ုပ်၏ အစ်ကိုအဲဗရတ်သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာရာ





၎င်း၏ မျက်နှာမှာ နီမြန်းခြင်း ခက်ထန်ခြင်းများ တစ်ခါတည်းပျောက်ကွယ် သွားပြီးနောက် လှိုင်းတံပိုးများ ငြိမ်သက်သွားသည့်ရေမျက်နှာပြင်ကဲ့သို့ တည်ငြိမ်ရွှင်ပြုံးကာ ရှိနေတော့သည်။

(ရတ်) "အစ်ကိုကြီး မိန်းမက မင်းကိုလာပြီး တောင်းပန်တယ်-မဟုတ်လား"

(ကျွန်ုပ်) "ဟုတ်ကဲ့- တောင်းပန်ပါတယ်"

သူသည် ကျွန်ုပ်၏ပခုံးကိုဖက်ကာ မြက်ခင်းပေါ်တွင် လူးလာပြန်ခေါက် လမ်းလျှောက်လျက် ရှိလေသည်။

"ငါ့ညီ- ဘယ်လိုမှ သဘောမထားနဲ့နော်- မင်းစိတ်အနှောင့်အယှက်ဖြစ်တယ်ဆိုရင် အစ်ကိုကြီး စိတ်မချမ်းသာဘူးကွယ့်- ပြီးတော့ တို့ညီအစ်ကိုချင်းဆိုတာ ဘာမှ ဖုံးကွယ်နေစရာ မရှိဘူး- မိန်းမဆိုတာ ဒီလိုပဲ ဝန်တိုတတ်တာမျိုးပေါ့ညီရယ်- သူနဲ့အစ်ကိုကြီးကြားမှာ ဝင်လာရင် ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် သူ့စိတ်ထဲမှာ မုန်းတော့တာပဲ၊ သူက အစ်ကိုကြီးနဲ့ နှစ်ယောက်တည်း ပင်လယ်ထဲက လူမရှိတဲ့ ကျွန်းကလေးပေါ်နေချင်တဲ့ မိန်းမမျိုးပေါ့- ဒီဟာလဲ အမှန်တော့ စိတ်ရောဂါတစ်မျိုးပေါ့ကွယ်- အရူးတစ်မျိုးပဲ ဆိုကြပါစို့ရဲ့.. ငါ့ညီ စိတ်မရှိနဲ့နော်- စိတ်မဆိုးဘူး မဟုတ်လား ပြောပါဦးကွယ့် အစ်ကိုကြီးကို....."

"အို...မဟုတ်တာ အစ်ကိုကြီးကလဲ- ကျွန်တော်စိတ်မဆိုးပါဘူး"

"အေးကွယ်.. ကောင်းပါလေရဲ့- ဟောဒီမှာ... ဆေးလိပ်သောက်ဦး.. လာဟော့ စိတ်ပြေလက်ပျောက် အစ်ကိုမွေးထားတဲ့ တိရစ္ဆာန်ကလေးတွေ သွားကြည့်ကြရအောင်"

သို့နှင့် ထိုနေ့တစ်ညနေလုံး– တိရစ္ဆာန်များ ငှက်များကို ကြည့်ရှုခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့ရာ အဲဗရတ်ယူခဲ့သည့် အထဲတွင် မြွေများပင် ပါဝင်ကြောင်း သိရှိရလေသည်။ ၎င်းတို့မှာ အချို့ကို အလွတ်ထားပြီး အချို့ကို သံဇကာများဖြင့် ကာ၍ထားပြီးလျှင် အချို့လဲ လှောင်ချိုင့်များတွင်သွင်းထား၏။ အဲဗရတ်သည် သူ၏ ပစ္စည်းဥစ္စာရှာဖွေပုံများ၊ စွန့်စားခဲ့ပုံများ၊ စီးပွားပျက်ခဲ့ပုံများကို အားပါးတရ ပြောပြ၏။ သို့ပြောရင်း လမ်းလျှောက်သွားစဉ် ထူးဆန်းသော ငှက်တစ်ကောင်တလေသည် ကျွန်ုပ်တို့ ဦးခေါင်းပေါ်မှ ပျံသန်း၍ ထူးဆန်းသောတိရစ္ဆာန်အချို့လည်း ချောင်ကြိုချောင်ကြားတွင် တစ်နေရာမှတစ်နေရာသို့ ဖြတ်သန်းသွားသည်ကို တစ်ခါတစ်ရံ မြင်လိုက်ရသည်။ နောက်ဆုံး၌ သူသည် ကျွန်ုပ်အား အိမ်၏အစွန်းတစ်ဘက်မှ အုတ်လမ်းကလေးတစ်လျှောက်သို့ ခေါ်သွားလေ၏။ လမ်းကလေးဆုံးသောအခါ အလွန်ထူထဲသော တံခါးကြီးတစ်ခုကို တွေ့ရ၍ တံခါးမှာ နံဘေးမှ ဆွဲရသော ဆွဲတံခါးတစ်ခုဖြစ်ပြီးလျှင် ၎င်းနံဘေးတွင် အုတ်နံရံမှ အပြင်သို့ ထိုးထွက်လျက်ရှိသော လက်ကိုင်တစ်ခုသည် ဘီးကြီးတစ်လုံးကို ကြိုးဖြင့် ရစ်ပတ်လျက်ရှိသည်။ သံတိုင်တန်း တစ်ခုသည်ကား အုတ်နံရံနှင့် ကပ်လျက်ရှိလေသည်။

"အခုမင်းကို ခေါ်လာတာ အစ်ကိုကြီး စုဆောင်းလာတဲ့အထဲက အဖိုးအတန်ဆုံးအကောင်ကို ပြမယ်ကွယ့်၊ ဥရောပတိုက်တစ်တိုက်လုံးမှာ သူ့အမျိုးထဲက တစ်ကောင်တည်းကျန်တယ်၊ ဗရာဇီကြောင်ဆိုတာပေါ့ကွယ်"

"ဒီပြင်ကြောင်မျိုးနဲ့ ဘယ်လိုများထူးလို့လဲ အစ်ကိုကြီးရဲ့"

"မင်းမြင်တော့ သိရလိမ့်မပေါ့ကွယ်... ဟို.... ဟိုတံခါးရှင်ကို





နည်းနည်းလေး ဆွဲလိုက်စမ်း"

ကျွန်ုပ်လည်း တံခါးကိုဆွဲလိုက်၍ အတန်ငယ်ဟ၍ သွားသည်တွင် အတွင်းသို့ကြည့်လိုက်ရာ အတော်အတန် ကျယ်ဝန်းသော အခန်းလွတ်ကြီးတစ်ခုကို တွေ့မြင်ရလေ၏။ အခန်းမှာ ကျောက်ပြားချပ်များခင်းထားပြီး အခြားနံရံဘက်တွင် သံတိုင်များ စိုက်ထားသော ပြတင်းပေါက်ကလေးတစ်ခုလည်းရှိ၏။ အခန်း၏အလယ်လောက်ဆီ၌ နေရောင်ထိုးလျက်ရှိသောနေရာတွင် ကျားလောက်ရှိသော သတ္တဝါကြီးတစ်ကောင်သည် စန့်စန့်ကြီး ဝပ်လျက်ရှိ၏။ သို့သော် အမွေးရောင်မှာ "အက်ဗိုနီ" ခေါ် သစ်နက်သားကဲ့သို့ မည်းနက် တောက်ပြောင်လျက်ရှိလေသည်။ အဆမတန်ကြီးမား၍ ကြောက်မက်ဖွယ်ကောင်းသော ကြောင်ကြီးပါပေတည်း။ ၎င်းသည် ကြောင်ကဲ့သို့တွန့်လိမ်ကာ နေရောင်တွင် နေစာလှုံလျက်ရှိနေရာ ကြောင်ဟုပင်ဆိုရသော်လည်း အလွန်ကြီး၍ သန်မာခက်ထန်လှဟန်ရှိ၏။ ကျွန်ုပ်သည် ထိုထူးဆန်းလှသော သတ္တဝါကြီးမှ မျက်လုံးများကို ခွာမရနိုင်အောင် ရှိတော့၏။

"ဘယ်နှယ်လဲမာရှယ်–မလှဘူးလားကွယ့်"

"လှပါပေ့ အစ်ကိုကြီးရယ်– ကြီးလိုက်တာလဲမပြောနဲ့တော့– ကြောင်သာဆိုရတယ်– ကျားလောက်ရှိနေတာပဲအစ်ကိုကြီးရဲ့"

"တချို့ကတော့ သူ့ကို အမေရိကန်သစ်နက်လို့ခေါ်ကြတယ်၊ သစ်နက် မဟုတ်ပါဘူးကွယ်၊ ကြောင်မျိုးပါပဲ၊ ဒီအကောင်ကနှာခေါင်းက အမြီးဖျားအထိ ၁၀ပေရှိတယ်ကွယ့်၊ လွန်ခဲ့တဲ့(၄)နှစ်လောက်တုန်းကတော့ ဘောလုံးအနက်ကလေးတစ်လုံးလောက်ပဲ ရှိသေးတယ်၊ မျက်လုံးဝါကလေးနှစ်လုံးနဲ့ ချစ်စရာကလေးပေါ့၊ အဲဒီအချိန်ကတည်းက

အစ်ကိုကြီးဝယ်ယူလိုက်တယ်၊ သူ့အဖေနဲ့အမေဟာ ကိုက်စားပစ်တာချည်း၊ သူ့လို အကောင်မျိုး ၁၀–ကောင်ထက် မနည်းဘူးတဲ့"

"ဒါဖြင့် အသားစားမျိုးပေါ့"

"အေး... အသားစားပြီးကြမ်းကြုတ်ရက်စက်တဲ့ နေရာမှာတော့ ဘယ်အကောင်မှ မမီဘူး၊ အာဖရိကလူရိုင်းတွေတောင် ဗရာဇီကြောင်လို့ပြောလိုက်ရင် နေရာက ထခုန်တယ်၊ လူသားကို သူတို့ အကြိုက်ဆုံး ပေါ့၊ နို့ပေမဲ့ ဒီအကောင်ကတော့ လူသားကို မစားဖူးသေးပါဘူးကွယ်၊ စားလိုက်ရရင်တော့– သူထက်ကြောက်စရာကောင်းတဲ့သတ္တဝါ မရှိ တော့ဘူး၊ အခုလဲ ဒီအကောင်က ဘယ်သူ့မှ အကိုင်ခံတာမဟုတ်ဘူး၊ အစ်ကိုကြီးတစ်ယောက်တည်း ကိုင်ဝံ့တယ်၊ သူ့ကို အစာကျွေးနေကျ ဘော်လဒွင်တောင် အနားမကပ်ဝံ့ဘူး၊ အစ်ကိုကြီးကတော့ သူ့အဖေ အမေဖြစ်နေပါပြီ"

သို့ပြောဆိုပြီးနောက် "အဲဗရတ်" သည် တံခါးကို ဖွင့်ပြီးလျှင် အခန်းတွင်းသို့ ဝင်သွားပြီးနောက် တံခါးကို ပြန်၍ ပိတ်ခဲ့လေသည်။ လူသံကြားသည်နှင့် ကြောင်ကြီးသည် ရပ်လိုက်ပြီးနောက်တစ်ချက်မျှ သန်းဝေလိုက်ပြီးလျှင် ဦးခေါင်းကို လည်ပြန်လှည့်ကာ သူ၏ နံဘေးကို လျှာနီကြီးဖြင့် လျက်လေ၏။ အဲဗရတ်သည် ကြောင်ကြီး၏ကျောကို ယုယစွာ ပွတ်သပ်လျက်... .

"ကိုင်း... တွမ်မီ... လှောင်အိမ်ထဲဝင်ပေတော့– သွား.. သွား" ဟု ပြောလိုက်ရာ ကြောင်ကြီးသည် သံကွန်ချာအမိုးအောက်ဆီသို့ တွား၍ သွားပြီးနောက် ဝပ်နေလေသည်။ ထိုအခါ အဲဗရတ်သည် အပြင်သို့ ထွက်ခဲ့ပြီးနောက် ယခင်က ကျွန်ုပ်ပြောခဲ့သော အုတ်နံရံမှ လက်ကိုင်ကို လှည့်လိုက်ရာ သံတံခါးသည် အခန်းတွင်းသို့ နံဘေး





ပေါက်မှ တဖြည်းဖြည်းဝင်လာပြီးလျှင် ရှေ့မှသံတိုင်များ ကာရံထားသည့် လှောင်အိမ်သဖွယ် ဖြစ်သွားလေသည်။ သို့နှင့် နေသားတကျ ရှိသောအခါ သူသည် ကျွန်ုပ်အား အခန်းထဲသို့ ဝင်ခဲ့ရန် ပြောသဖြင့် ကျွန်ုပ်လည်း ဝင်၍လိုက်သွားရာ အခန်းတွင်း၌မူ အသားစားသတ္တဝါဖြစ်သည့် ကျားများ၊ ခြင်္သေ့များ အနံ့ကဲ့သို့ ညှီဟောက်သော အနံ့မျိုး ရရှိလေသည်။

"အဲဒါက သူ့လှောင်အိမ်ပေါ့ကွယ့်၊ နေ့ခင်းမှာ သံတံခါးဖွင့်ပေး အပြင်ခန်းမှာ အညောင်းအညာပြေအောင် အနေခိုင်းပြီး လှောင်အိမ်ထဲပြန်သွင်းတယ်၊ အုတ်နံရံကြားထဲက သံတံခါးကို မြင်တဲ့အတိုင်း အပြင်ကနေပြီး လက်ကိုင်တပ်ထားတဲ့ စက်သီးကို လှည့်လိုက်တော့ လှောင်အိမ် ဖြစ်သွားတာပေါ့... မလုပ်နဲ့ဟေ့ငါ့ညီ... မလုပ်နဲ့.. မလုပ်နဲ့"

ကျွန်ုပ်က လှောင်ချိုင့်အပြင်မှနေ၍ ၎င်း၏ကျောကို ပွတ်သပ်မည်ဟု လက်သွင်းလိုက်သည်တွင် အဲဗရတ်သည် ကျွန်ုပ်၏လက်ကို ရုတ်တရက်ပြန်၍ ဆွဲလိုက်ပြီးလျှင် မျက်နှာထားနှင့်ပြောလိုက်လေသည်။

"ဒီအကောင်က စိတ်မချရဘူးကွယ့်... ငါလုပ်သလို လုပ်လို့မင်း ရမယ်မထင်နဲ့... ငါတစ်ယောက်တည်း ခံတဲ့အကောင်.. ဟောသူ့အစာ ကျွေးဖို့ လာနေပြီထင်တယ်"

ထိုအချိန်တွင် အုတ်လမ်းကလေးပေါ်မှ ခြေသံကြားလေရာ ကြောင်ကြီးသည် ရှေ့လက်နှစ်ဖက်ကို မြှောက်ကာ ခုန်ပေါက်လိုက်ပြီးနောက် သံချိုင့်ထဲတွင် လူးလားပြန်ခေါက် လျင်မြန်စွာ လျှောက်လျက် ရှိလေ၏။ ၎င်း၏မျက်လုံးဝါကြီးများမှာလည်း မီးထွက်လု မတတ် တဝင်းဝင်းပြောင်လက်လျက် ၎င်း၏လျှာနီကြီးသည်လည်း

ဖြူဖွေးသော အစွယ်များကြားမှ တလျားလျားထွက်လျက်ရှိလေ၏။ မြင်းထိန်းသမားသည် ထိုအချိန်၌ အသားတုံးတင်ထားသော ဗျပ်တစ်ခုကိုကိုင်ကာ တံခါးမှဝင်လာပြီးလျှင် ဗျပ်ကို လှောင်ချိုင့်အောက်မှ ထိုးသွင်း ပေးလေရာ ကြောင်ကြီးသည် အသားတုံးပေါ်သို့ ဖြည်းညင်းစွာ ခုန်၍ အုပ်လိုက်ပြီးနောက် သူဝပ်၍နေသော ချောင်တစ်ခုသို့ ယူသွားလေ၏။ ထို့နောက် ရှေ့လက်နှစ်ဖက်ဖြင့်အုပ်ပြီးလျှင် ဖဲ့ရွဲ့ဝါးမျိုလေရာ သွေးစများ ပေကျံလျက်ရှိသော နှုတ်သီးကြီးကို ကျွန်ုပ်တို့ရှိရာသို့ အနံ့ခံသည့်သဘောဖြင့် မကြာမကြာ ထောင်လျက်ရှိလေသည်။ ၎င်းစားသောက်ပုံကို ကြည့်ရှုံမှုနှင့်ပင် ကြောင်ကြီးမှာ ထူးထူးခြားခြား ကြောက်မက်ဖွယ် ကောင်းလှချေ၏။

ထို့နောက်ကျွန်ုပ်တို့လည်း ရှေ့တံခါးကို ပြန်၍ပိတ်ပြီးလျှင် ထွက်လာခဲ့ကြရာ လမ်းတွင် အဲဗရတ်က ...

"အစ်ကိုကြီးတော့ ဒီအကောင်ကြီးကို အချစ်ဆုံးပဲ၊ ဒါကြောင့်လဲ သည့်လောက် ငွေကုန်ကျခံ ဒုက္ခအမျိုးမျိုးခံပြီးတောင် အမေရိကအလယ်ပိုင်းက ဒီထိအောင်သယ်လာခဲ့တာပေါ့ကွယ်... တိရစ္ဆာန်ရုံကတော့ ဒီအကောင်ကိုမြင်ကတည်းက လိုချင်လိုက်တာ မပြောနဲ့တော့ဟေ့- ဒါပေမဲ့ ဒီအကောင်ကိုတော့ သူတို့ဘယ်လောက်ပေးပေး အစ်ကိုကြီးမရောင်းဘူး.. ခင်လဲနေတာကိုကွယ့်... ကိုင်းတိရစ္ဆာန်တွေကြည့်ရတာတော်လောက်ပါပြီ.. တွမ်မီ ညစာစားတာမြင်ရတာနဲ့ အစ်ကိုကြီးဖြင့် ဆာတောင်လာပြီ– လာ.. လာ ညစာစားခန်း သွားကြစို့..."

× × × × ×





ကျွန်ုပ်သည် အစ်ကိုတော် အဲဗရတ်အိမ်၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိစဉ်အတွင်း ထူးခြားသောအချက်တစ်ခုမှာ သူ့ထံသို့ ကြေးနန်းစာများ တစ်နေ့ လျှင် ၃စောင် ၄စောင်မျှ နေ့စဉ်ရောက်လာခြင်း ဖြစ်လေသည်။ ထိုကြေးနန်းများမှာ နေ့ညမရွေး အချိန်အခါမရွေး ရောက်လာတတ်ရာ ထိုအခါမျိုး၌ အဲဗရတ်သည် ကြေးနန်းများကို ကိုယ်တိုင်ဖွင့်၍ ဖတ်ပြီးလျှင် သူ၏မျက်နှာမှာလည်း အလွန်စိတ်အား ထက်သန်သည့် မျက်နှာထားမျိုး ရှိနေတတ်၏။ သို့နှင့် ထိုကြေးနန်းများမှာ မြင်းပွဲမှသော်လည်းကောင်း၊ အစုရှယ်ယာများ ဈေးအတက်အကျကစားသော အလုပ်ရုံမှသော်လည်းကောင်း ဖြစ်တန်ရာ၏ဟု ကျွန်ုပ်တွေးမိ၏။ ကြေးနန်းများမှာ တစ်ခါတစ်ရံ သုံးလေးစောင်မျှမကဘဲ (၇)စောင် (၈)စောင်အထိပင် ရောက်လာတတ်လေသည်။

(၆)ရက်ကြာမျှနေမိသောအခါ ကျွန်ုပ်လည်း သူနှင့်အတော်ပင်အကျွမ်းတဝင်ရှိနေခဲ့လေပြီ။ ကျွန်ုပ်တို့သည် ညစဉ်လိုပင် ဘီလက်ယက်အခန်း၌ အချိန်ညဉ့်နက်သည့်တိုင်အောင် စကားစမြည်ပြောဆို နေတတ်ကြ၏။ တောင်မေရိကတွင် သူတွေ့ကြုံခဲ့သည့်သူ၏ စွန့်စားကြံစည်ခဲ့ပုံများကို စီကာပတ်ကုံး ပြောပြလျက်ရှိရာ ကျွန်ုပ်မှာ ထိုအဖြစ်အပျက်များကို သူကဲ့သို့ သဘောပြည့်ဝ၍ ယဉ်ကျေးသိမ်မွေ့သူတစ်ယောက်နှင့် ဆက်စပ်၍မရနိုင်အောင်ပင် ရှိတော့သည်။ ကျွန်ုပ်ကလည်း လန်ဒန်တွင် လောလောဆယ် ဖြစ်ပျက်နေသည့်အကြောင်းနှင့် ကျွန်ုပ်၏ဘဝကို ဆက်စပ်၍ပြောရ၏။ ဤတွင် ကျွန်ုပ်မှာ အခွင့်အရေးရပြီဖြစ်၍ ငွေကြေးနှင့်ပတ်သက်၍ ကျွန်ုပ်မှာမည်ကဲ့သို့ ကျပ်တည်းနေကြောင်း၊ သို့ဖြစ်၍ အကြံဉာဏ်များပေးပါမည့်အကြောင်းကို လမ်းခင်း၍ ပြောလေ၏။ ထိုအခါ အဲဗရတ်သည် ဆေးပြင်းလိပ်ကြီးကို

ခဲကာ စိတ်အားထက်သန်စွာ နားထောင်နေပြီးနောက်....

"နို့ပေမဲ့ ငါ့ညီအမွေခံတစ်ယောက်မဟုတ်ဘူးလားကွယ့်။ ဦးကြီး လော့ဆောက်သာတန်သေရင်၊ ငါ့ညီက သူဌေးဖြစ်မှာပဲ"

"ဟုတ်ကဲ့ ဆိုပါတော့ အစ်ကိုကြီးရယ်၊ ဒါပေမဲ့ သူအသက်ရှိတုန်း ကျွန်တော့်ကို တစ်ပြားတစ်ချပ်မှ မထောက်တာက ခက်တယ်"

"ဒီလူကြီးက အင်မတန်ကပ်စေးနှဲတဲ့ လူကြီးတစ်ယောက်ပဲကွယ်... အသိသားပဲ။ ဒါထက် အဘိုးကြီးအကြောင်းကော ဘယ်လိုကြားသလဲ"

"သူ့ရောဂါကတော့ ဒီလိုပါပဲခင်ဗျာ၊ သေမလိုလိုဖြစ်တာ ကျွန်တော် ငယ်ငယ်ကလေး ကတည်းကပါပဲ"

"အင်း ဒါလဲ ဟုတ်တာပဲ၊ အခုလိုဆိုယင် ငါ့ညီနဲ့ အမွေဝေးသေးတယ် ဆိုပါတော့၊ ဒီလိုဆိုယင်ငါ့ညီလဲ အတော်ကျပ်တာပဲ"

"အမွေရမှာတော့ အမှန်ပဲ အစ်ကိုကြီးရယ်၊ ဒါပေမဲ့ သူမသေခင် ကျွန်တော်ငတ်နေတာက ခက်တယ် အစ်ကိုကြီးရဲ့၊ ဒါကြောင့် ကျွန်တော်ရဲ့ မျှော်လင့်ချက်ကို ထောက်ထားပြီး အခုကျွန်တော့်ကို ငွေနည်းနည်းပါးပါးလောက်..."

(စကားမဆုံးမီ) "တော်ပါကွယ် နောက်ထပ် မပြောပါနဲ့တော့၊ အစ်ကိုကြီးသိပါတယ်၊ ဒီနေ့ည အပြီးစီစဉ်တာပေါ့... တတ်နိုင်သလောက် မင်းကို ကြည့်ရှုမယ်လို့ အစ်ကိုကြီးပြောပြီးပြီမဟုတ်လား"

ထိုအခါ– ဤအိမ်မှ ကျွန်ုပ်ထွက်သွားရမည့်အချိန်မှာ နီးကပ်လာလေပြီဟု၊ ကျွန်ုပ်ဝမ်းမြောက်မိ၏။ အဘယ်ကြောင့်ဆိုသော် အစ်ကိုကပင် ကောင်းသော်လည်း သူစိမ်းဖြစ်သူမရီးမှာ အိမ်တွင်ကျွန်ုပ်ရှိနေသည်ကို အမြဲမရှုစိမ့်သဖြင့် ဤအိမ်မှ မြန်မြန်ထွက်ရလေလေ





ကောင်းလေလေ ဖြစ်တော့၏။ ကျွန်ုပ်အစ်ကို၏ မျက်နှာသာမရှိခဲ့ပါမူ ကျွန်ုပ်အား အိမ်မှပြောင်ပြောင်ကြီးနှင်ချမည့် မိန်းမတစ်ယောက်ပေတည်း။ ကျွန်ုပ်အစ်ကိုနှင့် စကားပြောရ၍သော ထိုနေ့ထွက်မသွားဖြစ်ဘဲ ရှိနေခဲ့မလသည်။

ညဉ့်အတော်နက်သောအခါမှ အဲဗရတ်သည် သူ၏ စာကြည့်ခန်း တံခါးကို ခါတိုင်းကဲ့သို့ သော့ခတ်ခဲ့ပြီးလျှင် ကျွန်ုပ်ရှိရာ ဘိလိယက်ခန်း ထဲသို့ လာလေ၏။ ထိုနေ့မှာ ခါတိုင်းနေ့ထက် ကြေးနန်းစာများ ရသောနေ့ဖြစ်၍၊ ညနေစောင်းတွင် အတော်အလုပ်ရှုပ်နေဟန် ရှိလေသည်။ သူသည် ညဉ့်ဝတ်အင်္ကျီရှည်ကြီးကို ဝတ်ထား၍ ကျားသစ်ရေ ကျားပါးစပ်ဖိနပ်ပျော့ကလေးကို စီးထားလေသည်။ ပက်လက် ကုလားထိုင်တစ်လုံးပေါ်တွင် ကိုယ်ကို သက်သာစွာ ပစ်လှဲလိုက်ပြီးနောက် အဲဗရတ်သည် ဝီစကီတစ်ခွက်ကို ခပ်မြန်မြန်သောက်ချ လိုက်လေ၏။

"ညကဖြင့် လေတွေလဲ တယ်ထန်ပါကလား"

တိုက်တံခါးအပြင်တွင် လေသံများသည် အတော် ပြင်းထန်လျက် မှန်ပြတင်းများပင် ကွဲထွက်လုမတတ်ရှိလေ၏။ စားပွဲပေါ်၌ တင်ထားသည့် ဆေးလိပ်ညှိသော မီးအိမ်ကလေးပင် လေပြင်း၏ အရှိန်ဖြင့် တဟုပ်ဟုပ်ဖြစ်နေ၏။

"ကိုင်း ... ငါ့ညီ မင်းအဖြစ်အပျက်တွေပြောစမ်းပါဦး၊ မင်းနဲ့ငါနဲ့ချည်းနှစ်ယောက်တည်း ရှိတယ်မဟုတ်လား၊ အသေးစိတ်ကစပြီး အစ်ကိုကြီးကို အကုန်ပြောပြစမ်း..."

ကျွန်ုပ်မှာအားတက်လာသဖြင့် ကျွန်ုပ်အပေါ်တွင် ကြွေးမြီများ မည်သို့တင်ရှိပုံ ကြွေးရှင်များက မည်ကဲ့သို့ကြပ်ကြပ် တည်းတည်း

တောင်းခံလျက်ရှိပုံ၊ မိဘဆွေမျိုးဂုဏ်နှင့်တကွ မိမိဂုဏ်သိက္ခာကို စောင့်စည်းလျက် အခြေမပျက်ဟန်လုပ်နေရပုံ စသည်ထို့ကို နားဝင်လောက်အောင် ခရေစေ့တွင်းကျ ပြောပြလျက်ရှိလေ၏။ သို့သော် အဲဗရတ်မှာပထမ၌ ကျွန်ုပ်စကားများကို နားထောင်ဟန်ရှိသော်လည်း မကြာမီသူ၏စိတ်သည်တခြားတနေရာသို့ ရောက်သွားနေသည့်အလား "ဘာကွယ့် ထပ်ပြောစမ်းပါဦး" ဟူ၍လည်းကောင်း၊ "သည်ထက် စုံစုံလင်လင်ပြောစမ်းပါဦးကွယ်" ဟူ၍လည်းကောင်း၊ မကြာမကြာပြောလျက်ရှိလေ၏။ အကြွေးများကို အသေးစိတ်မေးသဖြင့်လည်း ကျွန်ုပ်က အရေအတွက်နှင့်တကွ ပြောပြရလေသည်။

(ရတ်) "အစ်ကိုကြီးက အတွက်အချက်မှာ သိပ်မကျွမ်းကျင်ဘူးကွယ့်၊ ဒီတော့ မင်းအပေါ်မှာရှိတဲ့ အကြွေးတွေ စာရင်းလုပ်ပြပါးစပ်က ပြောတာထက် အဖြူအမည်းနဲ့ မြင်ရရင် သာပြီး သေချာတာပေါ့"

ကျွန်ုပ်၏ဘဝခရီးကား ဖြောင့်ဖြောင့်တန်းတန်းရှိပေတော့မည်။ သို့နှင့်ကျွန်ုပ်က စာရင်းအင်းများ ပြုလုပ်ပြပါမည့်အကြောင်းနှင့် ဝန်ခံလိုက်လေ၏။ ထိုအချိန်၌ကား တိုင်ကပ်နာရီကြီးမှ တစ်နာရီထိုးသံကိုကြားရလေရာ၊ အိမ်သားများမှာလည်း အိပ်ရာသို့ဝင်ကြပြီဖြစ်၍တစ်အိမ်လုံး တိတ်ဆိတ်လျက်ရှိလေသည်။ အပြင်မှ လေမှာမူတိုက်ခိုက်ဆဲပင် ရှိနေသေး၏။

(ရတ်) "တစ်နာရီတောင်ထိုးသွားပါပြီကော၊ အိပ်ကြဖို့ အချိန်တန်ပြီမာရှယ်။ ဟာ- မအိပ်ခင် တွမ်မီသွားပြီးကြည့်အုံးမှပဲ၊ လေတိုက်ရင် ဒီအကောင်က ကြောက်တတ်တယ်ကွယ့်၊ လာလိုက်မလား"

"လိုက်တာပေါ့ အစ်ကိုကြီးရယ်..."





ကျွန်ုပ်တို့သည် မီးအိမ်ကြီးထွန်းထားသော အလယ်ခန်းမဆောင်ကြီးကိုဖြတ်၍ အုတ်လမ်းကလေးတစ်လျှောက်မှ ဖြည်းညင်းစွာလာခဲ့ကြလေ၏၊ အုတ်လမ်းကလေးမှာ မှောင်နှင့်မည်းမည်းရှိနေသဖြင့် အဲဗရတ်သည် မြင်းဇောင်းမှ မီးအိမ်ကိုယူပြီးလျှင် ခဲယဉ်းစွာထွန်းညှိ၍ ယူခဲ့လေ၏။ နံရံအနီးသို့ ရောက်သောအခါ အပြင်တွင်သံတိုင်များကို မမြင်ရသည်နှင့် ကြောင်ကြီးသည် လှောင်အိမ်တွင်း၌ရှိနေကြောင်း သိရလေသည်။

"လာ...အထဲကိုဝင်ရအောင်"

သူသည် တံခါးကို ဖွင့်လိုက်သဖြင့် ကျွန်ုပ်တို့လည်း အထဲသို့ဝင်သွားကြလေ၏။

တွမ်မီသည် အတော်ကျယ်လောင်စွာ ဟိန်းလိုက်သဖြင့် အပြင်မှမုန်တိုင်းကြောင့် ကြောင်ကြီးမှာ လန့်ဖျပ်၍နေကြောင်း ထင်ရှား၏။ သံတိုင်များ၏နောက်၌ကား အမည်းပုံကြီးတစ်ခုကို ဖယောင်းတိုင်မီးအိမ်ကလေး၏ အလင်းရောင်တွင် မထင်မရှား မြင်ရလေရာ ၎င်း၏မည်းနက်သောအရိပ်ကြီးသည်လည်း နံရံအဖြူပေါ်တွင် ထင်လျက်ရှိလေသည်။ အမြီးကြီးသည်လည်း မြက်ခြောက်များပေါ်တွင် တဖုတ်ဖုတ်ရိုက်ခတ် လျက်ရှိသဖြင့် တွမ်မီမှာ အတော်ပင် စိတ်ခက်ထန်လျက်ရှိကြောင်း သိရ၏။

အဲဗရတ်သည် မီးအိမ်ကိုမြှောက်၍ ကြည့်ပြီးနောက် "တွမ်မီခါတိုင်းနဲ့ မတူဘူးဟေ့၊ စိတ်ဆိုးနေတယ်၊ ငါ့ညီကြည့်စမ်း ဒီအကောင်ကြီးကို စိတ်ပြေအောင် အစာနည်းနည်းတော့ ကျွေးပေးဦးမှထင်တယ်...၊ ဒီမီးအိမ်ကလေး ခဏကိုင်ထားစမ်းပါဦးကွယ်"

ကျွန်ုပ်သည် သူ့လက်မှ မီးအိမ်ကိုယူလိုက်ရာ အဲဗရတ်သည်

တံခါးရှိရာသို့ သွားလေ၏။

"သူ့စားခွက်က အပြင်ရောက်နေတာကိုးကွယ့်၊ အစ်ကိုကြီး သွားယူလိုက်ဦးမယ်၊ ခဏကလေးနော် ငါ့ညီ"

အဲဗရတ်သည် အပြင်သို့ထွက်သွားပြီးနောက် တံခါးကို "ဂျိုင်း" ခနဲပိတ်လိုက်လေ၏။

ဂျိုင်းခနဲ တံခါးသံကြားလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။ တစ်ကိုယ်လုံးကြက်သီးများ ထကာ ကျွန်ုပ်လည်းတုန်လှုပ်၍သွားလျက်၊ ကျွန်ုပ်အား မကောင်းကြံလေဖြီ လောဟုပင် တွေးမိလေသည်။ သို့နှင့်ကျွန်ုပ်သည် တံခါးဆီသို့ ပြေးသွားရာ တံခါးမှာ အတွင်းဘက်၌ လက်ကိုင်မရှိချေ၊ အပြင်မှဖွင့်ရသော တံခါးဖြစ်လေသည်။

"အစ်ကိုကြီး.. လာလေ ဘာလုပ်တာလဲ"

"နေပါကွယ်– ဘာမှလုပ်တာမဟုတ်ပါဘူး၊ သိပ်မအော်နဲ့ ကွယ့်၊ ဘာကြောက်စရာရှိလဲ မင့်မှ ၁မီးအိမ်အရှိသားပဲ"

"မီးအိမ်တော့ရှိတာပေါ့ အစ်ကိုကြီးရဲ့၊ ဒါပေမဲ့ ကျွန်တော်ချည်း တစ်ယောက်တည်း၊ ဘာဖြစ်လို့ သော့ခတ်ထားရတာလဲ.. အစ်ကို ကြီးရယ်..."

"ဟား.. ဟား.. ဟား... မင်းချည်း တစ်ယောက်တည်း မဟုတ် စေရပါဘူးကွယ်.. စိတ်ချပါ"

"ကျွန်တော်ထွက်ပါရစေ... အစ်ကိုကြီးရယ်... ကျွန်တော့ကို ဒီလို မကျီစားပါနဲ့."

"ဟာ... ကျီစားတာမှ မဟုတ်ဘဲ"

"ဖွင့်.. အစ်ကိုကြီး... ဖွင့်ပါဗျ"





သူသည် နောက်ထပ်တစ်ကြိမ် ရယ်မောလိုက်ပြီးနောက် လေသံများအကြားထဲမှပင် ဘီးနှင့်လက်ကိုင်လှည့်သော အသံကို ကြားရလေ၏။ ၎င်းနှင့်အတူ သံတံခါးရွေ့သံကိုလည်း ကြားရလေရာ သူသည် အပြင်မှနေ၍ သံလှောင်ချိုင့်ကို ဖွင့်လျက်ရှိနေလေပြီ။

× × × × ×

ကျွန်ုပ်မျက်စိရှေ့၌ပင် လှောင်ချိုင့်ရှိ သံတံခါးသည် တရွေ့ ရွေ့ပွင့်၍လာသည်ကို မှန်အိမ်မီးရောင်ဖြင့် မြင်ရလေရာ တစ်ဘက်တွင် တစ်ပေခန့်မျှ အပေါက်ဖြစ်၍သွားလေပြီ၊ ကျွန်ုပ်သည် ဟာစ်အော် လိုက်ကာ အရူးတစ်ယောက်ကဲ့သို့ သံတံခါးအဆုံးကို ပြေး၍ဆွဲလေ သည်။

အမှန်လည်း ကျွန်ုပ်သည် ဒေါသထွက်ခြင်း ကြောက်လန့်ခြင်း တို့ဖြင့် ရူးသွပ်၍နေလေပြီ၊ တစ်မိနစ်ခန့်မျှ ကျွန်ုပ်သည် သံတိုင်များကို အပြင်သို့ဆွဲမထုတ်နိုင်အောင် ဆွဲထားနိုင်သေး၏။ အဲဗရတ်ကား အပြင်မှနေ၍ လက်ကိုင်ကို တအားကုန်လှည့်လျက်ရှိရာ ဘီး၏အရှိန်ကို ကျွန်ုပ်၏အင်အားသည် တာရှည်ခံနိုင်မည်မဟုတ်ပေ၊ ကျောက်ပြား ပေါ်တွင် ကုတ်၍ထားသော ကျွန်ုပ်၏ခြေများသည် တစ်လက်မထက် တစ်လက်မ တရွေ့ရွေ့ပါလျက်ရှိလေ၏။ သို့ရှိနေစဉ်အတွင်း ကျွန်ုပ် ပါးစပ်မှလည်း ရက်စက်သော လူမှုသမာအား အမျိုးမျိုးဟာစ်အော် တောင်းပန်လျက်ရှိ၏။ မရသောအခါ ဆဲဆိုရေရွတ်မိ၏။ ကျွန်ုပ်မှာ ညီတော်စပ်ရုံမျှမက သူ၏အိမ်တွင် တည်းခိုနေသည့် ဧည့်သည် တစ်ယောက်မျှသာဖြစ်ကြောင်းနှင့် တောင်းပန်၏။ သို့သော် အဲဗရတ် မှာ တခိခိ ရယ်မောကာ၊ လက်ကိုင်ဘီးကိုသာ အစွမ်းကုန် လှည့်လျက် ရှိလေ၏။ သို့နှင့် ကျွန်ုပ်၏ အားအင်တို့မှာ ဘီး၏အရှိန်ကို မခံနိုင်

တော့သည် ဖြစ်ရကား လှောင်ချိုင့်ပွင့်သွားသည်အထိ နောက်ဆုံး သံတိုင်ကို တွယ်ကပ်ကုတ်ဖဲ့ကာ ကျွန်ုပ်မှာ အော်ရင်းဟစ်ရင်း ပါ၍ သွားတော့၏။ သို့နှင့် ကျွန်ုပ်၏ခြေနှင့်လက်များသည်လည်း ပွန်းပဲ့ ကုန်ပြီဖြစ်၍ ကျွန်ုပ်သည် နောက်ဆုံး၌ လက်လျှော့လိုက်ရတော့သည်။ ထိုခဏ၌ အုတ်လမ်းတစ်လျှောက်သို့ နင်း၍သွားသော အဲဗရတ်၏ ဖိနပ်သံများကို နောက်ဆုံးကြားလိုက်ရပြီးလျှင် ပတ်ဝန်းကျင်တစ်ခုလုံး မှာ ငြိမ်သက်လျက် ရှိတော့၏။

ထိုအချိန်အထိ ကြောင်ကြီးသည် တစ်စုံတစ်ရာ မလှုပ်ယှက် သေးဘဲ ထောင့်တစ်ထောင့်တွင် အမြီးကြီးကိုကုပ်ကာ ဝပ်လျက်ပင် ရှိနေသေး၏။ ၎င်းသည် လှောင်ချိုင့်ရှေ့ပိုင်းတွင် လူတစ်ယောက်လုံး တရွေ့ရွေ့ပါသွားသည်ကို အံ့သြ၍ နေဟန်ရှိ၏။ ၎င်း၏မျက်လုံး များသည် ကျွန်ုပ်အားစိုက်ကြည့်လျက်ရှိ၏။ သံတိုင်များကို သွား၍ဆွဲ ထားစဉ်က ကျွန်ုပ်သည်ကျောက်ပြားကြမ်းခင်းပေါ်တွင် မီးအိမ်ကို ချခဲ့ရာ မီးအိမ်သည် မီးလင်းလျက်ပင် ရှိနေသေးသဖြင့် မီးရောင်သည် ကျွန်ုပ်အား တစ်နည်းတစ်လမ်း ကာကွယ်နိုင်မည်အထင်နှင့် ကျွန်ုပ် သည် မီးအိမ်ကိုသွား၍ ယူမည်ပြုလေ၏။ သို့သော် ကျွန်ုပ်လှုပ်ရှား လိုက်သည်နှင့် တစ်ပြိုင်နက် ကြောင်ကြီးသည် ပါးစပ်ကိုဖြဲကာ တစ်ချက်မျှ ဟိန်းလိုက်၏။ သို့နှင့် ကျွန်ုပ်လည်း ရပ်လိုက်လေရာ ကျွန်ုပ်၏တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်လျက် ရှိနေ၏။ ကြောင် ကြီးကား ကျွန်ုပ်နှင့် ၁၀ပေထက် ပို၍မဝေးချေ။ ၎င်း၏မျက်လုံးကြီး ၂လုံးမှာ အမှောင်ထဲတွင် မီးပွင့်ကလေးနှစ်ပွင့်ကဲ့သို့ တောက်ပလျက် ရှိနေရာ ၎င်းတို့သည် ကျွန်ုပ်အားညှို့၍ ထားဘိသကဲ့သို့ ကျွန်ုပ်၏ မျက်လုံးများကိုပင် ၎င်းမှခွာ၍မရချေ။ ထိုအလင်းရောင်ကလေးနှစ်ခု





သည် ဖျာဖြည်းဖြည်းဝေး၍သွားကာ မီးပွင့်ကလေးနှစ်ခုအရွယ်မျှသာ ကျန်ရှိနေရာမှ တစ်ခါတစ်ခါလည်း ကျယ်ပြန့်နီးကပ်၍လာပြီးလျှင်၊ အခန်းထောင့် တစ်ခုလုံးကို ဝင်းထိန်၍သွားစေသကဲ့သို့ ထင်မှတ် ရ၏။ ဤကဲ့သို့ အကျဉ်းအကျပ်ထဲ၌ပင် ဴသဘာဝတရားသည် လူတို့ ၏စိတ်ကို လှည့်ဖျား တတ်ပေ၏။ ထို့နောက်၎င်းသည် လုံးလုံး ပျောက်ကွယ် သွားလေ၏။

ကြောင်ကြီးသည် မျက်လုံးများကို မှိတ်လိုက်၏။ လူ၏ မျက်လုံးများသည် တိရစ္ဆာန်၏ မျက်လုံးများနှင့် ယှဉ်ပြိုင်သောအခါ လူ၏မျက်လုံးများက ပို၍ တန်ခိုးအာနိသင် ကြီးမား၍လေလော့။ သို့မဟုတ် ၎င်းသည် အိပ်ချင်ငိုက်မျဉ်းလျက် ရှိနေခြင်းကြောင့် ပေလော၊ အမှန်ကို ကျွန်ုပ် မသိရချေ။ သို့သော် ကြောင်ကြီးသည် ကျွန်ုပ်ကိုတိုက်ခိုက်ခြင်း မပြုဘဲ လက်နှစ်ဖက်ကိုရှေ့သို့ပစ်ကာ လက် ပေါ်တွင် ဦးခေါင်းကြီးကိုတင်လျက် အိပ်၍နေဟန်ရှိ၏။ ကျွန်ုပ် သည်လည်း ၎င်းလန့်နိုးမည်စိုးသဖြင့် တုတ်တုတ်မျှ မလှုပ်ဝံ့ချေ။ ဤသို့ဖြင့် ကျွန်ုပ်မှာ ဤကြောက်မက်ဖွယ်ကောင်းသော ကြောင်ကြီး နှင့် လှောင်ချိုင့်ထဲတွင် ပိတ်မိလျက်သား ရှိနေလေပြီ။ ကြောင်ကြီး သည်ကား ၎င်း၏သခင်ကဲ့သို့ ရက်စက် ကြမ်းကြုတ်၏။ ကျွန်ုပ်မှာ အခိုက်အတန့်အားဖြင့်သာ တိုက်ခိုက်ခြင်း မခံရသေးသော်လည်း တစ်ညဥ့်ပတ်လုံး ဤဘေးမှ လွတ်နိုင်ပါမည်လော၊ တံခါးကိုလည်း ဖွင့်၍ရမည်မဟုတ်၊ သံတိုင်များကိုလည်း အတွင်းသို့ဆွဲ၍ ရမည် မဟုတ်ချေ။ ကျောက်ပြားခင်း၍ထားသော အခန်းထဲတွင် အကာ အကွယ်ဟူ၍ လည်းမရှိချေ၊ ဟစ်အော်၍ အကူအညီတောင်းရန်လည်း မိုက်မဲသော အမှုကို ပြုခြင်းမျှသာ ဖြစ်ချေမည်။ အဘယ်ကြောင့်ဆိုသော်

လှောင်အိမ်ထားသောနေရာမှာ "အိမ်မ" နှင့် မဆက်သော အလွတ်သတ်သတ် အိမ်ကလေးတစ်ဆောင်ဖြစ်၍ အုတ်လမ်းကလေးပင် အနည်းဆုံး ပေ ၁၀၀ ထက်မနည်းရှည်ပေမည်။ ထို့ပြင် အပြင်၌လည်း မိုးကြိုးများ ထစ်ချုန်းကာ လေပြင်းရိုက်ခတ်လျက်ရှိသဖြင့် ဤကဲ့သို့ အချိန်မျိုး၌ မည်သူသည် ကျွန်ုပ်၏အော်သံကို ကြားနိုင်ပေမည်နည်း။ သို့ဖြစ်၍ ကျွန်ုပ်မှာ မိမိ၏သူရသတ္တိနှင့် အကြံဉာဏ်မှတစ်ပါး အခြားအားကိုးရန်မရှိချေ၊

မီးအိမ်ဘက်သို့ ကြည့်လိုက်သောအခါ ကျွန်ုပ်မှာသဆ၍ ပင် ကြောက်ရွံ့သွားမိတော့၏။ ဖယောင်းတိုင်မှာ အတိုကလေးမျှသာ ကျန်တော့သဖြင့် မီးတောက်သည် လှုပ်ရှားကာ ဖယောင်းများပင် အရည်ပျော်၍ ဆင်းနေလေပြီ၊ ဆယ်မိနစ်အတွင်း၌ငင်းသည်ငြိမ်းသွားတော့မည်ဖြစ်ရာ ကျွန်ုပ်မှာထိုသတ္တဝါကြီးနှင့်မှောင်ကြီးထဲတွင် ကျန်ရစ်ခဲ့ပေတော့မည်။ ထိုအကြောင်းကို စဉ်းစားမိရုံမျှနှင့်ပင် ကျွန်ုပ်၏ တစ်ကိုယ်လုံးမှာ အကြောများဆိုင်းသွားသကဲ့သို့ ဖြစ်သွားလေ၏။ သို့နှင့် ကျွန်ုပ်သည် ချမ်းသာရာရရန် နေရာရှာဖွေလျက်ရှိရာ နေရာတစ်ခုကိုကား တွေ့ရပါ၏၊ သို့သော် လုံးဝ စိတ်ချရသည် မဟုတ်ပေ၊

ကျွန်ုပ်ပြောသည့်အတိုင်း လှောင်အိမ်၏အမိုးသည် အသေဖြစ်၍ ရှေ့သံတိုင်တံခါးသည် အပြင်သို့ ရွှေ့လျားထွက်သွားသော်လည်း အပေါ်အမိုးမှာ မျက်နှာကျက်သဖွယ် ကျန်ရစ်ခဲ့၏။ ၎င်းမှာ သံချောင်းများကို လက်မအနည်းငယ်မျှ ခြားကာစီခင်းထားပြီးလျှင် အောက်မှလည်း သံဇကာကို ကပ်၍ထားသေး၏။ ထိုလှောင်ချိုင့် အမိုးနှင့် အပေါ်အုတ်နံရံကြားတွင် ၂ပေ၊ ၃ပေခန့် ကွက်လပ်ရှိနေရာ ထိုနေရာသို့သာ ကျွန်ုပ်ရောက်နိုင်ခဲ့ပါမူ အပေါ်မှလည်းကောင်း၊ နောက်မှ





လည်းကောင်း၊ ဘေးတစ်ဘက်တစ်ချက်မှလည်းကောင်း၊ အုတ်နံရံများရှိနေ၍ ကြောင်ကြီးသည် ရှေ့မျက်နှာတစ်ခုမှသာ ကျွန်ုပ်အားတိုက်ခိုက်နိုင်ပေတော့မည်။ ထိုနေရာမှာ ရှေ့မှ အကာအကွယ် မရှိသည်ကားမှန်၏၊ သို့သော် အနည်းဆုံး ကြောင်ကြီး လျှောက်သွားရာ လမ်းကြောင်းမှ လွတ်ကင်းပေ၏။ ကျွန်ုပ်ရှိရာသို့ ခုန်၍အုပ်ရန်မှာလည်း ၎င်းလုပ်နေကျ အလုပ်မဟုတ်ပေ၊ ထိုအချိန်တွင် ဖယောင်းတိုင်မီးကလေးမှာ ငြိမ်းတော့မည်ဖြစ်၍ ယခုမလုပ်ခဲ့သော် မည်သည့်အခါမျှ လုပ်နိုင်တော့မည် မဟုတ်ချေ။ သို့နှင့် ကျွန်ုပ်လည်း အရဲစွန့်ကာ မျက်နှာကြက်အစွန်းကို လက်ဖြင့်ခုန်၍ ဆွဲလိုက်ပြီးလျှင် အမိုးပေါ်သို့ တစ်ခါတည်း ဝမ်းလျားထိုးလိုက်လေ၏။ ထိုအခါ၌ကား ကျွန်ုပ်မှာ မှောက်လျက်သားရှိနေရုံမျှမက ကျွန်ုပ်မျက်နှာမှာ ကြောင်ကြီး၏ မျက်နှာတည့်တည့်ပေါ်တွင်ရှိနေ၍ ၎င်း၏ပါးစပ်မှထွက်သော ညှီဟောက်သည့် အနံ့များပင် ကျွန်ုပ်၏နှာခေါင်းထဲသို့ တစ်ခါတည်း တိုး၍ဝင်လာတော့၏။

ကြောင်ကြီးကား ကျွန်ုပ်၏ အပြုအမူကို ဒေါသထွက်ရမည့်အစား အံ့ဩနေသည့်ဟန်ဖြင့် ပထမကြည့်နေ၏။ ထို့နောက်ကျောကို ကုန်းကာ အညောင်းဆန့်လိုက်ပြီးနောက်၊ နောက်ခြေနှစ်ဖက်ကို ထောက်၍ ရှေ့လက်များကို နံရံဖြင့်ကပ်ထားပြီးလျှင် လက်ကြီးတစ်ဖက်ဖြင့် ကျွန်ုပ်၏အောက်မှသံဇကာကို ကုတ်ခြစ်လိုက်၏။ ထိုအခါက ကျွန်ုပ်မှာ များစွာမထူထဲလှသော ညနေခင်းကဝတ်ခဲ့သည့် အဝတ်အစားများရှိရာ ဘောင်းဘီတစ်ဖက်မှာ ကြောင်ကြီး၏ လက်သည်းထဲတွင် စုတ်ပြတ်ပါသွားရုံမက ကျွန်ုပ်၏ဒူးပေါ်၌ပင် လက်သည်းရာကြီးဖြစ်ကာ သွေးများထွက်၍လာလေ၏။ သို့ပြုလုပ်ခြင်းမှာ ၎င်းသည်

ကျွန်ုပ်အား အကယ်တိုက်ခြင်းမဟုတ်သေးဘဲ စမ်းသပ်၍ ကြည့်ခြင်းမျှသာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်က လန့်၍အော်လိုက်သည်နှင့်တစ်ပြိုင်နက် ၎င်းသည်ပေါ့ပါးစွာ ပြန်၍ခုန်ချလိုက်ပြီးနောက် အခန်းထဲတွင် လူးလာပြန်ခေါက် လျှောက်၍နေပြန်၏၊ ကျွန်ုပ်ရှိရာသို့လည်း မကြာခဏ မော်၍ကြည့်၏။ ကျွန်ုပ်မှာ နောက်သို့ ဆုတ်နိုင်သမျှ ဆုတ်ပြီးလျှင် ကိုယ်ကိုလည်း ကြုံ့နိုင်သမျှ ကြုံ့၍နေရ၏။

သို့သော် ၎င်းသည် လမ်းလျှောက်ရာ၌ ယခင်ကထက်မြန်ပြီးလျှင် မကြာခဏအခန်းကို လှည့်ပတ်လျှောက်နေရကား ယခင်ကထက် စိတ်ခက်ထန်လာပုံရ၏။ ထိုအချိန်၌ မီးအိမ်မှဖယောင်းတိုင်လေးမှာ ဖယောင်းရည်ပေါ်တွင် လက်သန်းဖျားခန့် မီးစာကလေးကိုသာ လောင်လျက်ရှိတော့သဖြင့် လင်းသည်ဆိုရုံမျှသာ ရှိတော့သည်၊ ထိုနောက် တစ်ချက်မျှ ဟုပ်ခနဲတောက်လိုက်ပြီးလျှင် တစ်ခါတည်း ငြိမ်း၍သွားလေရာ၊ ကျွန်ုပ်မှာ ကြောင်ကြီးနှင့်အတူ အမှောင်ထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်မှာ စောင့်၍ကြည့်နေရန်မှတစ်ပါး အခြားနည်းလမ်း မရှိချေ၊ အလုံခြုံဆုံးသောနေရာမှာလည်း ကျွန်ုပ်ရောက်နေသည့်နေရာမှလွဲ၍ မရှိချေ၊ သို့နှင့်ကြောင်ကြီးသည် ကျွန်ုပ်ရှိနေသည့်အဖြစ်ကို မေ့လျော့သွားစေရန် ကျွန်ုပ်သည် ကိုယ်ကိုကြုံ့နိုင်သမျှကြုံ့ပြီးလျှင် အသက်ကိုမျှ ကောင်းစွာ မရှူဝံ့ဘဲ ငြိမ်သက်စွာနေရ၏။ ကျွန်ုပ်၏ ခန့်မှန်းချက်အရ အချိန်၂နာရီထိုးမျှရှိပြီဖြစ်၍ ၄နာရီထိုးခဲ့သော် မိုးလင်းပေတော့မည်။ သို့ဖြစ်ရကား မိုးလင်းသည်အထိ ကျွန်ုပ်မှာ ၂နာရီကြာမျှ နေရပေဦးမည်။





အပြင်၌ကား လေရောမိုးပါ ပြင်းထန်စွာ တိုက်ခတ်ရွာသွန်းလျက်ရှိ၏။ အခန်းတွင်း၌မူ အသားနံ့ အပုပ်နံ့များဖြင့် ညှီဟောက်နံစော်လျက်ရှိ၏။ ထိုအချိန်၌ ကျွန်ုပ်သည် ကြောင်ကြီးကိုမြင်လည်း မမြင် အသံကိုလည်း မကြားရချေ၊ သို့နှင့် ကျွန်ုပ်သည် စိတ်ရောက်တတ်ရာရာ စဉ်းစားမိရန်အားထုတ်၏။ သို့သော် ကျွန်ုပ်၏ကြောက်မက်ဖွယ်ကောင်းသော အခြေသို့ ပြန်၍ ရောက်ရှိလာ၏။ ကျွန်ုပ်၏ အစ်ကိုတော်သည် ကောက်ကျစ်ယုတ်မာလှသောနည်းဖြင့် ကျွန်ုပ်အား ထောင်၍ဖမ်းခြင်းကိုလည်းကောင်း၊ ထိုမကောင်းမှုကို ပြုံးရယ်မောလျက်ရှိသော မျက်နှာဖုံးဖြင့် ဖုံးအုပ်ထားနိုင်သည်များကိုလည်းကောင်း စဉ်းစားမိ၏။ ကျွန်ုပ်အားကြောင်စာကျွေးပြီးနောက် ထိုအချိန်တွင် သူ၏ အိပ်ရာ၌ ထွေးထွေးနွေးနွေး အိပ်ပျော်နေလေပြီ။ နံနက်လင်း၍ ကျွန်ုပ်ကိုယ်မှ အရိုးစုနှင့် အသားအကြွင်းအကျန်များကို တွေ့ကာမူ ကျွန်ုပ်အလိုအလျောက် လှောင်အိမ်ကို မိုက်မဲစွာ လာရောက်ဖွင့်သဖြင့်သာ ဒုက္ခတွေ့ရသည်ဟု လူတိုင်းထင်ပေမည်၊ သူ့အပေါ်တွင် ရန့်မကင်းဖြစ်ကြစေကာမူ သူ့လက်ချက်နှင့် ကျွန်ုပ်သေရကြောင်း သက်သေပြရန် ထင်ရှားသောအချက်မရှိချေ။

သို့နှင့်တစ်စက္ကန့်ကို တစ်နာရီမျှလောက် ထင်ရသော အချိန်များသည် နှေးကွေးစွာ သွားလျက်ရှိလေ၏၊ တစ်ကြိမ်၌ တဖျပ်ဖျပ် အသံများကို ကြားလိုက်ရသဖြင့် ၎င်းသည် အမွေးများကို လျှာနှင့် လျက်ဟန်ရှိ၏၊ မကြာခဏပင် ၎င်း၏မျက်လုံးစိမ်းကြီးများကို မြင်လိုက်ရသော်လည်း ကျွန်ုပ်အားစူးစူးစိုက်စိုက်ကြည့်၍ မနေသဖြင့် ၎င်းသည် ကျွန်ုပ်ရှိသည့် အဖြစ်ကို မေ့၍ပင်နေလေပြီလောဟု အောက်မေ့မိ၏။ နောက်ဆုံး၌ လင်းသည်ဆိုရုံမျှလင်းသော အလင်းရောင်

ကလေးတစ်ခုသည် ပြတင်းပေါက်မှ တိုးဝင်လာရာ ထိုအခါ၌ငင်း၏ ပုံသဏ္ဌာန်ကို အတော်ကွဲပြားစွာ မြင်နိုင်လာ၍ ထိုနည်းတူငင်းကလည်း ကျွန်ုပ်ကို မြင်နိုင်မည်ဖြစ်၏။ နံနက်လင်းလုပြီဖြစ်၍ အတော်အတန် အေးလာသောကြောင့် ကြောင်ကြီးမှာ ယခင်ကထက် စိတ်ခက်ထန် လာဟန်ရှိ၏။ မကြာခဏ ဟိန်းဟောက်ပြီးလျှင် ယခင်ကထက် သွက်လက်စွာလှုပ်ရှားနေသဖြင့်လည်း ဆာလောင်မွတ်သိပ်ဟန်ရှိသည် ဟု ထင်ရ၏။ ငင်းသည် နှုတ်ခမ်းမွေးကြီးများကို ထောင်လျက် နှုတ်သီးကို အထက်သို့မော့၍ မကြာခဏ ဟိန်းဟောက်ကာ အမြီး ကိုလည်း တဖုတ်ဖုတ်ရိုက်ခတ်လျက်ရှိ၏။ ထိုအခါ၌ကား ငင်း၏ မျက်လုံးကြီးများသည် ကျွန်ုပ်ထံသို့ မကြာခဏ ရောက်လာလေပြီ။ ကျွန်ုပ်အား ယခင်ကထက် စူးစိုက်ကြည့်နေလေပြီ။ သို့နှင့် ကျွန်ုပ်၏ အချိန်ကား နီးကပ်လာလေပြီ။

အလွန်အေးချမ်းသောနံနက်ခင်း၌ ထိုကြောက်မက်ဖွယ်ကောင်း လှသောသတ္တဝါကြီး၏ အစွယ်များ လက်သည်းများကြားတွင် ရက်စက်စွာ ကုတ်ဖဲ့ကိုက်ဖြတ်ခြင်းခံ၍သေရမည့်အရေးကား တွေး၍ မကြည့်ဝံ့လောက်အောင် ရှိတော့၏။ သို့သော် ကျွန်ုပ်ကား နောက်ဆုံး အချိန်ထိ စိတ်ကိုမလျှော့သေးဘဲ လွတ်မြောက်ရာလွတ်မြောက်ကြောင်း နည်းလမ်းများကို ရှာဖွေလျက်ရှိ၏၊ ဖြစ်နိုင်လောက်သည့် အချက် တစ်ခုကားရှိ၏။ အကယ်၍သံတံခါးကိုသာ ပြန်၍ဆွဲယူနိုင်ပါက ကျွန်ုပ်က လှောင်အိမ်ထဲသို့ ရောက်ပြီးလျှင် ကြောင်ကြီးမှာအပြင်၌ ရှိနေပေတော့မည်၊ ကျွန်ုပ်သည် ထိုသံတိုင်များဖြင့် ပြုလုပ်ထားသည့် ဆွဲ တံခါးကို ဆွဲယူနိုင်ပါမည်လော၊ သို့နှင့်ပထမ၌ ကျွန်ုပ်သည် လက်ကို အပြင်သို့ တဖြည်းဖြည်းထုတ်ကာ နံရံကြားမှ ထိုးထွက်





နေသော သံတိုင်တံခါး၏ အစွန်းကို ဆုပ်ကိုင်ဆွဲယူကြည့်ရာ အတန် ငယ် ရွေ့လျားလာသည်ကို တွေ့ရလေ၏။ ကျွန်ုပ်သည် ထပ်၍ ဆွဲကြည့်ပြန်ရာ သံတံခါးသည် ၃လက်မခန့် ရွေ့လာ၏။ ဖွင့်သော အခါ စက်သီးတွင် သံကြိုးသည် ရစ်ပတ်သွားသကဲ့သို့ ပိတ်သောအခါ ၌လည်း ထိုစက်သီးမှ ပြန်၍ ပြေကျလာခြင်းဖြစ်လေသည်။

နောက်တစ်ကြိမ် ဆွဲလိုက်သည်နှင့်တစ်ပြိုင်နက် ကြောင်ကြီး သည် ကျွန်ုပ်အား ခုန်၍အုပ်လိုက်ရာ မြန်လွန်းလှသဖြင့် ငင်း၏မျက် လုံးကြီးနှစ်လုံးသည် ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်မိသောအခါမှ သိရ လေ၏။ ငင်း၏လျှာနီကြီးကိုလည်း ရဲခနဲမြင်လိုက်ရပြီးလျှင် နှုတ်သီး မှ ညှီဟောက်သောအနံ့ကိုလည်း ထောင်းခနဲ ရလိုက်လေသည်။ ကြောင်ကြီးသည် အရှိန်ဖြင့် လှုပ်ရှားလျက်ရှိသော မျက်နှာကြက် အစွန်းကို ရှေ့လက်နှစ်ဖက်ဖြင့် ကုပ်၍ထားပြီးလျှင် နောက်ခြေ နှစ်ဖက်သည်လည်း တန်းလန်းရှိနေရာမှ အပေါ်သို့ ခြေကုပ်ရရန် အားယူလျက်ရှိလေ၏၊ သို့သော်ခုန်ရာတွင် အရှိန်နည်း၍ နေသဖြင့် နောက်ခြေနှစ်ဖက်သည် ကုပ်၍မတက်နိုင်ဘဲ တစ်ခဏမျှ ယိမ်းထိုးနေပြီး နောက်ကျောက်ပြားပေါ်သို့ ဖုတ်ခနဲပြန်၍ကျသွား လေ၏။ ထိုအခါ ငင်းသည် လျင်မြန်စွာ ထလိုက်ပြီးလျှင် ကျွန်ုပ်ရှိရာ သို့ မျက်လုံးများကို စိုက်၍ကြည့်ကာ ဆောင့်ကြောင့်ထိုင်လိုက်ပြန်၏။ ဤသို့ ထိုင်လိုက်ခြင်းကား ကျွန်ုပ်အားနောက်တစ်ကြိမ်ခုန်၍အုပ်ရန် အားယူခြင်းပင် ဖြစ်လေသည်။

နောက်တစ်ခဏမျှကြာလျှင် ကျွန်ုပ်တို့၏ အရှုံးအနိုင်ကို ဆုံးဖြတ်ရပေတော့မည်၊ ငင်းသည်ကျင့်သွားရသွားပြီဖြစ်၍ နောက် တစ်ကြိမ်ခုန်လျှင် လွဲတော့မည် မဟုတ်ချေ။ ကျွန်ုပ်ကား အသက်ရှင်

လိုက အချိန်ကလေးကို လု၍အကြံထုတ်ရပေမည်။ လုပ်မည်ဆိုကလည်း ရဲရဲဝံ့ဝံ့ ဇွန့်ဇွန့်စားစား လုပ်ရပေမည်၊ သို့မဟုတ်က ကျွန်ုပ်၏အသက် ဆုံးရှုံးခြင်းခံရပေတော့မည်၊ ထိုအချိန်၌ ကျွန်ုပ်၏ ဦးခေါင်းထဲသို့ အသိဉာဏ်တစ်ခု ဖျတ်ခနဲဝင်လာရာ ကျွန်ုပ်သည် အပေါ်အကျီကို လျင်မြန်စွာ ချွတ်ပြီးလျှင် ကြောင်ကြီး၏ ဦးခေါင်းပေါ်သို့ တစ်ခါတည်းအုပ်၍ ပေါက်လိုက်လေ၏။ သို့ပေါက်လိုက်သည်နှင့် တစ်ချိန်တည်း ကျွန်ုပ်သည် အောက်သို့ခုန်ချလိုက်ပြီးလျှင် သံတံခါးကို သွေးရူး သွေးတန်း ဆွဲ၍ပိတ်လေ၏။

သံတံခါးမှာ ကျွန်ုပ်မျှော်လင့်သည်ထက်ပင် ပို၍လွယ်ကူစွာ ပါလာ၏။ သို့သော် ကျွန်ုပ်မှာ အလျင်တလိုလုပ်ရသဖြင့် အတွင်းမှနေ၍ ဆွဲရမည့်အစား အပြင်မှနေ၍ ဆွဲမိသဖြင့် ကျွန်ုပ်သည် ကျန်၍နေသော အပေါက်ငယ်မှ အတွင်းဘက်သို့ လျင်မြန်စွာဝင်လိုက်လေ၏။ သို့ရှိစဉ်ကြောင်ကြီးမှာ မျက်နှာပေါ်တွင် အဝတ်ဖုံး၍ နေရာမှ လွတ်မြောက်ခဲ့ပြီဖြစ်၍ အတွင်းသို့ ကျွန်ုပ်တစ်ကိုယ်လုံး မဝင်နိုင်မီ ကျွန်ုပ်၏ ခြေတစ်ဖက်ကို အပြင်မှ လှမ်း၍ကုတ်လိုက်ရာ ကျွန်ုပ်၏ ခြေသလုံးကြွက်သားတစ်ဖက် ပါသွားတော့သ၏။ သို့သော် ကျွန်ုပ်နှင့် ကြောင်ကြီးကြားတွင် သံတိုင်များ ခြားနေပြီဖြစ်၍ ချမ်းသာရာရပေပြီ၊ ထို့နောက် ကျွန်ုပ်လည်း ခြေသလုံးမှ သွေးများ ယိုထွက်ကာ မြက်ခြောက်များပေါ်သို့ ဒယိမ်းဒယိုင် လဲကျသွားလေ၏။

သို့နှင့်အားမရသေးဘဲ ကြောင်ကြီးသည် သံတိုင်များကို ဝမ်းဗိုက်ဖြင့်ကပ်ကာ အတွင်းသို့ လက်လျှို၍ ကျွန်ုပ်အား ကုတ်ခြစ်ရန် ကြိုးစားသေး၏၊ ထိုအခါ၌ ကျွန်ုပ်မှာ ငယ်စဉ်ကမြင်ဖူးသော ကြွက်ထောင်ချောက်ရှေ့တွင် ချထားသည့် ကြောင်ကလေးကစားနေပုံကို သွား၍

Future Time Idea Group



အမှတ်ရ၏။ ထို့နောက် ကျွန်ုပ်၏ ဒဏ်ရာမှာ မခံမရပ်နိုင်အောင် နာကျင်၍လာပြီးလျှင် ကျွန်ုပ်သည် အိပ်ပျော်သွားသကဲ့သို့ လည်းကောင်း အိပ်မက် မက်နေသကဲ့သို့ လည်းကောင်းရှိနေတော့၏၊ ကျွန်ုပ်စိတ်ထင်အားဖြင့် ၂နာရီခန့်မျှ ကြာရှိမည်ထင်၏။

သို့နှင့် ကျွန်ုပ်သည် သတိမရ တရရှိနေစဉ် သံကို သံချင်းထိသကဲ့သို့ "ချောက်" ခနဲ အသံတစ်သံကို ကြားလိုက်ရသဖြင့် နားစွင့်၍ထောင်မိ၏၊ ထိုအသံမှာ အပြင်မှ တံခါးမကြီးကို ဖွင့်သောအသံဖြစ်လေသည်။ ခေါင်းထောင်၍ ကြည့်လိုက်သောအခါ ကျွန်ုပ်လည်း အပေါက်မှ ကြည့်နေသော "အဲဗရတ်"၏ မျက်နှာကို တစ်ကြိမ်မြင်ရပြန်၏၊ အတွင်း၌ကား လှောင်ချိုင့်သည် ပိတ်၍နေပြီးလျှင် လှောင်ချိုင့်အတွင်း ၌ ကျွန်ုပ်သည် တစ်ကိုယ်လုံး သွေးများပေကျံကာ မြက်ခြောက်များပေါ်တွင်လဲလျက် အပြင်ခန်း ကျွန်ုပ်၏နေရာတွင် ကြောင်ကြီးက ရောက်နေသည်များကို တအံ့တသြကြည့်ရှုနေဟန်ရှိ၏။ သူသည် ကျွန်ုပ်ရှိရာ သို့ စိုက်၍ကြည့်ပြီးလျှင် သူဖွင့်၍ဝင်ခဲ့သော တံခါးမကြီးကို ပြန်၍ ပိတ်လိုက်၏။ ထို့နောက် ကျွန်ုပ်သေမသေကို သံတိုင်များကြားမှ ကြည့်ရှုပြန်၏။

ထို့နောက် အတိအကျ မည်သို့ဖြစ်သည်ကို ကျွန်ုပ် မပြောနိုင်တော့ပေ၊ ကျွန်ုပ်မှာ သတိမရတရ ဖြစ်နေပြီးလျှင် မျက်လုံးများမှာ ဝိုးဝါးမျှသာ မြင်ရ၍ အသံကိုလည်း သဲ့သဲ့မျှသာ ကြားရတော့၏။ သူသည် ကျွန်ုပ်ရှိနေသော သံတိုင်များကို ကျောခိုင်းကာ နောက်ဆုတ်လာလျက် ကြောင်ကြီးသည် သူ့အား ခုန်၍ အုပ်တော့မည်ကဲ့သို့ ရှိနေ၏။

"တွမ်မီ... ဟဲ့.. တွမ်မီ"

Future Time Idea Group

ထို့နောက် သူသည် သံတိုင်များကို ကျောနှင့် ကပ်ထား လိုက်၏။

"တွမ်မီ... ဟဲ့.. နင့်သခင်လေ.. ငါ့တောင် မသိတော့ဘူး လားဟဲ့"

ထိုခဏ၌ တွမ်မီသည် သူ၏ ကိုယ်ပေါ်သို့ ရောက်၍သွားလေပြီ၊ ကျွန်ုပ်၏ ရီဝေလျက်ရှိသော မျက်စိများရှေ့တွင် အဲဗရတ်သည် အရုပ်ကလေး တစ်ခုကဲ့သို့ ကြောင်ကြီး၏ နှုတ်သီးနှင့်လက်သည်းများတွင် မြောက်၍ မြောက်၍ ပါသွားပြီးနောက် တဝုန်းဝုန်းတဖြုန်းဖြုန်း တဂူးဂူး တဝါးဝါးအသံများနှင့်အတူ "ဟဲ့ လွှတ်... လွှတ်.. တွမ်မီ ဘော်လဒွင်... ကယ်ပါဦးဟေ့... ကယ်ပါဦး" ဟူသော အသံများက မကွဲမပြား ကြားလိုက်ရပြီးလျှင် ကျွန်ုပ်ရှေ့၌ မြင်ရသောအရာများသည် ချာချာလည်၍ သွားပြီးနောက် ကျွန်ုပ်လည်း နောက်ထပ်တစ်စုံတစ်ရာ မသိရ တော့ချေ။

× × × × ×

လပေါင်းများစွာ ကြာသောအခါမှ ကျွန်ုပ်၏ ဒဏ်ရာမှာ လုံးဝ ပျောက်ကင်းတော့၏။ သို့သော် တွမ်မီနှင့် တစ်ညဉ့်မျှ တွေ့ဆုံခဲ့ရသည့် အထိမ်းအမှတ်အဖြစ်ဖြင့် ကျွန်ုပ်မှာ သေသည်အထိ ချိုင်းထောက် တစ်ခုကို အမြဲဆောင်ရပေတော့မည်။ နောင်ကျွန်ုပ်သိရှိရသည်မှာ ကြောင်ကြီးအား အစာကျွေးသူ ဘော်လဒွင်သည် ထိုနေ့နံနက် ဝေလီဝေလင်းတွင် လှောင်ချိုင့်ထားရာ အခန်းဆီမှ သူ့သခင်အော်သံများကို ကြားလိုက်ရသဖြင့် မြင်းထိန်းကုလားများနှင့်အတူ ပြေး၍လာရာ ရှေ့ခန်းတွင် အရိုး အသားခွဲ၍မရသော လူကောင်နှင့် ကစားနေသော တွမ်မီကို လည်းကောင်း၊ လှောင်ချိုင့်ထဲတွင် မသေမရှင်လဲနေသော





ကျွန်ုပ်ကိုလည်းကောင်း တွေ့ရ၏။ သို့သော် အဲဗရတ်၏အလောင်းကို ယူရန်နှင့် ကျွန်ုပ်အား ထိုနေရာမှ ထုတ်ယူရန် မတတ်နိုင်တော့ချေ၊ သို့နှင့် နောက်ဆုံး ဘိုင်ရာအရာရှိများကို တိုင်ကြားကာ တွမ်မီအား သေနတ်နှင့် ပစ်သတ်ရလေ၏။

သီတင်းပတ်ပေါင်းများစွာ ဒဏ်ရာမှာ မကျက်နိုင်ဘဲရှိရာ ရက်ပေါင်းအတော်များစွာပင် ကျွန်ုပ်မှာ သေခြင်းနှင့် နီးကပ်လျက်ရှိကြောင်း ဆရာဝန်များ ပြောပြမှသိရ၏၊ ထိုအိမ်၌ပင် ကလစ်ပတန်မှ ဆရာဝန် တစ်ဦးနှင့် ဆရာမတစ်ယောက်ကို ခေါ်ယူပြီးလျှင် တစ်လခန့်မျှ ဆေးကုရ၏။ ကျွန်ုပ်သတိကောင်းစွာ ရယူပြီးနောက် နောက်တစ်နေ့တွင် ဆရာမအပြင်သို့ ခေတ္တသွားနေခိုက် မိန်းမတစ်ယောက်သည် အခန်းထဲသို့ ဝင်လာ၏၊ ကျွန်ုပ်၏ မျက်နှာကို ငုံ့ကြည့်သောအခါမှ ၎င်းမှာ အဲဗရတ်၏ဇနီး "အသားနက်မ" ဖြစ်ကြောင်းသိရ၏။

သူသည် ကျွန်ုပ်၏ ဆံစများကို ယုယစွာပွတ်သပ်ပေးပြီးနောက်.

"ဘယ့်နှယ်လဲ.. သတိရပြီလား.. မာရှယ်"

ကျွန်ုပ်သည်ဦးခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏၊ စကားပြန်၍ပြောရန်ပင် အားမရှိသေးချေ။

"အသက်ချမ်းသာတာ ဝမ်းသာပါတယ်ရှင်.. အပြစ်ကတော့ အခြားသူအပြစ်မဟုတ်ဘူး ရှင့်အပြစ်ပဲ.. ကျွန်မလဲ သူ့အကြောင်းသိလို့ သူ့စိတ်အဆိုးခံ.. ရှင့်ကိုလဲမျက်နှာအပူခံပြီး မြန်မြန်သွားဖြစ်အောင် ရှင့်ကို အိမ်က မောင်းထုတ်နေတာ ရှင်ကမရိပ်မိဘဲ ပေကတ်နေတာ ကိုး.. ရှင့်ကို သူခေါ်တာ အကြောင်းရှိတယ်ရှင့်၊ ရှင်ရောက်လာရင် ပြန်မလွှတ်ဘူးဆိုတာ ကျွန်မသိတယ်၊ သူ့ကိုကြောက်နေရလို့၊ ဒီဟာတွေ ရှင့်ကိုလဲ ကျွန်မက အသိမပေးဝံ့ဘူး– ဒါကြောင့် အကောင်းဆုံး

နည်းကတော့ ညွှန်သည်လာတာကို ကျွန်မက မကြည်ဖြူတဲ့ သဘော နဲ့နေရင် ရှင် မြန်မြန်ပြန်သွားလိမ့်မယ်လို့ ကျွန်မထင်မိတယ်၊ ရှင့်ကို လှမ်းမိုက်လို့ ခေါ်မိတာ ကျွန်မခေါ်တဲ့အတိုင်းလည်း ရှင်မိုက်မိတာပဲ မဟုတ်လား၊ နို့ပေမဲ့ အသက်မသေတာဘဲ တော်လှပြီ"

ထို့နောက် သူသည် အခန်းပြင်သို့ ထွက်သွားလေ၏။ ကျွန်ုပ် လန်ဒန်သို့ ရောက်သောအခါ ၎င်းမှာ ယောကျ်ားဓ၏ ပစ္စည်းများကို ထုခွဲရောင်းချကာ ဗရာဇီးသို့ပြန်၍သွားပြီဖြစ်ကြောင်း သိရလေသည်။

ကျွန်ုပ်၏ အနာပျောက်၍ ဆရာဝန်များက အလုပ်ကိုပင် စတင် လုပ်ကိုင်နိုင်ကြောင်း ပြောသည့်နေ့တွင် ကျွန်ုပ်၏ဝတ်လုံမစ္စတာ ဆမ်းမားသည် ကျွန်ုပ်အိမ်သို့ရောက်လာပြီးနောက်...

"ဘယ့်နှယ်လဲအမတ်မင်း အနာရှင်းရှင်းပျောက်သွားပြီ မဟုတ်လား.. အမတ်ကြီးရဲ့ ရာထူးကို ဆက်ခံရပြီဆိုတဲ့ သတင်း ကောင်းကို လာပြောမလို့ဟာ ဒီကနေ့မှပဲ ရောက်တော့တယ်"

"ဘာကိုဆိုလိုတာလဲ မစ္စတာဆမ်းမား"

"ကျုပ်ပြောတဲ့အတိုင်းဆိုလိုတာပေါ့.... လွန်ခဲ့တဲ့ ရက်သတ္တ ပတ်ကတည်းက လော့ဆောက်သာတန်ရဲ့ ရာထူးကိုရော၊ ပစ္စည်း အားလုံးကိုရော ခင်ဗျားဆက်ခံရပြီ၊ ခင်ဗျားစိတ်ကို ထိခိုက်သွားမှာ စိုးလို့ ဒီသတင်းကို အခုမှ ပြောရတော့တယ်"

"ဩော်...ဟုတ်လား"

"ခင်ဗျားအပြင်းအထန် ဒဏ်ရာရတဲ့နေ့မှာပဲ "လော့ဆောက် သာတန်" ဆုံးသွားရှာတယ်... ခင်ဗျားသာသေရင် ခင်ဗျား နောင်တော် အဲဗရတ်ဟာ ဒီအရိုက်အရာကို ရမယ်မဟုတ်လား"

"ဟုတ်တာပေါ့.. မစ္စတာဆမ်းမား"





"သိပ်အကြံကောင်းတဲ့ လူတစ်ယောက်ပဲဗျ.. ညီအရင်းကို တောင် သည်လောက်ရက်စက်တယ်...ပြီးတော့ လော့ဆောက်သာတန် ရဲ့ ဘဏ္ဍာစိုးကလဲ သူကလခပေးထားတဲ့လူဆိုပဲဗျ.. အဘိုးကြီးရဲ့ ရောဂါ ဘယ်လိုနေတယ်ဆိုတာ နေ့စဉ် သူ့ဆီကို ကြေးနန်းနဲ့ သတင်း ပို့နေသတဲ့"

"ဒါကြောင့် တစ်နေ့ကို သူကြေးနန်း၃–၄စောင် ရတာကိုးဗျ၊ ကျုပ်ဖြင့် ခုမှရိပ်မိတော့တယ်ဗျာ"

ဒဂုန်ရွှေမျှား

# ဥဩနာရီ

လူတစ်ယောက်လျှင် ဝါသနာတစ်မျိုးစီ ရှိတတ်ကြရာ အချို
သည် နှစ်စဉ် ပြက္ခဒိန်များကို စုဆောင်းတတ်ခြင်း၊ အချို့ ဖေါင်တိ
အမျိုးမျိုးဝယ်ယူခြင်း၊ အချို့မှာတံမီးခြစ် အဆန်းအသစ်တို့ကို ဝယ်
စုဆောင်းလေ့ရှိခြင်း၊ အချို့မှာဓာတ်ပုံ၊ အချို့မှာပန်းချီကား၊ အချို့လည်
တံဆိပ်ခေါင်းစသည်ဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ စုဆောင်းလေ့ ရှိ
၏။

ထိုအလုပ်များမှာ လူသာမန်တို့ မျက်စိအားဖြင့်ကြည့်သေ
"ရူးသွပ်ခြင်း" တစ်မျိုးဟု ဆိုရန်ရှိသော်လည်း အမှန်အားဖြင့်
အနုပညာ စိတ်ဓာတ်တစ်မျိုး၏ လှုံ့ဆော် တိုက်တွန်းမှုပင် ဖြစ်လေ
သည်။





ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ခန့်လောက်က ဖရေဇာ လမ်းတွင် ပစ္စည်းအဟောင်းအမြင်းများနှင့် ပစ္စည်းအထူးအဆန်းများ ရောင်းသော ဦးဟာမက်ဆိုသူ ဓေဒဗာရီ ကုလားကြီး၏ ဆိုင်တစ်ဆိုင်ရှိရာ ဆိုင်ရှေ့တွင်လည်း "ဦးဟာမက်ကျူရီယို" ဆိုင်ဟု ဆိုင်းဘုတ်သေး ကလေးတစ်ခု တပ်ထား၏။ ဆိုင်တွင်းရှိ ပစ္စည်းများမှာ စားပွဲ ကုလားထိုင်၊ ကြွေပန်းအိုး၊ ကြေးပန်းအိုး၊ ငွေထည် ဆင်စွယ်ပစ္စည်း ရုပ်လုံး ရုပ်ထု အမျိုးမျိုး၊ နာရီအမျိုးမျိုး၊ ပန်းချီကားဟောင်းများ၊ လက်ကိုင် တုတ်၊ ဖန်ဘူး ဖန်ခွက်၊ တိရစ္ဆာန်အရိုးများ၊ ငါးရိုးများ၊ တွင်းထွက် ကျောက်မျက် ရွှဲအချို့မှ စ၍ ရှေးဟောင်းပစ္စည်း အမျိုးမျိုးများ ရောင်းချ လေသည်။ ဦးဟာမက်သည် ဆိုင်တွင်းရှိ ပစ္စည်းများကို ရောင်းချရုံ သာမက၊ ထူးထူးဆန်းဆန်း ပစ္စည်းများ လာရောက်ရောင်းချကလည်း ဝယ်ယူ၏။

ဤဆိုင်မျိုးမှာ နိုင်ငံခြားများတွင် လွန်စွာပေါများသော်လည်း ကျွန်ုပ်တို့နိုင်ငံမှာမူ ရန်ကုန်မြို့ကြီး၌ပင် သုံးလေးဆိုင်ထက်မများပေ။ ဦးဟာမက် ဆိုင်ဘက်သို့လာရောက်တတ်ကြသူများမှာ နိုင်ငံခြား သားများ၍ မြန်မာလူမျိုးဟူ၍ တစ်နေ့လျှင် ကံကောင်း ထောက်မ မှသာ ကစ်ယောက်တလေမျှ ပေါ်လာတတ်၏။

တစ်နေ့သောနံနက်ခင်းဆိုင်ဖွင့်စ ၈–နာရီခွဲ ၉–နာရီခန့် အချိန်၌ ဦးဟာမက်သည် ဆိုင်အတွင်းရှိ စားပွဲဝိုင်းကလေးတစ်ခု အနီး၌ထိုင်ကာ မိမိနှင့်မျက်နှာချင်းကုလားထိုင်တွင် ထိုင်လျက်ရှိသော မြန်မာလူမျိုး ဝယ်သူတစ်ဦးနှင့် စကားပြောဆိုလျက်ရှိလေသည်။ စားပွဲပေါ်၌ကား ထူးဆန်းသောပုံသဏ္ဍာန်ရှိသည့် "စားပွဲတင်နာရီ" တစ်လုံးရှိ၏။

ဝယ်သူမြန်မာလူမျိုးမှာ ဦးတက်ထွန်းဆိုသူ ဖြစ်၍ ဦးတက်ထွန်း

သည် ထိုစားပွဲတင် နာရီကလေးကို ဝယ်ယူရန် ဦးဟာမက်ထံ ဈေးဆစ်နေခြင်းဖြစ်လေသည်။

ထွန်း။ ။ "ဘယ်နယ်လဲ ဦးဟာမက်ရယ် စားပွဲတင်နာရီ တစ်လုံး ၁ဝဝိ ဆိုတော့ မဆန့်အတန် မများလွန်း ဘူးလားဗျာ"

မက်။ "မများပါဘူးခင်ဗျား... ဒီလိုထူးဆန်းတဲ့နာရီမျိုး မရှိပါဘူး၊ ပြီးတော့လုပ်ပုံကလဲ အင်မတန် သပ်သပ်ရပ်ရပ်ရှိပါတယ်"

"ဒါပေမဲ့ ခင်ဗျာ့နာရီက ရှေးဟောင်းပစ္စည်းတစ်ခုတော့ မဟုတ်ဘူးဗျ..."

"ခင်ဗျားပြောတာမှန်ပါတယ်၊ နို့ပေမဲ့ပုံသဏ္ဌာန်က ဆန်းပြီး နာရီမှန်းမသိအောင်တောင် တီထွင်ပြီးလုပ်ထားလေတော့ ကျွန်တော်ပြောတဲ့ အဖိုးမများပါဘူး ဘရားဆပ်..."

"ဘရားဆပ်တွေ ဘာတွေ မလုပ်စမ်းပါနဲ့ဗျာ တစ်ရာဆိုတဲ့ ငွေဟာနည်းတာမဟုတ်ဘူး၊ ကျုပ်ရတဲ့ ပင်စင်လခ သုံးပုံတစ်ပုံ ရှိနေတာဗျ။ ပြီးတော့.... ခင်ဗျားနာရီရဲ့ ရာဇဝင်လည်း နည်းနည်းပါးပါး ကျုပ် သိချင်တယ်"

"ပြောပါမယ်ဆပ်– ဝယ်သာဝယ်ပါ နိုင်ငံခြားသားကို ရောင်းရင် ၂ဝဝိ/–တောင် ရနိုင်ပါတယ်"

နာရီ၏ ပုံသဏ္ဌာန်ကား ထူးဆန်းလှပေသည်။ အမြင့် ၁၈ လက်မရှိ၍ သစ်ပင်တစ်ပင်ကဲ့သို့ ပြုလုပ်ထား၏။ ရွက်အုပ်အောက်တွင် ဝိုင်းစက်သောသဏ္ဌာန် "ခွေ" တစ်ခုရှိ၍ သစ်ရွက်အုပ်ကို အလွန်သေသပ်သော လက်ရာဖြင့် လှပနုနယ်စွာ ပြုလုပ်ထား၏။ လက်တံများမှာ အလွန်သေးငယ်သော ငွေချောင်းများ ဖြစ်လေသည်။

ကိုတက်ထွန်းက နာရီကို "မ" ၍ကြည့်ရာ အတော်ပင် လေးလံ





ကြောင်း တွေ့ရ၏။ ဤမျှလောက် လေးလံခြင်းမှာလည်း တစ်နည်းအားဖြင့် ထူးဆန်း၏။ သေ့ပေးပေါက်နှင့် နာရီစက်မှာ နောက်ဘက်၌ရှိ၏။ နာရီချိန်တုတ်သည် သစ်ပင်၏ ပင်စည်တစ်လျှောက်အောက်သို့ ကျဆင်းလျက်ရှိ၏။

ကိုတက်ထွန်းသည် နာရီကို ပြန်၍ချလိုက်ပြီးနောက် ဦးဟာမက်၏ မျက်နှာကို ကြည့်လိုက်လေသည်။

ထွန်း။ ။"ကိုင်းလေ ကျွန်တော် ယူပါ့မယ်၊ ပြောစရာရှိတာသာ ပြောပါတော့ ဦးဟာမက်"။

ဦးဟာမက်သည် မျက်မှန်ကို လက်ကိုင်ပဝါဖြင့် သုတ်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။

မက်။ ။ ပထမအချက်က ဒီနာရီကို ကျုပ်ဆီက ဝယ်လာတဲ့ ဆိုတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောရဘူး၊ ဒီအချက်ကို အာမခံ နိုင်ရမယ်၊ မခံနိုင်ရင် မဖြစ်ဘူး။"

"ဒီအချက်ဟာ ကျုပ်ဒုက္ခပေးနိုင်တဲ့ အချက်ပဲ"

ဦးသက်ထွန်းက ပြုံးလိုက်၏။

မက်။ ။ "ဒါ– ရယ်စရာမဟုတ်ပါဘူး မိတ်ဆွေ.... ကျုပ်ပြောမယ်– လွန်ခဲ့တဲ့ ၂–နှစ်လောက်က လွစ္စလမ်းမှာ ဦးဘအောင်ဆိုတဲ့ လူတစ်ယောက် အသတ်ခံရတယ်.... ပုလိပ်က တရားခံကို မမိတော့ဘူး... အခုထက်ထိလည်း တရားခံ ရှာမတွေ့တော့ဘူး.... ဘာဖြစ်လို့လည်း သိလား...."

ဤနေရာတွင် စကားကို ရပ်လိုက်ပြီးနောက် ဆိုင်ရှင် ဦးဟာမက်သည် သူ့ရုပ်အင်္ကျီအိတ်ထဲမှ အနီရောင် လက်ကိုင်ပဝါကြီးဖြင့် မျက်နှာကို သုတ်လျက်ရှိ၏။ မျက်နှာမှာလည်း ခပ်ပြုံးပြုံး

ရှိနေလေရာ၊ ထိုအပြုံးမှာ အဓိပ္ပာယ်ပါ၍ ကြောက်မက်ဖွယ်ကောင်းသော အပြုံးမျိုး ဖြစ်လေသည်။ ထို့နောက် ဦးဟာဒမက်က ဆက်၍....

"ဒီနာရီဟာ တရားခံကို ကြိုးစင်ပို့နိုင်တဲ့ နာရီဗျ"

"ဟုတ်လား"

"ဟုတ်တယ် မိတ်ဆွေ....ကျုပ်တကယ် ပြောနေတာ"

"တိုင်ရင် ဒုက္ခများရုံရှိတာပေါ့ မိတ်ဆွေ... ပြီးတော့ ကျုပ်တို့က ဈေးသည် မဟုတ်လား၊ တစ်နေ့အလုပ်ပျက်ရင် တစ်နေ့နစ်နာတယ်။ အလုပ်ပျက် အကိုင်ပျက် ပြီးတော့ ရုံးသွား ဘာသွားနဲ့၊ နောက်တစ်ခုက ကျုပ်အသက်နဲ့ ဖက်နဲ့ထုပ်ထားဆိုတဲ့အတိုင်း ကျုပ်လည်ပင်းလည်း ပြတ်ချင်ပြတ်ဦးမယ်..."

"အင်း....ပြောပါဦးခင်ဗျာ..."

ဦးဟာမက်သည် မျက်လုံးများကိုပိတ်ကာ မျက်နှာကို အပေါ်သို့ မော့လိုက်ပြီးနောက် သက်ပြင်းပင် တစ်ချက်ချလိုက်လေသည်။ ထို့နောက်ဦးဟာမက်က ဆက်လက်ပြောပြန်ရာ သူ၏အသံမှာ တုန်တုန်ယင်ယင် ရှိလှ၏။

"ဦးဘအောင်သေပြီးတဲ့နောက် ၂–ရက်အကြာမှာ ဒီနာရီကိုလာပြီး ဝယ်တဲ့လူဟာ လူသတ်သမားပဲလို့ ကျုပ်ထင်တယ်.... ဒီလူဟာဗျာ ဒီနာရီကို မရရင် မနေနိုင်တော့တဲ့အတိုင်းဘဲ.... ကျုပ်လဲပဲ စိတ်လေးလေး ရှိတာနဲ့ မရောင်းလိုက်ဘူး၊ တခြားကို ရောင်းလိုက်ပြီလို့ လိမ်ပြော လိုက်တယ်...."

"ဦးဘအောင်ဆိုတာ ဘယ်သူလည်းခင်ဗျ..."

"အသတ်ခံရတဲ့လူလေ... လွန်ခဲ့တဲ့ ၂နှစ်လောက်ကပေါ့ သူ့ အိမ်ဧည့်ခန်းမှာပဲ လည်ပင်းမှာ သေနတ်ဒဏ်ရာနဲ့ သေသွားရှာတယ်၊





ပစ်တဲ့လူကိုလည်း မမိဘူး.... ဒီနာရီဟာ သူ့နာရီပေါ့မိတ်ဆွေ၊ သူသေ ပြီးတဲ့နောက် သူ့မိန်းမဆီက ကျုပ်ဝယ်ယူတာပေါ့။ ကိုင်း–ကျုပ်ပြော တာ နားလည်ပြီလား..."

"နားလည်ပါပြီ ဦးဟာမက်..."

"ဒီဟာပါပဲ...."

"ကျွန်တော် တစ်ခုမေးပါရစေအုံးခင်ဗျာ... အဲဒီတုန်းက မရောင်း လိုက်ဘဲနဲ့ အခုမှ ကျွန်တော့ကို ဘာဖြစ်လို့ ရောင်းတာလဲ.... ဦးဟာ မက်ရဲ...."

"အင်း.... ဒီဟာကတော့ အလုပ်ကိုခင်ဗျ၊ ပြီးတော့ စားဖို့ သောက်ဖို့က လိုသေးတယ် မဟုတ်လား..."

"ဒါဖြင့် ဒီနာရီနဲ့ ဦးဘအောင်သေတာနဲ့ ဆက်သွယ်ပြီး နေတယ် ဆိုပါတော့"

"ဟုတ်ပါတယ်.... ဘယ်လို ဆက်သွယ်တယ် ဆိုတာတော့ မိတ်ဆွေ ဝယ်သွားတဲ့အခါ တွေ့ပါလိမ့်မယ်"

"ကောင်းပါပြီ... ကောင်းပါပြီ... ကျွန်တော်ယူပါမယ်... လူများ မမြင်အောင်သာ သေသေချာချာထုပ်ပိုးပြီး ကျွန်တော့်ကားနောက်ပိုင်း အဖုံးထဲထည့်ပေးပါတော့"

ဦးတက်ထွန်းက အိတ်ထဲမှ ငွေစက္ကူ ၁၀ဝိတန် တစ်ချပ်ထုတ်၍ နာရီဖိုးပေးချေလေရာ ဦးဟာမက်လည်း ပြုံးရွှင်သောမျက်နှာဖြင့်...

"ကျေးဇူးတင်ပါတယ်ခင်ဗျာ.... မိတ်ဆွေကြီး ကျန်းမာ ချမ်းသာပါစေ.. ဒီနာရီစက် အစဉ်မပြတ်သွားနေသလို မိတ်ဆွေကြီး အသက်လဲ ရာကျော် ရှည်ပါစေလို့ဆိုတာ ဆုတောင်းပါတယ်"

× × × × ×

အိမ်သို့ပြန်ရောက်သောအခါ ဦးတက်ထွန်းသည် ထူးဆန်းသော နာရီကလေးအကြောင်းကို ဇနီးဖြစ်သူ ဒေါ်သိမ်းရီအား အလုံးစုံ ပြန်ပြောလျက် ရှိလေ၏။

ဦးတက်ထွန်းမှာ ရာဇဝတ်ဝန်ကလေး အလုပ်မှ အသက်၅၀ မပြည့်မီပင် လူဆိုးများနှင့် တိုက်ရသောတိုက်ပွဲတစ်ခုတွင် ဒဏ်ရာ အနာတရ ရ၍ အလုပ်မှထွက်ရပြီးလျှင် ပင်စင်ယူခဲ့ရ၏။ ဒေါ်သိမ်းရီနှင့် ပေါင်းသင်းခဲ့သည်မှာ နှစ်ပေါင်း၂၀ ကျော်မျှ ရှိပြီဖြစ်၍ သာမန် အချစ်အကြိုက် လျင်မြန်သော "အရိုးနု" အရွယ်အချစ်မျိုးမှ ကူဖော်လောင်ဖက် ဘုရားသွားကျောင်းတက်ချစ်သော "အရိုးရင့်" အချစ်မျိုးသို့ ကူးပြောင်းခဲ့လေပြီ။ သို့သော် ယခင်ငယ်စဉ် ခေါ်ဝေါ်ခဲ့ကြသည့်အတိုင်း ဦးတက်ထွန်းက ဇနီးသည်အား "ရီရီ" ဟူ၍လည်းကောင်း၊ ဒေါ်သိမ်းရီကလည်း "မောင်မောင်" ဟူ၍၎င်း ခေါ်ဝေါ်ကြခြင်းကိုမူ ပျောက်ဖျက်၍ မရချေ။

ငွေကြေး အလွန်အဖိုးထိုက်တန်သည့်ခေတ်၌ နာရီလေး တစ်လုံးကို အိမ်သုံးစရိတ် တစ်လစာ နီးပါးမျှရှိသည့်ငွေ ၁၀၀ိ ပေး၍ ဝယ်ခဲ့ခြင်းကို အလွန်တရာ နှမြောသော်လည်း လင်ယောကျ်ား၏ ဝါသနာကို မကန့်ကွက်လိုသဖြင့် တစ်စုံတရာမျှ ပြန်၍မပြောဘဲ အံ့ဩသည့် အမူအရာသာ ပြလျက်ရှိလေသည်။

ရီ။ "ဒီလိုဆိုယင် သိပ်ထူးဆန်းတာပဲနော် မောင်မောင်၊ နို့ပေမဲ့ ကြောက်စရာကြီး"

ထွန်း၊ "ဘာဖြစ်လို့ ကြောက်ရမှာလဲ ရီရယ် ရှေးဟောင်းပစ္စည်း အထူးအဆန်းပစ္စည်းဆိုတာ တန်ဖိုးပေးရသလောက် အဖိုးတန်တတ်တယ် ရီရဲ့၊ ပြီးတော့ အဲဒီ ဦးဘအောင်ကို သတ်တဲ့ တရားခံက





ဒီပစ္စည်းကို ဘယ်လောက်ပေးရ ပေးရ လိုချင်နေတယ်ဆို မဟုတ်လား ... ကိုင်း... နေ့လယ်ကျမှ ဒီနာရီအကြောင်း သိရအောင် ဖွင့်ကြည့်ဦးမယ် ထမင်းစားကြစို့လား ရီရယ်.."

နံနက်စာ စားသောက်၍ တရေးတမောအိပ်ပြီးနောက် ဦးတက်ထွန်းသည် မိမိဝါသနာအတိုင်း ဝက်အူလှည့်အရွယ်အမျိုးမျိုးဖြင့် နာရီကလေးကို ဖွင့်လေ၏။ ပထမဦးစွာ နာရီမျက်နှာကို အုပ်၍ထားသော "သစ်ရွက်အုပ်" ကိုဖွင့်၏။ သစ်ရွက်အုပ်ကြားမှ နာရီနံပါတ်စဉ်ကလေးများမှာ လွန်စွာညီညာ၍လှပ၏။ အလယ်မှ ကန့်လန့်ဖြတ်သွားနေသော တန်းနှစ်ချောင်းမှာ ကြေးပြွန်လုံးကလေးများဖြစ်၍ သစ်ပင် ပင်စည်၏ ထိပ်တွင် ကပ်၍မြုပ်ထား၏။ ထိုပြွန်လုံးနှင့် ယှဉ်လျက် နောက်ဆုံးလေးပုံတစ်ပုံခန့် အရှည်လောက်တွင် အခြား သတ္တုပြွန်ကလေး တစ်ခုရှိ၍ ၎င်း၏တစ်ဘက်တွင် ရှေ့သို့ အစွန်းထွက်နေသော အရာတစ်ခု ရှိ၏။ ၎င်းအစွန်းအောက်၌ကား ကြေးဝါဖြင့် ပြုလုပ်ထားသည့် ငှက်သိုက်ကလေးတစ်ခုရှိ၏။ ထိုငှက်သိုက်ကလေးထဲတွင် ဥကလေးတစ်လုံးရှိရာ ထိုဥကလေးသည် ဆိုအပ်ခဲ့ပြီးသော အစွန်းနှင့် မျက်နှာပြင် ညီလျက်ရှိ၏။ စက်ကိရိယာများနှင့်တကွ တပ်ဆင်ထားသော ပစ္စည်း များမှာ အလွန်နုနယ်သေသပ်လှပေသည်။

အခြားဘက်၌လည်း အလားတူ အစွန်းအောက်ကျကျ နေရာတွင် ငှက်သိုက်ကလေးတစ်ခုရှိ၍ ငှက်ဥကလေးတစ်လုံးလည်း ရှိလေသည်။

ဦးတက်ထွန်းသည် ငှက်ဥကလေးများကို အံ့ဩစွာ ကြည့်ရှုလျက်ရှိရာ မသိမ်းရီကလည်း ခပ်ဝေးဝေးမှ ထိုနည်းအတူ ကြည့်၍ နေလေသည်။

ဥကလေးနှစ်လုံးစလုံးပင် အလယ်မှ အက်ကြောင်းကလေးများရှိ၏။

ဦးတက်ထွန်းသည် သစ်ပင်၏ ပင်စည်နောက်ပိုင်းတွင်ရှိသော တံခါးကလေးကိုဖွင့်၍ သံပတ်ကိုတင်းအောင် သော့ပေးလေသည်။ ထို့နောက် "ချိန်သီး"ကို လှုပ်လိုက်ရာ နာရီကလေးသည် တချက်ချက် မြည်ကာ သွားလျက်ရှိလေသည်။

"ကိုင်း ရီရီရေ နာရီထိုးသလား ကြည့်ကြရအောင်"

"ကောင်းသားပဲ"

နာရီမျက်နှာကို ဖုံး၍ သစ်ရွက်အုပ်ကို ပြန်၍ တပ်လိုက်ပြီးလျှင် ဦးတက်ထွန်းသည် နာရီလက်တံကို (၃)နာရီကွက်၌ ထားလိုက်၏။

ဥကလေး ၂ လုံးစလုံး၏ "အက်ကြောင်း"များသည် တဖြည်းဖြည်းဟ၍ လာ၏။ ပထမဥကလေးသည် ဒုတိယဥထက် လျင်မြန်စွာပွင့်လာ၍ အတွင်းမှ သတ္တုဖြင့် လုပ်ထားသော ငှက်ရုပ်ကလေးပေါ်ထွက်ပြီးလျှင် "ဥညြ ဥညြ ဥညြ" ဟု မြည်တွန်လေသည်။ ခပ်နှေးနှေးကွဲလာသော ဥကလေး၏ တစ်ဘက်သော အခြမ်းသည် အထက်က ဖော်ပြခဲ့ပြီးသော "အစွန်း"ကို ရိုက်ခတ်မိသည်နှင့် တစ်ပြိုင်နက် ကြေးပြွန်ကလေးအတွင်းမှ အလွန်သန်သော သံပတ်တစ်ခုသည် "ဂျိုင်း" ခနဲ ရိုက်ခတ်ထွက်လာလေသည်။

(အသံထိုးသော လက်ယာဘက် သော့ပေါက်မှ သော့ပေးသော အခါ ဤကဲ့သို့ ထွက်လာခြင်းဖြစ်၏)

ဦးတက်ထွန်းပင် လန့်ဖျပ်၍သွား၏။ ဒေါ်သိမ်းရီသည်လည်း "အောင်မယ်လေး"ဟု ယောင်၍အော်ပြီးလျှင် နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်သွားလေသည်။





ထွန်း။ ဦးဟာမက် ပြောလိုက်တာမှန်တယ် ရီရီရေ့--စပရင်နဲ့ ပစ်နိုင်တဲ့သေနတ်ပဲ.... ဒါကြောင့် ဦးဘအောင်ကို သတ်တဲ့လူဟာ ဒီနာရီကလေးကို အင်မတန်လိုချင်နေတယ်ဆိုတာ ဟုတ်ပေလိမ့်မယ်... ကြည့်စမ်းပါအုံးကွယ် ထူးထူးဆန်းဆန်း လုပ်ထားလိုက်တာ ယုံနိုင်စရာတောင် မရှိဘူး၊ ပထမကြံစည်တဲ့လူဟာ အင်မတန် စိတ်ကူးယဉ်ပြီး ဒီဟာကိုကြံကြံဖန်ဖန် တီထွင်ခဲ့တာပဲကွဲ့၊ လုပ်ထားတဲ့ လက်ရာလဲ နိုင်ငံခြားက လုပ်လာတဲ့အတိုင်းပဲ သေကာ သေသပ်ပါဘိသနဲ့။"

"ကြောက်စရာကြီးပါမောင်ရယ်...၊ အိမ်မှာမထားပါနဲ့၊ အိမ်မှာလဲ နာရီတွေ မနည်းတော့ပါဘူး"

"အို... ဘာကြောက်စရာရှိလဲ"

နာရီကလေးကို နေသားတကျ ပြန်၍တပ်ဆင်ပြီးနောက် ဦးတက်ထွန်းသည် နာရီကလေးကို ကားထဲ၌ ထည့်ယူခဲ့ပြီးလျှင် ကျောက်တံတားရဲဌာနသို့ ထွက်သွားလေ၏။ ဌာနပိုင်မှာ မိမိ၏ မိတ်ဆွေဟောင်းတစ်ယောက်ဖြစ်၍ ၎င်းထံမှ လွန်ခဲ့သော ၂နှစ်ခန့်က သေဆုံးခဲ့သည့် ဦးဘအောင်၏လိပ်စာကို ရရှိသောအခါ ဦးတက်ထွန်းသည် လွှစ္စလမ်းသို့ ကားကလေးကို မောင်းခဲ့လေသည်။

ဦးဘအောင်၏အိမ်ခန်းမှာ အလည်ဘလောက်ရှိ သုံးထပ်တိုက်တစ်လုံး ပထမထပ်ဖြစ်၍ တံခါးကို ခေါက်သောအခါ အသက် ၄၀–ခန့်ရှိ သားနား သပ်ရပ်သော မိန်းမကြီးတစ်ယောက်က တံခါးဖွင့်ပေးလေသည်။ ၎င်းမှာ သေသူ ဦးဘအောင်၏ ဇနီးပင်ဖြစ်တော့၏။ ရုပ်အဆင်း သနားကမားရှိ၍ ကြည်လင်အေးမြသော မျက်နှာထားနှင့် ဖော်ရွေသော အမူအရာလည်းရှိလေသည်။

ထွန်း။ "ဒီအိမ်ခန်းဟာ ဦးဘအောင်အိမ်ခန်း မှတ်ပါတယ်"

မ။ "ဟုတ်ပါတယ်၊ ဝင်ပါ-ဝင်ပါ၊ ဘာကိစ္စပါလဲရှင်"

ဦးတက်ထွန်းသည် ဧည့်ခန်းသို့ ဝင်ခဲ့ပြီးနောက် အိမ်ရှင်ညွှန်ပြသော ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လေသည်။ နာရီထည့်သော ထင်းရှူးသေတ္တာကလေးမှကား ကြမ်းပေါ်၌ ချထားလိုက်၏။ ဧည့်ခန်းတွင် တိုင်ကပ်နာရီကြီး ၂လုံး၊ သံစုံနာရီ ခေါင်းရင်းဘက်တွင် စားပွဲတင်နာရီ ၂-လုံး၊ စားပွဲဝိုင်းပေါ်တွင် နာရီ ၁-လုံးရှိလေသည်။

ထွန်း၊ "ကျွန်တော့နာမည်က မောင်တက်ထွန်းလို့ခေါ်ပါတယ် .....၊ ကိစ္စကတော့ အရေးမကြီးလှပါဘူးခင်ဗျာ...၊ လိုရင်းအချက်ပဲ ကျွန်တော်တို့ ပြောကြပါစို့ရဲ.....၊ ဦးဘအောင်.....က"

မ။ "ဟုတ်ကဲ့- ကျွန်မပဲဟာ ဦးဘအောင်ဇနီးပါပဲ၊ နာမည်က မဖွားသက်လို့ ခေါ်ပါတယ်"

ထွန်း။ "ဟုတ်ကဲ့- ကျေးဇူးတင်ပါတယ်...."

ဦးဘအောင်က အထူးအဆန်းပစ္စည်းကလေးတွေ ဘာတွေ စုဆောင်းတတ်တယ် ထင်ပါရဲ့..."

"ဟုတ်ပါတယ်... အမိန့်ရှိပါဦး"

"ဒီလိုပါခင်ဗျာ..."

ဦးတက်ထွန်းသည် သေတ္တာကလေးကို ဖွင့်၍ သစ်ပင်ပုံသဏ္ဌာန်ရှိသော စားပွဲတင်နာရီကလေးကို ထုတ်ယူလိုက်၏။ ထိုနောက်စားပွဲပေါ်၌ တင်ထားလိုက်လေသည်။

ဆက်လက်၍..

"ဒီနာရီကလေးကို အခုမနက်ပဲ ဖရေဇာလမ်း ဦးဟာမက်ဆိုင်က ဝယ်လာခဲ့ပါတယ်၊ ဒီနာရီကလေးဟာ ဦးဘအောင်ရဲ့





ပစ္စည်းလို့ ထင်ပါတယ်..."

"ဟုတ်ပါတယ် ဦးတက်ထွန်း ဟုတ်ပါတယ်... သူသေဆုံးပြီးတဲ့နောက် ဖရေဇာလမ်းက အပေါင်းဆိုင်ဖွင့်ထားတဲ့ ကုလားကြီးတစ်ယောက်ကို ကျွန်မရောင်းလိုက်ပါတယ်.. ဦးမာမက်ဆိုလား၊ ဦးဟာမက်ဆိုလား.. နာမည်တော့ ကျွန်မကောင်းကောင်း မမှတ်မိတော့ဘူး"

"ဟုတ်ပါတယ်... အဲဒီဦးဟာမက်ဆိုင်က ဒီကနေ့ နံနက်ပဲ ကျွန်တော် ဝယ်လာပါတယ်.."

"ကျွန်မ သူ့ကိုပြန်ရောင်းလိုက်တာပဲ.."

အံ့ဩလျက်...

"ပြန်ရောင်းတယ် ဟုတ်ပါလားခင်ဗျာ.."

"ဟုတ်ကဲ့ ကျွန်မပြန်ရောင်းလိုက်တာပါ.. ဒီလိုပါရှင် ကျွန်မယောကျ်ားက ဒီကုလားကြီးကို ကောင်းကောင်းသိတယ်ရှင့်၊ အဲ-သူမသေခင် တစ်လခွဲနှစ်လလောက်ကမှ ဒီနာရီကလေးကို ကုလားကြီးဆီက ဝယ်လာတာပါ၊ သူသေပြီးတဲ့နောက် ဒီကုလားကြီးကိုပဲ ကျွန်မရောင်းလိုက်လို့ ပြန်ရောင်းတယ်ဆိုတဲ့ စကားပြော တာပါ.."

"အို.. ဟုတ်လား.. ဒီလိုအကြောင်း ကျွန်တော်မသိဘူး ခင်ဗျာ.. ဟုတ်ကဲ့- ဒီပစ္စည်းအပေါင်းအမြင်းရောင်းတဲ့ လူတွေဟာ ဘယ်တော့မှ ပွင့်ပွင့်လင်းလင်း မပြောချင်ဘူး"

(ဦးတက်ထွန်းစကားကိုလိုက်လျောလျက်) "ဟုတ်ပါတယ်ရှင် ဒီလိုပါပဲ၊ ဖောက်သည်ကို ပြောစရာရှိရင် ပြောမှပေါ့.. ဪ ဒါထက်-ဦးတက်ထွန်းလာတဲ့ကိစ္စကို အမိန့်ရှိပါဦး"

ဒေါ်ဖွားသက်သည် စကားပြောရာတွင် ပြတ်သားရှင်းလင်း

လျက် ပွင့်ပွင့်လင်းလင်းရှိလှ၏။ ဦးဘအောင်သေဆုံးသွားသည် ကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ သိဟန်မတူချေ။

ဦးတတ်ထွန်းသည် စကားပြောရင်း နာရီကလေးကို ဒေါ်ဖွားသက် ရင်ဘတ်တည့်တည့်ဆီသို့ မသိမသာလှည့်၍ ထားလိုက်၏၊ နာရီကို သံပတ်ပေး၍ မိနစ်လက်တံကို "ထိုးကွက်" အနီးသို့ ကပ်၍ ထားလိုက်ပြီးလျှင် ပို၍ထင်ထင်ရှားရှားသိစေရန် ဒေါ်ဖွားသက်၏ မျက်နှာကို အကဲခတ်လျက်ရှိ၏၊ ထိုနောက် စကားဆက်ပြန်လေသည်၊

"ဒီနာရီကလေးက ထိုးတဲ့အခါ အတော်ထူးဆန်းတာ တွေ့ရ တယ် ခင်ဗျ၊ ဒီတော့– ဦးဘအောင်လက်ထဲရောက်လာတဲ့အခါ ပြင်များ ပြင်သေးသလားဆိုတာ–

စကားမဆုံးမီ နာရီကလေးအတွင်းမှ "ဥဩ"ဟု မြည်လိုက်သံနှင့် အတူ၊ ကြေးပြွန်ထဲမှ သံပတ်ကလေးသည် "ဂျွမ်း" ခနဲမြည်၍ အပြင် ထွက်သောအသံကို ကြားလိုက်ရ၏။

ဖွား။ 'အလို.. ဘုရား– ဘုရား ဘာဖြစ်တာလဲ ဦးတက်ထွန်း သံပတ်ပြတ်သွားပြီထင်တယ်.."

ယင်းကဲ့သို့ ဒေါ်ဖွားသက် လန့်ဖျပ်အော်လိုက်ခြင်းမှာ တစ်စုံ တစ်ရာ ဟန်ဆောင်သောအမူအရာ မရှိဘဲ ရိုးသားစွာ ဟစ်အော်လိုက်ခြင်း ဖြစ်ကြောင်း ဦးတက်ထွန်းရိပ်မိလေပြီ။

ထွန်း။ "ပျက်ရင်လဲ ကိစ္စမရှိပါဘူးခင်ဗျာ.. အသစ်လဲရုံပါပဲ. ဒီလိုဥဩကလေး အော်သံထွက်တာ ပြောမပြဖူးနော်..."

ဖွား။ "မပြဖူးပါဘူးရှင် သိပ်ထူးဆန်းတာပဲ... သူက ဒီလို အဆန်းအပြား ပစ္စည်းကလေးတွေဆိုရင် အင်မတန်ဝယ်တတ်တယ် ရှင့်– သူ့ဝါသနာပဲ"





"ဦးဘအောင် မသေခင်တော့ နာရီက သွားလျက်ပဲ မဟုတ်လား ခင်ဗျာ.."

"ဟုတ်ပါတယ် သွားနေတာပါပဲ..."

"ဒါလောက်သိရရင်တော်ပါပြီခင်ဗျာ..၊ ကျွန်တော့ ဝါသနာကလဲ ဦးဘအောင်လိုပါပဲ ပစ္စည်းကလေး ထူးထူးဆန်းဆန်းတွေဝယ် သူ့ ရာဇဝင်ကလေးမှတ်သားပြီး သိမ်းထားဒါပါပဲ.."

ဒေါ်ဖွားသက်သည် နေရာမှထလိုက်၍ ဦးတက်ထွန်းလည်း အလိုက်သိစွာ နေရာမှထလိုက်၏။ သို့နှင့်ဒေါ်ဖွားသက်က တံခါးဆီသို့ လျှောက်သွားသောအခါ ဦးတက်ထွန်းသည်လဲ မနီးမဝေးမှ လိုက်ပါ သွားလေသည်။

(လမ်းလျှောက်ရင်းဦးတက်ထွန်းက) "အင်းလက်သည်တော့ မပေါ်တော့ဘူးနော် ပုလိပ်ကလဲ အတော်တော့ လိုက်တယ် မဟုတ်လား .."

"လိုက်ပါတယ် နို့ပေမဲ့ သူတို့ဘာတတ်နိုင်မှာလဲရှင်၊ လူကိုလဲ အရိပ်အယောင်တောင်၊ မတွေ့ရ လက်နက်လဲမမိ၊ ကိုဘအောင်ဟာ လည်ပင်းမှာ သေနတ်ဒဏ်ရာနဲ့ ဟိုဗီရိုကလေးရှေ့မှာပဲ ကြမ်းပေါ် ကျသွားတာပါပဲ– ဒီတော့ စုံထောက်ဘက်မှာလဲ ဘာသဲလွန်စမှ မတွေ့ ရတော့ ခက်တာပေါ့ ဦးတက်ထွန်းရယ်.."

"ဒါလဲဟုတ်တာပဲ.. ဘယ်သူပစ်တယ်ဆိုတာ နည်းနည်း ကလေးမှ အရိပ်အငွေ့လောက်ပဲ သိတဲ့လူမရှိဘူးထင်ပါရဲ့"

"မရှိပါဘူးရှင်.. သူတို့တတွေ အပြင်ထွက်သွားလို့ ကိုဘအောင် တစ်ယောက်တည်း ဒီဧည့်ခန်းမှာ ကျန်ရစ်သတဲ့၊ အခန်းပြင်ဘက်လဲ သူတို့ရောက်ရော ဒိုင်းခနဲ သေနတ်သံကြားရလို့ ပြန်ဝင်လာကြတဲ့အခါ

ကြမ်းပြင်ပေါ်မှာ ကိုဘအောင်လဲနေတာ တွေ့ကြရသတဲ့ ဦးတက်ထွန်းရဲ့....."

"သူတို့ဆိုတာက ဘယ်သူတွေလဲ.."

"ဒီလိုရှင့်–အဲဒီနေ့က သူနဲ့အလုပ်စပ်ဖက်ပါတနာ ကိုညီလေးဆိုတဲ့လူရယ်.. ကိုညီလေးနဲ့အသိ တခြားလူတစ်ယောက်ရယ်–ဒီအခန်းထဲမှာ ကိုဘအောင်က "ပါတီ" ပေးတယ်ဆိုထင်ပါရဲ့ရှင်.. အဲဒီလို သောက်စားပြီးလို့ ဧည့်သည်နှစ်ယောက် ထွက်အသွား သူတစ်ယောက်တည်း ဧည့်ခန်းကျန်ရစ်ခဲ့တဲ့အခါ ဖြစ်တာပါပဲ.. အဲဒီတုန်းက ကိုဘအောင်ကလဲ သူဝယ်လာတဲ့နာရီကလေးတောင် ပြသေးသတဲ့"

"သားသမီးကော ရှိပါသလား"

"ဟုတ်ကဲ့ သားတစ်ယောက်ရှိပါတယ်.. သူငယ်က သူ့အဖေရဲ့ ပါတနာ ကိုညီလေးဆီမှာ ကူညီလုပ်နေပါတယ်၊ သူ့အဖေ ခြေရာနင်းနိုင်အောင်တဲ့"

"ကောင်းပါတယ်ခင်ဗျာ၊ ဝမ်းသာပါတယ် အလုပ်က ဘာအလုပ်ပါလဲ.."

"အလုပ်က နာရီလုပ်တဲ့အလုပ်ပါ..."

× × × × ×

နောက်တစ်နေ့ နံနက်(၈)နာရီခွဲလောက်၌ ဦးတက်ထွန်းသည် ဖရေဇာလမ်းရှိ ဦးဟာမက်ဆိုင်သို့လာခဲ့လေ၏။ အချိန်မှာ ဆိုင်များဖွင့်စ အချိန်ဖြစ်၍ လူသူအသွားအလာ နည်းပါးလှသေး၏။

သေသူ ဦးဘအောင်၏ ဇနီးဒေါ်ဖွားသက်မှာ နာရီကလေး၏ အကြောင်းကို လုံးဝသိရှာသူ မဟုတ်ကြောင်းထင်ရှား၏။ အခြားတစ်စုံ





တစ်ယောက်က ကြံစည်ခြင်းဖြစ်လျှင်လည်း ဒေါ်ဖွားသက်သည် ထိုအကြံအစည်ထဲ၌ ပါဝင်မည့်သူမဟုတ်ချေ။ နာရီ၏ အကြောင်းကိုကား လူသတ်သမားကလွဲလျှင် ဦးဟာမက်သည် အသိဆုံး ဖြစ်ရပေမည်။ တစ်စုံတစ်ယောက်သောသူသည် ထိုနာရီကို ဦးဟာမက်အား ရောင်းလိုက်လျှင် ဦးဟာမက်ထံမှ ဦးဘအောင် မုချဝယ်ရမည်ဟု တွက်ပြီးလျှင် ဦးဟာမက်သို့ရောင်းချခြင်းဖြစ်ရမည်။ အကယ်၍မှုခင်းဖြစ်ပွားပြီးနောက် နာရီ၏အကြောင်းကို ပုလိပ်က တွေ့စေကာမူ မိမိအပေါ်တွင် ခြေရာဖျောက်၍ ဦးဟာမက်အပေါ်၌သာ တာဝန်ကျစေရန် တရားခံ၌ ရည်ရွယ်ချက် ရှိပေလိမ့်မည်။

ဦးတက်ထွန်းသည် ကားကို ဆိုင်နှင့်မနီးမဝေး၌ ရပ်၍ ထားခဲ့ပြီးလျှင် ဦးဟာမက် ဆိုင်ထဲသို့ ဝင်သွားလေ၏။ အချိန်မှာ ၉နာရီပင် မထိုးသေးချေ။ ဆိုင်ရှေ့၌၎င်း၊ ဆိုင်အတွင်း၌၎င်း၊ လူတစ်ယောက်မျှ မတွေ့ရသဖြင့် ဦးတက်ထွန်းသည် ဦးဟာမက်၏ နာမည်ကို တစ်ခွန်း နှစ်ခွန်းမျှ ခေါ်ပြီးလျှင် ဆိုင်နောက်ဖေးဘက်သို့ ဝင်သွားလေ၏။ အတွင်းဘက်မှာ အပြင်ခန်းနှင့်တရုတ်ဝါး "လိုက်ကာ" တစ်ခုသာ ခြားလျက်ရှိနေလေသည်။ နံဘေးသံပြတင်းပေါက်ရှိ "အဝတ်လိုက်ကာ" များကို အောက်သို့ ဆွဲချထားသဖြင့် အတန်ငယ် မှောင်လျက်ရှိ၏။ ထွန်း။ ။"ဦးဟာမက်၊ ဦးဟာမက်"

.......

"ဒီအဘိုးကြီး ဘယ်များသွားပါလိမ့်"

ခေါ်၍မရချေ၊ အခန်းတစ်ခုလုံးကား ဗျူးထူးခြားခြား တိတ်ဆိတ်လျက်ရှိလေ၏။ ထိုထက်ထူးခြားပုံမှာ "အော်ဒီကလုံ" ရေမွှေးနံ့သည် နောက်ဖေးခန်းတွင်ကြိုင်လျက်ရှိ၏။

ဦးတက်ထွန်းသည် ပစ္စည်းဟောင်း ထည့်ထားသော ဗီရို နောက်သို့ ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက် ခြေလှမ်းများ နောက်သို့ ဆုတ်၍သွားမိ၏။ ဗီရို၏နောက်သမံတလင်းပေါ်၌ကား ဦးဟာမက်သည် ပက်လက်လန်ကာ လဲကျလျက် ရှိလေသည်။

ဦးတက်ထွန်းသည် ငုံ့၍ ရင်ဘတ်ကို စမ်းသပ်ကြည့်၏။ လည်ပင်းတွင် ညိုမဲနေသော ဒဏ်ရာများကို မြင်ရ၏။ ဦးဟာမက်ကား အသက် မရှိတော့ချေ။ လည်ပင်းကို ညှစ်သတ်ခြင်း ခံရဟန် တူလေသည်။ ရေမွှေးနံ့သည် အလောင်းအနီး၌ပင် ကြိုင်လှိုင်လျက်ရှိရာမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။ ဦးတက်ထွန်းလည်း ဦးဟာမက်နှင့် နာရီကိစ္စနှင့် ပတ်သက်၍ အဆက်အသွယ်ရှိနေသဖြင့် ဖြေရှင်းနေရမည် စိုးသောကြောင့် နောက်ဖေးလမ်းကြားမှ လှည့်၍ ထွက်ခဲ့ပြီးလျှင် တိုက်ခန်း ၃ခန်းမျှ ကျော်မိသောအခါ တိုက်ရှေ့သို့ ထွက်ရန် လမ်းကြားတစ်ခုကို တွေ့သဖြင့် လမ်းဘက်သို့ ထွက်ခဲ့လေ၏။ ထိုနောက် မိမိကားပေါ်သို့ အမှတ်မဲ့တက်ခဲ့ပြီးလျှင် လျင်မြန်စွာ ထွက်သွားလေ၏။

× × × × ×

အိမ်သို့ရောက်သောအခါ ဇနီးဖြစ်သူအား မတွေ့ရဘဲ စားပွဲပေါ်၌ ဖန်လုံးတစ်လုံးဖြင့် ဖိ၍ထားခဲ့သော ဒေါ်သိမ်းရီ လက်ဖြင့် စာရွက်ကလေးတစ်ရွက်သာ တွေ့ရလေသည်။ စာရွက်ပေါ်တွင်...

ရီရီ အပြင်မှာကိစ္စရှိ၍ ခဏကလေး ထွက်သွားပါသည်၊ နာရီဝက်လောက်ကြာရင် ပြန်လာခဲ့ပါမယ် မောင်မောင်...

ရီ......





ဇနီးဖြစ်သူမှာ ယခင်ကလည်းကိစ္စရှိလျှင် ဤကဲ့သို့စာရေး၍ ထားခဲ့တတ်သဖြင့် ကောင်းစွာစိတ်ချ၏။ သို့နှင့်ဦးတက်ထွန်းလည်း ရေခဲသေတ္တာအတွင်းမှ လင်မနစ်တစ်လုံးကိုယူ၍ အေးဆေးစွာ သောက်လျက်ရှိလေသည်။

ထိုခဏ၌ အိမ်ရှေ့လမ်းပေါ်တွင် လူတစ်ယောက်သည် လမ်းအခြားဘက်ရှိ တိုက်ခန်းနံပါတ်များကို လှမ်းကြည့်ရှုနေရာမှ လမ်းကိုကူး၍လာခဲ့ပြီးလျှင်အိမ်ပေါ်သို့ တစ်ချက်မျှမော့၍ ကြည့်လိုက်၏။ ထိုအခါဦးတက်ထွန်းက အိမ်ပေါ်ထပ်မှနေ၍ ထိုသူအား..

"ဘယ်သူ့ကိုတွေ့ချင်ပါသလဲမိတ်ဆွေ"

"ဒီနေရာနားဆီမှာ ပင်စင်အငြိမ်းစား ဝန်ထောက် ဦးတက်ထွန်း ဆိုတာများ နေသလားလို့ပါခင်ဗျား"

"ကိုင်း.. ဒါဖြင့်ခင်ဗျားတွေ့ပြီ၊ ဦးတက်ထွန်းဆိုတာ ကျွန်တော်ပဲ၊ အပေါ်ထပ် တက်ခဲ့ပေတော့"

ဦးတက်ထွန်းသည် ဥဩနာရီကလေးကို နောက်ဘက်မှ လျင်မြန်စွာဖွင့်ပြီးလျှင် တစ်စုံတစ်ရာကို အထဲသို့ထည့်လိုက်၏။ ထိုနောက် တံခါးဖွင့်ပေးရာ ထိုသူလည်းအခန်းတွင်းသို့ ဝင်လာပြီးလျှင် အိမ်ရှင် ဦးတက်ထွန်း ညွှန်ပြသော ကုလားထိုင်ပေါ်တွင်ထိုင်လေသည်။

ထိုသူမှာ အသက်၄၀ ကျော် ၅၀တွင်းခန့်ရှိမည်ဟု ခန့်မှန်းရ၏။ ဘန်ကောက်လုံချည် တစ်ပတ်ရစ် မီးခိုးရောင်သက္ကလတ် အင်္ကျီ ရှူးဖိနပ် စသည်တို့ဖြင့် သပ်ရပ်စွာ ဝတ်ဆင်ထားလျက် အလယ်အလတ်တန်းစား ကုန်သည်ပွဲစားပိုင်းမှ ဖြစ်ဟန် အသွင်အပြင် ရှိ၏။ မျက်လုံးများမှာ အတန်ငယ်သေးငယ်သည်ဟု ထင်ရသော်လည်း

မည်းမှောင်နက်ရှိုင်းလှ၏။ အခန်းတွင်းသို့ ထိုသူဝင်လာသောအခါ၌ ရေမွှေးနံ့များ ထောင်းခနဲ ဖြစ်သွားပုံကို ဦးတက်ထွန်း သတိပြုလိုက်မိ၏။

ထိုသူ ကုလားထိုင်ပေါ်၌ ထိုင်မိသောအခါ ဦးတက်ထွန်းသည် စားပွဲနောက်ရှိ ကုလားထိုင်ပေါ်တွင် ထိုင်လိုက်၏။

ထွန်း။ ။ "ဦးတက်ထွန်းဆိုတာ ကျွန်တော်ပါပဲ ကိစ္စကိုအမိန့်ရှိပါဦး"

သူစိမ်း။ ။ "ဟုတ်ကဲ့ အခုလို အနှောင့်အယှက်ပေးမိတာ စိတ်မရှိပါနဲ့နော်.."

"ကိစ္စမရှိပါဘူးခင်ဗျား၊ ကျွန်တော်က လူအားပါ၊ ဘာမှအလုပ်ရယ်လို့ မယ်မယ်ရရ မရှိပါဘူး"

"ကျွန်တော့်နာမည်က ကိုညီလေးလို့ ခေါ်ပါတယ်"

ဦးတက်ထွန်းလည်း "နေပါအုံး၊ ငါဒီနာမည်ကို မနေ့တစ်နေ့ကလိုပဲ ကြားဖူးပါတယ်၊ ဘယ်မှာကြားဖူးပါလိမ့်မလဲ" ဟုစိတ်ထဲက စဉ်းစား၍နေမိ၏။

ထိုအတွင်း အော်ဒီကလုံ ရေမွှေးနံ့များကို ရှူရှိုက်မိပြန်၏၊ "ဟုတ်ကဲ့၊ ကိစ္စကိုအမိန့်ရှိပါဦး"

ညီ။ ။ "မနေ့ညနေက လွစ္စလမ်းက ဦးဘအောင်မိန်းမဖွားသက်တို့ အိမ်ကိုရောက်ပြီး ဟိုနာရီကိုပြခဲ့တယ်ထင်ပါရဲ့"။

ကိုညီလေးသည် စကားပြောရင်း ဦးတက်ထွန်း နံဘေးရှိ စားပွဲပေါ်တွင် တင်ထားသော "ဥသြနာရီ" ကလေးကို လက်ညှိုးထိုး၍ ပြလေသည်။

ထွန်း။ ။ "မှန်ပါတယ်"





ညီ။ ။ "ကျွန်တော်က ကိုဘအောင်ရဲ့ ပါတနာပါပဲ၊ သူရှိတုန်းက အလုပ်စပ်ဖက်လုပ်ခဲ့ကြပါတယ်။"

ထွန်း။ ။ "ဪ.. ဟုတ်ကဲ့သိပါပြီ၊ ဒီတော့ ဆိုပါဦး၊ ဒီနာရီကလေးကို ဒေါ်ဖွားသက်ကဖြစ်ဖြစ် ခင်ဗျားကဖြစ်ဖြစ် ဝယ်လိမ့်မယ်လို့ ကျွန်တော်တွေးယင် လွဲများလွဲမလား။"

ညီ။ ။ "ဟာ.. ဘယ်လွဲလိမ့်မလဲ၊ ကဲ အဖိုးကိုဆိုစမ်းပါဦး"။

ဦးညီလေး၏ မျက်နှာမှာသွေးရောင်များ လျှမ်းသွား၏။ ထိုနောက် မိမိကိုယ်ကို မိမိသက်သာစေရန် တင်ပျဉ်ခွေချိတ်ကာ နေရာကို ပြင်၍ ထိုင်လိုက်၏။

ထွန်း။ ။ "၁၀၀၀ိ ခင်ဗျ"

ဦးတက်ထွန်းသည် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်လိုက်၏။ ညှော်သည် ဦးညီလေး၏ မျက်နှာမှာ အေးစက်စက် ရှိနေသော်လည်း အတွင်းစိတ်ခတ်မှ တုန်လှုပ်နေသည့် လက္ခဏာများ မျက်နှာတွင် ပေါ်လွင်လျက်ရှိ၏။

(ဦးညီလေးက မျက်နှာကို တစ်မျိုးပြင်လျက်)

"ဦးတက်ထွန်းက ရယ်စရာပြောနေတယ်ထင်တယ်။ ဘယ့်နှယ်ခင်ဗျား၊ စားပွဲတင်နာရီကလေးတစ်လုံးကို တစ်ထောင်ဆိုတော့၊ ကဲပါခင်ဗျာ ရောင်းမဲ့အဖိုးသာ အမိန့်ရှိပါ။"

ဦးတက်ထွန်းသည် မျက်နှာကို အပေါ်သို့ အတန်ငယ် မော့ပြီးလျှင် စီးကရက်ကို အေးဆေးစွာ ဖွာရှိုက်လိုက်၏။

ထွန်း။ ။ကျွန်တော်ရယ်စရာ မပြောတတ်ပါဘူး တကယ်ပြောနေတာပါ၊ ဦးညီလေးအတွက်ဆိုရင် ကျွန်တော် တောင်းတဲ့ အဖိုးဟာ မများပါဘူး တန်ပါတယ်.."

ဦးညီလေး၏မျက်နှာမှာ မည်းခနဲဖြစ်သွား၏။

ညီ။ ။ "ခင်ဗျားဘာဖြစ်လို့ ဒီလိုထင်ရသလဲဆိုတာ ကျုပ်အံ့သြတယ်ဗျာ..."

ဦးညီလေး၏မျက်နှာမှာ အေးစက်စက် ရှိနေရာမှ အလွန်သွေးဆူ၍ ရက်စက်သောအမူအရာသို့ပင် ပြောင်းလဲလာလေ၏။ ဦးတက်ထွန်းသည် စီးကရက်တိုကို ပြာခွက်ထဲသို့ထည့်ကာ ပွတ်ခြေလိုက်ပြီးနောက် ကိုယ်ကို ရှေ့သို့ခပ်ကိုင်းကိုင်း ထားလျက်..

"ဒီမှာဦးညီလေး.. ခင်ဗျားတို့ကျွန်တော်တို့ဟာ ကလေးတွေမဟုတ်ကြဘူး.. အလုပ်ကိစ္စဆိုရင် အလုပ်ကိစ္စနှင့် တူအောင် ၂-ယောက် စလုံး အသိဉာဏ် တင်းပြည့် ကျုပ်ပြည့်ရှိတဲ့ လူကြီးလူကောင်းကုန်သည် ပွဲစားအနေနှင့်ပြောကြစို့ရဲ.. ခင်ဗျားဟာ ပစ္စည်းတစ်ခုကို အရေးတကြီး အလိုရှိနေတယ်... အဲဒီခင်ဗျားလိုချင်တဲ့ ပစ္စည်းဟာလဲ ကျုပ်လက်ထဲမှာ ရှိတယ်၊ ဒီပစ္စည်းကို ကျုပ်က တန်ဖိုးထားပြီးရောင်းတယ်.. ကျုပ် လိုချင်တဲ့တန်ဖိုးကိုလဲပြောပြီ၊ ဒီတော့ခင်ဗျားတကယ်သာ လိုချင်ရိုး မှန်ရင်ပေးဖို့ပဲ.. ခင်ဗျားမပေးရင် ဒီပစ္စည်း ကျုပ်သိမ်းထားမှာပဲ၊ ဒါဟာ ဘယ်လိုအဓိပ္ပါယ်ရှိတယ်ဆိုတာ ခင်ဗျားသိပြီးသားပဲ..."

ဦးညီလေးသည် နှုတ်ခမ်းချင်း ပွတ်၍ လိမ်လိုက်၏။ သူ၏လက်ဝဲဖက် လက်ထဲတွင် အသံမမြည်သော ကိရိယာ တပ်ထားသည့်ခြောက်လုံးပြူးသေနတ်ကလေးပေါ်လာ၏။

"ခင်ဗျားအထင်လွဲတာ... ခင်ဗျားသိပ်မိုက်တဲ့လူကြီး၊ ခင်ဗျားသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ. .ဒီနာရီကလေးကို ၅၀ဝိ ပေးမယ်လို့ကျုပ်လာခဲ့တယ်၊ အခုတော့ ခင်ဗျားက အဆမတန် တစ်ထောင် လိုချင်





တယ်... ဒါဟာကျုပ်လိုချင်တဲ့ အချက်ကိုသိအောင် ခင်ဗျားကျုပ်ကိုဖွင့်ပြောလိုက်တာနဲ့အတူတူပဲ..."

ဦးတက်ထွန်းသည် အတန်ငယ် ဒူးများတုန်လျက်ရှိ၏။ သို့နှင့်စားပွဲစွန်းနှစ်ဘက်ကို လက်များဖြင့် အားပြုကိုင် ထားလိုက်လေသည်။ ထိုနောက်မျက်နှာချင်းဆိုင်ဘက် အုတ်နံရံမှ မှန်ကို ကြည့်လိုက်ရာ မှန်ထဲ တွင် မိမိနောက်ကျောဘက်တွင် ကပ်ထားသော သံစုံနာဒရီ၏အရိပ်ကို မြင်ရ၏။ အချိန်မှာ– ၁ဝနာရီထိုးရန် တစ်မိနစ်မျှသာ လိုတော့၏။ သူ၏စားပွဲပေါ်၌ကား "ဥသြနာရီ" ကလေးသည် ဦးညီလေးဘက်သို့ မျက်နှာလှည့်ကာ ထိုအချိန်အတိုင်းပင် တချက်ချက်သွားလျက်ရှိပေသည်။

(ဦးတက်ထွန်းက လေးနက်သော်လည်း ချိုသာသောအသံဖြင့်) "ခင်ဗျားမှားတာ ဦးညီလေး... ဒီကနေ့နံနက်ပဲ ခင်ဗျားဟာ ဦးဟာမက်ကို သတ်လိုက်ပြီး လူသတ်မှုဆိုတာ တစ်မှုပေါ်မှာ နှစ်မှုဆင့်ရင် ခင်ဗျားလွတ်နိုင်ပါအုံးမလား.."

၁ဝ–နာရီထိုးရန် စက္ကန့် ၅ဝခန့်လိုသေး၏။ ဦးတက်ထွန်းသည် ထိုစက္ကန့်၅ဝအတွင်း တစ်စုံတစ်ရာ မဖြစ်စေရန် ဦးညီလေးအားစကားကို ဆွဲ၍ ပြောရပေမည်။

ဦးညီလေး၏ လက်ဝဲဖက်လက်မှ သေနတ်ကလေးသည် လက်ယာဖက်သို့ ဖျတ်ခနဲ ကူးပြောင်းသွား၏။ ထိုနောက် လက်အပေါ်သို့ မြှောက်ကာ ဦးတက်ထွန်း၏ ရင်ဝဆီသို့ ချိန်လိုက်၏။

၁ဝနာရီ ထိုးရန် ၅စက္ကန့်သာ လိုတော့၏၊ ဦးတက်ထွန်းမှာ ဦးညီလေးချိန်ထားသော သေနတ်ပြောင်းဝကလေးကို မလှုပ်မယှက်ကြည့်နေမိ၏၊ ကြောက်ရွံ့သဖြင့် နဖူးမှ ချွေးများ ထွက်လာပြီးလျှင်

တစ်ကိုယ်လုံးမှာလည်း တောင့်တင်းလာကာ သွေးများ အသွားရပ်သွား သကဲ့သို့ထင်ရ၏။

၁၀နာရီထိုးလေပြီ...

ဦးညီလေးသည် သေနတ်မောင်းကိုဖြုတ်လိုက်၏။ ဦးတက်ထွန်းက လူရော ကုလားထိုင်ပါ နံဘေးသို့ပစ်လှဲလိုက်၏။ ထိုအချိန်နှင့် တစ်ချိန်တည်းပင် "ဥသြနာရီ" ကလေးထဲမှ ဒိုင်းခနဲ ပေါက်ကွဲသံ၊ ကြမ်းပေါ်သို့ ဒုံးခနဲ လဲကျသွားသံ၊ မှန်များကွဲရှသံများကို ကြားလိုက်ရပြီးလျှင် အခန်းတစ်ခန်းလုံး မီးခိုးများဖြင့် အူလျက်ရှိလေ၏။

""မောင်မောင်ရေ... မောင်မောင်.. မောင်မောင် ဘယ်ကလဲ... ဟင်.. မောင်မောင်" ဟူသော ချစ်ဇနီး၏ အလန့်တကြား ဟစ်အော်သံများကိုပါ၊ ဦးတက်ထွန်း ဆက်လက် ကြားလိုက်ရသေး၏။

ဒေါ်သိမ်းရီသည် အခန်းတွင်းသို့ ပြေးဝင်လာ၍ ဦးတက်ထွန်း အား မတ်တတ်ရပ်နိုင်ရန် ဖေးမကူညီပေး၏။

"အမယ်လေး မောင်ရယ်... ဘာဖြစ်တာလဲဟင် လူကြီး တစ်ယောက်နဲ့ သေနေပါလား... ဘာဖြစ်ကြတာလဲမောင် ရီကိုပြောစမ်းပါဦး အူတွေ အသည်းတွေ တုန်လိုက်တာမောင်ရယ်"

"မကြောက်စမ်းပါနဲ့ ရီရီရယ်.. ပြီးတော့မှ ရှင်းပြောမယ်၊ မောင့်ဖို့ ရေခဲသေတ္တာထဲက ဘရန်ဒီပုလင်းလေး မြန်မြန်ယူခဲ့စမ်း"

ဘရန်ဒီသောက်ပြီးသောအခါ ဦးတက်ထွန်းလည်း အဖြစ်အပျက်များကို ဇနီးဖြစ်သူအား ရှင်းလင်းပြောပြပြီးလျှင် ထိုသူ တက်လာစကပင် မသင်္ကာသဖြင့် ပွိုင့်၂၂ ကျည်ဆန်တစ်ဆန်ကို နာရီသေနတ် ကျည်ဆန်ထည့်သော နေရာသို့သွင်း၍ ဆယ်နာရီတိတိ၌ပစ်ရန် ရတ်ခြည်း စီစဉ်လိုက်ရကြောင်း၊ မိမိတို့အတွက် တစ်စုံတစ်ရာ စိုးရိမ်ရန်





မရှိကြောင်း၊ ဤကိစ္စမှာ ဦးဘအောင်အမှု၌လည်းကောင်း ဦးဟာမက်သေဆုံးသည့် အမှု၌လည်းကောင်း၊ တစ်ဦးတည်းဖြစ်သည့် တရားခံကို ဥသြနာရီကလေး အကူအညီဖြင့် ပစ်သတ် ဖမ်းပေးခြင်းမျှသာ ဖြစ်ကြောင်း။ ထိုပြင်ဒုတိယ ပုလိပ်မင်းကြီး ဦးမောင်ကလေး ဆိုသူမှာလည်း မိမိ၏ မိတ်ဆွေရင်း ဖြစ်သဖြင့် သာ၍ပင် စိုးရိမ်ရန် မရှိကြောင်း ပြောသောအခါမှ ဒေါ်သိမ်းရီမှာ သက်သာရာ ရတော့၏။

ဒေါ်သိမ်းရီက စားပွဲနောက်နံရံတွင် ကပ်ထားသော သံစုံနာရီကလေးကို လက်ညှိုးညွှန်လျက်–

"သံစုံနာရီလဲ ကြေမွသွားပါကလား"

"သူပစ်တဲ့ကျည်ဆန်က ခပ်စောင်းစောင်းဆိုတော့ ဒီနာရီကို ထိသွားတာပဲ ရီရီ၊ မောင် ကုလားထိုင်ကို လှဲသာမချလိုက်ရင်လဲ မောင့်မေးရိုးတစ်ခြမ်း ဖောက်ထွက်သွားမယ့် ကျည်ဆန်ပဲ၊ အခုတော့ မောင့်ကို မထိဘဲ သူတီထွင်တဲ့နာရီကပဲ သူ့ကိုပြန်ပစ်လိုက်တာပေါ့"

"အလိုလေး ကံကြီးပေလို့သာ ဘုရား... ဘုရား"

"ကိုင်းရီရီ၊ ဦးမောင်ကလေးဆီသာ တိုက်ရိုက်ဖုန်းဆက်ပေတော့၊ မြန်မြန်လုပ်ကွယ် မြန်မြန်"

အမှုမှာ ဦးတက်ထွန်း မျှော်လင့်သည့်အတိုင်း အဆင်ပြေရုံမျှမက ဦးတက်ထွန်း၏ သူရသတ္တိ တာန်နပ္ပတ္တိဉာဏ်တို့ကိုပင် စုံထောက်ဖွဲ့မှ ချီးကျူးလေသည်။

ဒဂုန်ရွှေမျှား

# မရဏရက်ချိန်း

၁၉၅၃–ခုနှစ် နွေဦးပေါက် တနင်္ဂနွေနေ့တစ်နေ့ ညနေစောင်းအချိန်၌ ကိုစိန်ကြိုင်နှင့် ကိုတင်အေးတို့ အပါအဝင် သူငယ်ချင်း ၃–၄ ယောက်တို့သည် ရန်ကုန်အနောက်ပိုင်း လမ်းမတော်ရှိ "လူငယ်များကလပ်"ခေါ် ကလပ်အတွင်းတွင်း ရေခဲစိမ်သော ဘီယာများကို အတန်ကြာ သောက်လျက်ရှိရာမှ ဘိလိယက်ခုံရှိသော အခြားအခန်းဘက်သို့ ကူးခဲ့ကြလေ၏။

ကိုတင်အေး၊ ကိုစိန်ကြိုင်တို့မှာ အလွန်ချစ်သော သူငယ်ချင်းများ ဖြစ်ကြ၏။ ကိုစိန်ကြိုင်၏ မိဘများမှာ အတော်အတန် ပစ္စည်းဥစ္စာနှင့် ပြည့်စုံသူများဖြစ်သည့်အတိုင်း သွင်းကုန်လုပ်ငန်းနှင့် ဖက်စပ်များတွင် အစုရှယ်ယာများ ပါထားသူများ ဖြစ်ပေသည်။ ကိုစိန်ကြိုင်မှာ





ကုန်သည်ရိုးရာ လုပ်ကိုင်လျက် မိဘများကို ကူညီနေသူဖြစ်၏။ ကိုတင်အေးမှာမူ အစိုးရဌာနတစ်ခုတွင် ရုံးဝန်ထောက်ဖြစ်၏။ မြင်းလောင်းခြင်း၌ ဝါသနာပါ၍ မြင်းနိုင်သောအခါများတွင် သူငယ်ချင်းများအား အမြဲကျွေးမွေးတတ်သူ ဖြစ်လေသည်။

ထိုနေ့ကမြင်းပွဲတွင် ကိုတင်အေးမှာ (၃)ကောင် စွပ်တိုက်၍ ငွေ ၁၇၀ဝိ–ကျော်မျှ ပွခဲ့ရာ သူငယ်ချင်းဖြစ်သူ ကိုစိန်ကြိုင်အား ပြုစုလိုသဖြင့် အခြားရင်းနှီးသူ ၂ ယောက် ၃ယောက်ကိုပါ ဖိတ်မန္တကပြုပြီးလျှင် ထိုနေ့ညနေအတွက် "ဒကာခံ"ခဲ့ခြင်း ဖြစ်လေသည်။ သူတို့၏ အစီအစဉ်မှာ ကလပ်တွင် ဘီယာသောက်၍ ဘိလိယက်တစ်ပွဲမျှ ကစားပြီးနောက် လင်္ကာလမ်း ဟိုတယ်တွင် ညစာစားရန်ဖြစ်လေသည်။

ဘိလိယက်ခန်းသို့ ရောက်သောအခါ လက်စ မသတ်သေးသော နှစ်ယောက်တွဲ တစ်တွဲကို စောင့်ဆိုင်းရင်း စင်မြင့်များပေါ်၌ ထိုင်လျက်ရှိကြစဉ် မြင်းပွဲ၌နိုင်သဖြင့် အရှင်လျက်ရှိသော ကိုတင်အေးသည် ဘီယာကလေး အနည်းငယ်ဝင်၍ သွားပြန်သောအခါ ယခင်ကထက်ပင် အာသွက်လျှာသွက် ဖြစ်လာလျက် ကိုစိန်ကြိုင်အား မထိတထိ 'စ'လျက် ရှိလေ၏။

ဤကဲ့သို့ ကျီစားရန်စပြုလုပ်မိသဖြင့်သာ အောက်တွင် ရေးသားအံ့သော အကြောင်းအရာများဖြစ်ပေါ်လာခြင်းဖြစ်လေသည်။

အေး။ "ဟေ့လူ ခင်ဗျားဟာ ပိုက်ဆံလဲရှိတယ်– ရုပ်လဲမခေဘူး၊ ဒါနဲ့များ ခုထက်ထိ မိန်းမ မရသေးတာ အံ့ဩသဗျာ"

ကြိုင်၊ "ဒါတော့ ကျုပ်ကမှ မလိုချင်ဘဲကိုဗျ"

"ဒီဟာတော့ သက်သက် ခင်ဗျားဖြီးတာဗျာ– မိန်းမ မလိုချင်တဲ့ ယောက်ျားရယ်လို့ ဘယ်မှာရှိသလဲ၊ ခင်ဗျာ့အရွယ်ဆိုရင် ကျုပ်တို့

သူငယ်ချင်းတွေထဲကပဲ၊ ကလေးပဲ ၄၊ ၅ ယောက်ရှိကုန်ပြီ၊ ခင်ဗျား လေးဆယ်ပြည့်ပြီ မဟုတ်လား"

"မဟုတ်တာဗျာ ကိုတင်အေးကလဲ ကြဲကြဲဖန်ဖန် ကျုပ်က ခင်ဗျား ထက် ၄ နှစ်ငယ်တာပဲ"

အေး။ "အေးလေ ၄ နှစ်ပဲငယ်ငယ် ၅ နှစ်ပဲငယ်ငယ် ထားပါတော့၊ သူတို့ အနောက်နိုင်ငံသားများ ထုံးစံတော့ လူတစ်ယောက်ကို လခဘယ်လောက်ရသလဲ၊ ခင်ဗျားမိန်းမနဲ့လား လူပျိုလား၊ ခင်ဗျား အသက်ဘယ်လောက်ရှိပြီလဲ မမေးရဘူးတဲ့ဗျ၊ မေးရင် ရိုင်းရာရောက်တယ်၊ ဒါပေမဲ့ ကျုပ်တို့က အရှေ့နိုင်ငံသားတွေပဲဗျာ၊ ကိုင်း–ကျုပ်တို့ အထဲက ကိုစိန်ကြိုင် ဘယ်နှစ်မှာမွေးသလဲ အသက်ဘယ်လောက်ရှိပလဲ၊ ဘယ်သူပြောနိုင်လဲ၊ ပြောနိုင်တဲ့လူရှိရင် နောက်ထပ်ဘီယာ တစ်ပုလင်းဗျို့"

ကိုတင်အေးသည် အာကျယ်ကျယ်နှင့်ပင် အော်လိုက်ရာ ခုံမြင့်ပေါ်မှ စောင့်ဆိုင်းနေသူအားလုံးပင် ကြားရ၏။ ထိုနေ့ညနေက ကလပ်တွင် မင်းဘားများသာကမ မင်းဘားများက အသီးသီး ခေါ်ဆောင်လာကြသော မိတ်ဆွေသင်္ဂဟများ ဧည့်သည်များဖြင့် အတော်ပင် စည်ကားလျက်ရှိလေသည်။ ကိုတင်အေးသည် မိမိတို့ အချင်းချင်းသာမက အခြားလူများပင် ကြားလောက်အောင် လက်ကို ဝှေ့ရမ်းလျက် ပြောလိုက်လေသည်။ ထိုအခါ အခန်းတွင်းရှိ လူအချို့မှာ ကိုစိန်ကြိုင်ကို ပြောင်လှောင်လိုသော မျက်နှာများဖြင့် ကြည့်၍ လည်းကောင်း၊ အချို့လည်း အားနာဟန်ဖြင့်လည်းကောင်း၊ အချို့လည်း နီးရာလူနှင့် တီးတိုးပြောကာ ရယ်မောလျက်လည်းကောင်း ရှိနေကြကုန်၏။





အေး။ "ကိုင်းလေ. . . . .ခင်ဗျားတို့အထဲက ကိုစိန်ကြိုင်မွေးတဲ့ ခုနှစ်ကို ဘယ်သူပြောနိုင်လဲ. . . . ပြောကြလေဗျာ"

"ကျွန်တော်သိတယ်၊ ၁၉၁၉ ခုနှစ်" ဟု အသံတစ်သံကို လူအုပ်ထဲမှ ကြားလိုက်ရသဖြင့် ကိုတင်အေးတို့ လူစုလည်း အံ့အားသင့်လျက် ရှိကြကုန်၏။ လူများသည် အသံကြားရာသို့ လှည့်ကြည့်ကြ၏။ အော်လိုက်သောသူငယ်မှာ သူစိမ်းတစ်ယောက်ဖြစ်၍ အသက် ၁၇ နှစ် ၁၈နှစ်ခန့် ကျောင်းသားအရွယ်မျှသာ ရှိသေးသည်ဟု ခန့်မှန်းရလေသည်။

ကိုစိန်ကြိုင်မှာ နဂိုကပင် စိတ်တိုသော သူတစ်ယောက်ဖြစ်သည့်ပြင် ကိုတင်အေး 'စ'နေသည်ကိုလည်း မခံချင်ခိုက် ဖြစ်သဖြင့် ကိုယ်ကို မတ်တတ်ရပ်လိုက်ကာ "ဘယ်သူလဲဟေ့၊ တို့အချင်းချင်း ပြောနေတဲ့အထဲ ဝင်ရှုပ်တာ"ဟု ခပ်ထန်ထန် ပြောလိုက်လေသည်။

အော်လိုက်သော သူငယ်မှာ အသားအလွန်ဖြူပြီးလျှင် မျက်နှာဝိုင်းဝိုင်းပြားပြားရှိလျက် စူးရှတောက်ပသော မျက်လုံးများလည်း ရှိ၏။ မြန်မာလူမျိုးများမဟုတ်ဘဲ ရှမ်းအမျိုးသားတစ်ယောက် ဖြစ်သည်ဟု ကိုစိန်ကြိုင်တွေးလိုက်မိ၏။

"ဟေ့ကောင်လေး မင်းငါ့ကို ဘာအောက်မေ့သလဲဟင်. . ."

ကိုစိန်ကြိုင်သည် လက်သီးများကို ဆုပ်ကာ ရှေ့သို့တစ်လှမ်းတိုးလိုက်သဖြင့် ကိုတင်အေးက ရှေ့မှကာဆီးထားလိုက်ရလေသည်။

အသားဖြူသော သူငယ်မှာ မျက်နှာများနီမြန်းလာလျက် တစ်စုံတစ်ရာ ကြောက်ရွံ့သည့် လက္ခဏာလည်း မရှိပေ။

ကြိုင်။ "မင်းဟာ ငါမွေးတဲ့သက္ကရာဇ်ကို ဘယ်လိုသိတယ်တော့ ငါမသိဘူး– နို့ပေမဲ့ ပါးစပ်ကလေးပိတ်ထားလိုက်ရင် ကောင်းမယ်၊

မပိတ်ရင်တော့ နှစ်ခြမ်းကွဲသွားလိမ့်မယ် ထင်တယ်. . . ."

အေး။ "တော်ပါဗျာ ကိုစိန်ကြိုင်၊ ကလေးနဲ့ ဖက်ပြီးပြောမနေစမ်းပါနဲ့. . ."

သူငယ်မှာ မြို့ပေါ်မှမဟုတ်ဘဲ နယ်မှရန်ကုန်သို့ အစ်ကိုများနှင့်အတူ အလည်အပတ် လိုက်လာသူဖြစ်၏။ မင်းဘားတစ်ယောက်က သူ့အစ်ကိုအား ကလပ်သို့ခေါ်လာရာတွင် ထိုသူငယ်ပါလာခြင်း ဖြစ်လေသည်။

ကိုတင်အေးသည် ကိုစိန်ကြိုင်၏ ရှေ့မှကွယ်လျက် မိမိ 'စ' သဖြင့် ဖြစ်ပေါ်လာရသော ပြဿနာကို ဖြေရှင်းရန် ကြိုးစားလျက်ရှိစဉ်၌ပင် အသားဖြူလွန်းလှသော သူငယ်သည် လူအုပ်ရှေ့သို့ ထွက်လာပြီးနောက်–

"ကျွန်တော်သိလို့ ပြောတာပဲခင်ဗျ"

အေး။ "မင်း ဘာသိတာလဲ"

ထိုအခါ အသားဖြူဆွတ်လှသော သူငယ်သည် တစ်စုံတစ်ရာမရှိသော အထက်လဟာပြင်သို့ မော်ကြည့်ပြီးနောက် မျက်စိများကိုစုံမှိတ်ကာ–

"ကိုစိန်ကြိုင် ၁၉၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်မွေးဖွားသည်။ ၁၉၅၀ ခုနှစ် မတ်လ ၁၃ ရက်နေ့ အနိစ္စရောက်သည်"

သူငယ်ပြောဆိုသော စကားများကို ကြားလိုက်ရသောအခါ ကိုစိန်ကြိုင်သည် ကိုတင်အေးအား ရန်းဖယ်ကာ ရှေ့သို့ထွက်လာ၏။ သူငယ်လေးနှင့်အတူ ပါလာဟန်တူသော သူအချို့လည်း အရှေ့ အကြောင်းရှိက ခုခံရန် တစ်ဖက်တွင် ကျောချင်းကပ်လိုက်ကြ လေသည်။ တစ်ခန်းလုံးမှာ သူပြောလိုက်သော စကားများကြော





'ဟာ..'ခနဲ ဖြစ်ကာ အံ့အားသင့်သွားကြပြီးလျှင်၊ ဘိလိယက်ကစားနေသူ နှစ်ယောက်ပင် "ကျူ" များကိုကိုင်ကာ ထူးဆန်းသော သူငယ်အား ငေးမောကြည့်ရှုလျက် ရှိကြလေသည်။

ကိုစိန်ကြိုင်သည် ကိုတင်အေးလက်တွင်းမှ ရုန်းကန်ရင်း. . . . "ခင်ဗျားတို့အားလုံး ကြားကြတယ်နော်. . . ဒါဟာ သက်သက်စော်ကားတာဗျ၊ ကိုင်းဟေ့–သူငယ်. . . ဒီမှာတော့ လူများပါတယ်ကွယ်၊ ကျုံးလမ်းဘက်က ကွင်းပြင်လိုက်ခဲ့"

သို့ပင်ပြောရငြားလည်း ကိုစိန်ကြိုင်၏ မျက်နှာမှာ သွေးမရှိသကဲ့ သို့ ဖြူဖပ်ဖြူရော်ဖြစ်၍ သွားပြီးလျှင် အသံများပင် တုန်ရီ၍နေလေ သည်။

ထိုနောက် ကိုစိန်ကြိုင်သည် အပြင်သို့ ထွက်သွားလေရာ ကိုတင်အေးလည်း သူ၏လည်ပင်းကို ဖက်ကာ ၎င်းနှင့်အတူ လိုက်သွားရလေသည်။ သို့နှင့် ကိုတင်အေး စီစဉ်ခဲ့သော အစီအစဉ်မှာ ပျက်ပြီးလျှင် ကိုစိန်ကြိုင်အား သူတို့အထဲမှ မိတ်ဆွေတစ်ဦး၏ ကားပေါ်သို့ အတင်းဆွဲ ငင်ချော့မော့ပြီး အိမ်သို့ ပြန်ပို့ရ၏။

ကတောက်ကဆတ်ဖြစ်သော သူငယ်ကိုလည်း သူ့အဖော်များက ကားတစ်စီးဖြင့် ခေါ်သွားကြလေသည်။

ကားပေါ်သို့ရောက်သောအခါ၊ ကိုတင်အေးက "ကျုပ်တို့ အစီအစဉ်တော့ ပျက်တာပဲဗျို့၊ ဘယ်လိုဟာမျိုးနဲ့ လာတွေ့ရတယ် မပြောတတ်ပါဘူး. . .၊ ဒီသူငယ်က အထက်သူငယ်ဆိုထင်ပါရဲ့. . . ကိုဘမိုတို့နဲ့အတူ ကလပ်ကို လိုက်လာတာ"

ကြိုင်။ "နေပါဦး.... ကျုပ်မွေးနေ့ကို သူက ဘာဖြစ်လို့ ပြောနိုင်ရ တာလဲ. . . ပြီးတော့. . . ကျုပ်မွေးတဲ့လက ဖေဖော်ဝါရီလဲ

မဟုတ်ပါဘူး မတ်လပါ"

ထိုအခါ ကိုတင်အေးက ကိုစိန်ကြိုင်အား စိတ်အေးစေရန် "မတ်လဖြစ်ဖြစ် ဧပြီလဖြစ်ဖြစ် ဘာဖြစ်ရဦးမှာလဲဗျာ... စုန်းတို့၊ နတ်တို့၊ ရှေ့ဖြစ်အဟောင်းတို့၊ အတိတ်နိမိတ်တို့ ကျုပ်ဖြင့် ဘာတစ်ခုမှ မယုံဘူး ..."

ကြိုင်။ "ကျုပ်လဲ မယုံပါဘူး. ... နို့ပေမဲ့ မွေးတဲ့နှစ်ကိုပဲ သူသိတာ အံ့ဩတယ်ဗျာ"

အေး။ "ဒါကတော့ အသက်ကို မှန်းပြီး ရမ်းပြောရင် မှန်ချင်လဲ မှန်တာပေါ့ဗျ"

"ကျုပ်သေလိမ့်မယ်ဆိုတဲ့ ရက်ကကောဗျာ"

"ဒါလဲ ရမ်းတုတ်တာ ဖြစ်မှာပေါ့၊ ဒီသူငယ်က စိတ်မှန့်ပါ့မလား မပြောတတ်ဘူး"

"ကျုပ်လဲ ဒီလိုထင်တာပဲ၊ ဒီကောင်လေးကြည့်ရတာ ပုံပန်းက ရှမ်းစပ်နဲ့တူပါတယ်"

"ဟုတ်လိမ့်မယ်ဗျို့၊ ကျုပ်လဲ ခုမှစဉ်းစားမိတယ်၊ ဒီသူငယ်ဟာ ကိုဘမှီတို့လူစုနဲ့ပါလာတာ မဟုတ်လား.... ကိုဘမှီက စမ်းချောင်းက ရှမ်းတွေနဲ့ အဆက်သွယ်ရှိတာပဲ၊ ခင်ဗျားတွေးတာမှန်မယ်... ဘာပဲ ပြောပြောဗျာ.... အရူးစကားတွေ အလကား လျှောက်ပြီး တွေးမနေပါနဲ့ ကိုစိန်ကြိုင်၊ ကိုင်း . . . ကျုပ်တို့တရုတ်ဟိုတယ်မသွားတော့ဘူး၊ ဟောဒီက မြန်မာထမင်းဆိုင်မှာပဲ စားကြမယ်. . ."

ထို့နောက် သူငယ်ချင်းလေးယောက်တို့သည် မြန်မာထမင်းဆိုင် တစ်ဆိုင်သို့ဝင်၍ ထမင်းစားသောက်ကြပြီးလျှင် ကိုတင်အေးသည် ကိုစိန်ကြိုင်အား အိမ်တိုင်ရာရောက် ကားဖြင့်ပို့ပေးပြီးနောက်၊





ထိုညအဖို့ အပြင်သို့မထွက်ရန်ပင် မှာကြားခဲ့သေး၏။

× × × × ×

သူစိမ်းတစ်ယောက်က ကိုစိန်ကြိုင်အား မရေမရာ ပြောလိုက်သော စကားများသည် ကိုစိန်ကြိုင်အတွက် မကြာမီမေ့ပျောက်သွားနိုင်ဖွယ် အကြောင်းရှိသော်လည်း အောက်တွင်ဖော်ပြအံ့သော အကြောင်း များ ဖြစ်ပေါ်လာသဖြင့် ကိုစိန်ကြိုင်သည် မေ့ပျောက်၍ မရနိုင်တော့ချေ။

၂-ရက်မြောက်သောနေ့၌ ကိုစိန်ကြိုင်၏အစ်မကြီးသည် အိမ်သို့လာ၍ မန္တလေးမြို့ရှိ ပုဏ္ဏားတော်တစ်ဦးထံ ဗေဒင်ဟောစာတမ်းတောင်း ထားသည့်အတွက် သူ၏ဇာတာကို ပို့ရမည်ဖြစ်ကြောင်းဖြင့် ပြောဆို ပြီးလျှင် မိဘရှေးဟောင်းပစ္စည်းများ ထည့်ထားသော ကျွန်းသေတ္တာ ဟောင်းကြီးအတွင်းတွင် ရှာဖွေလျက်ရှိလေရာ၊ အဝတ်များ၏အောက်မှ ဇာတာ ၂-ခုတွဲ၍ စက္ကူဖြင့် ရစ်ပတ်ထားသည်ကို တွေ့ရ၏။ ဇာတာ ၂ စောင်အနက် တစ်စောင်မှာ အစ်မကြီး၏ ဇာတာဖြစ်၍ အခြားတစ်စောင်မှာ မောင်စိန်ကြိုင်၏ဇာတာ ဖြစ်လေသည်။

မောင်စိန်ကြိုင်သည် သူ၏ဇာတာကို ကြည့်ပြီးလျှင် တစ်စုံတစ်ရာကို စဉ်းစားမိသည့်ဟန်ဖြင့်...

"ဩော်... ဒါထက် ကျွန်တော်မွေးတဲ့လဟာ မတ်လမဟုတ်လား- အစ်မကြီး"

"ဟုတ်တယ် ထင်ပါရဲ့... မင့်ဇာတာထဲမပါဘူးလား..."

"မြန်မာသက္ကရာဇ်သာ ပါတာပေါ့ အစ်မကြီးရဲ့- ဖေဖေက မတ်လလို့ တစ်ခါက ပြောဖူးလို့"

"ဖေဖေကလဲ အသက်ကြီးမှပဲကွယ်... မေ့ချင်မေ့မှာပေါ့... ဘာဖြစ်လို့လဲ၊ မင်းက ဇာတာစစ်ချင်လို့လား"

"မဟုတ်ပါဘူး အစ်မကြီးရဲ့၊ ကျွန်တော်မွေးတဲ့လကို အင်္ဂလိပ်လို သိချင်လို့ပါ"

"မြန်မာလိုက ဘယ်လလဲ"

"၁၂၈၁–ခု တပေါင်းလပြည့်ကျော် ၂–ရက်တဲ့၊ ဒီတော့ မတ်လ လောက်ပဲလို့ ကျွန်တော်ထင်တယ်. . ."

"ပြက္ခဒိန်ကြည့်ပေါ့ကွယ်"

"ဒီလောက် နှစ်ပေါင်း ၃၀–ကျော် ၄၀–က ပြက္ခဒိန် ဘယ်ရှိပါ့မလဲ အစ်မကြီးရဲ့"

"မင်းလဲ ကာလသားလုပ်နေပြီး အင်မတန် ညံ့သေးတာပဲ၊ ဆူးလေဘုရားပေါ်က ဗေဒင်ဆရာတွေဆီမှာ အနှစ် ၅၀၊ အနှစ် ၁၀၀ ကြည့်နိုင်တဲ့ ပြက္ခဒိန်တွေရှိတယ်၊ မင်းမွေးတဲ့ မြန်မာခုနှစ် သက္ကရာဇ်သာ ပြောလိုက်၊ အင်္ဂလိပ်လို ဘယ်လ ဘယ်ရက်ဆိုတာ တစ်ခါတည်း ပြောနိုင်တယ်၊ နေ့ကိုတောင် အတိအကျ ပြောလိုက်လိမ့်ဦးမယ်"

ထိုနေ့ညနေ၌ ကိုစိန်ကြိုင်သည် ဆူးလေဘုရားသို့လာခဲ့၍ ဗေဒင် ဆရာတစ်ဦးထံ ငွေ ၁–ကျပ်ပေး၍ မိမိမွေးနေ့ကို ကြည့်ရှုရာ၊ ၁၉၁၉–ခု၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့ဟု သေချာစွာ သိရလေ၏။

သူငယ်လေး ပြောလိုက်ခြင်းကား အတိအကျ မှန်ကန်၍ နေလေ ပြီ။

စိတ်အတော်ပင် ထိခိုက်သွားသဖြင့် ကိုစိန်ကြိုင်မှာ– အနည်းငယ် ဖျားပြီးလျှင် ဆရာဝန်ထံသို့ပင်သွား၍ ဆေးများထိုးရ၏။ သို့သော် ဆရာဝန်က အပူမိသဖြင့် အတန်ငယ် နေမကောင်းခြင်းမျှသာ ဖြစ်





ကြောင်း၊ တစ်စုံတစ်ရာ စိုးရိမ်ရန်မရှိကြောင်းဖြင့် ပြောပြီးလျှင် ဆေးထိုး ပေးလိုက်၏။

အဖျားပျောက်သည့် နောက်တစ်နေ့၌ပင် ကိုစိန်ကြိုင်သည် တက္ကစီတစ်စီး ငှား၍ "အသားဖြူလွန်းသော လူငယ်"ကို ရှာဖွေရန် စမ်းချောင်းရှိ ရှမ်းလူမျိုး အဆက်အသွယ်များရှိသော ကိုဘမှိအိမ်သို့ သွားရောက်ရာ ရှမ်းကပြားကလေးအား အခန့်သင့်ပင် တွေ့ရလေ၏။ အိမ်တွင် ကိုဘမှိကို အဆင်သင့်မတွေ့သော်လည်း ကိုဘမှိ၏ဇနီးက ညွှန်ပြလိုက်ခြင်းဖြစ်လေသည်။ ရှမ်းကလေးမှာ ကိုဘမှိဆောက်လုပ်ဆဲ ဖြစ်သော အိမ်သစ်တစ်လုံးပေါ်၌ သီးခြားတည်းခိုနေထိုင်လျက် ရှိလေသည်။ သူ၏အမည်မှာ မောင်ဝဏ္ဏာဟု ခေါ်တွင်ကြောင်းလည်း သိရ၏။

မောင်ဝဏ္ဏာသည် ကိုစိန်ကြိုင်အား ကောင်းစွာမှတ်မိ၍ မျက်စိ မျက်နှာများပင် မကောင်းဖြစ်သွား၏။

ဝဏ္ဏာ။ "အစ်ကို ကျွန်တော့်ကို ထိုးချင်ရင် ဒီမှာတော့မလုပ်ပါနဲ့ အစ်ကို"

ကြိုင်။ "မင့်ကို ငါမထိုးချင်ပါဘူးကွယ့် . . . အခုတစ်ခါတော့ မင်းက ထန်ရမဲ့ ကလှဲ့ပါ"

"အဲဒီတုန်းက ကျွန်တော်နှုတ်က ထွက်သွားမိတယ်အစ်ကို၊ အစ်ကိုဘက်က မှန်ပါတယ်၊ ကျွန်တော့်အပြစ်ပါပဲ၊ ကျွန်တော် တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူးကွယ်၊ လွန်ခဲ့တာတွေ ပြန်ပြောမနေစမ်းပါနဲ့၊ အစ်ကိုသိပါတယ်"

"ကျေးဇူးတင်ပါတယ်အစ်ကို"

"ဒါနဲ့ အစ်ကိုလာခဲ့တာ တခြားအကြောင်းမဟုတ်ဘူးကွယ့်၊

အစ်ကို သေမယ့်ရက်ချိန်းကို ဘာကြောင့် အခုလို တိတိကျကျ ပြောလိုက်တယ်ဆိုတာ သိချင်လို့၊ မင်းပြောသလိုဆိုတော့ အစ်ကိုဟာ နောက် ၅ နှစ်ပဲ နေရတော့မယ်. . . အစ်ကိုဟာ အသက်ငယ်သေးတယ်၊ ဘာရောဂါ ဝေဒနာမှလဲမရှိဘူး၊ ကျန်းမာသန်စွမ်းတယ်၊ နှစ်ပေါင်း ၅၀ ကောင်းကောင်းကြီး နေနိုင်သေးတယ်. . . ပြီးတော့ အစ်ကိုတို့ အမျိုးဟာ အသက်ရှည်တဲ့အမျိုးကွယ့် ... အစ်ကိုရဲ့ အဖေဟာ ၇၆ နှစ် နေရတယ်၊ အဘိုးက ၈၄ နှစ်ကျမှ သေသတဲ့"

ရှမ်းကလေးမောင်ဝဏ္ဏကား တစ်စုံတစ်ရာ ပြန်၍ မပြောချေ၊ သို့နှင့် ကိုစိန်ကြိုင်က ဆက်လက်၍. . .

"အစ်ကိုမေးနေတာက မင်းပြောလိုက်တဲ့ ရက်ချိန်းကွယ့်"

"ဟုတ်တယ်အစ်ကို. . . အဲဒါရက်ချိန်းပဲ"

"အကိုသေရမယ့်ရက်ချိန်း ဟုတ်စ"

မောင်ဝဏ္ဏသည် တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစား နေသည့်ဟန်ဖြင့် မျက်စိများကို အတန်ကြာ မှိတ်ထားလိုက်ပြီး နောက်...။

"အဲဒီတုန်းက ကျွန်တော် ၁၀ နှစ်သားလောက်ပဲ ရှိဦးမယ်... ဒါနဲ့ အဲဒီဆေးထိုးပြီးတဲ့နောက် ၃ ရက်လောက်ကြာတော့ ကျွန်တော် တို့အိမ်နဲ့ မျက်စောင်းထိုးအိမ်က လူကြီးတစ်ယောက်ထိုင်နေတာ ကျွန်တော် စိုက်ကြည့်နေမိတယ်။ အဲဒီလို ကြည့်နေရင်းက ကျွန်တော် မျက်စိတွေဟာ ပြာလာပြီး ဘာမျှ မမြင်ရတော့ဘဲ ရှိနေတဲ့အထဲက အဲဒီ လူကြီးကို လူ ၃-၄ ယောက် ဝိုင်းပြီး ဓားနဲ့ခုတ်နေတာ မြင်ရတယ်၊ ဒီနောက် လူကြီးဟာ ဒီနေရာမှာပဲ လဲသွားပြီး သေသွားတယ်၊ ဓားနဲ့ ခုတ်တဲ့လူတွေ ထွက်ပြေးတဲ့အခါ ကျွန်တော်တို့ရွာသားတွေ ရောက်





လာပြီး သူ့အလောင်းကို သွေးရဲရဲ သံရဲရဲနဲ့ ပွေ့ချီပြီး ကပ်တစ်ခုပေါ် တင်တာ မြင်ရ တယ်။ ကျွန်တော်မျက်စိထဲမှာ လသာသာမှာ မြင်သလို စိမ်းလဲ့လဲ့ မှိုင်းဝေဝေ အရောင်တွေထဲမှာ မြင်နေရတာပဲ၊ နောက် ကျွန်တော်လဲ ဖျတ်ခနဲသတိပြန်ရသလိုဖြစ်ပြီး တစ်ခါကြည့်လိုက်တော့ အရင်က အတိုင်းပါပဲ၊ ဒီလူကြီးဟာ အိမ်ရှေ့ ကွပ်ပျစ်ကလေးမှာထိုင်ပြီး တောင်း ရက်နေတာပါပဲ... နောက်တစ်နေ့ကျတော့ အဲဒီလူကြီးအိမ် ဓားပြတွေက သူ့ကို ဝိုင်းပြီး ဓားနဲ့ခုတ်တယ်၊ ဓားပြတွေ ထွက်သွားလို့ ရွာသားတွေ ဝိုင်းလာပြီး ဒီလူကြီးအလောင်းဆေးရုံပို့ဖို့ ယူသွားတာ ကျွန်တော် မျက်စိထဲမှာ အရင်တစ်နေ့က မြင်ရတဲ့အတိုင်းပါပဲ အစ်ကို ရယ်... ဒီနောက် ကျွန်တော်တို့ ရွာအစွန်းက မိန်းမကြီးတစ်ယောက်ကို ဒီလိုပဲ အာရုံစိုက်ပြီး ကျွန်တော် ကြည့်မိတယ်၊ သူ့ကိုတော့ ဘာမြင်ရ သလဲဆိုရင်၊ ကလေးမွေးပြီး ကလေးကို အနီးနဲ့ထုပ်ပြီး အိမ်နောက်ဖေး မှာ မြှုပ်နေတာ မြင်ရတယ်၊ ဒီမိန်းမဟာ ယောကျ်ား မရှိဘူး၊ နောက် (၆)လလောက်ကြာတော့ တိတ်တိတ်ပုန်း ကလေးမွေးပြီး ကလေး အလောင်းကို ဖျောက်ဖျက်မှုနဲ့ အဖမ်းခံရတယ်လို့ ကြားရတယ်. . . ဒီတစ်ခါကျတော့ ကျွန်တော်လဲ မနေနိုင်လို့ ကျွန်တော့်စိတ်ထဲမှာ တင်ကြိုပြီး မြင်ရတဲ့အကြောင်းတွေ ပြောတော့ ကျွန်တော့အမေလဲ ထိတ်ထိတ်ပျာပျာနဲ့ "ဟဲ့လူကလေး- လက်စသတ်တော့ နင်ဟာ အမြင်ပေါက်နေပါကလား၊ ဒီအကြောင်း ဘယ်သူ့မှလဲ မပြောနဲ့၊ နောက်ကိုလဲ ဘယ်သူ့ကိုမှ သူ့အကြောင်း သိချင်တဲ့စိတ်နဲ့ မှန်းပြီး မကြည့်နဲ့လို့ပြောတယ်... ဒီစကားကို သေခါနီးအထိ မှာသွားရှာပါ တယ် အစ်ကိုရယ်. . . ဒို့ပေမဲ့ တစ်ခါတစ်ခါ ကျွန်တော့်မှာ ဒီစိတ် ပေါ်လာပြီး လူတွေကိုကြည့်မိတယ်၊ အဲဒီလိုကြည့်လိုက်မိတဲ့အခါ ရှိးရှိး

တန်းတန်းမဟုတ်ဘူး၊ ကျွန်တော့်ရဲ့ မူလစိတ်ဟာပျောက်သွားပြီး တခြား ကမ္ဘာတစ်ခုကို ရောက်သွားသလို အားလုံးပြောင်းလဲပြီး တစ်မျိုးတစ်ဖုံ မြင်ရတယ်၊ သူတို့ရဲ့ သင်္ချိုင်းရာတွေကို မြင်ရတယ်၊ သင်္ချိုင်းမှတ်တိုင်မှာ သူတို့နာမည်နဲ့ ကမ္ပည်းထိုးထားတာ တွေ့မြင်ရတယ်၊ အဲဒီစာတမ်း ကျွန်တော်ဖတ်ကြည့်လိုက်တာပဲ. . . . ဒီဟာတွေ မလုပ်တော့ဘူးလို့ ဒီအလေ့အကျင့်တွေ ကျွန်တော်ဖြတ်ထားတာ အတော်ကြာပါပြီ၊ နို့ပေမဲ့– တစ်နေ့ကတော့ အစ်ကိုနဲ့အတူပါတဲ့လူက အစ်ကိုမွေးတဲ့ ခုနှစ်ကို ဘယ်သူပြောနိုင်လဲလို့ ထပ်ခါထပ်ခါ မေးတော့ ကျွန်တော်လဲ သိချင်စိတ်ပေါ်လာပြီး အစ်ကို့ကို စိုက်ကြည့်မိတာပဲ... ဒီအပြင် ဘာအကြောင်းမှ မရှိပါဘူး. . . အဲဒီကြည့်လိုက်တဲ့ အခါ အစ်ကို့ရဲ့ သင်္ချိုင်းရာကို မြင်ရတယ်၊ အုတ်ဂူနဲ့ ခေါင်းရင်းဘက်က မှတ်တိုင်စိုက်ထားတာပါ မြင်ရတယ်၊ အဲဒီမှတ်တိုင်ပေါ်မှာ ထိုးရေးထားတဲ့စာကို ကျွန်တော် ဖတ်ပြလိုက်တာပါပဲ"

"ဩော်... ဒီလိုကို"

"အမှန်ကတော့ ကျွန်တော်ပြောဖို့ မဟုတ်ပါဘူးအစ်ကို... မပြောဖို့လဲ အထက်ဆရာကြီးများက ကျွန်တော့်ကို တားမြစ်ထားပါတယ်... ကျွန်တော်သေရမယ့် ရက်တောင် ကျွန်တော့်ကို ဖွင့်ပြောထားပါပြီ... ဒီတော့– အစ်ကို့စိတ်ထဲမှာ ဘယ်လိုနေလိမ့်မယ်ဆိုတာ ကျွန်တော်ကိုယ်ချင်းစာပြီး သိပါတယ်၊ ပြီးတော့ ကံကြမ္မာဆိုတာ ရှောင်လို့ ရတာမဟုတ်ဘူးအစ်ကို"

ကိုစိန်ကြိုင်က မောင်ဝဏ္ဏပြောသော နောက်ဆုံးစကားကို ဂရုမစိုက်သည့်ဟန်ဖြင့်. . .

"ဩော်... ဟုတ်လား... ဒါထက်–ဘယ်လိုဖြစ်လိမ့်မယ်ဆိုတာ





ကော အစ်ကို့ကို ပြောမပြနိုင်ဘူးလား... မတော်တဆဖြစ်မယ့်ကိစ္စလား ဘာလား၊ ညာလားပေါ့ကွယ်... ဒီတော့မှ အစ်ကိုလဲ ကြိုတင်ပြီး အကာအကွယ် ယူသင့် ယူရအောင်ပေါ့"

မောင်ဝဏ္ဏက ရီဝေသော မျက်လုံးများဖြင့် ကြည့်လိုက်လေသည်။

(ထို့နောက် တွေဝေငေးမောလျက်) "ပြောနိုင်မယ်မထင်ပါဘူး ... နို့ပေမဲ့ ကျွန်တော်ကြိုးစားပါ့မယ်အစ်ကို၊ အချိန်လဲ များများမရှိဘူး၊ ကျွန်တော့်သန်ဘက်ခါ မန္တလေးကို လေယာဉ်ပျံနဲ့ပြန်မယ်... တကယ်လို့ အချိန်ရရင် အစ်ကို့ဆီကို တယ်လီဖုန်းဆက်ပါ့မယ်"

ကိုစိန်ကြိုင်သည် မောင်ဝဏ္ဏအား တယ်လီဖုန်းနံပါတ်ကို ပေးထားခဲ့ပြီးနောက် နှုတ်ဆက်၍ ပြန်ခဲ့၏။

လေယာဉ်ပျံထွက်မည့်နေ့တွင် ကိုစိန်ကြိုင်သည် မောင်ဝဏ္ဏထံမှ တယ်လီဖုန်းရလေသည်။

"ကျွန်တော်မောင်ဝဏ္ဏပါ... အစ်ကို"

မောင်ဝဏ္ဏအသံမှာ မြင့်၍ တုန်တုန်ယင်ယင်ရှိလှ၏။

"ဩော်– မောင်ဝဏ္ဏလား"

"ဟုတ်တယ်အစ်ကို... ကျွန်ုတော် မင်္ဂလာဒုံကနေပြီး စကားပြောနေပါတယ်၊ ကျွန်တော်တို့လေယာဉ်ပျံတက်ခါနီးပြီ၊ ဒီလိုအစ်ကိုရဲ့၊ လေယာဉ်ပျံကွင်းကို မလာခင် မနက်ခင်းက ထမင်းစောစောစီးစီးစားပြီး ပက်လက် ကုလားထိုင်ပေါ်မှာ ခဏလှဲနေတုန်း၊ အစ်ကို့ကို မျက်စိထဲ တကယ်မြင်ရသလိုလို၊ အိပ်မက်လိုလို မြင်ရတယ်... အစ်ကိုမေးခဲ့တဲ့ ပြဿနာပေါ့... မော်တော်ကားမှောက်တာပဲအစ်ကို"

"ဘာကွယ့်... ဘာ ...ဘာ"

"ကားမှောက်ပြီးဖြစ်မယ့်ကိစ္စပဲအစ်ကို... အစ်ကိုရဲ့ 'ကံကြမ္မာပေါ့... ကားပျက်တစ်ခုထဲမှာ အစ်ကို့ကို မြင်ရတယ်၊ ကျွန်တော့စိတ်ထင်တော့ သေနေပြီ ထင်တာပဲ၊ အသေအချာတော့ မပြောနိုင်ဘူး"

(ဆက်လက်၍)"အချိန်က ၇ နာရီခွဲအစ်ကို၊ နေ့အချိန်ပဲ ကားရှေ့က နာရီကို အသေအချာ ကျွန်တော်မြင်ရတယ်... ပြီးတော့ တစ်ခုရှိသေးတယ် အစ်ကို... ကားနံပါတ်က (ဃ-၆၃)နဲ့စတယ် ... ကိုင်းဒါပဲအစ်ကို၊ လေယာဉ်ပျံပေါ်တက်ဖို့ ခေါင်းလောင်းတီးပြီး လူခေါ်နေပြီ... ကျွန်တော် သွားပါရစေတော့... ကျွန်တော်ဟာ အမှန်တွေကိုပြောနေတာပါ၊ သတင်းစာဖတ်ရတဲ့အခါ ကျွန်တော့်ကို မကောင်းလဲ ထင်မနေပါနဲ့အစ်ကို၊ ကိုင်း-ကျွန်တော်သွားပြီ"

ထို့နောက် အသံပြတ်သွားလေသည်။ တစ်ဘက်မှ တယ်လီဖုန်းခွက်ပေါ်သို့ လက်ကိုင်ချသံကြားလိုက်ရ၏။ ကိုစိန်ကြိုင်ကားသက်ပြင်းတစ်ချက် ချလိုက်လေသည်။

× × × × ×

ထိုနေ့ည ရေဒီယို၌ သတင်းပိုင်းတွင် ထိုနေ့နံနက် မန္တလေးသို့ထွက်ခွာသွားသော လေယာဉ်ပျံမှာ ပျဉ်းမနားမြို့ အလွန်နားလောက်တွင် ပျက်ကျသွားကြောင်း၊ သက်ဆိုင်ရာမှ လေယာဉ်ပျံပျက်ကို အပူတပြင်း ရှာဖွေလျက်ရှိကြောင်းဖြင့် ကြားသိရ၏။

"အင်း... ရှမ်းကောင်လေးတော့ ဓာတ်သိမ်းသွားလို့ အေးသွားပြီ... ငါကတော့ ၅ နှစ်နေရဦးမယ်၊ ဩော် ... ငါးနှစ်... ငါးနှစ်..."

ကိုစိန်ကြိုင်သည် ရေဒီယိုကို ဆောင့်၍ ပိတ်လိုက်၏။ ထို့နောက် ရေခဲသေတ္တာထဲမှ ဘီယာပုလင်းကို ထုတ်ကာ ဖန်ခွက်ထဲသို့ လက် ၃ လုံးခန့်ငှဲ့ပြီးလျှင် တစ်ခါတည်းမော့ချလိုက်လေသည်။





၅ နှစ်မျှ အချိန်အတွင်း၌ ကိုစိန်ကြိုင်သည် မိမိသေရအံ့သောဘေးကို တွေး၍ ကြောက်ရွံ့ခြင်းဖြင့်သာ အချိန်ကုန်ရလေ၏။ ပျော်ပွဲရွှင်ပွဲမှန်သမျှသို့ သွားရောက်၏။ မြင်းလောင်းခြင်း၊ ဖဲရိုက်ခြင်းများဖြင့် စိတ်ကို ဖြေဖျောက်၏။ အရက်ကို အဖော်ပြုကာ ရဲဆေးတင်၏။ ဤသို့ဖြင့် "နေ့"မှသည် "လ" သို့လည်းကောင်း၊ "လ"မှ သည် "နှစ်" သို့ တရွေ့ရွေ့ကူး၍ လာခဲ့တော့၏။

ဤသို့ဖြင့် ၁၉၅၈ ခု၊ ဖေဖော်ဝါရီလကုန်ခါနီး အချိန်သို့ ရောက်လာတော့၏။ ကိုစိန်ကြိုင်သည် မတ်လ (၁)ရက်နေ့မှ (၁၅)ရက်နေ့အထိ အလုပ်မှခွင့်ယူ၍ထားရာ သူ၏အကြံမှာ မောင်ဝဏ္ဏ ပြောခဲ့သည့် မတ်လ (၁၃)ရက်အပါအဝင် မတ်လ၏ ပထမလဝက်ကို သူ၏ ဦးလေးတော်တစ်ယောက်ပိုင်သော ကုန်သည်လမ်းမှ သုံးထပ်တိုက် အပေါ်ဆုံးထပ်တွင် မည်သူ့ကိုမျှ အသိမပေး၊ မည်သူ၏အကူအညီကိုမျှလည်း မတောင်းဘဲနေတော့မည်ဟု စိတ်ကို ပိုင်းဖြတ်ထား၏။ အစည်းအဝေးခန်းအဖြစ်ဖြင့်သာ ဖွင့်လှစ်ထားသော ယင်းသုံးထပ်ပေါ်ရှိ နောက်ဖေးခန်းတွင် ၁၅ ရက်လုံးလုံး အေးချမ်းစွာ နေထိုင်ရသော် မော်တော်ကား၏ ဘေးရန်ကို အနည်းငယ် စိုးရိမ်ဖွယ်မရှိဘဲ အသက်အန္တရာယ်နှင့် လုံးဝ ကင်းဝေးမည် မဟုတ်ပါလော။ ဦးလေးဖြစ်သူအား မိမိသည် အလုပ်ပင်ပန်းလှသဖြင့် အလုပ်မှစိတ်အေးလက်အေး အနားယူခြင်းဖြစ်ကြောင်းဖြင့် ပြောထား၏။ မတ်လ (၁)ရက်မှစ၍ ကိုစိန်ကြိုင်သည် အောက်ထပ်ကိုမျှ မဆင်း၊ နံနက်စာနှင့် ညစာများကို အချိန်မှန်ပို့ရန် ဘားလမ်းထောင့်ရှိ ကုလားဟိုတယ်အား မှာကြားထားပြီးဖြစ်၏။ ကော်ဖီနှင့် မုန့်သေတ္တာများ ကိုမူ အခန်းအတွင်း၌ အသင့်ထားပြီးလျှင် မိမိအလိုရှိသော အချိန်တွင် စားသောက်၏။ ဤသို့ဖြင့် မတ်လ၏

ပထမသီတင်းပတ် ကုန်လွန် ပြီးနောက် ၁၂ ရက်နေ့ညသို့ပင် ရောက်ခဲ့လေပြီ။

ထိုည၌ကိုစိန်ကြိုင်သည် ဝီစကီကို ဆော်ဒါအနည်းငယ်မျှနှင့် ရောစပ်သောက်ပြီးနောက် အိပ်ရာသို့ စောစောဝင်၏။

နံနက်လင်းသောအခါ တံမြက်လှည်းသော ကုလားက တံခါးကို ပုတ်သောအခါမှ အိပ်ရာမှနိုးလေသည်။ စားပွဲတင်နာရီကို လှမ်း၍ကြည့် လိုက်ရာ အချိန်မှာ ၈ နာရီ မိနစ် ၄၀ ပင်ရှိနေလေပြီ၊ ကိုစိန်ကြိုင်သည် ရင်ထဲမှ အလုံးကြီးကျသွားပြီးလျှင် "အင်း . . . နံနက် ၇ နာရီခွဲတော့ လွန်သွားပြီ"ဟု ဝမ်းထဲမှ ရေရွတ်ကာ မသိမသာ ပြုံးလိုက်၏။

ထိုနေ့သည်ကား မတ်လ ၁၃–ရက် (သောကြာ)နေ့ဖြစ်၏။ နံနက် ၇ နာရီခွဲအချိန်ကား လွန်၍သွားလေပြီ– ညနေ ၇ နာရီခွဲသာ ကျန်တော့၏။ မတ်လများ၌ ညနေ ၇ နာရီခွဲအချိန်၌ နေရောင်မရှိနိုင်၊ မောင်ဝဏ္ဏ၏ ဟောပြောချက်အတိုင်းဆိုသော် အလင်းရောင်ရှိသော ၇ နာရီခွဲဟုဆိုသဖြင့် တစ်စုံတစ်ရာစိုးရိမ်ရန် ရှိတော့မည်မဟုတ်ပေ။ ဘေးအန္တရာယ်နှင့် တွေ့ကြုံရမည့်အချိန်ကား လွန်၍သွားပေပြီ။

နံနက်စာစား၍ တရေးတမောအိပ်ပြီးနောက် အိပ်ရာမှ နိုးသောအခါ ကိုစိန်ကြိုင်သည် ကော်ဖီတစ်ခွက်ကိုဖျော်၍ သောက်၏။ ကော်ဖီသောက်အပြီး၌ ခံတွင်းချဉ်သဖြင့် စီးကရက်ဘူးကို စားပွဲပေါ်မှ ဆွဲယူလိုက်သောအခါ စီးကရက်ကုန်နေသည်ကို တွေ့ရလေသည်။ သို့နှင့် ကိုစိန်ကြိုင်သည် ကုန်သည်လမ်းဘက်သို့ မျက်နှာမူလျက်ရှိသော မှန်ပြတင်းတစ်ချပ်ကို ဖွင့်လိုက်၏။ အချိန်မှာ ၂–နာရီထိုးရန် ၁၀ မိနစ်မျှ လိုသေး၏။ နေ့လယ်စာစားချိန် ကျော်လွန်ခဲ့ပြီးလျှင် ရုံးဆင်းချိန်





မကျသေးသဖြင့် ထိုအချိန်၌ကား အသွားအလာများမှာ အတော်အတန် ရှင်းလျက်ရှိ၏။ ကိုစိန်ကြိုင်တည်းခိုလျက်ရှိသော သုံးထပ်တိုက်၏ အပေါ်ဆုံး အိမ်ရှေ့ပြတင်းပေါက်မှကြည့်လျှင် ဆူးလေစေတီတော် မြတ်ကြီးကို တစ်စိတ်တစ်ဒေသမျှ မြင်နိုင်၏။ နေကောင်းစွာမပူဘဲ အတန်ငယ် အုံ့မှိုင်းပြီးလျှင် ရာသီဥတုမှာ သာယာလျက်ရှိလေရာ ကိုစိန်ကြိုင်သည် အောက်သို့ဆင်း၍ စီးကရက်တစ်ဘူးဝယ်ရန် စိတ်များ ပေါ်လာလေသည်။ မော်တော်ကားများ၏ ရန်ကိုကြောက်သောကြောင့် ကိုစိန်ကြိုင်သည် ထိုရက်များအတွင်း၌ ကုန်သည်လမ်းကြီးကိုပင် တစ်ကြိမ်မျှ ဖြတ်၍ မကူးခဲ့ချေ။ ဆေးလိပ်ဆိုင်မှာ လမ်းကို ဖြတ်၍ မကူးရဘဲ မိမိနေသော တိုက်တန်းဘက်၌ရှိသဖြင့် တော်ပေသေး၏ဟု အောက်မေ့ကာ စီးကရက်ဝယ်ရန် ထိုဆေးလိပ်ဆိုင်ကလေးရှိရာ လမ်းထောင့်ဘက်သို့ လျှောက်ခဲ့လေ၏။

သူသည် ဘဏ်တိုက်တစ်ခုရှေ့သို့ဖြတ်၍ လျှောက်ခဲ့ရာ ဘဏ်တိုက်အတွင်းမှ လူ ၂ ယောက်သည် အညိုရောင် ရွက်ဖျင်ဖြင့် ချုပ်ထားသော အိတ် ၂ လုံးကို တစ်ယောက်တစ်လုံးဆွဲကာ ထွက်လာ၍ လူသွားစင်္ကြံကို ဖြတ်သွားလျက်ရှိ၏။ ထိုအချိန်၌ လမ်း၏အခြားဘက်စင်္ကြံရှေ့တွင် ရပ်ထားသော ပရိုက်ဗိတ်ကားတစ်စီးပေါ်မှ မျက်မှန်နက်ကိုယ်စီတပ်လျက် ကက်ဦးထုပ်များ ဆောင်းထားသော လူ ၂ ယောက်သည် လမ်းကို ခပ်သုတ်သုတ်ဖြစ်ကူးလာပြီးလျှင် အိတ်ကိုင်လာသော လူ ၂ ယောက်အနီးသို့ ချဉ်းကပ်လာ၏။ တစ်ယောက်၌ လည်ပင်းတွင် ပိုးလည်စည်းတစ်ခု စည်းထားလေသည်။ အနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် မျက်မှန်နက် ၂–ယောက်သည် အိတ်ကိုင်လာသူများထံမှ အိတ်များကို အတင်းဆွဲ၍ လုလေ၏။

ဘဏ်မှထွက်လာသော လူနှစ်ယောက်အနက် တစ်ယောက်သည် ရှက်ဖျင်အိတ်ကိုချကာ ထွက်ပြေးလေ၏။ အသက်ခပ်ကြီးကြီးလူသည် အိတ်ကို မလွှတ်ဘဲ အတင်းဆွဲ၍ ထားလေရာ၊ လုယက်သူနှင့် ထွေးလုံးရစ်ပတ် ရှိနေလေသည်။ ထိုအချိန်၌ ကိုစိန်ကြိုင်မှာ သူတို့နှင့် (၆)ပေ ခန့်သာ ဝေးသောနေရာသို့ ရောက်နေလေပြီ။

ဤသို့ထွေးလုံးနေစဉ် ၂ ယောက်စလုံး သမံတလင်းပေါ်သို့ လဲကျသွားလေရာ၊ မျက်မှန်တပ်သူလူဆိုးမှာ တစောင်းလဲကျ သွားသဖြင့် လည်စည်းရော မျက်မှန်ပါ ပြုတ်ကျသွား၏။ ကက်ဦးထုပ်လည်း တစ်နေရာသို့ လွင့်စဉ်သွား၏။ ထိုသူမှာ ကိုစိန်ကြိုင်လာနေသောဘက်သို့ မျက်နှာမူ၍ လဲသဖြင့် ကိုစိန်ကြိုင်လဲ ထိုလူဆိုး၏ မျက်နှာကို အသေအချာမြင်လိုက်ရ၏။ သူ၏သေးငယ်သော ပါးစပ်၊ မေးအောက်တွင် အမာရွတ်တစ်ခု စသည်တို့ကိုပင် မှတ်သားလိုက်မိ၏။ ဘဏ်တိုက်မှလူကြီးမှာ အုတ်တိုင်တစ်ခုကိုမှီကာ ပက်လက်လန်၍ ကျသွားသဖြင့် ခေါင်းပေါ်မှ ဖော့ဦးထုပ်ပင် လွင့်စဉ်သွားလေသည်။

ထိုလူကြီးလဲရာသို့ ကိုစိန်ကြိုင်သည် မျက်စိရောက်သွားရာ ဝင်းခနဲ မီးပွင့်သွားသကဲ့သို့ အရောင်တစ်ခု ထွက်သွားသည်ကို မြင်လိုက်ရပြီးလျှင် ထိုအနီးမှ "ဖြန်း"ခနဲ အသံတစ်သံကိုလည်း ကြားလိုက်ရလေသည်။ အသံမှာ ခြောက်လုံးပြူးသေနတ်ထဲမှ ထွက်သော အသံတစ်သံဖြစ်လေသည်။ အုတ်တိုင်ကို မှီလျက်လဲသွား သော လူကြီးသည် ပက်လက်လန်ရာမှ တွန့်လိမ်လျက်ရှိလေ၏။ ထိုအချိန်၌ ပုတ်ဝန်းကျင်တစ်ဝိုက် ရုတ်ရက်ခတ်ဖြစ်သွားရာ ကိုစိန်ကြိုင်သည် သေနတ်သံကြားရာသို့ ကြည့်လိုက်၏။ ၁၀ ကိုက်ခန့်အကွာတွင်ရောက်နေသော





လည်စည်း ပြုတ်ကျသူ လူဆိုးကပင် ပစ်လိုက်ခြင်း ဖြစ်၏။ အခြားလူဆိုးမှာ လမ်းကိုဖြတ်ပြေးရာ လမ်းတစ်ဝက်သို့ပင် ရောက်နေချေပြီ။

ရုတ်ရက်ခတ် ဖြစ်နေသည့်အတွင်းမှ ကိုစိန်ကြိုင်သည် သေနတ်နှင့်ပစ်သော လူဆိုးကိုပင် ကြောင်၍ ကြည့်နေမိရာ လူဆိုးကလည်း ကိုစိန်ကြိုင်အား ပြန်၍ကြည့်နေ၏။ လမ်းတစ်ဝက်သို့ ရောက်နေသော လူဆိုးကမူ သေနတ်ကိုင်သမားအား ဟစ်အော်ခေါ်ငင်လျက် ရှိလေသည်။

"ဟေ့ကောင်... လာဟေ့ ... မြန်မြန်"

သေနတ်ကိုင် လူဆိုး။ "သူ ကျုပ်တော့်မြင်သွားပြီ ဦးလေး"

"မပစ်နဲ့နော်... မပစ်နဲ့... ထပ်မပစ်ပါနဲ့တော့ကွယ်"

"မဟုတ်ဘူးဦးလေး... ဒါဖြင့်"

ထိုအချိန်၌ ကိုစိန်ကြိုင်သည် တိုက်နံရံတစ်ခုဘက်သို့ ကပ်လိုက်ရာ သေနတ်ကိုင်သော လူဆိုးသည် ကိုစိန်ကြိုင်ဆီသို့ ပြေးလာပြီးလျှင် ကိုစိန်ကြိုင်အား အတင်းဖက်လေ၏။ သို့ရှိစဉ် ထွက်ပြေးသောသူသည် ကားပေါ်သို့ ရောက်ပြီဖြစ်၍ ကားသည်လည်း စက်နှိုးကာ လမ်းကို အတင်းဖြတ်၍ တိုက်နံရံအစွန်းအနီးသို့ မောင်းလာ၏။ အနီးသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ကားပေါ်သို့ ရောက်နှင့်ပြီး လူဆိုးသည် သန်မာသော လက်ကြီးများဖြင့် ကိုစိန်ကြိုင်အား သိမ်းရုံးဖက်ကာ အတင်းတရွတ်ဆွဲ၍ ကားပေါ်သို့ တင်လေ၏။ ထို့နောက် ကားကလေးသည် ဝီခနဲ လက်ဝဲဘက်သို့ ချိုးထွက်ပြီးလျှင် ကုန်သည်လမ်းမကြီးအတိုင်း အနောက်ဘက်သို့ လျင်မြန်စွာ မောင်းသွားလေသည်။

အထက်ပါ အဖြစ်အပျက်များမှာ စက္ကန့် ၁၀၀ ခန့်အတွင်း

ဖြစ်ပျက်ခဲ့သဖြင့် လွန်စွာလျင်မြန်လှပေ၏။ ဘဏ်တိုက်အတွင်းမှ ထွက်လာသော ဂေါ်ရခါးအစောင့် ၂ ယောက်အနက် တစ်ယောက်မှာ သေနတ် ပါသော်လည်း ရှုပ်ယှက်ခတ် ပြေးလွှားနေသော လူထုအား ထိမှန်မည်စိုးသဖြင့် မပစ်ရဘဲ ရှိနေရာ စက္ကန့်အနည်းငယ်မျှ နောက်ကျ၍ ရောက်လာသော ရဲအုပ်တစ်ယောက်မှာလည်း ၆ လုံးပြူး သေနတ်သာ ပါသဖြင့် တိုက်၏ထောင့်စွန်းသို့ သူရောက်လာသော အခါ လူဆိုးများ၏ ကားမှာ ဝီခနဲ ထွက်သွားခဲ့လေပြီ။

ကိုစိန်ကြိုင်သည် ကားပေါ်တွင် အတင်းရန်းကန်ရင်း ပါသွားလေ၏။ အကြီးဖြစ်သူ လူဆိုးက ကိုစိန်ကြိုင်၏ ဇက်ကိုနှိမ်၍ မျက်နှာကို ကူရှင်နှင့်ထိလုမတတ် ဖိထားလေသည်။ ခြောက်လုံးပြူးကိုင်ထားသော လူဆိုးသည် မိမိမျက်နှာကို ကိုစိန်ကြိုင်မြင်သွားသဖြင့် သေနတ်ဖြင့် ပစ်သတ်ရန် တကဲကဲရှိနေ၏။ အသက်အနည်းငယ် ကြီးပုံရသော လူဆိုးမှာ သူတို့အထဲတွင် ခေါင်းဆောင်ဖြစ်ဟန်တူ၍ လူရွယ်အား ဟန့်တားလျက် ရှိလေသည်။

"ဒီအကောင် ထားလို့မဖြစ်ဘူး ဦးလေး၊ ကျွန်တော် ပစ်သတ်ရလိမ့်မယ်... ကျွန်တော့်မျက်နှာကို သူမြင်သွားပြီ ဦးလေးရဲ့"

"ငါပြောတဲ့စကား နားမထောင်ဘူးလား ကြောင်ပိန်၊ တစ်ယောက် ပစ်သတ်ခဲ့ရလို့ မင်းအားမရသေးဘူးလား... အားလုံးဒုက္ခတွေ့ကုန်မယ်"

"သူမြင်သွားတာကိုဗျ"

"ဒီလောက်လေး မြင်ရုံနဲ့ မှတ်မိပါ့မလားကွ– ကိုင်း ထိပ်ပြောင်ရေ၊ ခပ်ပြင်းပြင်းကလေးသာ မောင်းပေး . . ."

"အရင်နေရာပဲနော်– ဦးလေး"





"ဟုတ်ပါတယ်ကွ– မောင်းသာမောင်းပါ . . ."

ခေါင်းဆောင်နှင့်တူသော လူဆိုးသည် ကားမောင်းသူ ထိပ်ပြောင်အား လှမ်း၍ပြောရာ ထိပ်ပြောင်သည် ရှေ့မှကားများကို ကျော်တက်လျက် ဆူးလေဘုရားလမ်းမှ လက်ယာဘက်သို့ ကွေ့ပြီးလျှင် ကမ်းနားလမ်းအတိုင်း အနောက်ဘက်သို့ မောင်းသွားလေ၏။ ကိုစိန်ကြိုင်မှာ ဦးခေါင်း ကို ကူရှင်နှင့်ထိလုမတတ် ငုံ့၍ နေရသဖြင့် ထိုအချိန်မှစ၍ မည်သည့် လမ်းများသို့ မောင်းသွားသည်ကို မသိရတော့ချေ။ မိမိအား ချုပ်ကိုင်ထားသူ နှစ်ယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသော အကြီးဖြစ်သူ အမည်မှာ "လူဆိုးဗိုလ်ကြီး"ဟု သိရ၏။ မိမိအား ပစ်သတ်လိုသည့် အငယ်လူဆိုး ပိန်ပိန်၏အမည်မှာ "ကြောင်ပိန်"ဖြစ်၏။ ထိပ်ပြောင်ပြောင် နှင့် ကားမောင်းသူ လူဆိုးအား "ထိပ်ပြောင်"ဟု ခေါ်ကြ၏။ သူတို့ နာမည်ရင်းများ ဟုတ်မည် မထင်ချေ။

ကိုစိန်ကြိုင်သည် ကားပေါ်သို့ အတင်းဆွဲ၍ တင်ခြင်းခံရသည့် ခဏ၌ပင် မောင်ဝဏ္ဏ၏ ဟောပြောချက်များကို သတိရမိသဖြင့် ကားနံပါတ်ကို လှမ်းကြည့်လိုက်မိသေး၏။ ကားနံပါတ်မှာ ဂ–၄၇ စသည်ဖြင့် မိမိအား နိမိတ်ဖတ်ထားသော နံပါတ်မဟုတ်သောကြောင့် တော်ပေသေးသည် အောက်မေ့လိုက်၏။

ကိုစိန်ကြိုင်သည် တဝီဝီပြေးလျက်ရှိသော ကားပေါ်တွင် ဦးခေါင်းနှင့် ဆိုဖာကို ထိလုမတတ်ငုံ့ရင်း ပါသွားလေ၏။ ကားကလေးသည် တစ်ခါတစ်ရံ လက်ယာဘက်သို့လည်းကောင်း၊ တစ်ခါတစ်ရံ လက်ဝဲဘက်သို့ လည်းကောင်းချိုးလျက် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လျက် ရှိလေ၏။ တစ်နာရီနီးပါးမျှ မောင်းမိသောအခါ ကားကလေး

သည် အတော်ပင် ယိမ်းယိုင် ခုန်ပေါက်လျက်ရှိလေရာ မြို့နှင့် အတော်ဝေးလာဟန်တူ၍ ကိုစိန်ကြိုင်သည် ယခင်ကထက် အေးမြသန့်ရှင်းသော လေကို ရှူရှိုက်ရသည်ဟု ထင်မိ၏။

သို့ရှိစဉ် လူဆိုးဗိုလ်ကြီးက မိမိတို့ အတော်ဝေး၌ ကား၂ စီးကို မြင်ရ ကြောင်း ယင်းတို့မှာ ရဲကားများ ဖြစ်ဟန်တူကြောင်း ပြောသဖြင့် ထိပ်ပြောင်က "လမ်းကွေ့ရောက်ဖို့ နည်းနည်းပဲ လိုတော့တယ် ဆရာ"ဟု ပြောပြီးလျှင် ယခင်ကထက် ခပ်ကြမ်းကြမ်း မောင်းပြန်၏။ ထိုအခါ ကားတွင်းရှိ လူများမှာ ဆီးဖြူသီးကို ဆန်ကောထဲတွင်ထည့်၍ ခလောက် သကဲ့သို့ ရှိလေရာ၊ ကိုစိန်ကြိုင်၏ ဦးခေါင်းမှာ တစ်ခါတစ်ရံ လူဆိုးများ လက်ထဲမှ လွတ်သွားလုမတတ်ရှိ၏။ မိမိအား သေနတ်နှင့် ပစ်သတ်လိုသည်ဆိုသော လူရွယ်၏လက်မှာ ခပ်လျော့လျော့ ရှိလေသည်။

လူဆိုး။ "ဟေ့ ကြောင်ပိန် ငိုက်နေသလား အရေးတည်း မင်းမို့ အိပ်နိုင်သကွာ"

ကြောင်ပိန်ကား ပြန်၍မပြောချေ။ အိပ်ပျော်နေဟန်တူ၏။ ထိုအခါ ကားကလေးသည် လက်ယာဘက်သို့ တစ်ဆစ်ချိုးချိုး၍ ဝင်သွားကာ ခပ်ဖြည်းဖြည်း မောင်းနှင်လျက် ရှိ၏။ လမ်းမှာ အလွန်ကြမ်းသည့်ပြင် သစ်ပင်များကြားမှ မောင်းရသည့် လက္ခဏာဖြင့် နံဘေးမှ သစ်ကိုင်းများသည် ကားဘေးသို့လာ၍ ခြစ်သွားသည်ကို ကိုစိန်ကြိုင်သတိပြုမိ၏။ ၁၅ မိနစ်ခန့် မောင်းမိသောအခါ သဲများ ထူထပ်သော နေရာတစ်ခုသို့ ရောက်လာပြီးလျှင် တစ်မိုင်ခန့် ဆက်လက် မောင်းရာတွင် ကျယ်ပြန့်သော မြက်ခင်းနှင့် သစ်ပင်ကလေးများ ရှိသော တောစပ်တစ်ခုသို့ ရောက်လာပြီးလျှင် ကားသည် တဲငယ်တစ်ခု





ရှေ့တွင် ရပ်လိုက်လေသည်။

အတွင်းမှ မိန်းမတစ်ယောက်က ထွက်၍ ကြိုလေရာ လူဆိုးဗိုလ်ကြီးသည် စားသောက်ဖွယ်ရာများရှိက ယူလာရန် ပြောလိုက်၏။ မကြာမီ မိန်းမသည် တဲထဲမှ ပန်းကန်ပြားတစ်ချပ်နှင့် ထည့်ထားသော ကြက်သားကြော်များနှင့် အရက် ၃ ပုလင်းကို ယူလာပြီးလျှင် ကွပ်ပျစ်ပေါ်၌ ချပေးရာ လူဆိုးများလည်း ကြက်သားကြော်ကို အရက်ဖြင့် မြည်းလျက် ရှိကြကုန်၏။ ကိုစိန်ကြိုင်ကိုမူ လူဆိုးဗိုလ်ကြီးက သူ၏ ခါးပတ်နှင့်တွဲကာ ကြိုးတစ်ချောင်းဖြင့် ခါးနောက်မှ သိုင်း၍ ချည်ထားလေသည်။ လူကြီးဗိုလ်ကြီးဆိုသူ ခေါင်းဆောင်က အတန်ငယ် မျက်နှာသာ ပေးသော်လည်း ကြောင်ပိန်ဆိုသူ လူရွယ်ကမူ အံတကြိတ်ကြိတ်ဖြင့် ရှိနေခဲ့၏။

စားသောက်၍ ပြီးကြသောအခါ လူဆိုးဗိုလ်ကြီးက–

"ဟေ့ ထိပ်ပြောင်– ကားနံပါတ်ချင်းလဲလေကွာ..."

"ဘယ်မှာထားသလဲ ဦးလေး"

"တဲထဲမှာရှိတယ် မိကောက်ယူပေးပါလိမ့်မယ်"

မကြာမီ ထိပ်ပြောင်သည် တဲအတွင်းမှ ကားနံပါတ်အသစ်တစ်ခုကို ထုတ်ယူခဲ့ပြီးလျှင် နံပါတ်ဟောင်းနှင့် လဲလှယ်တပ်ဆင်လျက် ရှိလေ၏။ နောက်ယူခဲ့သော နံပါတ်သစ်မှာ "ဃ-၆၃၄× × × " နံပါတ်ဖြစ်လေ သည်။ ကိုစိန်ကြိုင်သည် နေရာမှခုန်၍ ထလိုက်မိ၏။ ထိုနောက် ငိုသံပါသောအသံဖြင့်–

"ဒီနံပါတ်တော့ မချိတ်ကြပါနဲ့ ခင်ဗျား၊ ကျွန်တော် သေရပါလိမ့်မယ်"

လူဆိုး။ "ဒီအကောင် တယ်စကားများတဲ့ အကောင်ပဲ၊ ကားနံပါတ်

အသစ်ချိတ်တာနဲ့ မင်းသေရတော့မလား မင်းကို ငါတို့ မသတ်ဘု
သိလား"

ကြိုင်။ "ကျေးဇူးတင်ပါတယ် ခင်ဗျာ . . . နို့ပေမဲ့ ဒီနံပါတ်သာ
ချိတ်ရင် ကျွန်တော်သေရမှာမို့ ပြောတာပါခင်ဗျာ"

လူဆိုး။ "ဘာကြောင့်လဲကွာ ပြောစမ်းပါဦး"

ကိုစိန်ကြိုင်သည် သူ၏အဖြစ်အပျက်ကို အတိုချုပ်မျှ ပြန်ပြေ
လေ၏။

လူဆိုး။ "ဟား.. ဟား... ဟား... ရယ်စရာ ကောင်းလိုက်လေ
ကွာ၊ မင့်အကောင်လေး တွေ့ကရာရှစ်ခုံသောင်း နပြောတာနဲ့ ရတော့မှ
လား"

ကြိုင်။ "မဟုတ်ပါဘူး၊ ကျွန်တော်တောင်းပန်ပါတယ် ခင်ဗျာ

လူဆိုး။ "တော်ကွယ်... မင်းအတော်ဒုက္ခပေးတဲ့ အကော
မင်းပြောတဲ့စကား တို့နားမထောင်ဘူး၊ ထိပ်ပြောင် စက်နိုးဟေ့"

သို့နှင့် ကိုစိန်ကြိုင်သည် ကားပေါ်၌ ပါသွားရပြန်လေ၏။ ကာ
ကလေးသည် တောစပ်ကိုဖြတ်ပြီးလျှင် လမ်းကြားကလေးတစ်ခု
ထွက်၍ အလွန်ဖုန်ထူထပ်သော လမ်းတစ်လျှောက် မောင်းနှင်လျ
ရှိလေ၏။ ရွာတစ်ရွာကို လွန်မိသောအခါ တာလမ်းပေါ်သို့ တက်
ယခင်ကထက် လျင်မြန်စွာ မောင်းနှင်လျက်ရှိလေရာ မိုင်၄၀ နှုန်းထ
လျော့ မည်မထင်ပေ။

ထိုလမ်း၌ ကားအသွားအလာများ ရှိသဖြင့် မကြာခဏ ရော
တိမ်း၍ မောင်းရ၏။ သို့နှင့်ပင် ထိပ်ပြောင်သည် မိုင်နှုန်းကို လျှေ
သည်ဟူ၍ မရှိဘဲ တိုး၍သာ မောင်းနှင်တော့၏။

ကြိုင်။ "ရပ်ကြပါဗျာ... ကျွန်တော့် တစ်နေရာရာ ချထား





ကြပါ...ကျွန်တော်လဲ ဘယ်သူ့ကိုမှ မပြောပါဘူး"

ကြောင်ပိန်။ "ဟေ့ကောင်... မင်းပါးစပ်ပိတ်ထားစမ်း... ငါ သတ်မိလိမ့်မယ်... ဦးလေးကသာ ဆွဲမထားရင် မင့်အလောင်းဟာ အခုလောက်ရှိရင် ရွာထိပ်ကချောင်းထဲ ရောက်နေပြီ"

ကားကလေးသည် လျင်မြန်သော အဟုန်ဖြင့် ဆက်လက် မောင်းနှင်လျက်ရှိလေ၏။ ၂မိုင်ကျော်ကျော်ခန့် မောင်းမိသောအခါ ကိုစိန်ကြိုင် တို့ကားရှေ့ တစ်ဖာလုံအကွာလောက် လက်ယာဘက်တွင် ကားကလေး တစ်စီးရပ်ထားသည်ကိုလည်းကောင်း၊ ကားကလေး၏ နောက်ဘက်မှ အရှိန်အတော်ပြင်းစွာဖြင့် မိမိတို့ဘက်သို့ မောင်းလာသော လော်ရီကားကြီး တစ်စီးကိုလည်းကောင်း တွေ့မြင်ရ၏။ ထိုအချိန်တွင် ကိုစိန်ကြိုင်မှာ မိမိ၏ လက်ဝဲဖက်လက်ကို လူဆိုးဗိုလ်ကြီးက ဆုပ်ကိုင်ထားသည်မှတစ်ပါး လွတ်လပ်စွာ ရှိနေသဖြင့် ... ကောင်းစွာမြင်ရလေ၏။ လမ်းမှာ အလွန်ကြမ်း၍ အရှိန်ကလည်း ပြင်းသည့်ပြင် ထိပ်ပြောင်မှာလည်း အရက်မူးနေသဖြင့် လက်ကိုင်ကို ငြိမ်အောင် မထိန်းနိုင်ကြောင်း ကိုစိန်ကြိုင် သတိပြုမိ၏။ လူဆိုးဗိုလ်ကြီးအား နောက်ထပ်ပြောရန် သတိပေးရန်လည်း အခွင့်အရေးမရှိတော့ချေ။

ကားကလေး ရပ်ထားသောနေရာနှင့် ကိုက် ၃၀ ခန့်သာ လိုတော့ ၏။ ထိုအချိန်၌ လော်ရီကြီးသည် နံဘေး၌ ရပ်ထားသော ကားကလေးကို ကျော်၍ တက်လာလေ၏။ ထိုနေရာ၌ လမ်းမှာ အတော်ကျဉ်းမြောင်း သည့်ပြင် လမ်းဘေးတစ်ဘက်တစ်ချက်၌လည်း ကုက္ကိုပင်များရှိနေ၏။ ကိုစိန်ကြိုင်တို့ကားကလေးသည် အရှိန်ကို အနည်းငယ်လျှော့၍ လက်ဝဲဘက်သို့ အတန်ငယ် ရှောင်လိုက်ပါမှ လွတ်မြောက်သွားရန်ရှိ၏။ သို့သော် . . . ထိပ်ပြောင်သည် "စတီ

ယာရင်" ကို လက်မဝက်မျှပင် မလှည့်တော့ချေ။ လက်ဝဲဘက်မှ ကုက္ကိုပင်ကြီးကိုလည်းကောင်း၊ မိမိတို့ရှိရာသို့ ခေါင်းတည်၍ လာနေသော လော်ရီကားကြီး၏ ထိပ်ကိုလည်းကောင်း၊ နောက်ဆုံးမြင်လိုက်ရပြီးလျှင် "ဝုန်း ဒုန်း ... ဒိုင်း ... ခွမ်း ... " ဟူသော အသံများဖြင့်ရောနှောကာ ကားတစ်စီးလုံး ဆွဲ၍ခါလိုက်သကဲ့သို့ တုန်၍သွားပြီးနောက် ကိုစိန်ကြိုင်သည် လက်ဝဲဘက်သို့ စောင်းကျသွားသည်ဟု ထင်လိုက်ရ၏။ ထိုနောက် မေ့ခနဲဖြစ်၍သွားလေသည်။

× × × × ×

ကိုစိန်ကြိုင်သည် သတိပြန်၍ ရလာသေး၏။ မိမိနှင့် မျက်နှာချင်းဆိုင်တွင် လူဆိုးဗိုလ်ကြီးသည် မိမိအား သွားများကို ဖြဲကာကြည့်နေ၏။ သို့သော် အသက်မရှိတော့ချေ။ ကြောင်ပိန်သည် မိမိကိုယ်ပေါ်သို့ပိကာ ဘွာစောင်းလဲကျလျက်ရှိ၏။ ရှေ့ထိုင်ခုံမှ သံချောင်းသည် သူ၏ရင်ဝကို သပ်ဖြင့် လျှိုထားသကဲ့သို့ ထိုးဖောက်လျက်ရှိရာဒဏ်ရာမှ သွေးများသည် ကိုစိန်ကြိုင်၏ အင်္ကျီပေါ်သို့ စီးကျလျက်ရှိ၏။ ကားမောင်းသူ ထိပ်ပြောင်မှာမူ လက်ကိုင်ဘီးနှင့် ထိုင်ခုံနောက်မှီကြားတွင် ညပ်ပြီးလျှင် ပက်လက်လန်ကာ မျက်လုံးပြူးထွက်လျက်ရှိနေ၏။ သုံးယောက်စလုံး သေသည့်အကြားမှ မိမိသတိပြန်၍ ရလာသေးသည်ကိုပင် ကိုစိန်ကြိုင်မှာ မိမိကိုယ်ကို မိမိမယုံကြည်နိုင်သကဲ့သို့ရှိတော့၏။ "ငါမသေပါဘူး ... သေရင် အခုလိုသတိရမယ် မဟုတ်ဘူး၊ အခုတော့ မျက်စိလဲမြင်ရတယ်၊ နားလဲကြားရတယ်။ မသေဘူး . . . မသေဘူး ... ငါမသေဘူး" ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်မိ၏။

ကိုစိန်ကြိုင်သည် အပေါ်မှပိနေသောကြောင်ပိန်၏ အလောင်းကို ခဲယဉ်းစွာ တွန်းဖယ်ပြီးနောက်မှ အပြင်သို့ ထွက်နိုင်ခဲ့လေသည်။





ပိတ်၍နေသော တံခါးပေါက်မှ ခေါင်းပြူနိုင်သည်နှင့် တစ်ပြိုင်နက်လူတစ်ယောက်သည် မိမိအား အပြင်မှနေ၍ ကူညီဆွဲယူလျက် ရှိလေရာ ထိုသူမှာ လော်ရီကားကြီးမှ ဒရိုင်ဘာပင် ဖြစ်လေသည်။

ဘာ။ "ဟိုလူတွေ ဘယ့်နှယ်နေသလဲ. . ."

ကြိုင်။ "အားလုံးသေကုန်ပြီ"

"ဟုတ်ပါရဲ့ ရှေ့ကလူက လက်ကိုင်နဲ့ညပ်မိပြီး သေတာပါပဲဗျို့ ... ဒီလူကတော့ ထိုင်ခုံနောက်တန်းက ဘားချောင်းကြီး စူးဝင်သွားတာကိုး ... ဖြစ်မှဖြစ်ရလေဗျာ . . . အောက်ဆုံးကကပ်ပိနေတဲ့ လူကြီးကော"

"သူလဲ သေပါပြီ၊ ခေါင်းကွဲပြီး သွေးတွေထွက်နေတယ်"

"ခင်ဗျားသိပ်ကံကောင်းတာပဲဗျာ၊ ဘယ်များခိုက်မိသေးသလဲကြည့်ပါအုံး"

(အင်္ကျီမှဖုန်များကိုခါ၍ လုံချည်ကို ပြင်ဝတ်ပြီးနောက်) "မခိုက်မိပါဘူး ... ပွန်းရာတောင်မတွေ့ပါဘူး"

"ထူးရောဗျို့ ... ခင်ဗျားလောက် ကံကောင်းတာ မရှိဘူး၊ ခင်ဗျားတော့ ဒီတစ်သက် ကားမှောက်လို့ မသေတော့ဘူး... ဒါနဲ့ ကားမောင်းတဲ့လူက အရက်မူးနေတယ်ထင်တယ်၊ အရက်နံ့ရတယ်"

"နည်းနည်းဘယ်ကမလဲဆရာ ... များများကြီးမူးနေတာပေါ့"

"ဒရိုင်ဘာလား"

"အကုန်လုံးပဲ ... ပြီးတော့ ဒီလူတွေဟာ လူကောင်းတွေ မဟုတ်ဘူးဗျ၊ ဓားပြတွေ၊ ဘဏ်တိုက်ကငွေကို လုတဲ့လူတွေပေါ့"

"ခင်ဗျားက ဘဏ်တိုက်ကလား"

"မဟုတ်ပါဘူး ... သူတို့အထဲက လူတစ်ယောက်မျက်နှာကို

ကျုပ်ကမှတ်မိတယ်ဆိုပြီး ခေါ်လာတာပဲ"

ကိုစိန်ကြိုင်သည် သူ၏အဖြစ်အပျက်များကို အတိုချုပ်ပြန်ပြော လေ၏။

"ဒါဖြင့် ခင်ဗျားဟာက တစ်ခါမကဘူး ... နှစ်ခါ ကံကောင်း တာဗျို့ ... ဟောဟိုမှာ ရဲဘက်ကကားတွေလာနေပြီ . . . ဝိုင်ယာလက် ကားလဲ ရှေ့ကပါလာတယ်"

ထိုခဏ၌ ရဲကားများ ရောက်လာပြီးလျှင် ပျက်စီးသွားသော ကားကလေးထဲမှ အလောင်းများကို ဆွဲထုတ်ကာ ကိုစိန်ကြိုင်နှင့်တကွ လော်ရီကားမှ ဒရိုင်ဘာကိုပါ စစ်ဆေးလျက် ရှိလေ၏။ ကိုစိန်ကြိုင် သည် ကားမှောက်သည့်အရှိန်ဖြင့် အတော်ပင် တုန်လှုပ်လျက် ရှိသော် လည်း အကျိုးအကြောင်းကို အကျဉ်းချုပ်မျှ ပြောပြရ၏။ သို့သော် မိမိအား နိမိတ်ဖတ်ထားသည့်အကြောင်းကိုမူ ထည့်၍မပြောချေ။ သူ၏ ဇာတ်လမ်းနောက်ပိုင်းကို လော်ရီကားဒရိုင်ဘာက ထောက်ခံလေ သည်။ မိမိမှာ ဘဏ်ဓားပြမှုနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်း မရှိပါဘဲ လျက် လူဆိုးများ၏ ကားပေါ်တွင် ပါလာရသည့်အတွက်လည်း ရဲအရာရှိများ အထင်မမှားစေရန် ရှင်းလင်းပြောပြရခြင်း ဖြစ်လေသည်။

ရဲမှူး။ "ဒီလိုဆိုရင် ခင်ဗျား သိပ်ကံကောင်းတဲ့လူပဲဗျာ၊ ကိုင်း တော်လောက်ပါပြီ၊ ဂါတ်ကျမှ အပြည့်အစုံ အစစ်ခံတာပေါ့၊ ဒါထက် ခင်ဗျား တုန်တုန်ယင်ယင်ဖြစ်နေတယ်"

ကြိုင်။ "ဟုတ်ကဲ့"

ရဲအုပ်။ "ဒါဟာရှော့ (Shock) ပဲဆရာ"

ရဲမှူး။ "အေး ဟုတ်တာပေါ့ကွယ့် ... ဒဏ်ရာမရပေမယ့် တိုက်တဲ့အရှိန်ကလဲ သိပ်ပြင်းထန်တယ်၊ လူသေတွေပိနေတဲ့ကြားထဲ





ကလဲ ထွက်လာရတယ်ဆိုတော့ သိပ်တုန်လှုပ်သွားတာပေါ့"

ရဲမှူးသည် လော်ရီမောင်းသော ဒရိုင်ဘာအား မည်ကဲ့သို့ အရေးယူရမည်ဟူသော ကိစ္စများ၊ အလောင်းများကို ဆေးရုံပို့ရန်နှင့် ကားပျက်ကို ဆွဲဖယ်ယူဆောင်ရန် ကိစ္စများကို အခြား ရဲအုပ် တစ်ယောက်နှင့် ထားခဲ့ပြီးနောက် ကိုစိန်ကြိုင်အား ဆေးရုံသို့ ပထမ ပို့ပြီးနောက်မှ ဌာနတွင် တိုင်ချက်ဖွင့်ရန် စီစဉ်လျက်ရှိလေ၏။

သို့နှင့် ကိုစိန်ကြိုင်အား ပထမရဲအုပ်နှင့်အတူ သူ၏ ကားပေါ်သို့ တက်စေ၏။ ကိုစိန်ကြိုင်ကမူ ဆေးရုံသို့ မသွားလိုလှပေ။ ကားပေါ်သို့ ရောက်သောအခါ ကိုစိန်ကြိုင်က ရဲမှူးအား–

"ဆေးရုံကို ဘာဖြစ်လို့ ပို့ဦးမှာလဲခင်ဗျာ– ကျွန်တော့်မှာ ဒဏ်ရာ မှ မရဘဲနဲ့ . . ."

"နို့ပေမဲ့ ခင်ဗျားဟာ ကားချင်းတိုက်မိတဲ့ အရှိန်နဲ့ အင်မတန် တုန်လှုပ်နေတယ်၊ ဒီတော့ ဆရာဝန်က ဆေးဝါးတိုက်ပြီးလို့ စိတ်ငြိမ် သက်မှ အစစ်ခံတာ ကောင်းတယ် . . ."

ရဲကားမှာ ရန်ကုန်ဘက်သို့ ထွက်စပြုလေပြီ၊ ကိုစိန်ကြိုင်သည် ကား၏ဘောင်ပေါ်၌ မီတာများနှင့်အတူ တပ်ထားသော နာရီကို ကြည့်လိုက်၏။ အချိန်မှာ နေမဝင်သေးသော်လည်း နာရီလက်တံမှာ (၇)နာရီခွဲကို ပြလျက်ရှိလေသည်။

ကြိုင်။ "ဒီနာရီက ၇–နာရီခွဲပြီး နေပကော အချိန်က အစောကြီး ရှိသေးတယ် . . ."

ကားမောင်းသူ။ "နာရီက ဒီကနေ့ မနက် ၇–နာရီခွဲကပဲ ပျက် သွားတယ်...."

ကြိုင်။ "အို ဟုတ်လား ဘုရားရေ ... အချိန်ကလဲ ကျုပ်သေရ

မယ့် အချိန်ပါကလား... ဒါထက် ရဲမှူးခင်ဗျား- ဒီကားနံပါတ်ဟာ ဘယ်လောက်ပါလဲ. . ."

ရဲမှူး။ "ဘာလုပ်မလို့လဲဗျ ကားနံပါတ်"ဃ-၆၃၇× × × "

ကြိုင်။ "အလိုလေး ဘုရား... ဘုရား... ကျွန်တော် ဒီကားစီးလို့ မဖြစ်ပါဘူးခင်ဗျာ၊ ဒီကားစီးရင် မုချကားမှောက်ပါလိမ့်မယ်၊ ဒီနံပါတ်နဲ့ ကားဟာ မုချမှောက်ရမယ်၊ ကျွန်တော်လဲ မုချသေရမယ်"

ရဲမှူး။ "ဒီလူ ဘာကြောင်ပြီးနေတာလဲ၊ ခင်ဗျားကားမှောက်ပြီးပါပြီကောဗျ၊ မသေလို့ အခုကျန်တာမဟုတ်လား . . ."

ကြိုင်။ "နို့ပေမဲ့ ကျွန်တော်မလိုက်ဘူး... ဒီကားနဲ့မလိုက်ဘူး လိုက်ရင် သေပြီးသားပဲ..."

ရဲအုပ်။ "ဒါဟာ ကျွန်တော်ပြောတဲ့ (Shock)ရှော့ပဲဆရာ၊ ဒီလူ ကယောင်ချောက်ချားပြောနေပြီ"

ကိုစိန်ကြိုင်သည် ရဲမှူးနှင့် ရဲအုပ်ကြားမှ ရုန်းထွက်ပြီးလျှင် ကားတံခါးဆီသို့ရောက်ရန် ကြိုးစားလျက် ရှိလေ၏။

ရဲမှူး။ "ကိုင်း၊ ကိုသိန်းဟန် ဒီလူကို လက်ထိပ်ခတ်လိုက်စမ်းဗျို့"

ရဲမှူးက ချုပ်ကိုင်ပေးသည်တွင် ကိုသိန်းဟန်လည်း ကိုစိန်ကြိုင်အား လက်ထိပ်ခတ်လိုက်လေ၏။

ရဲအုပ်။ "ဟော့လူ ငြိမ်ငြိမ်နေစမ်း၊ ခင်ဗျားကို ကျုပ်တို့ ဘာမှ မလုပ်ဘူး၊ ဆေးရုံကျရင် ဆေးတစ်ခွက်သောက်ရုံပဲ"

ကြိုင်။ "ကျွန်တော် ဘာမှမဖြစ်ပါဘူးဗျာ ဆင်းပါရစေ၊ ကားရပ်ပါဗျာ၊ ရပ်ပါ... ရပ်ပါ... ရပ်ပါဗျို့... ရပ်ပါဗျို့... ရပ်..."

ရဲမှူး။ "အင်း . . . ရှော့ဟာ တော်တော်ဆိုးတာပါပဲ၊ တစ်ခါ





တလေ သွေးမခိုင်တဲ့လူများဆို စိတ်နောက်တောင် သွားတတ်တယ်၊ ခင်ဗျာ့လူကို ကိုင်ထားဗျ- ကိုသိန်းဟန်"

ကိုစိန်ကြိုင်သည် ရဲအရာရှိများအား မည်သည့်နည်းနှင့်မျှ ပြော၍ မရဘဲ ပါသွားတော့၏။

ရဲအုပ်။ "ဒီလိုဆိုရင် ကျွန်တော်တော့ ဆေးရုံကြီးမပို့ချင်တော့ဘူး၊ စိတ်ရောဂါကုဆေးရုံကို ပို့ရင်မကောင်းဘူးလားဆရာ"

ရဲမှူး။ "ခင်ဗျာ့သဘောပဲလေ၊ ခင်ဗျား ကြည့်ပြီး စီမံပေတော့"

ဤသို့ဖြင့် ကိုစိန်ကြိုင်သည် စိတ်ရောဂါကုဆေးရုံ၌ (၁၅)ရက်ခန့် နေရရှာ၏။

"အမြင်ပေါက်သည်" ဆိုသော မောင်ဝဏ္ဏ နိမိတ်ဖတ်လိုက်ခြင်းကား ကိုစိန်ကြိုင်အတွက် သေသည်အထိ မမှန်ကန်သော်လည်း ဖြစ်ပျက်သောရက်၊ မမျှော်လင့်ဘဲ ထူးထူးဆန်းဆန်း ကားနှင့်ပါသွားရပုံ၊ ကားနံပါတ်မှန်ကန်ပုံတို့မှာ မောင်ဝဏ္ဏ နိမိတ်ဖတ်ခဲ့သည့်အတိုင်း မှန်ကန်ခဲ့လေသည်။

လောကီပညာများကား လွန်စွာပင် ထူးဆန်း၏။ နက်နဲ၏။ အတွေးအခေါ်အယူအဆ များစွာလိုလှ၏။ ငွေတစ်ထောင်ရလိမ့်မည်ဟု အိပ်မက်ထဲမှ ညွှန်ပြနေသောနေရာသို့ သွားရောက်တူးဖော်သောအခါ ဒင်္ဂါးတစ်ပြား "ထောင်"နေသည်ကို တွေ့ရပြီး တိုက်ဆိုင်နေ၍ မှန်ကန်ခြင်းမျိုးမဟုတ်၊ အသေအချာမှန်ကန်၏။ သို့သော် နည်းအမျိုးမျိုး ပုံစံအမျိုးမျိုးဖြင့် မှန်ကန်တတ်ပေသည်။

ဒဂုန်ရွှေမျှား

## ကျီးကန်းအော်သံ

ငယ်သံပါအောင် အော်လိုက်သော နယ်စားကြီး "စပ်ခွန်ချိုင်"၏ အသံသည် တအာအာမြည်လိုက်သော… တောကျီးကန်း တစ်ကောင်၏ အသံနှင့်အတူ…၊ မည်းမှောင်တိတ်ဆိတ်လျက်ရှိသော ညဉ့်ကို ဖောက်ထွင်းကာ ပဲ့တင်ထပ်၍ သွားလေ၏။ သူ၏ ကိုယ်လုံးသည် ၃ထပ်အိမ်ကြီး၏ အပေါ်ဆုံးထပ် မျှော်စင်ပေါ်မှ လွင့်စဉ် ထိုးကျသွားလေရာ မြင့်မားသော ထင်းရှူးပင်ကြီးများ အကြားသို့ ကျရောက်ကွယ်ပျောက်မသွားမီ ခြေလက်များကို လေထဲတွင် ကန်ကျောက်လှုပ်ရှားရင်း ပြင်းစွာသော အရှိန်ဖြင့် အောက်သို့ ထိုးကျသွားလေသည်။ အိမ်ကြီးအောက်ခြေ ရှိ… တံတိုင်းများအောက်၌ ချိုင့်ဝှမ်းကြီးရှိ၍ ၎င်းမှာ ပေတစ်ထောင်ခန့် နက်ရှိုင်း၏။ ချောက်ကြီးအောက်သို့ ထိုးကျသွား





သောအသံမှာ ပထမ ခပ်သဲ့သဲ့မျှ ကြားလိုက်ရပြီးလျှင် တဖြည်းဖြည်း ငြိမ်သက်ပျောက်ကွယ် သွားလေတော့၏။

နယ်စားကြီး၏ ညီအရင်းဖြစ်သူ စပ်ခွန်နိုင်သည် မျှော်စင်စကြံတွင် ရပ်ကြည့်လျက်ရှိရာမှ မျက်နှာကို ချာခနဲ နောက်သို့ပြန်၍ လှည့်လိုက်၏။ မျှော်စင်အောက်သို့ မြို့စားကြီး ကျသွားစဉ်က အကြိမ် ၃ကြိမ်မျှ တအာအာဟစ်အော်ခဲ့သော တောကျီးကန်းသည် တောင်ပံများကို ရိုက်ခတ်ကာ မျှော်စင်အထက် ဘုံဆင့် တစ်နေရာမှ ပျံထွက်လာပြီးနောက်၊ စပ်ခွန်နိုင်၏ ဦးခေါင်းပေါ်တွင် လှည့်လည် ပျံသန်းလျက်ရှိရာမှ သူ၏မျက်နှာဆီသို့ တူရူပျံသန်းလာသည်တွင် စပ်ခွန်နိုင်သည် ဖျတ်ခနဲ နောက်သို့ ဆုတ်လိုက်၏။ ဤသို့ ဆုတ်လိုက်စဉ် သူ၏ ခြေထောက်မှ တစ်စုံတစ်ခုသော အရာဝတ္ထုနှင့် တိုက်မိသဖြင့် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ကြမ်းပေါ်သို့ လဲကျပြီးနောက် မကြာမီ မျှော်စင်ပေါ်သို့ အစေခံနှစ်ယောက် တက်လာပြီးလျှင် ၎င်းအား ဝိုင်းကူထူမပေးကာ အကျိုးအကြောင်း မေးမြန်းကြ၏။ သို့သော် ခွန်နိုင်မှာ ထိတ်ထိတ်ပျာပျာဖြစ်နေသဖြင့် ၎င်းတို့၏ မေးခွန်းများကို ရုတ်တရက် မဖြေနိုင်ဘဲ ရှိနေ၏။ ထို့နောက်တွင်မှ မိမိ၏ အစ်ကို စော်ဘွားကြီးမှာ အလွန်နိမ့်သော လက်တန်းအစွန်းပေါ်တွင် ကိုယ်ကို ရှေ့သို့ အလွန်အကျွံ ကိုင်း၍ ငုံ့ကြည့်လျက်ရှိရာမှ မတော်တဆအောက်သို့ အားလွန်ကျသွားကြောင်း ပြောဆိုလေရာ…..၊ ထိုစကားလုံးများသည်ပင် နှုတ်ဖျားမှ အလွယ်တကူ ထွက်မလာဘဲ အထစ်ထစ်အငေါ့ငေါ့ ထွက်လာခဲ့၏။

အစေခံများတွင် အသက်အကြီးဆုံးနှင့် ဝါအရင့်ဆုံးဖြစ်သူ ဘဏ္ဍာစိုးကြီး ဦးရွှေမြတ်က နယ်စားကြီးမှာ… ထိုညဉ့်တွင် စိတ်ညစ်

သည်ဆိုကာ အရက်ကို အတော်များများ သောက်ထားကြောင်း...။ သို့ဖြစ်၍ ဤကဲ့သို့ မတော်တဆဖြစ်သွားဟန်တူကြောင်း ထောက်ခံပြောဆိုသောအခါ၌ပင် ခွန်နိုင်မှာ အနိုင်နိုင် ခေါင်းညိတ်လျက် ရှိလေတော့၏။

နယ်စားကြီးမှာ ညီဖြစ်သူ၏ လုပ်ကြံခြင်းခံရကြောင်းကို အစေခံများအနက် မည်သူမျှ သင်္ကာမကင်း မဖြစ်ခဲ့ပေ။ နောက်ဆုံးတွင် ဦးရွှေမြတ်သည် စပ်ခွန်နိုင်အား သူ၏အိမ်ခန်းသို့ တွဲခေါ်၍ သွားလေတော့၏။ အိပ်ရာပေါ်သို့ ရောက်သောအခါ စပ်ခွန်နိုင်မှာ ကျေးဇူးရှင် နောင်တော်အပေါ်တွင် မိမိကျူးလွန်ခဲ့သည့် ဒုစရိုက်မှုကြီးကို ရေးရေးမြင်ယောင်ကာ မိမိအမှုတွင် မျက်မြင်သက်သေဖြစ်ခဲ့သော တောကျီးကန်း၏ တအာအာ မြည်သံများနှင့် တဖျပ်ဖျပ် တောင်ပံရိုက်ခတ်သံများကိုသာ ကြားယောင်၍ နေမိတော့၏။

× × × × ×

နံနက်အရုဏ်တက်သောအခါ ကြောက်စိတ်များ ပြေပျောက်သွား၍ အတန်ငယ် သက်သာရာ ရရှိတော့၏။ တောကျီးကန်းသည် မိမိ၏ လုပ်ကြံမှုကြီးကို ဒိဋ္ဌမြင်၍ သွားစေကာမူ...၊ တိရစ္ဆာန်တစ်ကောင်၏ အသိကို တစ်စုံတစ်ရာ စိုးရိမ်ရန် မရှိပေ။ မိမိကား နောင်တော် စော်ဘွားကြီး၏ နေရာကို လက်ခံရရှိပေပြီ။ ဤ ၃–ထပ် အိမ်ကြီးနှင့်တကွ... လယ်ယာမြေပစ္စည်း၊ အခွန်ဘဏ္ဍာ အားလုံးသည် မိမိပိုင် ဖြစ်လာချေပြီ။

သူသည် နံနက်စောစော အိပ်ရာမှထခဲ့၍ နောင်တော်ကြီး၏ ရုပ်အလောင်းကို အကဲခတ်ရန် ဤချောက်ကြီး အတွင်းသို့ ဆင်းသက်ကြည့်ရှုရပေဦးမည်။ မိမိ၏ လက်ချက်ဖြင့် မရှုမလှသေဆုံးရရှာသော





မြို့စားကြီး၏ အလောင်းကို မိမိမည်ကဲ့သို့ ကြည့်ရပါအံ့နည်း။ သူသည် ဤကိစ္စကို ဦးရွှေမြတ်အား တစ်ခါတည်းမျက်နှာလွှဲမည်ဆိုက ဖြစ်နိုင်၏။ သို့သော် မိမိနောင်တော်ကြီးအား နောက်ဆုံး အလေးပြုကာ ဝမ်းနည်းပူဆွေးဟန်ဆောင်မှသာ ကောင်းပေမည်ဟု အောက်မေ့မိ၏။

နယ်စားကြီး စပ်ခွန်ချိုင်၏ ရုပ်အလောင်းမှာ အမြင့်မှကျလာသောအရှိန်ဖြင့် ချောက်ကမ်းပါး၏ ကျောက်ဆောင် ကျောက်စွန်းများဖြင့် အကြိမ်ကြိမ် ရိုက်ခတ်မိသောကြောင့် ကျိုးပဲ့ကြေမွကာ လူရုပ်ကိုပင်... မမှတ်မိအောင် ရှိတော့၏။

သူ၏ အိပ်ခန်းဆောင်သို့ ပြန်ရောက်သောအခါ စပ်ခွန်နိုင်သည် ငြိမ်သက်စွာ မနေနိုင်ဘဲ အခန်းထဲတွင် လူးလာတုံ့ပြန် စကြံ့လျှောက် လျက်ရှိလေ၏။ မှန်တစ်ချပ်ရှေ့သို့သွား၍ မိမိ၏ အရိပ်ကို ကြည့်လိုက်သောအခါ သူ၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ရှိ၍ နေပြီးလျှင် ပါးများသည်လည်း အတွင်းသို့ ချိုင့်ဝင်လျက်ရှိ၏။ သူသည် အိပ်၍လည်းမရ၊ ထိုင်၍လည်းမနေနိုင် လျှောက်နေသဖြင့်လည်း ညောင်းညာလာသောကြောင့် အခန်းထဲမှ ထွက်ခဲ့ပြီးလျှင် မျှော်စင်ပေါ်သို့ တက်ခဲ့လေ၏။ တွန်းလှန်၍ မရနိုင်သော အင်အားတစ်ခုက သူ့အား ဤနေရာသို့ ရောက်အောင် ပို့ဆောင်ပေးသကဲ့သို့ ရှိနေ၏။ ယမန်ညဉ့်ကပင် သူသည် နောင်တော်မြို့စားကြီးအား ဤနေရာမှနေ၍ တွန်းချခဲ့၏။ ယခုအချိန်၌ ဦးရွှေမြတ်၏ စီစဉ်မှုဖြင့် မြို့စားကြီး၏ ရုပ်အလောင်းမှာ ချောက်ကြီးအတွင်းမှ သယ်ဆောင် သွားပြီဖြစ်၍ အိမ်ကြီး၏ အောက်ဆုံးထပ် တံခါးဝသို့ပင် ရောက်ချိန်နီး၍ နေလေပြီ။ သို့စဉ်းစားရင်း သူသည် ချောက်ကြီး အတွင်းသို့ တစ်ကြိမ်လှမ်းကြည့်လိုက်၏။

သို့ရှိစဉ်… တောကျီးကန်းတစ်ကောင်သည် အထက်ဘုံဖျား တစ်နေရာရှိ အသိုက်မှ ထွက်လာပြီးလျှင် အောက်ဆုံးဘုံဆင့်ပန်းဆွဲ အစွန်း၌ နားကာ၊ သူ့အားစူးစိုက်ကြည့်ရှုနေသည်ကို မြင်လိုက်ရ၏။ မည်းနက်တောက်ပြောင်သော မျက်လုံးနှစ်လုံးသည် ချွန်ထက်သော နှုတ်သီးပေါ်မှနေ၍ စပ်ခွန်နိုင်အား ကြည့်ရှုလျက်ရှိ၏။ ထို့နောက် "အာ" ခနဲ တစ်ချက်အော်လိုက်ပြီးလျှင် တောင်ပံနှစ်ဖက်ကို ခတ်ကာ လျင်မြန်စွာ ပျံထွက်သွားလေသည်။ ထိုအခါမှ စပ်ခွန်နိုင်မှာ သက်ပြင်းတစ်ချက် ချနိုင်ပြီးလျှင် အောက်သို့ ပြန်၍ဆင်းခဲ့လေတော့၏။

ထိုနေ့ တစ်နေ့လုံး သူသည် မည်သည့်အစာကိုမျှ မစားဘဲ၊ အရက်ကိုသာ တွင်တွင်ကြီး သောက်လျက်ရှိလေ၏။ အစေခံများ လာရောက်ကာ မည်သည့် အရာကို အလိုရှိကြောင်း မေးမြန်းသော်လည်း သူသည် မည်သို့မျှ ပြန်မပြောဘဲ၊ ၎င်းတို့အား ဆဲဆိုငေါက်ငမ်း ပစ်လိုက် ၏။ ဘဏ္ဍာစိုး ဦးရွှေမြတ် တစ်ဦးတည်းကိုသာ အတွေ့ခံပြီးလျှင် ကွယ်လွန်သူ နယ်စားကြီး၏ ဈာပနကိစ္စအတွက် လိုအပ်သော အစီအစဉ်များကို ဆောင်ရွက်ရန်သာ အမိန့်ပေးလေ၏။

ဦးရွှေမြတ်သည် အမိန့်အတိုင်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့် နယ်စားကြီး၏ ရုပ်ကလာပ်ကို ရွှေချထားသော ခေါင်းတစ်လုံးတွင် အလုံပိတ်ပြီးနောက် မြို့ရိုးအစဉ်အလာထုံးစံအတိုင်း ထိုနေ့ညမှာပင်… မိသားစုရုပ်အလောင်းများ သိမ်းဆည်းထားရှိရာ မြေအောက် တိုက်ခန်းအတွင်းသို့ ထည့်သွင်းထားလိုက်လေသည်။ စပ်ခွန်နိုင်မှာ သရဏဂုံတင်သည့်အချိန်၌သာ ခေတ္တမျှ ဝတ်ကျေတန်းကျေ လာရောက်ပြီးနောက် သူ၏အခန်းသို့ တန်း၍တက်သွားလေ၏။ ထိုညဥ့်၌…





သူသည် အမျိုးမျိုး ကြောက်ရွံ့တွေးတောကာ စိတ်နှလုံး တုန်လှုပ်ချောက်ချားလျက် ရှိသဖြင့် ရတ်တရက် အိပ်မပျော်ဘဲ ရှိနေရာမှ အလွန်ပင်ပန်းနွမ်းနယ် လာသဖြင့် နံနက်ဝေလီဝေလင်းအချိန်မှ အိပ်ပျော်သွားလေတော့၏။

× × × × ×

နောက်တစ်နေ့ နံနက် အိပ်ရာမှ နိုးလာသောအခါ နေမှာ အတော်မြင့်နေပြီဖြစ်၍ စိတ်လက်ပေါ့ပါးလာပြီးလျှင် မိမိ၏ ဘဝသစ်ကို မျှော်တွေးခန့်မှန်း၍ နေမိ၏။ ၃ထပ်အိမ်ကြီးမှာ အတော်ပင် အိုမင်းဆွေးမြည့်နေပြီ ဖြစ်၍ ထိုနေရာတွင် ခန့်ညားထယ်ဝါသော အဆောက်အဦသစ်တစ်ခုတည်ဆောက်ရပေမည်။ ကွယ်လွန်သူ နယ်စားကြီး၏ နောက်ပါခြွေရံ သင်းပင်းများသည်လည်း ယခင်ကကဲ့သို့ မဟုတ်ဘဲ အတော်ပင် နည်းပါးလာခဲ့သည်ကို ကောင်းစွာ သတိပြုမိ၏။ သို့သော် သူသည် ယခုအကြိမ်တွင် "အရှင်သခင်သစ်" တစ်ယောက်အဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်၍ စော်ဘွားကြီး၏ အရိပ်အရာကို ထုံးတမ်းစဉ်လာအရ ခံရမည် ဖြစ်ပြီးလျှင် သူ၏ မြောက်မြားစွာသော ပစ္စည်းဥစ္စာရတနာ ရွှေငွေများကိုလည်း ရရှိပြီ မဟုတ်ပါလော။

အထက်ပါအကြောင်းများကို စဉ်းစားကာ သူသည် စိတ်ထဲတွင် ကြည်နူး၍နေမိ၏။ အကယ်၍ ယခုအဖြစ်အပျက်သာ လွန်ခဲ့သော ၂-နှစ်၊ ၃-နှစ်ကဖြစ်ပျက်သည်ဆိုပါက ယခုထက်ပို၍ ပစ္စည်းဥစ္စာများကို ရရှိပေမည်ဟုလည်း အောက်မေ့မိ၏။ စပ်ခွန်နိုင်သည် နောင်တော်ဖြစ်သူအား ယခုမှ လုပ်ကြံရသည်ကိုပင် နောက်ကျတရမိသကဲ့သို့ ဖြစ်မိတော့၏။ ဤအတွေးဖြင့် သူသည် အိပ်ရာထဲတွင် အတော်ကြာ လဲလျောင်းနေရာမှ ရတ်တရက် အိပ်ရာမှ ထလိုက်ပြီးလျှင်

ထိုနေ့ တောကစားထွက်မည်ဟု စိတ်ကူးကာ ရာသီဥတု သာယာသည် မသာယာသည်ကို ကြည့်ရှုရန် ပြတင်းပေါက်ဘက်သို့ လှမ်း၍ ကြည့်လိုက်၏။

ထိုအချိန်၌ တောကျီးကန်းသည် ပြတင်းပေါက် ပေါင်ပေါ်တွင် နားလျက်ရှိရာမှ ပုတီးစေ့ကဲ့သို့ တောက်ပြောင်သော မျက်လုံးများဖြင့် သူ၏ လှုပ်ရှားမှုကို နောက်ယောင်ခံ၍ လိုက်ကြည့်နေသည်ကို တွေ့မြင်ရ၏။ တောကျီးကန်းသည် သူအိပ်ရာမှမနိုးမီ မည်သည့်အချိန်တွင် ရောက်နေလေသနည်း မသိရချေ။ သို့သော် ပြတင်းပေါက်ဘက်သို့ သူမျက်နှာမူလိုက်သည့် ခဏ၌ပင် ကျီးကန်းသည် စူးရှသောအသံဖြင့် တအာအာမြည်ကာ ရုတ်တရက် ပျံထွက်သွားလေသည်။

စပ်ခွန်နိုင်သည် ကျောထဲတွင် စိမ့်ခနဲဖြစ်၍ သွား၏။ သို့သော် ချက်ချင်းပြန်၍ သတိရလာပြီးလျှင် သွေးများပူ၍လာပြီးနောက် ကြောက်စိတ်များ ပျောက်ကာ ဒေါသမီးတောက်၍ လာတော့၏။ ကျီးကန်းသည် မိမိ၏အရိပ်အကဲကို စောင့်ကြည့်နေသည်၊ မှန်သော်လည်း မိမိက ပြန်၍ ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် အလန့်တကြား ပျံထွက်သွားရာ မိမိအားကြောက်ရွံ့နေသည်မှာ ထင်ရှား၏။

သူသည် ပြတင်းပေါက်ဆီသို့ လျင်မြန်စွာ ပြေးသွားပြီးလျှင် ကျီးကန်းပျံသွားသော နေရာကို ကြည့်ရှုမိ၏။ ကျီးကန်းသည် ချောက်ကြီးပေါ်မှ ဖြတ်၍ပျံသွားပြီးလျှင် ကျောက်ဆောင်များ နောက်သို့ ထိုးဆင်းကွယ်သွားသည်ကို မြင်လိုက်ရ၏။ သို့နှင့် ထိုနေ့တွင် တောသို့ ထွက်၍ ဝက်ပစ်ရန် စိတ်ကူးခဲ့သော်လည်း ဝက်များကို မပစ်သေးဘဲ မိမိအား မကြာခဏ အနှောင့်အယှက်ပေးနေသော ထိုတောကျီးကန်းကိုသာ လိုက်လံပစ်သတ်ရန် စိတ်ကို ဆုံးဖြတ်လိုက်လေ၏။





ထို့နောက် သူသည် အဝတ်အစားများကို လျင်မြန်စွာ ဝတ်ဆင်ပြီးလျှင် အောက်ဆုံးထပ်ရှိ လက်နက်များထားရာ အခန်းကလေးဆီသို့ လျှောက်သွားပြီးလျှင် ရိုးရာဓလေ့အတိုင်း သူ၏လက်စွဲဖြစ်သော သူ၏ အကောင်းဆုံးလေးနှင့်သံချွန် တပ်ထားသည့်မြားများ အပြည့်ပါသော ကျည်တောက်တစ်ခုကို ရွေးချယ်ယူခဲ့လေသည်။ စပ်ခွန်နိုင်မှာ နံနက်စာ စားချိန်ကိုပင် မစောင့်တော့ဘဲ လှိုဏ်မြောင်ကြီး၏ နံဘေးအစွန်း တစ်လျှောက်သို့ ခပ်သုတ်သုတ် ထွက်သွားလေရာ မည်သည့်အရပ်သို့ ထွက်သွားသည်ကို အစေခံများပင် မသိလိုက်ကြချေ။

× × × × ×

လှိုဏ်ကြီးအတွင်းသို့ ဆင်းနိုင်သော နေရာသို့ ရောက်သောအခါ သူသည် ကျောက်တောင်အစွန်းများကို သတိကြီးစွာနှင့် ဆုပ်ကိုင်ဆင်းရသဖြင့် လက်များ ပွန်းပဲ့ကုန်တော့၏။ နေကလည်း ခြစ်ခြစ်တောက် ပူလျက်ရှိရာ ချုံနွယ်ပိတ်ပေါင်းများကလည်း ထူထပ်လျက်ရှိသည့်ပြင် ကျောက်စွန်းကျောက်တက်များကိုလည်း အမိအရ ကုပ်တွယ်၍ ဆင်းရသဖြင့် ချွေးဒီးဒီးကျလျက်ရှိ၏။ နံနက်ခင်းက တောကျီးကန်း ပျောက်ကွယ်သွားသော နေရာကို ခန့်မှန်း၍ ရောက်ရှိလာသောအခါ သူသည် ပခုံးတွင် လွယ်ထားသောလေးကို ဖြုတ်ယူလိုက်ပြီးလျှင် တုန်ယင်လျက်ရှိသော လက်များဖြင့် သံချွန်တပ် မြားတစ်စင်းကို လေးပေါ်တွင် တင်လိုက်၏။ ထို့နောက် တောင်ကမ်းပါးယံရှိ ကျောက်ဆောင် အကွဲအအက်များကြားတွင် မိမိရန်သူကို တွေ့လိုတွေ့ငြား ရှာဖွေလျက်ရှိလေသည်။ ဤသို့လျှင် အပန်းကြီးစွာဖြင့် စပ်ခွန်နိုင်သည် ကျောက်တုံး ကျောက်ခဲများ ဖုံးလွှမ်းလျက်ရှိသော လှိုဏ်ကြီးအောက်ခြေတွင် တစ်နာရီခန့်မျှ အပန်းကြီးစွာ /လှည့်လည်

ရှာဖွေလျက် ရှိလေသည်။ နောက်ဆုံး၌ ကျောက်ဆောင် တစ်ခုပေါ်တွင် နားနေသော တောကျီးကန်းကို မြင်လိုက်ရသဖြင့် သူသည် လေးကို ကိုင်မြှောက်ကာ ပထမမြားတံကို ပစ်လွှတ်လိုက်၏။ သို့သော် တောကျီးကန်းသည် အာခနဲ တစ်ချက်မျှ အော်လိုက် တောင်ပံများကို တဖျပ်ဖျပ်ရိုက်ရင်း လျင်မြန်စွာ ပျံထွက်သွားလေရာ သူပစ်လိုက်သော မြားတံမှာ ငှက်၏နောက် ဝါးနှစ်ရိုက်ခန့်အကွာတွင် ကျရောက်သွားလေသည်။

သူသည် ငှက်အား ဆဲရေးတိုင်းထွာကာ အခဲမကျေသော မျက်လုံးများဖြင့် ငှက်ပျံသွားရာဘက်သို့ လိုက်၍ ကြည့်ရှုမိ၏။ ကျီးကန်းသည် လှိုဏ်ကြီးပေါ်မှ ဖြတ်ကျော်ကာ မိမိ၏ သုံးထပ်အိမ်ကြီး ရှိရာသို့ ပျံတက် သွားပြီးလျှင် မျှော်စင်အထက်ရှိ အမြင့်ဆုံးသော ဘုံဆင့်အောက်သို့ ဝင်ရောက် ပျောက်ကွယ်သွားသည်ကို နောက်ဆုံး မြင်လိုက်ရ၏။ သို့နှင့် သူသည် ခေတ္တမျှ အမောအပန်းဖြေပြီးနောက် လေးကို ကောက်ယူ၍ လှိုဏ်ကြီးပေါ်သို့ ပျံ၍တက်ခဲ့ပြီးလျှင် မိမိအိမ်သို့ ပြန်ခဲ့လေ၏။ အိမ်သို့ ရောက်သောအခါ မိမိအား တစ်စုံတစ်ရာ မေးမြန်းလိုသည့်ဟန်ဖြင့် စောင့်နေကြသော အစေခံများကိုပင် လှည့်၍ မကြည့်ဘဲ မျှော်စင်အပေါ်ထပ်သို့ တက်သွားလေ၏။ မျှော်စင်ပေါ်သို့ ရောက်သောအခါ သူသည် လေးနှင့်မြားကို အသင့်ပြင်ကာ စောင့်ဆိုင်းလျက်ရှိနေ၏။ သို့သော် တောကျီးကန်းအား အရိပ်အယောင်မျှပင် မတွေ့ရချေ။

× × × × ×

အချိန်မှာ ၅နှစ်ကျော်ကျော်ခန့်ပင် ကြာရှိသွားခဲ့လေပြီ။ သို့သော် တောကျီးကန်းသည် စပ်ခွန်နိုင်အား နေ့စဉ်နှင့်အမျှလိုလိုပင် ချောက်





လှန့်လျက်ရှိနေခဲ့၏။ နံနက်အိပ်ရာထတွင်လည်းကောင်း၊ ညဥ့်နေဝင်ချိန်များတွင်လည်းကောင်း၊ ပြတင်းပေါက်ဆီမှ တအာအာ မြည်၍ ပျံသွားတတ်၏။ ထို ၅နှစ်မျှသော အချိန်ကာလအတွင်း သူသည် တောကျီးကန်းအား လေးဖြင့် အကြိမ်ပေါင်းများစွာ ပစ်ခွင်းခဲ့၏။ သို့သော် တောကျီးကန်းအား သူပစ်လိုက်သော မြားချက်များကို နည်းအမျိုးမျိုးဖြင့် လွတ်အောင် ရှောင်တိမ်းနိုင်ခဲ့သည်သာ ဖြစ်ချေသည်။ စပ်ခွန်နိုင်မှာ ကျီးကန်း တစ်ကြိမ်လာ၍ အာတိုင်း နောင်တော့အား လုပ်ကြံခဲ့သည့် မိမိလုပ်ကြံမှုကြီးကိုသာ ပြန်၍သတိရကာ တစ်နေ့ထက်တစ်နေ့ ပိုမို ချောက်ချားလာခဲ့တော့၏။

နေ့ရက်များသည် တစ်နေ့တခြား ကုန်လွန်၍ လာခဲ့ရာ စပ်ခွန်နိုင်မှာ လေးကြီးကို လက်ထဲမှမချဘဲ အမြဲတမ်းလိုလိုပင် ကိုင်ဆောင်လျက်ရှိနေ၏။ သို့သော် တောကျီးကန်းမှာ သူ့လက်ထဲတွင် လေးရှိသမျှ ကာလပတ်လုံးအနီးသို့ မချဉ်းကပ်ဘဲ လေးကို ချလိုက်သည်နှင့်တစ်ပြိုင်နက် တစ်နေရာရာမှ ရုတ်တရက် ထွက်ပေါ်လာတတ်ပြီးလျှင် ပြောင်လက်သော မျက်လုံးနှစ်လုံးဖြင့် သူ၏မျက်နှာကို စိန်းစိန်းကြည့်ပြီးနောက် တအာအာမြည်၍ ပျံသွားတတ်၏။ တစ်နေ့သော နံနက်၌ သူသည် အိပ်ရာမှနိုးလာသောအခါ တောကျီးကန်းသည် သူ၏ အိပ်ခန်းပြတင်းပေါက် ပေါင်ပေါ်တွင် နားလျက် သူ့အား စေ့စေ့ကြည့်နေသည်ကို တွေ့မြင်ရ၏။ သို့နှင့် သူသည် အိပ်ရာဘေးတွင် အသင့်ချထားသော လေးကို ကမန်းကတန်းလှမ်း၍ ဆွဲလိုက်၏။ သို့သော် ပါးနပ်လိမ္မာလှသော တောကျီးကန်းမှာ ထိုအချိန်တွင် မရှိကော့ချေ။

အစေခံများမှာ နေ့တိုင်းလိုလိုပင် အလုပ်မှ ထွက်သွားကြ၍

စပ်ခွန်နိုင်၏ ခြွေရံသင်းပင်းများ တစ်နေ့တခြား နည်းပါးလာတော့၏။ တစ်ချိန်တွင် ဘဏ္ဍာစိုးဖြစ်သူ ဦးရွှေမြတ်က အရဲစွန့်ကာ တောကျိုးကန်းကို အဘယ့်ကြောင့် ဤမျှလောက် သဲသဲမဲမဲ လိုက်၍ နေရသည့် အကြောင်းမေးမြန်းမိရာ၊ စပ်ခွန်နိုင်မှာ ရုတ်တရက် ဒေါသထွက်ကာ အစေခံမှူးဖြစ်သူ အသက်အရွယ်ကြီးရင့်သော ဘဏ္ဍာစိုးကြီးအား လက်သီးဖြင့် တစ်ချက်ထိုးလိုက်ပြီး ရင့်ရင့်သီးသီး ဆဲဆို၍ လွှတ်လိုက်၏။ နောက်တစ်ကြိမ်တွင် ဦးရွှေမြတ်သည် ထိုနေ့နံနက်စောစော၌ အစေခံ ၃ယောက် ထွက်သွားကြောင်း လာရောက် ပြောကြားသော အခါ စပ်ခွန်နိုင်မှာ တစ်စုံတစ်ရာ ပြန်မပြောဘဲ အဘိုးကြီးအား ချက်ချင်းထွက်သွားရန် အော်ဟစ်ငေါက်ငန်းနေသည်။

ထိုအချိန်၌ကား အိမ်ကြီးတွင် သစ္စာရှိသော ဘဏ္ဍာစိုးကြီး ဦးရွှေမြတ်မှတစ်ပါး လက်ပါးစေ အစေခံဟူ၍ တစ်ယောက်မျှပင် မရှိတော့ချေ။ သို့နှင့် ဦးရွှေမြတ်သည် သူ၏ဘခင် မြို့စားကလေး စပ်ခွန်နိုင်အား ဆင်ခြင်တုံတရား ဝင်လာစေရန် နောက်ဆုံး ကြိုးစားသည့်အနေဖြင့် သတိပေးစကား ပြောကြားရန် အကျိုးအကြောင်း မေးမြန်းလေ၏။ ထိုအခါ စပ်ခွန်နိုင်သည် မိမိ၏ လျှို့ဝှက် ပြုမူချက်များကို ဤကဲ့သို့ အတင့်ရဲစွာ မေးမြန်းရပါမည်လောဟု ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ အဘိုးကြီး၏ ပါးချိတ်ကို လက်သီးဖြင့် တစ် ချက် ထိုးချလိုက်လေ၏။ ဦးရွှေမြတ်မှာ နောက်သို့ ပက်လက်လန် လျက် လှေကားပေါ်မှ ဒလိမ့်ခေါက်ကွေး ကျသွားပြီးလျှင် ပခုံးတွင် ဒဏ်ရာများ အနာတရရလျက် လက်ကောက်ဝတ် အရိုးလည်း ကျိုး သွားလေသည်။ ဤနောက်ဆုံး ရိုင်းပျမှုကြီးသည် ဦးရွှေမြတ်၏ သစ္စာရှိမှုကို ဆုံးခန်းတိုင်စေလျက် နောက်တစ်နေ့၌မူ အိုမင်းဆွေးမြည့်





နေပြီဖြစ်သောအိမ်ကြီး တစ်ခုလုံးမှာ စပ်ခွန်နိုင် တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေတော့သတည်း။

× × × × ×

မည်သို့ပင်ဖြစ်စေ စပ်ခွန်နိုင်မှာ တောကျိုးကန်းကိုသာ သဲသဲမဲမဲ လိုက်လံလျက်ရှိ၏။ နေရာအနှံ့အပြားတွင် အဆိပ်ခတ်ထားသော အမဲသားတုံးများဖြင့် မျှားလျက်ထောင်ချောက် ကျော့ကွင်းများကို ချထား၏။ သို့သော် တောကျိုးကန်းသည်ကား ပရိယာယ်များသော လူသတ်သမား၏ ကိုင်တွယ် ထိတွေ့ထားသည့် အရာမှန်သမျှကို အနံ့ခံကာ လွတ်အောင် ရှောင်ကွင်းခဲ့လေသည်။

ဤသို့ဖြင့် တစ်နှစ်မျှ အချိန်ကုန်လွန်၍ သွားပြန်၏။ အချိန်မှာ အတော်ကြာပြီဖြစ်၍ ကျိုးကန်းက မိမိအားကြည့်၍ အော်မြည်၊ ထွက်ပြေးသည်ကို သည်းခံနိုင်သကဲ့သို့ ရှိလာတော့၏။ သို့သော် မိမိ၏လုပ်ကြံမှုတွင် တစ်ဦးတည်းသက်သေဖြစ်သော ငှက်ကိုမူ အစ ဖျောက်ပစ်ရန် အခဲမကျေသေးချေ။

တစ်နေ့တွင် မြို့စားကလေး စပ်ခွန်နိုင်သည် ကွင်းပြင်ကို ဖြတ်၍ လျှောက်သွားစဉ် တောကျိုးကန်းသည် သူ၏ရှေ့မှ ကောင်းကင်သို့ ပျံတက်သွားသည်ကို မြင်လိုက်ရ၏။ သို့နှင့် သူသည် အပေါ်သို့ မော် ကြည့်ရင်း မြားတပ်ထားသော လေးကိုကိုင်စွဲကာ အသင့် ချိန်ရွယ် ထား၏။ သို့သော် ကျိုးငှက်သည် မြားပစ်၍ မမီနိုင်လောက်အောင် မြင့်သောနေရာသို့ ပျံတက်သွားသဖြင့် သူသည်လေးကို မြေပေါ်သို့ လွှတ်ချလိုက်၏။ မကြာမီ တောကျိုးကန်းကို ပြန်၍မြင်ရပြီးလျှင် ထူးဆန်းသော အခြင်းအရာများကို ရုတ်တရက် တွေ့မြင်လိုက်ရ၏။

သိန်းငှက်တစ်ကောင်သည် ကောင်းကင်မှ မိုးကြိုးသွားကဲ့သို့ အောက်သို့ တစ်ဟုန်ထိုး စိုက်ချလာပြီးလျှင် ကျီးကန်းအား သုတ်ရန် ကြိုးစားလျက်ရှိသည်ကို မြင်ရ၏။ တောကျီးကန်းသည်ကား အောက်မှ ဘေးအန္တရာယ်ထက် အထက်မှ ဘေးအန္တရာယ် နီးကပ်လာသည်ကို တိမ်းရှောင်ခြင်း မပြုနိုင်မီ သိန်းငှက်သည် တစ်ချက်ထိုး၍ သုတ်လိုက်သဖြင့် အမွေးအတောင်တချို့ ကျွတ်ထွက်ကာ အောက်သို့ ကျလာလေသည်။

ကျီးကန်းသည် ရန်သူအား ကွေ့ကာကောက်ကာ တိမ်းရှောင်ပျံသန်းလျက်ရှိနေ၏။ ပထမတွင် လွတ်မြောက်၍သွားသော်လည်း ၎င်းမှာ သေဘေးက ခေတ္တရွှေ့ဆိုင်းလိုက်ခြင်းမျှသာဖြစ်၏။ သိန်းငှက်သည် ၎င်းအား ထက်ကြပ်လိုက်ပါကာ အောက်သို့ ဆင်းသက်စေရန် အပေါ်စီးဖြင့် ဖိစီးပိတ်ဆို့ထားလေရာ တစ်ခဏချင်း၌ပင် ငှက်နှစ်ကောင်ပူးမိပြီးနောက် အိမ်ကြီး၏ ကွက်လပ်လေဟာပြင်ပေါ်သို့ ထွေးလုံးကျသွားလေတော့၏။ သိန်းငှက်၏ ချွန်ထက်သော ခြေသည်းများသည် တောကျီးကန်း၏ ကိုယ်ထဲသို့ စူးဝင်လျက် ၎င်း၏ ကိုယ်သည်လည်း မျှော်စင်ဘုံဆင့်အစွန်းတစ်ခုဖြင့် ရိုက်ခတ်ပြီးလျှင် အမွေးအတောင်အချို့ ကျွတ်ထွက်ကာ မြေပေါ်သို့ ကျသွားလေ၏။ ဤသို့ သိန်းငှက်၏ ကုတ်ညှစ်ထားရာမှ လွတ်သွားသည်နှင့် တစ်ပြိုင်နက် မြို့စားကလေးသည် လေးကိုစွဲကိုင်ကာ အော်ဟစ် ပြေးဝင်လာလေသည်။ ထိုအခါ သိန်းငှက်သည် အစာကိုပစ်ခဲ့ပြီးလျှင် လျင်မြန်သော အဟုန်ဖြင့် ကောင်းကင်သို့ ထိုးတက်ပျံသန်း သွားလေတော့၏။





စပ်ခွန်နိုင်သည် အတော်ကြာမျှ လိုက်လံသတ်ဖြတ်သော်လည်း မအောင်မြင်ခဲ့သော ကျီးငှက်ကျဆုံးသွားသည်ကို ဝမ်းသာအယ်လဲ ငုံ့၍ကြည့်လိုက်၏။ နီရဲသော သွေးများသည် မည်းနက်သော ၎င်း၏ အမွေးအတောင်များကြားမှ ယိုစီး၍ထွက်နေ၏။ တောကျီးကန်းမှာ သေအံ့မူးမူး ဝေဒနာကို ပြင်းစွာ ခံစားရလျက် ရှိရှာ၏။ ပြူးကြောင်သော မျက်လုံးနှစ်လုံးသည် သူ့အား မော်ကြည့်လျက် ရှိသော်လည်း သက်ညှာခွင့်ကိုမူ မျှော်လင့်ဟန် မတူပေ။ သူသည် တဟားဟား ရယ်မောကာ လေးလံသော လေးကိုင်းကြီးကို တအားလွှဲပြီးနောက် အသက်ငင်လျက်ရှိသော တောကျီးကန်းအား တစ်ကောင်လုံး ကြေမွသွားသည်အထိ ရိုက်နှက်လျက် ရှိလေတော့၏။ ဤမျှနှင့်ပင် အားမရသေးဘဲ ခြေတခြား လက်တခြားဖြစ်ကာ အပိုင်းအစများ ဖြစ်သည်အထိ တအားလွှဲ၍ ရိုက်နေပြီးလျှင် အရူးတစ်ယောက်ကဲ့သို့လည်း ရယ်မောလျက် ရှိလေသည်။

× × × × ×

ထိုအဖြစ်အပျက်ဖြစ်ပွားပြီးသည့်နောက် အိုမင်းသော အိမ်ကြီးမှာ ယခင်ကထက် တိတ်ဆိတ်ငြိမ်သက်လျက် ရှိတော့၏။ နယ်စားကလေး ကိုယ်တိုင်မှတစ်ပါး ကြွက်များ၏ ပြေးလွှားသံများသာ တစ်ခါတစ်ရံ ကြားရ၏။ ထိုအခါ၌ စပ်ခွန်နိုင်မှာ သူ၏ ရန်သူ ကျဆုံးသွားပြီဖြစ်သဖြင့် ရက်အနည်းငယ်မျှ ပျော်ရွှင်၍ နေမိသော်လည်း...၊ ယခင်က ကျူးလွန်ခဲ့သည့် ဒုစရိုက်မှု၏ အရိပ်ကြီးသည် သူ၏ ကိုယ်ပေါ်သို့ တဖြည်းဖြည်း ကျရောက်လာတော့၏။ အစားအသောက် ဟူ၍လည်း တစ်ခါတစ်ရံမှသာ စားရပြီးလျှင် အအိပ်အစား မမှန်ဖြစ်ကာ တဖြည်းဖြည်း ဦးနှောက်ပျက်လာပြီးနောက်... တစ်ခါတည်း ရူးသွပ်၍

သွားလေတော့၏။ တစ်ခါတစ်ရံ တစ်နေရာ၌ထိုင်ကာ ငိုယို၍ နေတတ်ပြီးလျှင် တစ်ခါတစ်ရံလည်း ဟစ်အော် ရယ်မောကာ ကလေးတစ်ယောက်ကဲ့သို့ ပြေးလွှား၍ နေတတ်၏။ သူ၏ မျက်ကွင်းများမှာ တစ်နေ့တခြား ချိုင့်ဝင်လျက် ချေးညှော် အလိမ်းလိမ်း ကပ်လျက်ရှိသော မုတ်ဆိတ် ကျင်စွယ်များသည်လည်း အဆမတန် ရှည်လျက်ရှိကုန်၏။ ကျွန်းသေတ္တာကြီးထဲတွင်ရှိသော ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများသည်လည်း သူ့အား မကယ်နိုင်တော့ပြီ။ ငြီးငွေ့ဖွယ်ကောင်းသော အချိန်များကား တစ်နေ့မှတစ်နေ့ ကူး၍သွားတော့၏။

လရောင်ကင်းမဲ့သော ညတစ်ည၏ ညဥ့်ဦးယံ၌ သူသည် မျှော်စင်ပေါ်သို့ တက်ကာ သူ့ရဲခိုများတစ်လျှောက် လျှောက်သွားလျက် ရှိလေ၏။ တစ်ခါတစ်ရံ အောက်မှ မည်းမှောင်နက်ရှိုင်းသော ထင်းရှူးတောကြီးကို လှမ်း၍ကြည့်၏။ ထိုမှတစ်ဖန် အမှောင်ထုဖြင့် ဖုံးလွှမ်းလျက်ရှိသော အောက်ဘက်မှ လျှိုမြောင်ကြီး၏ ခံတွင်းဝကို ငုံ့၍ကြည့်ပြန်၏။ ထိုနေရာမှာ သူ၏နောင်တော်အား လုပ်ကြံခဲ့သော နေရာပင်ဖြစ်၏။ သူသည် သူ့ရဲခိုများ၏ တံတိုင်းပေါ်သို့ လှမ်း၍ တက်လိုက်ပြီးနောက်...၊ ထိုနေရာမှ အောက်သို့ လှမ်းကြည့်လျက် ရှိပြန်၏။ အေးမြသော ညဥ့်ဦးလေပြည်သည် တသုန်သုန် တိုက်ခတ်လျက်ရှိနေ၏။

သို့ရှိစဉ် သူ၏ စိတ်ချောက်ချား၍ ပေလော၊ သို့မဟုတ် အကယ်ပင်လော မပြောတတ်ဘဲ "အာ" ခနဲ အော်လိုက်သော ကျီးကန်းတစ်ကောင်၏ စူးရှသောအော်သံနှင့်အတူ တစ်ဖျပ်ဖျပ် ရိုက်ခတ်လိုက်သော တောင်ပံခတ်သံများကို ကြားလိုက်မိ၏။ သို့နှင့် သူသည် ဖျတ်ခနဲ လန့်သကဲ့သို့ ဖြစ်သွားပြီးလျှင် သူ၏ ကိုယ်သည် ရှေ့သို့





ယိမ်းထိုး၍သွားကာ လက်ရန်းပေါ်မှ အားလွန်ပြီးနောက် သူ၏နောင်တော်ကျသွားသည့် နည်းအတိုင်း ထိုနေရာမှပင် နက်လှစွာချောက်ကြီးအတွင်းသို့ ကျသွားလေတော့သတည်း။

ဒဂုန်ရွှေမျှား

## ကြောက်စရာ့ရက်ချိန်း

ညောင်ပင်သာရွာကလေး၏ အရှေ့ဘက်ရှိ သင်္ချိုင်းမြေပုံဟောင်းတစ်ခုအနီးတွင် အသက် ၃၀ ကျော်ခန့်ရှိ ရုပ်ရည် အတော်အတန် မွန်ရည်သန့်ပြန့်သော လူရွယ်တစ်ယောက်သည် "သင်္ချိုင်းမြေပုံ" ကို ဝိုင်းရံစိုက်ထားသည့် ယိုးဒယား နှင်းဆီပင်ကလေးများကို မြေတောင်မြှောက်ပေးကာ နံဘေးမှ ပေါင်းမြက်များကို သုတ်သင်လျက်ရှိ၏။

တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ ဝေလီဝေလင်းအချိန်ဖြစ်၍ ဆီးနှင်းများ ထူထပ်စွာ ကျလျက်ရှိရာ ရွာကလေးနှင့်တကွ ပတ်ဝန်းကျင်သည် သင်္ချိုင်းမြေပုံကဲ့သို့ပင် တိတ်ဆိတ်လျက် ရှိလေသည်။





ထိုသူ၏ ဝိုင်းစက်သော မျက်နှာမှာ ဖြူဖပ်ဖြူရော်ရှိနေလျက် ဂနာမငြိမ်သော မျက်လုံးများသည်လည်း ပုစွန်မျက်လုံးများကဲ့သို့ ရှေ့သို့ ပြူးထွက်လျက်ရှိ၏။ သူသည်ကြောက်ရွံ့ထိတ်လန့်ဖွယ်တစ်ခုကို မျှော်လင့်နေသကဲ့သို့ မကြာခဏ နောက်သို့လည်းကောင်း၊ ဘေးသို့လည်းကောင်း ကြည့်ရှုလျက်ရှိ၏။ သို့သော် မည်သည့်အရာကိုမျှ မမြင်ရချေ။ သူ၏နောက် မနီးမဝေးတွင်ကား ပြိုကျနေသော သင်္ချိုင်းအုတ်ပုံတစ်ခု အသုံးမပြုသော ရေတွင်းပျက်မှ ပိုက်လုံးအကြီးအငယ်များကို စု၍ထားသော အပုံတစ်ခု အရောင်အဆင်းပျက်၍နေသော ဂုံအိတ်စုတ်တစ်လုံးမှတစ်ပါး မည်သည့်အရာမျှ မရှိချေ၊ သူသည် မည်သည့်အရာကို ကြောက်ရွံ့၍ နေသနည်း၊ မည်သည့်အရာကို မျှော်လင့်၍နေလေသနည်း။

ယိုးဒယား နှင်းဆီပင်ကလေးများ ဝိုင်းရံစိုက်ထားသော သင်္ချိုင်းရာကလေးမှာ အပေါ်မှ အုတ်ချပ်များဖြင့် သမံတလင်း ကိုင်ထားသော်လည်း အချို့နေရာတွင် ကွဲအက်နေပြီဖြစ်၍လည်းကောင်း ခွက်၍နေသော အပိုင်းများတွင် ရေညှိများတက်၍နေသည်ကို ထောက်သဖြင့် သင်္ချိုင်းဟောင်းတစ်ခုဖြစ်တန်ရာ၏။

ဆယ်အိမ်ခေါင်း ဦးဘိုးတုံးသည် ထိုနေ့က မြို့သို့သွားရန် ကိစ္စရှိသဖြင့် ရွာသင်္ချိုင်း ဖြတ်လမ်းမှ လျှောက်၍လာခဲ့ရာ သင်္ချိုင်းပျက်အုတ်ပုံကြီးအနီးသို့ ရောက်သောအခါ ထိုသူကို ရိပ်ခနဲမြင်လိုက်ရသဖြင့် ကိုယ်ရှိန်သတ်ကာ အုတ်ပုံကို ကွယ်လိုက်ပြီးနောက် ထိုသူ၏ အရိပ်အကဲကို ကြည့်၍နေလေသည်။

သင်္ချိုင်းဟောင်းတစ်ခုကို ယင်းကဲ့သို့ နံနက်ဝေလီဝေလင်းအချိန်၌ အမှိုက်သရိုက်များကို ဖယ်ရှားလျက် ပန်းပင်ကလေးများကို

ပြုပြင်၍ နေခြင်းကား ထူးဆန်းလှ၏။ ဦးဘိုးတုံးသည် ထိုသူအား မျက်တောင်မခတ်ဘဲ စိုက်၍ကြည့်နေလေသည်။ ဦးဘိုးတုံးမှာ ထိုရွာသားဇာတိဖြစ်သဖြင့် ရွာရှိလူအားလုံးကို သိသည့်အတိုင်း ထိုသူ၏မျက်နှာကို ဆီးနှင်းထုအတွင်းမှ ဖြတ်၍ ကောင်းစွာ မမြင်ရသေးသော်လည်း ထိုသူ၏ ပုံပန်းသဏ္ဌာန်အားဖြင့်ပင် သူစိမ်းတစ်ယောက်ဖြစ်ကြောင်း ကောင်းစွာ သိရှိလေပြီ။

ဦးဘိုးတုံးသည် ရှေ့သို့ အနည်းငယ်တိုး၍ သွားရာ ထိုသူစိမ်းသည် ဦးဘိုးတုံး၏ ခြေသံများကို ကြားသဖြင့် ဖျပ်ခနဲလှည့်၍ ကြည့်လိုက်၏။ ထိုအခါမှ သူ၏ မျက်နှာမှာ ပို၍ ဖြူသွားပြီးလျှင် မျက်လုံးများသည် ပို၍ ပြူးကြောင်ကြောင်ဖြစ်သွားလေသည်။

တုံး။ "ဒီမှာမောင်ရင် ... သေတဲ့လူကမောင်ရင်ရဲ့ ဆွေမျိုးလား မိတ်ဆွေလား"

"မဟုတ်ပါဘူး ခင်ဗျား"

သူစိမ်းသည် ဦးဘိုးတုံး၏ အမေးကြောင့် ဖျတ်ခနဲ လန့်သွား၏။

တုံး။ "သိလို့လား"

"မသိပါဘူး"

သူစိမ်း၏ မျက်လုံးများမှာ ကြောက်ရွံ့ခြင်း၏ အဓိပ္ပာယ်ကို အစွမ်းကုန်ဆောင်လျက်ရှိရာ ညိုသော မျက်ရစ်များနှင့် ချိုင့်ဝင်လျက်ရှိသော မျက်လုံးအိမ်များမှာ ရက်ပေါင်းအတော်ကြာမျှ အအိပ်အနေ မမှန်သည့်အဖြစ်ကိုလည်းကောင်း၊ စိတ်သောကရောက်ခြင်းလက္ခဏာကိုလည်းကောင်း ဖော်ပြလျက်ရှိလေသည်။

ထိုအခါ ဦးဘိုးတုံးက သူစိမ်းအား ....





"ထိုင်ပါအုံးလေ" ဟု ပြောလိုက်သဖြင့် ထိုသူသည် ဦးဘိုးတုံး၏စကားကို လိုက်နာကာ နံဘေးရှိ အခြားသချိုင်းရာ အုတ်ပုံပျက်တစ်ခုပေါ်တွင် ထိုင်ချလိုက်လေသည်။ ဦးဘိုးတုံးကလည်း သူနှင့် မနီးမဝေးတွင် ထိုင်လိုက်၏။

(သူစိမ်း) "ဦးတော်ဟာ သိပ်ပြီး လူတစ်ဘက်သားကို ကြင်နာတတ်ပုံရတယ်"

တုံး။ "အင်း ... မောင်ရင် ထင်သလိုပါပဲ"

သူစိမ်း။ "ဒီလိုဆိုရင် ... ကျွန်တော်ပြောချင်တယ်ခင်ဗျာ၊ ပြောချင်တယ်... ပြောချင်တယ်... ရင်လေးလွန်းလို့ပါခင်ဗျာ ..."

သူစိမ်းသည် ဤနေရာတွင် စကားကိုရပ်လိုက်၏။ သူပြောမည့်စကားများမှာ စိတ်မချမ်းမြေ့ဖွယ်စကားများဖြစ်မည်ကို သိသော်လည်း ဦးဘိုးတုံးသည် လွှဲရှောင်၍ မရနိုင်တော့ဘဲ နားထောင်ရမည်ဖြစ်၏။ ထိုသူပြောမည်ကို တားဆီး၍လည်း ရမည်မဟုတ်ချေ။

"အခုလို ဖွင့်ပြောရမယ့် လူတစ်ယောက် အခန့်သင့် လာတွေ့ရတာ ကံကောင်းတာပဲ ..."

သူစိမ်းသည် လက်မှ မြေမှုန့်များကို ခါချလိုက်ပြီးလျှင် စိတ်ကို ထိန်းထားရသည့် မာနဖြင့် လက်ဝါးနှစ်ဖက်ကို ပွတ်သပ်လျက်ရှိလေသည်။

"ကျွန်တော့်ရာဇဝင်က လွန်ခဲ့တဲ့ ၃-၄ နှစ်လောက်က ပဲခူးရွှေမော်ဓောဘုရားကို ဘုရားဖူးသွားရင်းကစခဲ့ပါတယ်ခင်ဗျာ၊ အဲဒီနေ့ဟာ ကျွန်တော့်တစ်သက်မှာ ကံအဆိုးဆုံးနေ့ပါပဲ၊ ကျွန်တော်နဲ့ ကျွန်တော့်ရည်းစား ခင်ဒေါင်းနွယ်ဟာ တစ်နေ့လုံး လျှောက်လည်၊ ဘုရားတွေ လည်ဖူး၊ နောက်ဆုံး ရွှေမော်ဓောဘုရားစောင်းတန်းက ဆင်းလာ

တော့ မြင်းလှည်းစောင့်နေတုန်း မိုးကလေးက တဖြောက်ဖြောက် ကျလာတာနဲ့ သစ်ပင်ရိပ်တစ်ခုအောက်မှာ ခိုရင်း ကျွန်တော့ရည်းစား က လမ်းဘေးတစ်ဘက်က အိမ်ပေါက်မှာ ဆွဲထားတဲ့ ဆိုင်းဘုတ် ကလေးတစ်ခု သွားမြင်တာကို ခင်ဗျ၊ ဆိုင်းဘုတ်က "ဒေါ်မြသွေး လက္ခဏာ ဆရာမကြီး နတ်ဗေဒင်ဟောသည်" တဲ့ ...

"ဒါနဲ့ သူက အစ်ကိုကြီး ကျွန်မတို့ မိုးလည်းခိုရင်း အပျင်းပြေ ဝင်ပြီး ဗေဒင်မေးရအောင်လို့ ပြောတာကိုခင်ဗျ၊ မိုးကလဲ သူပြောမှ နည်းနည်းပိုပြီး သဲလာ၊ ကျွန်တော်တို့မှာ ထီးလည်းမပါတော့ ကျွန်တော်လည်း ပထမ သဘောမတူပေမယ့် မိုးလည်းခိုရအောင်ဆိုပြီး သဘောတူလိုက်ပါတယ်ခင်ဗျာ ... ဒါနဲ့ ကျွန်တော်တို့လည်း အဲဒီ အိမ်ကို ဝင်ကြတယ်ခင်ဗျ၊ အိမ်ဆိုပေမယ့် တန်းလျားရှည်တစ်ခုက အခန်းကလေးတစ်ခုပါပဲ၊ နံဘေးက အခန်းတွေမှာတော့ ကုလား ကုန်စုံဆိုင်တွေ လက်ဖက်ရည်ဆိုင်ကလေးတွေပေါ့ခင်ဗျာ ..."

"အခန်းကလေးက ကျဉ်းကျဉ်းပါပဲ ၁၅ ပေလောက်ပဲ ကျယ်ပါလိမ့်မယ် အိမ်ရှေ့ဖိနပ်ချွတ်မှာ ခုံတန်းလျားတစ်ခု ကုလား ထိုင်ခပ်ဟောင်းဟောင်း ၂ လုံးရှိတယ်ခင်ဗျ၊ အတွင်းဘက်ကိုတော့ အဖြူတစ်တန့် အနီတစ်တန့် သရက်ထည်ကန့်လန့်ကာတစ်ခု ကာထား တယ်၊ အနေအထိုင်မြင်ရတာ အတော်ဆင်းဆင်းရဲရဲပါပဲ၊ အိမ်ရှေ့က ကုလားထိုင်ပေါ်မှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်လောက်ရှိ မယ့် မိန်းမကြီးတစ်ယောက်ထိုင်နေတာတွေ့ရတယ်၊ ဒါနဲ့ ကျွန်တော့် ရည်းစားက လက္ခဏာဆရာမ ဒေါ်မြသွေးနဲ့ တွေ့လိုကြောင်း ဗေဒင် မေးလိုကြောင်း ပြောတော့ အမယ်ကြီးလည်း လောကွတ်ပျူငှာနဲ့ ကျွန်တော်တို့ကို အပြင်ခုံတန်းလျားမှာပဲ နေရာထိုင်ခင်းပေး၊ အိမ်ထဲ





ခဏဝင်သွား တစ်ခါပြန်ထွက်လာပြီး ကျွန်တော်တို့ကို အိမ်အတွင်း ဘက်ဝင်ဖို့ ခေါ်တာကိုခင်ဗျ၊ ဒီတော့ ကျွန်တော်တို့လဲ အိမ်ထဲဝင် လိုက် သွားရတယ်၊ ကန့်လန့်ကာနောက်မှာတော့ သင်ဖြူးတစ်ချပ် နှစ်ချပ် ခင်းထားပြီး အတွင်းဘက်မှာ ဇာခန်းဆီးတပ်ထားတဲ့ အခန်းကလေး တစ်ခု တွေ့ရပြန်ပါတယ်၊ အဲဒီအခန်းကလေးထဲမှာ ဗေဒင်တို့ လက္ခဏာတို့ ကြည့်ရတာကိုခင်ဗျ ..."

"ခဏကြာတော့ မိန်းမတစ်ယောက် ထဘီအနီကိုဝတ်ပြီး အခန်း ထဲက ထွက်လာတယ် ဆံပင်ကို ဖားလျားချပြီး ခေါင်းမှာလည်း နှင်းဆီ အနီပွင့် တစ်ပွင့် ပန်ထားတယ်၊ အင်္ကျီအဖြူလက်ရှည်ဝတ်ပြီး ပိုးစ အနီတစ်ခုကိုလည်း လည်ပင်းမှာ စည်းထားတယ်၊ အသက်ကတော့ ကျွန်တော့စိတ်ထင် ၄၀ ကျော် ၅၀ တွင်းလောက်ပါပဲ မျက်နှာက အင်မတန် ကြွေ့ရပြီး အထူးသဖြင့် သူ့မျက်လုံးတွေဟာ တောက်ပတဲ့ အရောင်တွေ ထွက်နေသလို အောက်မေ့ရတယ်။ ကျွန်တော့ ရည်းစားကို ပထမကြည့်ပြီး ကျွန်တော့ကိုကြည့်လိုက်တာ ကျွန်တော်တောင် သူ့ကို ကြောက်သလိုလို ကျောထဲက စိမ့်လာသလိုလို အောက်မေ့လိုက်မိ တယ်။ သူ့မျက်လုံးတန်ခိုးနဲ့ပဲ တူပါတယ်၊ အခန်းထဲ အဝင်ခိုင်းတဲ့ အခါ၊ ခင်ဒေါင်းနွယ်ဟာ အခန်းထဲဝင်ဖို့ ကြောက်နေသလိုပဲ၊ ဒါနဲ့ ကျွန်တော်က ဝင်လိုက်မယ်လုပ်တော့ "တစ်ယောက်တည်း ဝင်ခွင့် ရှိတယ်၊ နှစ်ယောက်မဝင်ရဘူး" လို့ ခပ်ပြတ်ပြတ် ပြောလိုက်တယ်၊ ဒါနဲ့ ကျွန်တော်ဟာ အပြင်မှ စောင့်နေရစ်ရတယ်ခင်ဗျ"

"ခင်ဒေါင်းနွယ်ကို သူဘာတွေဟောလိုက်မလဲ ... မိန်းမဆိုတာ ဘာပဲပြောပြော အင်မတန်ယုံကြည်တတ်တာကလားဆိုပြီး ကျွန်တော် စိတ်ပူမိတယ်... ဒါနဲ့ ကျွန်တော်လဲ အထဲမှာ ဗေဒင်ဟောနေတုန်း

အပြင်က ထိုင်စောင့်နေရတာကိုခင်ဗျ၊ အဲဒီလိုစောင့်နေတဲ့အခါ အပြင်စားပွဲကလေးပေါ်မှာ စာရင်းစာအုပ်လို စာအုပ်ကြီးတစ်အုပ် တင်ထားတာနဲ့ ဆွဲပြီး ကြည့်မိတယ်။ ဒီစာအုပ်ကြီးက သူဟောလိုက်တဲ့လူတွေဆီက ပေးလိုက်တဲ့စာတွေကို မူလအတိုင်း စက္ကူအထူပေါ်မှာကပ်ပြီး ဓာတ်ပုံ "အယ်(လ)ဘမ်" လိုလုပ်ထားတဲ့စာအုပ်ကိုခင်ဗျ။ အမြို့မြို့အရွာရွာက ပေးလိုက်တဲ့ စာတွေပါပဲခင်ဗျာ။ သူဟောလိုက်တဲ့အတိုင်းမှန်ကန်တဲ့ အကြောင်းတွေရေးထားတယ်။ တချို့လဲ သူဟောလိုက်တဲ့အတိုင်း အိမ်ထောင်ဖက်တွေ့တဲ့ အကြောင်းတွေ ချစ်သူနဲ့ ကွဲတဲ့အကြောင်းတွေ သားသမီးရတဲ့အကြောင်းတွေ၊ ဥစ္စာပျောက်ကို ပြန်ရတဲ့အကြောင်းတွေ၊ လင်ဆုံးသွားတဲ့ အကြောင်းတွေ၊ မယားဖောက်ပြန်သွားတဲ့အကြောင်းတွေ၊ စုံနေတာပါပဲခင်ဗျာ၊ တချို့လည်း မတော်တဆ ထိခိုက်နာကျင်မှုတွေ တွေ့ရတဲ့အကြောင်းလည်းပါရဲ့ ... ကောင်းတာရော မကောင်းတာရော စုံနေတာပဲ၊ စိတ်ဝင်စားစရာတော့အတော်ကောင်းပါတယ် ... အထဲမှာ ကျွန်တော့ရည်းစားကို ဟောနေတာတွေတော့ သေသေချာချာမကြားရပါဘူး၊ နားစွန်နားဖျားလောက်သာ ကြားရပါတယ်၊ ဒါနဲ့ ၁၅ မိနစ်လောက်ကြာတော့ ကျွန်တော့ရည်းစားလည်း အခန်းထဲက ထွက်လာတယ် ... နောင်နှစ်ခါ လက်ထပ်ရလိမ့်မယ် ဆိုတဲ့အကြောင်း ပြောလိုက်သတဲ့ခင်ဗျာ၊ ဘယ်သူဘယ်ဝါနဲ့ လက်ထပ်ရလိမ့်မည်ဆိုတာတော့ မပြောလိုက်ဘူးတဲ့၊ နို့ပေမဲ့ ကျွန်တော်နဲ့ လက်ထပ်ရလိမ့်မယ်ဆိုတာတော့ သူယုံကြည်ပါတယ်လို့ ပြောတာကိုခင်ဗျ ... ဒါနဲ့ သူထွက်လာပြီး ကျွန်တော့ကို "ကိုင်း ... ကိုဘစိုး ... သွားပြီး လက္ခဏာကြည့်ချေလေ၊ ကိုဘစိုးအလှည့်ပဲ ကျန်တော့တယ်" လို့ပြောတာကို ခင်ဗျ၊ ကျွန်တော်ဟာ ဗေဒင်တွေ





လက္ခဏာတွေ မယုံကြည်ပါဘူးခင်ဗျာ၊ မေးဖို့လည်း ဝါသနာ မပါပါဘူး၊ နို့ပေမဲ့ ကျွန်တော့်ရည်းစားက အတန်တန်တိုက်တွန်းလေတော့ အခန်းထဲ ဝင်သွားမိတယ် ...

"အခန်းကလေးက အတွင်းဘက်မှာ မှောင်လို့ခင်ဗျ၊ ခေါင်းရင်းဘက်မှာ ရေနံဆီစားပွဲတင် မှန်အိမ် အိမ်ကလေးတစ်လုံး ထွန်းထားတယ်၊ အလင်းရောင်ဆိုလို့ အဲဒီအလင်းရောင်ကလေးတစ်ခုပဲ ရှိတယ်၊ အဲ့ဒီ မှန်နားမှာ ဆရာမထိုင်နေတာကို မှန်အိမ်မီးရောင်နဲ့ သူ့မျက်နှာကို မြင်ရတာ ကျွန်တော်ဖြင့် ကြက်သီးမွေးညင်း ထမိတယ်ခင်ဗျာ၊ မိန်းမရဲ့ရုပ်က သနားကမား ပေမယ့် သူ့ခေါင်းမှာ ပန်ထားတဲ့ ပန်းပွင့်အနီရောင်နဲ့ လည်ပင်းမှာစည်းထားတဲ့ ပိုးစအနီရောင်နဲ့ဟာ တစ်ခါတည်း ရောစပ်ပြီး သူ့အသား ခပ်ဖြူဖြူပေါ်မှာ သွေးရောင်တွေလျှမ်းနေသလိုပဲ မျက်လုံးနှစ်လုံးကလည်း အမှောင်ထဲမှာ ကြောင်မျက်စိက အလင်းရောင်တွေ ထွက်နေသလိုပဲ ... ကျွန်တော်ဝင်လာတာမြင်တော့ ကုလားထိုင်တစ်လုံးကို လက်ညှိုးထိုးပြလိုက်လို့ ကျွန်တော်ထိုင်ရတယ်၊ ပြီးတော့ အိမ်ခန်းထဲ ဝင်သွားတဲ့အခါ အတွင်းဘက်ကဆီချက်သလိုလို ညှော်ကြော် သလိုလို ဘာနံ့ကြီးမှန်းမသိပါဘူးခင်ဗျာ၊ နံလိုက်တာလည်း လွန်ပါရော ကျွန်တော်လည်း မကြာမကြာ ခေါင်းပိတ်မိတယ်၊ ကျွန်တော့်ကို စိုက်ပြီးကြည့်လိုက်တာ သူ့အမြင်ဟာကျွန်တော့ကိုယ်ကို ဖောက်ထွင်းပြီး မြင်သလိုပါပဲ၊ လက္ခဏာကြည့်ရုံဆိုရင် ၅/– တစ်သက်လုံးအတွက် ဟောစာတမ်းလုပ်ပြီး ဟောရမယ်ဆိုရင် ၁၀/– လို့ပြောတော့ ကျွန်တော်လည်း တစ်ယောက်ကြည့်ပြီးမှမထူးပါဘူး ပိုက်ဆံအပိုကုန်တာပဲဆိုပြီး လက္ခဏာရိုးရိုးပဲ ကြည့်ပါတော့ ခင်ဗျာလို့ ပြောလိုက်တယ် ... အခန်းထဲဝင်မိလို့သာ ပြောလိုက်

ရတယ် စိတ်ကတော့ မပါလှပါဘူး ... ဒါနဲ့ ကျွန်တော့ကို သူ့အနား လက်ယပ်ခေါ်ပြီး ကျွန်တော်ရဲ့ ညာဘက်လက်ဖဝါးကို ဖြန့်ပြီး ၁ မိနစ်လောက် ကြည့်နေတယ် ...

ဒီနောက် ကျွန်တော့နေရာ ပြန်ထိုင်တဲ့အခါ သူက "ရည်းစားနဲ့ တွေ့ရတယ်ဆိုတဲ့လူဟာ ဗေဒင်မေးဖို့တောင်မလိုဘူး အင်မတန်စိတ်အေးနေတာပဲ၊ ဒါပေမဲ့ အေးချည်တစ်ခါ ပူချည်တစ်လှည့် ဆိုတာလိုပေါ့ အပူလာတဲ့အခါလဲ လာဦးမှာပဲ" အဲဒီလို ပြောလိုက်တာဟာ ကျွန်တော့ကို ပြောနေတာထက် သူ့ကိုယ်သူ ပြောနေတယ်လို့ ထင်ရတယ်ခင်ဗျ၊ ဒီနောက် ကျွန်တော်နောက်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ တစ်ခုစီ တစ်ခုစီ ပြောလိုက်တာခင်ဗျား လွန်ခဲ့တဲ့ သုံးလေးနှစ်က၊ အဖြစ်အပျက်ရော၊ ငယ်ငယ်တုန်းက အဖြစ်အပျက်တွေရော မှန်လိုက်တာလဲ မပြောပါနဲ့တော့ ... ဘယ်လောက်ထိအောင် အသေးစိတ် မှန်သလဲဆိုရင် လွန်ခဲ့တဲ့ ၆ လလောက်က ဖြစ်ခဲ့တဲ့ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကလေးကိုတောင် သူသိတယ် အဲဒီလို ကျွန်တော်ရဲ့ နောက်ဖြစ်တွေကို လျှောက်ပြီးဟောလိုက်တာခင်ဗျာ တစ်သီကြီး ပါပဲ ...

ဒါနဲ့ ကျွန်တော်က "ဆရာမကြီးရယ်၊ ကျွန်တော်ရဲ့ နောက်ဖြစ်တွေဟောလိုက်တာ တော်လောက်ပါပြီ ရှေ့ဖြစ်မယ့် ရှေ့ဖြစ်ကိုလဲ ဟောဦးမှပေါ့" လို့ ရယ်သလိုမောသလိုနဲ့ ပြောလိုက်တယ်ခင်ဗျ၊ အဲဒီလို ပြောလိုက်တာက သူဟောတာတွေ ကျွန်တော် သိပ်ပြီး အယုံအကြည် မရှိလှဘူး ဆိုတဲ့အကြောင်းလဲ သူသိအောင် ပြောလိုက်တာပဲ ... နို့ပေမဲ့ သူကနည်းနည်းကလေးမှ၊ ပြန်ပြီးမပြုံးဘူး သူ့မျက်လုံးနှစ်လုံးဟာ ကြောင်တစ်ကောင်ရဲ့ မျက်လုံးလို နည်းနည်းကျဉ်းသွား





သလို ထင်လိုက်ရတယ် နှုတ်ခမ်းဟာလဲ ပိပိရိရိဖြစ်ပြီး၊ ဣန္ဒြေ နည်းနည်းမှမပျက်ဘူး ... ဒီနောက် သူက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး "ရှင်ရဲ့အနာဂတ်ကို ကျွန်မ ဖတ်လို့မရဘူးရှင့် သဘောမကျလို့ ရှင်ပေ ထားတဲ့ငွေကို ပြန်လိုချင်ရင် ပြန်ပေးပါ့မယ်လို့ ပြောတာကိုခင်ဗျ၊ ဒီတော့ ကျွန်တော်လဲ စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားပြီး "မဟုတ်ပါဘူးခင်ဗျာ၊ လက္ခဏာဆရာတစ်ယောက်လုပ်နေပြီး အနာဂတ်ကို မဟောဘူးဆိုတာ ဥပမာ ချစ်ရေး ကြိုက်ရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ အဲဒီလို တစ်ခုနှစ်ခု ဟောလိုက်ရင် ပြီးတာပါပဲ၊ ငွေကိုလဲ ကျွန်တော် ပြန်မလိုချင်ပါဘူး" လို့ ပြန်ပြောလိုက်တယ် ..."

"ဒီတော့ ဆရာမကြီးလဲ ကျွန်တော့်ကို တစ်ခါခေါ်ပြီး ကျွန်တော်ရဲ့လက်ကို မီးရောင်နားကပ်ပြီး မှန်ဘီလူးနဲ့ တစ်ခါ ကြည့်ပြန်တယ်၊ ဒီတစ်ခါတော့ မလှုပ်မယှက် စိုက်ကြည့်နေတာ (၂)မိနစ်လောက် ကြာတယ် ... ဟော ... ဟော ... မြင်ရပြီ၊ မြင်ရပြီ ... သေချာပါတယ် ဂဏန်းက (၈)ဂဏန်း ဒီဘက်က တန်ဆောင်မုန်းလပဲ၊ လပြည့်နေပုံထောက်တော့ လပြည့်ကျော်ပဲ ... တန်ဆောင်မုန်း လပြည့်ကျော် (၈)ရက် နေ့ ... ဟုတ်ပြီ ဟုတ်ပြီ ခုနှစ်တော့မပါဘူး...

ကျွန်တော်က "ဩော် တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့လို့ မြင်ရလား"

"ဟုတ်တယ်– အဲဒီအတိုင်း မြင်ရတယ်"

"ရက်နဲ့လကတော့ ဟုတ်ပါပြီ ဆရာမကြီးရယ်၊ ခုနှစ်ကကော"

"ခုနှစ်ကတော့ မသေချာဘူး မထင်ရှားဘူး"

"ကောင်းပါပြီခင်ဗျာ ကျေးဇူးတင်ပါတယ်၊ တန်ဆောင်မုန်း

လပြည့်ကျော် ၈-ရက်နေ့မှာ ကျွန်တော် လက်ထပ်ဖို့ မြင်တယ် ဆိုပါတော့"

"မဟုတ်ဘူးရှင့် ကျွန်မဆိုလိုတာက ရှင်သေမယ့် နေ့ရက်ကို ပြောတာ"

"အလို ဒီလိုပဲ ဟောရသလားဗျာ"

"လက်ပေါ်မှာ ထင်နေတဲ့အတိုင်း ဟောရတာကိုရှင့်"

"အဲဒီလို ကျွန်တော့်တို့ အပြန်အလှန် ပြောနေကြပါတယ် ခင်ဗျာ ... ဒီလိုဟောလိုက်တော့ ဗေဒင်ကို မယုံဘူးဆိုပေမယ့် ကျွန်တော့်စိတ်ကို အတော်ထိခိုက်သွားပါတယ် ..."

ဤနေရာသို့ရောက်လျှင် မောင်ဘစိုးဆိုသူ ထူးဆန်းသော သူ့စိမ်း၏ အမူအရာမှာ တကယ်ပင် ကြောက်ရွံ့တုန်လှုပ်သွားကြောင်း ဦးဘိုးတုံး သတိပြု၏။ ထို့နောက် မောင်ဘစိုးက ဆက်လက်၍ ...

"ဒါနဲ့ ကျွန်တော်ကလဲ မေးလက်စရှိမှ မထူးတော့ပါဘူးဆိုပြီး "ဒီလိုဆိုရင် ဆရာမဆိုလိုတာက ခုနှစ်သက္ကရာဇ်သာ အမှန်မပြောနိုင် တာ နို့ပေမဲ့ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့တစ်နေ့မှာ ကျွန် တော် သေလိမ့်မယ်ဆိုပါတော့"

"ဟုတ်တယ်"

"ဒါဖြင့် အသက်အရွယ်ကြီးလို့ သေမှာလား"

"မဟုတ်ဘူး ... ရှင်ဟာ သေခြင်းတရားကို ပြင်းပြင်းထန်ထန် ကြီးတွေ့ရလိမ့်မယ်၊ လူသူအင်မတန်ရှင်းလင်းပြီး ဆိတ်ငြိမ်တဲ့ နေရာ တစ်ခုမှာ တွေ့ရလိမ့်မယ်၊ အခန်းထဲ ရှင်ဝင်လာကတည်းက ဒီဟာတွေ ကျွန်မမြင်တယ်၊ ဒါကြောင့် မပြောချင်လို့ ကျွန်မဟာ ရှင့်အနာဂတ်ကို မမြင်ရဘူးလို့ပြောနေတာ"

Future Time Idea Group



ဒါနဲ့သူ့စကားနည်းနည်းလွန်သွားတာသိလို့ ထင်ပါရဲ့ခင်ဗျာ၊ လက္ခဏာဆရာမကြီးကဆက်ပြီး ... "ဒါပေမဲ့တစ်ခုတော့ရှိတယ်၊ ဘာပဲဖြစ်ဖြစ် အခွင့်အရေးဆိုတာရှိစမြဲပဲ၊ အဆိုးရှိရင် အကောင်းလဲ ရှိရမယ် မဟုတ်လား ... ကျွန်မဆိုလိုတာက ကံကြမ္မာလို့ ထင်ရပေမယ့် ကံကြမ္မာမဟုတ်ဘဲ သတိထားပြီး ရှောင်ကြဉ်ရမယ့် အချက် လောက်သာ ဖြစ်ချင် ဖြစ်တတ်တယ်"

"အဲဒီလိုပြောလိုက်တော့ ကျွန်တော်ဟာ စိတ်အတော် သက်သာ ရာရသွားတယ်ခင်ဗျ။"

"ရှောင်ကြဉ်ရမယ့် အချက်ဆိုတာကဘာလဲ- ဒီဟာက သေသေချာချာ မသိရရင်အခက်သားကလားခင်ဗျာ၊ တန်ဆောင်မုန်း လပြည့်ကျော် (၈)ရက်နေ့မှာ ကျွန်တော်ဘာကို သတိထားပြီး နေရ မှာလဲ ဘာကို ရှောင်ကြဉ်ရမှာလဲ၊ ဆရာမကြီးရဲ့"

"အဲဒီလို မေးလိုက်တော့ သူလဲ အတော်စိတ်ရှုပ်သွားတဲ့ လက္ခဏာနဲ့ ကျွန်တော့လက်ကို တစ်ခါဖြန့်ပြီး စိုက်ကြည့်နေလိုက်တာ ကျွန်တော့ စိတ်ထင် ၅ မိနစ်လောက် ကြာလိမ့်မလား မပြောတတ်ဘူး နဖူးမှာ ချွေးတွေစို့လာတာတောင် မြင်ရတယ်၊ ဒီအထိ အာရုံစိုက်ပြီး သူ့ပညာစွမ်းကို အားထုတ်နေတာနဲ့ တူပါတယ်ခင်ဗျာ၊ ပြီးတော့မှ "အင်မတန် အင်အားကြီးမားတဲ့ တန်ခိုးတစ်ခုဟာ အဲဒီနေ့မှာ ရှင့်ကို အုပ်စိုးနေတယ် အဲဒါဟာ ရှင့်ရဲ့ရန်သူပဲ ... နေပါအုံး ကျွန်မမြင်ရ သလောက် ပြောရမယ်ဆိုရင် ပြောင်းတံလိုလို အခေါင်းပေါက်နဲ့ အရာဝတ္ထုတစ်ခုပဲရှင့်၊ အင်းဟုတ်တယ် နို့ပေမဲ့ဘာရယ်လို့တော့ ကျွန်မ အတိအကျ မပြောနိုင်ဘူး၊ ပြောင်းလိုလို ဝိုင်းဝိုင်းအခေါင်းပေါက်နဲ့ ဝတ္ထုပစ္စည်းများ ရှင် နေ့တိုင်း လုပ်နေတဲ့အလုပ်မှာ ရှိသလား"

Future Time Idea Group

"မရှိပါဘူးခင်ဗျား ကျွန်တော်က ငွေစာရင်းဘက်က ရုံးအုပ်စာရေးကြီးအလုပ်လုပ်တာပဲ ဂဏန်းတွက်ရတယ် အမှုတွဲတွေ ထိန်းရတယ် ခင်ဗျားပြောတဲ့ ခေါင်းပေါက်လိုလို ပြောင်းတံလိုလိုဆိုတာနဲ့ ဘာမှ မပတ်သက်ပါဘူး"

"အေးလေ၊ မပတ်သက်ရင်လဲပြီးတာပေါ့ နို့ပေမဲ့ ကျွန်မမြင်သမျှတော့ ဒါပါပဲ အဲဒီနေ့မှာသာ သတိဝီရိယထားနေရုံပေါ့"

"စကားလက်စလဲ ဖြတ်လိုက်ရော ကျွန်တော်လဲ အပြင်ကို ချက်ချင်းထွက်လာခဲ့တာပဲ... အပြင်ဘက်ရောက်မှ အဲဒီငြီးစီစီအနံ့ကြီးဟာလဲ ပျောက်သွားတော့တယ်။"

"ဒီနောက် ကျွန်တော်တို့ နှစ်ယောက်ထွက်လာခဲ့ပြီး မြင်းလှည်းကလေးရတာနဲ့ ဘူတာရုံကို တစ်ခါတည်း တန်းလာခဲ့ကြပါတယ်ခင်ဗျာ"

"ဒီနောက် ကျွန်တော်နဲ့ ခင်ဒေါင်းနွယ်တို့လဲ တဖြည်းဖြည်း တစ်ယောက်နဲ့တစ်ယောက် သဘောချင်းမတိုက်ဆိုင်တာ သိလာပြီး ကွဲကြပါတယ် ခင်ဗျာ၊ လက္ခဏာ ဆရာဟောလိုက်တဲ့အတိုင်း နောင်တစ်နှစ်လောက်အကြာမှာ သဘော်စာရေး တစ်ယောက်နဲ့ အကြောင်းပါသွားတယ်၊ ကျွန်တော်တော့ ဒီအတိုင်းပဲ အိမ်ထောင်မပြုဘဲ နေခဲ့တယ် ...

"ဒါနဲ့ ကျွန်တော်လဲ အဲဒီနေ့ကစပြီးသူဟောလိုက်တာ သတိရတိုင်း စိတ်မချမ်းသာဖြစ်မိတယ်ခင်ဗျာ၊ ဗေဒင်ကို အယုံအကြည်မရှိဘူးဆိုပေမယ့် သူဒီလိုပြောလိုက်တာ စိတ်ထဲမှာ အစွဲတစ်ခုဖြစ်ပြီး ငါမေ့လို့ပဲ လက္ခဏာကြည့်မိတယ်၊ မကြည့်ဘဲနေရရင် တော်လေသားလို့ အောက်မေ့မိတယ်၊ နို့ပေမဲ့ လွန်ပြီးကိစ္စကို မတတ်နိုင်တော့ဘူး၊ နို့ပေမဲ့ အခုတော့ ဖြစ်ပြီးပါပြီလေ ကြောက်စရာမရှိတော့ပါဘူး၊ ကျွန်တော့်





အသက်ကိုလဲ စိုးရိမ်ဖို့ မလိုတော့ပါဘူး"

သူစိမ်းဖြစ်သူ မောင်ဘစိုးသည် ဦးဘိုးတုံး၏ နားနားသို့ ကပ်ကာ ရင်းနှီးစွာ ပြောလိုက်ဘိသကဲ့သို့ ပြောလိုက်၏။ သို့သော် သူ၏ ပြူးကြောင်သော မျက်လုံးများတွင် ကြောက်ရွံ့လျက်ရှိသော အသွင်အပြင်ကား လျော့ပါးသွားဟန်မရှိသေးချေ၊ ထို့နောက် ဆက်လက်၍ ပြောပြန်လေသည်။

"အဲဒီတော့ ကျွန်တော့်အဖြစ်ကို စဉ်းစားပဲကြည့်ပါတော့ခင်ဗျာ၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့ဆိုတာရယ်၊ ပြောင်းတံလိုလို ဝိုင်းဝိုင်းအခေါင်းပေါက်နဲ့ ကိရိယာတစ်ခုကိုလဲ သတိပြုရမယ်ဆိုတဲ့ စကားတွေကို အစဉ်အမြဲ သတိရနေတယ် ... ပြောင်းတံလိုလို အခေါင်းပေါက်နဲ့ လက်နက်ဆိုတော့ သေနတ်ပြောင်းကလွဲပြီး ဘာမှမရှိဘူး နို့ပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ တန်ဆောင်မုန်းလပြည့် လောက်ကျလာရင် ဘယ်မှမသွားဘဲ အိမ်ထဲမှာ ကုပ်နေတော့တာပဲ၊ အနည်းဆုံး ခွင့် ၃–၄ရက်တော့ ယူတယ်၊ တစ်ခါတလေလဲ တစ်ပတ်လောက် ခွင့်ယူပြီး အိမ်ထဲမှာချည်း ကုပ်နေမိတယ်၊ ဒီဟာတောင် ကိုယ့်စိတ်ကိုယ် မလုံနိုင်ဘူးခင်ဗျ– ဟိုနေရာက ချွတ်ခနဲကြား ထကြည့် ဒီနေရာက ချွတ်ခနဲကြား ထကြည့်မိတယ်ခင်ဗျာ– သေနတ်နဲ့ တိတ်တိတ်ပုန်းချောင်းပစ်တဲ့ အမှုတွေ သတင်းစာတွေထဲမှာ ဖတ်ဖူးလေတော့ ဒီဟာတွေပဲ တွေးပြီး နေမိတယ်။ ဇူလိုင်လ (၁၉)ရက်နေ့မှာ ဗိုလ်ချုပ်နဲ့ ဝန်ကြီးတွေကို အတင်းတရကြမ်းဝင်ပြီးပစ်လို့ မရှုမလှ ကျဆုံးရတဲ့ ကိစ္စကြီးပြန်ပြီး သတိရမိတယ်၊ မမျှော်လင့်ဘဲ ဖြစ်ရတဲ့ သေနတ်ပစ်မှုတွေ အများကြီးပါ ခင်ဗျာ ဒီဟာတွေပဲ တစိမ့်စိမ့်တွေးနေမိတယ် ...

ဒီလိုနဲ့ တစ်နေ့လုံးအချိန်ကုန်ခဲ့ပြီး ညတိုင်း အိပ်လို့တောင်

မပျော်ဘူး– နောက်လပြည့်ကျော် (၉)ရက်နေ့ မိုးလင်းလာမှပဲ စိတ်နှလုံး ကို ဒုန်းဒုန်းချလိုက်မိတော့တယ်၊ ဒီလောက်တောင် စိတ်ဒုက္ခရောက်ရ ပါတယ်ခင်ဗျာ– ဖြုန်းခနဲ သေသွားတာ မကြောက်လှပါဘူး၊ လူဆိုတာ သေရမှာချည်းပါပဲ၊ နို့ပေမဲ့ သေမင်းက ရက်ချိန်းပေးပြီး ကိုယ့်ဆီလာ နေတာကိုတော့ မကြောက်ဘဲ မနေနိုင်ဘူးခင်ဗျ ... အဲဒီ တန်ဆောင်မုန်း လပြည့်ကျော် (၈)ရက်နေ့ ရောက်လာပြီလားဆိုရင် အသက်အန္တရာယ်ဟာ တောင်ကလာနိုးနိုး မြောက်ကလာနိုးနိုး ဟိုနေရာက လာနိုးနိုး ဒီနေရာက လာနိုးနိုးနဲ့ တခြားလူအနေနဲ့ ကြည့်ရင် ကျွန်တော်ဟာ အရူးတစ်ယောက်ပါပဲခင်ဗျာ ...

ဒါကြောင့် အဲဒီနေ့ မတိုင်ခင် တစ်နည်းနည်းနဲ့ ကြံဖန်ပြီး အလုပ်က အခွင့်ယူ အိမ်မှာနေလို့ မလုံခြုံဘူးထင်တဲ့အခါမှာ လုံခြုံမယ်ထင်တဲ့ နေရာသွားပြီး နေရတော့တာပါပဲခင်ဗျာ၊ တစ်ခါတလေလဲ ငါဟာ ဘာမဟုတ်တဲ့ နတ်ကတော် နတ်ရူးတစ်ယောက်က ပြောလိုက်တဲ့စကား အဟုတ်ကြီးမှတ်နေမိတာ ငါအသုံးမကျလို့ပဲလို့ ကိုယ့်ကိုယ်ကို အပြစ်တင်မိပါတယ်။

၃ နှစ်လောက်ကြာသွားတော့ ကြောက်စိတ်နည်းနည်း ပြေသွားပြီး အစွဲ အလမ်းတွေဟာ လျော့ပါးသွားတယ် ... ဒါနဲ့ တစ်နေ့ အိမ်ရှေ့ပြတင်းပေါက်ထွက်ပြီး မှန်ကလေးတစ်ချပ်နဲ့ မုတ်ဆိတ်ရိတ်နေတုန်း လက်စွဲဓား ဖတ်လိုက်တဲ့အတိုင်း ကျွန်တော်ရဲ့ သေမင်းကို သွားမြင်မိတာကို ခင်ဗျ– လက်စသတ်တော့ ကျွန်တော်ရဲ့ သေမင်းဟာ ကျွန်တော်နဲ့ မဝေးလှဘူး၊ ကျွန်တော်တို့အိမ်နဲ့ ကပ်နေတဲ့ စက်ရုံကြီးက ခေါင်းတိုင်ကြီးဟာ ကျွန် တော်နေတဲ့အိမ်ဘက်ကို ယိုင်ပြီး အပေါ်က မိုးနေလိုက်တာ နေ့ပြိုမလား ညပြိုမလား မသိဘူး၊ ဒါဟာ ဧကန္တ





ကျွန်တော်ရဲ့ သေမင်းပဲလို့ တွေးမိတာကိုခင်ဗျာ၊ ဒီဟာကြီးရဲ့ အန္တရာယ်ကိုလဲ တန်ဆောင်မုန်းလပြည့် ကျော် (၈)ရက်နေ့ဆိုရင် ရှောင်မှဖြစ်မယ်၊ ဒါကြောင့် ကျွန်တော်ဖြင့် တန်ဆောင်မုန်းလပြည့် ရုံးပိတ်ရက်လောက်ကစပြီး အနည်းဆုံး ၁၀ ရက် ၁၂ ရက်လောက်တော့ အခွင့်ယူလိုက်တာပဲ၊ မတတ်သာလို့ ရိုးရိုးခွင့်မရရင် တစ်နည်းနည်းနဲ့ အကြောင်းပြပြီး လစာမဲ့ခွင့်ဖြစ်ဖြစ် ယူလိုက်တယ်၊ ကိစ္စက သေရေးရှင်ရေးဆိုတော့ လုပ်ရတော့တာပဲ ခင်ဗျ ..."

သူစိမ်း မောင်ဘစိုးသည် ဦးဘိုးတုံးအား မိမိစကားကို ထောက်ခံစေလိုသည့် သဘောဖြင့် ကြည့်လိုက်၏။ သို့သော် ဦးဘိုးတုံးသည် တစ်စုံတစ်ရာ ထောက်ခံခြင်းမပြုဘဲ မောင်ဘစိုး၏ မျက်နှာကိုသာ စိုက်၍ ကြည့်ရှုလျက်ရှိလေသည်။ ဆီးနှင်းများလည်း ကျလျက်ပင် ရှိသေး၏။

ကိုဘစိုးက ဆက်လက်၍ ...

"ကျွန်တော်ဟာ အရင်က ဒီလောက် အစွဲလမ်းကြီးတဲ့ လူတစ်ယောက်မဟုတ်ပါဘူးခင်ဗျာ– နို့ပေမဲ့ အဲဒီလို ကျွန်တော့အသက်နဲ့ ပတ်သက်လို့ ဟောလိုက်တဲ့နေ့ကစပြီး ဘယ်လောက်ပဲ အမှတ်မဲ့နေတယ်ဆိုဆို တန်ဆောင်မုန်းလဆန်းလာရင်ပဲ ဒီဟာကို သတိရလာပြီး အိမ်မှာ မနေချင်တော့ဘဲ ထွက်ပြေးချင်တဲ့စိတ်တွေ ပေါ်လာတော့တာပဲ ခင်ဗျ ... ဒါနဲ့ တစ်နေ့တော့ စိတ်ကူးပေါက်ပြီး ကျွန်တော်သွား ချင်တဲ့ နေရာ ကျွန်တော် သွားချင်တဲ့အချိန် သွားရအောင် မော်တော်ကား တစ်ပတ်ရစ်ကလေးတစ်ခု ဝယ်လိုက်တယ်၊ အဖိုးလဲ သိပ်မများလှပါဘူး၊ ငွေပေးတဲ့နေရာမှာလဲ လွယ်ကူအောင် လစဉ်အရစ်ကျနဲ့ ပေးရပါတယ် ... အဲဒီ ကားကလေးရကတည်းက တန်ဆောင်မုန်း

လပြည့်ကျော် (၁)ရက်၊ (၂)ရက်ကျရင်ပဲ ကျွန်တော်ရဲ့ပစ္စည်းကလေးတွေ ရှိစုမဲ့စုယူ စားရေရိက္ခာကလေး ဘာကလေး လုံလောက်အောင်တင်ပြီး ခရီးထွက်တော့တာပါပဲခင်ဗျာ ...

"အဲဒီလိုကားကလေးနဲ့ ခရီးထွက်တာ ဒီတစ်ခါတော့ ပြည်ဘက်ကို မသွားဘဲ တောင်ငူဘက်ကို သွားဦးမှပဲဆိုပြီး ထွက်ခဲ့တာကိုခင်ဗျ– ကားနဲ့သွားတယ်ဆိုပေမယ့် ကျွန်တော်က မြို့ကြီးပြကြီးတွေမဝင်ဘူး အင်မတန် မလွှဲမကင်းသာမှ ဝင်တယ်၊ လူစည်ကားတဲ့နေရာတွေ တတ်နိုင်သမျှ ရှောင်ခဲ့တယ်၊ ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်းတွေ့လို့ စခန်းချချင် ချနေတာပဲ၊ ဒါနဲ့ အဲဒီအခါတုန်းကတန်ဆောင်မုန်းလပြည့်ကျော် ၄–ရက်နေ့ကတည်းက အိမ်က ထွက်လာပြီး ထောက်ကြန့်မှာ တစ်ညအိပ်၊ ပဲခူးနားက ရွှေလှေမှာ တစ်ညအိပ်၊ ညောင်လေးပင်တစ်ညအိပ်၊ ပြွန်တန်ဆာမှာ တစ်ညအိပ်ပြီး လပြည့်ကျော် (၇)ရက်နေ့ညနေမှာ ထွက်လာခဲ့တာ ကညွတ်ကွင်းကို ည ၁၀ နာရီကျော်ကျော်လောက်မှ ရောက်လာတယ်၊ ဆောင်းဦးပေါက်လဲဖြစ်ပြန် ရွာကလေးကလဲငယ်ပြန်ဆိုတော့ တစ်ရွာလုံး တိတ်ဆိတ်နေတာပဲ၊ ဘူတာရုံဘက်မှာသာ မီးမြင်တာနဲ့ လာခဲ့တော့ ဘူတာရုံကထမင်းဆိုင်ကလေး မပိတ်သေးဘူး၊ ဒါနဲ့ ထမင်းစား ကညွတ်ကွင်းမှာအိပ်ချင်တဲ့ စိတ်မရှိလေတော့ ဖြူးရောက်အောင်ပဲ မောင်းမယ်ဆိုပြီးလာခဲ့တာကိုခင်ဗျ၊ ကျွန်တော်က ပေတစ်ရာလမ်းကြီးအတိုင်း မလာဘဲကြိုးဝိုင်းနားကပ်ပြီး ဖောက်ထားတဲ့ လမ်းကလေးက မောင်းလာတယ်ခင်ဗျ၊ ဒီလမ်းကလေးဟာ "ဇဟား" ရွာကဖြတ်ပြီး ဖြူးအရှေ့ဘက်က မြို့ထဲကို တစ်ခါတည်းဖြတ်ဝင်နိုင်တယ်၊ ဖြူးမှာ စစ်မဖြစ်ခင် ၄–၅နှစ်လောက်က ကျွန်တော်နေခဲ့ဖူးလို့ သိတယ်၊ အဲဒီလမ်း





ကလေးအတိုင်း မောင်းလာခဲ့တာ၊ တစ်မိုင်လောက် ရှိသေး၊ အင်ဂျင်ဒုက္ခပေးတာပါပဲခင်ဗျာ၊ နို့ပေမဲ့ ကိုယ်သွားချင်တဲ့နေရာ ရောက်ချင်တဲ့ဇောနဲ့ ပြင်လိုက်တာ ၂ နာရီထိုးပြီးလောက်မှ ကောင်းသွားတော့တယ်၊ အတော်အေးလာတဲ့ရာသီမှာ ချွေးဒီးဒီးကျအောင် ပြင်ရတာပါပဲ။ ဒါပေမဲ့ မောရကောင်းမှန်း မသိဘူးခင်ဗျ၊ ဒါနဲ့ ကြိုးဝိုင်းဘေးကလမ်းကလေးအတိုင်း မောင်းသွားလိုက်တာ ၁ နာရီ ကျော်ကျော်လောက် မောင်းမိတော့ လမ်းကလေးဟာ အရင်ကအတိုင်း မဟုတ်တော့ဘဲ တဖြည်းဖြည်း ကျဉ်းမြောင်းလာတယ်၊ ချိုင့်တွေ ဖုန်တွင်းတွေလဲ အရင်ကထက် ပိုများလာတာတွေ့ရတယ်၊ ဒီတော့မှာငါလက်ယာဘက်ကို မလိုက်မိဘဲ ရွာနားကပ်နေတဲ့ လက်ဝဲဘက်လမ်းလိုက်မိတာ လမ်းများ မှားသလားဆိုပြီး သံသယဖြစ်မိတယ်။ နို့ပေမဲ့ခရီးက အတော်လွန်လာပြီ။ လမ်းကလဲ အင်မတန်ကျဉ်းဆိုတော့နောက်ပြန်လို့ မဖြစ်တော့ဘူး၊ ဒါနဲ့ ဇွတ်မှိတ်ပြီး လမ်းကြမ်းလျက်သားနဲ့ ရှေ့ကို တိုးမောင်း လာတာ ၂ ဖာလုံလောက်ရောက်တော့လမ်းဟာ ကျွန်တော့်ကားကလေး တစ်စီး မောင်းရရုံလောက်ပဲရှိတော့တယ်၊ မှောင်လိုက်တာ ပိန်းလို့ နှင်းတွေကလဲကျလိုက်တာမပြောနဲ့တော့ ချမ်းလိုက်တာလဲ လွန်ပါရော၊ အင်း၊ ငါ့တော့မှားပြီ။ကိုယ့်အိမ်ကိုယ့်ရာမှာ စိတ်အေးလက်အေး နေနိုင်လျက်သားနဲ့ဘာမဟုတ်တဲ့ စုန်းရူး နတ်ရူး မှော်ရူး မိန်းမတစ်ယောက်ရဲ့ စကားကိုယုံကြည်ပြီး ထွက်လာခဲ့တာ ငါလောက်မိုက်တဲ့လူ ဘယ်မှာရှိမလဲလို့တွေးမိပါတယ်ခင်ဗျာ ...."

"မိုးသောက်ဘက်နီးလေလေ နှင်းတွေကလဲ ကျလာလေလေ ... နှင်းပိတ်ပြီး လမ်းစကိုလဲ မမြင်ရတော့ဘူး၊ လက်ဝဲဘက်က

နည်းနည်း တောရှင်းပြီး ချုံပုတ်တွေမြင်ရတယ်ခင်ဗျ၊ လက်ယာဘက်မှာတော့ ကြိုးဝိုင်းတောအုပ်ကြီးပဲရှိတယ်... ဒါနဲ့ ဟယ် ... ခုမှဖြင့် မထူးတော့ပါဘူး၊ ငါလဲပင်ပန်းလှပြီ တစ်မေးမှလဲ မအိပ်ရသေးဘူး၊ ရောက်တဲ့နေရာ တစ်မေးလောက်ပဲ မှေးရမှေးရဆိုပြီး စက်ကို တစ်ခါတည်း ရပ်ပစ်လိုက်တယ်၊ ရှေ့ကိုဆက်ပြီး မမောင်းနိုင်မယ့်အတူတူ ဒီနေရာမှာပဲ စခန်း ချတော့မယ်ဆိုပြီး စိတ်ကို သန္နိဋ္ဌာန်ချလိုက်တယ်၊ ဒီနောက် ကားပေါ်တက်၊ အပေါ်ကုတ်အင်္ကျီထပ်ဝတ် ပုလင်းထဲက "ရမ်" ကလေး တစ်ကျိုက်လောက်မော့ သက္ကလတ်စောင်ကြီးခြုံပြီး ကားနောက်ပိုင်းမှာ အသာကလေးလှဲနေလိုက်တယ်ခင်ဗျ၊ ချမ်းလိုက်တာလဲ ခိုက်ခိုက်တုန်နေတာပဲ ..."

"စောင်နဲ့ကွေးပြီး မျက်စိကို မှေးလိုက်ရုံရှိသေး အင်း ... ငါသေရမယ့်ရက် တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့တော့ မိုးလင်းလာပြီဆိုတဲ့ဟာ သွားပြီး သတိရလိုက်မိတယ်၊ နို့ပေမဲ့ ဒီမိန်းမကြီးပြောလိုက်တာက ဒီနေ့မှာ အင်မတန် အင်အားကြီးမတဲ့ တန်ခိုးသတ္တိတစ်ခုဟာ ကိုယ့်အပေါ်မှာ အုပ်စိုးနေလိမ့်မယ်၊ အင်မတန် ဆိတ်ငြိမ်တဲ့နေရာမှာ သေခြင်းတရားကို တွေ့ရလိမ့်မယ်လို့သာ ပြောလိုက်တာ၊ ငါသေလိမ့်မယ်လို့ တိတိကျကျ ပြောတာမဟုတ်ဘူး၊ အဲဒါကို ရှောင်ကြဉ်ဖို့ သတိထားဖို့သာ ပြောလိုက်တာပဲ၊ ပြီးတော့ ဆိတ်ငြိမ်တဲ့ နေရာဆိုတာလဲ ဒီနေရာထက် ဆိတ်ငြိမ်တဲ့နေရာတွေ အများကြီးရှိတယ်လို့ ကိုယ့်ကိုယ်ကို ကိုယ်အားပေးရတာကိုခင်ဗျ ... ဒီလို စိတ်ကို တင်းပေမယ့် အချိန်ကလဲ မနက် ၃ နာရီ၊ ၄ နာရီရောက်နေတဲ့ နေရာကလဲ သစ်တောကြိုးဝိုင်းကြီးနားမှာ လူစလူနလဲမတွေ့ ရွာကလဲ အဝေးကြီးဆိုတော့ ငြိမ်လိုက်တဲ့ အမျိုးဆိုတာလဲ သစ်ရွက်တစ်ရွက် လေတိုက်သံတောင်





မကြားဘူး ဒီတော့ အတော်ပဲ စိတ်အားငယ်မိပါတယ်ခင်ဗျာ ... အိမ်ပေါ်ကို ပြိုကျမတတ် မိုးနေတဲ့ စက်ခေါင်းတိုင်ကြီး ကြောက်တာနဲ့ ထွက်ပြေးလာခဲ့တာ၊ အခုတောကြီးထဲမှာမှ ဒုက္ခများ ရောက်မှာလားလို့ ကြံပြီး တွေးမိပြန်ပါတယ် ...။"

"ပြီးတော့ အဲဒီအချိန်မှာ ကျွန်တော်တစ်ခု စဉ်းစားမိတာက ဒီနေရာဟာ ဆိတ်ငြိမ်ပြီးနေပေမယ့် ကျွန်တော်ထင်တဲ့အတိုင်း သက်ရှိသတ္တဝါကင်းမဲ့တဲ့ နေရာမဟုတ်ဘူး။ အနီးပတ်ဝန်းကျင်မှာ သက်ရှိသတ္တဝါ တစ်ကောင်ကောင် ရှိနေသလိုလို ဘာလိုလို ကိုယ့်လိပ်ပြာကိုယ် မလုံဖြစ်မိတယ်ခင်ဗျ၊ နတ်များနှိုးဆော်သလားတော့ မပြောတတ်ဘူး။ နာရီကြည့်လိုက်တော့ ၃ နာရီ၊ ၃၅မိနစ်ပဲ ရှိသေးတယ်၊ လကလေးကလဲ ဝင်လုဝင်ခင် ရွှေဝါရောင်တောက်ပြီး ချုံတွေနောက်ကို တဖြည်းဖြည်းဝင်နေတယ်။ စိတ်ချမ်းသာတဲ့ လူတွေအတွက်တော့ လွမ်းဆွတ်ကြည်နူးစရာကောင်းတဲ့ အချိန်ကလေးလို့လဲ ခေါ်နိုင်တာပဲခင်ဗျ ...။"

"အဲဒီလိုနေတုံး ဗြုန်းခနဲ ကျွန်တော်ရဲ့ ရှေ့လက်ဝဲဖက် ချုံပုတ်ခပ်မြင့်မြင့်ဆီက "ဂေါ်း" ခနဲ အော်လိုက်တဲ့ အသံတစ်သံကြားလိုက်ရတာကိုခင်ဗျ ... အို ကျွန်တော့ရိုးတွင်းချဉ်ဆီထဲ စိမ့်ဝင်သွားသလို အောက်မေ့လိုက်ရတယ်၊ လူပဲလား တောရိုင်းတိရစ္ဆာန် တစ်ကောင်ကောင်ရဲ့ အသံပဲလား မပြောတတ်ပါဘူးခင်ဗျာ၊ ကြက်သီးမွေးညင်းတွေထပြီး ကျွန်တော့ခေါင်းဟာ ပုတ်လောက်ကြီးသွားတယ်၊ ထင်ရတယ် ...။"

"အို ... ဒီနေရာမှာ လူတော့ မဟုတ်နိုင်ပါဘူး။ တိရစ္ဆာန်တစ်ကောင်ပဲဖြစ်ရမယ်၊ ကြိုးဝိုင်းဆိုတော့ ခွေးအတို့ ကျားသစ်တို့ ရှိတာပေါ့

လို့ ကိုယ့်ကိုယ်ကို အားပေးသလို စိတ်ထဲက ရေရွတ်လိုက်မိတယ်၊ နို့ပေမဲ့ အသံတစ်သံက "ဒါပဲ … ဒါပဲ … ဒါဟာ နင့်သေမင်းပဲ၊ နင်ပြေးလို့ မလွတ်ဘူး" လို့ ပြောနေသလိုပဲ၊ ကျွန်တော့်တစ်ကိုယ်လုံးဟာ တဆတ်ဆတ်တုန်ပြီး နဖူးက ချွေးတွေလဲ ရွှဲနေတာပဲ၊ အပေါက်ကနေပြီး အသံကြားတဲ့ဘက်ကို ကြည့်ဖို့တောင် ခွက်တစ်ဆယ်လေးကို မ, ရသလို အတော်အားယူပြီးကြည့်ရတယ်၊ ကြည့်တော့ ဘာမှ မမြင်ပါဘူး ခင်ဗျာ၊ အဝါရင့်ရောင်သန်းနေတဲ့ အလင်းရောင် ခပ်မှုန်မှုန်ကို နောက်ခံထားပြီး ပေါ်နေတဲ့ ချုံပုတ်ကြီးပဲ မြင်ရတယ်။ ဒါနဲ့ ကေန္တလူတော့ မဟုတ်ဘူး၊ လရောင်ကို ကြည့်ပြီး ခွေးအများဟာ အူတတ်သတဲ့၊ ဩော် တစ်ခုလဲရှိသေးတယ်၊ အရူးများဟာ ဒီလို လရောင်ကို မြင်ရတဲ့အခါ အရူးထတတ်တယ်ဆိုပဲ၊ နို့ပေမဲ့ ရွာက ဝေးလို့ အရူးလဲ မဟုတ်နိုင်ပါဘူးလို့ တစ်ခါစဉ်းစားမိပြန်တယ်၊ အသံကတော့ အင်မတန်ကြောက်စရာကောင်းတဲ့ အသံမျိုးလို့ ထင်လိုက်တာပဲခင်ဗျ…။"

"ဒီအချိန် လရောင်ကလေးကလဲဝင်းလာ နှင်းကလေးကလဲ အတော်ကွဲသွားတော့ ရှေ့သွားရမယ့်လမ်းကလေးကို နည်းနည်းမြင်ရလာတယ်ခင်ဗျ … ဒါနဲ့ ကျွန်တော်လဲ ဒီနေရာမှာ နေရတာတော့ ကားမောင်းပြီး သွားနေတာက တော်လိမ့်ဦးမယ်ဆိုပြီး ကားကို ကပျာကယာ စက်နှိုးထွက်ပါလေရောခင်ဗျာ၊ အဲဒီလိုလဲ ထွက်ရော ချုံပုတ်နောက်က လူတစ်ယောက်ရဲ့အရိပ်ဟာ မားခနဲထလာပြီး ဒီလူဟာ ချုံထဲက လမ်းပေါ်ပြေးထွက်လာတာ မြင်ရတာကိုခင်ဗျ၊ လက်တစ်ဖက်ကို မြှောက်ပြီး ကျွန်တော့်ကို ဘာပြောမှန်းမသိဘူး။ ပြောလိုက်တယ်၊ ဘောင်းဘီတိုနဲ့ ဂျာကင်အင်္ကျီအညိုရောင်နဲ့ အဝတ်အစားက





ခပ်စုတ်စုတ်ပါပဲ … ဒါပေမဲ့ သူ့လက်ထဲမှာ သေနတ်ကြီးနဲ့ခင်ဗျ သေနတ်က ကျွန်တော့်ဘက်ကိုတော့ ချိန်မထားပါဘူး။ နို့ပေမဲ့ ဘယ်အခါမဆို ချိန်နိုင်တာကို ဒီတော့မှ ကျွန်တော့်စိတ်ထဲ လက္ခဏာ ဆရာမကြီးဟောလိုက်တဲ့ "ပြောင်းလိုလို ဝိုင်းဝိုင်း အခေါင်းပေါက်နဲ့ လက်နက်" ဆိုတာ ဒါပါကလား၊ ဒီကနေ့ဟာလဲ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက် နေရာကလဲ အင်မတန် ဆိတ်ငြိမ်တဲ့နေရာ … ဟုတ်ပီ … ဟုတ်ပီ … သူဟာငါ့သေမင်းပဲ … လက်စသတ်တော့ သေခြင်းနဲ့ ရင်ဆိုင်တွေ့လိမ့်မယ်ဆိုတာ ဒီဟာပဲကို၊ ကိုင်း–ဒီတော့ သူ့မပစ်ခင် ငါကလက်ဦးအောင် ကြိတ်လိုက်မှပဲဆိုပြီး ဂီယာကို ဆောင့်နင်းလိုက်တော့ ကားဟာ အရှိန်နဲ့ တိုးသွားလိုက်တာ ဒီလူလဲ ကားလက်ဝဲဘက် ဘီးအောက်ဝင်သွားပြီး "အင့်" ခနဲ တစ်ချက်တည်း အော်လိုက်တဲ့ အသံကလွဲလို့ ကျွန်တော်လဲ မွှန်ထူသွားပြီး ဘာသံမှ မကြားရတော့ပါဘူးခင်ဗျာ …။

"ရှေ့ကိုက် ၅၀ လောက်မှာ လမ်းကလေးဟာ တစ်ဖက်ကို တစ်ပေလောက်စောင်းပြီး ကျဉ်းလိုက်တာကလဲ ကျွန်တော် ကားဘီးလွတ်ရုံကလေးပဲရှိတယ်၊ တစ်ဘက်တစ်ချက်မှာလဲ ၁၀ ပေလောက်နက်တဲ့ ချောက်ကြီးခင်ဗျ၊ ထိုဘက်ရောက်မှ ကျွန်တော် သတိပြုမိတယ်၊ ဒီလောက်လမ်းကျဉ်းကလေးကို ကားဘာမှမဖြစ်ဘဲ ဖြတ်လာနိုင်တာ ကျွန်တော်ဖြင့် အံ့ဩလို့ မဆုံးဘူး၊ ကြောက်စိတ်က တိုက်တွန်းနေတော့ ရှေ့မှာရှိတဲ့ အန္တရာယ်ကို မမြင်နိုင်ဘူးပေါ့ခင်ဗျာ၊ မျက်စိမှိတ်ပြီး ဆင်ကန်းတောတိုး ဖွတ်မောင်းခဲ့တာပဲ …။

အလင်းရောင်ကလေးကလဲ ပေါ်လာပြီး၊ နည်းနည်း ခေါင်းအေးသွားတော့မှ ကျွန်တော်စဉ်းစားမိတယ်၊ ဒီလူဟာ ငါနဲ့ ညိုးသူ

ရန်ဘက်လဲမဟုတ်၊ သူ့ကိုလဲ ငါက ဘာမှမလုပ်ဘဲနဲ့ လက်တစ်ဖက်ကို သူမြှောက်ပြီးအော်လိုက်တာဟာ ရှေ့မှာ ကားသွားလို့မရဘူး၊ လမ်းပျက်နေတယ်ဆိုတဲ့အကြောင်း ငါ့ကို သတိပေးမလို့ ထွက်လာတာများလား၊ ငါလဲ သေနတ်ပြောင်းကို မြင်ရုံနဲ့ အကြောက်ကြီးပြီး ဘာမှမဆင်ခြင်ဘဲ တရကြမ်းကားနဲ့ တိုက်ပြီးသတ်ခဲ့တာ ငါမှားပြီ၊ ဒီလူဟာ လူဆိုးသူဆိုးတွေပစ်ဖို့ပဲ ချောင်းနေသလား။ ဒါမှမဟုတ်ရင်လဲ တောကောင် တစ်ကောင်ကောင် ပစ်ဖို့ ချောင်းနေသလား မပြောတတ်ဘူး၊ အကျိုးအကြောင်းသိရအောင်ဆိုပြီး ကျွန်တော် နောက်လှည့်ပြန်ဦးမယ် စိတ်ကူးမိသေးတယ်ခင်ဗျ. ...”

“နို့ပေမဲ့ နောက်ကျနေရောပေါ့၊ ပြီးတော့လဲ ငါဟာ ကြောက်ကြောက် ရွံ့ရွံ့နဲ့ ကိုယ့်အသက်ကို ကာကွယ်ဖို့ ဒီလိုလုပ်မိပါတယ် ပြောရင်လဲ၊ ဘယ်သူကမှ ယုံမှာမဟုတ်ဘူး၊ ဘယ်တရားသူကြီးကမှ ကင်းလွတ်ချက်ပေးနိုင်မှာ မဟုတ်ဘူး ... ဟယ် သူ့ထိုက်နဲ့ သူ့က နေပေစေတော့ဆိုပြီး နောက်ကိုတောင် လှည့်မကြည့်တော့ဘဲ၊ တစ်ခါတည်း သုတ်ခြေတင်ပြီး တွင်တွင်ကြီးမောင်းလာခဲ့တာကိုခင်ဗျ၊ ဒီနောက် မိုးလင်းလာပြီး ကျွန်တော့်လက်ယာဘက် တစ်မိုင်ကွာလောက်မှာ ရွာကလေးတစ်ရွာမြင်ရတယ်၊ လက်ယာဘက် ရှန်းရှန်းရှေ့တည့်တည့် ၂ မိုင်ကွာလောက်မှာ သစ်ပင်အုပ်ကြီးတွေနဲ့ မှိုင်းမှိုင်းကြီး မြင်ရတော့မှ ကျွန်တော်ဟာ လမ်းမှန်ရောက်လာပြီး ညို့ညို့မှိုင်းမှိုင်း မြင်ရတာဟာ “ဖြူး” မြို့ဖြစ်တဲ့အကြောင်း သိရတယ်၊ ဖြူးကို ခဏဝင်ဖို့ ညကကြံရွယ်ထားပေမယ့် မဝင်တော့ပါဘူး၊ မီးရထားခုံးကျော်ကလေးဖြတ်၊ ပြည်ရန်ကုန်လမ်းမကြီးပေါ်တက်၊ ဒီအတိုင်းမောင်းခဲ့တာ တောင်ငူကို ၉ နာရီခွဲလောက် ရောက်လာတာပါပဲ ...





“တောင်ငူရောက်တော့မှ ရွှေဆံတော်ဘုရားကြီး ပထမဝင်ဖူးပြီး ကိုယ့်စိတ်ကိုယ်ငြိမ်အောင် မနည်းထိန်းပြီးတဲ့နောက်မှ အုတ်ကြွပ်တန်းမှာရှိတဲ့ သူငယ်ချင်းတစ်ယောက်အိမ်သွားတည်းရတယ်၊ အဲဒီအိမ်မှာ တစ်နေ့လုံး တစ်ညလုံး စိတ်ချလက်ချ အိပ်လိုက်တာ နောက်တနေ့ တန်ဆောင်မုန်းလဆန်း (၉)ရက်နေ့ မနက်မိုးလင်းခါမှ “ဟင်း” ခနဲ သက်ပြင်းတစ်ချက် ချလိုက်မိပါတယ်ခင်ဗျာ၊ အင်း ငါတော့ ပြောင်းဝကလဲ လွတ်လာပြီ၊ လူသတ်မှုကလဲ လွတ်လာပြီ၊ ဘယ်သူမှ ငါ့ကားနဲ့ တိုက်သတ်တာ မြင်တာလဲ မဟုတ်ဘူး၊ ငါ့နောက်ကိုလဲ ဘယ်သူမှ ခြေရာခံလိုက်နိုင်မှာ မဟုတ်ဘူးဆိုပြီး ဒီအခါမှ စိတ်နှလုံးကို ဒုန်းဒုန်း ချလိုက်ရတာကိုခင်ဗျ ... ထူးဆန်းတာက ဒီမိန်းမကြီးဟောလိုက်တာ မမှန်ဘူးလဲမဆိုနိုင်ဘူး၊ အင်မတန်ဆိတ်ငြိမ်တဲ့နေရာမှာ သေခြင်းတရားနဲ့ ရင်ဆိုင်တွေ့လိမ့်မယ်ဆိုတာ သူဟောတဲ့ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက် ဆိုတာလဲ ကိုက်နေတာပဲ၊ ပြောင်းတံလိုလိုအခေါင်းပေါက်နဲ့ ဝိုင်းဝိုင်းလက်နက်တစ်ခုဆိုတာလဲ ဟိုလူ့လက်ထဲမှာ ကိုင်လာတဲ့ သေနတ်ကို ဆိုလိုတာပဲ။ တစ်ခု သူဟောလိုက်တာကလဲ၊ ကံကြမ္မာဆိုတာ ဘယ်လိုပဲ ကိုယ့်ဆီကိုလာနေပစေ ကာကွယ်ဖို့ လွတ်မြောက်ဖို့ အခွင့်အရေးတစ်ခုခုတော့ ရှိတာပဲ ဆိုတဲ့ အဓိပ္ပာယ် ပါတယ်ခင်ဗျ၊ အခု ကိစ္စမှာကြည့်ပါလား၊ ကျွန်တော် ကာကွယ်လိုက်လို့ ကျွန်တော့်အသက် လွတ်မြောက်ပြီး သူသေသွားရတယ်၊ လုပ်ရတော့တာပဲခင်ဗျ။ ကိုယ့်အသက်ထက် သူများအသက်တော့ ပိုပြီး မခင်နိုင်တော့ဘူး ...။”

“တစ်ခုဝမ်းနည်းစရာကောင်းတာက လပြည့်ကျော် ၁၀ ရက်နေ့ ရန်ကုန်ပြန်ရောက်လို့ နောက်တစ်နေ့ သတင်းစာတွေထဲမှာ မြင်ရ

တော့မှသာပြီး စိတ်မကောင်းဖြစ်မိတာကိုခင်ဗျ ... သူငယ်က ညောင်ပင်သာရွာက သူငယ်ဆိုပဲ၊ အဲဒီနေ့ညက ကြိုးဝိုင်းစပ်မှာ ကျားသစ်တစ်ကောင်ဟာ သောင်းကျန်းပြီး ရွာထဲလာ ကြက်တွေဆွဲ၊ ဘဲတွေဆွဲ၊ ဆွဲလေတော့ ဒီကျားသစ်ကို ပစ်ရအောင် ချောင်းနေတဲ့ သူငယ်ဆိုပဲ၊ သနားစရာ ကောင်းလိုက်လေခင်ဗျာ ကျွန်တော်ရဲ့ အစွဲအလမ်းကြောင့် ခများသက်သက်မယ့် သေသွားရရှာတယ် ...”

“ဒီကတည်းကစပြီး ကျွန်တော်လဲ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်း လပြည့်ကျော်(၈)ရက်နေ့ကျရင် သူ့သင်္ချိုင်းကလေးရှိတဲ့ နေရာ ရောက်အောင်လာပြီး သူ့သင်္ချိုင်းမြေပုံပေါ်မှာ ပန်းခွေ တစ်ခွေဖြစ်ဖြစ် မတတ်သာတဲ့အဆုံး ပန်းပွင့်ကလေး တစ်ပွင့်ဖြစ်ဖြစ် လာပြီးချထားတယ်ခင်ဗျ၊ ဒါဟာ ကျွန်တော်ရဲ့ နှစ်စဉ် နှစ်တိုင်း ပြုလုပ်တဲ့ နိစ္စဓူဝ အလုပ်ကြီးပဲ... ခများ ကျွန်တော့်ရဲ့ဒဏ်ကို ဝင်ပြီးခံသွားရှာတာကိုခင်ဗျ”

“ပုလိပ်ကို တိုင်ချင်လဲ တိုင်ပါတော့ခင်ဗျာ၊ ဒီဟာ ကျွန်တော့အဖြစ်အပျက်ပါပဲ”

“မတိုင်ပါဘူး ... ကျုပ်က ဘာဖြစ်လို့ တိုင်ရမှာလဲ”

ဦးဘိုးတုံးသည် နေရာမှ အတန်ငယ်ထ၍ သွားကာ ပိုက်လုံးဟောင်းများ စုပုံထားသည့် အပုံထဲမှာ တစ်တောင်သာသာခန့်ရှိ ပိုက်လုံး တစ်လုံးကို ဆွဲယူလိုက်လေသည်။

ထို့နောက် ကျားနာတစ်ကောင်ကဲ့သို့ မောင်ဘစိုးအား ခုန်၍ အုပ်ပြီးလျှင် ဦးခေါင်းကို ပိုက်လုံးဖြင့် တစ်ချက်တည်း တအားရိုက်ချလိုက်ရာ၊ သေဘေးကို ပြေး၍ မလွတ်ရှာသော မောင်ဘစိုးသည် သင်္ချိုင်းမြေပုံပေါ်သို့ ကန့်လန့်ဖြတ် လဲကျသွားရှာလေ၏။





“ငါ့သား သတ်တဲ့အကောင်၊ အခုမှပဲ လက်စားချေရတော့တယ်ကွယ်” ဟု ရေရွတ်ကာ ဦးဘိုးတုံးသည် ဘူတာရုံဘက်သို့ ထွက်သွားလေသည်။

ဒဂုန်ရွှေမျှား

# အရှုပ်အထွေး

အောက်တွင် ရေးသားအံ့သော အဖြစ်အပျက်ကလေးနှင့် တွေ့ကြုံစဉ်က ကျွန်တော်သည် ရန်ကုန်မန္တလေးသွား "စီလုံ" (Ceylon) ခေါ် ရက်မှန်သင်္ဘောတွင် ဒုတိယမာလိန်အဖြစ် လုပ်ကိုင်လျက်ရှိ၏။

ပထမဦးစွာ ကျွန်တော်၏အကြောင်းကို အနည်းငယ်မျှ ရေးသား ဖော်ပြရန်လိုပေရာ ကျွန်တော်၏ အမည်မှာ မစ္စတာဘာတင် ဟုခေါ်၏။ ထို့ကြောင့်ပင် မြန်မာမိတ်ဆွေက ဘာတင်၏အစား "ဘတင်" ဟု ပြောင်းကာ ဦးဘတင်ဟု ကင်ပွန်းတပ်ကြလေသည်၊ ဤကဲ့သို့ ခေါ်ဝေါ်သည်ကိုပင် ကျွန်တော်မှာ အလွန် ကျေနပ်မိတော့၏။ ကျွန်တော်၏ဖခင်မှာ အင်္ဂလိပ်ကပြား၊ မိခင်မှာ ရှမ်းလူမျိုးဖြစ်၍ ငယ်စဉ်ကပင် ဖခင်ဘက်ထက် မိခင်ဘက်သို့ အယူဝါဒအားဖြင့် လည်းကောင်း၊ စိတ်နေသဘောထားအားဖြင့်လည်းကောင်း လိုက်





တတ်သူဖြစ်၏။ ဖခင်ဖြစ်သူမှာ မဒရပ်မြို့ ဘီဘီလိုင်း သင်္ဘော ကုမ္ပဏီတွင် အရာရှိကြီးတစ်ဦးဖြစ်၍ ထိုမြို့တွင် ကျွန်တော်ငယ်စဉ်က ၆နှစ်မျှ ပညာသင်ကြားခဲ့ရပြီးနောက် ကျွန်တော်၏ ဖခင်မှာ ကာလ ကတ္တားသို့ ပြောင်းရွှေ့လာခဲ့ရလေရာ ကျွန်တော်လည်း ကာလကတ္တား၌ လန်ဒန်မက်ထရစ်စာမေးပွဲ အောင်သည်အထိ ဆက်လက်သင်ကြား ခဲ့ရလေသည်။ ထိုအခါ ကျွန်တော်၏ ဖခင်ကြီးသည် သူနှင့် ပိုမိုနီးစပ် စေလိုသော ရည်ရွယ်ချက်ဖြင့် ကျွန်တော့်အား ရေကြောင်းဘက်ဆိုင်ရာ တက္ကသိုလ်တွင် ဆက်လက်သင်ကြားစေ၏။

ထိုတက္ကသိုလ်မှ ရေကြောင်းဘက်ဆိုင်ရာ စာမေးပွဲကို ဒုတိယ အဆင့်အောင်မြင်ပြီးနောက် နောက်တစ်နှစ်မျှသာ ဆက်လက်သင်ကြား ရန်လိုသောအချိန်တွင် ကျွန်တော့် ဖခင်ကြီးမှာ ရုတ်တရက် ကွယ်လွန် အနိစ္စ ရောက်သွားလေ၏။ သို့နှင့် ကျွန်တော်တို့ သားအမိမှာ ဖခင် ကြီး၏ ရသင့်ရထိုက်သော အသက်ပေါ်ငွေများ၊ ကုမ္ပဏီမှ ရရန်ရှိ သော အိုနာစာ ရန်ပုံငွေများ၊ စုငွေများ စသည်တို့ကို ထုတ်ယူပြီးနောက် မြန်မာပြည်သို့ ဝမ်းနည်းပက်လက် ပြန်ခဲ့ကြရ၏။ မြန်မာပြည်သို့ ရောက်သောအခါ မိခင်ကြီးမှာ သူ၏ညီမတစ်ဝမ်းကွဲ တော်စပ်သူနှင့် ဆွေမျိုးညာတိများရှိရာ မန္တလေးမြို့တွင် အခြေတကျနေထိုင်ခဲ့၏။ ကျွန်တော့်မှာမူ ရန်ကုန်ရေဝန်ရုံးတွင်ရှိသော ကျွန်တော့်ဖခင်၏ မိတ်ဆွေ ဒုတိယမန်နေဂျာ၏ ထောက်ခံချက်အရ ဘီအိုစီပိုင် ရေနံသင်္ဘော တစ်စီး တွင် တတိယမာလိန်အလုပ်ကို ရရှိခဲ့ပြီးနောက် ၂နှစ်မျှကြာသောအခါ ရာထူးတိုးတက်ပြီးလျှင် ဒုတိယမာလိန်ရာထူးကို ရရှိခဲ့၏။ ထိုသင်္ဘော တွင် ၃နှစ်မျှ အမှုထမ်းပြီးနောက် ဧရာဝတီ သင်္ဘောကုမ္ပဏီသို့ ပြောင်းရွှေ့ခဲ့ရလေရာ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း

"စီလုံ" ခေါ် ရက်မှန်သင်္ဘောတွင် ဒုတိယမာလိန်အဖြစ် လိုက်ပါခဲ့ရလေသည်။

ထိုအခါက ရက်မှန်သင်္ဘောကြီးများမှာ ရန်ကုန်နှင့် မန္တလေးကြားတွင် အနည်းဆုံး ၆ ညဥ့်၊ ၇ ညဥ့်မျှ ညအိပ်၍ လမ်းတွင်ရှိသော ဆိပ်ကမ်းမြို့များမှ ကုန်များကို တင်ဆောင်ခြင်း၊ အထက်မြို့များမှ အောက်မြို့များသို့ အခြားသင်္ဘောများအတွက်ပါ ထင်းများကို သယ်ဆောင်ခြင်းစသော အလုပ်များကို လုပ်လေ့ရှိ၏။ ရက်မှန်သင်္ဘောများမှာ အထူးသဖြင့် ထင်းများကို နံဘေးမှ သမ္ဗန်ကြီးနှစ်စင်းတွဲပြီးလျှင် သယ်ဆောင်လေ့ရှိကြ၏။ ကုန်တင်ခန္ဓန်းများမှာလည်း စာပို့သင်္ဘောများထက် နည်းသောကြောင့် အရင်မလိုသောကုန်များကို ရက်မှန်သင်္ဘောများဖြင့် တင်ပို့လေ့ရှိကြ၏။ တစ်ခါတစ်ရံ ပထမတန်းခရီးသည်တစ်ယောက် နှစ်ယောက်သာ ပါတတ်၍ အလွန်ဆိတ်ငြိမ်စွာ ခရီးသွားလိုသူများသာ ရက်မှန်သင်္ဘောဖြင့် စီးနင်းလိုက်ပါတတ်လေသည်။

ကျွန်တော်လိုက်ပါရသော စီလုံသင်္ဘော၌ ကပ္ပိတန်မှာ အင်္ဂလိပ်လူမျိုး "မစ္စတာစမစ်" ဆိုသူဖြစ်၏။ အသက် ၅၀ ကျော်ကျော်မျှ ရှိပြီးလျှင် အလွန်သဘောကောင်းသော လူအေးလူရိုးတစ်ယောက်ဖြစ်၏။ ပထမမာလိန်မှာ "မက်ဂျွန်ဆင်"ဆိုသူဖြစ်၍ အသက်၄၀ ခန့်ရှိသော စကော့လူမျိုးတစ်ယောက်ဖြစ်၏။ အရပ်ထောင်ထောင်မောင်းမောင်းရှိပြီးလျှင် စိတ်အနည်းငယ် ခက်ထန်သော်လည်း အလွန်ရိုးသားသောသူတစ်ယောက်ဖြစ်၏။ ကျွန်တော်၏အောက် တတိယမာလိန် မစ္စတာရောဘတ်မှာ ကျွန်တော်ကဲ့သို့ပင် ကပြားတစ်ယောက်ဖြစ်၍ ကျွန်တော့်ထက် အသက်ငယ်ပြီးလျှင် အသက်၂၅နှစ်မျှသာ ရှိသေး၏။ ကျွန်တော့်

Future Time Idea Group



အား အလွန်ခင်မင်ပြီးလျှင် အားကစားသမားတစ်ယောက်လည်းဖြစ်သည့်အတိုင်း အလွန်သွက်လက်ဖျက်လတ်သော အမူအရာရှိလေသည်။

ထိုအခေါက် အစုန်ခရီး၌ ကျွန်တော်တို့သည် မြင်းခြံ၊ ညောင်ဦး၊ ပုဂံ၊ ချောက်၊ စလေ၊ ဆင်ဖြူကျွန်း၊ မကွေး၊ မင်းဘူးမြို့များတွင် အနည်းနှင့်အများ ကုန်တင်ကုန်ချများရှိခဲ့၍ ပြည်မြို့မှတစ်ဖန် အောက်သို့စုန်ဆင်းလာရာတွင် ညောင်တုန်းနှင့် မအူပင်၌သာ ကုန်များအတင်အချများ၍ အခြားမြို့များတွင် တစ်နာရီစီသာ အချိန်ပေး၍ ဆိုက်ကပ်ခဲ့၏။ သို့နှင့် ဇရက်မြောက်သောနေ့ ညနေစောင်း ၅ နာရီခန့်အချိန်တွင် ရန်ကုန်သို့ ဆိုက်ရောက်ခဲ့၍ မော်တင်ဆိပ်ခံတံတားတွင် ဆိုက်ကပ်ရ၏။ ထိုအခေါက်၌ ရန်ကုန်ဆိပ်ကမ်းတွင် ချရန်ကုန်စည်များ အများဆုံးဖြစ်သည့်ပြင် အထက်အညာသို့ တင်ပို့ရန်ကုန်များလည်း အများအပြားရှိနေသဖြင့် အနည်းဆုံး သုံးညဥ့်မျှ အိပ်ရမည်ဖြစ်၏။ ပထမဆိုက်ရောက်သောနေ့မှာမူ နေဝင်လုနီးပြီဖြစ်၍ ကုန်တင် ကုန်ချ မပြုလုပ်နိုင်ချေ။

သင်္ဘောဆိုက်ကပ်ပြီးနောက် တစ်နာရီခန့်အကြာ၌ ကျွန်တော်တို့ သင်္ဘောတွင် အစုန်ခေါက်အတွက် ရရှိသောငွေနှင့် သက်ဆိုင်ရာစာရင်းအင်းများကို မြို့ခံကိုယ်စားလှယ်အား ပေးအပ်ပြီးနောက် ကျွန်တော်တို့မှာ ထိုနေ့အဖို့ အလုပ်ဝတ္တရားမှ လွတ်လပ်ပြီဖြစ်၍ ကျွန်တော်နှင့် ရောဘတ်တို့သည် ကုန်းပေါ်သို့ တက်ခဲ့ကြ၏။

ကျွန်တော်နှင့်ရောဘတ်တို့မှာ ရန်ကုန်အစားအသောက်များနှင့် ကင်းကွာနေခဲ့သည်မှာ နှစ်ပတ်ကျော်ကျော်မျှ ကြာရှိခဲ့ပြီဖြစ်၍ အနောက်ပိုင်းရှိ တရုတ်ဟိုတယ်တစ်ခုတွင် ညစာစားသောက်ကြ၏။ ထို့နောက်

Future Time Idea Group

ဆူးလေဘုရားအနီးတစ်ဝိုက် ဖရေဇာလမ်းသို့ တစ်နာရီခန့် လျှောက်၍ လည်ပတ်ကြပြီးနောက် ပြန်ခဲ့ကြရာ သဘော်သို့ ရောက်သောအခါ ၁၀နာရီ ကျော်ကျော်မျှပင် ရှိခဲ့လေပြီ။

ထိုညဉ့် ၁၁နာရီခွဲအချိန်လောက်၌ မစ္စတာရောဘတ်သည် ကျွန်တော်၏ ကိုယ်ကိုလှုပ်၍ နှိုးနေသဖြင့် အိပ်ရာမှ နိုးလာ၏။ ကျွန်တော်သည် အိပ်ရာပေါ်တွင် အိပ်မှုန်စုံမွှားဖြင့် ထ၍ထိုင်လိုက်ပြီးနောက်...

"ဘာလဲ ရောဘတ်...ဘာဖြစ်လို့လဲ"

"အပေါ်ထပ်က ဒုတိယခန်းထဲမှာ သူခိုးဝင်နေတယ်ထင်တယ်၊ အသံကြားတယ်ဗျ"

"ဟုတ်လား... ငါလိုက်မယ် နေဦး၊ အင်္ကျီဝတ်လိုက်ပါရစေဦး"

နောက် ၂မိနစ်၊ ၃မိနစ်ခန့်ကြာသောအခါ ကျွန်တော်တို့ နှစ်ယောက်လည်း ကုန်းပတ်မှ ဒုတိယအခန်းသို့ ဝင်သော လမ်းအတိုင်း လာခဲ့ကြပြီးလျှင် အထဲသို့ ရုတ်တရက်မဝင်သေးဘဲ အပြင်မှ နားထောင်လျက်ရှိကြလေ၏။ သို့ရှိစဉ် အခန်းထဲမှ အသံတစ်သံကို ကြားလိုက်ရသဖြင့် ရောဘတ်ထင်သည့်အတိုင်း အခန်းထဲ၌ တစ်စုံတစ်ယောက် ရှိနေမည်ဟု ထင်မိ၏။ ကျွန်တော်တို့ ကြားလိုက်ရသော အသံမှာ စားပွဲအံဆွဲတစ်ခုကို ဆွဲလိုက်သံနှင့် ပြန်ပိတ်သော အသံဖြစ်လေသည်။ သို့နှင့် ကျွန်တော်သည် စေ့ရုံသာစေ့၍ထားသော အပြင်တံခါးမှ ဝင်ခဲ့ပြီးလျှင် အတွင်းတံခါးဆီသို့လာခဲ့ရာ ရောဘတ်လည်း ကျွန်တော့်နောက်မှ ကပ်၍ ပါလာသည်။ မှောင်ထဲတွင် အတွင်းတံခါးမှ တံခါးရွက်ကို လက်ဖြင့် စမ်းသပ်ဖွင့်ပြီးနောက် အတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။ ထိုခဏ၌ တစ်စုံတစ်ရာ လေးလံသော အရာဝတ္ထုတစ်ခုသည် ကျွန်တော်၏လက်ဆီသို့ ထိမှန်ပြီးနောက် လက်ထဲမှ ဓာတ်မီး လွတ်ကျသွား၏။ ပစ်လိုက်သောအရာမှာ အလယ်စားပွဲပေါ်တွင် တင်ထားသည့် ပန်းများစိုက်သော ကြွေပန်းအိုးကလေး ဖြစ်ကြောင်း နောင်အခါမှ တွေ့ရှိ ရလေသည်။ ထိုအခါ၌ ကျွန်တော်တို့ နှစ်ယောက်မှာ ရှေ့သို့ မတိုးဝံ့ဘဲ မှောင်ကြီးမည်းမည်းထဲ၌ ရှိနေကြလေပြီ။

ကျွန်တော်သည် လက်ထဲမှ လွတ်ကျသွားသော ဓာတ်မီးကို စမ်းသပ်ရှာဖွေလျက်ရှိစဉ် အတော်အတန်လေးလံသော ကိုယ်ကြီးတစ်ခုသည် ကျွန်တော့်အား မျက်နှာချင်းဆိုင်ဘက်မှ တိုက်ခိုက်သဖြင့် ကျွန်တော့်လည်း နောက်သို့ ပက်လက်လန်၍ လဲကျသွားရာ ကျွန်တော့်နောက်မှာကပ်၍နေသော ရောဘတ်သည်လည်း နံဘေးသို့ စောင်းလဲသွားသဖြင့် သူ၏ကိုယ်ပေါ်သို့ ကျွန်တော် လက်ထောက်လိုက်မိသည်ကို သိလိုက်ရ၏။ ကျွန်တော်၏ ဦးခေါင်းမှာလည်း တံခါးတိုင် ရိုက်မိသဖြင့် တစ်ခဏမျှ မိုက်ခနဲပင်ဖြစ်၍ သွားလေသည်။ သို့သော် ရောဘတ်မှာ သတိကောင်းသော သူငယ်တစ်ယောက် ဖြစ်သဖြင့် ထိုမမြင်ရသော ကိုယ်ကြီးကိုပင် လက်နှစ်ဖက်ဖြင့် သိုင်း၍ ဖက်ရန်ကြိုးစား သေး၏။ သို့သော် ရန်သူသည် ရောဘတ်လက်ထဲမှ ကျင်လည်စွာ လျှောထွက်သွားပြီးလျှင် လှေကားပေါ်မှ အောက်ထပ်သို့ ဆင်းပြီးနောက် ပျောက်ကွယ်သွားလေ၏။

ကျွန်တော်တို့ ၂ယောက်စလုံးပင် နေရာမှ လူးလဲထ၍ ကျွန်တော်လည်း ဓာတ်မီးကို မှောင်ထဲတွင် စမ်းသပ်ရှာဖွေရာ လက်ယာဘက် လက်တစ်ကမ်းလောက်တွင် တစ်စုံတစ်ရာ မပျက်စီးဘဲ ပြန်၍ တွေ့ရ၏။ ထို့နောက် ကျွန်တော်တို့သည် အောက်ထပ်သို့ လျင်မြန်စွာ

Future Time Idea Group



Future Time Idea Group

ပြေးဆင်းခဲ့ကြပြီးလျှင် သင်္ဘောဦးပိုင်း ကပ္ပတိန်အခန်းရှိရာမှ သင်္ဘောပဲ့ပိုင်း သင်္ဘောသားများနေသော အခန်းအထိ အနှံ့အပြား လိုက်လံရှာဖွေကြသော်လည်း သူခိုးအား အစအနမျှ မတွေ့ရတော့ချေ။

ထိုအကြောင်းကို ကျွန်တော်တို့သည် ကပ္ပတိန်အား ပြောကြားရလေရာ နောက်တစ်နေ့နံနက်၌ ကပ္ပတိန်သည် အဖြစ်အပျက်ကို ဆိပ်ကမ်းဘက်ဆိုင်ရာ ရဲဌာနသို့ တိုင်ကြားရ၏။သို့နှင့် နံနက် ၁၀နာရီလောက်တွင် ဆိပ်ကမ်းဘက်ဆိုင်ရာ ရဲမှူးတစ်ယောက်၊ ရဲအုပ်တစ်ယောက်နှင့်ရဲသားနှစ်ယောက်တို့သည် ကျွန်တော်တို့ သင်္ဘောသို့ လာရောက်စစ်ဆေးရာ တတိယမာလိန်ရော်ဘတ်မှာ ပထမသက်သေအဖြစ်လည်းကောင်း၊ ကျွန်တော်က ဒုတိယသက်သေအဖြစ်ဖြင့် လည်းကောင်း အစစ်ခံရ၏။

ရဲအရာရှိများသည် သင်္ဘောအပေါ်ထပ်ရှိ ဒုတိယတန်းအခန်းများနှင့်တကွ အခြားနေရာများကိုပါလျှောက်၍ စစ်ဆေးကြည့်ရှု၏။ ဒုတိယအခန်းများမှာ ခရီးသည်များ တစ်ခါတစ်ရံပါရှိတတ်၍ သူခိုးသည် ထိုဒုတိယတန်းခရီးသည်များ၏ ပစ္စည်းများကို အလွယ်တကူခိုးယူရန် လာရောက်ခြင်းဖြစ်ဟန်တူကြောင်း၊ ဆိပ်ကမ်းစောင့်ရဲသားအား စစ်ဆေးကြည့်ရှုရာ၌ ယမန်နေ့ည မိမိတာဝန်ကျချိန်တွင် သင်္ဘောသို့ အဆင်းအတက် လုံးဝမရှိဟု ဆိုကြောင်း သိရှိကြရ၏။ သို့နှင့် ရဲမှူးက ပထမမာလိန်အား သင်္ဘောသားများကိုယ်တိုင် ယခင်ကထက် နိုးနိုးကြားကြားနေထိုင်ရန် နှိုးဆော်သင့်ကြောင်း၊ ရန်ကုန်အနောက်ပိုင်းမှာ အခြားရပ်ကွက်များထက် လူဆိုးများ ကျက်စားရာဌာနဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိ၏ထင်မြင်ချက်မှာ သူခိုးသည် လှေဖြင့် သင်္ဘောကို အခြားဘက်မှ ချဉ်းကပ်ကာ သင်္ဘောပေါ်သို့ တက်ရောက်





သည်ဟု ယူဆရန်မှတစ်ပါး အခြားနည်းလမ်း မရှိကြောင်းဖြင့် ပြောဆိုပြီးနောက် ရဲအရာရှိများ ပြန်သွားကြလေ၏။ သို့သော် ထိုအချိန်က ကျွန်တော်တို့သည် သင်္ဘောအောက်ထပ်သို့ ဆင်းနိုင်ခဲ့သည်မှာ ၂ မိနစ်ခန့်မျှကြာသဖြင့် အကယ်၍ သူခိုးသည် ကမ်းခြေဘက်မဟုတ်သော အခြားဘက်မှ လှေပေါ်သို့ ဆင်း၍ လွတ် မြောက်သွားလျှင်လည်း ကျွန်တော်တို့ မြင်လိုက်ရသည်သာ ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သူခိုးမှာ လွတ်မြောက်သွားပြီဖြစ်၍ ကျွန်တော်လည်း ထိုအချက်ကို နောက်ထပ် အငြင်းမပွားလိုတော့သဖြင့် ဆိတ်ဆိတ်သာ နေလိုက်၏။

ရော်ဘတ်ကမူ လူငယ်တစ်ယောက်ပီပီ မခံချင်စိတ်ရှိသဖြင့် "မဖြစ်နိုင်တာ အစ်ကိုရယ်...ကျွန်တော်တို့တတွေက အကန်းမှ မဟုတ်ဘဲ။ အောက်ဆင်းလာတော့ ချက်ချင်းလိုပဲ မြစ်ဘက်ကိုတောင် လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်သေးတယ်မဟုတ်လား"ဟု စောဒကတက်သဖြင့် ကျွန်တော်က "အေးပါကွယ်၊ သူတို့လဲ အစိုးရလခစားဆိုတော့ သူတို့ အပေါ်မှာ တာဝန်ကျေအောင် ပြီးတော့ ကာယကံရှင်လဲ နှစ်သိမ့်အောင် ပြောရတာပေါ့။ မင်းက နောက်ထပ် စကားမရှည်ချင်ပါနဲ့တော့ကွယ်၊ ပြီးတာပြီးပါစေတော့၊ သင်္ဘောကပစ္စည်းလဲ ဘာတစ်ခုမှ ပါတာမှမဟုတ်ဘဲ"ဟု ပြောထားရ၏။ သို့နှင့် သူခိုးတက်သောကိစ္စမှာ ဤမျှနှင့် ပြီးသွားလေသည်။

× × × × ×

နောက်တစ်နေ့ နံနက်၌ အောက်ပါအခြင်းအရာတစ်ခု ဖြစ်ပျက်လေသည်။

နံနက် ၁၀နာရီ မိနစ် ၂၀အချိန်၌ ကုန်သည် ဦးသာဝင်းဆိုသူသည် "တာတာ"ဘဏ်တိုက်မှ ငွေ၃၅၀ဝိ/- ထုတ်ယူပြီးနောက်

ကုန်သည်လမ်းဘက်မှ ထွက်ခဲ့ရာ လူတစ်ယောက်သည် မယောင်မလည် နောက်မှလိုက်လာပြီးနောက် ဦးသာဝင်းအနီးသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ဦးသာဝင်းလက်ထဲမှ သားရေအိတ်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီးလျှင် ကမ်းနားဘက်သို့ ပြေးသွားလေ၏။ ဦးသာဝင်းသည် စက္ကန့်အနည်းငယ်မျှ အံ့အားသင့်ကာ ကြက်သေသေ၍ နေပြီးနောက်–

"သူခိုး...သူခိုး ကျုပ်ငွေတွေလုသွားတယ်၊ လိုက်ကြပါဗျို့... လိုက်ကြပါ" ဟု ပါးစပ်မှ မပီတပီ ဟစ်အော်နိုင်လေသည်။

ထိုအခါမှ အနီးမှာရှိသောလူများသည် ဦးသာဝင်းလက်ညိုးညွှန်ပြသောနေရာသို့ လိုက်ကြရာ ပြေးသွားသော လူတစ်ယောက်၏ နောက်ကျောကိုသာ မြင်လိုက်ရတော့၏။ အဘယ်ကြောင့်ဆိုသော် ထိုသူသည် ဖြတ်လမ်း လမ်းကြားမှ ကမ်းနားလမ်းဘက်သို့ ကွေ့၍ ပြေးသွားသောကြောင့်ဖြစ်လေသည်။ ထိုအချိန်၌ ကမ်းနားလမ်းဘက်တွင် အလုပ်ဝတ္တရားကျနေသော ရဲသားကိုဖြူသီးဆိုသူသည် အချိန်စေ့၍ ဗန္ဓုလပန်းခြံဘက်သို့ ဆက်လက်စောင့်ရန် ထိုလမ်းကြားမှ ကွေ့၍ လာလေ၏။ သို့သော် အကွေ့သို့မရောက်မီ ၄–၅ပေလောက်တွင် ဘားလမ်းဘက်မှကွေ့၍ ပြေးလာသော လူတစ်ယောက်နှင့် ရင်ဆိုင်တိုက်မိလေသည်။

ပထမတွင် ၂ယောက်စလုံး အံ့အားသင့်လျက် ရှိနေကြပြီးနောက် သတိရကြသည်နှင့်တစ်ပြိုင်နက် ရဲသားသည် မိမိအား ဝင်တိုက်သူကို ဖမ်းဆီးရန် ကြိုးစားလေ၏။ သို့သော် ဝင်တိုက်သောသူမှာ ခွန်အားဗလနှင့်ပြည့်စုံသည့်ပြင် ဤအလုပ်မျိုးတွင် ကျင်လည်သူတစ်ယောက် ဖြစ်သည့်အတိုင်း ရဲသားအား တွန်းလှဲခဲ့ပြီးလျှင်





၎င်းလက်ထဲမှ ရုန်းထွက်ကာ ဆိုက်ကားများ လန်ချားများနှင့် တဝီဝီမောင်းနှင်လျက်ရှိသော မော်တော်ကားများကို ကျော်ဖြတ်ကာ လွတ်မြောက်သွားလေ၏။ အချိန်မှာ ရုံးချိန်ဖြစ်သဖြင့် အခင်းဖြစ်ပွားသော နေရာတစ်ဝိုက်မှာ ယာဉ်အမျိုးမျိုးနှင့်တကွ လူများပါ ရုတ်ရုတ်သဲသဲ စည်ကားနေသောအချိန် ဖြစ်လေသည်။ ဦးသာဝင်းက ဟစ်အော်သဖြင့် လိုက်လာကြသော လူ ၃၊ ၄ ယောက်တို့မှာ ရဲသားအား ဝိုင်း၍ ကြည့်ရှုမေးမြန်းနေသည့်အချိန်၌ပင် သူခိုးသည် ပြေးလွှားမောင်းနှင်လျက်ရှိသော ယာဉ်များကို ကွေ့ကောက်ဖြတ်ကျော်ကာ လမ်း၏ အခြားဘက်ရှိ လူအုပ်ကြီးနှင့် ရောနှောပြီးနောက် လွတ်မြောက်သွားခြင်း ဖြစ်လေသည်။

သို့သော် ရဲသားကိုဖြူသီးသည် သူခိုးနှင့် ထွေးလုံးရစ်ပတ် ဖြစ်ကာ ၎င်းအားဖမ်းဆီးရန်ကြိုးစားရာတွင် မျက်နှာကို အသေအချာ မမှတ်မိလိုက်သော်လည်း အသွင်အပြင်ဟန်ပန်ကိုမူ မှတ်မိလိုက်ကြောင်း၊ ထိုသူသည် စစ်တကောင်း ကုလားလူမျိုးတစ်ယောက်နှင့် ခပ်ဆင်ဆင်တူကြောင်း၊ ကိုယ်လုံးကိုယ်ဖန်ကောင်းပြီးလျှင် အထူးသဖြင့် ၎င်း၏ လက်ဝဲဘက် လက်မောင်းအတွင်းဘက်တွင် ဆေးအနီ အပြာဖြင့် "သဘော်ကျောက်ဆူးနှင့် သံကြိုးကို မြွေနှစ်ကောင် ရစ်ပတ်နေပုံ" အရုပ်ကို မင်ကြောင် ထိုးထားသည်ကို အသေအချာမြင်လိုက်ရကြောင်းဖြင့် ကျောက်တံတားဌာနတွင် တိုင်ချက်ပေးလေသည်။

အထက်ပါ သတင်းပါရှိသော "ရန်ကုန်ဂေဇက်" သတင်းစာကို နောက်တစ်နေ့တွင် ကျွန်တော်ဖတ်ရ၏။

× × × × ×

ထို့နေ့ နံနက် ရနာရီခွဲလောက်တွင် ကျွန်တော်သည် နံနက်ခင်း "ချိုတားဟာဇရီ" မနက်လက်ဖက်ရည် စားသောက်ပြီးနောက် အခန်းထဲ ၌ရှိစဉ် တစ်စုံတစ်ယောက်သည် အခန်းတံခါးကို ခေါက်နေသဖြင့် ကျွန်တော်က "ဝင်ခဲ့လေ"ဟုပြောလိုက်ရာ ယူနီဖောင်း အပြည့် အစုံဝတ်ထားသည့် ရဲအရာရှိ ၃ယောက်နှင့် နောက်မှ ရဲသားကလေး တစ်ယောက်ကို တွေ့မြင်ရလေသည်။ ၎င်းတို့အနက် ခေါင်းဆောင်ဖြစ်သူ ရဲမှူးက အင်္ဂလိပ်ဘာသာဖြင့် ...

"ဒုတိယမာလိန်မှူး မစ္စတာဘာတင် မှတ်တယ်"

"ဟုတ်ပါတယ်၊ ကျွန်တော် မစ္စတာဘာတင်ပါပဲ၊ ထိုင်ကြလေ ထိုင်ကြပါ၊ မနေ့က ကျွန်တော်တို့ သင်္ဘောက တိုင်ချက်ပေးထားတဲ့ ကိစ္စများလားခင်ဗျာ"

"ဟာ မဟုတ်ဘူး ဒီထက်ဆိုးသေးတယ်၊ ဒီနေ့ မနက် သတင်းစာများ မဖတ်ရသေးဘူးမှတ်တယ်"

"ဟုတ်ကဲ့ မဖတ်ရသေးပါဘူး၊ သင်္ဘောကို ဆင်းရောင်းတဲ့ ကုလားက နည်းနည်း နောက်ကျပါတယ်ခင်ဗျာ၊ ဒါထက် အခုလာတာက ဘယ်လိုကိစ္စမျိုးပါလဲ"

ထိုအခါ ရဲမှူးသည် သူ၏တပည့် ရဲသားကလေး လက်ထဲတွင် ခေါက်၍ ကိုင်ထားသော အင်္ဂလိပ်သတင်းစာတစ်စောင်ကို ယူပြီးလျှင် ကျွန်တော့်အား နေရာတစ်နေရာကို လက်ဖြင့်ထောက်ပြရာ ထိုသတင်းမှာ ယမန်နေ့နံနက်က "တာတာ"ဘဏ်မှ ငွေထုတ်သွားသော ကုန်သည်ကြီးတစ်ဦးထံမှ ငွေကိုလုသွားသည့် အထက်ပါသတင်းပင် ဖြစ်လေသည်။ ကျွန်တော်သည် သတင်းကို အကြမ်းဖျင်း တစ်ခေါက်ဖတ်လိုက် ပြီးနောက်...





"ဒါနဲ့ ဒီသတင်းနဲ့ အခုကျွန်တော်တို့ဆီလာတဲ့ကိစ္စနဲ့ ဘယ်လိုသက်ဆိုင်ပါသလဲ အင်စပိတ်တော်မင်း..."

"ဟာ သက်ဆိုင်တာပေါ့၊ သက်ဆိုင်လို့ ကျုပ်တို့လာရတာပေါ့ ဒီလိုဗျ။ အဲဒီ ငွေလုပြီး ထွက်ပြေးတဲ့အမှုမှာ တရားခံနဲ့ ပက်ပင်းဝင်တိုးမိတဲ့ ရဲသားတိုင်ချက်က ဒီလူဟာ စစ်တကောင်းကုလားဖြစ်ပြီး ခွန်အားဗလကောင်းတဲ့အကြောင်း၊ သူနဲ့ ထွေးလုံးနေစဉ်က တရားခံရဲ့ လက်ဝဲဘက်လက်မောင်းအတွင်းဘက်မှာ သင်္ဘောကျောက်ဆူးနဲ့ သံကြိုးကိုမြွေနှစ်ကောင်ပတ်နေတဲ့ပုံ ဆေးအနီအပြာနဲ့ မင်ကြောင်ထိုးထားတဲ့အကြောင်း အစစ်ခံတယ်ဗျ။ ဒီတော့ ကျုပ်တို့လဲ မနေ့က တစ်နေ့လုံး အရှေ့ပိုင်းမှာ အစုန်အဆန်သင်္ဘောကြီး သင်္ဘောကလေး မကျန် သင်္ဘောပေါ်မှာ အလုပ်လုပ်တဲ့ စစ်တကောင်းကုလားတွေ မှန်သမျှ ဒီအမှတ်အသားမျိုး တွေ့မလားလို့ လိုက်ရှာရတာပဲ၊ ကျွန်တော်က ကျောက်တံတားဌာနက ရဲမှူး ဦးစိန်ပွင့်ပါ၊ ဟောဒါက လမ်းမတော်ဌာနက ရဲအုပ်ကိုဘလွင်တဲ့၊ ဟိုဘက်က ထိုင်နေတာက ရေဂါတ်က အရံရဲအုပ် ကိုထွန်းမြင့်တဲ့..."

ကျောက်တံတားဌာနမှ ရဲမှူးဦးစိန်ပွင့်က ကျွန်တော့်အား သူနှင့်အတူပါလာသော ရဲအရာရှိများနှင့် မိတ်ဆက်ပေးပါသည်။ ကျွန်တော်ကလည်း ရဲအရာရှိများအား လက်ဖက်ရည်များ စီးကရက်များ တည်ခင်းကာ အိမ်ရှင်တို့ ဝတ္တရားအတိုင်း လောကဝတ်ကျေပြွန်စွာ ညှိခံပါသည်။ လက်ဖက်ရည်များ သောက်ပြီးနောက် ဦးစိန်ပွင့်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်ရင်း...

"ဒီတော့ ဒီအနောက်ပိုင်းမှာ ရက်မှန်သင်္ဘောကြီးထဲကဆိုရင် မရှာရသေးတာ ခင်ဗျားတို့ သင်္ဘောတစ်စင်းပဲ ကျန်တော့တယ်၊ ဒီတော့

ခင်ဗျာ့သင်္ဘောက ဆူကာနီဆလင်ကစပြီး အားလုံးထမင်းချက် တံမြက်သိမ်းမကျန် စစ်တကောင်းကုလား သင်္ဘောသားမှန်သမျှကို ကျုပ်တို့ ကြည့်ရှုခွင့် ပေးစေချင်တယ်၊ ဒါပါပဲ မစ္စတာဘာတင်"

"ကြည့်နိုင်ပါတယ်လေ၊ ပုလိပ်ရဲ့ အလုပ်ဝတ္တရားကို ကျွန်တော်တို့က ကူညီဖို့ အသင့်ပါပဲ၊ နို့ပေမဲ့ လက်မောင်းမှာ ဒီလိုအမှတ်အသားမျိုး ထိုးတယ်ဆိုတာကတော့ ဥရောပတိုက်သား မျက်နှာဖြူအစစ်တွေ ကျုပ်တို့လို အသားဖြူတဲ့ အင်္ဂလိပ် ကပြား သင်္ဘောသားတွေလောက်သာ အများအားဖြင့် ထိုးလေ့ထိုးထရှိကြတာ ကျွန်တော်တွေ့ဖူးတယ်၊ စစ်တကောင်းကုလားထဲကတော့ အေးလေ ရှိချင်လဲရှိမှာပဲ မပြောနိုင်ဘူး..."

"ခင်ဗျားပြောတာ ကျုပ်သဘောတူပါတယ်၊ နို့ပေမဲ့ တချို့စစ်တကောင်းကုလားတွေက အသားလတ်တယ်ဗျ၊ ပြီးတော့ သူတို့လဲ သင်္ဘောမှာ အလုပ်လုပ်နေတော့ သူတို့အထက်က မျက်နှာဖြူ သင်္ဘောသားတွေ သင်္ဘောအရာရှိတွေတုပြီး ထိုးချင်လဲ ထိုးကြတာပါပဲ မစ္စတာဘာတင်"

"ခင်ဗျားပြောတာလဲ ဟုတ်ပါလိမ့်မယ်၊ ကျွန်တော်တို့ သင်္ဘောက အကောင်တွေတော့ ကျွန်တော်ဂရုစိုက် မကြည့်မိဘူး၊ သူတို့နဲ့ စကားအပြောအဆို မရှိလှဘူး၊ ပြီးတော့ ဒီလူတွေက ကျွန်တော်နဲ့ မဆိုင်ဘူးခင်ဗျ၊ ကျွန်တော့်အောက် တတိယမာလိန်က အုပ်ချုပ်ရတယ်၊ ကောင်းပါပြီလေ သင်္ဘောပေါ်က လူအားလုံးကို တန်းစီပြပေးဖို့ တတိယမာလိန် မစ္စတာရောဘတ်ကို ပြောပေးပါ့မယ်၊ သူတို့ကို တစ်ယောက်စီ ကြည့်ရှုစစ်ဆေးဖို့ အခွင့်ကိုလဲ ကပ္ပတိန်ဆီကို ကျွန်တော်ကိုယ်တိုင် သွားတောင်း ပေးပါမယ်"





"ဒီလိုဆိုရင် ကျေးဇူးပါပဲ မစ္စတာဘာတင်၊ ခင်ဗျားက အခုလို ကူညီမယ်ဆိုရင် ကျုပ်တို့ကိစ္စ မြန်မြန်ပြီးမှာပါပဲ"

ထိုနောက် ကျွန်တော်သည် တတိယမာလိန် မစ္စတာရောဘတ်အားခေါ်စေပြီးလျှင် သင်္ဘောပေါ်ရှိ အလုပ်လုပ်သော သင်္ဘောသားအားလုံးကို ပုလိပ်အရာရှိများရှေ့တွင် စီတန်းပြနိုင်ရန် စီစဉ်ပေးပါမည့်အကြောင်း ပြောကြားလိုက်၏။ ထိုအချိန်မှာ အလုပ်ဝင်စအချိန်ဖြစ်သဖြင့် သင်္ဘောသားအားလုံး သင်္ဘောကုန်းပတ်ပေါ်တွင် တက်စုံလက်စုံရှိနေသောအချိန်ဖြစ်သဖြင့် မစ္စတာရောဘတ်လည်း ကျွန်တော်ပြောသည့်အတိုင်း စီစဉ်လျက်ရှိလေရာ ကျွန်တော်ကိုယ်တိုင်မှာမူ ကပ္ပတိန်မစ္စတာစမစ်ထံသို့ သွားရောက်ပြီးလျှင် အကျိုးအကြောင်းပြော၍ ပထမမာလိန်မှူးထံမှာလည်း သင်္ဘောသားများ အမည်စာရင်းကို တောင်းယူခဲ့လေသည်။

ကျွန်တော်ပြန်ရောက်လာသောအခါ သင်္ဘောသားများသည် ပဲ့ပိုင်းရှိ နေရာလွတ်တစ်ခုတွင် တတိယမာလိန် မစ္စတာရောဘတ်က အုပ်ချုပ်ကာ တန်းစီလျက် ရှိကြ၏။ ထိုအခါ ကျွန်တော်လည်း မာလိန်မှူးထံမှ ရရှိခဲ့သော သင်္ဘောသားစာရင်းကို မစ္စတာရောဘတ်လက်သို့ ပေးအပ်လိုက်လေသည်။ ထိုအခါ မစ္စတာရောဘတ်သည် စာရင်းစာအုပ်တွင် ပါရှိသည့်အတိုင်း သင်္ဘောသားများ၏ နာမည်ကို တစ်ယောက်စီ ခေါ်ပြီးလျှင် အစီအစဉ်အတိုင်း နေရာကိုယူစေ၏။ သင်္ဘောသားအားလုံးပင် စစ်တကောင်း ကုလားလူမျိုးများ ဖြစ်လေသည်။

ရဲမှူး ဦးစိန်ပွင့်သည် ပထမထိပ်ဆုံးတွင် ရပ်နေသော သင်္ဘောသား တစ်ယောက် နှစ်ယောက်ကို စ၍ ကြည့်ရှုလျက်ရှိရာ အခြား

အရာရှိ နှစ်ယောက်တို့မှာ အလယ်လောက်တွင် ရပ်လျက်ရှိကြ၏။ ထိုအချိန်၌ ရဲသားကလေးသည် နောက်ဆုံးလူသို့ မရောက်မီ ၃ယောက်ခြား၌ ရှိနေသော သင်္ဘောသားတစ်ယောက်၏ လက်မောင်းနှင့်မျက်နှာကို တစ်ချက် နှစ်ချက်မျှ လှမ်းကြည့်ပြီးနောက် "ရှာမနေနဲ့တော့ဆရာ ဒီမှာတွေ့ပြီ သူပဲ"ဟု ပြောလိုက်သဖြင့် ကျွန်တော်တို့ အားလုံးပင် အံ့အားသင့်လျက် ရှိကြကုန်၏။ ကျွန်တော်ကား အခြားသူများထက် ပို၍ အံ့သြမိတော့၏။ အဘယ်ကြောင့်ဆိုသော် ရဲသားကလေး ညွှန်ပြသော သင်္ဘောသားမှာ အခြားသူမဟုတ်၊ ကျွန်တော်တို့ သင်္ဘောတစ်စင်းလုံးကပင် အားကိုးအားထားပြုရသော ဆလင် "ဘာဆာမြား" ဖြစ်သောကြောင့်ပေတည်း။ ဘာဆာမြားကိုယ်တိုင်ကလည်း ကျီးကြည့်ကြောင်ကြည့် ဖြစ်ကာ ကျွန်တော်တို့ကဲ့သို့ပင် အံ့သြနေဟန် လက္ခဏာရှိလေသည်။

ရဲမှူး ဦးစိန်ပွင့်သည် ဘာဆာမြား၏ လက်မောင်းတွင်ရှိသော မင်ကြောင် အမှတ်အသားကို တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီးနောက် ၎င်း၏ လက်ကို ဆုပ်ကိုင်လိုက်ပြီးလျှင် "မင်းကို ငါဖမ်းတယ်၊ အမှုက ဘဏ်တိုက်ရှေ့မှာ ဦးသာဝင်းဆိုတဲ့လူဆီက ငွေကိုလုတဲ့အမှု" ဟု ကျွန်တော်တို့အားလုံးကြားအောင် ရေရွတ်လိုက်လေသည်။ ထို့နောက် ကျွန်တော်တို့ဘက်သို့ မျက်နှာလှည့်လိုက်လေသည်။

"ကဲ မစ္စတာရောဘတ်၊ ခင်ဗျားလူတွေကို ပြန်လွှတ်လိုက်နိုင်ပါပြီ၊ ဒီမယ် မစ္စတာဘာတင် ဒီလူဟာ ကျွန်တော်တို့ အလိုရှိနေတဲ့ လူပဲဗျ"

"ဟုတ်ပါ့မလား အင်စပိတ်တော်မင်း၊ ဒီလူဟာ ကျုပ်တို့ သင်္ဘောကဆလင်ဗျ၊ သူ့နာမည်က ဘာဆာမြားတဲ့၊ ကျုပ်တို့နဲ့





အလုပ်လုပ်လာတာ တစ်နှစ်ကျော် ကျော်ရှိပြီ၊ အကျင့်စာရိတ္တနဲ့ ပတ်သက်လို့ ဘာအပြစ်မှ မရှိခဲ့ဘူး၊ ပြီးတော့ မနေ့က တစ်နေ့လုံး ကျုပ်တို့ သင်္ဘောပဲ့ပိုင်းရေဆေးကြောနေလို့ သူ့တာဝန်အတိုင်း စောင့်ကြည့်နေရတယ်၊ ဒီတော့ ခင်ဗျားတို့ပြောတဲ့ အခင်းဖြစ်ပွားတဲ့အချိန်မှာ သူဒီမှာရှိနေတယ်ဆိုတာ ကျုပ်ကိုယ်တိုင် သိပါတယ်ဗျာ"

"ဒီဟာကတော့ ခင်ဗျားတို့လူဘက်က သက်သေပြဖို့ အလုပ်ပဲဗျ၊ ခင်ဗျားကိုယ်တိုင် သက်သေခံချင် ခံနိုင်ပါတယ်၊ ငွေလုသွားတဲ့ တရားခံဟာ သင်္ဘောသားတစ်ယောက်နဲ့ တူတယ်ဆိုတဲ့အချက်ရယ်၊ ပြီးတော့ သူ့ကို ဆီးဖမ်းတဲ့ရဲသားက သူ့ရဲ့လက်ဝဲဘက် လက်မောင်းအတွင်းဘက်မှာ သင်္ဘောကျောက်ဆူးကို မြွေနှစ်ကောင် လိမ်နေတဲ့ မင်ကြောင်ထိုးထားတယ်ဆိုတဲ့အချက်ရယ် အဲဒီအချက်နှစ်ချက်က ကောင်းကောင်းထင်ရှားနေလို့ ဖမ်းဖို့လုံလောက်နေပြီ မစ္စတာဘာတင်"

"ဒါပေမဲ့..."

သို့သော် ကျွန်တော်စကားဆုံးအောင် မပြောနိုင်မီပင် ရဲမှူး ဦးစိန်ပွင့်သည် ဘာဆာမြားအား သင်္ဘောကပ္ပတိန်ဆီသို့ ခေါ်သွားလေရာ ကျွန်တော်လည်း ၎င်းတို့နောက်မှ လိုက်ပါသွားရလေ၏။ ကပ္ပတိန်ဆီသို့ ရောက်သောအခါ ဦးစိန်ပွင့်လည်း ယမန်နေ့ကဘဏ်တိုက်ရှေ့တွင်ဖြစ်ပွားသော လုယက်မှု တရားခံအဖြစ်ဖြင့် ဘာဆာမြားအား ဖမ်းဆီးကြောင်း၊ ဤကဲ့သို့ သင်္ဘောပေါ်၌ အလုပ်လုပ်နေစဉ် ဖမ်းဆီးရသည့်အတွက် များစွာဝမ်းနည်းကြောင်း၊ သို့သော် ယင်းကဲ့သို့ ပြုလုပ်ရခြင်းမှာ မိမိတို့ အလုပ်ဝတ္တရားဖြစ်သည့်အတွက် မလွှဲမရှောင်သာ သဖြင့်သာ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အမှုကို ယနေ့ပင် ရုံးတော်သို့ တင်ပို့၍ မနက်ဖြန် နံနက် ၁၀နာရီအချိန်တွင် စစ်ဆေးကြားနာမည်

ဖြစ်ကြောင်း၊ ဤကဲ့သို့ အလျင်အမြန်စစ်ခြင်းမှာ သဘော်သား တစ်ယောက် ဖြစ်သဖြင့် သဘော်အသွားအလာကို မနှောင့်နှေးစေလိုသဖြင့် အထူးအခွင့်အရေးပေးခြင်းဖြစ်ကြောင်းဖြင့် ပြောဆိုပြီးလျှင် ကပ္ပတိန်အား နောက်ဆုံး အရိအသေပေးပြီးနောက် ဘာဆာမြားအား ခေါ်ဆောင်သွားလေတော့၏။

သို့နှင့် ကပ္ပတိန်နှင့်တကွ ကျွန်တော်တို့ အရာရှိပိုင်းသာမက သဘော်သားအားလုံးပါ ဘာဆာမြားအတွက် ဝမ်းနည်းပက်လက်ဖြစ်၍ ကျန်ရစ်ခဲ့ကြရလေသည်။

× × × × ×

နောက်တနေ့နံနက် ၁၀နာရီ၌ပင် အနောက်ပိုင်းတရားသူကြီးရုံး၌ ဘာဆာမြားအမှုကို စတင်စစ်ဆေးလေရာ ကျွန်တော်တို့ သဘော်မှ လူအတော်များများပင် သွား၍ရောက်နားထောင်ကြ၏။ ကျွန်တော်ကိုယ်တိုင်မှာ တရားခံဘက်မှ ခေါင်းဆောင်တစ်ယောက်ကဲ့သို့ ဖြစ်နေတော့၏။ ဘာဆာမြားကိုယ်တိုင်ကပင် ကျွန်တော့်အား နောက်တစ်နေ့နံနက်ရုံးချိန်မတိုင်မီ လာရောက်ပါမည့်အကြောင်း တောင်းပန်ပြောဆိုသွားရာ အမှုမှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ မိမိတို့လူဘက်မှ လူတစ်ယောက်အတွက် မားမားမတ်မတ်ရပ်ရန်နှင့် ကျွန်တော့်မှာ ဝတ္တရားရှိသည်ဟု ယူဆမိ၏။ သို့နှင့် ကျွန်တော်လည်း အမှုမခေါ်မီပင် ရုံးသို့ ရောက်ရှိခဲ့လေသည်။

၁၀နာရီခွဲခန့်တွင် ဘာဆာမြား၏အမှု စ၍ခေါ်ရာ ပထမ ဦးသာဝင်းကို စစ်ဆေး၏။ ဦးသာဝင်းမှာ လူကိုမမှတ်မိသဖြင့် ငွေအိတ်လုသွားကြောင်းသာ အစစ်ခံနိုင်၏။

ဒုတိယသက်သေအဖြစ် ရဲသားကိုဖြူသီးကို စစ်ဆေး၏။





ကိုဖြူသီးက မိမိသည် ကမ်းနားဘက်မှ ကုန်သည်လမ်းသို့သွားရန် ဘားလမ်းထောင့်မှ ချိုးဝင်မည်ပြုစဉ် လူတစ်ယောက်သည် မိမိအား မျက်နှာချင်းဆိုင် ဝင်၍တိုက်ကြောင်း၊ ၎င်းနောက်မှ ဟစ်အော်လိုက်လာသံများလည်း ကြားရသဖြင့် မသင်္ကာသောကြောင့် မိမိသည်၎င်းအား ဖမ်းဆီးရာ ထိုသူသည် မိမိလက်တွင်းမှ အတင်းရုန်းထွက်ကာ မိမိအား တအားတွန်း၍ ပစ်ပြီးနောက် ကမ်းနားလမ်းဘက်သို့ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ သို့သော် မိမိနှင့်ထွေးလုံးရစ်ပတ်ဖြစ်နေစဉ်အတွင်း ၎င်း၏ လက်ဝဲဘက်လက်မောင်းတွင် ထိုးထားသော သဘော်ကျောက်ဆူးနှင့်မြွေရုပ်ကို ကောင်းစွာ မြင်လိုက်ရကြောင်း အစစ်ခံ၏။

(ဤနေရာတွင် တရားသူကြီးက တရားခံ၏ လက်ဝဲဘက်လက်မောင်းမှအရုပ်ကို သက်သေ ကိုဖြူသီးအား ကြည့်စေရာ ကိုဖြူသီးက အမှန်ပင် ထိုအရုပ်ဖြစ်ကြောင်းဖြင့် အစစ်ခံ၏။)

တရားသူကြီးက သက်သေအား တရားခံ၏ မျက်နှာကို မှတ်မိပါသလောဟုမေးရာ သက်သေက ထိုမျက်နှာပင်ဖြစ်ကြောင်း၊ မျက်နှာထက် လက်မောင်းကအရုပ်ကို ပို၍မှတ်မိကြောင်းဖြင့် အစစ်ခံလေသည်။

ထို့နောက် ငွေလု၍ ထွက်ပြေးသည်ဟု ဦးသာဝင်း၏အော်သံကြောင့် သူခိုးနောက်သို့ လိုက်သော သူငယ်နှစ်ယောက်ကို စစ်ဆေး၏။ ၎င်းတို့ကမူ လူတစ်ယောက်ထွက်ပြေးသွားသည်ကို မြင်ကြောင်း၊ ထိုသူသည် ရဲသားတစ်ဦးနှင့် ရင်ဆိုင်တိုးမိ၍ ရဲသားကဖမ်းဆီးရန် ကြိုးစားစဉ် ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ မည်သူမျှ ဆက်၍ မလိုက်ကြောင်း၊ ၎င်းတို့မှာ နောက်မှနေ၍ လိုက်ရသဖြင့် တရားခံ၏ မျက်နှာကို မမြင်လိုက်ရကြောင်းဖြင့် ထွက်ဆို၏။

တရားလိုဘက်မှ သက်သေများအား စစ်ဆေးပြီးသောအခါ တရားခံကို စစ်ဆေး၏။ တရားခံဘာသာမြားက ထိုနေ့တစ်နေ့လုံး သင်္ဘောတွင် မိမိ အလုပ်ဝတ္တရားများကို ဆောင်ရွက်လျက်ရှိကြောင်း ကုန်းပေါ်သို့ တစ်မိနစ်မျှပင် မတက်ရောက်ဘဲ သင်္ဘောပဲ့ပိုင်း၌ သင်္ဘောသားများ ဆေးကြောသုတ်သင်နေသည်ကို မိမိက စောင့်ကြပ် ကြည့်ရှုနေရကြောင်း၊ သို့နှင့် မိမိမှာ ဒုတိယမာလိန်နှင့် တတိယမာလိန်တို့ မျက်စိအောက်တွင် ရှိနေကြောင်းဖြင့် အစစ်ခံ၏။ ထို့နောက် ကျွန်တော်နှင့် မစ္စတာရောဘတ်အား စစ်ဆေးလေသည်။

ကျွန်တော့်အား စစ်ဆေးသည့်တွင် ကျွန်တော်က ဘာသာမြားသည် ထိုနေ့က သင်္ဘောသားများ သင်္ဘောပိုင်းကို ဆေးကြောသုတ်သင်နေကြရာတွင် စောင့်ကြပ်ကြည့်ရှုနေသည်ကို ထိုနေ့က မြင်ရကြောင်း အချိန်မှာ ၁၀နာရီ၊ ၁၁နာရီခန့်ဖြစ်ကြောင်း၊ ၎င်းကိုသိသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ အလုပ်ကိုရိုးသားစွာလုပ်သူဖြစ်၍ မှတ်တမ်းအရ ၎င်းအပေါ်တွင် အလုပ်ဝတ္တရားအရလည်းကောင်း အကျင့်စာရိတ္တနှင့်ပတ်သက်၍လည်းကောင်း အမဲစက် တစ်စုံတစ်ရာ မရှိကြောင်း၊ ထိုနေ့က သူ့အား၂ကြိမ်၊ ၃ကြိမ်မျှ တွေ့မြင်မိကြောင်းဖြင့် ထွက်ဆို၏။

တတိယမာလိန် မစ္စတာရောဘတ်ကလည်း ကျွန်တော့်အား ထောက်ခံထွက်ဆိုသွားသည့်ပြင် ဆလင်ဘာသာမြားသည် ထိုနေ့ ထိုအချိန်က သူ၏ မျက်စိအောက်လိုလို၌ပင် ရှိနေကြောင်း၊ သင်္ဘောသားများကို မိမိအုပ်ချုပ်ရကြောင်း၊ မည်သည့်သင်္ဘောသားမဆို အလုပ်ဝတ္တရား၌ ရှိနေစဉ်သော်လည်းကောင်း၊ မရှိလျှင်သော်လည်း ကုန်းပေါ်သို့ တက်ရောက်လိုက မိမိအား ပထမပန်ကြားပြီးမှသာ သွားလာ





ခွင့် ရှိကြောင်း၊ ထိုနေ့က မည်သူတစ်ဦးတစ်ယောက်မျှ ခွင့်တိုင်ခြင်း မရှိကြောင်း စသည်ဖြင့် ထွက်ဆိုလေသည်။

တရားခံဘက်မှ နောက်ဆုံးပြသော သက်သေ ၂-ယောက်မှာ ထိုနေ့က ၎င်းနှင့်အတူ အလုပ်လုပ်နေသော သင်္ဘောသား ၂-ယောက် ဖြစ်၍ ၎င်းတို့ကလည်း တရားခံမှာ ထိုနေ့က မိမိတို့နှင့်အတူ ရှိနေကြောင်းဖြင့် ထွက်ဆိုလေသည်။

၂ဘက်သော သက်သေများကို စစ်ဆေးပြီးနောက် ထိုအမှု၌ တရားခံမှ ဆိပ်ကမ်းတွင် ယခုဆိုက်ကပ်လျက်ရှိသော သင်္ဘောတစ်စင်းမှ သင်္ဘောသားတစ်ယောက်ဖြစ်သဖြင့် ချက်ခြင်းပင် အမိန့်ချမှတ်မည်ဖြစ်ကြောင်း ပြောကြားပြီးလျှင် နေ့လယ်စာ စားသောက်ရန် ရုံးဆင်းပြီးနောက် ပြန်၍ရုံးတက်သောအခါ အောက်ပါအမိန့်ချမှတ်လေသည်။

စီရင်ချက်၏ အတိုချုပ်တွင် ဤအမှု၌ မျက်မြင်သက်သေရဲသားမောင်ဖြူသီး၏ သက်သေထွက်ချက်ကို မိမိယုံကြည်ကြောင်း၊ တရားလို ဦးသာဝင်းကိုယ်တိုင် တရားခံ၏ မျက်နှာကို မှတ်မိသည်ဖြစ်စေ၊ မမှတ်မိသည်ဖြစ်စေ ယခုအမှုတွင် အကြောင်းမထူးကြောင်း၊ သို့သော် ရဲသားမောင်ဖြူသီး၏ ထွက်ချက်အရ သူသည် တရားခံ၏ မျက်နှာကို ထင်ထင်ရှားရှား မှတ်မိဟန်မတူဘဲ ထွက်ပြေးသော သူ၏ လက်ဝဲဘက်လက်မောင်းမှ အမှတ်အသားကို ယုံမှားခြင်းကင်းစွာဖြင့် ပို၍ မှတ်မိသည်ဆိုခြင်းကို မိမိယုံကြည်ကြောင်း၊ သို့သော် တရားခံသည် အခင်းဖြစ်ပွားသောနေ့ အခင်းဖြစ်ပွားသောအချိန်၌ "စီလုံ"သင်္ဘော ပေါ်တွင် တတိယမာလိန်က အုပ်ချုပ်လျက် အလုပ်လုပ်နေသည်ကို တတိယမာလိန် မစ္စတာရောဘတ်က ထွက်ဆိုသည့်အပြင် ၎င်း၏ ထွက်ချက်ကို ဒုတိယမာလိန် မစ္စတာဘာသတင်က လုံးလုံးလျားလျား ထောက်ခံ

ကြောင်း အခြားအရေးကြီးသော အချက်တစ်ခုမှာ ယခုရုံးရှေ့ရှိ တရားခံ ဘာဆာမြားဓ၏ လက်ဝဲဘက် လက်မောင်းအတွင်းဘက်တွင် ကျောက် ဆူးကို မြွေနှစ်ကောင် ရစ်ပတ်ထားသည့် မင်ကြောင်ရုပ်နှင့်ပတ်သက်၍ ရုံးတော်က စဉ်းစားရန်ရှိကြောင်း ဤအရုပ်မျိုးမှာ ဥရောပတိုက်သား မျက်နှာဖြူများ၊ ဂေါ်ရာစစ်သားများ၊ သင်္ဘောသားများနှင့် အင်္ဂလိပ် ကပြားများ' ထိုးလေ့ထိုးထရှိသော အရုပ်မျိုးဖြစ်၍ အထူးသဖြင့် နိုင်ငံခြားသင်္ဘောများမှ သင်္ဘောသားများလက်တွင် အများအားဖြင့် တွေ့မြင်ကြရကြောင်း၊ ယင်းတို့ကို အတုခိုးပြီးလျှင် သင်္ဘောတွင် အလုပ်လုပ်နေသည့် စစ်တကောင်းကုလားလူမျိုးများသည်လည်း မျက်နှာဖြူများကို အတုယူပြီးလျှင် ထိုးလေ့ထိုးထရှိလာသဖြင့် ယခု အခါ ထိုကုလားလူမျိုးများ၏ လက်တွင်သာမက မြန်မာလူမျိုး လူလတ်ပိုင်းနှင့် လူငယ်လူရွယ်များလက်တွင်ပင် အများအပြား ထိုးကြ သည်ကို တွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ မင်ကြောင်ရုပ်များမှာ ယခုအခါ လူမျိုးမရွေး အဆင့်အတန်းမရွေး မည်သူ့လက်၌မဆိုရှိနိုင်၍ အများ သုံးအဝတ်အစားလို ရှိနေကြောင်း၊ ထိုအမှတ်အသားကလေး တစ်ခု တွေ့ရုံမျှနှင့် ယခုရုံးတော်ရှေ့ရှိ တရားခံသည် ထိုနေ့ကငွေလုသွား သောသူ အစစ်အမှန်ဖြစ်သည်ဟု ကျွန်ုပ် မယုံကြည်နိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြပြီးလျှင် ဆလင်ဘာဆာမြားအား တရားသေ လွှတ်ပေးလိုက်လေသည်။

သင်္ဘောသို့ ညနေတွင် ပြန်ရောက်ကြသောအခါ ဆလင်ဘာ ဆာမြား၏ တပည့်များသည် မိမိတို့ ဆရာကောင်းပုံကို အသီးသီး ဝိုင်းဖွဲ့ ကာ ဆူညံစွာ စကားပြောဆိုလျက်ရှိကြလေ၏။ ကပ္ပတိန်သည်လည်း ဤအကြောင်းတိုပင် မာလိန်မှူးနှင့် ပြောဆိုလျက်ရှိကြရာ ကျွန်တော်နှင့်





ရောဘတ်မှာမူ ရဲအရာရှိများ၏ လုပ်ကိုင်ပုံကိုလည်းကောင်း၊ လက်ရ ဖမ်းရန် ကြိုးစားသော ရဲသားဖြူသီး၏ မှားယွင်းမှုကိုလည်းကောင်း၊ ဖတ်ပြသော စီရင်ချက်တွင်ပါသည့် တရားသူကြီး၏ ထင်မြင်ယူဆ ချက်များကိုလည်းကောင်း ဆွေးနွေးဝေဖန်လျက် ရှိကြလေ၏။

ဤသို့ဖြင့် ထိုနေ့ညနေစောင်းမှာ ကျွန်တော်တို့ သင်္ဘောတွင် ပျော်ရွှင်စွာ အချိန်ကို ကုန်လွန်ခဲ့လေသည်။

× × × × ×

နောက်တစ်နေ့မှာ အင်္ဂလိပ်လဆန်း တစ်ရက်နေ့ဖြစ်သဖြင့် ကျွန်တော်တို့ အရာရှိများနှင့်တကွ သင်္ဘောအလုပ်သမားများပါ နံနက်ခင်း၌ပင် လစာများ ရရှိကြ၏။ ကျွန်တော်တို့ သင်္ဘော ထုံးတမ်း စဉ်လာအရ သင်္ဘောသည် ဆိပ်ကမ်းမြို့တစ်မြို့၌ ဆိုက်ကပ်နေစဉ် အချိန်တွင် လခထုတ်သောနေ့နှင့် ကြုံကြိုက်က ထိုနေ့တွင် သင်္ဘော သားများအား (အစောင့်တာဝန်ကျသော သင်္ဘောသားမှတပါး) ကုန်း ပေါ်သို့ တက်၍ ညနေ (၆)နာရီအထိ လည်ပတ်နိုင်ရန် ခွင့်ပြုထား၏။

သို့နှင့် သင်္ဘောသားအများအပြားပင် ကုန်းပေါ်သို့ တက်သွား ကြလေသည်။ ထိုနေ့ညနေစောင်း၌ ကျွန်တော်သည် ပျင်းပျင်းရှိသည် နှင့် အခန်းထဲတွင် စာအုပ်တစ်အုပ်ကို ဖတ်လျက်ရှိစဉ် တတိယမာလိန် မစ္စတာရောဘတ်သည် ကျွန်တော်၏ အခန်းတံခါးကို ခေါက်၍ အတွင်း သို့ ခေါင်းပြူကြည့်ကာ...

"ဒီမယ်အစ်ကို၊ ပုလိပ်အင်စပိတ်တော် တစ်ယောက်က အစ်ကို နဲ့ တွေ့ချင်လို့တဲ့"

"ဘာကွယ့် ရောဘတ်၊ ပုလိပ်အင်စပိတ်တော်၊ ဟုတ်စ"

"မနေ့က လူတွေပဲလားကွယ်၊ ဘယ့်နှယ်ကွယ် ပုလိပ်နဲ့ ခုထက်

ထိ မကင်းနိုင်သေးဘူးလား"

"တစ်ယောက်ကတော့ ဟုတ်တယ်အစ်ကိုရဲ့၊ ကျန်တဲ့လူနှစ်ယောက်ကတော့ မဟုတ်ဘူး၊ တစ်ယောက်က ယူနီဖောင်းအဖြူနဲ့ အစ်ကိုရဲ့"

"ကဲကွယ် ခေါ်သာ ခေါ်ခဲ့ပါ။ ဘာများ လာရှုပ်ကြပြန်သလဲ မပြောတတ်ဘူး၊ ခေါ်ခဲ့ဟေ့ မြန်မြန်"

သို့နှင့်ရေဘတ်သည် ရဲအရာရှိတစ်စုကို ကျွန်တော့်ထံသို့ ခေါ်လာလေ၏။ ပထမလူမှာ ယမန်နေ့ကလာသော အင်စပိတ်တော် ဦးစိန်ပွင့်ဆိုသူပင်ဖြစ်၍ အခြားအရာရှိများနှင့်ကျွန်တော့်အား ဦးစိန်ပွင့်က မိတ်ဆက်ပေး၏။ ယူနီဖောင်းအဖြူ ဝတ်ထားသူမှာ သရက်မြို့ အကျဉ်းထောင်မှ ထောင်မှူး ဦးဘဟန်ဆိုသူဖြစ်ကြောင်း၊ ဒုတိယ လူရွယ် အရာရှိမှာ လမ်းမတော်ရဲဌာနမှ ရဲအုပ်ကလေးတစ်ယောက် ဖြစ်ကြောင်း ပြောပြပြီးနောက် ဦးစိန်ပွင့်ကဆက်လက်၍...

"ကဲ...ကျုပ် အချိန်ဖြုန်းမနေပါရစေနဲ့တော့ မစ္စတာဘာတင်၊ လိုချင်တဲ့ကိစ္စကို ဒဲ့ဒိုးပဲပြောပါရစေတော့ဗျာ.."

"ကောင်းပါပြီ... ပြောပါ"

"ခင်ဗျားတို့ သင်္ဘောက ဆလင်ကို ကျုပ်တွေ့ချင်တယ်၊ ခဏ ခေါ်နိုင်ရင် ခေါ်ပေးစမ်းပါ"

"ဟုတ်ကဲ့ ခေါ်ပေးပါ့မယ်၊ နို့ပေမဲ့ ဒီကနေ့ လခထုတ်တဲ့နေ့မို့ သင်္ဘောသားတွေ ကုန်းပေါ်တက်နေကြတယ်ထင်တယ်။ ဒီတော့ သူရှိချင်မှ ရှိမယ်၊ ကဲလေ ခေါ်ပေးပါ့မယ်"

ထို့နောက် ကျွန်တော်လည်း မစ္စတာရေဘတ်ကိုပင် ဘာဆာမြားအား သွား၍ ခေါ်ခဲ့ရန် ပြောလိုက်ရာ မကြာမီ မစ္စတာရေဘတ်သည်





ဘာဆာမြားကိုခေါ်၍ ရဲအရာရှိများရှိရာ ကျွန်တော်၏ အခန်းတွင်းသို့ ဝင်လာလေ၏။

ထိုအခါ ကျွန်တော်လည်း ဘာဆာမြားအား ကြည့်လိုက်ရာ အတော်ပင် ဟောင်းနွမ်းစုတ်ပြတ်နေသည့် သင်္ဘောသားနှင့် ဆလင်များဝတ်သော နက်ပြာရောင် ယူနီဖောင်းကိုဝတ်လျက် မျက်နှာတွင်လည်း အရက်ကြောင့်နီမြန်းနေပြီးလျှင် ဆောက်တည်ရာ မရသကဲ့သို့ ဒယိမ်း ဒယိုင်ဖြစ်နေသည့် ဘာဆာမြားကို တွေ့မြင်ရ၏။ ဤကဲ့သို့ မှုံးမှုံးရှုံးရှုံးနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ကျွန်တော်တို့၏ ဆလင်ကို မည်သည့်အခါကမျှ ကျွန်တော် မမြင်ဖူးခဲ့ပေ။ ဘာဆာမြားသည် ကျွန်တော်နှင့်တကွ ပုလိပ်အရာရှိများအား အနိုင်နိုင်ဆလံပေးပြီးနောက် ကြမ်းပေါ်သို့ ထိုင်ချလိုက်လေသည်။ ၎င်းထိုင်ချလိုက်သောနေရာမှာ ဖွင့်၍ထားသော အခန်းတံခါးကို ကျောပေးလျက်ရှိ၏။

ထိုအခါ ယူနီဖောင်းအဖြူဝတ်ထားသော ထောင်မှူးကလေး ဦးဘဟန်က "ဟေ့ လာလာမြား ဒီမှာ ငါ့ကိုကြည့်စမ်း၊ ဘယ်သူလဲလို့" ဟု ပြောလိုက်သည်တွင် ဘာဆာမြားသည် ဖျတ်ခနဲ လန့်သွားသကဲ့သို့ အမူအရာဖြင့် ဦးဘဟန်အား တစ်ချက်လှမ်း၍ ကြည့်လိုက်ပြီးနောက် မျက်လွှာကို အောက်သို့ ချလိုက်၏။ ထိုအခါ ထောင်မှူး ဦးဘဟန်က ကျွန်တော်တို့ဘက်သို့ လှည့်ပြီးလျှင်...

"ကျွန်တော်တို့ သရက်မြို့ထောင်က ထွက်ပြေးနေတဲ့ လာလာမြားဆိုတဲ့ အကောင်ဟာ သူပဲခင်ဗျ။ သူနဲ့ အတူတူ လုယက်မှုနဲ့ ကျနေတဲ့ အီစွတ်ဆိုတဲ့ ကုလားတစ်ယောက်နဲ့အတူ ထောင်နံရံကို ဖောက်ပြီး လွတ်သွားတယ်။ လက်စသတ်တော့ ကိုယ်တော်ချောက ဒီသင်္ဘောပေါ် ရောက်နေမှကိုး" ဟု ပြောဆိုလေ၏။

ထိုအခါ ကျွန်တော်လည်း သေနတ်ထိမှန်လိုက်ဘိသကဲ့သို့ အံ့အားသင့်၍ သွားမိ၏။ အဘယ်ကြောင့်ဆိုသော် ဘာဆာမြားမှာ ယမန်နေ့ကပင် လုယက်မှုဖြင့် မတရားစွပ်စွဲခြင်းခံခဲ့ရရာမှ လွတ်မြောက်လာခဲ့ရာ ယနေ့တစ်ဖန် သရက်မြို့ထောင်မှ ထွက်ပြေးသော အကျဉ်းသားတစ်ယောက်အဖြစ် စွပ်စွဲခြင်းခံရပြန်လေပြီ။ အလွန်အံ့ဩစရာကောင်းသည့်ပြင် ရယ်စရာလည်း ကောင်းလှပေ၏။

"ခင်ဗျားတို့ဦးစွာ ဟုတ်မှလဲ လုပ်ကြပါခင်ဗျာ၊ သူ့ခင်မျာ သင်္ဘောပေါ်က ဘယ်မှမသွားဘဲနဲ့ ဘဏ်တိုက်က ထုတ်ယူလာတဲ့ ငွေကို လုပြေးတယ်ဆိုတဲ့အမှုနဲ့ အချုပ်ခံရပြီး မနေ့ညနေကမှ လွတ်လာတယ်ဗျ၊ ဟောဒီက အင်စပိတ်တော်မင်းပဲ လာဖမ်းတာပဲ၊ အခုတစ်ခါ ထောင်ပြေးဆိုပြီး လာဖမ်းပြန်ပြီ၊ သေသေချာချာလဲ လုပ်ကြပါဗျာ၊ ဒီလူဟာ ကျုပ်တို့လက်အောက်မှာ ဆလင်အလုပ်နဲ့ နေလာတာ ကျွန်တော်သိသလောက် တစ်နှစ်ကျော်ကျော် ရှိသွားပြီဗျ၊ ဘာအမှုမှလဲ မဖြစ်ဖူးဘူး၊ ဘယ်ထောင်မှလဲ မကျဖူးဘူး၊ ဒါနဲ့..."

ကျွန်တော်၏ စကားမဆုံးမီ ထောင်မှူး ဦးဘဟန်က ကြားဖြတ်၍ "ဒီမယ် မာလိန်ကြီးရဲ့၊ ဒီလာလာမြားဆိုတဲ့လူဟာ သရက်မြို့ထောင်ရောက်နေတာ ဖြလကျော်ကျော်လောက် ရှိပြီခင်ဗျ၊ သူမှသူ အစစ်ပါဗျာ၊ သူ့လက်က ကျောက်ဆူးနဲ့ မြွေရုပ်ကို မှတ်မိရုံသာမကဘူး၊ သူ့မျက်နှာကိုလဲ ကျွန်တော်နေ့စဉ်မြင်တွေ့နေရလို့ မှတ်မိနေပါတယ်၊ ဒီ့ပြင်လဲ ကျွန်တော်မှာ သူ့ဓာတ်ပုံ ကိုယ်အတိုင်းအထွာ မြင်လောက်တဲ့ အမှတ်အသားအားလုံးကို ရေးမှတ်ထားတဲ့ မှတ်တမ်းစာအုပ် ပါပါတယ်၊ မာလိန်ကြီးရဲ့လူ ငြင်းနိုင်ရင်ငြင်းပါစေ"

ဤသို့ ကျွန်တော်နှင့်ထောင်မှူးဦးဘဟန်တို့ အငြင်းအခုံဖြစ်





လျက် ရှိစဉ် အခန်းပြင်မှ တစ်စုံတစ်ယောက်က "ဒီလူဟာ ကျွန်တော်တို့ဆလင် ဘာဆာမြားမဟုတ်ဘူးဆပ်"ဟု ဟိန္ဒူစတန်နီဘာသာဖြင့် အော်လိုက်သံကို ကြားရသဖြင့် ကျွန်တော်တို့နှင့်တကွ အခန်းပေါက်ဝတွင် ရပ်နေသော သင်္ဘောသားများပါ နောက်မှအသံကြားရာသို့ လှမ်း၍ကြည့်လိုက်ကြ၏။ အော်လိုက်သူမှာ အခြားသူမဟုတ်၊ သင်္ဘောမှထမင်းချက်သမား၏ လက်တိုလက်တောင်းခိုင်းသော ဂေါရင်ဂျီကုလားကလေးအပွနားပင် ဖြစ်လေသည်။

ကုလားလေးသည် ကျွန်တော့်အား တိုက်ရိုက်မပြောဝံ့သဖြင့် အခန်းဝတွင် ရပ်နေသော မစ္စတာရောဘတ်ကြားအောင် လှမ်း၍ပြောလိုက်ခြင်းဖြစ်၏။ သို့နှင့် မစ္စတာရောဘတ်က တစ်ဆင့် ကျွန်တော့်အား လှမ်း၍ပြောလိုက်လေသည်။

"ဘယ်သူလဲဟေ့ ရောဘတ်၊ ဘာပြောတာလဲကွ"

"အခု ကျွန်တော်ခေါ်လာတဲ့လူဟာ ကျွန်တော်တို့ ဆလင်ဘာဆာမြားမဟုတ်ဘူးလို့ ပြောနေတယ်အစ်ကို"

"ဘာကွ ဘာဆာမြားမဟုတ်ဘူး ဟုတ်လား"

"ဘယ်သူက ပြောနေတာလဲဟေ့"

"အပွနားရယ်အစ်ကို၊ ထမင်းချက်တဲ့ ကောင်လေးလေ"

"ဒီကောင်လေး ဒီကိုခေါ်ခဲ့စမ်း"

ရောဘတ်သည် သင်္ဘောထမင်းချက် လုလင် အပွနားအား အခန်းထဲသို့ သွင်းလာရာ အပေါက်ဝတွင် ရပ်နေသော အခြားသင်္ဘောသားများက နံဘေးသို့ လမ်းဖယ်၍ပေးလိုက်ကြလေသည်။

"မင်းဘာပြောတာလဲ အပွနား"

"ဒီလူဟာ ကျွန်တော်တို့ ဆလင်ဘာဆာမြား မဟုတ်ဖူးဆပ်"

"ဘာဆာမြားမဟုတ်ဖူး ဟင်... ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ထိုအခါ အပွနားသည် ကြမ်းပေါ်တွင် ခေါင်းငုံ့လျက် ခြေပစ် လက်ပစ်ထိုင်နေသော ဘာဆာမြား၏ လက်ဝဲဘက်နားရွက်ကို လက်ညှိုးထိုးလျက်...

"ဟောဒီ နားရွက်ကိုမြင်လို့ ကျွန်တော်သိတယ်ဆပ်၊ ဒီနားရွက်က ပန်းကော်ဖီနဲ့တူတယ်ဆပ်၊ ကျွန်တော်တို့ ဆလင်ဘာဆာမြားမှာ ဒီလိုနားရွက်မျိုးမရှိဘူး"

ထိုအခါ ကျွန်တော်တို့လည်း အပွနားညွှန်ပြသည့်အတိုင်း ဘာဆာမြား၏ လက်ဝဲဘက်နားရွက်ကို နီးကပ်စွာကြည့်ရှုကြရာ အပွနားပုံခိုင်းသကဲ့သို့ ၎င်း၏ လက်ဝဲဘက်နားရွက်မှာ ပန်းကော်ဖီထုပ်ကဲ့သို့ အထွတ်အထွတ်ဖြစ်ကာ ပွယောင်းယောင်းဖြစ်နေသည်ကို တွေ့ကြရလေ၏။ ဘာဆာမြားကား သူ့အားပြောနေသည်ကို မကြားသကဲ့သို့ မျက်နှာကို ငုံ့ကာ တွေဝေငေးမှိုင်လျက် ရှိနေလေ၏။

ထိုအချိန်၌ အပြင်မှ "ဘာဆာမြား၊ ဘာဆာမြား"ဟု အော်လိုက်သံများနှင့်အတူ အခြားရုတ်ရုတ်သဲသဲ အသံများကို ကြားရသဖြင့် ရဲအရာရှိများနှင့်တကွ ကျွန်တော်တို့အားလုံးပါ အသံကိုနားစွင့်လျက်ရှိကြကုန်၏။ ရောဘတ်သည် အပြင်သို့ ပြေးထွက်သွားပြီးနောက် ကမ်းပေါ်မှ ပြန်ရောက်လာသော ဘာဆာမြားကို အခန်းတွင်းသို့ သွင်းလာလေ၏။ ထိုအခါမှ အခန်းထဲတွင် ဘာဆာမြားနှစ်ယောက် ဖြစ်နေသဖြင့် တစ်ယောက်နှင့်တစ်ယောက် ချွတ်စွပ်ထားသကဲ့သို့ တူသော လူနှစ်ယောက်ကို ကျွန်တော်တို့အားလုံးပင် အံ့အားသင့်စွာ ကြည့်နေကြကုန်၏။ အပွနားညွှန်ပြသော ထူပျစ်ပျစ်နားရွက်တစ်ဖြက်မှလွဲလျှင် လူနှစ်ယောက်တို့မှာ ခွဲခြား၍မရအောင် တူညီလှပေ၏။





ထိုအခါ နောက်ရောက်လာသော ကျွန်တော်တို့၏ ဆလင်ဘာဆာမြားသည် မိမိအပြစ်ကို ဆက်လက် မဖုံးကွယ်နိုင်တော့သဖြင့် အောက်ပါအတိုင်း ဂင်းလင်းပြောပြရာ ကျွန်တော်တို့နှင့်တကွ ရဲအရာရှိများသည် လှိုင်းပုတ်သဖြင့် တငြိမ့်ငြိမ့်လှုပ်ရှားနေသော ကျွန်တော်၏ သင်္ဘောခန်းထဲတွင် ဆလင်ဘာဆာမြား၏ ပြောပြချက်များကို စိတ်ဝင်စားစွာ နားထောင်လျက်ရှိကြလေသည်။

ဆလင်ဘာဆာမြားနှင့် နားရွက်တစ်ဖက်ထူသော လာလာမြားတို့သည် အမြွှာပူးညီအစ်ကိုများဖြစ်ကြ၏။ သို့သော် ညီအစ်ကိုတို့မှာ ရုပ်တူသလောက် စိတ်သဘောထား မတူကြချေ။ အစ်ကိုဘာဆာမြားသည်ရိုးဖြောင့်၍ ဉာဏ်ပညာကောင်းသလောက် ညီဖြစ်သူ လာလာမြားက ကောက်ကျစ်စဉ်းလဲ၍ ဆိုးခိုးလိုသောစိတ် ရှိ၏။ ငယ်စဉ်ကပင် ရေကြောင်းဘက်၌ ဝင်ရောက်အမှုထမ်းကာ သင်္ဘောတစ်စင်းတည်းတွင် အလုပ်လုပ်ခဲ့ကြ၏။ သူတို့ အလုပ်လုပ်ခဲ့သော သင်္ဘောမှ မာလိန်သုံးယောက်စလုံးပင် လက်ဝဲဘက် လက်မောင်း၌ သင်္ဘောကျောက်ဆူးတွင် မြွေနှစ်ကောင်ရစ်ပတ်ထားသော အရုပ်ကိုယ်စီ ထိုးထားကြရာ ၎င်းကို အားကျပြီးလျှင် ရန်ကုန်သို့ သင်္ဘောဆိုက်၍ ရက်အားရသော နေ့တစ်နေ့တွင် ကမ်းပေါ်သို့တက်၍ မင်ကြောင်ထိုးသမားတစ်ဦးထံတွင် ထိုအရုပ်မျိုးကို ညီအစ်ကိုနှစ်ယောက်စလုံး ထိုးနှံကြလေသည်။

နောက်တစ်နှစ်ခန့်ကြာသောအခါ ညီအစ်ကိုနှစ်ယောက်တို့မှာ သင်္ဘောတစ်စင်းတည်းတွင် မလုပ်ကြရတော့ဘဲ လူချင်းခွဲကြရလေ၏။ ဘာဆာမြားသည် ရေနံသင်္ဘောမှတစ်ဆင့် ကူးတို့သင်္ဘောတစ်စင်းတွင် လိုက်ပါရပြီးနောက် တစ်နှစ်ခန့်အကြာတွင် ရက်မှန်သင်္ဘောသို့ ပြောင်းကာ ၎င်း၏ ပညာဉာဏ် စွမ်းရည်သတ္တိအတွက် ဆလင်ရာထူးသို့

တိုးတက်ချီးမြှင့်ခြင်းခံရပြီးနောက် ယခုတိုင် အလုပ်လုပ်ကိုင်လျက်ရှိနေခဲ့၏။

လာလာမြားမှာမူ ရေနံသင်္ဘောတွင် သာမန်သင်္ဘောသားတစ်ယောက်အဖြစ်ဖြင့် အလုပ်လုပ်စဉ်ကပင် ရေနံများကို အပြင်သို့ ခိုးထုတ်သဖြင့် တစ်ကြိမ်အပြစ်ခံခဲ့ရဖူး၏။ ထို့နောက် ပြည်မြို့နှင့် မြန်အောင်သွား ကူးတို့သင်္ဘောကလေးတစ်စင်းပေါ်၌ အလုပ်ပြန်၍ ရသောအခါ ဒုတိယတန်းခရီးသည်တစ်ဦးထံမှ ငွေအိတ်ကို နှိုက်ယူဖူး၏။ သို့သော် လက်ပူးလက်ကြပ် မမိသဖြင့် လွတ်မြောက်သွား၏။ တစ်ဖန် ထိုသင်္ဘောမှ ထွက်ခဲ့ပြီးလျှင် ပြည်မြို့နှင့်သရက်မြို့သွား ကူးတို့ သင်္ဘောပေါ်၌ အလုပ်ရပြီးနောက် ဖလခန့်အကြာတွင် သရက်မြို့ဆိပ်ကမ်းရှိ ဆိပ်ခံသမ္ဗန်ပေါ်တွင် အစောင့်အဖြစ် အလုပ်ရရှိပြန်၏။ ထိုအခါ သမ္ဗာန်ပေါ်၌ ညဉ့်အိပ်ချထားသော ဆန်အိတ်များ၊ ပဲအိတ်များ စသည့် ကုန်ပစ္စည်းများကို တဖြည်းဖြည်းဖောက်ထွင်းခိုးယူမှုများ ပေါ်ပေါက်လာသောအခါ ယခင်ကလည်း ပြစ်မှုဟောင်းရှိသည့်အတိုင်း သရက်မြို့ထောင်တွင် တစ်နှစ်မျှ အကျဉ်းခံရလေသည်။

အကျဉ်းစံရပြီးနောက် ဖလမျှ ကြာရှိသောအခါ လာလာမြား သည် အီစွပ်ဆိုသူ ကုလားလူဆိုးကလေးတစ်ယောက်နှင့်ပေါင်းကာ အကျဉ်းထောင်ကို ဖောက်၍ ထွက်ပြေးခဲ့၏။ ထိုညဉ့်တွင် လာလာမြား သည် ညဉ့်သန်းခေါင်လောက်၌ သင်္ဘောဆိပ်သို့ ရပ်ဖျောက်ဆင်းခဲ့ရာ ထိုညဉ့်၌ စီလုံရက်မှန်သင်္ဘောသည် ကံအားလျော်စွာ သရက်မြို့ဆိပ်ကမ်း၌ ဆိုက်ကပ်လျက်ရှိနေ၏။ ထိုသင်္ဘောပေါ်၌ မိမိ၏အစ်ကို ဆလင်ဘာဆာမြားရှိနေသည်ကို သိရှိပြီးဖြစ်သဖြင့် လာလာမြားသည် သင်္ဘောပေါ်သို့ တိတ်တဆိတ် တက်ရောက်ကာ ၎င်း၏ အစ်ကိုနှင့်





တွေ့ဆုံ၍ မိမိသည် ထိုနေ့၌ပင် ထောင်ကိုဖောက်၍ ထွက်ပြေးလာခဲ့ကြောင်း၊ မိမိအား ရန်ကုန်သို့ လျှို့ဝှက်စွာ ခေါ်ဆောင်သွားက ရန်ကုန်တွင် ကောင်းရောင်းကောင်းဝယ်ဖြင့် အသက်မွေးမြူနေထိုင်တော့မည် ဖြစ်ကြောင်း၊ ယခင်က မိမိကျူးလွန်ခဲ့သည့် အပြစ်များကိုလည်း ယခုအခါ ကောင်းစွာနောင်တရပြီဖြစ်ကြောင်း၊ ယခုအခါ မိမိအစ်ကိုရင်းမှလွဲ၍ ကမ္ဘာပေါ်တွင် မည်သူ့ကိုမျှ အားထားရန်မရှိကြောင်းဖြင့် တောင်းပန်ပြောဆိုလေ၏။

ပထမ၌ အစ်ကိုဖြစ်သူ ဘာဆာမြားသည် အတန်တန်ငြင်းပယ်ခဲ့၏။ သို့သော် နှုတ်ကပင် ငြင်းပယ်သော်လည်း စိတ်ထဲကမူ တစ်အူတုံဆင်း ညီရင်းအစ်ကိုဖြစ်သည့် သွေးသား၏ တိုက်တွန်းမှုကြောင့် နောက်ဆုံးတွင် မလွဲမရှောင်သာ လက်ခံလိုက်ရလေသည်။

ဤသို့ဖြင့် ဘာဆာမြားသည် အတော်အတန်ကျယ်ဝန်းသော မိမိအခန်းထဲတွင် ညီဖြစ်သူ လာလာမြားအား တိတ်တဆိတ် သိုဝှက်ခေါ်ဆောင်လာခဲ့၏။ သို့သော် စိုးရိမ်ရန်မရှိသော အချက်တစ်ခုရှိ၏။ နေ့လယ်နေ့ခင်းအချိန်များတွင် လာလာမြားအား အခန်းတွင်း၌ အောင်း၍နေစေပြီးလျှင် ညဉ့်အချိန်များ၌သာ အပြင်သို့ ထွက်စေက မည်သူသိနိုင်ပါမည်နည်း။ အကယ်၍ တစ်စုံတစ်ယောက်က မြင်သွားစေကာမူ မိမိ၏ ဆလင်အဝတ်အစားကို ဝတ်၍ အမှတ်မဲ့သွားလာစေက မိမိပင် ဖြစ်သည်ဟု ထင်ကြမည်မဟုတ်ပါလော။

ဤသို့ဖြင့် ဘာဆာမြားသည် ထောင်မှထွက်ပြေးလာသော မိမိ၏အမြွှာပူးညီဖြစ်သူ လာလာမြားအား အခန်းထဲ၌ သိုဝှက်ကာ ရန်ကုန်အထိ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်၏။ သို့သော် ရန်ကုန်သို့ ရောက်သောအခါ လာလာမြားသည် လက်ထဲ၌ ငွေကြေးတစ်စုံတစ်ရာ

မပါဘဲ မသွားလိုပေ။ ဘာဆာမြားကလည်း သူအလိုရှိသည့်အတိုင်း မပေးနိုင်ရှာချေ။ သို့နှင့် လာလာမြားသည် အစ်ကိုဖြစ်သူ ဘာဆာမြား အလစ်တွင် သင်္ဘောအပေါ်ထပ် ဒုတိယအခန်းအတွင်း၌ ပစ္စည်းများ တစ်စုံတစ်ရာ ရလိုရငြား ဝင်ရောက်ခဲ့ခြင်းဖြစ်၏။ သို့သော် မအောင် မြင်ခဲ့ချေ။ နောက်တစ်နေ့တွင် လာလာမြားသည် ကမ်းပေါ်သို့ ရုပ်ဖျောက်တက်ကာ ဘဏ်တိုက်မှ ဦးသာဝင်းငွေထုတ်လာသည်ကို အခန့်သင့်တွေ့ရသဖြင့် လုယူခြင်းဖြစ်လေသည်။ လာလာမြား လုယူ လာသော ငွေများအကြောင်းနှင့် ပတ်သက်၍မူ တစ်စုံတစ်ရာဝန်ခံ ပြောဆိုခြင်းမပြုပေ။

အထက်ပါရှုပ်ထွေးသော ပြဿနာကြီးကို ဖြေရှင်းပြောဆို ပြီးနောက် ဘာဆာမြားသည်ကျွန်တော်နှင့်တကွ ရဲဘက် ထောင်ဘက် အရာရှိများအား အကြိမ်ကြိမ်ဆလံပေးလျက်..

"ဒါပါပဲဆပ်၊ ကျွန်တော့်ညီဟာ လူဆိုးတစ်ယောက်ဖြစ်ပြီး ထောင်ကထွက်ပြေးလာတာ သိရက်နဲ့ ကျွန်တော်တိတ်တိတ် သင်္ဘော ပေါ်တင်ပြီး ခေါ်လာခဲ့မိတာဟာ ကျွန်တော့်အပြစ်ပါပဲဆပ်၊ ဆပ်တို့ သဘောအတိုင်းသာလုပ်ပါတော့"

ထိုအခါ ကျွန်တော်နှင့်တကွ ရဲအရာရှိများသည် တစ်စုံတစ်ရာ မပြောဘဲ ခပ်ဆိတ်ဆိတ်ရှိနေကြ၏။ သို့သော် ထောင်မှူး ဦးဘဟန် သည် နေရာမှထကာ လာလာမြား၏ လက်ကိုဆုပ်ကိုင်လျက် "ကဲ လာလာမြား၊ ထောင်ကထွက်ပြေးတဲ့အမှုနဲ့ မင်းကိုဖမ်းဖို့ ဟောဒီက ရဲမှူးဦးစိန်ပွင့်ကို ငါအပ်ရလိမ့်မယ်" ဟု ပြောဆိုကာ ဦးစိန်ပွင့်လက် သို့ ပေးအပ်လေ၏။ ထိုအခါ ဦးစိန်ပွင့်လည်း လာလာမြားအား ဖမ်းဆီး လိုက်၏။ ၎င်းပြင် ဘာဆာမြားကိုလည်း ထောင်ပြေး ရာဇဝတ်ကောင်





တစ်ယောက်အား သိဝှက်လက်ခံ၍ လွတ်မြောက်အောင် ကြံစည် အားပေးမှုဖြင့် ဖမ်းဆီးလိုက်လေသည်။ သို့သော် ကျွန်တော်က အာမခံ သဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းမခံရဘဲ အလွတ်ထုချေရန် အခွင့်ရရှိခဲ့၏။

နောက်တစ်နေ့၌ ကျွန်တော်တို့ သင်္ဘောမှ ဆလင်ဘာဆာမြား သည် ဒုတိယအကြိမ် တရားရုံးတော်သို့ ရောက်ပြန်၏။ ထိုအကြိမ်၌ မူ ၎င်း၏ ညီဖြစ်သူ ထောင်ပြေးလာလာမြားအား တိတ်တဆိတ်လက်ခံ ၍ လွတ်မြောက်အောင် အားပေးကူညီမှု ဖြစ်လေသည်။ ထိုအမှု၌ ဘာဆာမြားက မိမိသည် တရားဥပဒေကို နားမလည်သဖြင့် တစ် ကြောင်း၊ ညီအရင်းဖြစ်သဖြင့်တစ်ကြောင်း ကူညီခဲ့မိပါသည်ဟု ဖြောင့် ချက်ပေး၏။ သို့သော် တရားဥပဒေကို နားမလည်သဖြင့် ပြုလုပ် မိသည် ဟူသောအချက်မှာ ရုံးက မည်သည့်အခါမျှ လက်ခံစဉ်းစား သည့်အချက် မဟုတ်ပေ။ လူတိုင်း လူတိုင်းသည် တရားဥပဒေကို နားလည်သည်ဟု ယူဆရမည်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ဘာဆာမြားသည် ထောင်မှထွက်ပြေးသူ တစ်ယောက်အား လျှို့ဝှက်ထိန်းသိမ်းထားမှုဖြင့် အပြစ်ရှိလေသည်။ သို့သော်ရိုးသားဖြောင့်မတ်၍ ယခင်က တစ်ကြိမ်တစ်ခါမျှ ရာဇဝတ် ပြစ်မှုမကျူးလွန်ဘူးသော သူတစ်ယောက်အား ညှာတာသည့်အနေဖြင့် ဒဏ်ငွေ ၁၀ဝိ ထမ်းဆောင်စေရန်၊ အကယ်၍ ဒဏ်ငွေမဆောင်နိုင်ခဲ့ သော် အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၃လ ကျခံစေရန် အမိန့်ချမှတ်ခြင်း ကိုခံရ၏။ ကျွန်တော်ကပင် ဒဏ်ငွေကို ၎င်းအတွက် စိုက်၍ ပေးဆောင် လိုက်ပါသည်။

အထက်ပါထူးဆန်းသော အဖြစ်အပျက်ကလေးနှင့်တွေ့ကြုံခဲ့ ပြီးနောက် နှစ်ပေါင်းများစွာပင် ကြာရှိခဲ့ပြီဖြစ်သော်လည်း ယခုအခါ

ရုပ်ချင်းအလွန်တူသော အမြွှာညီအစ်ကိုများကိုတွေ့တိုင်း ကျွန်တော်လည်း ဘာဆာမြားနှင့် လာလာမြားညီအစ်ကိုကို အမှတ်မိရပါ၏။

ဒဂုန်ရွှေမျှား



# စိတ္တဇဆရာဝန်

သာယာသော တပေါင်းလဆန်း၏တစ်နေ့သော ညနေချမ်းအချိန်တွင် 'အေဒီ' ခုံကြီးအနီး ရှေ့ဆောင်လူငယ် ရေကူးစခန်း၌ လူတစ်ယောက်သည် ပန်းချီကိရိယာ အစုံအလင်ဖြင့် ကမ်းစပ်မှ ကိုက်–၅၀ ခန့်ဝေးသော ကုန်းစောင်းကလေး တစ်ခုပေါ်တွင် ထိုင်ကာ "ရှုမျှော်ခင်း" တစ်ခုကို ရေးဆွဲလျက် ရှိလေသည်။ ပန်းချီအနုပညာသည်တစ်ဦး ဖြစ်ဟန်တူ၍ သူသည် ဘောင်ခတ်ထားသော ရွက်ဖျင်ကားချပ်ပေါ်တွင် မီးသွေးခဲတံဖြင့် ပထမပုံကြမ်းလောင်းပြီးနောက် မျဉ်းကြောင်းပေါ်တွင် ဆေးရောင်များ တင်လျက်ရှိ၏။ အနောက်လက်ကောင်းကင်ယံ မှ နီရဲသောနေလုံးကြီးကို ဝိုင်းရံကာ ဖြာထွက်လျက်ရှိသော ရွှေဝါရောင် ပန်းနုရောင် စသည့်တိမ်ရောင်တို့ကိုလည်းကောင်း၊ စိမ်းလဲ့လဲ့ရေပြင်ပေါ်တွင် သစ်ပင်ရိပ်ကြီးများ ထိုးကျသဖြင့် ရင့်ရော်

အုပ်မိုးနေသည့် သစ်ပင်ရိပ်များကိုလည်းကောင်း၊ သူ့အားကျောပေးလျက် ခပ်မို့မို့ ကုန်းပြင်တစ်ခုပေါ်တွင်ထိုင်ကာ ရေပြင်ကို ငေးမောကြည့်ရှုနေသည့် လှပသော မိန်းမပျို ကလေး တစ်ဦး၏အနက်ရောင်မျဉ်းသတ်ထားသည့်ပုံကိုလည်းကောင်း အဝေးအနီး အချိန်အဆမှန်ကန်စွာဖြင့် ရေးဆွဲလျက်ရှိနေ၏။

မိန်းကလေး ၃-၄ ယောက်နှင့် အသက်နှစ်ဆယ်သာသာခန့် ယောကျာ်းကလေးတစ်ဦးသည် ရေစပ်တွင် လိုက်တမ်းပြေးတမ်း ရေကူး ဆော့ကစားလျက်ရှိရာ နောက်ဆုံးတွင် ယောကျာ်းကလေးက အရှုံးပေးသည့်ဟန်ဖြင့် ရေကူးအဝတ်များကို သဘော်သားအဝတ်အစား ဘောင်းဘီရှည် ရှပ်အင်္ကျီအဖြူတို့ဖြင့် လဲဝတ်ကာ ခြေအိတ်နှင့် ဖိနပ်ဖြူကိုစီးလျက် ရှုမျှော်ခင်းရေးဆွဲနေသူ ပန်းချီဆရာအနီးသို့ ရောက်ရှိလာ၏။ လူရွယ်သည် အသားမဖြူမညို၊ မျက်နှာသွယ်သွယ် ဆံပင်နက်နက်၊ နှုပ်ခမ်းပါးပါးဖြစ်၍ ဝိုင်းစက်တောက်ပသော မျက်လုံးကြီးများရှိ၏။ ကိုယ်လုံးကိုယ်ပေါက်မှာ သူ့နေရာနှင့်သူ ဖုထစ်မာကျောသော ကြွက်သားကြီးများရှိပြီးလျှင် ကိုယ်လုံးကိုယ်ဖန် အချိုးအစားအားဖြင့်လည်း ပြေပြစ်ကျနသူဖြစ်၍ အားကစားသမား တစ်ယောက်ဖြစ်ကြောင်း အကဲခတ်နိုင်၏။ မျက်နှာမှာ ပွင့်လန်း၍ ပီရိသော နှုတ်ခမ်းများဖြင့် လှပစွာရှိနေသော်လည်း မျက်လုံးထောင့် တစ်နေရာတွင် မာနကြီးခြင်း၊ ခက်ထန်ခြင်း၊ အဆောတလျင် ဆုံးဖြတ်တတ်ခြင်း စသည့် အမူအရာများ ယှက်သန်းလျက် ရှိလေသည်။ ပန်းချီဆရာကြီးမှာ အသက် ၅၀-ခန့်ရှိပြီ ဖြစ်၍ ရင့်ကျက်သော အမူအရာရှိ၏။ စုတ်တံကိုကိုင်၍ ဆေးစက်များချသည်ထက် ဆေးတံကို မီးညှိ၍ ဖွာကာ စဉ်းစားနေသော အချိန်က များ၏။ သို့သော် မိမိမြင်ကွင်းကို တစ်ချက်ကြည့်





ပြီးနောက် ဆေးရောင်ကို သင့်သလိုရောစပ်၍ ရွက်ဖျင်ပေါ်သို့ တို့လိုက်ရာတွင် လက်တွေ့သည့်အခါများ၌ ဆေးတံကို ဖွာရန်ပင် သတိမရတော့ဘဲ ပန်းချီကားကိုသာ စူးစူးစိုက်စိုက် ခြယ်မှုန်းလျက် ရှိပြန်၏။ ပန်းချီဆရာကြီးသည် အနီးသို့ ရောက်လာသော လူရွယ်အား တစ်ချက်မျှလှမ်း၍ ကြည့်လိုက် ပြီးနောက် ရေးဆွဲမြဲ ရေးဆွဲလျက် ရှိပြန်၏။ လူရွယ်သည် ပန်းချီဆရာ၏ လက်ဝဲဘက် ၃-ပေခန့်အကွာမှနေ၍ ပန်းချီကားကို ကြည့်ရှုလျက်ရှိရာမှ စီးကရက်တစ်လိပ်ကို အိတ်ထဲမှ ထုတ်ယူကာ ဘောင်းဘီရှည် လက်ယာဘက်အိတ်ထဲမှ လှပသော ဒန်ရောင်မီးခြစ်ကလေး တစ်လုံးကို ထောက်ခနဲခြစ်၍ စီးကရက်ကို မီးညှိလိုက်၏။

ပန်းချီဆရာအနီးသို့ သဘော်သားဝတ်စုံဝတ်ထားသည့် လူရွယ် ချဉ်းကပ်လာသည့်အချိန်နှင့် မရှေးမနှောင်းပင် နောက်ဘက်ရှိ ကတ္တရာစေးလမ်းပေါ်သို့ "ဘဲလ်အဲယား" ကားကြီးတစ်စီး ဆိုက်ရောက်လာပြီးလျှင် အသက် ၅၀-ကျော်ခန့်ရှိ သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော လူကြီးတစ်ယောက် ဆင်းလာပြီးနောက် ပန်းချီဆရာ၏အနီးသို့ လက်ယာဘက်မှ တဖြည်းဖြည်း ချဉ်းကပ်လာ၏။ လူကြီးမှာ လက်ယာဘက်တွင် တုတ်ကောက်တစ်ချောင်းကိုကိုင်လျက် လက်ဝဲဘက်တွင် ဆေးပြင်းလိပ်တိုကို လက်ညှိုးနှင့် လက်ခလယ် အကြားတွင် ညှပ်ထား၏။ လူကြီးသည်လည်း ပန်းချီဆရာ ရေးဆွဲနေသော ရှုမျှော်ခင်း ပန်းချီကားကို စိတ်အားထက်သန်စွာ ကြည့်ရှုလျက် ရှိလေသည်။

ပန်းချီဆရာသည် လက်ယာဘက်သို့ တစ်ချက်စောင်းငဲ့ကြည့်ရှုလိုက်ပြီးနောက်၊ သူ၏အလုပ်တွင် စိတ်ဝင်စားလျက် ရှိနေ

ပြန်၏။ ၅မိနစ်ခန့် ဆေးတံကိုကိုက်ကာ ခြယ်မှုန်းလျက်ရှိရာမှ ဆေးတံကို မီးညှိရန် ဟန်ပြင်လိုက်၏။ ထိုအခါ သဘော်သား လူရွယ်က သူ၏အိတ်ထဲမှ ဒန်ရောင် မီးခြစ်ကလေးကို ဆတ်ခနဲဆွဲထုတ်ကာ အလိုက်သိစွာဖြင့် ပန်းချီဆရာကြီး၏ ဆေးတံကို မီးညှိပေးလိုက်လေသည်။

ပန်းချီဆရာ။ ။ "ကျေးဇူးတင်ပါတယ်– မောင်က ဘယ်ကလဲ"

သား။ ။ "ကျွန်တော်က ဒီမြို့သားမဟုတ်ဘူးခင်ဗျ၊ ပီနံက ထွက်လာတဲ့ ပင်လယ်ကူးသဘော်ဆိုက်လို့ ရန်ကုန်ခဏ ရောက်လာတာပါ"

"သြော်– အရင်က ရန်ကုန်မရောက်ဖူးဘူးလား"

"ရောက်ဖူးပါတယ် ခင်ဗျာ– တက္ကသိုလ်မှာတောင် ကျွန်တော် ၂–နှစ် နေခဲ့ဖူးပါတယ်"

ဆရာကြီး၏ ဆေးတံမှာ မီးငြိမ်းသွားပြန်သဖြင့် သဘော်သားကလေးကပင် နောက်တစ်ကြိမ် မီးညှိပေးရပြန်၏။ ပန်းချီဆရာကြီးမှာ သူ၏မီးခြစ်ကိုပင် ခြစ်ခွင့်မရတော့ပေ။ ဆရာကြီး၏ လက်ယာဘက်တွင် ရပ်နေသော ကားပေါ်မှ ဆင်းလာသည့် လူကြီးကမူ ပန်းချီဆရာအား အလုပ်လုပ်နေစဉ် အနှောင့်အယှက် မပေးလိုသဖြင့် ထိုအချိန်ထိ စကားတစ်ခွန်းမျှ မပြောဘဲ ရပ်၍သာကြည့်နေ၏။ သို့သော် ပန်းချီဆရာကြီးမှာ သဘော်သားလူရွယ်နှင့် ဖော်ရွေစွာ ပြောဆိုနေသည်ကို မြင်ရသဖြင့် ဝင်ရောက်ရောနှော ပြောဆိုလေသည်။

လူကြီး။ ။ "ဆရာ့ပန်းချီကားကတော့ တကယ်သဘာဝကျပါတယ်ခင်ဗျာ၊ ကားချပ်ပေါ်မှာ သွင်းထားတဲ့ ဆေးရောင်ကလည်း





မြင်ကွင်းကို တကယ်မြင်နေရတဲ့ အတိုင်းပါပဲ။ ဒီအချိန် ဒီနာရီမှာ ဒီအရောင် ဟပ်နေတယ်ဆိုတာ အပြင်မှာ တကယ်မြင်ရတဲ့အတိုင်းပါပဲ။ ဒါကြောင့်လဲ အနုပညာလို့ ခေါ်ပေတာပဲနော်"

ပန်းချီဆရာ။ ။ "ဟုတ်ပါတယ်"

ထိုအချိန်တွင် ပန်းချီဆရာ၏ ဆေးတံမှာ မီးငြိမ်းသွားပြန်သဖြင့် လျင်မြန်လှသော သဘော်သားလူရွယ်သည် သူ၏ဘောင်းဘီအိတ်ထဲမှ ဒန်ရောင်မီးခြစ်ကလေးကို ဆတ်ခနဲဆွဲထုတ်၍ ဖျတ်ခနဲ မီးညှိပေးလိုက် ပြန်၏။ သူကိုယ်တိုင်လည်း စီးကရက်အသစ်တစ်လိပ်ကို ထုတ်ပြီးလျှင် မီးညှိ၍ သောက်ပြန်လေသည်။

ထိုအခါမှ ကားပေါ်မှ လူကြီးသည် မိမိလက်ကြားတွင် ညှပ်ထားသော ဆေးပြင်းလိပ်ကို သတိရလာသည့်ဟန်ဖြင့် ပါးစပ်တွင် တပ်လိုက်၏။ ထို့နောက် သူ၏အိတ်များကို စမ်းသပ်ကာ မီးဖြစ် ရှာဖွေသည့်ဟန်ဖြင့် ရှာဖွေလျက်ရှိနေလေသည်။ ထိုအချိန်၌လည်း သဘော်သားလူရွယ်သည် လက်မနှေးပေ။ သူ၏မီးခြစ်ကလေးကို ထုတ်ယူကာ လူကြီး၏ ဆေးပြင်းလိပ်ကို ဖျတ်ခနဲ မီးညှိပေးလိုက် ပြန်၏။ ဆေးပြင်းလိပ်မှာ အတန်ငယ်ကြီးသဖြင့် နှစ်ချက်သုံးချက် ဖွာပြီးနောက်မှ ကောင်းစွာ မီးစွဲလေသည်။

(လူကြီး)"ကျေးဇူးတင်ပါတယ်မောင်၊ တယ်ပြီးကောင်းတဲ့ မီးခြစ် ကလေး၊ ကျုပ်ရှေ့တွင်ခြစ်တာ ဆယ်ခါ ဆယ့်နှစ်ခါထက် မနည်းဘူး၊ ဘယ်အခါမှ မတောက်မရှိဘူး၊ တောက်တာချည်းပဲ"

(သား) "နိုင်ငံခြားလုပ် ခင်ဗျ၊ ဓစ်ပိုတဲ့ ဘယ်တော့မှ မတောက် မရှိဘူး၊ ခြစ်တိုင်း တောက်ရမယ်"

"ဟုတ်ကဲ့လား– မောင်ရယ်"

"ဟုတ်တာပေါ့ ခင်ဗျ– ဦးရှေ့တွင် ခြစ်နေတာ ဘယ်နှစ်ခါရှိပြီလဲ၊ ကျွန်တော် ပီနံကဝယ်လာတာ ဒီမှာဆိုရင် အနည်းဆုံး တစ်ရာတန်တယ်၊ တစ်ချက်ခြစ်ရင် တစ်ချက်တောက်ရမယ်၊ တစ်ချက်မှ မလွဲရဘူး"

"တယ်ဆိုပါကလား– မောင်ရယ်"

"ဆိုတာပေါ့ ခင်ဗျာ၊ ကိုယ့်ပစ္စည်း ကိုယ်ယုံကြည်တော့ ဆိုဝံ့တာပေါ့ ခင်ဗျာ"

"နို့ပေမဲ့ မောင် တစ်ခုသတိထား၊ ဘယ်အရာမျိုးဖြစ်ဖြစ် အစဉ်အမြဲ ယုံကြည်ရတယ်ဆိုတာ မရှိဘူး၊ တစ်ခါတလေ လွဲချင်လွဲတာပဲ၊ လောကမှာ သေချာတဲ့အရာရယ်လို့ ဘယ်တော့မှမရှိဘူး"

"နို့ပေမဲ့ ကျွန်တော့်မီးခြစ်ကတော့ သေချာတယ်၊ ဒီမှာကြည့်လေ –တစ် နှစ် သုံး လေး ကဲ– ဘယ့်နှယ့်လဲ"

လေးချက်စလုံး တစ်ချက်မှ မလွဲဘဲ မီးတောက်သည်ကို တွေ့မြင် ကြရ၏။

"ဟုတ်ပါတယ်– နို့ပေမဲ့ ခုတင်က ဦးပြောတဲ့အတိုင်း ကမ္ဘာပေါ်မှာ ဘယ်အရာဝတ္ထုမျိုးပဲဖြစ်ဖြစ် ဘယ်တော့မှ အစဉ်အမြဲ ယုံကြည်စိတ်ချရတယ်ဆိုတာ မရှိဘူး၊ တစ်ချက်ချက်မှာ မုချလွဲရမယ်၊ လောကမှာ လူပဲဖြစ်ဖြစ် တိရိစ္ဆာန်ပဲဖြစ်ဖြစ် အသက်မရှိတဲ့ အရာဝတ္ထုပဲဖြစ်ဖြစ် နိစ္စဓူဝ ယုံကြည်စိတ်ချရတယ်လို့မရှိဘူး ၊ ဒါဟာ ဓမ္မတာပဲ၊ မောင်ဟာ ဓမ္မတာကို လွန်ဆန်လို့ မရဘူးလို့ ဦးပြောဝံ့တယ်"

"ခက်လိုက်ပါဘိ ခင်ဗျာ၊ မျက်မြင်ကိုယ်တွေ့တောင် ဦးက ငြင်းနေသေးတာကိုး"

ထိုအချိန်၌ ပန်းချီဆရာကြီးသည် စုတ်တံကိုချလိုက်ပြီးလျှင်





ဆေးတံကို သူ၏အိတ်ထဲမှ သစ်သားမီးခြစ်ဖြင့် မီးညှိလိုက်၏။ ကားပေါ်မှ ဆင်းလာသော လူကြီးကမူ မည်မျှလောက်ကောင်းသော နိုင်ငံခြားလုပ် မီးခြစ်ပင်ဖြစ်စေ တစ်ချက်ချက်၌ အမှန်မုချ လွဲရမည်ဖြစ်ကြောင်းဖြင့် ဆက်လက်ငြင်းခုန်လျက် ရှိလေရာ လူရွယ်ကလည်း အနည်းငယ်မျှ အလျှော့မပေးချေ။

"ကျုပ်က သဘာဝကို ပြောနေတာ မောင်ရဲ့၊ မောင်မယုံဘူးလား"

"မယုံဘူး ခင်ဗျ၊ ဘာပဲပြောပြော"

"ဒါဖြင့် မောင်– လောင်းရဲရဲ့လား"

"လောင်းရဲတယ်၊ ဘယ်လို လောင်းရမှာလဲ"

"မောင့်မီးခြစ်ကို ဆယ်ချက်ဆက်ပြီး ခြစ်ကြည့်ရမယ်၊ အဲဒီဆယ်ချက်အတွင်း တစ်ချက် မီးမတောက်ဘဲနေရင် မောင်က အရှုံး၊ အားလုံး ဆယ်ချက်စလုံး မီးတောက်ရင် မောင်အနိုင်ယူပေါ့၊ ဘယ်နှယ့်လဲ၊ မောင် လောင်းဝံ့ရဲ့လား"

"လောင်းဝံ့တယ်၊ စိန်လိုက်၊ ဘာကြေးလောင်းမလဲ"

"မောင်က သဘော်သား တစ်ယောက်ဆိုတော့ ငွေလဲ များများစားစား ပါမယ်မဟုတ်ဘူး၊ မောင့်မီးခြစ်ကလည်း တန်လှရင် အလွန်ဆုံးတစ်ရာပေါ့၊ ဒီလောက်နဲ့တော့ ကလေးကစားသလို မလောင်းချင်ဘူး၊ ထိုက်ထိုက်တန်တန် ပစ္စည်းကိုလောင်းရမှ ကောင်းတာ"

"ဦးက ဘာကြေးလောင်းချင်သလဲ"

"ဦးက ရှုံးရင် ဟိုလမ်းဘေးမှာ ရပ်ထားတဲ့ ဘဲလ်အဲယားကို မောင်က ယူပေတော့"

"တကယ်လို့ ဦးက နိုင်ရင်ကော"

"မောင့် ဘယ်ဘက်လက်ညှိုးကလေးကို ဖြတ်ယူမယ်"

လူရွယ်၏မျက်နှာမှာ ရှက်ကြောက်ခြင်း၊ မခံချင်ခြင်း စသည်တို့ဖြင့် ရဲခနဲဖြစ်၍ သွား၏။ ပန်းချီဆရာကြီးပင် သူ၏အလုပ်ကို ဆက်၍မလုပ်နိုင်တော့ဘဲ စုတ်တံကို ချ၍ထားကာ သင်္ဘောသား လူရွယ်နှင့် မော်တော်ကား ပိုင်ရှင်လူကြီးတို့ ပြောသောစကားများကို စိတ်အားထက်သန်စွာ နားထောင်လျက်ရှိလေ၏။

(ရွယ်)။ ။ "စိန်လိုက်၊ အခုမှတော့ ကျွန်တော်က နောက်မဆုတ်ဘူး၊ ကျွန်တော့် မီးခြစ်ကို ၁၀ ချက်ခြစ်လို့ ၁၀ ချက်စလုံး တောက်ရင် ဦး မော်တော်ကားကို ကျွန်တော်ယူမယ်၊ ၁၀ ချက်ခြစ်တဲ့ အထဲက တစ်ချက်မတောက်ဘဲ နေလို့လွဲရင် ကျွန်တော့် လက်ညှိုးကို ဖြတ်ပေတော့"

"ကောင်းပါပြီဗျာ၊ ကျုပ် သဘောတူပါတယ်"

ထိုအခါ ပန်းချီဆရာကြီးသည် ကားပိုင်ရှင်အား-

"ကြံကြံဖန်ဖန်ဗျာ မိတ်ဆွေကလဲ၊ အလောင်းအစားလုပ်တာ လက်ညှိုးကို ဖြတ်ပေးရမယ်လို့ မတော်တာတွေ မလောင်းစမ်းပါနဲ့ မိတ်ဆွေ၊ ပိုက်ဆံကြေး လောင်းတယ်ဆိုရင် တော်သေးရဲ့၊ အခုတော့ သွေးထွက်သံယို ဖြစ်မှာကိုမှ လောင်းရသလားဗျာ"

(လူကြီး)။ ။ "ဘာဖြစ်သလဲဗျ၊ ကျုပ်ဘက်ကလဲ ကြည့်ပါဦး၊ ကျုပ်ကရှုံးရင် လေးသောင်းကျော်ပေးရတဲ့ ကျုပ်ကားရှုံးမယ်"

(ပန်းချီဆရာ)။ ။ "တော်ကြပါတော့ဗျာ၊ ဒီကမောင်ကလဲ ဒီလောက် အစွမ်းပြရရင် တော်ရောပေါ့၊ လောင်းကြေးစားကြေးတွေ လုပ်မနေပါနဲ့တော့"

(ရွယ်)။ ။ "မဟုတ်ဘူး ဆရာ၊ ကျွန်တော်က ပြောမိရင် နောက်





မဆုတ်တတ်ဘူး"

(လူကြီး)။ ။ "ကျုပ်ကလဲ ထွေးပြီးသားတံတွေး ပြန်မမျိုတတ်ဘူး"

(ရွယ်)။ ။ "ကဲ ဒါဖြင့် တစ်နေရာရာသွားကြမယ်-လာ၊ ဟောဒီက ပန်းချီဆရာကြီးကိုလည်း သက်သေအဖြစ် ခေါ်ခဲ့ရလိမ့်မယ်"

(လူကြီး)။ ။ "အဆင့်သင့်ပါပဲ မောင်၊ ကျုပ်ကားနဲ့ ကျုပ်အိမ်ကို သွားရုံပါပဲ၊ ဟိုကျတော့မှ နှစ်ဦးနှစ်ဘက် ကျေကျေနပ်နပ် ယှဉ်ပြိုင်ကြတာပေါ့၊ ဟောဒီက အနုပညာသည် ပန်းချီဆရာကြီးကတော့ မောင်နဲ့ ကျုပ်နဲ့ နှစ်ယောက်လောင်းတဲ့ ကိစ္စမှာ ဒိုင်လူကြီးလုပ်ရလိမ့်မယ်၊ ကဲ-လာကြဗျာ၊ ကားပေါ်တက်ကြပေတော့"

ပန်းချီဆရာကြီးမှာ အနုပညာသည် တစ်ဦးပီပီ လူရိုးလူအေးကြီး တစ်ယောက်ဖြစ်၍ ငြင်းခုံလောင်းစားမှုများတွင် အနည်းငယ်မျှ ဝါသနာမပါသော်လည်း နှစ်ဘက်စလုံးက ဆွဲခေါ်သဖြင့် လိုက်ပါသွားရလေတော့၏။

× × × × ×

ကားပိုင်ရှင်လူကြီးမှာ အငြိမ်းစားဆရာဝန်ကြီး ဦးစံလှထွန်းဆိုသူဖြစ်၍ ကားကြီးကို သူကိုယ်တိုင် မောင်းနှင်သွားရာ အင်းလျားကန်စောင်း တစ်နေရာသို့ ရောက်သောအခါ ကားကြီးသည် အပြာနုရောင်သုတ်ထားသော တိုက်ကလေးတစ်လုံးရှိသည့် ခြံဝင်းတစ်ခုအတွင်းသို့ ဝင်သွားပြီးနောက် ဆင်ဝင်အောက်တွင် ရပ်လေ၏။

ထို့နောက် ဆရာဝန်ကြီးလည်း ပန်းချီဆရာနှင့် သင်္ဘောသား လူရွယ်တို့အား တိုက်အပေါ်ထပ်သို့ ခေါ်သွားလေရာ ဧည့်သည်

နှစ်ယောက်တို့လည်း အပေါ်ထပ်သို့ ဘုမသိ ဘမသိ လိုက်ပါသွားကြရလေတော့၏။

အပေါ်ထပ် ဧည့်ခန်း၌ကား ကော်ဇောတစ်ချပ်ပေါ်တွင် ဆိုဖာများ ခင်းထား၍ ဆရာဝန်ကြီးသည် ဧည့်သည်နှစ်ယောက်အား အိမ်ရှေ့ ဧည့်ခန်းတွင် ခေတ္တထားခဲ့ပြီးနောက် နောက်ဖေးခန်းသို့ ဝင်သွားလေ၏။ နောက်ဖေး ခြေရင်းဘက်၌ ကျဉ်မြောင်းရှည်လျားသော အခန်းတစ်ခန်းရှိရာ ထိုအခန်းတံခါးကို ဖွင့်၍ဝင်သွားသဖြင့် ဧည့်သည်နှစ်ယောက်တို့သည် ထိုအခန်းရှိရာသို့ လှည့်၍ ကြည့်လိုက်မိကြ၏။ အခန်းမှာ ပေ ၂၀ ခန့်ရှည်လျား၍ အခန်းနံရံတစ်ဘက်ရှိ စင်များပေါ်တွင် ဆေးပုလင်းများ၊ ဖန်ဘူး ဖန်ခွက်များ၊. အရက်ပြန်မီးဖိုနှင့် ခွဲစိတ်ကိရိယာများ၊ ဖန်ပြွန်များ၊ ဓာတ်မီးလုံးများ စသော ဆရာဝန်သုံး ကိရိယာများကို တွေ့မြင်ရ၏။ အခြားနံရံတစ်ဘက်ရှိ စင်များပေါ်၌ကား စာအုပ်များဖြင့် ပြည့်နှက်လျက် ရှိလေသည်။ ပန်းချီဆရာကြီး ဦးအုန်းခင်မှာ ထိုအခန်း တည်ရှိပုံကို မြင်ရုံဖြင့် ကြက်သီးမွေးညင်းများ ထလျက်ရှိနေလေပြီ။ သဘော်သားလူရွယ်မှာမူ တစ်စုံတစ်ရာ ကြောက်စိတ်မရှိသကဲ့သို့ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကိုပင် ဓာတ်မီးခြစ်နှင့် မီးညှိ၍ သောက်နေလိုက်ချေသေး၏။

၁၀ မိနစ်ခန့်ကြာလတ်သော် ဆရာဝန် ဦးစံလှထွန်းသည် သူ၏ အခန်းထဲမှ ထွက်လာရာ ထိုအချိန်၌ကား သူသည် အင်းလျားကန်သို့ လာစဉ်ကကဲ့သို့ ဘန်ကောက်လုံချည် သက္ကလတ်အင်္ကျီဖြင့် မဟုတ်တော့ဘဲ ရှပ်အင်္ကျီအဖြူနှင့် ဘောင်းဘီရှည်ပေါ်တွင် ဆရာဝန်များ ဝတ်သည့် အင်္ကျီရှည် အဖြူကြီးကို ဝတ်ဆင်ထား၏။ ဧည့်ခန်းသို့ ရောက်လာသောအခါ သုံးဘက်တွင်ရှိနေသည့် တရုတ်ကတ် ပြတင်း





ပေါက်များကို ပိတ်လျက်ရှိလေသည်။ ထို့နောက် ဧည့်သည် နှစ်ယောက်ဘက်သို့ လှည့်၍ –

"ဒီပြတင်းပေါက်တွေ ဘာဖြစ်လို့ ပိတ်သလဲသိလား၊ ကျုပ်က ဘယ်နေရာမှာမဆို တရားမျှတမှုရှိမှ ကြိုက်တဲ့လူဗျ၊ လေက အခန်းထဲကို မကြာမကြာ တိုက်ဝင်လာတယ်၊ ဒီတော့ မီးခြစ် ခြစ်လိုက်လို့ မီးငြိမ်း သွားရင် လေတိုက်လို့ ငြိမ်းတာပါလို့ ဆင်ခြေပေးမယ် ဦးအုန်းခင်၊ ဒါကြောင့် လေမတိုက်နိုင်အောင် တရားမျှတမှုရဖို့ ကျုပ်က ပြတင်းပေါက်တွေ ပိတ်ပေးတာပါ။ ဘယ့်နှယ်လဲကွယ့် သူငယ်"

"ကျွန်တော့် နာမည် ကျော်မင်းတဲ့"

"ဘယ့်နှယ်လဲ မောင်ကျော်မင်း၊ ဦးလုပ်တာ တရားမျှတရဲ့ မဟုတ်လား"

လူရွယ်သည် စကားပြန်၍ မပြောဘဲ ဦးခေါင်းကို ညိတ်ရုံသာ ညိတ်လိုက်၏။

ဝန်။ ။ "ကဲ ကျုပ်တို့ အလုပ်စကြစို့"

ထိုအခါ ပန်းချီဆရာကြီး ဦးအုန်းခင်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ဆရာဝန်ကြီးဘက်သို့ လှည့်၍ "ဒီမှာမိတ်ဆွေ၊ ခင်ဗျား တို့နှစ်ယောက်ဟာ အရင်ကသိကျွမ်းကြတာလဲ မဟုတ်ဘူး၊ ကျုပ်ကလဲ ခင်ဗျားတို့ နှစ်ယောက်စလုံးကို ခုမှသိရတာ၊ ပြီးတော့ တစ်ယောက်နှင့် တစ်ယောက် စကားတစ်ခွန်းစီလွန်ရုံနဲ့ ဒီလောက်ကြီးကျယ်အောင် လောင်းကြေးစားကြေး လုပ်ရအောင်ဆိုတာလဲ လူကြားလို့တောင် မကောင်းဘူး၊ ကိစ္စက ဘာမှဖြစ်လောက်တဲ့ ကိစ္စမဟုတ်ဘဲနဲ့ အခုလို ဖြစ်ရတာ ကျုပ်နည်းနည်းမှ စိတ်မကောင်းဘူး၊ အခုကိစ္စမှာ တစ် ယောက် ယောက်ကတော့ မုချ ရှုံးတော့မယ်၊ တကယ်လို့ ဦးစံလှထွန်း

က ရှုံးရင် ငွေလေးသောင်းကျော်တန်တဲ့ ကားကြီးကို အလကား ပေးလိုက်ရမယ်၊ ငွေလေးသောင်းဆိုတာ ကျုပ်တို့လို ဆင်းရဲတဲ့လူမှာ တစ်သက်လုံး စားလောက်တဲ့ ငွေဗျ၊ မောင်ကျော်မင်းဘက်က ရှုံးရင်လဲ ဘာမဟုတ် တဲ့ ခဲတံမီးခြစ်ကလေးကိုစွန့်နဲ့ လက်သန်းတစ်ချောင်း သက်သက် အပြတ်ခံ ရတော့မယ်၊ ဒီတော့ ဘယ်သူကနိုင်နိုင် ဘာ အကျိုးရှိဦးမလဲ၊ စဉ်းစားကြပါဦး၊ ကျုပ်ပြောတာကလေး နက်နက်နဲနဲ စဉ်းစားကြ၊ ဒီတော့ ဆရာဝန်ကြီးက လူကြီးဖြစ်တဲ့အတွက် အလျှော့ ပေးလိုက်ပါဗျာ၊ ကျုပ် တောင်းပန်ပါတယ်"

ဝန်။ ။"အောင်မယ် ကျုပ်က ဘာပြုလို့ အလျှော့ပေးရမလဲ"

ခင်။ ။"ဒီလိုဆိုရင်လဲ မောင်ကျော်မင်းက အလျှော့ပေးလိုက်ပါ ကွယ်။

မင်း။ ။ ကျွန်တော်က ဘာဖြစ်လို့ ပေးရမလဲဗျ၊ ကျွန်တော် ရှုံးရင် ဖြတ်ပေ့စေ"

ခင်။ ။"နှစ်ယောက်စလုံး ကျုပ်တောင်းပန်တာကို နားမထောင် ကြဘူးပေါ့လေ"

ဝန်။ ။ "မထောင်နိုင်ဘူးဗျို့"

မင်း။ ။"ကျွန်တော်လဲ မထောင်နိုင်ဘူး၊ ကဲ-စကြမယ်"

ပန်းချီဆရာကြီး ဦးအုန်းခင်သည် ဧည့်ခန်းရှိ စားပွဲဝိုင်းတွင် လမ်းဘက်သို့ မျက်နှာမူ၍ ထိုင်လျက်ရှိရာ ဆရာဝန်ကြီး ဦးစံလှထွန်းနှင့် သဘော်သား မောင်ကျော်မင်းတို့က သူ၏ဝဲယာ တစ်ဘက်တစ်ချက် တွင် ထိုင်လျက်ရှိကြ၏။

ခင်။ ။"ကဲ- နှစ်ယောက်စလုံးသာ မလျှော့ဘူးဆိုရင်တော့ အလုပ်စကြစို့၊ မောင်ကျော်မင်းက မီးခြစ်ထုတ် အသင့်ပြင်ထား၊





ဒီမီးခြစ် ကလေးကို လက်နှင့်အသင့်ကိုင်ထား၊ တစ်-နှစ်-သုံး-အစဉ် အတိုင်း စက္ကန့် ၃၀ ကြာလောက်မှ ကျုပ်ကရွတ်မယ်၊ မောင်ကျော်မင်း က မီးခြစ် ကို ခြစ်ပေတော့၊ မီးတောက်ရမယ်။ ၁၀-ချက်အထိ တစ်ချက်မှ မတောက်မရှိစေရဘူး၊ ၁၀ ချက်စလုံးတောက်ရင် မောင်ကျော်မင်းက အနိုင်ရပြီ၊ ဆရာဝန် ဦးစံလှထွန်းရဲ့ ဘဲလ်အဲယား ကြီးကို ယူပေတော့၊ ဆရာဝန်ကြီးဘက်က ပြောရမယ်ဆိုရင်လဲ ကျုပ်က တစ်-နှစ်-သုံး-လို့ အချက်ပေးတဲ့အချိန်မှာ မောင်ကျော်မင်း လိုက်ခြစ်လို့ တစ်ချက်လွဲပြီး မီးမတောက်ဘူးဆိုခဲ့လို့ရှိရင် မောင်ကျော်မင်း ရဲ့ ဘယ်ဘက်လက် လက်ညှိုးကို ဆရာဝန်ကြီးက ဖြတ်ပေတော့၊ ကျုပ်ပြောတာ နှစ်ယောက်စလုံး သဘောတူကြပြီ မဟုတ်လား"

ဝန်။ ။"တူပါပြီ"

မင်း။ ။"တူပါတယ်"

ဆရာဝန် ဦးစံလှထွန်း၏ မျက်နှာမှာ ရက်စက်သည့် အမူအရာ မျိုးဖြင့် ခပ်အေးအေးပင် ရှိနေသကဲ့သို့ ရှိလေရာ မောင်ကျော်မင်း၏ မျက်နှာမှာမူ ခက်ထန်သကဲ့သို့ တင်းမာဟန်ရှိသော်လည်း မီးခြစ် ကိုင် ထားသည့် လက်မှာ မသိမသာတုန်လှုပ်လျက် ရှိလေသည်။

ခင်။ ။ "ကဲ-မောင်ကျော်မင်း အသင့်ရှိပြီလား"

"ရှိပါပြီ"

ခင်။ ။ "တစ်"

မောင်ကျော်မင်းသည် ထောက်ခနဲ တစ်ချက်ခြစ်လိုက်ရာ မီးတောက်၍ သွား၏။ စက္ကန့် ၃၀ ခန့်အကြာတွင် ပန်းချီဆရာကြီး ဦးအုန်းခင်က "နှစ်" ဟု အော်လိုက်သည်တွင် ဒုတိယအချက်ကို ခြစ် လိုက်ပြန်၏။ မီးတောက်၍ သွားပြန်၏။

ဤသို့ဖြင့် ဒိုင်လူကြီးဖြစ်သူ ပန်းချီဆရာ ဦးအုန်းခင်က တစ်ကြိမ် လျှင် စက္ကန့်သုံးဆယ်စီခြား၍ "တစ်–နှစ်–သုံး" စသည်ဖြင့် အစဉ်အတိုင်း ရွတ်ဆိုလျက် ရှိလေရာ နံပါတ် "ရှစ်" အထိ အောင်မြင်ခဲ့လေပြီ။ နောက် နှစ်ချက်သာ လိုတော့သဖြင့် လောင်းကြေးစားကြေး လုပ်သူများ၏ မျက်နှာမှာ သွေးရောင်များလျှမ်းသကဲ့သို့ ဖြစ်လာကာ ၎င်းတို့၏ အသွင်အပြင်များသည်လည်း စိတ်အားထက်သန်ခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်း စသည့်အမူအရာတို့ဖြင့် ရောပြွမ်းလျက် ရှိလေသည်။

ခင်။ ။ "ကိုး"

မောင်ကျော်မင်းသည် ထောက်ခနဲ ခြစ်လိုက်၏။

သို့သော် ထိုအချိန်၌ကား မီးမတောက်တော့ချေ။ မီးခြစ်မှာ မီးပွင့်သည် ဆိုရုံမျှသာ ပွင့်သွား၍ မီးစာကို မီးမစွဲတော့ချေ။

ထိုအခါ ဆရာဝန် ဦးစံလှထွန်းသည် တုန်ယင်သောအသံကြီးဖြင့်–

"ကျုပ်နိုင်ပြီ–ကျုပ်နိုင်ပြီ၊ နောက်ထပ်မခြစ်စေနဲ့တော့ဗျို့၊ ခင်ဗျားလူ အရပ်ခိုင်းပေတော့" ဟု အလန့်တကြား ဟစ်အော်လိုက်လေသည်။

ခင်။ ။ "မှန်ပေတယ် မောင်ကျော်မင်း၊ နဝမအချက်မှာ မောင်ကျော်မင်း မီးခြစ်က မီးမတောက်တော့ဘူး။ ဒီတော့ မောင်ကျော်မင်း ရှုံးပြီ"

မင်း။ ။ "ဟုတ်ကဲ့၊ ရှုံးပါပြီ၊ မနိုင်ရင် ရှုံးမြဲပဲ"

ဝန်။ ။ "ကဲ–မောင်ကျော်မင်း ဦးရဲ့အခန်းထဲ လိုက်ခဲ့ပေတော့၊ ဒီမှာ ဖြတ်လို့မဖြစ်ဘူး"

ဆရာဝန် ဦးစံလှထွန်းသည် သူ၏ဆေးခန်းထဲသို့ ရှေ့ဆုံးမှ





ဝင်သွားရာ မောင်ကျော်မင်းသည် ၎င်းနောက်မှ ရဲဝံ့စွာလိုက်၍ ဒိုင်လူကြီး ဦးအုံးခင်လည်း ၄င်းတို့နောက်မှ ကပ်၍ လိုက်သွားရလေသည်။

အခန်းတွင်းသို့ ရောက်သောအခါ အိမ်ရှင်ဆရာဝန် ဦးစံလှထွန်းက ညွှန်ပြသဖြင့် မောင်ကျော်မင်းမှာ လေးထောင့်စားပွဲ တစ်လုံးရှေ့ရှိ ကုလားထိုင်ပေါ်၌ ထိုင်ရပြီးလျှင် ပန်းချီဆရာ ဦးအုန်းခင်မှာမူ မနီးမဝေးရှိ ခုံရှည်တစ်ခုပေါ်တွင် ထိုင်ရလေသည်။ ဦးစံလှထွန်းသည် ဗီရိုတစ်ခုအတွင်းမှ အလျားတစ်ပေ၊ အနံရှစ်လက်မခန့်ရှိ သစ်သားပြား တစ်ခုကို ထုတ်ယူခဲ့ပြီးလျှင် လေးထောင့်စားပွဲပေါ်၌ ချထားလိုက်၏။ ထိုသစ်သားပြားပေါ်၌ကား လူ၏လက်ကို ဖြန့်ထားဘိသကဲ့သို့ လက်သန်း၊ လက်သူကြွယ်၊ လက်ခလယ်၊ လက်ညှိုး၊ လက်မ နေရာများသည် သစ်သားပေါ်တွင် သူ့နေရာနှင့်သူ အံကိုက် ထုထွင်းထားသဖြင့် သစ်သားမျက်နှာပြင်မှ အောက်သို့အတန်ငယ် ချိုင့်ဝင်လျက် ရှိနေ၏။ လက်ချောင်း တစ်ချောင်းနှင့်တစ်ချောင်း ကြားတွင်လည်း သစ်သားငုတ်ကလေး ၃–၄ ချောင်းစီ စိုက်ထူထားရာ လက်ချောင်းကလေးများကို နေရာမှ မရွှေ့လျားနိုင်အောင် ပြုလုပ်ထားခြင်း ဖြစ်ဟန်တူလေသည်။

ဆရာဝန် ဦးစံလှထွန်းသည် ဗီရိုတစ်ခုအတွင်းမှ အရက်ပုလင်းနှင့် ဖန်ခွက်ငယ်တစ်လုံး ယူခဲ့ပြီးလျှင် ဖန်ခွက်ကလေးအတွင်းသို့ ဝီစကီ ကို လက်နှစ်လုံးခန့်ထည့်၍ မောင်ကျော်မင်းအား ပေးမည်ပြုရာ မောင်ကျော်မင်းက ခက်ထန်သည့် မျက်နှာဖြင့် "ကျွန်တော့်ကို ကြောက်တယ်လို့များ ထင်နေသလား၊ တစ်ချောင်းမဟုတ်ဘူး ဆယ်ချောင်းဖြတ် လိုက်၊ ဘာမှုထိတဲ့အကောင် မဟုတ်ဘူး"

(ဝန်)။ ။"စိတ်မရှိပါနဲ့ မောင်ကျော်မင်းရယ်၊ ဖြတ်တဲ့အခါ သွေးအတော်ထွက်မှာမို့ သွေးကိုထိန်းတဲ့ သဘောနဲ့ တိုက်ရတာပါ၊ ဖြတ်ပြီးတော့ သွေးတိတ်အောင်လုပ်ပြီး အနာကို ဆေးထည့်ပေးရမယ့် တာဝန်ကလဲ ရှိပါသေးတယ်"

(မင်း)။ ။ "စကားရှည်မနေပါနဲ့ဗျာ-၊ ဖြတ်စရာရှိရင် မြန်မြန်ဖြတ်စမ်း"

သို့နှင့် ဆရာဝန် ဦးစံလှထွန်းသည် တစ်လက်မခွဲခန့်ရှိ ဆောက်ပြားကလေးတစ်ခုကို အံဆွဲတစ်ခုအတွင်းမှ ထုတ်ယူခဲ့ပြီးလျှင် ၎င်း၏လက်ယာဘက်၌လည်း တောင်ဆုပ်ခန့်ရှိ သစ်သားလက်ရိုက်ကလေးတစ်ခုလည်း ပါလာလေသည်။ ထို့နောက် ဦးစံလှထွန်းသည် မောင်ကျော်မင်း၏လက်ကို စဉ်းတီတုံးကဲ့သို့ရှိနေသည့် ပျဉ်ချပ်ပေါ်တွင်တင်ကာ လက်ငါးချောင်းကို သူ့နေရာနှင့်သူ ချထားလိုက်လေသည်။ ထိုအချိန်၌ ဒိုင်လုပ်သူ ပန်းချီဆရာကြီး ဦးအုန်းခင်မှာ ထိုအခြင်းအရာများကို မကြည့်ရက်နိုင်သဖြင့် မျက်နှာကို အခြားဘက်သို့ လွှဲ၍ထားလိုက်၏။ ဦးစံလှထွန်းသည် သင်တုန်းဓားကဲ့သို့ ထက်မြက်သော ဆောက်ပြား ကို မောင်ကျော်မင်း၏ လက်ညှိုးရင်း၌ အသာဆ၍ တင်ထားလိုက်၏။ ထို့နောက် သူသည် မိမိအမှုကိစ္စအောင်မြင်တော့မည်ဟူသော အတွေးဖြင့် မျက်နှာများ ရွှင်လန်းသကဲ့သို့ ရှိနေလေရာ မောင်ကျော်မင်းကလည်း ကြောက်ရွံ့သည့်အမူအရာဟူ၍ အနည်းငယ်မျှ မပြဘဲ မိမိ၏အပြစ်ကို ခါးစည်း၍ခံတော့မည်ဟု အံကြိတ်လျက် နေလေသည်။

ဆရာဝန် ဦးစံလှထွန်းသည် လက်ရိုက်ကို ကောက်ယူကာ ညာဖက်လက်ကို မြှောက်လိုက်၏။ သို့သော် ထိုခဏ၌ အခန်းတံခါး





သည် ချောက်ခနဲ ပွင့်သွားပြီနောက် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်သည် လက်ထဲတွင် ဒန်ရောင် ပစ္စတိုကလေးကိုကိုင်ကာ "လက်ထဲက ပစ္စည်းတွေ ချလိုက်စမ်း ကိုစံလှထွန်း၊ အခုထက်ထိ ဒီအကျင့်တွေ မဖျောက်သေးဘူးလားဟင်၊ လက်ထဲက ဆောက်နဲ့ လက်ရိုက်ကို မချရင် ရှင့်လက်ကို ပစ်ချိုးပစ်လိုက်မယ်"ဟု ဟစ်အော်လိုက်သဖြင့် ဦးစံလှထွန်းမှာ လက်ရိုက်နှင့်ဆောက်ကို ကြမ်းပေါ်သို့ ပစ်ချလိုက်ရတော့၏။ သဘောသားမောင်ကျော်မင်းနှင့် လူကြီးလုပ်သူ ပန်းချီဆရာ ဦးအုန်းခင်တို့သည်လည်း အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ ရုပ်ရည်ချောမောသည့် အမျိုးသမီး တစ်ယောက်ကို မမျှော်လင့်ဘဲ မြင်လိုက်ရသဖြင့် ပါးစပ်များကိုဟကာ အံ့အားသင့်လျက် ရှိကြလေသည်။ ဦးစံလှထွန်းမှာလည်း တရားသူကြီး ရှေ့သို့ရောက်ရှိနေသော တရားခံတစ်ယောက်ကဲ့သို့ နေရာ၌ပင် မလှုပ်မယှက်မျက်နှာကို အောက်ချလျက် ရပ်နေတော့၏။

ဝန်။ ။"မင်း သက်သက်ဝင်ရှုပ်တာပဲ စိန်စိန်၊ ဒါဟာ ငါ့အလုပ်၊ ဒါဟာ ငါ့ဝါသနာ၊ ဒါဟာ ငါ့အသက်ဆိုတာ မင်းသိတယ် မဟုတ်လား"

စိန်။ ။"သိတယ်-သိတယ်၊ ကျွန်မ သိတယ်၊ သိလွန်းအားကြီးလို့ ခက်နေတာပေါ့၊ ကျွန်မ မရှိရင် ရှင်ဒီလိုဟာမျိုး ဖြစ်လိမ့်မယ်ဆိုတာ သိတာနဲ့ ပဲခူးမှာတောင် ညမအိပ်ဘဲ ညွန့်ညွန့်တို့ကားနဲ့ ချက်ချင်း ပြန်လာခဲ့တယ်။ ဟော- အခု ကျွန်မထင်တဲ့အတိုင်း ဖြစ်နေပြီ"

စိန်စိန်ဆိုသူ အမျိုးသမီးကြီးသည် သေနတ်ကလေးကို ခါးထဲသို့ ပြန်၍ ထိုးထည့်လိုက်ပြီးလျှင် ဆရာဝန် ဦးစံလှထွန်း၏ လက်ဝဲဖက် လက်မောင်းကို ပွေ့ဖက်လျက် မိမိကိုယ်ဖြင့် ဖေးမကာ

အိပ်ခန်းရှိရာ အခြားဘက်ခန်းသို့ တွဲခေါ်သွားလေ၏။ ထို့နောက် မိမိ၏ လင်ယောကျ်ားအား ခုတင်ပေါ်၌ အသာအယာ အိပ်စေပြီးလျှင် "စိန်ပြောတာ နားထောင်နော် မောင်၊ မောင့်ကို အခု ဆေးတစ်ခွက် တိုက်ရမယ်။ ပြီးတော့ စိန်က ဆေးလဲထိုးပေးမယ်။ မောင် အသာ မှိန်းနေ၊ မောင်အိပ်ပျော်သွားပြီး နိုးလာတဲ့အခါ စိန်နှင့်အတူ မြိန်မြိန် စားရအောင် စိန်က ညစာကို အသင့်ပြင်ထားမယ်။ ရော့ ရော့ ဟောဒီ ဆေးကလေးကို သောက်လိုက်"

အမျိုးသမီးကြီးသည် အနီးရှိ ဗီရိုတစ်ခုအတွင်းမှ ပုလင်း တစ်လုံးကို လျင်မြန်စွာ ထုတ်ယူပြီးလျှင် ဆေးရည်အနည်းငယ်ကို ဖန်ခွက်ကလေး တစ်ခုအတွင်းသို့ ထည့်၍ ဦးစံလှထွန်းအား ချော့မော့ တိုက်လိုက်၏။ ထို့နောက် အခြားဗီရိုအတွင်းမှ ဆေးရည်ထည့်ထား သော ဖန်ပြွန်ငယ်တစ်ခုကိုယူကာ ၎င်းအတွင်းမှ ဆေးရည်များကို ဆေးထိုးအပ်ဖြင့် စုတ်ယူပြီးနောက် ဦးစံလှထွန်း၏ လက်ဝဲဖက် လက်မောင်းကို ထိုးလိုက်လေ၏။ ဦးစံလှထွန်းမှာ တစ်ကြိမ်မျှ တွန့်ခနဲ ဖြစ်သွားပြီးနောက် ၂-မိနစ်အကြာတွင် တစ်ခါတည်း အိပ်ပျော်၍ သွားလေတော့၏။

အဖြစ်အပျက်များမှာ လျင်မြန်လွန်းလှသဖြင့် ဦးအုန်းခင်နှင့် မောင်ကျော်မင်းတို့မှာ မျက်လုံးများပြူးကာ အံ့အားသင့်လျက် ရှိနေ ကြ၏။ အမျိုးသမီးကြီးသည် "ကဲ ရှင်တို့ပါ လိုက်ခဲ့ကြပါအုံးရှင်" ဟု ဖိတ်ခေါ်သဖြင့် ဦးအုန်းခင်နှင့် မောင်ကျော်မင်းတို့မှာ အိပ်ခန်းအထိ လိုက်ပါသွားကြရလေသည်။ ကျားတစ်ကောင်ကဲ့သို့ ယခင်က ခက်ထန် လျက်ရှိသော ဆရာဝန် ဦးစံလှထွန်းမှာ ယခုအချိန်တွင် သိုးငယ် တစ်ကောင်ကဲ့သို့ ငြိမ်သက်လျက် ရှိနေလေပြီ။

ဦးစံလှထွန်း အိပ်ပျော်၍ သွားသောအခါ ၎င်း၏ဇနီး စိန်စိန်





သည် ဧည့်သည်နှစ်ယောက်တို့အား ဧည့်ခန်းသို့ ဖိတ်ခေါ်ကာ ဆိုဖာ များပေါ်တွင် ထိုင်စေလျက် ဖြစ်ပျက်ပုံ အကျိုးအကြောင်းကို မေးမြန်း လေရာ ပန်းချီဆရာ ဦးအုန်းခင်က အင်းလျားကန်စောင်းတွင် မိမိပန်းချီ ဆွဲနေသည့် အချိန်မှစ၍ ယခုအထိ ဖြစ်ပျက်သော အကျိုးအကြောင်း များကို ခရေစေ့တွင်းကျ ပြန်ပြောလျက် ရှိလေသည်။ ပြီးဆုံးသောအခါ စိန်စိန်က သက်ပြင်းတစ်ချက်ချလျက် "သြော် လက်စသတ်တော့ ဒီလိုကိုး။ ဘာမဟုတ်တဲ့ အကြောင်းကလေးနဲ့ အခုလို စိတ်ဒုက္ခ ရောက်ကျရတာ ကျွန်မ ဝမ်းနည်းပါတယ်ရှင်။ ကျွန်မယောကျ်ားက လွန်ခဲ့တဲ့ ၄-၅-၆ နှစ်လောက်ကတည်းက သူ့စိတ်ဟာ တစ်မျိုးဖြစ်နေ တယ်ရှင့်။ လူတစ်ယောက် သွေးထွက်သံယိုဖြစ်တာကို သူမြင်ရရင် သူ့စိတ်ထဲမှာ သိပ်ပြီး ပီတိဖြစ်တယ်။ အစက သူဟာ ဆေးဝါးကုသတဲ့ ဘက်ကပါပဲ ရှင်။ နို့ပေမဲ့ သူ့မိတ်ဆွေ ဆရာဝန်တစ်ယောက်က သေနတ်ဒဏ်ရာရတဲ့ စစ်သားကလေး တစ်ယောက်ကို လက်ဖြတ်ပြီး ကုတာ သူမြင်ရတဲ့ အချိန်ကစပြီး သူ့စိတ်ဟာ ဘယ်လိုဖြစ်တယ် မသိ ပါဘူး။ ခြေချောင်း လက်ချောင်းတွေ ဖြတ်တဲ့အလုပ်မှာ ရုတ်တရက် စိတ်ဝင်စားလာပြီး "ငါဟာ ခွဲစိတ်ဖြတ်တောက်တဲ့ ဆရာဝန် မလုပ် မိတာ မှားတယ်ကွယ်"လို့ တတွတ်တွတ် ပြောနေတာပဲရှင်။ ဒီအချိန် ကစပြီး ဘယ်လူနဲ့ပဲ ဖြစ်ဖြစ် ဘယ်လိုအသေးအဖွဲ ကိစ္စမျိုးမှာပဲဖြစ်ဖြစ် လောင်းကြေးစားကြေးလုပ်၊ သူကရှုံးရင်လဲ ငါးရာ ပက်ခနဲ၊ တစ်ထောင် ပက်ခနဲ ပေးလိုက်တာပဲ။ အင်း- သူကနိုင်ရင်တော့ တစ်ဘက်သားမှာ မသက်သာဘူး မှတ်တော့၊ အနည်းဆုံး လက်ချောင်း တစ်ချောင်းတော့ ဖြတ်ရမှ စိတ်ကျေနပ်တယ်။ ဒီမှာ ကြည့်လေ၊ အကြောင်းမပါခင် သူနဲ့ လောင်းကြေးစားကြေး လုပ်မိလို့ ကျွန်မရှုံးပြီး လက်တစ်ချောင်း အဖြတ်ခံရတာ"

ဆရာဝန်ကတော်သည် ခပ်ကွယ်ကွယ်ထားသော သူ၏လက်ဝဲဖက်လက်ကို စားပွဲပေါ်သို့ တင်လိုက်လေ၏။ စိန်စိန်၏ လက်ဝဲဖက်လက်ညှိုးကလေးမှာ အရင်းမှပြတ်လျက်ရှိလေရာ လက်သန်းတွင် ဝတ်ထားသော စိန်ခြယ်လက်စွပ်ကလေးမှာ ခတ်မီးရောင်တွင် တဖိတ်ဖိတ် တောက်လျက် ရှိလေသည်။

စိန်စိန်က ဆက်လက်၍။ ။"အဲဒါသာ ကြည့်ကြပေတော့၊ သူ လက်ထပ်မယ့် မိန်းမတောင် မညှာဘူး၊ ဘာ့ကြောင့် အဖြတ်ခံရတယ်ဆိုတာတော့ ကျွန်မ ကိုယ်ရေးကိုယ်တာဖြစ်နေလို့ မပြောပါရစေနဲ့တော့ ရှင်"

(ခင်)။ ။"ကျွန်တော်တို့ကလည်း မသိချင်ပါဘူးခင်ဗျာ"

(စိန်)။ ။"ကျွန်မနဲ့ အကြောင်းပါပြီးမှ သူအနိုင်ရလို့ ဖြတ်ခဲ့တာ လက်ချောင်း(၇)ချောင်း ရှိပြီရှင့်၊ အားလုံး သူဆေးရည်စိမ်ထားတယ်"

(ခင်)။ ။"အလိုလေး- ဘုရား- ဘုရား"

(မင်း)။ ။"သိပ်ကြောက်စရာကောင်းတဲ့ လူကြီးပါကလား ခင်ဗျာ"

ထို့နောက် စိန်စိန်က ဆက်လက်၍-

"သူဟာ ပထမ လူရိုးလူကောင်း တစ်ယောက်ပါပဲရှင်၊ စကားကလဲ အင်မတန်နည်းပြီး အေးအေးနေတတ်တဲ့ လူတစ်ယောက်ပါ၊ နို့ပေမဲ့ အဲဒီအချိန်ကစပြီး ဖြတ်ချင် တောက်ချင်စိတ်တွေ ပေါ်လာတော့တာပါပဲ၊ ဒါနဲ့ ကျွန်မလဲ စိတ်ပညာဘက်ဆိုင်ရာ ပါရဂူကြီးတွေကို မသိမသာပြကြည့်တဲ့အခါ သူတို့က လူ့စိတ်ဟာ တစ်ခါတလေ ထူးထူးဆန်းဆန်း ပြောင်းလဲသွားတတ်တဲ့အကြောင်း၊ အင်မတန် ရိုးတဲ့ လူတစ်ယောက်ဟာ ခိုးချင်ဝှက်ချင်တဲ့စိတ် ရုတ်တရက် ဝင်လာတတ်ကြောင်း၊ အင်မတန် သတ္တိကောင်းတဲ့ လူတစ်ယောက်လဲ ကြောက်စိတ်





တွေ သူ့ရဲဘောကြောင်တဲ့စိတ်တွေ ဝင်လာတတ်ကြောင်း ပြောလို့သိရပါတယ်၊ အဆုံးမှာတော့ ဆန်းကြယ်တဲ့ စိတ်ရောဂါတစ်မျိုးပါပဲ၊ သူ အင်မတန် စိတ်ခက်ထန်ပြီး ဖြတ်ချင်တောက်ချင်တဲ့စိတ်တွေ ပေါ်လာတဲ့အချိန် ကျွန်မက ဖျောင်းဖျောင်းဖျဖျနဲ့ သူစိတ်ချမ်းသာအောင် ပြောလိုက် ပြန်တော့လဲ မခုတ်တတ်တဲ့ ကြောင်ကလေးလို တစ်ခါတည်း ငြိမ်ကျသွားပြန်တော့တာပဲ၊ အခုကြည့်ပါလား အိပ်ဆေးတစ်ခွက် တိုက်လိုက်တော့ အိပ်ပျော်သွားရှာပြီလေ၊ အိပ်ရာက ထလာရင် တကယ့်လူကောင်း ပကတိဖြစ်လာပြီး ရှင်တို့ကိုတောင် မှတ်မိချင်မှ မှတ်မိတော့မယ်၊ ကဲ ဒါလောက်သိရရင် ကျွန်မယောက်ျား အပေါ်မှာ ရှင်တို့ ခွင့်လွှတ်နိုင်ကြလိမ့်မယ် ထင်ပါတယ်၊ ဘယ့်နှယ်လဲ- ဒီက မောင်ကလေးကကော ခွင့်လွှတ်မယ် မဟုတ်လား"

(မင်း)။ ။"လွှတ်ပါတယ်ဗျာ၊ ဒီအထဲမှာ ကျွန်တော့်မိုက်ပြစ်လဲ ပါပါတယ်၊ ကျွန်တော့် လက်ညှိုးတစ်ချောင်း မပြတ်တာလဲ အစ်မကြီးကယ်ပေလို့သာပေါ့ ခင်ဗျာ"

ထိုအချိန်တွင် ပန်းချီဆရာ ဦးအုန်းခင်သည် နေရာမှထ၍ နှုတ်ဆက်လေရာ ဆရာဝန်ကတော် ဒေါ်စိန်စိန်ကလည်း ကျေးဇူးတင်ကြောင်း ပြောဆိုကာ နှုတ်ဆက်လေ၏။

ဤသို့ အပြန်အလှန် နှုတ်ဆက်လျက်ရှိကြစဉ် နှုတ်လျှာသွက်လက်သော သဘော်သားကလေး မောင်ကျော်မင်းက "အစ်မကြီးက ကျေးဇူးတင်စရာ မလိုပါဘူး ခင်ဗျာ၊ ကျွန်တော်ကသာ ပြန်ပြီး အစ်မကြီးကို ကျေးဇူးတင်ဖို့ ရှိပါတယ်" ဟု အားကျမခံ နောက်ဆုံး ပြန်၍ ပြောခဲ့လေသည်။

ဒဂုန်ရွှေမျှား

## အတိတ်၏ပဲ့တင်သံ

ပဲခူးမြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုရှိ ချောင်ကျသောနေရာတစ်နေရာတွင် လူမနေသော ရှေးအိမ်ကြီး တစ်ဆောင်ရှိရာ သရက်ပင်၊ ကုက္ကိုပင်၊ မန်ကျည်းပင် စသော သစ်ပင်ကြီးများ ဝိုင်းရံလျက် ရှိသဖြင့် လမ်းပေါ်မှကြည့်လျှင် အိမ်ကြီးကိုပင် မမြင်ရသလောက် ရှိလေသည်။ မြို့နှင့် မနီးသော ဆင်ခြေဖုံးလည်းဖြစ်ပြန်၊ အလွန်ကျယ်ဝန်းသော ခြံကြီးတစ်ခြံအတွင်း၌လည်းရှိပြန်၊ လူလည်းမနေပြန်သဖြင့် ရွာသားများသည် ထိုအိမ်ကြီးအနီးသို့ သွားရန်ပင် ကြောက်ရွံ့ကြ၏။ သို့သော် ထိုအိမ်ကြီးကို ကြည့်ရှုရန် မိန်းမကြီးတစ်ယောက်ကို အစောင့်အရှောက် အဖြစ် အိမ်ရှင်က ငှားထားသဖြင့် မိန်းမကြီးမှာ ထိုအိမ်၌ပင် တစ်ယောက်တည်း နေထိုင်လေသည်။





ဆောင်းဥတု၏ တစ်နေ့သော ညနေစောင်းအချိန်၌ ထိုအိမ်ကြီး၏ အိမ်ရှေ့တံခါးမကြီးမှ တံခါးခေါက်သံ ၃–၄ချက်မျှ ကြားရပြီးလျှင် "အိမ်ရှင်များ မရှိကြဘူးလားခင်ဗျာ" ဟူသော အသံတစ်သံကို ကြားလိုက်ရသဖြင့် အိမ်စောင့် ဒေါ်လှညိုသည် ဖယောင်းတိုင်တစ်တိုင်ကို ထွန်း၍ မြောက်ကိုင်ကာ အိမ်နောက်ဖေးခန်း မှ အိမ်ရှေ့ခန်းမဆောင်သို့ ခပ်သုတ်သုတ် လျှောက်လာပြီးနောက် တံခါးမင်းတုပ်ကိုမ၍ သစ်သားတံခါးကို ဖွင့်လိုက်၏။ သို့သော် အပြင်ဘက်ရှိ သံခေါက်တံခါးကို မဖွင့်သေးဘဲ တံခါးခေါက်သူ၏မျက်နှာကို အကဲခတ်ရင်း "ဘာကိစ္စပါလဲရှင်" ဟု မေးလိုက်လေသည်။

ဧည့်သည်လူကြီးသည် သူ၏ကုတ်အင်္ကျီအတွင်းမှ စာအိတ်ခပ်ရှည်ရှည်တစ်လုံးကို ထုတ်၍ပေးလျက်–

"အိမ်ကြည့်ချင်လို့ပါခင်ဗျာ"

"ဟုတ်ကဲ့"

"ဟောဒီစာက... အိမ်နဲ့ မြေယာရောင်းဝယ်ရေး ဘောဂဗလ အက်စတိတ်ထရေဒင် ကုမ္ပဏီက ဒီအိမ်ကြီးကို ကြည့်ဖို့ ကျွန်တော့်ကို လွှတ်လိုက်လို့ပါ"

"ဪ....."

"ကုမ္ပဏီက ညွှန်ကြားလိုက်တဲ့ စာပါ ပါတယ်၊ ဖတ်ကြည့်ပါ"

"ကောင်းပါပြီရှင်..... ဝင်ပါ"

ဒေါ်လှညိုသည် အနီးရှိ သံချိတ်တွင် ချိတ်ထားသော သော့တွဲကို လှမ်းယူကာ သံတံခါးတွင် တပ်ထားသည့် သော့ခလောက်ကို ဖွင့်လိုက်ပြီးနောက် တံခါးရွက် နှစ်ချပ်ကို နံဘေးတစ်ဘက်တစ်ချက်သို့ ဆွဲလိုက်၏။

အချိန်မှာ ၆–နာရီခန့်သာ ရှိသေးသော်လည်း ပြာသိုလ၏ ညနေစောင်းဖြစ်သောကြောင့် အလင်းရောင် အင်အားနည်းပါးပြီးလျှင် ပတ်ဝန်းကျင်မှ သစ်ပင်များ၏ အမှောင်ရိပ်များကလည်း ရှိနေသဖြင့် အတော်ပင် မှောင်၍နေလေပြီ။ အိမ်တွင်းသို့ ဧည့်သည်ကြီး ဝင်လာသောအခါ ဒေါ်လှညိုသည် သံတံခါးကို ပြန်၍ စေ့လိုက်ပြီးနောက် ဖယောင်းတိုင်ကို ကိုင်မြှောက်ကာ ဧည့်ခန်းရှိရာသို့ ခေါ်လာခဲ့ရာ လူကြီးလည်း ၎င်းနောက်မှ လိုက်ပါလာခဲ့လေ၏။ ဖယောင်းတိုင်မီးမှာ အပြင်မှ လေတစ်ချက် သုတ်လိုက်သည်တွင် ၎င်းတို့နှစ်ယောက် စပ်ကြား၌ အဝါရောင် တံခွန်ကြက်လျှာကလေးသဖွယ် တဖျပ်ဖျပ် လှုပ်ရှားလျက် ရှိလေသည်။ ဧည့်ခန်းတွင် ကြိမ်ကုလားထိုင်ကြီး လေးလုံးရှိသဖြင့် ဒေါ်လှညိုသည် ကုလားထိုင်တစ်လုံးကို ညွှန်ပြလျက်.....

"ထိုင်ပါရှင်..... ထိုင်ပါ"

"အခုလို အချိန်မတော်လာပြီး အနှောင့်အယှက်ပေးရတဲ့အတွက် အင်မတန် အားနာပါတယ်ခင်ဗျာ၊ ကျွန်တော်လာခဲ့ရတာ ခရီးကလဲ ဝေးပြီး မီးရထားတစ်စင်းကိုလဲ မမီလိုက်တော့ ရန်ကုန်က ပဲခူးကို မမှောင်ခင် ရောက်အောင်ဆိုပြီး တက္ကစီ တစ်စီးငှားလာခဲ့ရပါတယ်၊ ဒါကြောင့် အတော်မှောင်သွားတာပါ"

"ဟုတ်ကဲ့.... နို့ပေမဲ့ အားနာစရာ မရှိပါဘူးရှင်၊ အိမ်ကို လိုက်ပြဖို့က ကျွန်မ တာဝန်ပါ၊ ဒီလိုပဲ အိမ်ကြီးကို ငှားချင်တဲ့ လူတွေ၊ ဒီအိမ်ကြီးကို ဝယ်ချင်တဲ့လူတွေ တစ်ခါတလေ လာကြည့်ကြပါတယ်"

ဧည့်သည်ယောကျ်ားကြီးသည် အရပ်မြင့်၍ ကိုယ်လုံး ကိုယ်ထည် အတော်အသင့် ထွားကျိုင်း၏။ အသက်မှာ ငါးဆယ်ကျော်





ခြောက်ဆယ် နီးပါးခန့်ဟု ခန့်မှန်းရသော်လည်း အတော်ပင် ဖျတ်လတ် သွက်လက် ဟန် လက္ခဏာရှိ၏။ မီးခိုးရောင် ကုတ်အင်္ကျီနှင့် ဖလန်နယ် အပြာကွက် လုံချည်ကို ဝတ်ထားပြီးလျှင် သက္ကလတ် ဦးထုပ်တစ်လုံးကို ဆောင်းကာ နီညိုရောင်ရှူးဖိနပ် စသည်တို့ဖြင့် အတော်အတန် သားနားသပ်ရပ်စွာ ရှိနေလေသည်။

ဒေါ်လှညိုသည် ဧည့်သည်အား အားနာသည့်ဟန်ဖြင့်.....

"အိမ်မှာလဲ ဓာတ်မီးကမရှိတော့ ကြည့်ချင်တယ်ဆိုရင် ဖယောင်းတိုင်နဲ့ပဲ လိုက်ပြရမှာပဲ"

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ဖယောင်းတိုင်နဲ့ပဲ မြင်ရပါတယ်၊ ကျွန်တော်လာတာကလဲ မှောင်နေမှကိုး ခင်ဗျ"

"အိမ်ကြီးကတော့ ရှေးအိမ်ကြီးတစ်ဆောင်ပဲရှင့်၊ ဆောက်ထားပုံကလဲ ကျယ်ကျယ်ခံ့ခံ့ကြီး"

ဒေါ်လှညိုမှာ အသက်ငါးဆယ်ရှိပြီဖြစ်၍ ကိုယ်လုံးကိုယ်ထည် အတန်ငယ် ကြုံလှီဟန်ရှိသော်လည်း သွက်လက်ဖျတ်လတ်သော ရုပ် လက္ခဏာရှိလေသည်။ ငယ်စဉ်က ကျောင်းဆရာမ လုပ်ခဲ့ဖူး၏။ အသက်လေးဆယ်ခန့်အရွယ်တွင် လင်ယောကျ်ား သေဆုံး၍ မုဆိုးမ ဖြစ်ခဲ့ပြီးနောက် အတော်ပင် ဆင်းရဲ၍ နေခဲ့ရာ အိမ်ရှင်နှင့် ဆွေစမျိုးစ တော်သည့်အတိုင်း ဤအိမ်ကြီးကို ကြည့်ရှုရန် အိမ်ရှင်က ငှားထားခဲ့ခြင်း ဖြစ်လေသည်။ ဧည့်သည်ကြီးသည် ဖယောင်းတိုင်မီးရောင်ဖြင့် မြင်ရသည့် အိမ်ရှေ့ခန်းနှင့် ကြမ်းပြင်မှ ဖုန်များကိုလည်းကောင်း၊ မျက်နှာကြက်နှင့် ထရံထောင့်မှ ပင့်ကူအိမ်များကိုလည်းကောင်း ကြည့်ရှု ပြီးနောက်.....

"ဒါဖြင့် ဒီအိမ်ကြီးမှာ လူမနေတာ အတော်ကြာပြီလား"

"ဟိုကိစ္စ၊ အဲလေယောင်လို့၊ ဟိုတုန်းကတည်းက"

ဒေါ်လှညိုသည် စကားလွန်သွားမည်ကို စိုးသည့်ဟန်ဖြင့် ရုတ်တရက် စကားဖြတ်လိုက်ပြီးနောက် ဆက်လက်၍......

"ကျွန်မစိတ်အထင်ကတော့ ဒီအိမ်ကြီးမှာ လူမနေတာ အနှစ် ၂၀-ကျော်လောက် ရှိပြီထင်တယ်"

စကားဆက်ပြောရင်း ဖယောင်းတိုင်မီးကို မြှောက်ကာ....

"ကြည့်စမ်းပါရှင်..... ဟောဒါက ဧည့်ခန်း၊ အိမ်ထောင် ပရိဘောဂတွေကလဲ ရှေးရိုးအတိုင်း ဆိုပေမယ့် အတော်ကောင်းပါတယ်။ အုတ်နံရံတွေမှာ ကပ်ထားတာတွေကလဲ အားလုံးကျွန်းသားချည်းပဲ။ အပေါ်ထပ်ကိုတက်တဲ့ လှေကားကြီးမှာလဲ ပန်းပြောက် ပန်းနွယ်တွေနဲ့၊ ရှေးဟန်အတိုင်း ဆောက်ထားလေတော့ အတော် ခံ့ညားလှပါတယ်"

ဒေါ်လှညိုသည် စကားပြောရင်း လျှောက်သွားလျက်ရှိရာမှ ဧည့်သည်အား ရုတ်တရက် ပြန်ကြည့်လိုက်ရာ ဧည့်သည်မှာ တခိုက်ခိုက်တုန်နေသဖြင့် လက်နှစ်ဖက်ကို ပူးယှက်ကာ ပွတ်သပ်နေသည်ကို တွေ့မြင်ရ၏။

"အမှန်ကတော့ ကျွန်တော် ကားစီးလာတာ အအေးမိပြီး ကတုန်ကယင် ဖြစ်နေတာပါခင်ဗျာ၊ အင်း.... ရေနွေးကလေး တစ်ခွက်လောက်များ ရနိုင်ရင်တော့"

"ဪ... ရနိုင်ပါတယ်၊ ကော်ဖီပူပူကလေး တစ်ခွက်သောက်လိုက်ရင် နွေးသွားပါလိမ့်မယ်။ ရေနွေးအိုးတည်ထားတာကလဲ ဆူလုပါပြီ"

"ကျေးဇူးပါပဲ ခင်ဗျာ"





ဒေါ်လှညိုသည် မီးဖိုဆောင်ဘက်သို့ မဝင်မီ ဧည့်သည် ယောက်ျားကြီးအား ပြန်၍အကြည့်တွင် ဧည့်သည်ကြီးမှာ လက်ယာဘက် ခြေထောက်မ နာသဖြင့် ခြေထော့ကျိုးလျှောက်၍ လာသည်ကို တွေ့ရ၏။ အခန်းကလေးအတွင်းသို့ ရောက်သောအခါ ဒေါ်လှညိုက ကြိမ်ကုလားထိုင်တစ်လုံးကို ညွှန်ပြလျက် နေရာထိုင်ခင်း ပေးလေရာ ဧည့်သည်လည်း ကုလားထိုင်ပေါ်တွင် ထိုင်လိုက်လေ၏။ ဒေါ်လှညိုသည် အခန်းနံရံတစ်ဘက်ကို ခါးပန်းပေါ်တွင် တင်၍ထားသော အပြာနုရောင် ဖန်ပြောင်းတပ်ထားသည့် ရေနံဆီမီးအိမ်ကလေးတစ်လုံးကို ထွန်းညှိလိုက်သဖြင့် အခန်းကလေးမှာ အတော်အတန် လင်းချင်း၍ သွားလေသည်။ ထို့နောက် ကော်ဖီဖျော်ရန် မီးဖိုထဲသို့ ဝင်သွားလေ၏။

တစ်ခဏမျှကြာသောအခါ ဒေါ်လှညိုသည် ကော်ဖီတစ်ပန်းကန်ကိုကိုင်၍ ဝင်လာပြီးလျှင် ပန်းကန်ကို စားပွဲကလေးပေါ်သို့ ချပြီးနောက်...

"သုံးဆောင်ပါရှင်"

"နို့ ... ခင်ဗျားကော"

"ကျွန်မတော့ မီးဖိုထဲမှာပဲ သောက်တော့မယ်"

"ဟာ..... မဟုတ်တာခင်ဗျာ၊ ဒီစားပွဲမှာပဲ လာသောက်ပါ၊ ကြုံကြိုက်တဲ့အခိုက် စကားစမြည်လဲ ပြောရင်းပေါ့၊ ကျွန်တော့ နာမည်က မောင်ငြိမ်းမောင်လို့ ခေါ်ပါတယ်။ ခင်ဗျား နာမည်ကကော"

"မလှညိုတဲ့"

ဦးငြိမ်းမောင်သည် ကော်ဖီကို နှစ်ခြိုက်စွာ သောက်လျက် ရှိလေ၏။ ဒေါ်လှညိုသည်လည်း ကော်ဖီပန်းကန်ကို ယူခဲ့ပြီးလျှင် စားပွဲ

ကလေး၍ပင် သောက်လျက် ရှိလေသည်။

"အင်း..... အခုမှပဲ နေသာထိုင်သာ ရှိသွားတော့သဗျာ၊ ကော်ဖီကလေး ပူပူသောက်လိုက်ရတာ ကျေးဇူးတင်လိုက်တာ ဒေါ်လှညိုရေ့၊ ဒီအခန်းကလေးက တယ်နွေးတာပဲ"

"လေလုံတော့ နွေးတာပေါ့ရှင်"

"ဒေါ်လှညို ဒီအိမ်ကြီးမှာ တစ်ယောက်တည်းနေတယ်နော်"

"ဟုတ်ပါတယ်"

"မကြောက်ဖူးလား"

ဒေါ်လှညိုသည် ဦးငြိမ်းမောင်၏ မျက်နှာကို ရုတ်တရက် မော်၍ကြည့်လိုက်မိ၏။

"ကြောက်စရာမရှိပါဘူး ဦးငြိမ်းမောင်ရဲ့"

"ကျွန်တော်တော့မသိဘူး၊ တချို့လူတွေဟာ အဖော်မရှိရင် မနေတတ်ကြဘူး၊ ဒါထက် တစ်ခုမေးပါရစေအုံး၊ အနှစ်နှစ်ဆယ်အတွင်းမှာ ဒီအိမ်ကြီးကို ငှားတဲ့လူလဲ မရှိဘူး၊ ဝယ်မယ့်လူလဲ မရှိဘူးဆိုပါတော့"

"ဟုတ်ကဲ့..... လာကြည့်တဲ့လူတွေကတော့ မကြာမကြာလာပါတယ်"

"အံ့ဩစရာပဲဗျာ အင်မတန်ကောင်းတဲ့ အိမ်ကြီးပဲ၊ အခု အိမ်ရှင်က ဘယ်သူလဲ"

"ရန်ကုန်က ဒေါက်တာကျော်မင်းတဲ့ရှင့်၊ ရန်ကုန်မှာ အလုပ်လုပ်တော့ သူကိုယ်တိုင် ဒီလာမနေနိုင်ဘူးဆိုပါတော့"

"မူလက ဘယ်သူပိုင်သလဲ ဒေါ်လှညို"





ဒေါ်လှညိုသည် စဉ်းစားနေသည့်ဟန်ဖြင့် အတန်ကြာ ငြိမ်သက်လျက်ရှိနေပြီးနောက်.....

"သစ်ကုန်သည် ဦးတင်သိန်းဆိုလားပဲ....."

"ဪ... ဦးတင်သိန်းတဲ့လား၊ ဒီမယ် ဒေါ်လှညို၊ ခင်ဗျားဒီမှာ နေတာကြာပြီ၊ ဒီအိမ်ကြီးအကြောင်း ဘာမှမကြားမိဘူးလား"

"မကြားမိပါဘူးလားရှင်"

"တစ်ခါတစ်ခါ ညညမှာ ဒီအိမ်ကြီးထဲက ထူးထူးဆန်းဆန်းအသံတွေကြားရတယ်လို့ကော မထင်မိဘူးလား"

"ဟင့်အင်း..... မထင်မိပါဘူး၊ ကျွန်မ အတွေးမခေါင်ပါဘူးရှင်"

ဒေါ်လှညိုသည် ဦးငြိမ်းမောင်၏မေးခွန်းများကို 'ဘူးခါ'လျက်ရှိသော်လည်း စိတ်ထဲ၌မူ အတော်အတန် ထိတ်လန့်တုန်လှုပ်၍ လာခဲ့လေပြီ။ သူ၏ ကြောက်စိတ်ကို အချိန်ကြာမြင့်စွာ ဖုံးကွယ်ထားနိုင်ပါမည်လား။

"ကျွန်တော်မေးတာ စိတ်မရှိပါနဲ့ ဒေါ်လှညို၊ အခုလို လူသူမရှိတဲ့ အိမ်ကြီးတွေနဲ့ ပတ်သက်ပြီး လူတွေက အမျိုးမျိုး ပြောကြလွန်းလို့ပါ၊ ဒါထက် ဦးတင်သိန်းဆိုတဲ့လူဟာ အခုရှိသေးသလား"

"ဒီဟာ ကျွန်မ မပြောတတ်ဘူးရှင်၊ လူတွေကတော့ အမျိုးမျိုးပြောကြတာပေါ့၊ ဒီဟာတွေ ရှင်နားထောင်လို့ အကျိုးမရှိပါဘူး"

"မဟုတ်ဘူး ဒေါ်လှညို.....၊ ကျွန်တော် နားထောင်ချင်တယ်။ ကျွန်တော်စိတ်ဝင်စားတယ်"

ဦးငြိမ်းမောင်သည် အကယ်ပင် စိတ်ဝင်စားသည့်ဟန်ဖြင့် ဒေါ်လှညို၏မျက်နှာကိုကြည့်၍ စိတ်အားထက်သန်စွာ ပြောလိုက်လေ

သည်။

"သိရင်တောင် ပြောလို့မဖြစ်သေးဘူးရှင်....၊ အိမ်ကြည့်လာတဲ့ လူတွေကို ကျွန်မက ဒီအိမ်ကြီးအကြောင်းတွေ လျှောက်ပြောနေတယ်လို့ အိမ်ရှင်က ကျွန်မအပေါ် အထင်လွဲသွားရင် ကျွန်မ ထမင်းအိုးကွဲသွားမယ် မဟုတ်လား.....၊ ဒီအိမ်ကြီးကို မဝယ်ဖြစ်အောင် မငှားဖြစ်အောင် ကျွန်မက ကြားထဲက နှောင့်ယှက်နေတယ် ထင်မှာပေါ့"

"ကျွန်တော်လိုလူမျိုး ပြောလို့ အရေးမကြီးပါဘူးဗျာ။ ဩော်.... ဒါထက် ဒီအိမ်ကြီးရဲ့ မူလပိုင်ရှင် ဦးတင်သိန်းဟာ လူတစ်ယောက်ကို သေနတ်နဲ့"

"အလို" ဟု ဒေါ်လှညိုက အသံထွက်ကာ လန့်၍ အော်လိုက်၏။ သောက်နေသော ကော်ဖီပန်းကန်က စားပွဲပေါ်သို့ ရုတ်တရက် လန့်၍ ချလိုက်သဖြင့် ပန်းကန်လုံးနှင့် ပန်းကန်ပြား တိုက်မိသည့် အသံပင် ပေါ်ထွက်လာလေသည်။ ဒေါ်လှညိုက ရုတ်တရက် လန့်ဖျပ်သွားသည့် ဟန်ဖြင့်....

"လက်စသတ်တော့ ဦးငြိမ်းမောင်က ဒီအိမ်အကြောင်းကို သိနေနှင့်မှကို...."

"ကျွန်တော်သိတာ နည်းနည်းပါခင်ဗျာ၊ ဒေါ်လှညိုသိတာ ပြောစမ်းပါဦး"

"မပြောပါရစေနဲ့ရှင်၊ မိန်းမသားတစ်ယောက်တည်း နေရတာပါ"

"ဒါထက် ည ညမှာ အိမ်ထဲက ထူးထူးဆန်းဆန်း အသံတွေ ကြားရတယ်လို့ ပြောကြတယ်။ အဲဒါ ဘာသံတွေလဲဗျ။"

"အို.... ဒါတွေက စိတ်အထင် ပြောတာပါရှင်၊ လေတိုက်တာ ဖြစ်ချင်ဖြစ်မယ်။ တစ်ခါတလေ လေတိုက်တဲ့အသံတွေဟာ ခြေသံတွေ





လိုလို၊ လူစကားပြောသံတွေလိုလို ထင်ရတယ်။ တစ်နေရာရာမှာ ပတ္တာချောင်နေတဲ့ တံခါးတစ်ချပ်ဟာ လေပြင်းတိုးလို့ နံရံနဲ့ဆောင့်ပြီး ဒိုင်းခနဲမြည်သွားချင်သွားမယ်"

ဦးငြိမ်းမောင်သည် ကိုယ်ကို ရှေ့သို့ အနည်းငယ်ကိုင်းကာ ဒေါ်လှညို၏ စကားများကို စိတ်ဝင်စားစွာ နားထောင်လျက် ရှိလေ၏။ သူ၏မျက်လုံးများမှာ အစွဲအလမ်းတစ်ခုခု၌ အာရုံဝင်စားကာ ပြူးကြောင်ကြောင် ဖြစ်နေသကဲ့သို့ ရှိလေသည်။ ထို့နောက် ဒေါ်လှညိုအား.....

"တစ်ခါတလေ ဒိုင်းခနဲ သေနတ်ပစ်သံနဲ့တူတဲ့ အသံမျိုးကို ကော မကြားမိဘူးလား"

"သေနတ်ပစ်သံနဲ့တော့ တူပါတယ်။ နို့ပေမဲ့ ကျွန်မ မယုံပါဘူးရှင်"

"တချို့လူတွေက ဒီအိမ်ကြီးဟာ ကြမ်းတယ်လို့ ပြောကြတယ်။ ဘာကြမ်းတယ်ဆိုတာလဲ မသိဘူးလား ဒေါ်လှညို"

"အိမ်တစ်အိမ်မှာ ဝမ်းနည်းကြေကွဲစရာ အဖြစ်အပျက်တစ်ခု ဖြစ်ပြီးတဲ့အခါ လူတွေဟာ အမျိုးမျိုး ပြောတတ်ကြတယ်။ အဲဒါ ဓမ္မတာဘဲ၊ နို့ပေမဲ့ ဒီလိုပြောကြတာတွေဟာ အလကား စကားတွေပဲလို့ ကျွန်မ အောက်မေ့တယ်"

"ခင်ဗျားကိုယ်တိုင်တော့ ဒီအိမ်ကြီးမှာ ဘာမှမတွေ့ရဘူးလား"

"မတွေ့ရပါဘူးရှင်၊ မှောင်လာရင်လဲ စာကြည့်ခန်းနားကို ဘယ်တော့မှမသွားဘူး"

ဒေါ်လှညို၏အသံသည် တုန်လှုပ်၍နေလေ၏။

"စာကြည့်ခန်း ဟုတ်လား၊ အဲဒီလို အသံတွေဟာ အဲဒီအခန်းထဲက

ထွက်လာတဲ့အသံတွေ ဖြစ်ရမယ်။ မဟုတ်လား ဒေါ်လှညို၊ ဟိုအတိတ်က ဖြစ်ပျက်တဲ့..."

"အနှစ် နှစ်ဆယ် လောက်ပဲရှိမှ ဖြစ်နိုင်ပါအုံးမလားရှင်၊ မဟုတ်နိုင်တာ"

"အဲဒီ အနှစ်နှစ်ဆယ်လောက်က ဖြစ်တာလေး တစ်ဆိတ်ပြောစမ်းပါဦး ဒေါ်လှညို"

"ဒီလိုပါရှင်၊ အဲဒီအချိန်တုန်းက ဒီအိမ်ကြီးကို ပိုင်တဲ့ ဦးတင်သိန်း ဆိုတဲ့လူဟာ အဲဒီအိမ်မှာနေတယ်။ ပစ္စည်းဥစ္စာနဲ့လဲ ပြည့်စုံပြီး လူချစ် လူခင်လဲ ပေါတယ်။ နို့ပေမဲ့ တချို့ကပြောတော့ ဦးတင်သိန်းဟာ တစ်ခါတစ်ခါ နည်းနည်းစိတ်မနှံ့သလို ဖြစ်တတ်တယ်ပြောတယ်၊ ပြီးတော့ သူတင်မကဘူး၊ သူတို့မျိုးရိုးဟာလဲ မျိုးနဲ့ရိုးနဲ့လိုက်ပြီး အနည်းနဲ့အများ ရူးသွပ်တဲ့ဝေဒနာ စွဲကပ်တာချည်းပဲလို့ ပြောကြတယ်။ ဒီအခါတုန်းက ဦးတင်သိန်းဟာ အသက် ၃၀–လောက်ပဲ ရှိလိမ့်ဦးမယ် ထင်တယ်။ ပြီးတော့ သူဟာ အမဲလိုက် အင်မတန် ဝါသနာပါပြီး မြင်းလဲ အင်မတန်အစီးကောင်းသတဲ့ရှင်"

ဤနေရာတွင် ဦးငြိမ်းမောင်က ကြားဖြတ်၍–

"ဪ.... ဦးတင်သိန်းဟာ မြင်းစီးကောင်းပြီး အမဲလိုက် ဝါသနာပါသကိုး၊ ဟုတ်ကဲ့ ပြောပါအုံး ဒေါ်လှညို"

"ဦးတင်သိန်းဟာ ပုသိမ်က မြေပိုင်ရှင်တစ်ယောက်ရဲ့သမီး မခင်ကျော့ဆိုတဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ခဲ့တယ်။ မိန်းကလေးက အသက် ၁၈–နှစ် ၁၉–နှစ်အရွယ် ခေတ်ပညာတတ် အချောအလှလေးဆိုတော့ ဦးတင်သိန်းဟာ သူ့ဇနီးကလေးကို အင်မတန် ချစ်မြတ်နိုးရှာတယ်။ မျက်စိအောက်က အပျောက်မခံနိုင်အောင်





ချစ်ခင်ယုယရှာတယ်။

"ဦးတင်သိန်းမှာ ကိုဖေသန်းဆိုတဲ့ ကျောင်းနေဖက် သူငယ်ချင်း တစ်ယောက်ရှိတယ်။ သူက ဦးတင်သိန်းထက် သုံးနှစ်လောက်ငယ်တယ်။ အဲဒီလူက သစ်စက်ပိုင်ရှင် လူပျိုကြီး တစ်ယောက်တဲ့ရှင်။ ကိုဖေသန်းဟာ ရုပ်ရည်ကလဲ သန့်ပြန့်၊ ခနဂုဏ်ကလေးကလဲရှိလေတော့ မိန်းမတွေက သူ့ကို ကြိုက်ကြတယ်။ နို့ပေမဲ့ သူက ဘယ်မိန်းမမှ မယူဘူး။ ဝီစကီကလေး တမြမြနဲ့ နေရရင် ပျော်နေတာပဲတဲ့။ ဦးတင်သိန်းဟာ သစ်ကုန်သည်၊ ကိုဖေသန်းကလဲ သစ်စက်ပိုင်ရှင်ဆိုတော့ သူတို့နှစ်ယောက်ဟာ သစ်တောဘက်က အရာရှိတွေနဲ့ အကြောင်းပေါင်းသင်းပြီး သစ်တောအရာရှိတွေ သစ်တောကြိုးဝိုင်းထဲဆင်းတဲ့အခါ သူတို့နှစ်ယောက်လဲ တောထဲမှာ အမဲလိုက်လေ့ ရှိကြတယ်။ သူတို့ နှစ်ယောက်ဟာ ဝါသနာချင်းတူကြတော့ ကိုဖေသန်းဟာ ဦးတင်သိန်း တို့အိမ်ကို အမြဲဝင်ထွက်သွားလာနေရာက ဦးတင်သိန်းရဲ့ မိန်းမ မခင်ကျော့နဲ့လဲ ခင်မင်ရင်းနှီးသွားတယ်ဆိုပါတော့ရှင်။ ကိုဖေသန်းနဲ့ မခင်ကျော့တို့ဟာ မိတ်ဆွေရင်းချာ အနေမျိုးထက် တစ်စတစ်စ ပိုလာတဲ့ အခြေမျိုးကို ရောက်လာကြပါလေရော။ တချို့ကလဲ ရိုးရိုးတန်းတန်း မောင်လို နှမလို ခင်မင်ကြတယ်။ တချို့ကလဲ ဦးတင်သိန်းရဲ့ မိန်းမဟာ သစ္စာဖောက်တယ်ဆိုပြီး အမျိုးမျိုး ပြောကြသတဲ့ရှင့်၊ အို– ဘာပဲဖြစ်ဖြစ် သေတဲ့လူတွေရဲ့ အကြောင်းကို ပြောဖို့ မကောင်းပါဘူးရှင်"

ဦးငြိမ်းမောင်သည် ဒေါ်လှညိုပြောသော စကားများကို စိုက်၍ နားထောင်ရင်း စိတ်ထဲတွင် တစ်စုံတစ်ရာကို စဉ်းစားလျက် ရှိလေသည်။

(ဒေါ်လှညိုက ဆက်လက်၍) "ဒီလိုနဲ့ နေလာကြရာက အခုလို

ဆောင်းဥတု နေ့တစ်နေ့မှာ ဦးတင်သိန်းဟာ သူ့သူငယ်ချင်း ကိုဖေသန်းနဲ့အတူ တောထဲမှာ အမဲလိုက်ရင်းက မြင်းပေါ်က လိမ့်ကျပြီး ခြေထောက်တစ်ဖက် ကျိုးသွားတယ်။ သူဟာ ခြေကျိုးသွားတဲ့ အချိန်ကစပြီး သူ့စိတ်ဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတယ်။ သူဟာ အရင်ကလို ပျော်ပျော်ရွှင်ရွှင် မရှိတော့ဘူး။ စာကြည့်ခန်းထဲမှာ စာကြည့်ရင်း ဝီစကီ သောက်ရင်းနဲ့ အချိန်ကုန်နေရတော့တာပဲ။ သူ့ခြေထောက်ဟာ တဖြည်းဖြည်း ပြန်ကောင်းလာပေမယ့် အရင်ကလို မသန်တော့ဘဲ အိမ်ထဲမှာ လမ်းလျှောက်တာတောင် တုတ်ကောက်ကို အားပြုပြီး လျှောက်ရတယ်၊ အဲဒီအချိန်မှာ ဦးတင်သိန်းရဲ့ စိတ်ဟာ ဂနာမငြိမ်ဘဲ မျက်လုံးတွေက ကြောင်တောင်တောင်နဲ့ ဘာလုပ်လို့ လုပ်မှန်းမသိ၊ ဘာကိုင်လို့ ကိုင်မှန်းမသိ ဖြစ်နေတယ်။ တစ်ယောက်တည်း ရယ်ချင် ရယ်နေတယ်၊ တစ်ယောက်တည်း စကားပြောချင် ပြောနေတယ်၊ သူ့ခြေမသန်လို့ အိမ်ပြင်မထွက်နိုင်တဲ့ အချိန်ကစပြီး သူ့မယား မခင်ကျော့ဟာ သူ့ယောကျ်ားအနားကို တယ်မကပ်တော့ဘူး၊ လင်သားအပေါ် ဝတ်ကြီး ဝတ်ငယ် ပြုရမယ့်ကိစ္စတွေကို အစေခံတွေနဲ့ လွှဲထားပြီး သူကတော့ ကိုဖေသန်းနဲ့ တွဲပြီး ညကလပ်တွေတက်၊ ဖဲရိုက်၊ ပွဲသဘင်ကနဲ့ အပျော်ကျူးနေတယ်၊ ညကလပ်တွေမှာ ခေတ်ဆန်တဲ့ မိန်းမတွေနဲ့ တွေ့တော့ အတုမြင် အတတ်သင်ဆိုသလို အရက်တောင် သောက်တတ်လာတယ်လို့ ပြောကြတယ်၊ မိန်းမ တစ်ယောက်ဟာ အရက်သောက်တတ်တဲ့အထိ အကျင့်စာရိတ္တ ပျက်ပြားလာရင် ဖောက်ပြန်တဲ့ အခြေမျိုး ရောက်သွားနိုင်တာပေါ့ရှင်။ ဒီအကြောင်းကိုသိတဲ့ ဦးတင်သိန်းဟာ ကိုဖေသန်းအပေါ်မှာ မနာလို ဝန်တို ဖြစ်နေလေသလား မဖြစ်ဘူးလား ဆိုတာတော့ ဘယ်သူမှ





တပ်အပ်မပြောနိုင်ကြဘူး"

ဦးငြိမ်းမောင်သည် ဒေါ်လှညို၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ယခင်ကထက် စိတ်ဝင်စားစွာ နားထောင်လျက် ရှိလေ၏။

"အဲဒီအချိန်တုန်းက ဒေါ်လှညိုက ဒီအိမ်မှာ ရှိသလား"

"မရှိပါဘူး၊ ကျွန်မက နောက်မှ ရောက်လာပါတယ်၊ အရင်က ဒီအိမ်မှာ အလုပ်လုပ်သွားတဲ့ အစေခံတစ်ယောက်ဆီက ကျွန်မကြားရတဲ့အတိုင်း ပြောတာပါ"

"အင်း.... ဆက်စမ်းပါအုံး ဒေါ်လှညို"

"အဲဒါနဲ့ အခုလို ပြာသိုလ နေ့တစ်နေ့မှာ မခင်ကျော့ဟာ ရန်ကုန်မှာ ဝယ်စရာကလေးတွေရှိလို့ သွားဝယ်ဦးမယ်ဆိုပြီး ကိုဖေသန်းနဲ့အတူ ထွက်သွားတယ်၊ ကိုဖေသန်းက သူ့ကားကို သူမောင်းပြီး မခင်ကျော့က သူ့ဘေးမှ ယှဉ်ထိုင်သွားတယ်၊ သွားနေလိုက်တာ တစ်နေ့လုံး ပေါ် မလာကြဘူးဆိုဘဲ၊ အဲဒီနေ့မှာ ဦးတင်သိန်းဟာ စာကြည့်ခန်းထဲက ထွက်မလာဘဲ တစ်ခုခုကို အာရုံစိုက်ပြီး တွေးနေတယ်၊ ညနေစောင်းကျတော့ ဦးတင်သိန်းဟာ ခြောက်လုံးပြူး သေနတ်ကို အဝတ်နဲ့ပွတ်တိုက်ပြီး သူထိုင်နေတဲ့ ကုလားထိုင်ဘေးက စာအုပ်စင်တစ်ခုပေါ်မှာ တင်ထားလိုက်တယ်၊ မခင်ကျော့ဟာ ည၇နာရီလောက်မှ အိမ်ပြန်ရောက်လာတယ်၊ ကိုဖေသန်းလဲ ပါလာတယ်၊ အိမ်ရောက်တော့ မခင်ကျော့ဟာ အစေခံတစ်ယောက်ကို လက်ဖက်ရည် အဖျော်ခိုင်းလိုက်ပြီး ဦးတင်သိန်း ဆီကို မလာတော့ဘဲ အိမ်အပေါ်ထပ်ကို တစ်ခါတည်း တန်းတက်သွားတယ်၊ ကိုဖေသန်းဟာ ဦးတင်သိန်း ရှိတဲ့ စာကြည့်ခန်းတံခါးကို အသာဆွဲဖွင့်လိုက်ပြီး "ကိုတင်သိန်း ကျွန်တော်တော့ လမ်းတစ်လျှောက်လုံး အအေးမိလာလို့

တစ်ကိုယ်လုံး ရေခဲတုံးကျနေတာပဲဗျာ၊ ဝီစကီတစ်ခွက်လောက် သောက်ရရင်”လို့ ပြောတော့ ဦးတင်သိန်းက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ကြောင်တက်တက်မျက်နှာနဲ့ ကိုဖေသန်းကို စိုက်ကြည့်ပြီး ဝီစကီပုလင်းနဲ့ ဖန်ခွက်များထားတဲ့ ဗီရိုကို လက်ညှိုး ထိုးပြလိုက်တယ်၊ ဒီတော့ ကိုဖေသန်း ဖန်ခွက်နှစ်လုံးမှာ ဝီစကီနဲ့ ဆိုဒါထည့်ပြီး ဦးတင်သိန်းကို တစ်ခွက်ပေး၊ သူကိုယ်တိုင် တစ်ခွက် သောက်တယ်၊ ဝီစကီသောက်ကြပြီး ၂ မိနစ် ၃ မိနစ်အတွင်းမှာ နှစ်ယောက်သား စကားပြောနေကြရာက ဒေါသနဲ့ အော်ကျယ်ဟစ်ကျယ် အချီအချ ပြောနေတဲ့ အသံတွေ ကြားရသတဲ့ရှင့်၊ အဲဒီနောက် သေနတ်သံ တစ်ချက် ကြားလိုက်မိတယ်၊ သေနတ်သံ ကြားရတော့ အိမ်အစေခံလဲ စာကြည့်ခန်းအဝကို ပြေးသွားပြီး အခန်းထဲ ကြည့်လိုက်တဲ့အခါ ကိုဖေသန်းဟာ ကြမ်းပေါ်မှာ စောင်းစောင်းကလေး ခွေလဲပြီး သေနေ တာ တွေ့ရတယ်၊ ဦးတင်သိန်းကတော့ သူ့လက်မှာ ခြောက်လုံးပြူး သေနတ်ကိုင်လျက်သား ကုလားထိုင်ပေါ်မှာ မတုန်မလှုပ်ထိုင်ပြီး ကိုဖေသန်း အလောင်းကို စိန်းစိန်းကြည့်နေတာ တွေ့ရသတဲ့ရှင်”

ဒေါ်လှညိုသည် စက္ကန့်အနည်းငယ်ခန့် ရပ်နားနေလိုက်လေ၏။ ဤသို့ တိတ်ဆိတ်နေခိုက်တွင် ဦးငြိမ်းမောင်၏ အသက်ပြင်းပြင်း ရှူရှိုက်သံကို ကြားနေရလေသည်။ ဦးငြိမ်းမောင်သည် ခေါင်းကို ငိုက်စိုက်ချကာ ငုံ့၍နေသဖြင့် ဒေါ်လှညိုက သူ့မျက်နှာကို ကောင်းစွာ မမြင်ရပေ။

“ဒါပဲလား၊ ဒေါ်လှညို၊ ဒီနောက် ဘယ်လိုဘယ်လို ဖြစ်တယ် ဆိုတာ ဆက်ပြောစမ်းပါအုံး”

“ဒီအမှုကို ရုံးတင်စစ်ဆေးတဲ့အခါ ဦးတင်သိန်းသူ့မှာ အပြစ် မရှိကြောင်း လျှောက်ထားတယ်။ သူပြောပုံက ဒီလိုဖြစ်တဲ့အချိန်မှာ





သူ့စိတ်ဟာ သတိကင်းလွတ်နေပြီး ဘာလုပ်မိမှန်း မသိဘူးတဲ့၊ စာကြည့်ခန်းထဲကို ကိုဖေသန်းဝင်လာတဲ့အချိန်နဲ့ အစေခံဝင်လာပြီး အလောင်းကို ငုံ့ကြည့်နေတဲ့အချိန်စပ်ကြားမှာ ဘာတွေဖြစ်တယ်ဆိုတာ လုံးဝ မမှတ်မိဘူးလို့ ပြောတယ်။ သူ့ရှေ့နေက တရားခံဟာ စိတ်နောက်နေတဲ့ အတွက် ဒီပြစ်မှုကို မရည်ရွယ်ဘဲ ကျူးလွန်မိတာသာ ဖြစ်ပါတယ်လို့ဆိုတဲ့အကြောင်း လျှောက်ထားတယ်။ နို့ပေမဲ့ နောက်ဆုံးမှာ တရားသူကြီးက တရားခံဟာ အပြစ်ရှိတယ် ဆုံးဖြတ် လိုက်တယ်။ ဒါပေမဲ့ တရားခံရဲ့ ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တကို သက်ညှာတဲ့ ပြစ်ဒဏ်လျှော့ပေါ့ပေးသင့်တယ်ဆိုပြီး ဦးတင်သိန်းကို သေဒဏ်အစား ထောင်တစ်သက် အပြစ်ပေးလိုက်တယ်”

ဦးငြိမ်းမောင်သည် သက်ပြင်းတစ်ချက်ချလိုက်၏။ ဒေါ်လှညို က ဆက်လက်၍...

“ထောင်တစ်သက်ဆိုပေမယ့် အနှစ်နှစ်ဆယ်ပဲ ခံရတယ်ပြော တယ်။ ပြီးတော့ အကျင့်စာရိတ္တကောင်းကောင်းသလို လျှော့ရက်တွေ ဘာတွေရှိသေးသတဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်ကဆိုတော့ လွတ်လောက်ရောပေါ့။ ဒါမှမဟုတ်လဲ စိတ်ဖောက်ပြန်လို့ စိတ္တဇ ဆေးရုံပဲ ပို့ထားရသလား မပြောတတ်ဘူး”

“ဒီအမှုကို ဦးတင်သိန်း ကျူးလွန်တယ်လို့ ခင်ဗျားထင်သလား”

“မထင်လို့ ဘယ်နှယ်လုပ်မလဲရှင့်၊ ဒီစာကြည့်ခန်းထဲမှာ သူတို့ နှစ်ယောက်ကလွဲလို့ ဘယ်သူမှမရှိဘဲ”

ဦးငြိမ်းမောင်သည် သူ၏တုတ်ကောက်ကို ကြမ်းပေါ်သို့ ထောက်လျက် ထိုင်ရာမှ ထလိုက်၏။ ဖြူရော်သော သူ၏မျက်နှာမှာ ချွေး ကလေးများပင် စို့၍နေတော့၏။ မျက်လုံးများမှာလည်း

တစ်ရုံတစ်ခုသော စိတ်တက်ကြွမှုကြောင့် မီးထွက်လုမတတ် တောက်ပြောင်လျက် ရှိလေသည်။

"ကျွန်တော်ပြောဝံ့တယ်၊ ဦးတင်သိန်းဟာ ဘယ်နည်းနဲ့မှ ဒီပြစ်မှုကို ကျူးလွန်တယ်လို့ ကျွန်တော်မယုံကြည်ဘူး။ ဒီလူ့အကြောင်း ကျွန်တော်ကောင်းကောင်းသိတယ်။ ကလေးဘဝ ကျောင်းသားဘဝ ကတည်းက လူကြီးဘဝအထိ ကျွန်တော်သိတယ်။ လူသတ်မှုတစ်ခုကို ဘယ်နည်းနဲ့မှ ကျူးလွန်နိုင်အောင် ဆိုးသွမ်းတဲ့လူ မဟုတ်ဘူး၊ ပြီးတော့ ခင်ဗျားပြောသလို လူတွေက ဦးတင်သိန်းဟာ အရူးရောဂါ ရှိတယ် ဆိုတာလဲ မဟုတ်ဘူး။ ရူးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ဒီအမှုကို သူကျူးလွန်နိုင်စရာအကြောင်းလဲ မရှိဘူး။ သူ့မယားကို သူ အင်မတန်ချစ်တယ်။ သူ့သူငယ်ချင်း ကိုဖေသန်းကိုလဲ အင်မတန် ချစ်တယ်"

ဦးငြိမ်းမောင်သည် ခေတ္တမျှ ရပ်နားလိုက်ပြီးနောက် အသံကို ယခင်ကထက်နှိမ့်လျက်...

"ဒီမယ်ဒေါ်လှညို၊ ကျွန်တော်ပြောဦးမယ်၊ ဦးတင်သိန်းဟာ အနှစ်နှစ်ဆယ်လုံးလုံး ထောင်ထဲမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ ဒုက္ခခံနေရတဲ့အချိန်အတွင်းမှာ သူ့အရင်ကတွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်တွေကို ဘာတစ်ခုမှ မမှတ်မိတော့ဘူး၊ လုံးလုံးသတိမရတော့ဘူး၊ ဒီတော့သူ့မှာ အပြစ်ရှိတယ် မရှိဘူးဆိုတာလဲ မသိတော့ဘူးပေါ့"

ဒေါ်လှညိုသည် ဦးငြိမ်းမောင်ပြောသောစကားများကို မဝေခွဲနိုင်သကဲ့သို့ ရှိလေ၏။

"ဒါထက် ရှင်ကဒီကို ဘာကြောင့်လာရတာလဲ ဦးငြိမ်းမောင်၊ တကယ်တော့ ရှင်ဒီအိမ်ကြီးကို ငှားလဲမငှားချင်ဘူး... ဝယ်လဲမဝယ်





ချင်ဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ နို့ပေမဲ့ ကျွန်တော်စုံစမ်းစရာရှိလို့ လာတာပေါ့"

"ဘာစုံစမ်းမှာလဲ"

"ဒီအိမ်ကြီးက စာကြည့်ခန်းထဲမှာ လူသတ်မှုဖြစ်တယ်၊ အဲဒီအချိန်ကစပြီး ဒီအခန်းထဲက ညညမှာ ထူးထူးဆန်းဆန်း အသံတွေ ကြားရတယ်၊ ဘာတယ်လို့ လူတွေက ပြောနေကြတယ် ဒီအခန်းထဲမှာ ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ဘုရားပဲသိမယ်။ အသက်ရှင်နေတဲ့ လူ မှန်သမျှတော့ ဘယ်သူမှ မသိဘူး။ ပြီးတော့ အဲဒီအသတ်ခံရတဲ့ ကိုဖေသန်းဟာ ညမှောင်လာရင် ဒီစာကြည့်ခန်းထဲကို ပြန်လာတတ်တယ်ဆိုတဲ့ သတင်းလဲ ကြားရတယ်။ အဲဒါမှန်မမှန်ကို ကျွန်တော် အခုစုံစမ်းဖို့လာတာပဲ။ အဲဒီလိုစုံစမ်းဖို့က တစ်နည်းပဲရှိတယ်။ စာကြည့်ခန်းထဲကို ကျွန်တော်ကိုယ်တိုင်ဝင်..."

ဒေါ်လှညိုသည် ဦးငြိမ်းမောင် စကားမဆုံးမီ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီးနောက် ဦးငြိမ်းမောင်နှင့် စာကြည့်ခန်းတံခါးဝ စပ်ကြားတွင် ကာဆီး၍ နေလိုက်လေသည်။

"ကျွန်မ ရှင့်ကို စာကြည့်ခန်းထဲဝင်ဖို့ ခွင့်မပြုနိုင်ဘူး"

"ကျွန်တော်မနေနိုင်ဘူး သွားရမယ်... ကိုဖေသန်း မလာမချင်း အဲဒီမှာ ကျွန်တော်စောင့်နေမယ်"

"ရှင်ရူးနေသလား"

"ရူးတယ်ပဲပြောပြော ကောင်းတယ်ပဲပြောပြော ကျုပ်တော့ဝင်ပြီး စုံစမ်းရမှာပဲ"

(ဒေါ်လှညိုက လေသံပျော့ပျော့ဖြင့်) "မလုပ်ပါနဲ့ရှင် အိမ်ရှင်သိသွားရင် ကျွန်မဒုက္ခရောက်သွားပါလိမ့်မယ်၊ ကျွန်မကိုသနားလို့

ပေးထားတဲ့ အလုပ်ကလေး တစ်ခါတည်း ပြုတ်သွားပါလိမ့်မယ်"

"အို… အိမ်ရှင်မသိနိုင်ပါဘူး၊ ခင်ဗျားအလုပ်ပြုတ်ရင် ခင်ဗျားကို ကျူပ်လျော်ကြေးပေးမယ်၊ အလုပ်လဲရှာပေးဦးမယ်… ပြီးတော့၊ အခုလောလောဆယ် ကျွန်တော့်ကို စာကြည့်ခန်းထဲဝင်ဖို့ အခွင့်ပေးရင် ခင်ဗျားကို ကျွန်တော်က ကျေးဇူးဆပ်တဲ့အနေနဲ့ ငွေပေးဦးမယ်"ဟု ဦးငြိမ်းမောင်သည် ပြောပြောဆိုဆို သူ၏ဘလေဇာကုတ်အင်္ကျီ အတွင်းအိတ်မှ ငွေစက္ကူထုပ်ကြီး တစ်ထုပ်ကို ဆွဲထုတ်လိုက်ပြီးလျှင် စားပွဲပေါ်သို့ ပစ်တင်လိုက်လေ၏။

"ခင်ဗျား ဘယ်လောက်လိုချင်သလဲပြောစမ်း… တစ်ရာ ယူမလား နှစ်ရာယူမလား သုံးရာယူမလား"

ဒေါ်လှညိုသည် ရုတ်တရက်တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ၎င်း၏ မျက်လုံးများသည် စားပွဲပေါ်ရှိ ငွေစက္ကူထုပ်ပေါ်သို့ ကျရောက်လျက်ရှိလေ၏။

ဦးငြိမ်းမောင်သည် ငွေစက္ကူထုပ်ကို ဖြေလျက် နှစ်ဆယ်တန် ၁၀ ရွက်ကို ထုတ်ယူလိုက်ပြီးနောက်…

"ရော့… ဒေါ်လှညို ဟောဒီမှာ ငွေနှစ်ရာ၊ ခင်ဗျားကိုပေးပါတယ် ယူပါ… ကျွန်တော်စာကြည့်ခန်းကို သွားမယ်"ဟု ပြောရင်း ငွေစက္ကူများကို ကမ်းပေးလိုက်ရာ၊ ဒေါ်လှညို၏ လက်ချောင်းများသည် ငွေစက္ကူများကို ဆုပ်ကိုင်မိလျက်သား ရှိနေလေ၏။

"စာကြည့်ခန်းထဲမှာ စားပွဲကုလားထိုင်ရှိရဲ့လား"

"စားပွဲတစ်လုံးနဲ့ ကုလားထိုင်တစ်လုံးပဲရှိတယ်၊ စားပွဲတင် မီးအိမ်တော့မရှိဘူး၊ ဟိုအရင်တုန်းကတော့ အိမ်ထောင်ပရိဘောဂ စုံစုံလင်လင်ပါပဲ"





"ဒါဖြင့် အခန်းထဲမှာ မီးအိမ်မရှိရင်လဲ ကျွန်တော့်ကို ဖယောင်းတိုင် ၂ ထုပ်နဲ့ မီးခြစ်တစ်လုံးပေးပါ… ဩော်– ဒါထက် ဝီစကီကလေးများ ရနိုင်ရင်တော့…"

ဒေါ်လှညိုမှာ ငွေ၏တန်ခိုးဖြင့် ဦးငြိမ်းမောင်အပေါ်တွင် စေတနာထက်သန်၍လာရာ တစ်ခဏမျှတွေနေပြီး တစ်စုံတစ်ခုကို သတိရသည့်အနေဖြင့်…

"ဝီစကီဆိုလို့ ဟိုတလောတုန်းက အိမ်ပိုင်ရှင် ဒေါက်တာကျော်မင်းနဲ့ သူ့ သူငယ်ချင်း သုံးလေးယောက် ဒီအိမ်ကိုလာကြတယ်၊ ပျော်ပွဲစားထွက်ရင်းဆိုသလို ရောက်လာကြတယ်၊ သူတို့မှာ ဝီစကီသုံးပုလင်းနဲ့ ဘီယာ တစ်သေတ္တာပါလာတယ်၊ စားစရာတွေလဲစုံလို့ပါပဲ၊ သူတို့သောက်စားလိုက်ကြတာ ဘီယာသေတ္တာတစ်လုံး ကုန်တာပဲ၊ ဝီစကီသုံးလုံးမှာ နှစ်လုံးကုန်သွားပြီး တစ်လုံးတော့ ကျန်ရစ်ခဲ့တယ်"

"အဆင်သင့်လိုက်လေ ဒေါ်လှညိုရယ်… ကျေးဇူးပါပဲ၊ အဲဒီဝီစကီတစ်လုံး ကျွန်တော့်ကို ရောင်းပါ။ အခုတစ်ခါတည်း ယူခဲ့စမ်းပါနော်…ရော့ငွေ"

ဦးငြိမ်းမောင်သည် ပိုက်ဆံကို တွက်မနေတော့ဘဲ ဒေါ်လှညိုလက်သို့ နှစ်ဆယ်တန်တစ်ရွက် ထည့်လိုက်ပြန်လေ၏။ ဒေါ်လှညိုသည် ခေတ္တမျှ ငိုင်၍နေပြီးနောက် သက်ပြင်းတစ်ချက် ချလိုက်သံကို ကြားလိုက်ရ၏။ ဒေါ်လှညိုသည် တစ်စုံတစ်ရာ ပြန်၍မပြောဘဲ စိတ်စက်လေးလံသည့်ဟန်ဖြင့် လှည့်၍ထွက်သွားပြီးလျှင် ကြောင်အိမ်အတွင်းမှ ဝီစကီ ပုလင်းနှင့် ဖန်ခွက်၊ ဖယောင်းတိုင် ၂ ထုပ်နှင့် မီးခြစ်တစ်လုံးကို ထုတ်ယူပြီးလျှင် ဦးငြိမ်းမောင်လက်သို့ ကမ်းပေး

လိုက်လေ၏။

"ဝီစကီပုလင်းကို တစ်ခါတည်း ဖောက်လိုက်စမ်းပါဒေါ်လှညို"

"ဩော်... ဟုတ်သားပဲ"

ဒေါ်လှညိုသည် ကြောင်အိမ်ပေါ်ရှိ ပုလင်းဖောက် ကိရိယာကို လှမ်းယူကာ ဝီစကီပုလင်းကို ဖွင့်ပေးလိုက်ပြီးနောက် ပုလင်းဘူးဆို့ကို အသာအယာပြန်၍ပိတ်ကာ ဦးငြိမ်းမောင်လက်သို့ ပုလင်းကို ပေးလိုက်လေသည်။

ပုလင်းရရှိသည်နှင့် တစ်ပြိုင်နက် ဦးငြိမ်းမောင်သည် ဒေါ်လှညိုကို ကျောခိုင်းပြီးနောက် ဖန်ခွက်ထဲသို့ ဝီစကီလက်နှစ်လုံးခန့်ကို လောင်းထည့်ကာ တစ်ခါတည်း မော့ချလိုက်လေ၏။

"ဒေါ်လှညိုကို အားနာပါတယ်ခင်ဗျာ... ကျွန်တော်ဟာ အမျိုးသမီးတစ်ယောက်ရှေ့မှာ အရက်မသောက်တတ်ပါဘူး၊ အခုတော့ မောလာပြီး အားအင်ကုန်ခန်းနွမ်းနယ်လွန်းလို့ပါ"

"အားနာစရာ မရှိပါဘူးရှင်... သောက်ပါ၊ ကဲ အခန်းထဲသွားကြစို့"

ဒေါ်လှညိုသည် မီးထွန်းညှိထားသော ဖယောင်းတိုင်တစ်တိုင်ကို ကိုင်ကာ ရှေ့မှလျှောက်သွားလေရာ ဦးငြိမ်းမောင်လည်း ၎င်း၏ တုတ်ကောက်ကြီးကို ကြမ်းပေါ်သို့ထောက်ရင်း ခြေထောက်နင်းနင်းကာ ခပ်ဖြည်းဖြည်း လိုက်သွားလေ၏။

အိမ်ကြီးမှာ မည်းမှောင်တိတ်ဆိတ်လျက်ရှိ၏။ ပတ်ဝန်းကျင်၌ ဆောင်းလေသည် တသုန်သုန်တိုက်ခတ်လျက်ရှိရာ၊ သစ်ပင်များမှ သစ်ရွက်များမှာ တရှဲရှဲ မြည်လျက်ရှိ၏။ ဒေါ်လှညိုနှင့် ဦးငြိမ်းမောင်တို့သည် မီးဖိုခန်းမှဖြတ်လျက် အခြားအခန်းများ၏ စပ်ကြားစင်္ကြံလမ်း





များမှ လျှောက်သွားလျက်ရှိကြရာ၊ ၎င်းတို့၏ခြေသံများသည် တရှပ်ရှပ် အသံများ ဖြစ်စေလျက်ရှိ၏။ လှုပ်ရှားလျက်ရှိသော ဖယောင်းတိုင်မီးရောင်တွင် ပုံသဏ္ဌာန်ကင်းမဲ့သော အရိပ်ကြီးများသည် အိမ်ကြီး၏ နံရံ၌ ပြေးလွှားနေဘိသကဲ့သို့ ရှိနေလေသည်။ တစ်ချက် တစ်ချက် ပေါ်ထွက်လာသော အိမ်မြှောင်စုတ်ထိုးသံများသည် လည်းကောင်း၊ အိမ်ကြီး၏ အပြင်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်မှ ဇီးကွက်တစ်ကောင်၏ အော်မြည်သံသည်လည်းကောင်း၊ အဝေးရှိ ယာတဲတစ်ခုမှ ကလေးငယ်တစ်ယောက်၏ ငိုသံသည်လည်းကောင်း ညဥ့်၏သဘာဝကို ပိုမို လေးနက်စေ၏။

စာကြည့်ခန်း၏ တံခါးအနီးသို့ အရောက်တွင် ဦးငြိမ်းမောင်၏ ခြေလှမ်းများသည် ပို၍ လျင်မြန်လာပြီးနောက် မကြာမီ ရှေ့မှ သွားနေသော ဒေါ်လှညိုအား ကျော်တက်ကာ ရှေ့သို့ ရောက်သွားလေ၏။ ဦးငြိမ်းမောင်သည် စာကြည့်ခန်းသို့ ယခင်က ရောက်ဖူးသည့် လက္ခဏာဖြင့် အခန်းတွင်းသို့ တန်းဝင်သွားပြီးလျှင် တံခါးအနီး၌ရပ်ကာ မီးရောင်ကို စောင့်နေလေသည်။ အနီးသို့ ဒေါ်လှညို ရောက်လာသော အခါ ဦးငြိမ်းမောင်သည် တံခါးလက်ကိုင်ဖုကိုကိုင်ကာ တံခါးကို တွန်းဖွင့်လိုက်လေသည်။

အခန်းမှာ ရှင်းလျက်ရှိ၏။ စာအုပ်စင်များတွင်ကား စာအုပ်များ မရှိတော့ပေ။ စာကြည့်ခန်းတံခါးနှင့် မျက်နှာချင်းဆိုင်နံရံဘေးတွင် စားပွဲတစ်လုံးနှင့် လက်တင်ကုလားထိုင်တစ်လုံးရှိ၍ ကုလားထိုင်မှာ စာကြည့်ခန်းတံခါးကို မျက်နှာမူလျက် ရှိလေသည်။

ဦးငြိမ်းမောင်သည် အခန်းတွင်းသို့ ဝင်မိသောအခါ အခန်းတံခါးနှင့် ပိတ်ထားသော ပြတင်းပေါက်တစ်ခုစပ်ကြားရှိ နံရံ၌ ကပ်ထား

သော ကျွန်းပျဉ်ပေါ်တွင် တစ်စုံတစ်ရာ တွေ့လိုတွေ့ငြား ရှာဖွေသည့် ဟန်ဖြင့် ရှာဖွေလျက် ရှိလေသည်။

"ဟော.... ဒီပျဉ်ပြားပေါ်မှာ အပေါက်တစ်ပေါက် တွေ့ရတယ်"

ဦးငြိမ်းမောင်က နံရံပေါ်ရှိ အပေါက်ငယ်ကို ဖယောင်းတိုင်မီးဖြင့် မြှောက်ကြည့်ရင်း ဒေါ်လှည်ိအား ခပ်ကျယ်ကျယ် လှမ်းပြောလိုက်၏။ ဒေါ်လှညိုမှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားလျက်....

"ဟုတ်ကဲ့... ကျည်ဆန်ထိသွားတဲ့ အပေါက်ပဲ၊ ကျည်ဆန်ဟာ ကိုဖေသန်းရဲ့ လည်မျိုကို ဖောက်သွားပြီး အဲဒီနံရံ..."

"ဟုတ်တယ်၊ ကျွန်တော်သိပါတယ်"

ဦးငြိမ်းမောင်သည် စားပွဲဆီသို့ လျှောက်သွားပြီးလျှင် ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်၏။ ထို့နောက် လက်ထဲတွင် ကိုင်ထားသော ဝီစကီပုလင်းနှင့် ဖန်ခွက်ကို စားပွဲပေါ်သို့ တင်ထား လိုက်လေသည်။ ဦးငြိမ်းမောင်က ကတုန်ကယင် အသံကြီးဖြင့်...

"ဟို... လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်တုန်းက အခုလို အင်မတန် ချမ်းတဲ့ ညနေချမ်း ညဥ့်ဦးယံ ကျွန်... ကျွန်တော်ဟာ အခုထိုင်နေတဲ့ ကုလားထိုင်မှာ ထိုင်နေခဲ့တယ်..."

ဒေါ်လှညိုသည် မျက်လုံးများပြူးလျက်...

"ရှင်...ဟုတ်လား၊ လူသတ်သမား ဦးတင်သိန်းဆိုတာ ရှင်လား"

"ကျွန်တော်ဟာ ဦးတင်သိန်းပဲဖြစ်ဖြစ်၊ ဦးငြိမ်းမောင်ပဲ ဖြစ်ဖြစ် အခုမှတော့ မထူးတော့ပါဘူး ဒေါ်လှညို၊ ကျွန်တော်ဟာ လူသတ် သမား ဟုတ် မဟုတ်ဆိုတာ ဘုရားသိပါတယ်။ အခုလဲ ကျုပ်တို့ သိရတော့မှာပဲ။ ကျွန်တော်ကိုယ်တိုင် အဲဟိုညက ဖြစ်ပျက်ခဲ့တာ အမှန်ကို သိချင်နေတာကြာပြီ။ ဒီညတော့ ဒိဋ္ဌသိရတော့မှာပဲ။ ကဲ...





ဒေါ်လှညို ခင်ဗျား အလုပ်ပြီးပါပြီ၊ ခင်ဗျားသွားနိုင်ပါပြီ"

ဒေါ်လှညိုသည် မီးဖိုခန်းနောက်ဘက်ရှိ သူ၏အခန်းကျဉ်း ကလေးရှိရာသို့ ခပ်သုတ်သုတ်ပြန်လာခဲ့လေ၏။ သို့သော် သိချင်ဇော နှင့် စိတ်၏ပြင်းထန်စွာ လှုပ်ရှားမှုတို့ကြောင့် စာကြည့်ခန်းပြင်ဘက်သို့ တစ်ဖန်ပြန်လာခဲ့ပြီးလျှင် အခန်းတွင်းမှ ဦးငြိမ်းမောင်အသံကို နားစွင့် လျက်ရှိလေ၏။

တစ်ယောက်တည်း အခန်းတွင်း၌ ကျန်ရစ်ခဲ့သော ဦးငြိမ်းမောင် သည် ဝီစကီကို ဖန်ခွက်ထဲသို့ လက်လေးသစ်ခန့်ထည့်ကာ တဖြည်း ဖြည်း အရသာခံလျက် သောက်နေလေ၏။ သို့နှင့် ဝီစကီ၏အရှိန် ကြောင့် သွေးများတက်ကြွလာပြီးလျှင် မျက်နှာသည် နီမြန်းလျက် မျက်လုံးများ သည်လည်း စူးရှတောက်ပြောင်၍ လာတော့၏။ သူသည် ကုတ်အင်္ကျီ၏ အတွင်းအိတ်တွင် ဝှက်ယူလာခဲ့သော ခြောက်လုံးပြူး သေနတ်ကို ထုတ်ယူကာ စားပွဲပေါ်တွင် တင်ထားလိုက်၏။ ထို့နောက် ပါးစပ်မှ တစ်စုံတစ်ရာ ရေရွတ်လျက်ရှိရာ ဒေါ်လှညိုသည် အောက်ပါ အသံများ ကြားရ၏။

"သူငယ်ချင်းရေ၊ ဟော့ကောင် ငါဒီမှာလေ၊ မင်းကိုလာစောင့် နေတယ်။ မင်းဝိညာဉ်ဘယ်ရောက်နေတယ်ဆိုတာတော့ ငါမသိဘူး။ မင်းကိုငါသေနတ်နဲ့ ပစ်မိသလား မပစ်မိဘူးလားဆိုတာ ငါမသိဘူး။ သတိလဲမရဘူး။ အဲဒီတုန်းက ငါ့စိတ်ဟာဘယ်လိုဖြစ်နေတယ် မသိ ဘူး။ မှောင်ထဲမှာ ဘာမှမမြင်ရသလို ငါ့အသိဟာလဲ ဘာမှမမြင်ရဘူး။ ထောင်ထဲကို ငါရောက်ပြီးတဲ့ နောက်အနှစ် ၂၀လုံးလုံး ငါ့စိတ်ဟာ ခဏကလေးမှ ငြိမ်းချမ်းမှုကိုမရခဲ့ဘူး။ ကဲ... ဒီတော့ မင်းခဏ ပြန်လာစမ်းပါကွာ၊ ငါအမှားမှားအယွင်းယွင်း လုပ်ခဲ့မိရင်လဲ ငါ့ကို

ရှင်းပြစမ်းပါ။ ဖေသန်း၊ မင်းကို ငါခေါ်နေတယ်လေ၊ လာပြီး ရှင်းပြစမ်းပါကွ"

ဦးငြိမ်းမောင်၏အသံမှာ တစ်ခါတစ်ရံ နိမ့်၍သွားပြီးလျှင် ခေတ္တမျှ ငြိမ်သက်သွားလေ၏။ မိနစ်အနည်းငယ်မျှ ကြာသောအခါ တစ်ဖန် ထွက်ပေါ်လာပြန်၏။ ထိုအချိန်၌ကား ဦးငြိမ်းမောင်အသံမှာ တုန်တုန်ယင်ယင် ရှိနေရုံမျှမက ငိုသံပါလျက်ပင် ရှိနေလေသည်။

"ဟေ့ ဖေသန်း၊ မင်းနဲ့ငါဟာ အင်မတန်ချစ်တဲ့ သူငယ်ချင်းပါကွာ၊ ငါသာ အဲဒီတုန်းက အသိအမြင်ရှိရင် မင်းကို ဒီလိုပစ်သတ်ရက်ပါ့မလား သူငယ်ချင်းရယ်၊ ဩော်... နည်းနည်းတော့ သတိရလာပြီဟေ့၊ အခန်းထဲမင်းပြန်ဝင်လာတဲ့ညက မင်းဟာ ပန်းနုရောင်ဘန်ကောက် လုံချည်နဲ့ စပို့တင်းကုတ်ဝတ်ထားတယ်။ မင်းတို့ကား ရောက်လာပြီး မခင်ကျော့နဲ့ ဆင်ဝင်အောက်မှာ ခဏစကားပြောနေကြသေးတယ် မဟုတ်လား။ မင်းတို့နှစ်ယောက်သား ခဏရယ်မောနေကြသေးတယ် လေ၊ အင်း... အင်း... နည်းနည်းတော့ ပြန်သတိရလာပြီဟေ့၊ ငါဟာ မြင်းပေါ်ကကျလို့ ခြေကျိုးသွားတဲ့နေ့ကစပြီး လူဖြစ်ရှုံးပါပြီ သူငယ်ချင်းရယ်၊ လူကောင်းဘဝက ဒုက္ခိတတစ်ယောက်ဖြစ်သွားပါပြီကွယ်၊ ငါ့မယားချောကလေးအတွက် ငါဟာ အသက်မရှိတဲ့ အရုပ်ဖြစ်သွား ပါပြီကွယ်။ ငါလူဖြစ်ရှုံးပြီ သူငယ်ချင်း၊ လူဖြစ်ရှုံးပြီ ဟုတ်တယ်... ဟုတ်တယ်။ ဟော... ဟော... မင်း ဖေသန်း"

ဦးငြိမ်းမောင်၏အသံမှာ ထိုနေရာ၌ အလွန်ကျယ်လောင်၍ လာပြီးလျှင် "ဒိုင်း" ခနဲသေနတ်သံတစ်ချက် ထွက်ပေါ်လာပြီးနောက် ချက်ချင်းလိုပင် နောက်ထပ်သေနတ်သံတစ်ချက် ထပ်မံကြားလိုက်ရပြန်၏။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ကုလားထိုင်တစ်လုံး





လဲကျသွားသံကိုပါ ကြားလိုက်ရလေသည်။

၎င်း၏တစ်ချိန်တည်းပင် ဦးငြိမ်းမောင်၏ ငယ်သံပါအောင် အော်ဟစ်လိုက်သောအသံမှာ သေနတ်သံများ၊ ကုလားထိုင်လဲပြိုသံများနှင့်အတူ ရောနှော၍ သွားကာ ဆိတ်ငြိမ်သော အိမ်ကြီးအတွင်းတွင် ပဲ့တင်ထပ်၍ သွားလေတော့၏။ ထို့နောက် အိမ်ကြီးတစ်ခုလုံးနှင့်တကွ ပတ်ဝန်းကျင်သည် ယခင်ကထက်ပင် ဆိတ်ငြိမ်လျက်ရှိလေသည်။ ဦးငြိမ်းမောင်မှာ သူ၏အတိတ်မှ အစွဲအလမ်းကြောင့် စိတ်ချောက်ချားကာ ရူးသွပ်၍ သွားလေပြီလော။

ဒေါ်လှညိုသည် အိမ်အပေါ်ထပ်သို့တက်သော လှေကားခြေရင်းသို့ ပြေးသွားကာ လှေကားတိုင်ကို ဖက်လျက် ပဲ့တင်သံများကို နားစိတ်၍ ထောင်နေမိ၏။ ယင်းအသံများကား ဤအိမ်၏အတွင်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်က အကယ်ဖြစ်ပျက်ခဲ့သည့် အတိတ်၏ ပဲ့တင်သံများပေလောဟု တွေးတောနေမိ၏။ သူသည် အခန်းတွင်းသို့ ရုတ်တရက် မဝင်ဝံ့သေးဘဲ ၁၅ မိနစ်ခန့်ကြာ၍ အတန်ငယ် စိတ်အေးသွားသောအခါမှ အရဲစွန့်ကာ အခန်းတံခါးကိုဖွင့်၍ ဝင်သွားလေသည်။

စားပွဲပေါ်၌ ဦးငြိမ်းမောင်ထွန်းထားသော ဖယောင်းတိုင်ကလေးမှာ မီးငြိမ်းလုမတတ်ရှိနေပြီဖြစ်၍ ဒေါ်လှညိုသည် ဖယောင်းတိုင်ထုပ်မှ ဖယောင်းတိုင်တစ်တိုင်ကို ဆွဲယူကာ အသစ်တစ်တိုင်ထွန်းညှိလိုက်၏။ ထို့နောက် ဦးငြိမ်းမောင်ဘက်သို့ လှမ်း၍ကြည့်လိုက်ရာ သူထိုင်သော ကုလားထိုင်မှာ ကြမ်းပေါ်တွင်လဲလျက် ဦးငြိမ်းမောင်မှာလည်း အခန်းတံခါးဘက်သို့ ခေါင်းဆိုက်ကာ ကြမ်းပြင်ပေါ်တွင် မှောက်လျက်သား ရှိနေသည်ကို တွေ့ရလေသည်။ သူ၏လက်ယာဘက် နားထင်တွင်

ရှိသော ဒဏ်ရာမှ သွေးများယိုစီးလျက် ကြမ်းပြင်တစ်ခုလုံးသည်လည်း ရဲရဲနီ၍နေတော့၏။ ခပ်ဆန့်ဆန့်ရှိနေသော သူ၏လက်ယာဘက်လက်၌မူ သေနတ်ကို ဆုပ်ကိုင်လျက်ပင် ရှိနေသေး၏။ သို့သော်ဦးငြိမ်းမောင်မှာကား အသက်မရှိရှာတော့ချေ။

× × × × ×

ဒေါ်လှညိုသည် အိမ်ထဲမှ ပြေးထွက်သွားပြီးနောက် ခြံတံခါးဝမှထွက်ခဲ့၍ လမ်းပေါ်သို့ ရောက်သောအခါ မြင်းလှည်းတစ်စီးကို ကံအားလျော်စွာတွေ့ရသည်နှင့် မြင်းလှည်းပေါ်သို့တက်ကာ ရဲဌာနသို့မြင်းလှည်းကို မောင်းစေ၏။

မိနစ် ၅၀ ခန့်အကြာတွင် ရဲမှူးတစ်ယောက်ခေါင်းဆောင်ကာ ရဲသား ၃ ယောက်တို့ ရောက်လာကြပြီးလျှင် ဒေါ်လှညိုအား ရဲဌာနတွင် အစစ်ခံခဲ့သည်မှတစ်ပါး အခြားမေးခွန်းများကို မေးမြန်းလျက်ရှိရာ ဒေါ်လှညိုကလည်း ဦးငြိမ်းမောင်က မိမိအား စာကြည့်ခန်းထဲသို့ဝင်၍ကြည့်ရှုခွင့်ပေးရန် လာဘ်ငွေရသည်မှတစ်ပါး အမှန်ဖြစ်ပျက်သည့်အတိုင်း အစစ်ခံလေသည်။

ရဲအရာရှိများသည် သေနတ်ကျည်ဆန်များ ထိမည်ထင်ရသောနံရံဘက်သို့ လက်နှိပ်ဓာတ်မီးများဖြင့် အသေးစိတ်ရှာဖွေကြည့်ရှုကြရာ စာကြည့်ခန်းတံခါးမကြီးနှင့် ပြတင်းပေါက်စပ်ကြားရှိ နံရံကပ်ကျွန်းပျဉ်ပေါ်တွင် ကျည်ဆန်ထိမှန်ထားသော အပေါက်ကလေး ၂ ပေါက်တွေ့ကြရ၏။ အပေါ်မှ အပေါက်ကလေးမှာ ပင့်ကူမြွေးများပင် ဖုံးနေသဖြင့် အပေါက်ဟောင်းဖြစ်ပြီးလျှင် ၎င်းနှင့်တစ်လက်မသာ ခြားသောနေရာ၌ ယခုလောလာဆယ် ပစ်ခတ်လိုက်ဟန်တူသော ကျည်ဆန်ပေါက် အသစ်ကလေးတစ်ပေါက်ကို ထူးဆန်းစွာ တွေ့ရှိ





ကြရလေသည်။

ထိုအခါ ရဲမှူးက အပေါက်ဟောင်းကလေးကို ညွှန်ပြလျက်–

"ဒီမယ် အဒေါ်ကြီး...၊ ဟောဒါက အရင်ကတည်းကရှိတဲ့အပေါက်ကလေးထင်တယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒီအပေါက်ကလေးကို အရင်ကတည်းက ခင်ဗျားတွေ့ရသလား"

"ဟုတ်ကဲ့– တွေ့ပါတယ်....၊ ဒါက အပေါက်ဟောင်းကလေးပါ၊ ကျွန်မသိပါတယ်"

"ဒါဖြင့် ဟောဒီအောက်ကရှိတဲ့ဟာက အခုပစ်လိုက်လို့ မှန်တဲ့အပေါက်ဖြစ်မှာပေါ့"

"ဒီလိုပဲ ကျွန်မထင်ပါတယ်ရှင်...၊ ဟုတ်ပါလိမ့်မယ်"

"ဒါဖြင့် နံရံကို ပထမပစ်လိုက်ပြီးမှ သူ့ကိုယ်သူ ပစ်လိုက်တဲ့လက္ခဏာပဲ"

"ကျွန်မလဲ ဒီအတိုင်းထင်မိပါတယ် ရဲမှူးရှင်၊ ဘာဖြစ်လို့လဲဆိုတော့ ဝုန်းခနဲကုလားထိုင်လဲကျတဲ့အသံကနောက် သေနတ်သံဘစ်ချက်ပြီးမှ ကြားရတယ်လို့ ကျွန်မထင်ပါတယ်"

"ဒီအတိုင်းမှန်ရဲ့နော်"

"မှန်ပါတယ်"

ရဲမှူးသည် ဒေါ်လှညိုက ဌာနတွင် ထွက်ဆိုခဲ့သည့် ထွက်ချက်ကို ဖတ်ရှုပြီးသဖြင့် ပျဉ်ချပ်ပေါ်တွင်ရှိသော သေနတ်ပေါက်လေး ၂ ပေါက်ကိုကြည့်ကာ အတော်ပင် အံ့အားသင့်လျက်ရှိလေ၏။ ထို့ပြင် သေနတ်ပေါက်ကလေး ၂ ပေါက်မှာလည်း တစ်ပေါက်နှင့်တစ်ပေါက်

တစ်လက်မခန့်သာ ကွာပြီးလျှင် ကြမ်းပြင်မှ ၅ ပေခန့် အမြင့်လောက်တွင် ရှိနေကြသဖြင့် ပို၍ပင် အံ့ဩမိလေ၏။

ရဲအရာရှိများသည် အလောင်းကို နေရာမပျက်စေဘဲ ဦးငြိမ်းမောင်၏ အင်္ကျီအိတ်များထဲသို့ ရှာဖွေကြရာ ငွေ ၆၀၀– ကျော်နှင့် ချက်လက်မှတ်စာအုပ်တစ်အုပ်ကို တွေ့ရှိရ၏။ ချက်စာအုပ်မှာ (.......) ဘဏ်မှ စာရင်းရှင် ငွေထုတ်ချက်လက်မှတ် စာအုပ်ဖြစ်၍ အမည်မှာ ဦးတင်သိန်းဟု ထည့်သွင်းထားသည်ကို တွေ့ရှိရလေသည်။

ရဲဌာနသို့ ပြန်ရောက်သောအခါ ရဲမှူးသည် သူ၏ဒိုင်ယာရီတွင် နေ့စဉ်မှတ်တမ်းရေးလျက်ရှိရာမှ ရဲဌာနာမှူးအား...

"ဘယ့်နှယ်လဲ ဦးသိန်းမောင်...၊ ခင်ဗျားဘယ်လိုထင်သလဲ"

"ဘာကိုလဲဗျ"

"ဦးတင်သိန်းက သေနတ်နဲ့ လှမ်းပစ်တာလေ"

"ဒေါ်လှညို အစစ်ခံချက်ရော ဦးတင်သိန်းရဲ့ ရာဇဝင်ကိုရော ကြည့်ရင် အရှင်းကြီးပဲဗျ၊ ... ဒီလူကြီးဟာ သူတို့မျိုးရိုးနဲ့လိုက်ပြီး ရူးသွပ်တဲ့ရောဂါ ရှိတယ်မဟုတ်လား။ ပြီးတော့ စိတ္တဇဆေးရုံမှာ ၃နှစ်ကျော်ကျော် နေခဲ့ရတယ်ဆိုတဲ့ အချက်လဲရှိတယ်၊ ပြီးတော့ အင်မတန်စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေတဲ့အချိန်မှာ သူအရင်က ပြစ်မှု ကျူးလွန်ခဲ့ဖူးတဲ့ နေရာရောက်လာတော့ သူ့စိတ်ဟာ သိပ်ပြီး တုန်လှုပ် ချောက်ချားနေတယ်။ သူ့စိတ်ထဲမှာ တစ်ခုခုမြင်ရလို့ ပစ်တယ်ဆိုတာလဲ ဟုတ်ချင်ဟုတ်မှာ၊ ဒါတွေကို 'ဟောလူစီနေရှင်း' (Hallucination) လို့ ခေါ်တယ်ဗျ။ အဓိပ္ပာယ်ကတော့ တကယ်မရှိတဲ့ အရာဝတ္ထုကို စိတ်ထဲက မြင်ခြင်းပဲ။ ဒါမျိုးဟာ အထူးသဖြင့် စိတ်ဓာတ်ကျဆင်းပြီး စိတ်ငယ်နေတဲ့ အခါမျိုးမှာ ဖြစ်တတ်တယ်။ ဥပမာ ကျုပ်တို့ ညခရီးသွားတဲ့





အခါ ခပ်ဝေးဝေးက သစ်ငုတ်တိုတစ်ခုကို လူမည်းမည်းကြီးတစ်ယောက် ထိုင်နေတယ်လို့ ထင်ရတယ်။ အထူးသဖြင့် တစ်ယောက်တည်း သွားနေတဲ့အခါ ပိုဖြစ်တတ်တယ်။ အနီးရောက်အောင် သေသေချာချာ သွားကြည့်တော့မှ သစ်ငုတ်တိုကြီးဖြစ်နေမှန်းသိတယ်။ ဒါမျိုးပေါ့ဗျ ဦးတင်သိန်းမှာ နဂိုကလဲ စိတ္တဇရောဂါရှိပြန်။ သူပြစ်မှုကျူးလွန်ခဲ့ဖူးတဲ့ နေရာလဲရောက်လာပြန်၊ အချိန်ကလဲ ညကြီးမင်းကြီးမှာ၊ အခန်းထဲမှာ တစ်ယောက်တည်းရှိနေပြန်တော့ စိတ်အားငယ်ပြီး သူတွေးချင်ရာတွေး ထင်ချင်ရာထင် ဖြစ်တော့တာပေါ့ဗျာ"

"အင်း... ခင်ဗျားပြောမှ ရှင်းတော့တာပဲဗျို့။ ခင်ဗျားကိုယ်တိုင်က စိတ်ပညာလိုက်စားတော့ ကျုပ်မတွေးမိတဲ့အချက်တွေ ခင်ဗျားတွေးမိတာပေါ့...၊ ကျေးဇူးတင်ပါတယ် ဦးသိန်းမောင်"

ဒဂုန်ရွှေမျှား

## လောဘအဏ္ဏဝါ

ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ တစ်နှစ်ခန့်က ကျွန်ုပ်သည် ရန်ကုန်မြို့ ရေဝန်ရုံးမှ မစ္စတာ "ပက်ထရစ်မာတင်" (Patrick Martin) ဆိုသူ ပသျှူးကပြား ရေငုပ်သမား တစ်ယောက်နှင့် မိတ်ဆွေဖြစ်ခဲ့ဖူး၍ စစ်ကြီးအတွင်း ၎င်းနှင့်မတွေ့ဘဲ ကွဲကွာနေခဲ့ပြီးနောက် ယခု စစ်ပြီး ခေတ်သို့ ရောက်သောအခါ မကြာမီက တစ်ကြိမ်ပြန်၍ တွေ့ဆုံခဲ့လေသည်။

တစ်နေ့သော ညနေစောင်း၌ ကျွန်ုပ်သည် စထရင်းဟိုတယ် ဘီလီယက်ခုံ၌ ဘီလီယက် ကစားလျက်ရှိစဉ် မစ္စတာမာတင်အား အမှတ် မထင် ပြန်၍ တွေ့ရလေသည်။ မာတင်သည် အခြား ကပြားများကဲ့သို့ ဟန်ကြီးပန်ကြီး မလုပ်ဘဲ ကျွန်ုပ်ကို မြင်လျှင်





မြင်ခြင်း အားပါးတရ လက်ဆွဲ နှုတ်ဆွဲပြီးနောက် ကျွန်ုပ်၏ ပခုံးကို ဖက်ကာ ဖက်လဲတကင်း ပြုလုပ်လေသည်။ နောက်ဆုံး ဘီလီယက်ပွဲကို အဆုံးသတ်ပြီးနောက် ကျွန်ုပ်လည်း သူနှင့်အတူ ဧည့်ခန်းတွင် ဆေးလိပ်များ သောက်ယင်း စကားပြောဆိုလျက် ရှိလေ၏။ ညစာ စားချိန်သို့ ရောက်လတ်သော် ကျွန်ုပ်တို့သည် ညစာကို သူက ကျွေးမည် ငါကကျွေးမည် အငြင်းအခုန် ဖြစ်ပွားလျက်ရှိရာမှ သူက ဧည့်သည် ကျွန်ုပ်က အိမ်သည် ဖြစ်သည့် အတိုင်း ကျွန်ုပ်က ကျွေးရန် အနိုင်ရခဲ့လေသည်။ စားသောက်ရန် နေရာအတွက်မူ ဤဟိုတယ် ကိုပင် ရွေးချယ်လိုက်၏။

ချမ်းအေးသော ရာသီဖြစ်သဖြင့် ကျွန်ုပ်တို့သည် ဝီစကီကို အတော်များများ သောက်ယင်း အလုပ်အကိုင်အကြောင်းနှင့် ပတ်သက်၍ ပြောဆိုလျက်ရှိကြရာ မစ္စတာမာတင်က ကျွန်ုပ်၏ အလုပ်အကိုင်ကို မေးသဖြင့် ယခင် စစ်မဖြစ်မီအချိန်က ရှေ့နေအလုပ် လုပ်ခဲ့သော်လည်း ယခုစစ်ပြီးခေတ်တွင် စာရေးဆရာအလုပ်ကို လုပ်လျက်ရှိကြောင်း၊ အစိုးရ စာပေဌာနကြီးတစ်ခုတွင်လည်း လခစားအဖြစ် ဝင်ရောက် လုပ်ကိုင်နေသဖြင့် "စားသောက်နေရေး" အတွက် တစ်စုံတစ်ရာ စိုးရိမ်ရန် မရှိကြောင်း၊ ဇနီးသည်မှာ မကြာမီကပင် ကွယ်လွန် သွားသဖြင့် တစ်ယောက်တည်း ရှိနေသောကြောင့် ဝမ်းရေးအတွက် မပူပင်တော့ကြောင်း သားသမီးများမှာလည်း အားလုံးပညာတတ်များ ဖြစ်သည့် အတိုင်း သူ့အလုပ်အကိုင်နှင့် သူရှိနေပြီး ဖြစ်သောကြောင့် သူတို့အတွက် စိုးရိမ်ကြောင့်ကြရန် မရှိတော့ကြောင်း ပြောပြရာ မစ္စတာမာတင်လည်း ကျွန်ုပ်ပြောသောစကားများကို စီးကရက် သောက်ယင်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်လျက် ရှိလေ၏။

"ဒါထက် ခင်ဗျားဝတ္ထုရေးတာက ဘယ်မှာရေးတာလဲ"

"အများအားဖြင့် မဂ္ဂဇင်း၊ ဂျာနယ်တွေထဲမှာ ရေးတယ်"

"ဝတ္ထုတိုပေါ့"

"ဟုတ်တယ် . . ."

"ဝတ္ထုဆိုတာ စိတ်ကူးနဲ့ရေးတာပဲ မဟုတ်လား . . ."

"ဟုတ်တာပေါ့ မစ္စတာမာတင် စိတ်ကူးနဲ့လည်း ရေးတာပဲ၊ သူများပြောလို့ ကြားဘူးနားဝနဲ့လည်း ရေးတာပဲ၊ ရုပ်ရှင်တွေကြည့်၊ အင်္ဂလိပ်စာအုပ်တွေဖတ်ရတဲ့ သဘောတွေ ပေါင်းစပ်ပြီးလည်း ရေးတာပဲ၊ ဒါမှ မဟုတ်လဲ အင်္ဂလိပ် ဝတ္ထုတစ်ခုခုကို မူတည်ပြီး မြန်မာပြည်မှာ မြန်မာအနေအထိုင် ဟန်အမူအရာ ပေါက်လာအောင် မြန်မာသဘောနဲ့လည်း ရေးတာပဲ . . . အမျိုးမျိုးပေါ့ဗျာ"

"တကယ်ဖြစ်တဲ့ အဖြစ်အပျက်ကော မရေးဘူးလား . . ."

"ရေးတာပေါ့ဗျာ . . . သာတောင် ကောင်းသေး၊ နို့ပေမဲ့ တကယ်အဖြစ်အပျက် ဆိုတာက အရှားသားကလား . . . ပြီးတော့လဲ ဆန်းဆန်းပြားပြား စိတ်ဝင်စားစရာကောင်းမှ ကောင်းတာကိုး"

"ကောင်းတာ မကောင်းတာတော့ မပြောတတ်ဘူး . . . ကျုပ်အတွေ့အကြုံကလေးကို ကျုပ်က စီကာပတ်ကုံး ရေးထားတယ် ခင်ဗျားဖတ်ကြည့်လေ. . ."

"ခင်ဗျားက ဘာလုပ်ဖို့ ရေးထားတာလဲ"

"ဘိလပ်က မဂ္ဂဇင်း တစ်စောင် စောင် ပို့ကြည့်မလားလို့. . . အခု ခင်ဗျားနဲ့တွေ့မှပဲ မပို့တော့ပါဘူး . . . ခင်ဗျားပဲသုံးပါတော့၊ ခင်ဗျားလိပ်စာ ပေးခဲ့လေ . . .နက်ဖြန်နံနက်တော့ ဟိုတယ်က ချွတ်ကရားကလေးတစ်ယောက် အပို့လွှတ်လိုက်မယ်"





"ပို့လိုက်ပါဗျာ . . . ဒီလိုဆိုယင် ကျေးဇူးတင်ပါတယ်"

ညဥ့် ၁၀ နာရီကျော်မှ ကျွန်ုပ်လည်း ဟိုတယ်မှ ပြန်ခဲ့၏။ နောက်တစ်နေ့ နံနက် ၉ နာရီတွင် မစ္စတာမာတင် ပို့လိုက်သော လက်နှိပ်စက် ရိုက်ထားသည့် စာရွက်များကို ရရှိလေရာ ကျွန်ုပ်က မြန်မာဘာသာ ပြန်ဆိုပြီးလျှင် တည်းဖြတ် သုတ်သင်၍ ရေးသားအပ်ပါကြောင်း။

× × × × ×

ကျွန်ုပ်သည် ဇာတိအားဖြင့် စက်ဘပူမြို့သားဖြစ်၍ မြန်မာပြည်တောင်ပိုင်းနှင့် ဆက်သွယ်လျက် ရှိသော ပသျှူးကျွန်းဆွယ် "စက်ဘပူ" မြို့၌ ဖွားမြင်ပြီးလျှင် အမိ ပသျှူးလူမျိုးဖြစ်၍ အဖမှာ အင်္ဂလိပ်လူမျိုးဖြစ်လေသည်။ အင်္ဂလိပ်ဘာသာ စကားများကို အတော်အတန် သင်ကြားတတ်မြောက်ပြီးနောက် ကျွန်ုပ်အဖမှာ "ဩစတြေးလီးယား"ကျွန်းတွင် ပုလဲငုပ်၍ ပုလဲများကို ရောင်းချသော ပုလဲကုန်သည်တစ်ဦး ဖြစ်သည့်အတိုင်း ကျွန်ုပ်အား လုပ်ငန်းတွင် အကျုံးဝင်သည့် ရေငုပ်ခြင်း အတတ်ကို လေ့လာ သင်ကြားစေလေရာ ရေငုပ်ခြင်းကို နဂိုကပင် များစွာ ဝါသနာပါသူ တစ်ဦးဖြစ်လေရကား (၆)လခန့် လေ့လာ သင်ကြားမိသောအခါ ပုလဲငုပ်ခြင်းအလုပ်ကို ကောင်းစွာတတ်မြောက်ခဲ့ပြီး ဖြစ်လေ၏။ ဖခင်ကြီးနှင့်အတူ ဩစတြေလီးယားကျွန်းတွင် ၂ နှစ်ကျော်မျှ အလုပ်လုပ်လျက်ရှိရာ တစ်နေ့သ၌ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ဖူးသူ ကျွန်တော်၏ မိတ်ဆွေ တစ်ယောက်နှင့် တွေ့ရာ မြန်မာနိုင်ငံတွင် ငွေကြေးရှာဖွေရေး၌ များစွာ လွယ်ကူကြောင်း ပြောပြသဖြင့် ကျွန်ုပ်လည်း မြန်မာနိုင်ငံ, အိန္ဒိယနိုင်ငံ စသော နိုင်ငံများသို့ စွန့်စွာ သွားရောက်ကာ ပစ္စည်းရှာလိုသောစိတ်များ ရှိရကား

ဖခင်ကြီးထံ အခွင့်တောင်းပြီးလျှင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီးနောက် ရေဝန်မင်းရုံးကြီးတွင် (၂)နှစ်တိုင်တိုင် ပင်လယ်ရေငုပ်သမားအလုပ်ကို လုပ်ကိုင်ခဲ့လေ၏။

ဤကဲ့သို့ လုပ်ကိုင်လျက်ရှိစဉ် တစ်နေ့၌ ကျွန်ုပ်၏ဖခင်မှာ ကောင်းစွာ မကျန်းမာသဖြင့် အလုပ်မှထွက်၍ ပြန်လာရန် စာတစ်စောင်ရရှိရာ ကျွန်ုပ်လည်း ရေဝန်မင်းကြီးအား အကျိုးအကြောင်း ပြောပြပြီးလျှင် အလုပ်မှ တစ်ခါတည်း နုတ်ထွက်ပြီးနောက် နေရပ်သို့ ပြန်ခဲ့လေ၏။

စကော့ပူမြို့သို့ ရောက်ရှိ၍ ကျွန်ုပ်၏ မိခင်ဘက်မှ ဆွေမျိုးညာတိများကို နှုတ်ဆက်ပြီးလျှင် ဩစတြေးလီးယားကျွန်း တောင်ပိုင်း "ကွတ်တောင်း" (Cook Town) ခေါ် ပင်လယ်ဆိပ်ကမ်းမြို့သို့ ထွက်ခဲ့ကြရာ ကံဆိုးလှသော ဖခင်ကြီးမှာ ကျွန်ုပ်မရောက်မီ တစ်ရက်ကပင် ဝမ်းကိုက်ရောဂါဖြင့် သေဆုံးခဲ့ရှာလေပြီ။ ဖခင်ကြီး၏ မိတ်ဆွေများသည် ကျွန်ုပ်အား ဝမ်းနည်းဝမ်းသာ နှုတ်ဆက်ကြိုဆိုပြီးနောက်၊ နောက်တစ်နေ့၌ ဖခင်ကြီးအား ထုံးစံရှိသည့်အတိုင်း ဖုတ်ကြည်းသင်္ဂြိုဟ် လိုက်ကြ၏။

ဖခင်ကြီး၏ ဈာပနကိစ္စ ပြီးစီးပြီးနောက် ကျွန်ုပ်လည်း ၎င်း၏ လုပ်ငန်းဆောင်တာများကို နေသားတကျစီစဉ်လျက် ဖခင်ကြီး၏ အလုပ်ကိုပင် ဆက်လက်လုပ်ကိုင်ခဲ့၏။ ဤသို့ လုပ်ကိုင်လျက်ရှိစဉ် တစ်နေ့သ၌ ဝိတိုရိယနယ် "မယ်လဘုန်" မြို့တွင် ဩစတြေးလီးယားကျွန်းသားဇာတိ မစ္စတာ 'ကာဆို' ဆိုသူနှင့် တွေ့ရှိ၍ ထိုသူမှာလည်း ကျွန်ုပ်ကဲ့သို့ပင် ဖခင် သေဆုံးပြီးနောက် ပုလဲလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်ကြောင်း သိရှိရကား ကျွန်ုပ်တို့မှာ ကံတူအကျိုးပေးများ





ဖြစ်ကြသည့်အတိုင်း လုပ်ငန်းကို ထပ်မံတီထွင်ပြီးလျှင် မစ္စတာကာဆိုက အစုစပ် ပါတနာအဖြစ် လုပ်ကိုင်ခဲ့လေသည်။ လူတို့မည်သည် အထူးသဖြင့် ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရသည့်အခါများ၌ မိမိတို့ကဲ့သို့ ဒုက္ခတွေ့သောသူများကို ရှာဖွေပြီးလျှင် နီးနှောတိုင်ပင်လုပ်ကိုင်ကြရသောအခါ အတော်အတန် စိတ်သက်သာရာ ရတတ်သည့်အတိုင်း ကျွန်ုပ် နှင့် မစ္စတာကာဆိုတို့မှာ ကံကလည်းတူ၊ အလုပ်ကလည်းတူ၊ ဝါသနာက လည်း တူညီကြသဖြင့် သွားအတူ လာအတူ ချစ်ခင်စွာ ရှိနေကြကုန်၏။

မစ္စတာကာဆိုမှာ ကျွန်ုပ်ကဲ့သို့ပင် လူပျိုကြီးဖြစ်၍ ပင်လယ်သမုဒ္ဒရာများအောက်၌ ရေငုပ်၍ ပုလဲများ ရှာဖွေခြင်းတွင် ကျွန်ုပ်ထက်ပို၍ ကျွမ်းကျင်သေး၏။ သို့ဖြင့်လည်း သူသည် ဩစတြေးလီးယားအစိုးရထံတွင် ၅ နှစ်ခန့်မျှ ပင်လယ်ရေငုပ်သမား အလုပ်ဖြင့် အမှုထမ်းခဲ့ဖူးလေသည်။

ကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ပြီးနောက် ပုလဲဈေးသည် ကျဆင်းလျက် ကျွန်ုပ်တို့ လုပ်ငန်းမှာ အတော်ပင် စိုးရိမ်ဖွယ်ကောင်းသောအခြေအနေသို့ ရောက်ရှိလာ၏။ ကျွန်ုပ်တို့ ပုလဲများကို အီတလီနှင့် ပြင်သစ်နိုင်ငံ များတွင် ကိုယ်စားလှယ်များထား၍ ရောင်းချလျက်ရှိရာ ၎င်းတို့ထံမှ အနှုတ်အယူသည်လည်း ထက်ဝက်ခန့်မျှ ယုတ်လျော့သွား၏။ အလွန်ကောင်းသော ပုလဲများကိုမှသာ အတော်အသင့် ရောင်းရသောကြောင့် ပုလဲကုမ္ပဏီများသည် ပုလဲကောင်းများ ရနိုင်စေရန် သူ့ထက်ငါ အားထုတ်လျက်ရှိကြကုန်၏။ အခြားသူများ မရောက်သောနေရာများ အလွန်ဝေးလံသော ကျွန်းကလေးများ ယခင်ကစွန့်ပစ်ထားသော ပုလဲသန္တာချိုင်း စသည့်ပြင် လူသူ အရောက်

အပေါက်နည်းပါးလှသော နေရာများသို့ ဇွန့်စားသွားရောက်ကာ အဖိုးတန်ပုလဲများရရန် ကြိုးစား အားထုတ်လျက်ရှိကြကုန်၏။

ဩစတြေးလီးယားကျွန်းတောင်ဘက် မိုင် ၂၀၀ ခန့်အကွာတွင် ကျွန်း ၄-၅-၆ ကျွန်းခန့် ပါဝင်သော "ဖာနေ" ကျွန်းစု တည်ရှိ၏။ ထိုကျွန်းများအနက် အရှေ့ဘက် အစွန်ဆုံးကျသော ကျွန်းကလေး၏ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်အကွာတွင် အမည်မရှိသော ကျွန်းကလေးတစ်ကျွန်း တည်ရှိလေသည်။ ထိုကျွန်းကလေးမှာ မြေပုံ၌ပင် မပါသော်လည်း ကျွန်းကလေး၏ အရှေ့ဘက်ကမ်းခြေမှာ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ဒတ်(ချ်)လူမျိုးများ လာရောက်၍ ပုလဲများ ရှာဖွေခဲ့ဖူးသော နေရာဟောင်း တစ်ခုဖြစ်ကြောင်း၊ ထိုနေရာမှ အဖိုးတန် ပုလဲများ အတော်များများ ရဖူးကြောင်း၊ သို့သော် ရာသီဥတု အလွန်ဆိုးရွား၍ ကမ်းခြေတစ်လျှောက်တွင်လည်း လှိုင်းလေ အလွန်ပြင်းထန်သည့်ပြင် အနီးတဝိုက်ရှိ ရေပြင်မှာလည်း ကြောက်မက်ဖွယ်ကောင်းသော ရေသတ္တဝါကြီးများ၏ ဘေးအန္တရာယ် ရှိကြောင်းများဖြင့် ကျွန်ုပ်၏ပါတနာ မစ္စတာကာဆို၏ အဘိုးဘက်မှ ညီအစ်ကို ဝမ်းကွဲတော်စပ်သူ ရှေးအဘိုးကြီးတစ်ယောက်ထံမှ သိရှိရလေသည်။

ကျွန်ုပ်တို့မှာ အဖိုးတန်ပုလဲများကို ရရန်ကြိုးပမ်း အားထုတ်နေသည့်အခိုက် ထိုသတင်းကို ရရှိလေရာ ကျွန်ုပ်တို့လည်း အလုပ်တစ်ခုလုံး မရွှေ့မပြောင်းနိုင်စေကာမူ ထိုကျွန်းသို့ တစ်စိတ်တစ်ဒေသ ရွှေ့ပြောင်းပြီးလျှင် တစ်ပွဲတစ်လမ်း "ကံ" စမ်းရန် သဘောတူ ဆုံးဖြတ်ကြလေ၏။

ဤသို့ဖြင့် ကျွန်ုပ်နှင့် မစ္စတာကာဆိုတို့သည် တစ်နေ့တွင် ကျွန်ုပ် တို့ပိုင် ရွက်သင်္ဘောငယ်ကလေးဖြင့် ထိုကျွန်းကလေးသို့





ထွက်ခဲ့ကြ လေ၏။

ဝီလဆင်အငူမှ ဗတ်(စ) ရေလက်ကြားကို ကျော်ဖြတ်ခဲ့ကြရာ "ဖာနေ" ကျွန်းစုတွင် မြောက်ဘက်အကျဆုံးနှင့် အကြီးဆုံးမြစ်သို့ ရောက်ခဲ့ကြ၍ သိုနေ့အဖို့ ထိုကျွန်း၌ စခန်းချနားနေပြီးသော် နောက်တစ်နေ့နံနက် "တပ်(စ)မေနီယာ" ပင်လယ်ပြင်မှ သင်္ဘောလွှင့်ခဲ့ကြရာ အရှေ့အစွန်ဆုံးကျွန်းသို့ ရောက်၍ ထိုမှတစ်ဖန် အရှေ့စူးစူးသို့ လာခဲ့ကြရာ နံနက် မွန်းမတိမ်းမီ အဘိုးကြီးပြောသော အမည်မရှိ ကျွန်းကလေးသို့ ရောက်လာကြလေ၏။

ကျွန်းကလေးမှာ ကျွန်ုပ်စိတ်ထင် တစ်မိုင်ပတ်လည်ခန့် ရှိမည်ထင်ရ၍ ကမ်းခြေတစ်လျှောက်မှာ အလွန်ကွေ့ကောက်၍ ကျောက်များ ထူထပ်သော်လည်း အထူးသဖြင့် အရှေ့ဘက်တွင် မြင့်မား မတ်စောက်ခြင်းမရှိဘဲ အတော်အတန် ပြေပြစ်သည်ကို တွေ့ရ၏။ ကျွန်ုပ်တို့သည် ရွက်သင်္ဘောငယ်ကို လုံခြုံသောနေရာ တစ်နေရာ၌ ဆိုက်ကပ်ပြီးသော် ကုန်းသို့တက်၍ ကြည့်ရှုရှာဖွေကြရာ ကိုက်သုံးလေးဆယ်ခန့်မျှ သဲနှင့် ကျောက်များ ရောစပ်နေသည့်နေရာ၌ အပူပိုင်းဒေသတွင် ပေါက်ရောက်သော သစ်ပင်များသည် တောအုပ်ကလေးသဖွယ် ဖြစ်နေသည်ကို တွေ့ရ၏။ လူသူဟူ၍လည်းမရှိ တောတိရစ္ဆာန်များကိုလည်း မတွေ့ရဘဲ တစ်ခါတစ်ရံ တွားသွားတတ်သော ဖွတ်၊ ပုတ်သင်၊ ကင်းလိပ် စသော အကောင်ကလေးများသာ တွေ့ရ၏။ ကမ်းခြေနှင့် ကိုက် တစ်ရာခန့် ဝေးသည့် အတန်ငယ် ချိုင့်ဝှမ်းသော နေရာများတွင် ဆွေးမြေ့လျက်ရှိသော တိုင်ဟောင်းများ ပိုက်လုံးအကျိုးအပဲ့နှင့် စက်ကိရိယာပျက် အစအနများ၊ သစ်သားစများနှင့် ရွက်ထည်စုတ် များဟု ထင်ရသည့် ဆွေးမြည့်နေသော အမှိုက်သရိုက်များကို တွေ့ရ၏။

တောင်ဘက်ကမ်းခြေ အနီးတစ်ဝိုက်၌ ဒီရေအတတ်ဆုံးနေရာနှင့် မနီးမဝေးတွင် သဲထဲ၌ တစ်ပိုင်းတစ်စ နစ်မြုပ်လျက်ရှိသော သံတိုင်ကြီးများ သံကြိုးပြတ်များကို တွေ့ကြရ၏။ ထိုအထောက်အထားများကို ထောက်ရှုခြင်းအားဖြင့် ကျွန်းကလေးမှာ ရှေးအထက် ကျောက်ကာရီက ပုလဲငုပ်သမားများ စခန်းချရာ နေရာတစ်ခုဖြစ်ခဲ့ကြောင်း ထင်ရှားလေသည်။

သို့နှင့် ကျွန်ုပ်တို့သည် ကျွန်းမကြီးပေါ်တွင် လုပ်ကိုင်လျက်ရှိသော ကျွန်ုပ်တို့ လုပ်ငန်းအချို့ကို ယုံကြည် စိတ်ချရသော အုပ်ချုပ်စီမံသူများနှင့် ထားခဲ့ပြီးလျှင် ထိုအမည်မသိ ကျွန်းကလေးသို့ ပြောင်းရွှေ့ခဲ့ကြ၏။ ကျွန်ုပ်တို့နှင့်အတူ လခစား ရေငုပ်သမား တစ်ယောက်၊ ရေငုပ်စက်ကိုင်သူ အင်ဂျင်နီယာတစ်ယောက် အခြား အလုပ်ကြမ်းသမား ၂-ယောက်၊ ထမင်းချက် တစ်ယောက်၊ ရွက်သင်္ဘောမောင်းသူ တစ်ယောက်တို့ကိုလည်း ခေါ်ယူခဲ့လေသည်။

ကျွန်ုပ်တို့သည် ကျွန်း၏ အနောက်ဘက်ပိုင်းကျသော အနိမ့်ဆုံး ချိုင့်ဝှမ်းရာ နေရာတစ်ခုကို ရွေးချယ်ပြီးလျှင် လေမိုးဒဏ် ခံနိုင်မည့် တဲကြီး နှစ်လုံးကိုလည်းကောင်း၊ ပစ္စည်းများ သိုလှောင်ရန် ဂိုဒေါင်တစ်ခုကိုလည်းကောင်း ဆောက်လုပ်ကြပြီးလျှင် လုပ်ငန်းကို စကြလေ၏။ စားရေရိက္ခာများကိုမူ ကျွန်ုပ်တို့ပိုင် ရွက်သင်္ဘောကလေးဖြင့် တစ်လလျှင် ၂ ကြိမ်ကျ ကျွန်းမကြီးသို့ သွားရောက် ဝယ်ယူရလေသည်။

ထိုနေရာ တစ်ဝိုက်၌ ပုလဲများကို များစွာမရရှိသော်လည်း ရသမျှ ပုလဲများမှာ အတော်အတန် အဖိုးထိုက်တန်သည့် ပုလဲများဖြစ်၍ ကျွန်ုပ်တို့မှာ ပထမတွင် အားတက်မိ၏။ သို့သော် အဖိုးတန်ပုလဲများကို





တစ်ခါတစ်ရံမှသာ ရရှိသဖြင့် ကျွန်ုပ်တို့ နေထိုင်စားသောက်ရသော စရိတ်နှင့် မကိုက်လှသဖြင့် စိတ်ပျက်မိပြန်၏။ ကမ္ဘာ့ပုလဲ ဈေးကလည်း တစ်နေ့တခြား ကျလျက်ရှိပြန်ရာ ကျွန်ုပ်တို့မှာ ရှေ့သို့ ဆက်လက်မလုပ်တော့ဘဲ ဤနေရာမှ ဌာနခွဲကို ရုပ်သိမ်းရလျှင် ကောင်းလေမည်လောဟု စဉ်းစားမိကြ၏။

တစ်နေ့သော နံနက်ခင်း၌ ကျွန်ုပ်နှင့် မစ္စတာကာဆိုတို့သည် အလုပ်နားသောရက်ဖြစ်သဖြင့် နံနက် လက်ဖက်ရည်များ သောက်ပြီးနောက် မှန်ပြောင်းကိုယ်စီဖြင့် ကျွန်း၏ အရှေ့ဘက်ကမ်းခြေရှိ သဲတောင်ကုန်း ကလေးများပေါ်တွင်ထိုင်ကာ ပင်လယ်ပြင်ကြီးကို အပျင်းဖြေ ကြည့်ရှုလျက် ရှိနေကြကုန်၏။ စီးကရက်များကို တစ်လိပ်ပြီး လျှင် တစ်လိပ်သောက်ယင်း အလုပ်အကိုင်အကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးလျက်ရှိရာမှ ကျွန်ုပ်တို့သည် မှန်ပြောင်းကိုယ်စီဖြင့် တစ်ခါတစ်ခါတွင် ညိုမှိုင်းသော ပင်လယ်ပြင်ကြီးကို ကြည့်ရှုမိကြ၏။

နေအတော်မြင့်လာပြီဖြစ်သဖြင့် ကျွန်ုပ်မှန်ပြောင်းကို အိတ်အတွင်းသို့ ထည့်ပြီးသော် နေရာမှထလေရာ မစ္စတာကာဆိုသည် တစ်စုံတစ်ရာကို မြင်ရဘိသကဲ့သို့ တစ်နေရာကို စူးစိုက်ကြည့်ရှုလျက်ရှိလေ၏။ သူညွှန်ပြရာသို့ ကြည့်ရှုရာ ပထမတွင် အမည်းစက်ကလေးတစ်စက်မျှသာ မြင်ရ၍ အမည်းစက်ကလေးသည် တဖြည်းဖြည်းကြီး၍လာပြီးနောက် ၁၅ မိနစ်ခန့်ကြာသောအခါ သင်္ဘော တစ်စင်းမှ ခေါင်းတိုင်နှင့် ရွက်တိုင်ကလေးများကို စ၍ မြင်ရလေ၏။ သင်္ဘောသည် ကျွန်ုပ်တို့ ကျွန်းနှင့် တဖြည်းဖြည်းနီး ကပ်လာသဖြင့် မကြာမီ သင်္ဘောလုံးကိုပါ မြင်ရလေသည်။ သင်္ဘောမှာ အမေရိကန်အလံကို

လွှင့်ထူလျက် ကျွန်ုပ်တို့ ကျွန်းအနီးသို့ တဖြည်းဖြည်း ချဉ်းကပ် လာရာ ထိုသင်္ဘောမှာ အခြားပင်လယ်ကူးသင်္ဘောကြီးများ သွားရာလမ်းကြောင်းမှ တောင်ဘက်သို့ မိုင် ၂၀ ခန့်မျှ ဖဲကာ အဘယ်ကြောင့် "ဖါနေ" ကျွန်းစု တည်ရှိရာသို့ ချဉ်းကပ်လာသည်ကို ကျွန်ုပ်တို့မှာ အံ့ဩလျက်ရှိကြလေ၏။

မှန်ပြောင်းတွင် အတော်အတန် ကောင်းစွာ မြင်နိုင်လောက်သောနေရာသို့ ရောက်သောအခါ သင်္ဘောသည် စက်ရပ်သွားပြီးနောက် သင်္ဘောတံတားပေါ်မှ သင်္ဘောအရာရှိနှင့်တူသော သူတစ်ယောက်သည် ကျွန်ုပ်တို့အား မည်သူများဖြစ်သည်ကို "အလံအထိမ်းအမှတ်" ပြ၍ မေးမြန်းလေရာ မစ္စတာကာဆိုက လက်ကိုင်ပဝါတစ်ထည်ဖြင့်. . ."ကျွန်ုပ်တို့မှာ ရန်သူမဟုတ် မိတ်ဆွေများဖြစ်ကြောင်း အကူအညီလိုက တတ်နိုင်သော အကူအညီ ပေးမည်ဖြစ်ကြောင်း" ဖြင့် ပြန်ကြားပြောပြ လေသည်။ ထိုအခါ သင်္ဘောအရာရှိကလည်း ကျွန်ုပ်တို့နှင့် မိတ်ဆွေ ဖွဲ့လိုကြောင်း ပြန်ပြောပြီးလျှင် သင်္ဘောပေါ်မှ သမ္ဗာန်တစ်စင်း လျှောချသည်ကို မြင်ရပြီးနောက် သင်္ဘောသား ၇ ယောက်ပါသည့် လှေတစ်စင်းသည် ကျွန်ုပ်တို့ရှိရာသို့ လှော်ခတ်လာလေ၏။

လှေကလေးသည် ကျွန်ုပ်တို့ ညွှန်ပြသည့်အတိုင်း ကျောက်ဆောင် ကျောက်တုံးများ နည်းပါးသော ကမ်းခြေတစ်ခုသို့ ဆိုက်ပြီးနောက် သင်္ဘောအရာရှိသည် ကျွန်ုပ်တို့အား လက်ဆွဲနှုတ်ဆက်လေသည်။

ကျွန်ုပ်တို့ အကြောင်းကို ပြောပြသောအခါ သင်္ဘောအရာရှိက ကျွန်ုပ်တို့ထဲတွင် ရေငုပ်ရန် ဝတ်စုံတန်ဆာပလာများ ရှိပါ၏လော . . .ဟု မေးမြန်းရာ ကျွန်ုပ်က ဝတ်စုံနှစ်စုံရှိကြောင်းဖြင့် ပြန်ပြော၏။ ရေငုပ်သမားများအကြောင်းမေးရာ ကျွန်ုပ်တို့တွင် ရေငုပ်သမား သုံးယောက်ရှိသည့်အနက် ကျွန်ုပ်တို့ နှစ်ယောက်မှာ ခေါင်းဆောင်ဖြစ်ကြောင်း လုပ်ငန်းပိုင်ရှင်မှာလည်း ကျွန်ုပ်တို့နှစ်ယောက် ဖြစ်ကြောင်းဖြင့် ပြောရ၏။ ထိုအခါ သင်္ဘောအရာရှိက မိမိတို့ လာရောက်ခြင်းမှာ ဤနေရာတစ်ဝိုက်ရှိ ပင်လယ်တွင် ကျွမ်းကျင်သည့် ရေငုပ်သမားများကို ရှာဖွေရန် လမ်းကြုံသဖြင့် ဝင်ရောက်လာခြင်း ဖြစ်ကြောင်း၊ မိမိတို့ သင်္ဘောမှာ "နယူးဇီလန်" ကျွန်းသို့ သွားမည်ဖြစ်၍ ဤကျွန်းများ အနီးတဝိုက်၌ ပုလဲငုပ် ကျွမ်းကျင်သူများကို လိုက်လံကြည့်ရှုလျက်ရှိရာ ကံအားလျော်စွာ ယခုကဲ့သို့ ပုလဲလုပ်ငန်းပိုင်ရှင်များနှင့်တကွ ရေငုပ်ကျွမ်းကျင်သူများကို တွေ့ရသဖြင့် ဝမ်းမြောက်ကြောင်း ရေငုပ်ရမည့်ကိစ္စနှင့် ပတ်သက်၍ မိမိမှာ ပြောပိုင်ခွင့်မရှိဘဲ သင်္ဘော ကပ္ပတိန်သာလျှင် ပြောနိုင်ကြောင်း၊ သို့ဖြစ်၍ အလုပ်ကို လက်ခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ တစ်ဦးနှင့်တစ်ဦး မိတ်ဖွဲ့၍ စကားပြောယင်း ညစာစားရန် ဖိတ်ခေါ်လိုကြောင်း၊ အကယ်၍ ညစာစားရန် ဖိတ်ကြားသည်ကို လက်ခံပါက မိမိတို့လှေဖြင့် ညနေ ၆ နာရီတွင် လာရောက်ခေါ်ငင်ပါမည့် အကြောင်းဖြင့် စကားကို အဆုံးသတ်လေသည်။

ကျွန်ုပ်တို့မှာ မိမိတို့ လုပ်ငန်းအတွက် အားလျော့စိတ်ပျက်လျက်ရှိစဉ် ယခုကဲ့သို့ မမျှော်လင့်ဘဲ ထူးထူးဆန်းဆန်း တွေ့ကြုံရသဖြင့် ငွေကြေးအတွက်ဟူ၍ သဘောမထားဘဲ အပျော်သဘောဖြင့် လက်ခံလိုက လက်ခံမည်ဟု အရာရှိကလေး၏ ဖိတ်ကြားချက်ကို လက်ခံလိုက်လေ၏။

ထိုနေ့ညနေ၌ ကျွန်ုပ်တို့သည် ရှိစုမဲ့စုထဲမှ အကောင်းဆုံး

ညစာဝတ်စုံများကိုဝတ်လျက် သင်္ဘောမှ လွှတ်လိုက်သော လှေငယ်ဖြင့် လိုက်ပါသွားလေရာ သင်္ဘောကပ္ပတိန်သည် ကျွန်ုပ်တို့အား ဝမ်းမြောက် ဝမ်းသာ ကြိုဆိုနှုတ်ဆက်လေသည်။ ကပ္ပတိန်မှာ လူရွယ်သာသာမျှသာ ရှိသေး၍ ခန့်ညား တည်ကြည်သော ရုပ်လက္ခဏာရှိသူ တစ်ယောက် ဖြစ်၏။ သင်္ဘောဦးပိုင်းတွင် ခမ်းနားစွာ ပြင်ဆင်ထားသော စားပွဲ၌ ကျွန်ုပ်တို့အား စပိန်ပြည်ထွက် အရက်များ၊ အီဂျစ်မှ စီးကရက်များဖြင့် ဧည့်ခံပြီးလျှင် ညစာ စားပွဲပြီးသောအခါ ကျွန်ုပ်တို့နှစ်ယောက်အား သူ၏ အခန်းသို့ ခေါ်သွားလေ၏။

ကပ္ပတိန်ကလေးမှာ ဇာတိအားဖြင့် စပိန်လူမျိုးတစ်ယောက် ဖြစ်ပြီးလျှင် ရုပ်လက္ခဏာကောင်းသလောက် စိတ်ထားကောင်းသူ တစ်ယောက်ဖြစ်ရမည်ဟု ကျွန်ုပ်တို့အကဲခတ်မိ၏။ကျွန်ုပ်တို့သည် ပထမတွင် ထွေရာလေးပါးစကားများကို စကားပလ္လင်ခံ ပြောဆိုကြပြီးနောက် လိုရင်းကိစ္စသို့ ရောက်လာသောအခါ ကပ္ပတိန်ကလေးက သူ၏ သင်္ဘောမှာ အမေရိကန်အလံလွှင့်ထူလာသော်လည်း အမေရိကန် သင်္ဘော မဟုတ်ဘဲ စင်စစ်အားဖြင့် ဂျာမန်သင်္ဘောတစ်စင်း ဖြစ်ကြောင်း သူကိုယ်တိုင်လည်း ဂျာမန်လူမျိုးဖြစ်၍ သူ၏အဘိုးမှ ပင်လယ်ဓါးပြခေါင်းဆောင် တစ်ဦးထံတွင် နှစ်ပေါင်း ၃၀နီးပါးမျှ မာလိန်းမှူးအဖြစ်ဖြင့် လည်းကောင်း၊ သင်္ဘောအင်ဂျင်နီယာ အဖြစ်ဖြင့်လည်းကောင်း အမှုထမ်းခဲ့ဖူးကြောင်း၊ ဤကဲ့သို့ အမှုထမ်းခဲ့ပြီးနောက်၊ သူ၏အဘိုးမှာ ထိုပင်လယ်ဓါးပြခေါင်းဆောင် သေဆုံးသွားသည့်အချိန်တိုင် သူနှင့်အတူရှိနေကြောင်း ဓါးပြခေါင်းဆောင်သည် သူ့တစ်သက်နှင့်တစ်ကိုယ် စုဆောင်းရှာဖွေခဲ့သော ပစ္စည်းများကို ထည့်၍ထားသော သံသေတ္တာကြီး တစ်လုံးရှိရာ ယင်းသေတ္တာကြီးမှာ





မည်သည့်နေရာ မည်သည့် ပင်လယ်လောက်တွင် နစ်မြုပ်သွားသည်ကို သိရသော်လည်း သူကိုယ်တိုင် ရှာဖွေခွင့် မရခဲ့သဖြင့် ထိုနေရာကို မြေပုံအကြမ်း တစ်ခုပြုလုပ်ပြီးလျှင် အဖမှသည် သားသို့တစ်ဆင့် ထိုမြေပုံကို ပေးအပ်ခဲ့ကြောင်း၊ သူသည်လည်း ထိုမြေပုံကို ဖခင်ထံမှ ရရှိသောအခါ တစ်နေ့နေ့တွင် သွားရောက်ရှာဖွေမည်ဟု စိတ်ကူးထားခဲ့ကြောင်း၊ မိမိပိုင် သင်္ဘောဖြင့် တကူးတကနှင့်လာရန် စရိတ် မတတ်နိုင်ကြောင်း၊ ကပ္ပတိန်ဖြစ်သည့်အတိုင်း နယူးဇီလန်ကျွန်းသို့ မိမိ အလှာတွင် လမ်းကြုံသဖြင့် သွားယင်းဟန်လွှဲဆိုဘိသကဲ့သို့ ယခုရှာဖွေရန် အခါ အခွင့်ကြုံ၍လာကြောင်း၊ ဤသို့ရှိစဉ် "ဖါနေ"ကျွန်းစုမှ ကျွန်းတစ်ကျွန်းတွင် ပုလဲ ရှာဖွေရေး ကုမ္ပဏီတစ်ခုသည် အလုပ်လုပ်လျက်ရှိသည်ကို ဩစတြေးလီးယားကျွန်းမှ သတင်းရရှိခဲ့သဖြင့် ယခုကဲ့သို့ ကျွန်ုပ်တို့နှင့် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိအလိုရှိသောနေရာမှာ ထိုပင်လယ်တစ်ဝိုက်တွင်ဖြစ်၍ ကျွန်ုပ်တို့မှာလည်း ဩစတြေးလီးယားကျွန်း အရှေ့တောင်ပိုင်း ပင်လယ်တစ်ဝိုက်တွင် ကျွမ်းကျင်၍ ဝါရင့်ပြီးသော ပုလဲငုပ်သမားများဖြစ်သည့်အတိုင်း ယခုကိစ္စတွင် မိမိအား တတ်နိုင်သမျှ ကူညီစေလိုကြောင်း၊ ကူညီရန်မှာ ရေငုပ်ဝတ်စုံ ၂ စုံ စက်ကိရိယာ အစုံအလင်ဖြင့် ထိုသေတ္တာကြီးကို ငုပ်ယူရှာဖွေပေးရမည်ဖြစ်ရာ အကယ်၍ ထိုသေတ္တာကြီးကို တွေ့ရှိခဲ့ပါမူ သေတ္တာကြီးအတွင်းတွင် ပါရှိသောပစ္စည်းများကို သုံးပုံပုံပြီးလျှင် တစ်ပုံကို ကျွန်ုပ်တို့နှစ်ဦးအား ညီတူညီမျှ ခွဲဝေယူရန် ပေးမည်ဖြစ်ကြောင်း၊ အကယ်၍ မိမိတို့ အကြံအစည် အထမမြောက်ခဲ့ပါမူ ကျွန်ုပ်တို့နှစ်ယောက်အား ရေငုပ်ဝတ်စုံနှင့် စက်ကိရိယာများ ငှားရမ်းခအပြင် ရွှေဒင်္ဂါးပေါင် ၂၀၀ ကျစီ ပေးမည်ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ထိုအခါ ကျွန်ုပ်တို့လည်း အလုပ်အကိုင် လွန်စွာ ညံ့ဖျင်းနေသော အခါ၌ ယခုကဲ့သို့ စွန့်စားရသော အလုပ်တစ်ခုနှင့် ကြုံကြိုက်ရသဖြင့် ကျွန်ုပ်တို့မှာ နဂိုကပင် စွန့်စားရသော အလုပ်မျိုးများကို ဝါသနာပါ သူများဖြစ်ကြသည့်အတိုင်း ကျွန်ုပ်လည်း မစ္စတာကာဆိုနှင့် ခေတ္တမျှ တိုင်ပင်ပြီးနောက် ကျွန်ုပ်တို့သည် ထိုအလုပ်ကို နှစ်ဦးသဘောတူ လက်ခံလိုက်ကြလေ၏။

× × × × ×

နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရေငုပ်ကိရိယာ တန်ဆာပလာများနှင့် ဝတ်စုံများကို ဂျာမန်သင်္ဘောပေါ်၌ တင်ပြီးလျှင် ယခု သင်္ဘောရပ်တည်လျက်ရှိသော နေရာမှ အရှေ့မြောက်အရပ်သို့ သင်္ဘောလွှင့်လျက်ရှိကြကုန်၏။ ဆယ်မိုင်ကျော်ကျော်မျှ သင်္ဘောခုတ် မိလေလျှင် ကပ္ပတိန်ကလေးသည် သူ၏ မီးအာမခံ သေတ္တာကလေး အတွင်းမှ စက္ကူအပြာဖြင့် အကြမ်းရေးဆွဲထားသော မြေပုံဟောင်း တစ်ခုကို ထုတ်၍ ပြပြီးလျှင် ကျွန်ုပ်တို့နှင့် တိုင်ပင်လေသည်။

(ကပ္ပတိန်) "ဒီလိုကို မစ္စတာမာတင်ရဲ့၊ ဓါးပြခေါင်းဆောင်ရဲ့ သင်္ဘောကို ဂျာမန်သင်္ဘော တစ်စင်းက နောက်ကလိုက်လို့ ပြေး မလွတ်မှန်းသိတဲ့အခါမှာ ဓါးပြခေါင်းဆောင်လဲ သူ့ရတနာသေတ္တာ ကြီး လှေပေါ်မှချ၊ သူ့သမီးနဲ့ ကျုပ်တို့အဘိုးကိုခေါ်ပြီး လှေကလေးနဲ့ ပြေးခဲ့တာကိုဗျ . . .၊ ဒါပေမဲ့ မလွတ်ရှာပါဘူးတဲ့ဗျာ သူတို့ ဒီလို ထွက်ပြေးမှန်း သိတော့ ဂျာမန်သင်္ဘောဟာ သူတို့လှေနောက်ကို မဲလိုက်တာပဲတဲ့၊ ဒါနဲ့ ကိုက်အတော် ဝေးဝေးရောက်သွားလို့ နောက် သင်္ဘောကို ကြည့်လိုက်တော့ သင်္ဘောဟာ သူတို့နဲ့ အတော်နီး လာပြီဆိုသကိုး၊ ဒါနဲ့ အဲဒီလို မလွတ်မှန်းသိတဲ့အခါကျတော့ ဓါးပြ





ခေါင်းဆောင်ကြီးလည်း ငါတစ်သက်လုံးရှာထားတဲ့ ပစ္စည်းတွေ ရန်သူ့လက်ကိုတော့ အရောက်မခံဘူး၊ ငါတို့နဲ့အတူတူ မြုပ်ပေ စေတော့ဆိုပြီး သားအဖနှစ်ယောက်ဟာ သေတ္တာကြီး ပတ်ထားတဲ့ သံကြိုးနဲ့ နှစ်ယောက်လက်တွဲချည်ပြီး လှေကို ပုဆိန်နဲ့ပေါက်ခွဲသတဲ့ဗျ။ ဒီတော့ ကျုပ်တို့အဖိုးက သူလည်း တစ်ခါတည်း သေပါစေ၊ သူ့ လက်ကိုပါ သံကြိုးနဲ့ပူးချည်ဖို့ပြောတော့ ဓါးပြခေါင်းဆောင်က "ဒို့အသက် အသေခံပေမယ့် မင်းမသေရဘူး၊ မင်းဟာ နေရစ်ပြီး ဒီသေတ္တာကြီးကို အခါအခွင့်ကြုံတဲ့အခါ ဆယ်ယူသုံးစွဲရစ်ပေတော့၊ ဒီကမြင်ရတဲ့ ကျွန်းကလေးဟာ မဝေးလှဘူး၊ မင်းဟာ ရေကူးသန်တဲ့ လူတစ်ယောက် ဖြစ်တဲ့အတိုင်း အဲဒီကျွန်းကို ရောက်အောင် ကူးသွားပေတော့" ဆိုပြီး သားအဖ နှစ်ယောက်စလုံး ဒီရတနာ သေတ္တာကြီးနဲ့အတူ ရေမြုပ်ခံကြသတဲ့ဗျ၊ အဲဒါ အခုကျုပ်တို့ ရှာဖွေမယ့် သေတ္တာကြီးနဲ့ ကျုပ်တို့အဘိုးရာဇဝင်ပဲ"

ကျွန်ုပ်နှင့် မစ္စတာကာဆိုတို့မှာ စိတ်ပါဝင်စားစွာ နားထောင် လျက်ရှိရာမှ အံ့ဩလျက် ရှိကြကုန်၏။

ကျွန်ုပ်တို့ သင်္ဘောသည် အရှေ့မြောက်သို့ ခုတ်ရာမှ တစ်ဖန် မြောက်စူးစူးသို့ ခုတ်နှင်လျက်ရှိလေရာ ပင်လယ်မိုင် ၂ မိုင်ခန့်မျှ ခုတ်မိလေသော် ကပ္ပတိန်သည် သင်္ဘောကို ရပ်တန့်ရန် အမိန့် ပေးပြီးလျှင် ကျွန်ုပ်ကိုခေါ်၍ မှန်ပြောင်းဖြင့် အရှေ့ဘက်သို့ အကြည့် ခိုင်းသဖြင့် ကျွန်ုပ်လည်း အရှေ့စူးစူးသို့ကြည့်လိုက်ရာ ခရီး သုံးမိုင်ခန့် မျှ ဝေးကွာသောနေရာတွင် မှိုင်းမှိုင်းညို့ညို့ရှိသော ကျွန်းငယ်တစ်ခုကို မြင်ရသည်နှင့် ထိုအကြောင်းကို ပြောရလေ၏။ ထိုအခါ ကပ္ပတိန် လည်း ဝမ်းမြောက်သည့် လက္ခဏာနှင့် "ဟုတ်ပြီ မစ္စတာ မာတင်ရေ့

ဒီနေရာပဲ လူဆိုးခေါင်းဆောင်ကြီးစီးတဲ့ သင်္ဘောနစ်ပြီးသွားတယ်ဆိုတာ၊ နေရာကတော့ ကျုပ်တို့အခု သင်္ဘောရပ်ပြီးနေတဲ့ နေရာလောက်ပဲဗျ၊ ဒီနေရာက နေပြီး သူတို့ ၃ ယောက်ဟာ အရှေ့ရှုးရှူးကို လှေကလေးနဲ့ ထွက်ပြီး ပြေးတာကို ပြေးလို့ မလွတ်ပုံပေါ်လေတော့ ကျုပ်တို့အခုရပ်ပြီးနေတဲ့ နေရာနဲ့ ဟိုကျွန်းကလေးကြားမှာ လှေကို မြှုပ်ပစ်လိုက်တာပဲ၊ လှေနစ်တော့ ကျုပ်အဘိုးက အင်မတန်ရေကူးသန်တဲ့ လူတစ်ယောက်ဖြစ်လို့ သူ့ဆရာအမိန့်အတိုင်း ကျွန်းကလေးဆီကို ရောက်အောင်ကူး၊ နောက်အဲဒီ လူသူမရှိတဲ့ ကျွန်းကလေးပေါ်မှာ ၃–၄ ရက်ပုန်းနေရပြီး ၅–ရက် မြောက်တဲ့နေ့ကျမှ စပိန်သင်္ဘောတစ်စင်းက ကယ်လို့ အသက်ချမ်းသာရာ ရခဲ့ဟာကိုး မစ္စတာမာတင်ရဲ့"

ဤသို့ ကျွန်ုပ်နှင့် စကားပြောလျက်ရှိရာမှ ကပ္ပတိန်သည် သင်္ဘောကို ကျွန်းရှိရာ အရှေ့ရှူးရှူးသို့ ဦးတည်လျက် ခုတ်စေပြန်ရာ ၂ မိုင်နီးနီးမျှ ရောက်လေလျှင် မြေပုံကိုကြည့်၍ ကွန်ပါဖြင့်ထောက်ပြီးသော် သင်္ဘောကို ရှေ့သို့ တိုးချည်တစ်ခါ နောက်သို့ ဆုတ်ချည်တစ်လှည့် ပြုလုပ်ပြီးနောက် တစ်နေရာတွင် တစ်ခါတည်း ရပ်တန့်စေ၏။ ထိုအခါ ကျွန်ုပ်တို့လည်း ရေငုပ် ကိရိယာတန်ဆာပလာများကို အသင့်ပြင်ဆင်ကြရ၏။ ကျွန်ုပ်နှင့် မစ္စတာကာဆိုတို့သည် သင်္ဘောဦး၌ ကုလားထိုင်များပေါ်တွင် ထိုင်ကြပြီးလျှင် ရေငုပ် အဝတ်အစားများကို ဝတ်ဆင်လျက်ရှိကြရာ သင်္ဘောသားများက ကျွန်ုပ်တို့အား ဝိုင်းဝန်း ကူညီကြရ၏။ ကပ္ပတိန်နှင့် အင်ဂျင်နီယာစက်ဆရာကြီးတို့မှာ ကျွန်ုပ်တို့အား အားပေးစကားပြောကြားလျက် ရှိလေသည်။ ထိုအခါ ကျွန်ုပ်လည်း "အကယ်၍ ဤရွှေငွေ ရတနာသေတ္တာကြီးကို တွေ့ရှိပြီးလျှင် ငါ၏ ဝေစုကို ရသောအခါ ဤစိတ်ပျက်ဖွယ်ကောင်းသော ပုလဲလုပ်ငန်းကို





စွန့်ပစ်ပြီးလျှင် ပသျှူးကျွန်းဆွယ်၌သော်လည်းကောင်း၊ မြန်မာနိုင်ငံ၌သော်လည်းကောင်း၊ လခစားလုပ်၍ နေတော့အံ့"ဟု အောက်မေ့မိ၏။ သို့နှင့် မိမိစွန့်စားရမည့်အလုပ်အတွက် စိတ်အားထက်သန်လျက် မစ္စတာကာဆိုအား ကြည့်လိုက်ရာ မစ္စတာကာဆိုမှာ ယခင်ကနှင့် မတူဘဲ၊ ၎င်း၏မျက်နှာထားမှာ တစ်မျိုးဖြစ်နေသကဲ့သို့ ပြောင်းလဲသွားသည်ဟု ထင်မိ၏။ မစ္စတာကာဆိုမှာ ပကတိ နဂိုအားဖြင့် မျက်နှာချိုလျက် စကားပြောသောအခါများ၌လည်း ပြုံးပြုံးရွှင်ရွှင် ပြောဆိုတတ်လေရာ ထိုနေ့၌မူ စကားအလွန်နည်းသဖြင့် ကျွန်ုပ်မှာ စိတ်ထဲက အံ့ဩမိ သေး၏။

အင်ဂျင်နီယာ စက်ဆရာကြီး ကိုယ်တိုင် ကြိုးလှေခါးနှင့်တကွ အရေးအကြောင်းရှိက ရေငုပ်သောသူသည် သင်္ဘောပေါ်မှ လူများအား အထိမ်းအမှတ်ပေးရန် တပ်ဆင်ထားသောကြိုး (Signal Line) များကို စစ်ဆေး ကြည့်ရှုလေသည်။ ၎င်းနောက် ကျွန်ုပ်တို့ဝတ်သော အင်္ကျီ၏ ကြေးကော်လာကို အလွန်လေးလံသော ဦးခေါင်းစွပ်ကြီး တပ်ဆင်ပြီးလျှင် ကျွန်ုပ်ကို ပထမရှေးဦးစွာ သင်္ဘောကုန်းပတ်ပေါ်မှ ရေအောက်သို့ တဖြည်းဖြည်း လျှောချလေရာ မိနစ်အနည်းငယ်မျှ ကြာလျှင် မစ္စတာကာဆိုလည်း ရေအောက်မြေပြင်သို့ ကောင်းမွန်ချောမောစွာ ရောက်လာလေ၏။

ကျွန်ုပ်တို့သည် အထိမ်းအမှတ်ပေးသောကြိုးစများကို ကိုင်ကာ သင်္ဘော၏ မြောက်ဘက်သို့ တဖြည်းဖြည်း သွားလေရာ ထိုနေရာ၌ကား မြေပြင်သည် အလွန်ညီညာလျက် ရေပြင်အောက်ရှိသဲများမှာ ဖွေးဖွေးဖြူလျက်ရှိနေလေ၏၊ ကျွန်ုပ်လည်း ကိုက်အနည်းငယ် အတွင်းရှိ ပတ်ဝန်းကျင်တွင် လိုက်လံ ရှာဖွေပါသော်လည်း ကျောက်တုံးကြီး

များနှင့် သဲတွင်းများကို တစ်ခါတစ်ရံ တွေ့ရသည်မှတစ်ပါး အခြားထူးခြားသော အရာဝတ္ထုများကို မတွေ့ဘဲ ရှိလေ၏၊ မစ္စတာကာဆိုလည်း ကျွန်ုပ်အနီးတွင်ပင်ရှိ၍ ကျွန်ုပ်သည် မစ္စတာကာဆိုအား ရှာဖွေ၍ မတွေ့သော အထိမ်းအမှတ်ကို ပြလေရာ မစ္စတာကာဆိုကလည်း ၎င်းအထိမ်းအမှတ်ကိုပင် ပြန်၍ ပြလေသည်၊ ထိုအခါ ကျွန်ုပ်တို့သည် သင်္ဘောကုန်းပတ်ပေါ်သို့ ဆွဲ၍တင်ရန် ကြိုးစကိုလှုပ်၍ အချက်ပေးလိုက်ရာ မကြာမီ သင်္ဘောပေါ်သို့ ရောက်သွားကြလေ၏၊

သင်္ဘောပေါ်တွင် နေ့လယ်စာ လက်ဖက်ရည်များကို သောက်၍ တစ်နာရီခန့် အမောအပန်းဖြေပြီးသော် သင်္ဘောကို လက်ဝဲဘက်သို့ အတန်ငယ် ခုတ်စေပြီးလျှင် ဒုတိယတစ်ကြိမ် ဆင်းသက်ကြပြန်ရာ ထိုနေရာ၌မူ များစွာမညီညွတ်ဘဲ ကျောက်တုံးများ, ကျောက်ဆောင်များ, ကျောက်ပန်း ကျောက်ခက်များဖြင့် ပြည့်နှက်လျက် ရှိကုန်၏၊ သင်္ဘောရှိရာမှ တဖြည်းဖြည်း လျှောက်၍ရှာဖွေသော်လည်း အစအန တစ်စုံတစ်ရာမျှ မတွေ့ရသဖြင့် ကျွန်ုပ်သည် မစ္စတာကာဆိုရှိရာသို့ ကြည့်လိုက်ရာ မစ္စတာကာဆိုမှာလည်း ကျွန်ုပ်ကဲ့သို့ပင် တစ်စုံတစ်ရာမျှ မတွေ့ဘဲ များစွာ စိတ်ပျက်သော လက္ခဏာအထိမ်းအမှတ်ကို ပြလေ၏ ထိုအခါ ကျွန်ုပ်တို့သည် သင်္ဘောရှိရာသို့ တဖြည်းဖြည်းလာခဲ့ကြရာ သင်္ဘောနှင့် ကိုက် ၅၀ ခန့်မျှသာ ဝေးသောနေရာသို့ရောက်လျှင် ကျွန်ုပ်တို့၏ရှေ့တွင် အိမ်တစ်ခန်းရာမျှရှိ၍ သုံးမြှောင့်ပုံသဏ္ဌာန်ရှိသော ကျောက်လုံးကြီး တစ်ခုသည် ကျွန်ုပ်တို့၏ သွားရာလမ်းကို ပိတ်ဆီးလျက်ရှိလေ၏၊ ထိုအခါ ကျွန်ုပ်လည်း ထိုကျောက်လုံးကြီးကို လှည့်ပတ်၍ ရှာဖွေလိုသောစိတ် ဖြစ်ပေါ်လာသဖြင့် ကျောက်လုံးကြီး၏ လက်ဝဲဘက်သို့ လှည့်၍ သွားလေရာ





ကျောက်လုံးနှင့် ၁၀ ကိုက်ခန့်ဝေးသောနေရာတစ်ခုတွင် ကျောက်ပြားနှစ်ခုထပ်လျက် ရှိနေသောအကြားမှ သံကြိုးစတစ်ခု ထွက်နေသည်ကို ရုတ်တရက် တွေ့မြင်လိုက်ရ၏။ အနီးသို့ သွားရောက် ကြည့်ရှုသောအခါ သံကြိုးမှာ သံချေးများဖြင့် ဆွေးမြည့်လုမတတ်ရှိနေ၍ ကျောက်ချပ်နှစ်ခု ညှပ်လျက်ရှိနေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်သည် ဓါးဦးဖြင့် ကျောက်ချပ်များကြားသို့ ထိုးပြီးလျှင် ကျောက်ချပ်တစ်ခုကို လှန်ရန် ကြိုးစားလေရာ ပထမ၌ အတော်ခဲယဉ်းသော်လည်း အစွမ်းကုန် အားထုတ်၍ ကြိုးစားသောအခါ ကျောက်ချပ်ကို တစ်ပေခန့်မျှ လှန်နိုင်၍ အတွင်းသို့ စမ်းသပ်ကြည့်ရာတွင် သံနှင့်တူမချောသော ထောင့်စွန်း တစ်ခုကို စမ်းမိသဖြင့် သေတ္တာကဲ့သို့ လေးထောင့်အရာဝတ္ထုတစ်ခု ဖြစ်ကြောင်း သိရှိရလေ၏။

ထိုအခါ ကျွန်ုပ်မှာ "ဒုက္ခခံရကျိုး နပ်လေပြီ"ဟု အလွန်ဝမ်းမြောက်ကာ တစ်ခဏမျှ ကြက်သေသေလျက် ရှိလေ၏။ လူတို့မည်သည် ဝမ်းမြောက်ဖွယ် အကြောင်းများနှင့်ဖြစ်စေ၊ ဝမ်းနည်း ကြေကွဲဖွယ်အကြောင်းများနှင့်ဖြစ်စေ ရုတ်တရက် တွေ့ကြရသောအခါ မိန်းမော၍ သွားလုမတတ် မိမိစိတ်ကို မိမိမချုပ်တည်းနိုင်အောင် ဖြစ်တတ်စမြဲ ဖြစ်ရာ ကျွန်ုပ်ဖြစ်ရပုံကို နောင်အခါတွေး၍ပင် ရယ်မောမိသေး၏။

ကျွန်ုပ်သည် ကြက်သေသေလျက်ရှိရာမှ ရုတ်တရက် သတိရလာပြီးနောက် မစ္စတာကာဆိုဘက်သို့ ကြည့်လိုက်ရာ ကာဆိုသည် ဓါးမြှောင်ကြီးကို လက်တွင်ဆုပ်ကိုင်လျက် သဲကမူဟု ထင်ရသောနေရာ တစ်ခုပေါ်တွင် သူ၏လက်ဝဲဘက် ခြေထောက်ကို နုတ်ရန် အပြင်းအထန် ကြိုးစားလျက်ရှိနေသည်ကို ထိုနေရာ၌ ရေများ

ကြည်လင်သဖြင့် ကောင်းစွာမြင်ရ၏၊ ကျွန်ုပ်နှင့်ကား များစွာ မဝေးလှချေ။ မစ္စတာ ကာဆိုသည် ကျွန်ုပ်ကို မြင်သည်နှင့်တစ်ပြိုင်နက် လက်ယပ်၍ ကူညီရန် ခေါ်သဖြင့် ကျွန်ုပ်မှာ ၎င်း၏အဓိပ္ပာယ်ကို နားမလည်နိုင်ဘဲ လက်ဝဲဘက်ခြေထောက်မှာ အဘယ်ကြောင့် မြေမှ နှုတ်၍မရလေသနည်းဟု ခြေထောက်ရှိရာသို့ ကြည့်လိုက်ရာ အလွန် ထူးဆန်းသော အခြင်းအရာတစ်ခုကို တွေ့မြင်ရလေ၏၊ အကြောင်း သော်ကား အလွန်ကြီးမားလှသော ပင်လယ်ခရုကြီးတစ်ကောင်သည် မစ္စတာကာဆို၏ လက်ဝဲဘက်ခြေထောက်ကို စုပ်မျိုလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ မစ္စတာကာဆိုသည် သဲများ ဖုံးအုပ်လျက်ရှိသော ခရုကြီးပေါ်သို့ ခြေထောက်ကို မတော်တဆနင်းလိုက်မိရာ ခရု၏ ပါးစပ်ပေါက်ရှိရာသို့ ခြေထောက်ချမိသဖြင့် ခရုသည် အစာဖြစ်သည် ဟု ထင်မှတ်သည့်အတိုင်း ၎င်း၏ လက်ဝဲဘက်ခြေထောက်ကို မျိုထား ဟန် တူလေသည်။

သူသည် ရေလှိုင်းများထသည့်တိုင်အောင် လက်ဝဲဘက် ခြေထောက်ကို ခရု၏ ပါးစပ်အတွင်းမှ ထုတ်နုတ်ရန် အပြင်းအထန် ကြိုးစား ရုန်းကန်လျက်ရှိလေရာ ကျွန်ုပ်လည်း ၎င်းနှင့် (၅) ကိုက်ခန့် မျှဝေးသောနေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်ကိုင် လျက်ရှိသော အထိမ်းအမှတ်ပြကြိုး(Signal Line) မှာ ပြင်းထန်သော အဟုန်ဖြင့် အရှေ့စူးစူးသို့ ဆွဲ၍သွားလေရာ ကျွန်ုပ်မှာ မတ်တတ်ရပ် လျက် ရှိရာမှ မြေပြင်ပေါ်သို့ ရုတ်တရက်လဲကျသွားပြီးလျှင် လျင်မြန်စွာ ပါသွားလေ၏ ဤကဲ့သို့ ၄-၅-၁၀ ကိုက်မျှ ပါသွားပြီးနောက် ရုတ် တရက် ရပ်၍သွားသဖြင့် အထက်သို့ မော့ကြည့်လိုက်ရာ လူ၏ ကိုယ်လုံးထက် ၃ ဆမျှမကကြီးသော ငါးကြီးတစ်ကောင်သည်





ကျွန်ုပ်၏ ဦးခေါင်းပေါ်မှ ကြိုးစကို လျင်မြန်စွာ တိုက်၍ ပြေးလွှား သည်ကို မြင်လိုက်ရလေ၏။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ငါးကြီးသည် ပင်လယ်အောက်တွင် ပြေးလွှား ပျော်မြူးလျက်ရှိစဉ် ကျွန်ုပ်လက်တွင် ကိုင်၍ထားသော ကြိုးစနှင့် ငြိပြီးနောက် ကြိုးမှာ ငါး၏အင်အားကို မခံနိုင်သဖြင့် ပြတ်ထွက်သွားဟန် လက္ခဏာရှိလေသည်။

ထိုအခါ ကျွန်ုပ်မှာ မြေပြင်ပေါ်တွင် လဲလျက်ရှိနေသေးရာ ကိုယ်တွင် သံကိုယ်ချပ် အင်္ကျီများ ဝတ်ထားရသဖြင့် များစွာ လေးလံ လျက် ရှိနေသည့်အပေါ်၌ ရေ၏အလေးချိန်က တစ်ဖန်တိုး၍ ဖိနှိပ် လျက် ရှိပြန်သောကြောင့် နေရာမှ မထနိုင်ဘဲ ရှိလေ၏၊ ကျွန်ုပ်၏ အထိမ်းအမှတ်ပြကြိုးမှာ ငါး၏ဘေးရန်ကြောင့် ပြတ်၍သွားပြီဖြစ်၍ အထက်က လူများနှင့် စကားပြောရန် အလျဉ်းမတတ်နိုင်ဘဲ ရှိလေ ၏။ သို့နှင့် ကျွန်ုပ်မှာ ဤအကြိမ်သည် ငါ၏ ဘဝနောက်ဆုံးသော အကြိမ်ပေတည်း ဟု အောက်မေ့မိ၏၊ ထိုအခါ ရေသည်လည်း ငါးကြီး ပြေးလွှားသွားသဖြင့် ယခင်ကကဲ့သို့ ကြည်လင်ခြင်းမရှိတော့ဘဲ နောက်ကျိလျက်ရှိနေပြီး ဖြစ်ရကား မစ္စတာကာဆိုသည် မည်သည့် နေရာ၌ မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို မမြင်ရဘဲ ရှိလေ၏၊ သို့ဖြစ်၍ "ငါသည် လောဘ၏နိုင်ငံသို့ လိုက်စားကာ ယခုကဲ့သို့ စွန့်စားခြင်း အလုပ်ကို ပြုမိရာ မှားလေပြီ၊ ငါ၏နောက်ဆုံး အချိန်နာရီသည် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်၍ သင်္ဘောပေါ်မှ လူများသည် ငါ၏ ကံကြမ္မာကို မသိမီ ငါသည် ဤပင်လယ်အောက်၌ သေခြင်းမလှ သေရတော့အံ့၊ သို့သော် ယောကျ်ားတို့မည်သည် ဘေးဥပဒ်နှင့် တွေ့ကြုံသောအခါ တတ်အားသမျှ ခုခံ၍ မနိုင်သောအခါမှ အရှုံးပေး ခြင်းသည်သာလျှင် ယောကျ်ားပီသစွာ သေခြင်းမည်၏" ဟု

စိတ်၌အောက်မေ့ခါ မတ်တတ်ရပ်ရန် ကြိုးစားလေ၏။ သို့သော် ဖိနှိပ် လျက်ရှိသော ရေအားမှာ ကြီးလှသည်ဖြစ်၍ မတ်တတ်ရပ်ခြင်းငှာ မတတ်နိုင်ဘဲ ရှိနေလေသည်။

ကျွန်ုပ်သည် ကိုယ်တွင်ရှိသမျှ အင်အားတို့ကို ချေးလုံးကြီးများ ကျသည့်တိုင်အောင် ညှစ်ထုတ်လိုက်ပြီးလျှင် လက်သည်းများဖြင့် သဲပြင်ပေါ်တွင် ကုတ်ခြစ်ကာ ကြိုးစားလေရာ သုံးကြိမ်တိုင်တိုင် အထမမြောက်ဘဲ နေပြီးနောက် အရိုးများသည် ကွဲကြေ၍ သွားလု နီးပါးရှိသမျှသော ခွန်အားတို့ကို အပြီးသတ် စုရုံးပြီးလျှင် ကြိုးစားရာ စတုတ္ထအကြိမ်၌မူ ကောင်းမွန်စွာ အထမြောက်ခြင်းသို့ ရောက်ရှိလေ၏။ ထိုအချိန်၌ ရေသည် ကြည်လင်လျက်ရှိသည်ဖြစ်၍ ကျွန်ုပ်လည်း ပတ်ဝန်းကျင်၌ ကြည့်ရှုလေရာ မစ္စတာကာဆိုသည် ယခင်ကကဲ့သို့ ရန်းရင်းဆန်ခတ် ရှိနေသည်ကို တွေ့မြင်ရလေ၏။ ၎င်းမှာ ဤကြောက် မက်ဖွယ်ကောင်း လှသော သတ္တဝါကြီး၏ လက်တွင်းမှ ရန်းထွက်ရန် တတ်အားသမျှ ကြိုးစားနေသည့် လက္ခဏာဖြင့် ပတ်ဝန်းကျင်ရှိ ရေများသည် နောက်ကျိလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်လည်း မစ္စတာကာဆိုရှိရာသို့ တစ်ဖန် ပြန်၍ လှည့်ပြီးလျှင် ၎င်းအား ကူညီရန် တဖြည်းဖြည်း ကြိုးစား၍ လာခဲ့ရာ ကျွန်ုပ်မှာ ယခင်ကကဲ့သို့ အားအင်မရှိတော့ဘဲ မြေပေါ်သို့ ပြန်၍ မလဲ ရန်ကိုပင် များစွာ သတိပြုရလေ၏။ မစ္စတာကာဆို၏ အနီးသို့ ရောက်လျှင် ၎င်း၏လက်မှ လွတ်လျက်ရှိသော ကြိုးစကို လျင်မြန်စွာ ယူပြီးနောက် သင်္ဘောပေါ်ရှိ လူများအား ကျွန်ုပ်တို့သည် ဘေး အန္တရာယ် တွေ့နေပြီဖြစ်၍ အမြန်ကယ်ဆယ်ရန်အကြောင်း အထိမ်း အမှတ်ဖြင့် ကြိုးလှုပ်ပြီးသည်နှင့် တစ်ပြိုင်နက် ကြည်လင်လျက်ရှိသော





ကျွန်ုပ်၏ မျက်လုံးများမှာ ရုတ်တရက် ဆေးခတ်လိုက်ဘိသကဲ့သို့ အရှင်းမမြင်ရဘဲ ပြာ၍ သွားပြီးလျှင် ကျွန်ုပ်၏ ကိုယ်၌လည်း အချိန် များစွာ လေးလံသော အလေးကြီးများဖြင့် ဖိနှိပ်၍ ထားသည့်အလား တဖြည်းဖြည်း အသက်ရှူကြပ်၍ သတိမေ့လျော့ သွားလေ၏။

× × × × ×

သတိရ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ၊ သင်္ဘော အရာရှိများသည် ကျွန်ုပ်အနီး၌ ဝိုင်းရံကာ များစွာ စိုးရိမ်ကြောင့်ကြ သည့်ဟန်ဖြင့် ကျွန်ုပ်အား ဝိုင်းဝန်းပြုစုနေသည်ကို တွေ့ရ၏။ ကျွန်ုပ်က မစ္စတာကာဆို အကြောင်းကိုမေးရာ မစ္စတာကာဆိုမှာ ယခုတိုင် သတိ မရသေးဘဲ ရှိနေကြောင်း၊ ၎င်း၏ ခြေထောက်ကို စုပ်မျိုထားသော ခရုကြီးမှာ သင်္ဘောပေါ်သို့ တန်းလန်းပါလာသဖြင့် ပုဆိန်ဖြင့် ပေါက်ခွဲ၍ ခြေထောက်ကို ထုတ်ယူရကြောင်း ပြောပြလေသည်။ ထိုအခါမှ ကျွန်ုပ် အကြောင်းနှင့်တကွ "ရတနာသေတ္တာကြီး"ကို မည်သို့ မည်ပုံ ခဲယဉ်း စွာ တွေ့ရှိခဲ့ရကြောင်း ကပ္ပတိန်အား ပြောပြနိုင်တော့၏။ ကပ္ပတိန် ကလေးသည် ကျွန်ုပ်၏ လက်ကို အားပါးတရ ဆွဲကိုင်လှုပ်ယမ်း လျက်–

"ကျေးဇူးတင်ပါတယ် မစ္စတာမာတင် ကျွန်တော်တို့တော့ နေရာကျပြီ" ဟုပြောလေသည်။

တစ်ခဏမျှကြာလျှင် သင်္ဘောသား တစ်ယောက်သည် အခန်း တွင်းသို့ ဝင်လာ၍ မစ္စတာကာဆိုမှာ ယခု ကောင်းစွာ သတိရလာပြီ ဖြစ်ကြောင်း ကျွန်ုပ်နှင့်များစွာတွေ့လိုကြောင်းပြောသဖြင့် ကျွန်ုပ်နှင့် ကပ္ပတိန်သည် မစ္စတာကာဆို၏ အခန်းသို့ ချက်ချင်း သွားရောက်ကြ လေ၏။ မစ္စတာကာဆိုသည် ခုတင်ပေါ်တွင် နံဘေးမှ သင်္ဘောသား

(၂)ယောက် ဖေးမ၍ ထိုင်လျက်ရှိလေရာ ကျွန်ုပ်ကို မြင်သည်နှင့် တစ်ပြိုက်နက် မျက်နှာကို အောက်ချပြီးလျှင်၊

"မစ္စတာမာတင် ကျုပ်တစ်ခါတည်း သေသွားရင် ကောင်းလေ ရဲ့ဗျာ"

"မဟုတ်တာဗျာ၊ သတိကို ခင်ဗျားမြဲမြဲထားစမ်းပါ။ ခင်ဗျား ကောင်းကောင်းမမာသေးဘူးဗျ၊ တွေ့ကရာတွေချည်း လျှောက်ပြော မနေပါနဲ့။ ခင်ဗျား မောနေပါ့မယ်"၊

"ကျုပ် ကောင်းကောင်း သတိရပါတယ်ဗျာ ... ခင်ဗျားကို ကျုပ် တစ်ခုပြောမယ်နော်၊ ကျုပ်တို့လိုက်ပြီးရှာတဲ့ ပစ္စည်းတွေ တွေ့ပြီ မဟုတ်လား။ ဒီပစ္စည်းတွေ သုံးပုံတစ်ပုံကို ကျုပ်တို့နှစ်ယောက်ရဖို့ပဲ ရှိတယ်နော်။ ဒီတော့ ကျုပ်အတွက် အစုရှယ်ယာဟာ မဟုတ်တော့ဘူး ဗျ၊ ခင်ဗျားနဲ့သာ ဆိုင်တော့တယ်။ ယူပေတော့"

"ခင်ဗျားပြောတာ ကျုပ်ကောင်းကောင်းနားမလည်ပါဘူး၊ မစ္စတာကာဆိုရယ်"၊

"ခင်ဗျားကလဲ တယ်ခက်တာကိုဗျ၊ ဘာနားမလည်စရာရှိသလဲ၊ ကျုပ်အစုကို ကျုပ်မယူတော့ဘူး၊ ခင်ဗျားပဲ ယူပေတော့"

"အလို ဘာပြုလို့လဲဗျာ"

"ခင်ဗျားကို ကျုပ်စိတ်ထဲက မကောင်းကြံစည်မိတယ်ဗျာ၊ ဘယ်လိုလဲဆိုတော့ ခင်ဗျားသေတ္တာကြီးနားမှာ မတ်တတ်ရပ်ပြီး မလှုပ်မယှက် ရပ်နေတော့ ကျုပ်စိတ်ထဲမှာ မနာလိုတဲ့စိတ်ပေါ်လာပြီး ခင်ဗျားကို သတ်မယ်လို့ ခါးကခါးမြှောင်ကို ချွတ်မိတာကိုးဗျ။ ကျုပ် အကြံက ခင်ဗျားကိုသတ်ပြီး သေတ္တာကြီးကို မတွေ့တဲ့အကြောင်း ပြောရရင်ဖြင့် ဒီပစ္စည်းတွေဟာ ငါချည့်ပဲရရဲ့၊ သဘော်ပေါ်က လူများ





ကိုတော့ "ငါးဆင်" တစ်ကောင်နဲ့ ထွေးလုံးရစ်ပတ်ဖြစ်ပြီး သတ်တဲ့ အခါမှာ ခင်ဗျားကို မတော်တဆချော်ပြီး ခါးနဲ့ထိုးမိတယ်လို့ပြော နောက်တော့မှ ကျုပ် တစ်ယောက်တည်းလာပြီး သည်ပစ္စည်းတွေကိုယူ ... ဒီလို ကြံစည်ပြီး ခင်ဗျားဆီကို ခါးနဲ့ထိုးရအောင်လိုက်အလာမှာ ကျုပ်ဘယ်ဘက် ခြေထောက်ဟာ သဲတွေဖုံးပြီးနေတဲ့ ပင်လယ်ခရုကြီး ပေါ် မတော်တဆ နင်းမိတာပါပဲဗျာ ... ကိုင်းသည်တော့ ကျုပ်လောက် သစ္စာမရှိတဲ့လူ၊ ကျုပ်လောက်မိုက်တဲ့လူ၊ ဒီကမ္ဘာမှာ ရှိသေးရဲ့လားဗျာ ..."

"မဟုတ်တာ မစ္စတာကာဆိုရယ်၊ ခင်ဗျား တကယ်လို့ ကျုပ် အသက်ကို ကြံစည်မိစေကာမူ ခင်ဗျာ့အစုရှယ်ယာ ခင်ဗျားရထိုက် ပါတယ်ဗျာ"

"ခင်ဗျားကို ကျုပ်က အလုပ်စပ်ဖက် ပါတနာရယ်လို့ သဘော မထားဘဲ ညီအစ်ကိုအရင်းတမျှ ချစ်ခင်ခဲ့တယ်ဆိုတာ ခင်ဗျား သိပါ တယ်မဟုတ်လား။ နို့ပေမဲ့ မနေ့ကတစ်နေ့လုံး ဒီရွှေသေတ္တာကြီးကို ချည်း စိတ်စွဲလမ်းပြီး ဘယ်လိုများ ကျုပ်စိတ်ရူးပေါက်နေတယ်ဆိုတာ မပြောတတ်ဘူး မစ္စတာမာတင်ရယ်"

မစ္စတာကာဆိုသည် မိမိတစ်ကိုယ်တည်း ပြောသကဲ့သို့ "ဩော် လူများ– လူများ၊ လောဘဆိုတဲ့ တရားကြီးကို တယ်ပြီး သတ်နိုင်ခဲ့ကြတာကလားနော်၊ ဘယ်လောက်ပဲချစ်တဲ့လူချင်းဖြစ်ပေမဲ့ ပစ္စည်းနှင့် စပ်လာပြီလားဆို တယ်ပြီးထိန်းသိမ်းနိုင်ခဲ့ကြတာပဲ... ဒီတော့ ကျုပ်ကြံစည်မိခဲ့သမျှတွေကို ကျုပ်အပေါ်မှာ အမှတ်မထား ပါနဲ့တော့ဗျာ။ ကျုပ်က အသက်ကြီးပေမယ်လို့ တောင်းပန်ပါတယ် မစ္စတာမာတင်ရယ်၊ အခုဖြင့် ကောင်းကောင်းကြီး နောင်တတရား

ရပါပြီ၊ ခင်ဗျားအပေါ်မှာ အရင်ကထက် ဆတက်ထမ်းပိုး တိုးပြီးချစ်ခင်အားကိုးမိပါတယ်ဗျာ" ဟု တစ်လုံးချင်း ညည်းညူပြောဆိုလေရာ ၎င်း၏ စကားများမှာ နှုတ်ဖျားမှ မဟုတ်ဘဲ စိတ်ထဲမှာ လှိုက်လှိုက်လဲလဲ ပြောဆိုခြင်း ဖြစ်သဖြင့် ကျွန်ုပ်မှာ စိတ်သဘော ခက်ထန်သူပင်ဖြစ်သော်လည်း ၎င်းအတွက် များစွာဝမ်းနည်းမိပါ၏။

နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် သင်္ဘောသေတ္တာရှိသောနေရာနှင့် တည့်တည့်လောက် ကျမည့်နေရာသို့ ရွှေ့ပြောင်းပြီးသော် နံနက်(၈)နာရီ အချိန်ခန့်တွင် ကျွန်ုပ်သည် ရေအောက်သို့ ဆင်းခဲ့လေ၏။ မစ္စတာကာဆိုမှာမူ ထိုအလုပ်ကို လက်လျှော့လိုက်လေပြီ။

ရေအောက်သို့ရောက်၍ ကျောက်ပြားနှစ်ခုကြား၌ ညှပ်လျက်ရှိသော သေတ္တာကြီးမှ သံကြိုးစကို ရှာဖွေရာ ချက်ချင်းပင် တွေ့ရှိရလေသည်။ သံကြိုးမှာ သေတ္တာကြီးကို ရစ်ပတ်ထားသော သံကြိုး၏တစ်ဘက်အစဖြစ်၍ ရေအောက်၌ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သောကြောင့် သံချေးများတက်လျက် ရှိလေ၏။ ကျွန်ုပ်လည်း ကျောက်တုံးများထဲတွင်ညှပ်ကာ သဲများဖြင့် တစ်ဝက်ဖုံးအုပ်လျက်ရှိသောသေတ္တာကြီးအား အထပ်ထပ် ပတ်ရစ်လျက်ထားသော သံကြိုး၏အခြားဘက်အစကို လိုက်လံရှာဖွေလျက်ရှိလေရာ တွေ့သည်နှင့်တစ်ပြိုင်နက် သံကြိုးစကို လက်ကလွှတ်၍ ချလိုက်မိလေ၏။ အဘယ်ကြောင့်ဆိုသော် သံကြိုး၏အဖျားတွင် သံကွင်းတစ်ခုလည်းရှိ၊ ၎င်းသံကွင်း၌ လူ၏လက်မောင်းရိုးနှင့်တူသော အရိုးနှစ်ခုသည် လက်ဖြင့်စွပ်၍ ထားဘိသကဲ့သို့ တပ်လျက် ရှိလေ၏။ လက်ရိုးများ၏ အရင်းအဖျားများသည် အတော်ပင်ကြီးသည်ဖြစ်၍ လက်ရိုးနှစ်ခုမှာ သံကွင်းမှပြုတ်ထွက်၍မသွားဘဲနေခဲ့ဟန် လက္ခဏာ ရှိလေသည်။





သေတ္တာကြီးကို ရေပေါ်စေရန် နာရီဝက်ခန့်မျှ ပင်ပန်းခဲယဉ်းစွာလုပ်ကိုင်ပြီးနောက်မှ ခိုင်မြဲအောင်ကြိုးများဖြင့် ချည်နှောင်ခဲ့ပြီးလျှင် အပေါ်သို့ တက်ခဲ့လေ၏။ ၎င်းနောက် ကျွန်ုပ်တို့သည် သေတ္တာကြီးကို များစွာပင်ပန်းခဲယဉ်းခြင်း မရှိလှဘဲ တဖြည်းဖြည်း ရေပေါ်သို့ ဆွဲယူလေရာ မကြာမီ သင်္ဘောပေါ်သို့ ရောက်ရှိလာလေသည်။ ထိုအခါကပ္ပတိန်နှင့်တကွ ကျွန်ုပ်တို့သည် သေတ္တာထဲတွင်ပါရှိသော အရာတို့ကို သိလိုလှပြီဖြစ်၍ သေတ္တာပေါ်တွင် ချည်နှောင်ထားသော သံကြိုးများကို ဖြတ်ပြီးလျှင် ပုဆိန်ဖြင့်ထုခွဲလေရာ အတွင်းရှိ ပစ္စည်းများကို မထိခိုက်စေရန် အထူးဂရုစိုက်လျက် တဖြည်းဖြည်း ဖွင့်ရလေ၏။

ကပ္ပတိန်သည် များစွာဝမ်းမြောက်လှသည်ဖြစ်၍ "ကျုပ်တို့ဒုက္ခခံပြီး ရှာဖွေရတာ ရှာကျိုးနပ်ပြီဗျို့" ဟု ဟစ်အော်လိုက်လေ၏။ သေတ္တာကြီးအတွင်း၌ကား အင်္ဂလိပ်နိုင်ငံ, ပြင်သစ်နိုင်ငံ, အီတလီ, စပိန်, တရုတ်, ယိုးဒယား, ဂရိတ်, ရုရှား, အမေရိကန်မှစ၍ အနိုင်နိုင်ငံမှ ရွှေဒင်္ဂါး အမျိုးမျိုးတို့သည်လည်းကောင်း၊ များစွာအရည်ကောင်းလှ၍ အဖိုးထိုက်တန်ဟန်တူသော ကျောက်သံပတ္တမြားတို့သည်လည်းကောင်း၊ နံနက်ခင်းနေရောင်တွင် တပြောင်ပြောင် တလက်လက်ရှိကြကုန်၏။ ထူးခြားသော အရာတစ်ခုမှာ မိကျောင်းရေဖြင့် ပြုလုပ်ထားသော သားရေအိတ်ငယ်တစ်ခုဖြစ်လေရာ ကပ္ပတိန်သည် အတွင်း၌ မည်သည့်အရာဝတ္ထုများပါရှိသည်ကို သိလိုလှသည်ဖြစ်၍ ချက်ချင်းဖွင့်လှစ် ကြည့်ရှုလေရာ စာရွက်များကိုသာ တွေ့ရ၏။ ယင်းတို့မှာပင်လယ်ဆားငန်ရေဓါတ်ဖြင့် ဝါ၍နေပြီးလျှင် လူဆိုးခေါင်းဆောင်ကြီးသည် သူ၏အတ္ထုပ္ပတ္တိကိုရေးသားထားခဲ့သော စာရွက်များဖြစ်လေသည်။ သားရေအိတ်၏ အပေါ်တွင် (J.D) ဂျေ–ဒီ ဟု အင်္ဂလိပ်

ဘာသာစကားလုံးဖြင့် အတိုကောက် ရေးထိုးထား၏။

ကျွန်ုပ်တို့သည် ထိုစာရွက်များကို စိတ်အားထန်သန်စွာ ဖတ်ကြည့်ကြလေရာ နောက်၌ ကျွန်ုပ်အား ရေးကူးခွင့်ပင် ပေးသဖြင့် ကျွန်ုပ်ရေးကူးထားလေသည်။

လူဆိုးခေါင်းဆောင်၏အမည်မှာ (**John Drake**) "ဂျွန်ဒရိတ်" ဖြစ်၍ ဤနေရာတွင် သူ၏စာမူအတိုင်း ရေးသားဖော်ပြရပေမည်။

ကျွန်ုပ်၏ အမည်မှာ "ဂျွန်ဒရိတ်" (**John Drake**) ဖြစ်၍ ကျွန်ုပ်မှာ ဇာတိအားဖြင့် စပိန်ပြည်သားဖြစ်လျှင် စပိန်ပြည် မတ်ဒရစ်မြို့၌ ခရစ်တော်သက္ကရာဇ် ၁၈၆၇ နှစ်တွင် ဖွားမြင်လေသည်။ ကျွန်ုပ်၏အမိမှာ ကမ္ဘာပေါ်တွင် ရုပ်ရည်လှပခြင်းဖြင့် ထင်ရှားကျော်စောသော "ကော့ကေရှ" လူမျိုးမင်းသမီးတစ်ဦးဖြစ်၍ ကျွန်ုပ်၏အဘမှာ အစိုးရ ရေတပ်တွင် အုပ်ချုပ်သော ဗိုလ်မှူးကလေး တစ်ယောက် ဖြစ်လေသည်။ ငယ်စဉ်ကပင် ကျွန်ုပ်မှာ စာရေးခြင်းအတတ်ကို အတော်အတန် ဝါသနာပါသူ တစ်ယောက်ဖြစ်သည့်ပြင် တိုက်ခိုက်ခြင်းကိုမူ အထူးသဖြင့် အထုံပါလေသည်။ ကျောင်းမှထွက်ပြီးနောက် ကျွန်ုပ်သည် သတင်းစာတိုက် တစ်တိုက်တွင် လက်ထောက်အယ်ဒီတာ အဖြစ်ဖြင့် ခေတ္တအသက်မွေးမြူ နေထိုင်လျက်ရှိစဉ် စာရေးခြင်းအတတ်ကို များစွာဝါသနာပါသည့်အလျောက် ဥရောပတိုက်နှင့်တကွ နိုင်ငံတိုင်း၏ရာဇဝင်များကို မှတ်သား လေ့လာလျက်ရှိလေရာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ကမ္ဘာပေါ်တွင် သူရသတ္တိဖြင့် နာမည် ကျော်ကြားခဲ့ဖူးသော "နပိုလီယံဘုရင်"၊ "ရေကြောင်း စစ်ဗိုလ်ချုပ်ကြီး နယ်လဆင်" မှစ၍ အခြားနာမည်ကျော် ပုဂ္ဂိုလ်များ ပင်လယ်ဓားပြခေါင်းဆောင်ကြီးများအကြောင်းကို တွေ့ရှိရသဖြင့် စာရေးခြင်း





အတတ်ကို လေ့လာလိုက်စားသော သူတို့မည်သည့် မည်သည့် အရာ မဆို သူတစ်ပါးထက် ထူးထူးကဲကဲ စွဲမြဲနှစ်သက်လေ့ရှိသည့်အတိုင်း ပင်လယ်ဓါးပြခေါင်းဆောင်များ အကြောင်းကို ဖတ်ရှုရသောအခါ ကျွန်ုပ်ကိုယ်တိုင် ဖြစ်ပျက်ဘိသကဲ့သို့ လွန်စွာပင် စွဲလမ်းလျက်ရှိလေ၏။

ငယ်စဉ်ကပင် အဘသေဆုံးခဲ့၍ အမိနှင့်နေထိုင်ရသူဖြစ်ရာ ကျောင်းမှထွက်၍ တစ်နှစ်ကျော်ခန့် ကြာလတ်သော် မိခင် သေဆုံးခဲ့ပြန်လေ၏။ ထိုအခါ ကျွန်ုပ်မှာ အားကိုးရာမဲ့ဖြစ်လျက် "ငါသည် ဤကမ္ဘာမြေပေါ်တွင် အသက်ရှင်၍နေသော်လည်း အကျိုး မရှိပြီ၊ သို့သော် မသေမီ ငါ၏အကြံအစည် အထမြောက်ရန် ကြိုးစား တော့အံ့" ဟု မိမိအလိုဆန္ဒ ပြီးမြောက်စေရန် ရှိသမျှပစ္စည်းတို့ကို ရောင်းချ ထုခွဲပြီးလျှင် ကံဆိုးသောနေ့တစ်နေ့၌ အိမ်မှထွက်ခဲ့လေ၏။ ပြင်သစ်ပြည်တွင် ရက်ပေါင်းအတော်ကြာနေခဲ့ပြီးနောက် ဂျာမဏီနိုင်ငံသို့ ရောက်ခဲ့လေရာ ရေကြောင်းဘက်ဆိုင်ရာ ပညာသင်ကြားသော သိပ္ပံကျောင်းတစ်ကျောင်းတွင် ၃နှစ်တိုင်တိုင် ပညာသင်ကြားခဲ့လေသည်။ ၎င်းနောက် အိုးခွက်များကို အကြီးအကျယ် လုပ်ကိုင်ရောင်းချသော သူဌေးတစ်ဦး၏သမီးနှင့် အကြောင်းပါခဲ့လေရာ ကျွန်ုပ်မှာ ထိုအခါ အတော်အတန် ချမ်းသာလာပြီဖြစ်၍ ကျွန်ုပ်၏ အကြံအစည်မှာ တစ်နေ့နေ့တွင် အောင်မြင်အထမြောက်လိမ့်မည် မျှော်လင့်သည့်အတိုင်း၊ တစ်နေ့သ၌ မစ္စတာစမစ်ဆိုသူနှင့် တွေ့သဖြင့် ကျွန်ုပ်၏ အကြံအစည်မှာ အထမြောက်ခဲ့လေသည်။ ၎င်းစမစ်ဆိုသူမှာ အခြားသူမဟုတ် ကျွန်ုပ်၏ ပထမမာလိန်မှူးပင် ဖြစ်လေသည်။

ကျွန်ုပ်၏ ရုပ်အဆင်းမှာ မိခင်မှဆင်းသက်လျက် ကျွန်ုပ်၏ သတ္တိမှာမူ ဖခင်၏ဘက်မှ ဆင်းသက်လာဟန် လက္ခဏာရှိလေသည်။

ကျွန်ုပ်သည် ပိုက်ဆံကြေးငွေ ကြွယ်ဝသော သူဌေးသမီးနှင့် ရသော်လည်း ကျွန်ုပ်၏အကြံကို မလျှော့ဘဲ (၇)နှစ်ခန့်မျှကြာသော အခါ ကျွန်ုပ်အကြံမှာ အထမြောက်ခြင်းသို့ ရောက်လေ၏။ သင်္ဘောငယ်တစ်စင်းကို ဝယ်ယူပြီးနောက် သူရသတ္တိနှင့် ပြည့်စုံ၍ လူ၏အသက်ကို မြူမှုန်ခန့်မျှ ပမာဏမထားသော သူများကို လိုက်လံရှာဖွေပြီးသော် ညတစ်ည၌ ကျွန်ုပ်တို့သည် ဂျာမဏီပြည် ပင်လယ်ဆိပ်ကမ်းရှိ ဟင်းဗတ်မှ ထွက်ခဲ့ လေသည်။ ကျွန်ုပ်၏မိန်းမ သင်္ဘောထွက်သွားသောအခါမှ ကျွန်ုပ်၏ အကြံအစည်ကို ပြောပြရာ ခများမှာ သဘောမတူဘဲ အိမ်သို့ပြန်ပို့ရန် အကြိမ်ကြိမ် တောင်းပန် ပြောဆိုလေ၏။ မိန်းမတို့မည်သည် မည်မျှပင် စိတ်ခက်ထန်စေကာမူ ယောကျ်ားတို့၏လှည့်ပတ်ပြောဆို ချော့မော့ခြင်းကို မခံနိုင်ဘဲ မီးနှင့် တွေ့သောဖယောင်း အရည်ပျော်၍ သွားရလေတော့၏။

ကျွန်ုပ်တို့သည် အင်္ဂလိပ်သင်္ဘောတစ်စင်းကို တိုက်ခိုက်လုယူ၍ သင်္ဘောကလေးကို စွန့်ပစ်ခဲ့ပြီးလျှင် လူသစ်များကိုလည်း ထပ်မံ စုဆောင်းရှာဖွေရပြန်လေသည်။ နောက်များမကြာမီ ကျွန်ုပ်၏မိန်းမမှာ ကိုယ်လက်မပေါ့မပါးဖြစ်လာရာ သားယောကျ်ားကလေးမွေးရန် ဘုရားသခင်ထံ ကျွန်ုပ် အတန်တန် ဆုတောင်းသော်လည်း နေ့လစေ့၍ ဖွားမြင်သောအခါ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသော မိန်းကလေး တစ်ယောက်ကို ဖွားမြင်သဖြင့် များစွာ စိတ်ပျက်လျက်ရှိလေသည်။ သို့သော်မိဘတို့မည်သည် သားသမီးများအပေါ်၌ မည်သည့်အခါမျှ မုန်းတီးသောစိတ် မရှိနိုင်ရကား သားယောကျ်ားကလေးကဲ့သို့ပင် ချစ်ခင်ကြရလေ၏။ ကျွန်ုပ်၏မိန်းမမှာ တစ်လမျှကြာသောအခါ ကလေးမျက်နှာမြင်သော မီးယပ်ရောဂါနှင့်ပင် အနိစ္စရောက်ရှာလေ၏။ ထိုအခါ ကျွန်ုပ်မှာ ကျန်ရစ်ခဲ့သော နို့စို့အရွယ် လူမမယ်





သမီးကလေးကို မိခင်သဖွယ် ကျွေးမွေးသုတ်သင်လျက် သွားလေသူ မိခင်ကို တမ်းတကာ နေ့ရက်များကို ကုန်လွန်စေလေ၏။ သမီးငယ် သည် (၃)နှစ်ရွယ်ခန့်မျှ ကြာရှိသောအခါ ပင်လယ်တွင် မွေးဖွားသော သမီးဖြစ်၍ အမည်ကို "မေရီနာ" (Marina) ဟူ၍ တွင်စေလေသည်။

ဤအတောအတွင်း ကျွန်ုပ်သည် တိုက်ခိုက်ခြင်း၌ ရပ်နားခြင်း မရှိဘဲ ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့၏ ရွှေ, ငွေ, ကျောက်သံ, ပတ္တမြား များကို တိုက်ခိုက်လုယူခဲ့လေရာ ကျွန်ုပ်မှာ စွမ်းရည်သတ္တိလည်းရှိပြန်၊ ဆင်ခြင်တတ်သော ပညာဉာဏ်လည်းရှိပြန် ကုသိုလ်ကံကလည်း ကောင်းပြန်ဆိုဘိသကဲ့သို့ လေးဘက်လက်တန် စုံလင်သူ တစ် ယောက် ဖြစ်သည်နှင့် ဘေးဥပဒ်အမျိုးမျိုးတို့နှင့် တွေ့ကြုံသောအခါ ကျွန်ုပ်ကသာလျှင် အရေးသာခဲ့လေသည်။ သို့သော် လောက၏ ဓမ္မတာအတိုင်း မည်မျှပင် ကောင်းကင်သို့ တက်သော မီးပုံးပျံ ဖြစ်စေကာမူ တစ်နေ့တွင် မြေသို့မုချမလွဲ ပြန်ကျရအံ့ဟု စကားပုံ တစ်ခုရှိသည့်အတိုင်း နောက်ဆုံး၌မူ ရန်သူ၏ လက်တွင်းသို့ ကျရောက်ရလေသည်။

အကြောင်းကိုဆိုသော် မေရီနာသည် သူ၏မိခင်နှင့် များစွာ တူသဖြင့် ကျွန်ုပ်မှာ သွားလေမိသူ ခင်ကို လွမ်းဆွတ်သောအခါများ၌ သမီး၏မျက်နှာကိုကြည့်၍ ဖျော်ဖြေရလေသည်။ မေရီနာသည် ၁၈နှစ် အရွယ်သို့ရောက်လတ်သော် ကျွန်ုပ်၏ သင်္ဘောတွင် ဒုတိယမာလိန် ဖြစ်သူ "မစ္စတာအင်ဂျလီ" ဆိုသူနှင့် ကလေးချင်းဘာဝ စုံမက်ချစ်ခင် ကြလျက်ရှိရာ ကျွန်ုပ်မှာ ထိုသူ၏အကြောင်းရင်း ဇာစ်မြစ်ကို မသိ ရသည်နှင့် ပထမ၌ သဘောမတူဘဲ လက်ထပ်မပေးလိုသော်လည်း မိတဆိုးကလေးဖြစ်သော မေရီနာအား များစွာ အလိုလိုက်ခဲ့သည် တစ်ကြောင်း၊ လွန်ပြီးအမှုကို လွန်စေတော့ဟု သဘောထားလျက်

၎င်းတို့အား တင့်တယ်စွာပင် လက်ထပ်၍ ပေးလိုက်လေသည်။ မေရီနာ လက်ထပ်ခြင်းသည် ကျွန်ုပ်၏ ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်သော သစ်ပင်ကြီး၏ ရေသောက်မြစ်သဖွယ် ဖြစ်တော့၏။ မေရီနာနှင့် အကြောင်းသင့်မြတ်ပြီးသော် မစ္စတာအင်ဂျလီသည် ကျွန်ုပ်ထင်မြင်သည့်အတိုင်း လူကောင်းတစ်ယောက်မဟုတ်ဘဲ သူလျှိုဖြစ်ကြောင်းကို နောက်မှသိရှိရလေသည်။ ညတစ်ည၌ ကျွန်ုပ်သည် ညစာစားပွဲ ထိုင်လျက်ရှိစဉ် ကျွန်ုပ်၏ အခန်းထဲတွင် လူရိပ်လိုလိုမြင်လိုက်ရသည်နှင့် ချက်ချင်းသွားရောက် ကြည့်ရှုရာ မစ္စတာအင်ဂျလီနှင့် အခန်းဝတွင် ပက်ပင်းပါတွေ့ရသည်နှင့် အကြောင်းမရှိဘဲ ကျွန်ုပ်၏ အခန်းတွင်းသို့ အဘယ်အတွက် ဝင်ရသနည်းဟု မေးမြန်းလေရာ အခန်းတွင်း၌ မေရီနာ ရှိမည်အထင်နှင့် လာရောက်ကြည့်ရှုပါကြောင်း ပြောပြသဖြင့် ကျွန်ုပ်လည်း ချမ်းသာပေးလိုက်ပြီးလျှင် ဤအခါမှစ၍ ၎င်းအပေါ်၌ သင်္ကာမကင်း ဖြစ်ခဲ့လေသည်။ ၎င်းနောက် တစ်ကြိမ် ရက်ပေါင်းအတော်ကြာ ရှိသောအခါ "ဝင်လယ်ရေပုံ" နှင့် သဏ္ဌာန်တူသော စာရွက်တစ်ရွက်ကို မစ္စတာအင်ဂျလီသည် သူ၏ အခန်းတွင်း၌ ဖတ်လျက်ရှိစဉ် ကျွန်ုပ်လည်း အရေးကြီးသော ကိစ္စတစ်ခုရှိသောကြောင့် အခန်းတွင်းသို့ ရုတ်တရက် ဝင်ရောက်သွားသည်နှင့် ပက်ပင်းပါတွေ့လေရာ မစ္စတာအင်ဂျလီသည် ကျွန်ုပ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် ရုတ်တရက် မျက်နှာများပျက်သွားပြီးလျှင် ရေပုံစာရွက်ကို အိတ်တွင်းသို့ ဝှက်လိုက်လေသည်။

ထိုအချိန် ကမ္ဘာစစ်ကြီးဖြစ်လာရာ ကျွန်ုပ်မှာ ယခင်ကထက် သတိဝီရိယဖြင့် ရှောင်ရှားတိမ်းဖယ်၍ နေလေ၏။ မစ္စတာအင်ဂျလီအပေါ်၌ သင်္ကာမကင်းခဲ့သည်မှန်သော်လည်း ၎င်း၏ အကြံအစည်မှာ မည်သို့မည်ပုံဖြစ်သည်ကို တပ်အပ်သေချာ သိလိုသည် တစ်ကြောင်း၊





မဆင်ခြင် မစူးစမ်းဘဲ စိတ်ရှိသည့်အတိုင်း လုပ်လိုက်ပါက ကျွန်ုပ်၏ ငယ်သားများသည် ကျွန်ုပ်အား အထင်အမြင်သေးမည် စိုးရိမ်သဖြင့် တစ်ကြောင်း၊ မေရီနာကိုလည်း စိတ်မချမ်းမသာ မဖြစ်စေရန် မျှော်လင့်ထောက်ထားသဖြင့်တစ်ကြောင်း၊ လက်ဆုပ်လက်ကိုင် ပိုင်နိုင်စွာ မိသောအခါမှ ၎င်းအားစစ်ဆေးပြီးလျှင် တရားအတိုင်း စီရင်မည်ဟု ဣန္ဒြေမပျက် နေခဲ့လေ၏။ စစ်ကြီးအတွင်း ဖြစ်ရကား "ကရုဆာ" ခေါ် စစ်သင်္ဘောများသည် ကျွန်ုပ် ကျက်စားရာ အရပ် အနီးအပါးတွင် မကြာခဏ ရုတ်တရက် မမျှော်လင့်ဘဲ ပေါ်ပေါက်လာတတ်သည့်ပြင်၊ တရုတ်ပြည်ကမ်းခြေ ပသျှူးကျွန်းဆွယ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံ၊ ဘင်္ဂလားအော် စသောအရပ်၌ "အင်မဒင်" ခေါ် ဂျာမန်စစ်သင်္ဘောတစ်စင်းသည် ငုပ်ချည် ပေါ်ချည် ခေါက်တုံ့၊ ခေါက်ပြန် လူးလာ ကျက်စားလျက်ရှိကြောင်းဖြင့် သတင်းရရှိလေသည်။

ဤကဲ့သို့ ဖြစ်ပျက်နေစဉ်အတွင်း ကျွန်ုပ်သည် တရုတ်ပင်လယ်နှင့် "အရှေ့အိန္ဒိယကျွန်းစု" ပင်လယ်၌သာ တစ်ခါတစ်ရံ တရုတ်သင်္ဘော၊ ယိုးဒယားသင်္ဘောကို တစ်ခါတစ်ရံ တိုက်ခိုက်ရလေသည်။ ကျွန်ုပ်သင်္ဘောသားများမှာ အမေရိကန်၊ ဂျာမန်၊ ပြင်သစ်၊ ရုရှား၊ အီတာလျံ စသော ဥရောပတိုက်သား လူအမျိုးမျိုး ပါဝင်၍ မစ္စတာအင်ဂျလီမှာ ဂျာမန်လူမျိုးဖြစ်ဟန် လက္ခဏာရှိလေသည်။ ကျွန်ုပ်၏ ငယ်သားများသည် ကျွန်ုပ်ကဲ့သို့ပင် ရဲရင့်တည်ကြည်ကြလျက် ဘေးဥပဒ်တွေ့ကြုံက မိမိတို့အသက်ကိုစွန့်ရန် အဆင်သင့်ရှိလေသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ဩစတြေးလီးယားကျွန်း အရှေ့ဘက် မိုင်အနည်းငယ်မျှ ဝေးသောပင်လယ်တွင် သင်္ဘောလွှင့်လျက်ရှိစဉ် ထိုည၌မှာ အထူးသဖြင့် မှောင်သောည၌ဖြစ်၍ ကောင်းကင်တွင် ပိုးစုန်း

ကြူးသဖွယ် တောက်ပလျက်ရှိသော ကြယ်ကလေးများ၏ အလင်းရောင် မှတစ်ပါး အခြားအလင်းရောင် မရှိချေ။ ကျွန်ုပ်၏ မြေပုံတွင်ပါရှိသော ကျွန်းငယ်ကလေးတစ်ကျွန်း၌ ထိုညဆိုက်ကပ်၍ စခန်းချရန် ကြံစည် ပြီးလျှင် ထိုကျွန်းငယ်ရှိရာ အရှေ့မြောက်စူးစူး သင်္ဘောကို ဦးတိုက် ပြီးလျှင် တဖြည်းဖြည်း ခုတ်နှင်လျက်ရှိလေရာ ည၌ ၁၂နာရီ ကျော်ကျော်မျှရှိလတ်သော် ဖြည်းညင်းစွာ ခုတ်လျက်ရှိသော စက်သံမှ တစ်ပါး လွန်စွာပင် တိတ်ဆိတ်လျက်ရှိလေ၏။ သန့်ရှင်း အေးမြသော ပင်လယ်လေသည် တသုန်သုန် ဖျန်းသုတ်လျက်ရှိလေရာ ကျွန်ုပ်လည်း သင်္ဘောဦးတွင်ထိုင်ခါ ကျွန်ုပ်၏ အတ္ထုပ္ပတ္တိများကို ရေးလျက်ရှိလေသည်။ ကျွန်ုပ်၏အကြံမှာ နောင်လာနောက်သားများသည် ကျွန်ုပ်၏ အတ္ထုပ္ပတ္တိကို ဖတ်ရခြင်းအားဖြင့် နည်းယူခြင်း၊ မှတ်သားခြင်း၊ ရှောင်ကြဉ်ခြင်း၊ စသည်ဖြင့် ကောင်းသောအပြုအမူတို့ကို နည်းယူ၊ မကောင်းသော အလေ့အကျင့်များကို ရှောင်ကြဉ်စေရန် ရေးခဲ့ပြီးလျှင် ကျွန်ုပ်သေသောအခါ ကျွန်ုပ်အလောင်းနှင့်အတူ ဤစာကို မြှုပ်နှံမည်ဟု စိတ်ကိုပိုင်းဖြတ်ခဲ့လေသည်။

(စကားချပ်။ ။ဤနေရာမှစ၍ လူဆိုးခေါင်းဆောင် ကပ္ပတိန် ဒရိတ်၏ (Drake)လက်ရေးများမှာ အမြန်သော့၍ ရေးရသကဲ့သို့ ဖတ်၍ မရနိုင်သလောက်ရှိနေ၏။)

အတန်ငယ်ညောင်းညာသည်နှင့် သင်္ဘောဦးတွင် ခေါက်တုံ့ ခေါက်ပြန် စကြံလျှောက်လျက်ရှိစဉ် သင်္ဘော၏ အပေါ်ဆုံးထပ် တံတားဆီမှ မှိတ်ချည်၊ လင်းချည် ပြုလုပ်လျက်ရှိသော အလင်းရောင် ကလေးတစ်ခုကို မြင်ရလေ၏။ ပထမ၌ တစ်စုံတစ်ယောက်သော





သူသည် လက်နှိပ်ဓါတ်မီးဖြင့် တစ်စုံတစ်ရာကို ရှာဖွေနေသည် မှတ် ထင်မိသေးသော်လည်း မစ္စတာအင်ဂျလီအပေါ်တွင် သကာမကင်း သောစိတ်များ သည် ရုတ်တရက်ပေါ်ပေါက်လာသဖြင့် အခန်းတွင်းမှ အသင့်ယမ်းထိုး၍ထားသော (၆)လုံးပြူး သေနတ်ကိုယူ၍ သင်္ဘော အပေါ်ထပ်သို့ ခြေသံမကြားအောင်တက် သွားလေ၏။ ထိုအခါ သင်္ဘော၏ ပဲ့ပိုင်းတွင် ဖဲကစားနေသော သင်္ဘောသား၃–၄ယောက်တို့ သည် ကျွန်ုပ်ကို မမြင်ဘဲရှိလေရာ ကျွန်ုပ်လည်း ည၌အချိန်တွင် အမြဲဝတ်လေ့ရှိသော အကျီရှည်ကြီးကိုပင် ဝတ်လျက် လက်တွင် သေနတ်ကို တင်းကြပ်စွာ ဆုပ်ကိုင်ခါ အပေါ်သို့ တက်သွားလေ၏။ အပေါ်ဆုံး တံတားသို့ ရောက်သောအခါ မစ္စတာအင်ဂျလီသည် စာအုပ် တစ်အုပ်ကို အနီးတွင် ချခါ၊ အဝေးမြင်နိုင်သော ဓါတ်မီးအိမ်တစ်ခုကို လက်ဖြင့် မှိတ်ချည်၊ ဖွင့်ချည် ပြုလုပ်လျက်ရှိသည်ကို တွေ့မြင် ရလေ၏။ ထိုအခါ ကျွန်ုပ်လည်း ၎င်းကြည့်၍နေသော ပင်လယ် ဘက်သို့ ကြည့်လိုက်ရာ အနောက်ဘက် အတော်ဝေးသောနေရာမှ မှိတ်ချည်၊ ဖွင့်ချည် ပြုလုပ်လျက်ရှိသော မီးရောင်ကလေးတစ်ခုကို မြင်ရသည်နှင့် မစ္စတာ အင်ဂျလီ သည် ရန်သူများနှင့် စကားကမ်းလှမ်း ဆက်သွယ်လျက်ရှိသည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် ၎င်းအား သေနတ်ဖြင့်ချိန်ရွယ်လျက် လက်မြှောက် ရန် အမိန့်ပေးပြီးသော် ခရာကို မှုတ်လိုက်ရာ မိန်းကလေး တစ် ယောက် သည် ဓါးမြှောင်ကိုကိုင်ခါ ကျွန်ုပ်၏နောက်မှကပ်လျက် ရပ်နေသည်ကို တွေ့ရလေ၏။ ထိုမိန်းကလေးသည်ကား အခြားသူ မဟုတ် ကျွန်ုပ်၏ သမီးရင်း မေရီနာပင် ဖြစ်လေသည်။ ကျွန်ုပ်လည်း မေရီနာလက်မှ ဓါးမြှောင်ကို လုယူလိုက်ပြီးလျှင် ကျွန်ုပ်အား တိုက်ခိုက်

ရန့် အသင့်ပြင်လျက်ရှိသော အင်ဂျလီအား ယခင်ကအတိုင်း ပြန်၍ လက်မြှောက်စေလျက်ရှိရာ ထိုခဏ၌ သင်္ဘောသားများနှင့် အရာရှိများသည် လက်နက်များ ကိုယ်စီကိုင်စွဲခါ ကျွန်ုပ်အနီးသို့ ရောက်ရှိကြပြီး ဖြစ်လေသည်။ သင်္ဘောသားများအား အင်ဂျလီ အကြောင်းနှင့်ပက်သက်၍ အကျဉ်းချုပ်မျှ ပြောဆိုပြီးသော် ၎င်း၏ ဘက်သို့လှည့်၍ "အင်ဂျလီ သင့်မှာ အပြစ်ရှိသလား" ဟု မေးလိုက်ရာ "အပြစ်ရှိပါသည်၊ ကျွန်ုပ်သေရန် အသင့်ပြင်ဆင်ပြီးဖြစ်ပါသည်" ဟု ရဲတင်းစွာ ပြန်ပြောလေ၏။ ထိုအခါ ကျွန်ုပ်လည်း "ရက်စက်မှ ကြေကွဲ" ဆိုသော စကားအတိုင်း ကျွန်ုပ်၏သေနတ်နှင့်ပင် အားလုံး သောသင်္ဘောသားများရှေ့၌ အင်ဂျလီ၏ဦးခေါင်းကို ဖောက်ခွဲလိုက် လေ၏။ (၆)လုံးပြူး ကျည်ဆန်အားလုံးတို့သည် သစ္စာမဲ့သော ဒုတိယမာလိန် အင်ဂျလီ၏ ဦးနှောက်များကို ညှာတာခြင်းမရှိဘဲ ထုတ်ချင်းခပ်သွားလေရာ ၎င်း၏ သွေးနှင့်ဦးနှောက်တို့သည် သင်္ဘော ကုန်းပတ်ပေါ်တွင် ပြန့်ကျဲလျက်ရှိကြကုန်၏။ ထိုခဏ၌ မေရီနာသည် ပြင်းထန်စွာ ငိုကြွေးလျက်ရှိရာမှ မိန်းမောတွေဝေခါ သတိမေ့၍ သွားလေ၏။

ကျွန်ုပ်၏ သမီး မေရီနာမှာ ကျွန်ုပ်၏ရန်သူဖြစ်သော်လည်း ၎င်းအား သတ်ရန် ကျွန်ုပ်သည် မတတ်နိုင်ဘဲရှိရာ မိဘများ၏မေတ္တာ သည် သားသမီးများအပေါ်၌ မည်မျှကြီးမားသည်ကို ဤနေရာ၌ ကြည့်ရှုခြင်းအားဖြင့် သိသာနိုင်လေသည်။ အင်ဂျလီ၏ အလောင်းကို သင်္ဘောသားများသည် ဝမ်းမြောက်စွာ သင်္ဘောပေါ်မှ ပင်လယ်ထဲသို့ ခြေဖြင့်ကန်၍ ချလိုက်ကြပြီးနောက် ကျွန်ုပ်တို့လည်း ရန်သူ့သင်္ဘော ရှိရာသို့ ကြည့်လိုက်ရာ ထိုအခါ၌ကား ရန်သူ့သင်္ဘောသည်





"ဆပ်ချလိုက်" (Search Light) ခေါ်တံမီးကို ကျွန်ုပ်တို့ သင်္ဘောရှိရာသို့ တည့်တည့်ထိုးလျက် ကျွန်ုပ်တို့နောက်သို့ လိုက်လံလျက် ရှိနေလေပြီ။

ထိုအခါ ကျွန်ုပ်လည်း စက်ဗိုလ်အင်ဂျင်နီယာကြီးအား သင်္ဘော ကို အစွမ်းကုန်ခုတ်ရန် အမိန့်ပေးပြီးသော် သင်္ဘောကိုလည်း အထက် တွင် ဖော်ပြခဲ့ပြီးသော ကျွန်းဆီသို့မဟုတ်ဘဲ မြောက်စူးစူးသို့ ဦးတည်၍ ပေးလိုက်၏။ သို့သော် ရန်သူသင်္ဘောမှာ ကျွန်ုပ်တို့ထက် လျင်မြန် သဖြင့် တဖြည်းဖြည်း နီးကပ်၍သာ လာလေသည်။ထိုအခါ ကျွန်ုပ် လည်း သင်္ဘောသားအားလုံးကိုခေါ်၍ ရန်သူ့လက်တွင် မရှုမလှ သေရခြင်းနှင့် မိမိကိုယ်ကို မိမိသတ်သေခြင်း မည်သူက ကောင်း သနည်းဟု မေးရာ တွင် ရန်သူ့ လက်တွင်းသို့ ကျရောက်ခြင်း ခံမည့် အစား မိမိကိုယ်ကို မိမိသတ်သေခြင်းက ကောင်းပါကြောင်းဖြင့် တညီ တညွတ်တည်း ဖြေဆိုကြလေ၏။

ထို့နောက် မာလိန်မှူး မစ္စတာစမစ်နှင့် သင်္ဘောသားများ တောင်းပန်ချက်အရ ကျွန်ုပ်သည် နှစ်ပေါင်း များစွာ စုဆောင်းရှာဖွေခဲ့ရ သော ပစ္စည်းများ ထည့်သည့် သေတ္တာကြီးကို သင်္ဘောသားများ အကူ အညီဖြင့် အသက်ကယ် လှေကလေးပေါ်သို့ ချစေပြီးလျှင် ကျွန်ုပ်၏ သမီး မေရီနာ ပထမမာလိန်မှူး မစ္စတာစမစ်နှင့်အတူ ထိုလှေငယ်ဖြင့် သင်္ဘောမှ ထွက်ခွာခဲ့လေသည်။

ရန်သူကား နီးကပ်သည်ထက် နီးကပ်လာချေပြီ။ မကြာမီ ကျွန်ုပ်သင်္ဘောပေါ်မှ သေနတ်သံများကို တစ်ပြိုင်နက် ကြားလိုက်ရ လေရာ၊ ကျွန်ုပ်၏သင်္ဘောသားများမှာ သူတို့ကိုယ်ကို သူတို့ အဆုံးစီရင် လိုက်ကြကြောင်း သိရ၏။ ထိုမျှသာမက သင်္ဘောဦးပိုင်းမှ ပေါက်ကွဲသံကြီး တစ်ခုကြားလိုက်ရပြီးနောက် မီးတောက်ကြီးများနှင့်

မီးခိုးများ ထွက်၍လာသည်ကိုပင် မြင်ရ၏။

ကျွန်ုပ်တို့ကား အားကုန်လှော်ခတ်လျက်ရှိကြ၏။ သို့သော် လွတ်မြောက်ရန်လမ်းကား ရှိမည်မထင်၊ ရန်သူ သင်္ဘောသည်၊ ကျွန်ုပ်တို့ လှေကလေးနောက်သို့ မီးမောင်းကြီးများထိုးကာ လိုက်လာချေပြီ၊ သို့နှင့် ကျွန်ုပ်သည် ဘုရားသခင်ထံ နောက်ဆုံးဆုမွန်တောင်းပြီးနောက် . . .

(ဤနေရာတွင် လူဆိုးခေါင်းဆောင် ကပ္ပတိန် ဒရိတ် ရေးခဲ့သော စာမှာ ရုတ်တရက်ပြတ်၍သွားလေသည်။)

× × × × ×

ကျွန်ုပ်သည် မစ္စတာ ကာဆိုအား ဒဏ်ရာကို ဆေးဝါးကုသရန် အလုပ်သမားထံ အပ်နှံထားခဲ့ပြီးနောက် ကပ္ပတိန်ကလေးနှင့်အတူ ပစ္စည်းဘဏ္ဍာ ကျောက်သံပတ္တမြားကို ထုခွဲရန် နယူးဇီလန်ကျွန်းမှ ဟော်လန်ပြည် "အင်မစတာဒင်" မြို့အထိ လိုက်ပါသွားရလေရာ တစ်လ ကျော်ကျော်မျှ ကြာရှိခဲ့၏။ ကျွန်ုပ်တို့ ဝေစုအတွက် သုံးပုံ တစ်ပုံမျှရရှိသော ငွေမှာ ကျွန်ုပ်တစ်သက်တွင် လူလတ်တန်းစား တစ်ယောက်အနေနှင့် တစ်သက်လုံး အေးချမ်းစွာ နေနိုင်လောက်အောင် ရရှိခဲ့၏။

ဩစတြေးလီယားကျွန်းရှိ ကျွန်ုပ်တို့ ပုလဲငုပ်စခန်းသို့ ပြန်ရောက် သောအခါ ကျွန်ုပ်၏ပါတနာ မစ္စတာ ကာဆိုမှာ ကျွန်ုပ် မရောက်မီ ၁၀ရက်ခန့်ကပင် ထိုရရှိခဲ့သော ဒဏ်ရာဖြင့်ပင် သေဆုံးသွားပြီ ဖြစ်ကြောင်း သိရှိရလေသည်။

"ပီ–မာ–တင်"

ဒဂုန်ရွှေမျှား

Future Time Idea Group